# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း

No. 179,JUNE, 2010



## မြင့်မြင့်ကာလာသော လုံခြုံရေးတံတိုင်းများ

5 263 0 2 446 530 3 75
PE THIT TI 2010
www.foreverspace.com.mm

www.foreverspace.com.mm

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂ ။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# တာဝန်ရှိသူများ ထမ်းဆောင်ရမည့်တာဝန်

မြန်မာနိုင်ငံတွင် မျက်မှောက်ကြုံတွေ့နေရသော အခြေအနေအရပ်ရပ်နှင့်ပတ်သက်၍ မီဒီယာမျိုးစုံ၏ ဖော်ပြချက်များကို ကြည့်လျှင် အများအားဖြင့် အနုတ်လက္ခဏာသဘောဖြင့် ခန့်မှန်းသုံးသပ်နေကြသည်ကို တွေ့ရပါသည်။ အနှစ်လေးဆယ်နီးပါး စနစ်တစ်ခုအောက်တွင် ဖြတ်သန်းလာခဲ့ကြသောကြောင့် မည်သို့သောအရေးကိစ္စကြုံသည်ဖြစ်စေ ခံစားချက်ဖြင့် အထိုင်ချရှုမြင်လေ့ရှိသောကြောင့် အလိုလို အနုတ်လက္ခဏာသဘောဆောင်သွားခြင်း ဖြစ်ပါသည်။ အကျိုးအကြောင်းသဘောဖြင့် ဆင်ခြင်ကြည့်ပါက သာမန်ပြည်သူအများစု ထိုသို့ရှုမြင်ကြခြင်းကို နားလည်ပေး၍ရပါသည်။

သို့သော် မျက်မှောက်အခြေအနေတို့သည် ခံစားချက်ဖြင့် ရှုမြင်အပြစ်ဖို့နေရုံမျှဖြင့် ရောက်လိုသွားလိုသောပန်းတိုင်ကို အလိုအလျောက် ရောက်ရှိနိုင်သည်မဟုတ်ရာ ဖြစ်နိုင်သည့်နေရာမှ လက်တွေ့ကျကျ တစ်စုံတစ်ရာလုပ်ဆောင်ရင်း ပန်းတိုင်ရောက်ရေး ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ဤနေရာတွင် ပြည်သူလူထုအပေါ် နယ်ပယ်အသီးသီးအလိုက် ဩဇာရှိသော၊ တစ်နည်းအားဖြင့် နယ်ပယ်အလိုက် နာမည်ကျော်ကြားထင်ရှားသော လူပုဂ္ဂိုလ်များ၊ မီဒီယာများ၏ တာဝန်က အထူးအရေးကြီးလှပါသည်။ အထူးသဖြင့် ပြောင်းနေသောယနေ့ကမ္ဘာကြီးနှင့် အခြားအခြေအနေပေါင်းများစွာကြောင့် စိတ်စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခေတ်စနစ်တစ်ခုသို့ မဖြစ်မနေပြောင်းရမည့် လူ့အဖွဲ့အစည်းတို့ ရှိနေပါသည်။ ပြောင်းရန်လည်းပြင်ဆင်နေကြသည်ကို တွေ့နိုင်ပါသည်။

ဖော်ပြပါအခြေအနေတွင် နိုင်ငံနှင့်ပြည်သူလူထုအများစု ထိခိုက်နစ်နာမှု နည်းနိုင်သမျှနည်းစေရေး၊ ပြောင်းလိုသူများ ရှေ့နောက်စိုးရိမ်ကြောင့်ကျမှုကင်းနိုင်သမျှကင်းစေရေး၊ စိုးရိမ်မှုလွန်ကဲကာ မလိုလားအပ်သော တစ်ဖက်သတ် စည်းတံတိုင်းများ ကာရံမလာစေရေး၊ ရယ်ဒီကယ်ထောင်ချောက်များအတွင်း မိမိတို့ဘာသာ ပိတ်မိမနေစေရေး၊ အသွင်ကူးပြောင်းရေးကာလဆိုသည့်သဘောကို ကောင်းစွာ သဘောပေါက်နားလည်စေရေး၊ အကြမ်းဖက်မှုများအထိ ကျူးလွန်မလာကြစေရေးတို့မှာ မိမိတို့ လူ့အဖွဲ့အစည်းအတွက် စေတနာမည်မျှမှန်ကန်သနည်း၊ မည်မျှရိုးဖြောင့်မှုရှိသနည်း ဆိုသောအချက်များအပေါ်တွင် မူတည်နေပါသည်။

ကံအကြောင်းမလှစွာ အခြေအနေဆိုးတစ်ရပ် ကြုံတွေ့ရသည်ဆိုပါကလည်း အထက်ဆိုခဲ့ပါ နယ်ပယ်အသီးသီးအလိုက် ပြည်သူလူထုအပေါ် ဩဇာသက်ရောက်နိုင်သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် မီဒီယာများက လူထုကို ဒေါသအမုန်းမီး ပွားသထက်ပွား၊ ခံစားချက် များသထက်များလာစေသော လှုံ့ဆော်နှိုးဆွမှုများ၊ တစ်ဖက်တည်း၊ တစ်နေရာတည်း၊ တစ်ဦးတစ်ယောက်တည်းထံက လာသော သတင်းအချက်အလက်ဖြင့် တစ်စုံတစ်ရာ၊ တစ်ဦးတစ်ဖွဲ့အပေါ် စွပ်စွဲပြောဆိုရေးသား ထုတ်လွှင့်မှုများသည်လည်း လူ့လောက လူ့ကျင့်ဝတ်၊ မီဒီယာကျင့်ဝတ်များနှင့် သွေဖည်ကာ ပြည်သူလူထုနှင့် အဖွဲ့အစည်းအသီးသီးကို အလွဲလမ်းပြနေသကဲ့သို့ ရှိတတ်ပါသည်။

ကမ္ဘာကျော် နယူးစ်ဝိခ်မဂ္ဂဇင်း၏ နာမည်ကြီးအယ်ဒီတာ ဇာကာရီးရား၏ Post Aerican World အမေရိကန်လွန်ကမ္ဘာ စာအုပ်တွင် မျက်မှောက်ကမ္ဘာကြီးသည် ယနေ့မီဒီယာများ သရုပ်ဖော်ထင်ဟပ်ပေးနေသည့်အတိုင်း စစ်မက်များ၊ အကြမ်းဖက်မှုများ၊ ရောဂါဘယဘေးအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များ ထူပြောများပြားနေသည်မှာ မှန်ကန်သော်လည်း ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဘာဝဘေးအန္တရာယ်တစ်ခုမှလွဲလျှင် ကုန်ခဲ့သည့်ရာစုနှစ်များထက် များစွာတည်ငြိမ်အေးချမ်းသောကာလဖြစ်သည်ဟု ဆိုပါသည်။

မှန်ပါသည်။ မီဒီယာများ၏လက်တံတို့ ကျယ်သထက်ကျယ်လာသောကြောင့် ကမ္ဘာကြီး၏နေရာတိုင်းတွင်ဖြစ်နေသော အရေးကိစ္စများ အချိန်မဆိုင်းသိနိုင်သော ယနေ့ကာလသည် မီဒီယာတို့ ပုံကြီးချဲ့လျှင်ချဲ့သလို ပြဿနာတို့လည်း ကြီးသွားတတ်ရာ မီဒီယာတို့ ဆက်သွယ်မေးမြန်းလေ့ရှိသော နယ်ပယ်အသီးသီးရှိ ထင်ရှားကျော်ကြားသူများနှင့် သက်ဆိုင်ရာ မီဒီယာအသီးသီးတို့ အထူးသတိကြီးကြီးထားရန် လိုအပ်လှပါသည်။ အထူးသဖြင့် ဖိအားများနှင့် မလူးသာမလွန့်သာနေခဲ့ရသော လူ့အဖွဲ့အစည်းတို့တွင် ဖော်ပြပါ လူပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် မီဒီယာတို့ အလွဲလမ်းပြသည့်သဘောကြောင့် ထိုလူ့အဖွဲ့အစည်း၏ လိပ်ခဲတည်းလည်းအခြေအနေမှ ရုန်းမထွက်နိုင်ဘဲ အဆိုးကျော့သံသရာထဲတွင် ရုန်းမထွက်နိုင်ဖြစ်သွားတတ်ပါသည်။ ထို့အပြင် တစ်ကိုယ်ရေ၊ တစ်ဖွဲ့စည်းတည်း၏ ရှင်သန်ရပ်တည်ရေး၊ ဘေးအန္တရာယ်ကင်းရေး၊ စည်းစိမ်ဥစ္စာမလျော့ပါးရေး၊ ဂုဏ်သိက္ခာ မပျက်ယွင်းရေးသက်သက်ကိုသာ စဉ်းစားလုပ်ဆောင်နေလျှင်လည်း ပြည်သူလူထုအပါအဝင် နိုင်ငံတည်ဆောက်ရေးအတွက် ကျရာနေရာအသီးသီးမှ ဝိုင်းဝန်းကူညီနေကြသူ Stakeholder အားလုံး၏ ယုံကြည်မှုမရဘဲ ပန်းတိုင်နှင့် ဝေးသထက်ဝေးနေဦးမည်သာဖြစ်ပါကြောင်း အထူး ဖော်ပြလိုပါသည်။

**အယ်ဒီတာ**

**၁၃-၅-၂၀၁၀**

# LIVING COLOR

LIVING COLOR. No.179, JUNE. 2010.

www.foreverspace.com.mm


1 အယ်ဒီတာ့အာဘော်

5 ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

6 ယခုလသတင်းအညွှန်း

6(2) မြန်မာ့စီးပွားရေးသတင်း

6(14) မျက်နှာဖုံးဆောင်းပါး

မြင့်မြင့်ကာလာသော လုံခြုံရေးတံတိုင်းများ

ဇာလီကျော်

6(16) အင်းဝလုံခြုံရေး အထွေထွေဝန်ဆောင်မှုလုပ်ငန်းလီမိတက်

အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူထားသူ

ဗိုလ်မှူးမြင့်အောင်(ငြိမ်း)နှင့် တွေ့ဆုံခြင်း

ဇာလီကျော်

6(30) မြန်မာ့စီးပွားရေးအမြင်

လုံခြုံရေးအတွက် စီမံခန့်ခွဲခြင်း

(Security Management)

ပါမောက္ခဦးကျော်ညွှန့်(ငြိမ်း)

12 အရေးပေါ်တုံ့ပြန်မှု စီမံခန့်ခွဲခြင်း

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

16 အလုံးစုံအရည်အသွေး စီမံခန့်ခွဲမှု

မှူးခန့်စံ

22 ရက်စွဲမှတ်တမ်း

28 အထူးဆောင်းပါး

၂၀၁၀ ရွေးကောက်ပွဲနှင့် မြန်မာမီဒီယာများ၏အခန်းကဏ္ဍ

ဇင်ဇင်သော်

38 မြန်မာ့စီးပွားရေးမြင်ကွင်း

သူမတို့နှင့် ရွေးကောက်ပွဲစိန်ခေါ်မှု

သီဇော်

48 လောင်စာဆီပါရာဒိုင်းအရွေ့

နိုင်မင်းဝေ

52 လိုအပ်ချက်များရှိနေသေးသည့် ခရီးသွားလုပ်ငန်း

ဖြိုးဝေစိုး

58 ဒီရေတောများနောက်ကွယ်

ယုယုမင်း

64 ထမင်းတော့ကျွေးမယ်ဗျာ

ကျော်ဧယျာထွန်း ၊ ကျော်မျိုးထွန်း ၊ မိုးကျော်လွင်

68 လူမှုရေးကွန်ရက်မှသည်

မြနှင်းအေး

78 ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

84 ဆေးဖြတ်ချိန်တန်ပြီ သို့သော် . . .

နေလင်းထိုက်

90 တွေ့ဆုံခြင်း

"လူငယ်ကို လူငယ်ချင်းကပဲပညာပေးရမယ်။

မိဘကဘယ်လောက်ဆုံးမ ဆုံးမ . . . "

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း

တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးပွင့်အဖွဲ့ဥက္ကဋ္ဌ

ဦးမြင့်ခိုင်နှင့် တွေ့ဆုံခြင်း နေလင်းထိုက်




www.foreverspace.com.mm

LIVING COLOR. No.179, JUNE. 2010.


94 နိုင်ငံရေး

နိုင်ငံရေးအကြမ်းဖက်မှုများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ

ဒေါက်တာစိုးလင်း(ရတနာပုံ)

98 တွေ့ဆုံဆွေးနွေးမှုများ

100 ဘယ်ပစ္စည်းဘာ့ကြောင့်

104 ဈေးဝယ်လမ်းညွှန်

106 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

127 မြန်မာပြည်တွင်လုပ်သည်

128 ကုန်ဈေးနှုန်း

133 တစ်ဦးတည်းကိုယ်စားလှယ်

134 အတွေးအမြင်

ဒီလောက်နဲ့တော်ပြီလား

ဂျီအောင်ဘန်း

138 ကြယ်ပွင့်လေးတိုင်း ထွန်းတောက်ပါစေ

မြသန်းသန်းနု

142 သူတို့ဆီက ခရီးသွားပုံ

ကိုဝမ်း

146 ကွက်လပ်ဖြည့်ပါ

ဟန်ထက်

150 ဆူဟာတိုပြောသည့် သူ့သမိုင်း (၁၁)

တင်ညွှန့်

154 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၃)

ဦးလှဝင်း (လေသူရဲတစ်ဦး)




www.foreverspace.com.mm

# Contents


## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – နွေးအိငြိမ့်

**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ သီရိဇော်

**News Editor** – ကျော်ဆန်းမင်း

**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး

**Photo Editor** – မိုးကျော်လွင်

**Chief Reporter** – ကျော်ကျော်မင်း

**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ စိုးယုဝေ

**Editorial Assistant** – ဆွေငြိမ်းအေး

**Staff Reporters** – အောင်စိုး၊ ကျော်ဇေယျာထွန်း၊ ကျော်မျိုးထွန်း၊ မင်းမျိုး၊ ဇာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)

**Freelance Reporters** – Associated News ၊ ခင်ဌေးကြွယ်၊ ဖြိုးဝေစိုး၊ မိုးခိုင်၊ နွယ်နွယ်၊ မင်းသုခိုင်၊ ရဲဝင်းနိုင်၊ ရဲဝင်းနောင်၊ နေလင်းထိုက်၊ အေးကျော့ခိုင်

## DTP Department

**Manager** – မခိုင်

**Assistant Manager** – ငုဝါခိုင်

**Senior Operator** – အေးမို့မို့အောင်

**Staff Operators** – ခင်မာလွင်၊ ချိုချိုဇင်

## Finance Department

**General Manager** – ဖေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နုဝါဝင်း

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Deputy Manager** – ဖြူဖြူသီ

**Assistant Manager** – စန္ဒာလှိုင်

**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်

**Marketing Assistant** – လဲ့ရည်ဦး

**Designer** – သိန်းအောင်ထွဋ်

**Receptionist** – ဆုအိန္ဒြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းဇင်

**Manager** – ထက်ခေါင်

**Deputy Manager** – ခင်မျိုးချစ်

**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ

**Cover Idea / Design** – ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – ဖေသစ်တည်



## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ ဖက်စ်– ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing –၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၇၃၀၃၀၀၄၇၊ ၀၉–၅၁၇၆၈၃၅၊
Distribution –၀၉–၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၄၉၁၀၅၁၀
Circulation – ၁၀၀၀
Distribution Price – ၁၆၅၀ ကျပ်


Copyright – Living Color ( **ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်** )


### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



# SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ဂရင်းမီးရထားဟိုတယ်ရှေ့တွင် စိုက်ထူကြော်ငြာထားသော ဆိုင်းဘုတ်မှ နာရီနှင့် အပူချိန် (ဒီဂရီစင်တီဂရိတ်) ပြ ကိရိယာကိုရွေးချယ်လိုက်ပါသည်။

မေလဒုတိယပတ်တိုင်သည်အထိ မိုးတစ်စက်မျှမရွာသေးဘဲ စံချိန်တင်ပူပြင်းခြောက်သွေ့လှသော ရာသီဥတုအောက်တွင် ဖြတ်သန်းသွားလာနေကြသော ရန်ကုန်မြို့နေပြည်သူများသတိပြု ဂရုမူမိစေရန် ရည်ရွယ်ဖော်ပြထားသဖြင့် ယင်းကဲ့သို့ ရွေးချယ်ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာ အဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**


နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းများ စိစစ်ခွင့်ပြုပေးလျက်ရှိ
နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၂၅)ဖွဲ့နှင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၄)ပါတီရှိပြီ
အဖွဲ့ (၁၂)ဖွဲ့ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ပြီး
ပါတီ (၃)ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်

၂၀၁၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိသော 'နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းများ စိစစ်ခွင့်ပြုထားလျက်ရှိ . . .' သတင်းကို ရွေးချယ်ဖော်ပြထားခြင်းဖြစ်ပါသည်။

www.foreverspace.com.mm


# မြန်မာ့စီးပွားရေးသတင်း

## BUSINESS NEWS

အမှတ် ၁၇၉ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ

## ကန်ဒေါ်လာ ၆၀,၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးယာဉ်နှစ်စီး အမျိုးသားသွေးဌာနသို့ ထိုင်းကြက်ခြေနီလှူဒါန်း

**ရန်ကုန်၊ မတ် ၂၅**




**တစ်နိုင်ငံလုံး၏ သွေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သွေးလှူရှင်များ လိုအပ်နေဆဲဖြစ်သည်**

မြန်မာနိုင်ငံရှိ အစိုးရဆေးရုံများ၏ သွေးလိုအပ်ချက်ကို အဓိကပံ့ပိုးပေးလျက်ရှိသည့် အမျိုးသားသွေးဌာနအဆောက်အအုံသစ် တိုးချဲ့မွမ်းမံမှုကို ပံ့ပိုးလှူဒါန်းခဲ့သော ထိုင်းအမျိုးသားကြက်ခြေနီအသင်းသည် အဆိုပါအမျိုးသားသွေးဌာနတွင် အသုံးပြုရန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၀,၀၀၀ ခန့်တန်ဖိုးရှိ တိုယိုတာအမျိုးအစား ဆေးရုံသုံးမော်တော်ယာဉ်နှစ်စီးကိုပါ ထပ်မံလှူဒါန်းခဲ့ကြောင်း အမျိုးသားသွေးဌာနတာဝန်ခံဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်သီတာအောင်က Living Color သို့ ပြောကြားသည်။

သွေးယူနစ်စုစုပေါင်း ၁၅၀၀ ကျော်သိုလှောင်ဖြန့်ဖြူးနိုင်မည့် အဆိုပါအမျိုးသားသွေးဌာနကို ယခင်ဆေးသိပ္ပံပညာဦးစီးဌာန အဆောက်အအုံ နေရာ၌ ထိုင်းနိုင်ငံအမျိုးသား ကြက်ခြေနီအသင်း၏ပံ့ပိုးမှုဖြင့် ၂၀၀၉ ခုနှစ် အောက်တိုဘာလတွင် အကြီးစားပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ သွေးလှူဒါန်းသည့်နေရာ၊ သွေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ သင်တန်းခန်းမ၊ ရုံးခန်းများအပါအဝင် အဆောက်အအုံ၊ ဓာတ်ခွဲခန်းနှင့် ဆေးရုံသုံးပစ္စည်းတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာရှစ်သိန်းခန့် ကုန်ကျခဲ့ကြောင်း၊ အဆိုပါ အမျိုးသားသွေးဌာနအဆောက်အအုံသစ်ကို ၂၀၁၀ ပြည့်နှစ် မတ်လ ၁၇ ရက်နေ့တွင် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒွန်ကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါ အမျိုးသားသွေးဌာနက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံကြီးများမှ သွေးယူနစ်များသို့ သွေးနှင့်သွေးပစ္စည်းများ ပံ့ပိုးခြင်းအပြင် နည်းပညာ၊ အထောက်အကူပြုပစ္စည်းများပံ့ပိုးခြင်းနှင့် လမ်းညွှန်မှုများကိုပါ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၌ ကျန်းမာရေးဝန်ကြီးဌာနက သွေးနှင့်သွေးပစ္စည်းဆိုင်ရာဥပဒေကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးလှူဘဏ် (CNBB) ကို အမျိုးသားသွေးဌာန (NBC) အဆင့်သို့ တိုးမြှင့်ခဲ့သည်။ ယခုထပ်မံအဆင့်မြှင့်တင်ဆောက်ခဲ့သည့် အမျိုးသားသွေးဌာနကို ကျန်းမာ

ရေးဝန်ကြီးဌာနက တိုက်ရိုက်ကွပ်ကဲသွားမည်ဟု အဆိုပါဝန်ကြီးဌာနထံမှ စုံစမ်းသိရှိရသည်။

ထို့အတူ ထိုင်းနိုင်ငံ အမျိုးသားကြက်ခြေနီအသင်းသည် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် တမံကျေးရွာရှိ အမေရိကန်ဒေါ်လာ ၂၀၀,၀၀၀ ခန့်ကုန်ကျသည့် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် အမာမြို့နယ်ခွဲ ဒေါ်ညိမ်းကျေးရွာရှိ အမေရိကန်ဒေါ်လာ ၂၀၀,၀၀၀ ခန့် ကုန်ကျသည့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့ကိုတည်ဆောက်လှူဒါန်းခဲ့ပြီး ထိုင်းဘုရင့်သမီးတော်မဟာချက်ကရီသီရိဒုံကိုယ်တိုင်သည်လည်း ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ၌ Cyclone Shelter အဆောက်အအုံတစ်ခုကို တည်ဆောက်လှူဒါန်းခဲ့သည်။

# နေပြည်တော်မြို့နယ်သစ်ငါးခု ဒက္ခိဏသီရိမြို့ ပိုမိုစည်ကား

**နေပြည်တော်၊ ဧပြီ ၂၂**

နေပြည်တော်မြို့နယ်သစ် ငါးမြို့နယ်အနက် တစ်ခုဖြစ်သည့် ဒက္ခိဏသီရိမြို့တွင် ၂၀၀၈ ခုနှစ်စတင်၍ မြို့ပြအိမ်ရာများစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြို့နယ်အုပ်ချုပ်ရေးရုံး၊ ကျောင်း၊ မီးသတ်စခန်း၊ ရဲစခန်း၊ ဆေးရုံ၊ ဈေး ခေတ်မီအဆောက်အအုံများဖြင့် စည်ကားလာလျက်ရှိကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။

နေပြည်တော် ဒက္ခိဏသီရိမြို့သည် ယခင်ရန်ကုန်–မန္တလေးကားလမ်းမကြီးနှင့် အမြန်လမ်းကြီးတို့ကြားတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေခြင်း၊ နေပြည်တော်ဟိုတယ်ဇုန်၊ Junction Shopping Mall နှင့် နီးကပ်စွာရှိခြင်း၊ ခေတ်မီအဆောက်အအုံနှင့် NGO အဖွဲ့အစည်းအဆောက်အအုံများတည်ရှိခြင်း၊ သံရုံးနှင့် သံတမန်အိမ်ရာများဆောက်လုပ်လျက်ရှိခြင်း၊ နိုင်ငံတကာ နေပြည်တော်လေယာဉ်ကွင်းတိုးချဲ့တည်ဆောက်မှုနှင့် လေကြောင်းလမ်းခရီးသွားလာမှုအဆင်ပြေခြင်း စသည့် အချက်များကြောင့် အခြားမြို့သစ်များထက်ပိုမိုစည်ကားလာခြင်းဖြစ်ကြောင်း ဒက္ခိဏသီရိမြို့သစ်အတွင်းနေထိုင်သူတစ်ဦးက ပြောကြားသည်။

**မင်းသုခိုင်**

# နာဂစ်ဒေသ၌ ကန်ငါးမွေးမြူရေးစနစ်သို့ပြောင်းလဲရန် ပြင်ဆင်သင့်

**သတင်းဆောင်းပါး–ကျော်ဇေယျာထွန်း၊ ၇–၅–၂၀၁၀**

**နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသင့် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင် ပင်လယ်၊ မြစ်၊ ချောင်းများမှ သဘာဝအတိုင်းပေါက်ပွားသည့် ငါး၊ ပုစွန်များကိုသာ နှစ်ပေါင်းများစွာ ဖမ်းဆီးခဲ့ရာမှ ယခုအခါ ငါးကန်များတည်ဆောက်ပြီး ငါးမွေးမြူသည့်စနစ်သို့ပြောင်းလဲရန် ပြင်ဆင်သင့်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**



နာဂစ်မုန်တိုင်းဒဏ်သင့်ဧရာဝတီဒေသသည် မြစ်၊ ချောင်း၊ အင်းအိုင်များပေါများသည့်ဒေသဖြစ်ပြီး ဒေသခံများသည်လည်း သဘာဝအတိုင်းပေါက်ပွားသည့် ငါး၊ ပုစွန်များကို နှစ်ပေါင်းများစွာဖမ်းဆီးခဲ့ကြောင်း၊ သို့သော် နာဂစ်မုန်တိုင်းအလွန်ကာလများတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်အချို့ ပျက်စီးသွားခဲ့ခြင်းတို့ကြောင့် ငါး၊ ပုစွန်ရှားပါးမှုများနှင့် ကြုံတွေ့လာရကြောင်း၊ ငါး၊ ပုစွန်များ ရှားပါးလာခြင်းကြောင့် ရေလုပ်ငန်းတွင် မှီခိုနေထိုင်ကြသူများသည် သဘာဝအတိုင်းပေါက်ပွားသည့် ငါး၊ ပုစွန်များကို ဖမ်းဆီးနေခြင်းထက် ရေရှည်အတွက် ငါးမွေးမြူသည့်စနစ်ကို ပြောင်းလဲသင့်ပြီဖြစ်ကြောင်း



www.foreverspace.com.mm

www.foreverspace.com.mm



၎င်းက ဆိုသည်။

"ဒီဒေသတွေက နာဂစ်ဖြစ်တော့ ရေငန်တွေဖုံးလွှမ်းသွားခဲ့တယ်။ အရင် ရေချို ရေငန်စပ်နေရာတွေက လုံးဝငန်သွားတယ်။ ရေချိုနေရာတွေကျတော့ ရေချို ရေငန်စပ် နေရာဖြစ်သွားတယ်။ အဲတော့ ဒီနေရာတွေမှာနေတဲ့ ငါး၊ ပုစွန်တွေက ဂေဟဗေဒစနစ် ပြောင်းသွားတော့ ဒုက္ခရောက်တာပေါ့။ အခုဆို ငါး၊ ပုစွန်ရှားတာတွေ ဖြစ်လာတာပေါ့"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး တစ်နှစ်ကြာကာလအတွင်း ငါး၊ ပုစွန်များကို ဖမ်းဆီးရရှိခဲ့သေးသော်လည်း နှစ်နှစ်တာကာလ ကြာခဲ့ပြီးသော ယခုနှစ်တွင် ငါး၊ ပုစွန် အရအမိနည်းလာသည်ကို တွေ့ရကြောင်း၊ ယခင် တစ်ရက် ငါးသလောက် ၁၀ ကောင် ရသောနေရာတွင် ယခုအခါ တစ်ရက် တစ်ကောင်ရရန်ပင်မလွယ်ကူကြောင်း၊ ငါးဖမ်းဆီးရရှိမှုနည်းပါးသောကြောင့် ငါးဖမ်းဆီးရန်အတွက် အသုံးစရိတ်နှင့် မိသားစုစားသုံးမှု စရိတ်အတွက် အကြွေးယူသုံးစွဲနေရကြောင်း၊ ထို့ကြောင့် ရေလုပ်ငန်းလုပ်ကိုင်ကြသူများသည် ယခုနှစ်အတွက် အကြွေးတင်ကြကြောင်း ဟိုင်းကြီးကျွန်းမြို့နယ်ခွဲရှိ ကပ္ပလီကျေးရွာမှ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောကြားသည်။

"ငါးရှားတာကတော့ ရာသီဥတုကြောင့်ပဲလို့ ပြောရမယ်။ အခုဆိုရင် ရာသီဥတုက အရမ်းပူတယ်။ လေတိုက်တာက မှန်းရတာ ခက်တယ်။ ရာသီဥတုကို မှန်းပြီး ငါးဖမ်းရတာခက်လာတယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

မိမိတို့ဒေသတွင် ငါးမွေးမြူရေးစနစ်ကို စမ်းသပ်မွေးမြူခဲ့ဖူးကြောင်း၊ ရေငန်ဒေသဖြစ်၍ ကကတစ်ငါးအမျိုးအစားကို မွေးမြူခဲ့ခြင်းဖြစ်ကြောင်း၊ ကကတစ်ငါးများကို မြစ်ကမ်းနားအနီးတွင် ပိုက်များဖြင့် မွေးမြူခြင်းဖြစ်ပြီး အစာအတွက် ပင်လယ်မှရရှိသောငါးအချို့ကို ကျွေးရခြင်းဖြစ်ကြောင်း၊ သို့သော် အရွယ်ရောက်လာသည့်အခါ၌ ကကတစ်ငါးများသေဆုံးသွားသည်

**ယခင်တစ်ရက် ၁၀ ကောင်ရသောနေရာတွင် ယခုအခါ တစ်ရက် တစ်ကောင်ရရန်ပင်မလွယ်ကူတော့ဟုဆိုသည်**



www.foreverspace.com.mm

ကိုတွေ့ရကြောင်း၊ ယင်းနောက်ပိုင်းတွင် လုပ်ငန်းအရှုံးပေါ်သဖြင့် ငါးမွေးမြူခြင်းကို မပြုလုပ်တော့ကြောင်း ဟိုင်းကြီးကျွန်း မြို့နယ်ခွဲတွင် ကကတစ်ငါးမွေးမြူခဲ့ဖူးသူ ငါးရောင်းဝယ်ရေးဒိုင်မှ ကိုအန့်ကြီးကဆိုသည်။

"ငါးမွေးမြူဖို့အတွက်က အရင်းအနှီး လိုတယ်။ နည်းပညာလိုတယ်။ အစာက လည်း အရမ်းအရေးကြီးတယ်။ ကကတစ် ငါးက အသားစားတော့ သူ့အတွက် အစာရဖို့က မလွယ်ဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။


နာဂစ်မုန်တိုင်းသင့် ဧရာဝတီဒေသတွင် ငါးမွေးမြူမည်ဆိုပါက တစ်ပိုင်တစ်နိုင်မွေးမြူသည့်စနစ်ဖြင့်သာ စတင်သင့်ကြောင်း၊ စီးပွားဖြစ်ထုတ်လုပ်ရန်အတွက်မှာ အရင်းအနှီးနှင့်နည်းပညာများ လိုအပ်ကြောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်သည့်ပုံစံများဖြင့် မွေးမြူသွားရန် လိုအပ်ကြောင်း၊ ရေငန်ငါးမွေးမြူရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံအများစုတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ကြကြောင်း၊ မြန်မာနိုင်ငံတွင် ရေချိုငါးကိုသာ အဓိကမွေးမြူကြကြောင်း၊ လက်ရှိအခြေအနေအရ ရေငန်ငါးကို စီးပွားဖြစ်မွေးမြူရန်အတွက်မှာ မလွယ်ကူသေးကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ငါးမွေးမြူရေးလုပ်ငန်းက အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်လိုက်ရင် မြန်မာနိုင်ငံမှာ အများကြီး လုပ်လို့ရသေးတယ်။ အရင်းအမြစ်တွေ အများကြီးရှိတယ်" ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိမိအနေဖြင့် ရခိုင်ပြည်နယ်တွင် ပုစွန်များမွေးမြူခဲ့ဖူးကြောင်း၊ ပုစွန်များကြီးထွားပြီး လုပ်ငန်းတိုးတက်အောင်မြင်၍ အမြတ်ရနိုင်သည့် အခြေအနေရှိသော်လည်း အဆိုပါ ပုစွန်များကို ဈေးကွက်သို့တင်ပို့ရာ၌ သယ်ယူပို့ဆောင်ခစရိတ်ကြီးမြင့်ခြင်းနှင့် အလွယ်တကူပို့ဆောင်နိုင်ခြင်းမရှိသောကြောင့် လုပ်ငန်းများ အရှုံးပေါ်ခဲ့ဖူးကြောင်း၊ ထို့ကြောင့် နာဂစ်သင့် ဧရာဝတီဒေသတွင် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်မည်ဆိုပါက သယ်ယူပို့ဆောင်စရိတ်များစွာ ကုန်ကျခြင်းမဖြစ်စေရန်လည်း ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း၊ ထိုသို့မဟုတ်ဘဲ ငါးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သောသွင်းအားစုများဈေးမြင့်ခြင်း၊ သယ်ယူပို့ဆောင်ခစရိတ်မြင့်တက်နေခြင်းများကြောင့် ငါး၊ ပုစွန်ဈေးနှုန်းများသည် ထုတ်လုပ်မှုစရိတ်အောက်ကျဆင်းနေပါက ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းမှာ အရှုံးပြ၍ မည်သူမျှစိတ်ဝင်စားလာတော့မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အခု ကျွန်တော်တို့ ငါးတင်ပို့နေရတာက ဟိုင်းကြီးကနေ ပုသိမ်ကို စက်လှေနဲ့ သယ်တယ်။ ပုသိမ်ကနေမှ ရန်ကုန်ကို ထပ်ပို့ရတာ။ အဲတော့ သယ်ယူစရိတ်၊ အလုပ်သမားခ၊ ရေခဲဖိုး၊ သိုလှောင်ခ ဒါတွေအဆင့်ဆင့်ကုန်နေတော့ မြတ်သင့်သလောက် မမြတ်တော့ဘူး။ ဒါတွေကို ဖြေရှင်းသွားနိုင်လို့ အမြတ်ကျန်ရင် ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားလာမှာပါ" ဟု ဟိုင်းကြီးကျွန်းမှ ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းပိုင်ရှင်တစ်ဦးက ဆိုသည်။

နာဂစ်သင့်ဒေသတွင် ငါးမွေးမြူရေးစနစ် အကောင်အထည်ဖော်မည်ဆိုပါက ကျွမ်းကျင်သည့် ပညာရှင်များထံမှ အကြံဉာဏ်ယူရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူသည့် အလေ့အထမရှိသည့် ဒေသခံများကိုလည်း သက်ဆိုင်ရာက ငါးမွေးမြူရေးအတွက် ပညာပေးစည်းရုံးသင့်ကြောင်း၊ ထို့ပြင် အစိုးရက ရှေ့ဆောင်နမူနာအနေဖြင့် စမ်းသပ်မွေးမြူပြသရမည်ဖြစ်ကြောင်း၊ ဒေသခံများစိတ်ဝင်စား၍ ငါးမွေးမြူလာမည်ဆိုပါကလည်း လိုအပ်သည့် အရင်းအနှီးနှင့်နည်းပညာများကို ပံ့ပိုးပေးရမည်ဖြစ်ကြောင်း လပွတ္တာမြို့ရှိ ပြည်တွင်း၊ ပြည်ပ NGO အဖွဲ့များမှ တာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။





www.foreverspace.com.mm



# ထားဝယ်ယဉ်ကျေးမှုပြတိုက် တည်ဆောက်မည်

**ထားဝယ်၊ ဧပြီ ၁၈**



**သာဂရမြို့ရိုးဟောင်းတစ်နေရာ**

သမိုင်းနှင့်ယဉ်ကျေးမှုထွန်းကားခဲ့ရာ ရှေးဟောင်းမြို့တစ်မြို့ဖြစ်ခဲ့သော တနင်္သာရီတိုင်း ထားဝယ်မြို့၌ အဆိုပါ ရှေးဟောင်း ယဉ်ကျေးမှုအနုပညာလက်ရာပစ္စည်းများကို စုစည်းပြီး ယဉ်ကျေးမှုပြတိုက်တစ်ခုကို တည်ဆောက်ကာထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း အဆိုပါယဉ်ကျေးမှုပြတိုက်ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ထားဝယ်တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဦးကျော်ကျော်ငွေးက Living Color သို့ ပြောကြားသည်။

သမိုင်းအထောက်အထားများအရ ထားဝယ်မြို့သည် ပျူခေတ်မတိုင်မီကပင် ပေါ်ထွန်းခဲ့ပြီး မြန်မာသက္ကရာဇ် ၁၁၃ ခုနှစ် (အေဒီ ၇၅၁၊ ၇၅၂ ခုနှစ်ခန့်) ရှင်ဖံမင်း အုပ်ချုပ်စဉ်ကာလက သာဂရမြို့ဟောင်းကို တည်ထားခဲ့ကြောင်း၊ ကောင်းကင်ဓာတ်ပုံနှင့် သုတေသနပြုလုပ်ချက်များအရ ထားဝယ်မြစ်ရိုးတစ်လျှောက်တွင် သာဂရမြို့ဟောင်း၊ မုတ္တီးမြို့ဟောင်း၊ ဒေဝိမြို့ဟောင်းနှင့် ဆင်ဆိပ် (ခ) ညောင်ခရားမြို့ဟောင်းအမည်ရှိ မြို့ဟောင်းလေးခုကို တွေ့ရှိခဲ့ကြောင်း၊ ယင်းတို့အနက် ထားဝယ်မြို့နှင့် ခုနစ်မိုင်ခန့်အကွာ လောင်းလုံမြို့နယ် မြို့ဟောင်းရွာရှိ သာဂရမြို့ဟောင်းနှင့် နန်းတော်ရာကုန်းကို ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက စတင်တူးဖော်ခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်တွင် ထားဝယ်တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းက ဆက်လက်လေ့လာတိုင်းထွာသုတေသနပြုခဲ့ကြကြောင်း၊ အဆိုပါမြို့ဟောင်းများမှ တူးဖော်ရရှိသည့် အိုးခြမ်းပဲ့၊ ပုတီး၊ အရိုး၊ အုတ် စသည့် ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာပစ္စည်းများကို ဒေသခံများထံမှပါလိုက်လံစုစည်းပြီး ပြတိုက်တည်ဆောက်၍ရေရှည်ထိန်းသိမ်းစောင့်ရှောက်သွားရန်အတွက် မြို့ခံဘုန်းတော်ကြီးများ၊ မြို့မိမြို့ဖများနှင့် ထားဝယ်တက္ကသိုလ်မှ ပညာရှင်များပါဝင်သည့် ထားဝယ်ယဉ်ကျေးမှုပြတိုက်ဖြစ်မြောက်ရေးကော်မတီကို ၂၀၁၀ ပြည့်နှစ် မတ်လတွင် ဖွဲ့စည်းခဲ့ကြောင်း၊ ပြတိုက်တည်ဆောက်ဖွင့်လှစ်ပြီးပါက ထားဝယ်တက္ကသိုလ်၊ ဘုန်းတော်ကြီးကျောင်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံများထံမှ အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုအနုပညာပစ္စည်းများကို စုစည်းပြီး တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ထိန်းသိမ်းပြသသွားမည်ဖြစ်ကြောင်း ထားဝယ်တက္ကသိုလ် စိတ်ပညာဌာနမှ နည်းပြဦးဇော်သူရက ရှင်းပြသည်။



အဆိုပါယဉ်ကျေးမှုပြတိုက်ကိုတည်ထောင်ဖွင့်လှစ်ပြီးပါက တနင်္သာရီတိုင်း၏ ပထမဦးဆုံးယဉ်ကျေးမှုပြတိုက်အဖြစ်ပါ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ပူးပေါင်းသုတေသနပြုလုပ်လိုသူပညာရှင်များကိုပါ ဖိတ်ခေါ်လိုကြောင်း ၎င်းက ဆိုသည်။

“ဒီရှေးဟောင်းအနုပညာလက်ရာပစ္စည်းတွေက နားမလည်တဲ့သူတွေလက်ထဲရောက်သွားပြီး တန်ဖိုးမထားတတ်ရင် ဒါမှမဟုတ် မသမာသူတွေလက်ထဲရောက်သွားရင် ဆုံးရှုံးသွားလိမ့်မယ်။ ပြန်ပြီးအစားထိုးလို့ရမှာမဟုတ်ဘူး။ ပြတိုက်ထဲမှာစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုနေပြီ” ဟု ရန်ကုန်တက္ကသိုလ်၌ ရှေးဟောင်းသုတေသနပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းတက်ရောက်ထားသူ တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းမှ အသင်းဝင် ဦးဝမ်ယုဆန်းက သုံးသပ်ပြောကြားသည်။

www.foreverspace.com.mm



# မိုးကုတ်ကျောက်မျက်ပန်းချီဈေးကွက် နေပြည်တော်သို့ ထိုးဖောက်

**နေပြည်တော်၊ ဧပြီ ၂၂**



မိုးကုတ်ကျောက်မျက်ရတနာမြေမှ ထွက်ရှိသည့် ကျောက်မျက်ရတနာများကို အသုံးပြု၍ ပန်းချီပညာခြယ်မှုန်းထားသော ကျောက်မျက်ပန်းချီကားထုတ်လုပ်ရောင်းချမှုဈေးကွက်မှာ အစိုးရရုံးစိုက်ရာမြို့တော်သစ် နေပြည်တော်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လာပြီဖြစ်ကြောင်း နေပြည်တော်မြို့မဈေးပွဲရုံတန်း မိုးကုတ်ကျောက်မျက်ပန်းချီလုပ်ငန်းမှ ဦးသီဟထွန်းက ပြောကြားသည်။

ကျောက်မျက်ပန်းချီကားလုပ်ငန်းကို မိုးကုတ်ကျောက်မျက်ရတနာမြေ၌ ရှေးယခင်ကတည်းက လုပ်ကိုင်လာခဲ့ကြပြီး ကျောက်မျက်ပန်းချီကားလုပ်ငန်းနှင့် အရောင်းအဝယ်ဈေးကွက်ခေတ်စားလာသည်မှာ ရှစ်နှစ်ခန့်သာရှိသေးကြောင်း၊ မိုးကုတ်ကျောက်မျက်ပန်းချီကားများမှာ အပြာရောင်၊ အစိမ်းရောင်၊ အနီရောင်ကျောက်များကို အဓိကထားလုပ်ကိုင်ကြကြောင်း၊ အဆိုပါ မိုးကုတ်ကျောက်မျက်ပန်းချီကားလုပ်ငန်း၏ အရောင်းအဝယ်ဈေးကွက်သည် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် မန္တလေးမြို့တွင် ဈေးကွက်ဖြစ်ထွန်းနေသည်မှာ ကြာပြီဖြစ်သော်လည်း နေပြည်တော်ဈေးကွက်မှာမူ ပထမဦးဆုံးဖြစ်ကြောင်း၊ မိုးကုတ်ကျောက်မျက်ပန်းချီကားများတွင် လူကြိုက်အများဆုံးနှင့် အရောင်းအဝယ်ဈေးကွက်အဖြစ်ဆုံးပုံများမှာ မန္တလေးကျုံး၊ မင်းသမီး စောင်းတီးဟန်ပုံ၊ မိုးကုတ်မြို့ရှုခင်းပုံ၊ မိုးကုတ်ရတနာသေတ္တာပုံ၊ မိုးကုတ်ဆရာတော်ဘုရားကြီးပုံ၊ ဘုရားပုံအမျိုးမျိုး စသည်တို့ဖြစ်ကြောင်း ယင်းဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

နေပြည်တော်မြို့မဈေးရှိ ကျောက်မျက်ပန်းချီကား အရောင်းပြခန်းတွင် ကျောက်မျက်ပန်းချီကားအရွယ်အစား အသေးဆုံး ၆" × ၈" မှ အကြီးဆုံး ၆'× ၄' ထိရှိပြီး ကျောက်မျက်ပန်းချီကားအကြီးများကိုလည်း အော်ဒါလက်ခံပြုလုပ်ပေးကြောင်း၊ ကျောက်မျက်ပန်းချီကားဈေးနှုန်းမှာ ပန်းချီပုံအရွယ်အစားအလိုက် တစ်ချပ်လျှင် အနိမ့်ဆုံးဈေး ၁၂,၀၀၀ ကျပ်မှ အမြင့်ဆုံးဈေး ကျပ်သုံးသိန်းထိရှိကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

**မင်းသုခိုင်**

# ဘိလပ်မြေထုတ်စက်ရုံများ သဘာဝဓာတ်ငွေ့လောင်စာကိုသာ အသုံးပြုထုတ်လုပ်သင့်ဟုဆို

**သတင်းဆောင်းပါး–ခင်ဌေးကြွယ်၊ ၂–၅–၂၀၁၀**

**မန္တလေး တိုင်း သာစည်မြို့နယ်အတွင်း၌ ထုတ်လုပ်နေပြီဖြစ်သော မြို့တော်ဘိလပ်မြေစက်ရုံအပါအဝင် မကြာမီပေါ်ထွက်လာကြတော့မည့် ဘိလပ်မြေစက်ရုံများသည် လောင်စာဆီအသုံးပြုရာတွင် ကျောက်မီးသွေးအစား သဘာဝဓာတ်ငွေ့လောင်စာကိုသာ အသုံးပြုသင့်ကြောင်း ဘူမိဗေဒပညာရှင်တစ်ဦး ပြောကြားသည်။**

ထိုသို့ပြောဆိုရခြင်းမှာ ကျောက်မီးသွေးလောင်စာကို ရေရှည်မသုံးသင့်သောကြောင့်ဖြစ်ကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ကျောက်မီးသွေးလောင်စာသည် သဘာဝဓာတ်ငွေ့လောင်စာထက် ကာဗွန်အမှုန် ထွက်များခြင်းကြောင့် ရေရှည်တွင် ပတ်ဝန်းကျင်ရှိ ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်မှုများလာနိုင်၍ဖြစ်ကြောင်း ၎င်းကဆိုသည်။

www.foreverspace.com.mm




သာစည်မြို့နယ် ပြည်ညောင်ဒေသတစ်ဝိုက်တွင် ဘိလပ်မြေစက်ရုံစီမံကိန်းကြီးလေးခုကို စတင်အကောင်အထည်ဖော်လျက်ရှိရာ မြို့တော်ဘိလပ်မြေစက်ရုံစီမံကိန်းကို ဧပြီလ ၂၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ လည်ပတ်ထုတ်လုပ်နေပြီဖြစ်သည်။

မြို့တော်ဘိလပ်မြေစက်ရုံအနီးတွင် ထူး၊ အေးရှားဝေါလ်၊ ရွှေတောင် စသည့် ဘိလပ်မြေစက်ရုံစီမံကိန်းကြီးများ စတင်နေပြီဖြစ်ပြီး မကြာမီကာလတွင် လုပ်ငန်းများ စတင်တော့မည်ဖြစ်ကြောင်း ထူးစီမံကိန်း၌ တာဝန်ထမ်းဆောင်ရန် ရောက်ရှိနေသူ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။ ၎င်းတို့စက်ရုံအနေဖြင့် သဘာဝဓာတ်ငွေ့လောင်စာကို အသုံးပြုရန် ကနဦးစီစဉ်ခဲ့သော်လည်း သဘာဝဓာတ်ငွေ့ဈေးကြီးမြင့်မှုကြောင့် ကျောက်မီးသွေးဖြင့်လည်ပတ်ရန်စဉ်းစားနေကြကြောင်း ၎င်း၏အဆိုအရ သိရသည်။


ဘိလပ်မြေစက်ရုံကြီးများပေါ်ထွက်လာခြင်းကြောင့် ရေရှည်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်သော်လည်း လတ်တလောအခြေအနေတွင် ယင်းဒေသရှိပြည်သူများ အလုပ်အကိုင်ရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးခြင်း စသည့် ရလဒ်ကောင်းများကို ခံစားနေရပြီဖြစ်ကြောင်း ဒေသခံအာဏာပိုင်အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ယင်းရလဒ်များအပြင် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကိုလည်း အထောက်အပံ့ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး၏ ဘိလပ်မြေလိုအပ်ချက်မှာ နှစ်စဉ်တန်ချိန်ငါးသန်းလိုအပ်နေပြီး လက်ရှိထုတ်လုပ်နိုင်မှုမှာ တန်ချိန်တစ်သန်းခွဲသာရှိသေးကြောင်း၊ အထက်ပါဘိလပ်မြေစက်ရုံကြီးများ ပြီးစီးပါက ပြည်တွင်းလိုအပ်ချက် ရာခိုင်နှုန်းအများစုကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး ပြည်ပသွင်းကုန်လျော့ကျ၍ နိုင်ငံ့ဘဏ္ဍာငွေသက်သာမည်ဖြစ်ကြောင်း မြို့တော်ဘိလပ်မြေစက်ရုံ၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မြို့တော်ဘိလပ်မြေစက်ရုံကြီးလည်ပတ်နိုင်ရန်အတွက် လောင်စာအဖြစ် အသုံးပြုမည့် ကျောက်မီးသွေးလုပ်ကွက်များကို စစ်ကိုင်းတိုင်း မော်လိုက်ခရိုင်ဒေသရှိ လုပ်ကွက် ဧကစုစုပေါင်း တစ်သောင်းနီးပါးကို သတ္တုတွင်းဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း စက်ရုံမှတ်တမ်းများတွင် ဖော်ပြပါရှိသည်။ အဆိုပါစက်ရုံသည် တစ်ရက်လျှင် ဘိလပ်မြေတန်ချိန် ၅၀၀ ကျ ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ထွက်ရှိသည့် ဘိလပ်မြေကို ရန်ကုန်မြို့တော်၏ နိုင်ငံတကာအဆင့်မီတည်ဆောက်ရေးစီမံကိန်းများတွင် အသုံးပြုသွားမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း၏ပြောကြားချက်အရ သိရသည်။

"ရန်ကုန်တစ်မြို့လုံးကို သဘာဝပတ်ဝန်းကျင်မထိခိုက်နိုင်တဲ့ ကွန်ကရစ်

**ရေရှည်တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်လာနိုင်သည်**



www.foreverspace.com.mm

လယ်ခင်းတွေအဖြစ် ပြောင်းလဲသွားမှာပါ" ဟု မြို့တော်ဝန်က ဆိုသည်။

မည်သို့ပင်ဖြစ်စေ သဘာဝပတ်ဝန်းကျင်ပျက်စီးလာမှုကိစ္စကို မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးက အလေးထား ဆောင်ရွက်လျက်ရှိပြီး မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ကာဗွန်လျှော့ချမှုအတွက် နည်းလမ်းပေါင်းစုံကို အသုံးပြုရန် စီစဉ်နေကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကာဗွန်ထုတ်လုပ်မှု လျှော့ချရန်လိုအပ်နေသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများကိုလည်း မဖြစ်မနေတည်ဆောက်ရန်လိုအပ်နေကြောင်း၊ ထို့ကြောင့် စက်ရုံများ၏ လောင်စာလိုအပ်ချက်တွင် ကျောက်မီးသွေးအစား မြန်မာနိုင်ငံ၏ ပေါကြွယ်ဝသည့် သဘာဝဓာတ်ငွေ့ကိုသာ အသုံးပြုသင့်ကြောင်း အထက်ပါ ဘူမိဗေဒ ပညာရှင်က သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဘိလပ်မြေထုတ်လုပ်မှုကို မြင်ကလေး၊ ကြံခင်း၊ သရက်၊ နေပြည်တော်ပျဉ်းမနား၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ လားရှိုး၊ ကျောက်ဆည်နှင့် မန္တလေးမြို့တို့တွင် ထုတ်လုပ်လျက်ရှိပြီး အစိုးရပိုင်စက်ရုံ ၁၀ ရုံနှင့် ပုဂ္ဂလိကပိုင် စက်ရုံ သုံးရုံရှိသည်။

# ပြည်သောင်ကျေးရွာ ငှက်ဖျားကြောင့် နှစ်စဉ်လူဆယ်ဂဏန်းဝန်းကျင်သေဆုံးဟုဆို

**ရန်ကုန်၊ မေ ၂**

ငှက်ဖျားရောဂါမှာ ယခင်က ရာသီအလိုက်သာအဖြစ်များတတ်သော်လည်း ယခုအခါ ရာသီမရွေးဖြစ်ပွားလာပြီး ယင်းရောဂါကြောင့် လူသေဆုံးမှု နှစ်စဉ် ဆယ်ဂဏန်းဝန်းကျင်ရှိကြောင်း မန္တလေးတိုင်းသာစည်မြို့နယ် ရထားပြည်သောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

ထိုသို့သေဆုံးမှုများရခြင်းမှာ ကျန်းမာရေးဗဟုသုတနည်းပါးခြင်း၊ ဆေးဝါးလုံလောက်စွာမရခြင်း၊ အချိန်မီမကုသနိုင်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ၎င်းက ဆိုသည်။

၎င်းတို့ဒေသတွင် အဖြစ်များဆုံးရောဂါမှာ ငှက်ဖျားရောဂါဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါမှာ ဒုတိယအဖြစ်အများဆုံးဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်တွင် ငှက်ဖျားရောဂါကြောင့် လူ ၁၀ ဦးကျော် သေဆုံးခဲ့ကြောင်း၊ ရောဂါပြင်းထန်လာပါက မြို့နယ်၊ ခရိုင် ဆေးရုံများသို့ သွားရောက်ကုသရကြောင်း၊ ၎င်းတို့ရွာတွင် သူနာပြုတစ်ဦးနှင့် ဒေသခံ ကျန်းမာရေးဝန်ထမ်းတစ်ဦးသာရှိကြောင်း၊ ထို့ကြောင့် ကျေးလက်ဆေးပေးခန်းရရှိရေး၊ ရွာသူရွာသားများ ဆေးဝါးလုံလောက်စွာအသုံးပြုနိုင်ရေး၊ ကြိုတင်ကာကွယ်နိုင်ရေး၊ ကျန်းမာရေးဗဟုသုတရရှိလာရေးတို့ကို သက်ဆိုင်ရာသို့တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရွာသားအများစုမှာ ဘောက် (ကျပန်း) လုပ်ကိုင်သူများပြားပြီး ပညာဗဟုသုတရှိသူ နည်းပါးကြောင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောသူမရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော်လည်း ယခုအခါ ယင်းရွာအနီးတွင် မြို့တော် ဘိလပ်မြေစက်ရုံအပြင် ဘိလပ်မြေစက်ရုံကြီးအချို့ တည်ဆောက်ရန် ပြင်ဆင်နေခြင်းကြောင့် မော်တော်ကားလမ်းများ ဖောက်လုပ်နေသဖြင့် ၎င်းတို့ ရွာသူရွာသားများအတွက် အဆင်ပြေလာနိုင်ဖွယ်ရှိကြောင်း ရထားပြည်သောင်ရွာမှ အသက် ၅၄ နှစ်အရွယ်ရှိ ဒေါ်စမ်းစမ်းဝင်းက သုံးသပ်ပြောကြားသည်။

အဆိုပါရွာသည် သာစည်–ကလောကားလမ်းပေါ်ရှိ ပြည်သောင်ရွာနှင့် လေးမိုင်ခန့်အကွာတွင် တည်ရှိပြီး အိမ်ခြေ ၁၀၀ ဝန်းကျင်နှင့် လူဦးရေ ၅၀၀ ဝန်းကျင် နေထိုင်ကြပြီး မူလတန်းကျောင်း တစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတည်ရှိကြောင်း ကျေးရွာမှတ်တမ်းများအရ သိရသည်။



www.foreverspace.com.mm

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မေလ ၂၅ရက်နေ့အထိ နိုင်ငံရေးပါတီအဖြစ်

| စဉ် | ပါတီ |
|---|---|
| (၁) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (၁၉၉၀ ရွေးကောက်ပွဲဝင်တည်ဆဲပါတီ) |
| (၂) | ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ် (၁၉၉၀ ရွေးကောက်ပွဲဝင်တည်ဆဲပါတီ) |
| (၃) | မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (၁၉၉၀ ရွေးကောက်ပွဲဝင်တည်ဆဲပါတီ) |
| (၄) | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (၁၉၉၀ ရွေးကောက်ပွဲဝင်တည်ဆဲပါတီ) |
| (၅) | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ (၁၉၉၀ ရွေးကောက်ပွဲဝင်တည်ဆဲပါတီ) |
| (၁) | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) |
| (၂) | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် |
| (၃) | ဒီမိုကရက်တစ်ပါတီ(မြန်မာ) |
| (၄) | ကရင်ပြည်သူ့ပါတီ |
| (၅) | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် |
| (၆) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) |
| (၇) | ကချင်ပြည်နယ်တိုးတက်ရေးပါတီ |
| (၈) | မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ |
| (၉) | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ |
| (၁၀) | ခေတ်သစ်ပြည်သူ့ပါတီ |
| (၁၁) | ချင်းအမျိုးသားပါတီ (Chin National Party) |
| (၁၂) | ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democracy Party) |
| (၁၃) | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| (၁၄) | တအောင်း(ပလောင်) အမျိုးသားပါတီ |
| (၁၅) | ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) |
| (၁၆) | ‘ဝ’ ဒီမိုကရက်တစ်ပါတီ |
| (၁၇) | ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီ |
| (၁၈) | ရှမ်းပြည်နယ်မြောက်ပိုင်းတိုးတက်ရေးပါတီ |
| (၁၉) | ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) |
| (၂၀) | ကယန်းအမျိုးသားပါတီ |
| (၂၁) | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ |
| (၂၂) | မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစု |
| (၂၃) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ |
| (၂၅) | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၂၆) | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ |
| (၂၇) | ညီညွတ်သောဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) |
| (၂၈) | ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) |
| (၂၉) | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ |
| (၃၀) | ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ |
| (၃၁) | တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ |
| (၃၂) | မြန်မာဒီမိုကရေစီကွန်ဂရက် (Myanmar Democracy Congress) |
| (၃၃) | ခမိအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| (၃၄) | မြိုတိုင်းရင်းသားပါတီ |
| (၃၅) | ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ (ပြည်) |


www.foreverspace.com.mm




# တည်ထောင်၊ မှတ်ပုံတင်လိုကြောင်းလျှောက်ထားသည့် ပါတီများစာရင်း

| ပါတီတည်ထောင်ခွင့် | | မှတ်ပုံတင်ခွင့် | |
|---|---|---|---|
| လျှောက်ထားသည့်ရက် | ခွင့်ပြုသည့်ရက် | လျှောက်ထားသည့်ရက် | ခွင့်ပြုသည့်ရက် |
| | | မတ်လ ၂၉ | ဧပြီလ ၂၉ |
| | | ဧပြီလ ၈ | မေလ ၂၁ |
| | | ဧပြီလ ၉ | ဧပြီလ ၂၀ |
| | | ဧပြီလ ၂၃ | ဧပြီလ ၂၉ |
| | | ဧပြီလ ၂၉ | မေလ ၇ |
| မတ်လ ၂၂ | ဧပြီလ ၂၂ | ဧပြီလ ၂၉ | |
| မတ်လ ၂၂ | ဧပြီလ ၂၂ | ဧပြီလ ၂၉ | |
| မတ်လ ၃၀ | ဧပြီလ ၂၉ | မေလ ၁၁ | မေလ ၂၀ |
| မတ်လ ၃ | ဧပြီလ ၂၉ | မေလ ၁၂ | မေလ ၂၁ |
| ဧပြီလ ၁ | ဧပြီလ ၂၉ | မေလ ၁၉ | |
| ဧပြီလ ၂ | ဧပြီလ ၂၃ | မေလ ၆ | မေလ ၁၃ |
| ဧပြီလ ၅ | | | |
| ဧပြီလ ၅ | ဧပြီလ ၂၉ | မေလ ၁၉ | |
| ဧပြီလ ၆ | ဧပြီလ ၂၉ | မေလ ၂၄ | |
| ဧပြီလ ၆ | ဧပြီလ ၂၉ | မေလ ၂၀ | |
| ဧပြီလ ၇ | မေလ ၃ | မေလ ၁၉ | |
| ဧပြီလ ၈ | မေလ ၄ | မေလ ၂၀ | |
| ဧပြီလ ၈ | မေလ ၃ | မေလ ၁၈ | |
| ဧပြီလ ၈ | ဧပြီလ၂၃ | မေလ ၁၄ | မေလ ၂၄ |
| ဧပြီလ ၉ | ဧပြီလ၂၃ | မေလ ၁၉ | |
| ဧပြီလ ၉ | ဧပြီလ၂၈ | မေလ ၂၅ | |
| ဧပြီလ ၂၃ | မေလ ၄ | | |
| ဧပြီလ ၂၃ | | | |
| ဧပြီလ ၂၃ | မေလ ၄ | မေလ ၂၄ | |
| ဧပြီလ ၂၆ | မေလ ၄ | မေလ ၁၁ | မေလ ၂၀ |
| ဧပြီလ ၂၆ | မေလ ၄ | | |
| ဧပြီလ ၂၈ | မေလ ၄ | မေလ ၁၁ | မေလ ၂၀ |
| ဧပြီလ ၂၉ | မေလ ၄ | | |
| ဧပြီလ ၂၉ | မေလ ၄ | မေလ ၁၂ | မေလ ၂၁ |
| ဧပြီလ ၂၉ | မေလ ၄ | မေလ ၂၄ | |
| ဧပြီလ ၃၀ | မေလ ၄ | မေလ ၁၄ | မေလ ၂၄ |
| ဧပြီလ ၃၀ | | | |
| မေလ ၃ | မေလ ၆ | မေလ ၁၇ | |
| မေလ ၄ | မေလ ၆ | မေလ ၂၄ | |
| မေလ ၄ | မေလ ၆ | မေလ ၁၃ | မေလ ၂၄ |
| မေလ ၆ | မေလ ၁၁ | | |
| မေလ ၁၂ | မေလ ၂၀ | | |
| မေလ ၁၇ | မေလ ၂၅ | | |
| မေလ ၁၉ | မေလ ၂၅ | | |
| မေလ ၂၁ | | | |

www.foreverspace.com.mm





www.foreverspace.com.mm

www.foreverspace.com.mm





ဈေးဝယ်စင်တာများ၏ လုံခြုံရေးကို ပိုမိုဂရုစိုက်လာကြပြီဖြစ်သည်

# မြင့်မြင့်ကာလာသော လုံခြုံရေးတံတိုင်းများ

ဇာလီကျော်

**လူသားတစ်ယောက်၏ ရှင်သန်နေထိုင်ရသောဘဝတွင် လုံခြုံစိတ်ချ၍ သာယာချမ်းမြေ့သောဘဝတစ်ခုကို ဖြတ်သန်းခွင့်ရရန်မှာ လူ့အခွင့်အရေးအခြေခံလိုအပ်ချက်များစွာထဲမှ တစ်ခုဖြစ်နေပေသည်။ သို့သော် ယနေ့ကမ္ဘာကြီးသည် လူသားတစ်ယောက်အတွက် ယင်းအခွင့်အရေးကိုပင် အပြည့်အဝမပေးနိုင်သေးချေ။**

ယနေ့ ၂၁ ရာစု ကမ္ဘာကြီးမှာ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် ကိုင်စွဲထားသော ကမ္ဘာကြီးဖြစ်နေပေသည်။ ကမ္ဘာ့လူသားအချို့က ကမ္ဘာကြီးကို မီးလောင်တိုက်သွင်းရန် ကြိုးစားနေချိန်တွင် အချို့ကလည်း ကမ္ဘာကြီးကို ရေစင်ဖျန်းဖို့ ကြိုးစားနေကြသည်။

ကမ္ဘာ့ရာသီဥတုအပြောင်းအလဲများ၊ သဘာဝဘေးအန္တရာယ်များနှင့် လူသားတို့ဖန်တီးသည့် အကြမ်းဖက်မှုများ၊ စစ်ပွဲများသည် ယနေ့ကမ္ဘာကြီးကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်နေပေသည်။ ရာသီဥတုအပြောင်းအလဲများနှင့် သဘာဝဘေးအန္တရာယ်များသည် လူသားတို့ကြောင့်ပင် ပိုမိုရင်ဆိုင်ကြုံတွေ့နေရခြင်းဖြစ်သော်လည်း တမင်ရည်ရွယ် ဖန်တီးမှုများကြောင့်ဖြစ်လာသည်တော့မဟုတ်ပေ။ စစ်ပွဲများနှင့် အကြမ်းဖက်လုပ်ရပ်များသည်ကား ထိုသို့မဟုတ်ချေ။

"ပြည်သူများကို ခြိမ်းခြောက်ရန်၊ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို ဖိအားပေးဆန့်ကျင်နိုင်ရန် ရည်ရွယ်ပြီး အရပ်သားများ၊ တိုက်ပွဲတစ်ခုအတွင်း မပါဝင်သူများကို ပြင်းထန်စွာ

www.foreverspace.com.mm


သုဝဏ္ဏအားကစားပြိုင်ကွင်း လုံခြုံရေးအစီအမံများကို မြင်တွေ့ရစဉ်

ထိခိုက်ဒဏ်ရာရစေသော၊ သေကျေစေနိုင်သော မည်သည့်လုပ်ရပ်ကိုမဆို အကြမ်းဖက်မှုဟုသတ်မှတ်သည်”ဟု ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၀၄ ခုနှစ်တွင် ကြေညာခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ၂၀၀၈ ခုနှစ်အတွင်း အကြမ်းဖက်လှုပ်ရှားသူ ၁၁,၈၀၀ ဦးခန့်၏ အကြမ်းဖက်လုပ်ရပ်များကြောင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူပေါင်း ၅၄,၀၀၀ ကျော်ရှိခဲ့ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် National Counter-terrorism Center ၏ 2008 Terrorism Report အရ သိရသည်။

ကမ္ဘာကြီးတစ်ခုလုံးတွင် အကြမ်းဖက်မှုများ များပြားလာသည်မှာ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးခေတ်နှင့် စစ်အေးလွန်ခေတ်တစ်ခုလုံးလုံးလိုလိုပင်ဖြစ်ပြီး လုပ်ကြံသတ်ဖြတ်မှုများအပါအဝင် ပြန်ပေးဆွဲမှုများ၊ ဗုံးပေါက်ကွဲမှုများ၊ အသေခံဗုံးခွဲမှုများ စသည့် အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးမှာ ကမ္ဘာအနှံ့တွင် နေ့စဉ်လိုလိုဖြစ်ပျက်နေသော အကြောင်းအရာများဖြစ်နေသည်။

## “ဗုံးပေါက်ကွဲတာလေးတွေရှိလာတော့ ဟိုတယ်တွေ၊ မီနီမားကတ်တွေက သူတို့လုံခြုံရေးအတွက် အများကြီးငှားလာတယ်”

### အင်းဝလုံခြုံရေးနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူထားသူ ဗိုလ်မှူးမြင့်အောင်(ငြိမ်း) နှင့်တွေ့ဆုံခြင်း

ဇာလီကျော်

**ယနေ့အချိန်အခါတွင် လုံခြုံရေးဟူသော စကားလုံးသည် များစွာတွင်ကျယ်လာပြီး အများနှင့်ဆိုင်သော လုပ်ငန်းများသာမက တစ်ကိုယ်ရေအဆင့်အထိပါ လူတိုင်းအလေးအနက်ထား ဂရုပြုလာကြသည့် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်လာရာ လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ ပြည်ပနိုင်ငံအချို့တွင် သွားရောက်လေ့လာခဲ့ပြီး အင်းဝလုံခြုံရေးနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းလီမိတက်ကိုထူထောင်ထားသူများအနက် တစ်ဦးအပါအဝင်ဖြစ်ကာ အုပ်ချုပ်မှုဒါရိုက်တာအဖြစ်တာဝန်ယူထားသူ ဗိုလ်မှူးမြင့်အောင်(ငြိမ်း) နှင့်တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြအပ်ပါသည်။**

www.foreverspace.com.mm





အဆင့်မြင့် ရုပ်ရှင်ရုံ တစ်ခုအဝင်ဝ၌ လုံခြုံရေးကင်မရာတပ်ဆင်ထားစဉ်

## မြန်မာနိုင်ငံနှင့် အကြမ်းဖက်မှုများ

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်မှုစုစုပေါင်း အကြိမ် ၃၀၀ ကျော်ရှိခဲ့ပြီး ၂၀၀၉ ခုနှစ်အတွင်း အကြိမ်ပေါင်း ၃၆ ကြိမ်ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားချက်များအရ သိရသည်။

ယင်းတို့အနက် အဆိုးဝါးဆုံး၊ အကျည်းတန်ဆုံးဖြစ်ရပ်များအဖြစ် မြန်မာနိုင်ငံသားအများစု ယူဆခဲ့သော ဖြစ်ရပ်များမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်ပူဇော်လာသည့် ဗုဒ္ဓမြတ်စွယ်တော်ကို ကမ္ဘာအေးဘုရားဝင်းအတွင်း ပူဇော်ထားစဉ် ပန်းအိုးအတွင်း ချိန်ကိုက်မိုင်း ထည့်သွင်းဖောက်ခွဲမှု၊ ရန်ကုန်မြို့ရှိ လူအစည်ကားဆုံးနေရာများဖြစ်သည့် ဒဂုံစင်တာ၊ Junction 8 ဈေးဝယ်စင်တာနှင့် ထိုင်းကုန်စည်ပြပွဲကျင်းပရာနေရာ ပုဇွန်တောင်မြို့နယ်ရှိ ရန်ကုန်ကုန်သွယ်မှုဇဟိုဌာနတို့တွင် တစ်ပြိုင်နက်တည်း ဗုံးပေါက်ကွဲမှုနှင့် ယခုနှစ် ၂၀၁၀ ပြည့်နှစ် ဧပြီလ မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်

---

**L.C : ဒီလုပ်ငန်းတည်ထောင်ဖို့ ဘယ်လိုစိတ်ကူးရခဲ့သလဲ။**

**U.M.A :** ကျွန်တော်တို့တို့တိုင်းပြည်အနေနဲ့ ပြန်ကြည့်ရင် ၁၉၈၈ ခုနှစ်မတိုင်ခင်က တစ်ပါတီစနစ်နဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အုပ်ချုပ်ခဲ့ဖူးတယ်။ တံခါးပိတ်စီးပွားရေးမူဝါဒပေါ့။ တိုင်းပြည်မှာ စီးပွားရေးနဲ့ပတ်သက်ရင် အစိုးရရဲ့ အုပ်ထိန်းမှုအောက်မှာပဲလုပ်ပြီးတော့ စီးပွားရေးနဲ့ပတ်သက်တဲ့ ထုတ်လုပ်မှုတွေ၊ စက်ရုံကြီးတွေသိပ်မရှိဘူး၊ ပြည်တွင်းကလည်း တိုင်းပြည်အတွင်းမှာ တစ်နိုင်တစ်ပိုင် လေးတွေလုပ်တဲ့အခါကျတော့ လုံခြုံရေးဆိုတာက ဒရဝမ်အဆင့်ပဲရှိ တယ်။ ဒါပေမဲ့ ၈၈ ခုနှစ်နောက်ပိုင်း အစိုးရက ဈေးကွက်စီးပွားရေးတံခါးဖွင့်ပေးလိုက်တဲ့အခါ Investment တွေက တအားများလာတယ်။

သိန်းပေါင်း၊ သန်းပေါင်းချီပြီးလုပ်ရတဲ့အခါကျတော့ သူတို့ ထင်တာက ကုန်ထုတ်လုပ်မှုတွေလုပ်မယ်၊ နိုင်ငံခြားကိုရောင်းမယ်၊ အကျိုးအမြတ်တွေရမယ်၊ ဒီလိုထင်တာ။ ဒီကြားထဲကနေ ဆုံးရှုံးမှုတွေ၊ လေလွင့်နေတာတွေကို သူတို့မသိဘူး။ အဲဒါ ဘာလဲဆိုတော့ မလုံခြုံလို့ဖြစ်တာ။

စက်ရုံတစ်ရုံကိုကြည့်လိုက်ရင် ကုန်ထုတ်လုပ်မှုရှိမယ်၊ ထုတ်ကုန်တွေကို နိုင်ငံခြားကိုပို့မယ်၊ အဲဒီကနေ အကျိုးအမြတ်ရသင့်သလောက်မရဘဲ ဆုံးရှုံးနေတာဟာ လုံခြုံရေးမကောင်းလို့။ ဟိုးအရင်တုန်းက စနစ်အတိုင်းပဲ သူက ဒရဝမ်ဆိုတဲ့စနစ်ထားတဲ့အခါကျတော့ ပစ္စည်းတွေက ထုတ်ချင်တိုင်းထုတ်နေတယ်၊ စည်းမဲ့ကမ်းမဲ့ အပြင်ကိုထွက်နေတာရှိတယ်၊ စနစ်တကျမရှိဘူး။

နောက် ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး နိုင်ငံခြားက လုံခြုံရေးလုပ်တဲ့ကုမ္ပဏီတွေကို သွားလေ့လာကြည့်တဲ့အခါ နိုင်ငံခြားမှာဆိုရင် အကျဉ်းဦးစီးလိုနေရာမျိုးမှာတောင် ပုဂ္ဂလိကလုံခြုံရေး

www.foreverspace.com.mm



ကာလအတွင်း ဖြစ်ပွားခဲ့သည့် $X_2O$ မဏ္ဍပ် ဗုံးပေါက်ကွဲမှုတို့ကို ညွှန်းဆိုရပေမည်။

အကြမ်းဖက်လှုပ်ရှားသူများက မည်သို့ပင် ရည်ရွယ်သည် ဖြစ်စေ သူတို့ပြန်ရလိုက်သည်ကတော့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ဝမ်းနည်းကြေကွဲမှုနှင့် နာကြည်းမုန်းတီးမှုများသာဖြစ်မည်မှာ ဧကန်မလွဲပေ။

## အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံရသော ပြည်သူတို့၏အသံ

"ကျွန်မ အခုအချိန်ထိ နားထဲမှာ ကြားယောင်နေသေးတယ်ရှင် . . . ငါ့လက်ရော၊ ငါ့လက်ရောဆိုတဲ့ အသံကိုပေါ့" ၂၀၀၅ ခုနှစ်

---

တွေ လုပ်နေတယ်။ အီရတ်မှာဆိုရင်လည်း ပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီတွေ အထဲထဲမှာ ဝင်လုပ်နေတာမျိုးတွေ တွေ့နေရတယ်။ အဲဒါတွေ သိတဲ့အခါမှာ ဒီအလုပ်ကို ငါတို့စစ်သားဟောင်းတွေ၊ ဝန်ထမ်းဟောင်းတွေနဲ့ စုပေါင်းလုပ်ရင်တော့ တိုင်းပြည်လည်း တစ်ဖက်တစ်လမ်းကနေ ကာကွယ်နိုင်မယ်၊ ငါတို့လည်း အကျိုး ရှိမယ်၊ ဝန်ထမ်းဟောင်းတွေလည်း အလုပ်ရရှိအောင်လုပ်မယ်။ ဒရဝမ်အဆင့်ကနေ အဆင့်မြင့်လုံခြုံရေးဝန်ထမ်းအဆင့်ကို ရောက်အောင်လုပ်မယ်လို့ စဉ်းစားခဲ့တယ်။

**L.C : အဆင့်မြင့်လုံခြုံရေးဝန်ထမ်းဖြစ်အောင် ဘာတွေလုပ်ပေးထားပါသလဲ။**

**U.M.A** : အဆင့်မြင့်ဝန်ထမ်းအထိရောက်အောင်ဆိုရင်တော့ ဒီအတိုင်းလေး ခန့်လိုက်ရုံနဲ့မရဘူး။ သင်တန်းတွေပေးရမယ်၊ ဥပဒေတွေသင်ကြားပေးရမယ်။ လူကိုအကဲခတ်တဲ့ပညာ၊ အုပ်ချုပ်မှုပညာ စတာတွေအပြင် မီးကိုလောင်မှ ငြိမ်းသတ်တာထက် မီးမလောင်ခင် ကာကွယ်တဲ့စနစ်ကို လုပ်ပေးရမယ်။ နောက် ကြက်ခြေနီ (First Aid)။ တစ်ခုခုရောဂါရှိလာရင် ဘယ်လိုလုပ်ရမလဲ စသည်ဖြင့် လုံခြုံ ရေးဝန်ထမ်းတစ်ယောက်အနေနဲ့ သိသင့်သိထိုက်တဲ့ပညာတွေကို သင်ကြားပို့ချပေးမှ အဆင့်မြင့်လုံခြုံရေးအဆင့် ရောက်မယ်လို့ စဉ်းစားပြီး သင်တန်းတွေပေးထားပါတယ်။

**L.C : 'လုံခြုံရေး'ဆိုတဲ့စကားဟာ ဘယ်လောက်အထိ ကျယ်ပြန့်တယ်လို့ ထင်ပါသလဲ။**

**U.M.A** : အခု ကမ္ဘာ့တိုင်းပြည်တွေမှာ လုံခြုံရေးနဲ့ပတ်သက်ပြီး ဒေသတွေရဲ့ နေရာတကာမှာ၊ ကင်မရာတွေတပ်ဆင်ပြီးတော့ လုပ်ကြတယ်။ ဘယ်လမ်းမှာ ဘာဖြစ်တယ်ဆိုတာ ကင်မရာအလုံးပေါင်း ၇၀ ကျော် ၈၀ နဲ့ ထိန်းထားတယ်။ အခုရက်ပိုင်းလေးတင်ပဲ အမေရိကားမှာ ဗုံးခွဲဖို့လုပ်တာကို ဘေးနားကလူက မြင်

www.foreverspace.com.mm



ဒဂုံမင်တာတွင် ဗုံးပေါက်ကွဲမှုဖြစ်စဉ်ကို ကိုယ်တွေ့မြင်ခဲ့ရသူတစ်ဦးကဆိုသည်။

$X_2O$ မဏ္ဍပ်ဗုံးပေါက်ကွဲမှုက ကိုယ်တွေ့ကြုံခဲ့ရသော ယင်းဖြစ်ရပ်ကို ပြန်လည်နှိုးဆွသကဲ့သို့ဖြစ်ခဲ့ရကြောင်း စီးတီးမတ်ဆူပါမားကတ်၏ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သူ ၎င်းက ဆက်လက်ပြောသည်။

ယင်းသို့ အရပ်သူ၊ အရပ်သားများကို ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲမှုများပြုလုပ်ခြင်းက မြန်မာ့သမိုင်းကို အကြည်းတန် အရုပ်ဆိုးစေသည်ဟု အတိအကျဆိုရပေမည်။

"သူတို့ရဲ့ပစ်မှတ်က အပြစ်မဲ့ပြည်သူတွေဖြစ်နေတာကို ရည်မှန်းချက်အောင်မြင်တယ်လို့ ပြောရမှာလား"

**မောင်ဝံသ(စာရေးဆရာ၊ သတင်းစာဆရာ)**

"မိဒီယာသမားတစ်ဦးအနေနဲ့ အများပြည်သူ သေကျေပျက်စီး၊ ဒဏ်ရာအနာတစ်ရဖြစ်စေခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်မျိုးကို ပြင်းထန်စွာ ရှုတ်ချလိုက်ပါတယ်"

**ဒေါက်တာဇော်သန်း(သတင်းစာဆရာ)**

"ဘယ်လိုဆင်ခြေ၊ ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ခွင့်လွှတ်လို့မရဘူး"

**လူထုစိန်ဝင်း(သတင်းစာဆရာ)**

"မိဘတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ ငြိမ်းချမ်းစွာ နေထိုင်လိုသူ ပြည်သူတစ်ဦးအနေဖြင့်သော်လည်းကောင်း စိတ်မချမ်းမြေ့စရာ သတင်းဆိုးကြီးဖြစ်သည်"

**ဦးတင်ညွန့်(စာရေးဆရာ)**

"ငြိမ်းချမ်းရေးမြတ်နိုးတဲ့ ပြည်သူလူထုကြားမှာ အထိတ်တလန့်ဖြစ်အောင်ပြုလုပ်ခဲ့ဖြစ်တဲ့အတွက် သူရဲဘောကြောင်တဲ့ လုပ်ရပ်သာဖြစ်တယ်"

**ဒေါ်သန်းသန်းနု [ဝန်ကြီးချုပ်ဟောင်းဦးနုသမီး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)]**

$X_2O$ မဏ္ဍပ်ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ နိုင်ငံရေးနှင့်




လိုက်လို့။ ကင်မရာက မြင်တာမဟုတ်ဘူး။ အဲဒီတော့ ဒီဟာတွေဟာ လူကပဲလုပ်တာ၊ လူကပဲစောင့်ရှောက်တာ။ အန်ကယ်ဆိုလိုတာက လူသာလျှင် အဓိက၊ လုံခြုံရေးကို လူနဲ့စနစ်တကျလုပ်မှသာလျှင် လုံခြုံတယ်လို့ အန်ကယ်တို့က ယူဆတယ်။

ကင်မရာက ရိုက်ထားတယ်။ ဘယ်သူဖြတ်သွားတယ်ဆိုတာ သူသိမယ်။ ပါသွားပြီးမှ လုပ်ရင် သိပ်နောက်ကျသွားလိမ့်မယ်။ အန်ကယ်တို့လုံခြုံရေးက မဖြစ်ခင်ကတည်းက ဘာတော့ ဖြစ်နိုင်ခြေရှိတယ်၊ သူကတော့ ဒီလိုလုပ်ပိုင်ခွင့်၊ ဒီလိုလုပ်နိုင်စရာအကြောင်းရှိတယ်။ ကြိုတင်ကာကွယ်မှုအပိုင်းတွေလုပ်နိုင်တယ်။

**L.C : လုံခြုံရေးမှာ လူသာလျှင်အဓိကလို့ ပြောချင်တာပါလား။**

**U.M.A** : အန်ကယ်အနေနဲ့ကတော့ လူသာလျှင် အဓိကပဲ။

**L.C : လုံခြုံရေးဆိုတာ လူတစ်ယောက်ရဲ့နေ့စဉ်လုပ်ရှားမှုဘဝမှာ ဘယ်လောက်ထိ အရေးပါတယ်လို့ ထင်ပါသလဲ။**

**U.M.A** : အခု အန်ကယ်တို့တိုင်းပြည်မှာ ဒီရက်ပိုင်းလေးအတွင်းမှာ ဖြစ်သွားတယ်။ နောက် အရင်တုန်းက ဖြစ်သွားတဲ့ဖြစ်စဉ်လေးတွေလည်း ရှိတယ်။ တကယ်လို့သာ လူတိုင်းမှာ လုံခြုံရေးအသိစိတ်ဓာတ်ရှိရင် ဘယ်နေရာကိုပဲသွားသွား၊ လာလာ၊ ကားပေါ်မှာပဲရှိရှိ၊ အိမ်မှာပဲနေနေ၊ ရုပ်ရှင်ရုံမှာပဲရှိရှိ လုံခြုံရေးအသိစိတ်ဓာတ်သာ လူတိုင်းမှာ ရှိမယ်ဆိုရင် သင်္ကြန်တွင်းမှာဖြစ်သွားတဲ့ကိစ္စက လက်ပစ်ဗုံးနဲ့ ပစ်တာလို့ သိရတယ်။ တကယ်လို့သာ အဲဒီမှာရှိတဲ့လူတွေအားလုံးထဲကသာ မြင်အောင်ကြည့်တတ်မယ်ဆိုရင် ဒီလူကို သိကိုသိရမယ်။ အဲဒီတော့ လုံခြုံရေးအသိဟာ လူတိုင်းမှာ ရှိနေမယ်ဆိုရင် ပိုကောင်းပါတယ်။

**L.C : လုံခြုံရေးနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုတွေကို ဘယ်လိုနေရာတွေမှာ ပေးနေပါသလဲ။**

**U.M.A** : အခုလက်ရှိအနေအထားမှာ စက်ရုံ၊ အလုပ်ရုံတွေ

www.foreverspace.com.mm



ခေတ်မီကိရိယာများကို တိုးမြှင့်သုံးစွဲလာကြသည်

မီဒီယာအခန်းကဏ္ဍတွင် ထင်ရှားသူပုဂ္ဂိုလ်တိုင်းက ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့သည့် အဆိုများကို The Voice Weekly အတွဲ (၆) အမှတ် (၂၄) တွင် ဖော်ပြထားသည်များအနက်မှ ကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။

အကြမ်းဖက်လုပ်ရပ်များမှာ ယင်းသို့ ပြည်သူလူထုကို တိုက်ရိုက်ထိခိုက်သည်သာမက သွယ်ဝိုက်၍လည်း ပြည်သူလူထုကို ထိခိုက်မှုရှိစေခဲ့သည်။

ယုဇနပလာဇာသာမက လူစည်ကားရာ ဈေးဝယ်စင်တာကြီးများ အားလုံးလိုလို ယင်းသို့လာရောက်သူ လျော့ကျသည့်ဒဏ်ကို ခံနေကြကြောင်း စုံစမ်းသိရှိရသည်။

ရုပ်ရှင်ရုံများဆိုလျှင် သင်္ကြန်ပြီးကာစရက်များတွင် ကျီးနှင့်ဘုတ်ဆိုသလိုဖြစ်ခဲ့ရသည်။

"Wolf Man သွားကြည့်တာ တနင်္ဂနွေနေ့ နေ့လယ်ပွဲကိုတောင် ရုံတစ်ဝက်မရှိတရှိပဲရှိတယ်"ဟု သတင်းထောက်တစ်ဦးက ဆိုသည်။

မင်္ဂလာကုမ္ပဏီပိုင်မဟုတ်သော အခြားရုပ်ရှင်ရုံတစ်ခုကမူ ရုပ်ရှင်ရုံများ လူအဝင်နည်းခြင်းမှာ လုံခြုံရေးစိတ်မချရဟုဆိုသည့် အကြောင်းအရာထက် ရုပ်ရှင်ကားပေါ်တွင်သာမူတည်ကြောင်း၊ မြန်မာဟာသကားများတွင် လူအဝင်များတတ်ကြောင်း ဖြေကြားသည်။

သို့ရာတွင် ရုံမတင်မီက လူသိများခဲ့သော 'နတ်ဖြစ်ရသည့်ဒုက္ခ' အမည်ရှိဇာတ်ကားတွင်မူ ကဆုန်လပြည့်နေ့တစ်ရက်တည်းသာ လူဝင်များခဲ့ပြီး ယင်းနောက်ပိုင်းရက်များတွင် သာမန်မျှသာရှိကြောင်း ရုပ်ရှင်လက်မှတ်တစ်ဆင့်ရောင်းသူများက ဆိုသည်။

"ကဆုန်လပြည့်နေ့ ကားဆွဲကောင်းမယ်ထင်တာ၊ မနစ်ကထက် အများကြီးနည်းတယ်၊ မနစ်ကဆို ထိုင်တောင်မနေရဘူး၊ ဒီနှစ် ရတဲ့ဈေးနဲ့လိုက်နေရတယ်၊ ရှေ့အော်ဒါလွတ်သွားရင် နောက်အော်ဒါတစ်ခု ရမရ မသိနိုင်တော့ဘူး"ဟု စင်းလုံးငှားတက္ကစီယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

---

ကို ပေးပါတယ်။ ပြီးရင် ဟိုတယ်တွေ၊ မိုတယ်တွေမှာ ပေးပါတယ်။ လူနေအိမ်တွေမှာ ပေးပါတယ်။

**L.C : ဘယ်လိုပုံစံတွေနဲ့ ပေးပါသလဲ။**

**U.M.A** : စက်ရုံ၊ အလုပ်ရုံတွေမှာဆိုရင် ပစ္စည်းခိုးယူမှုကို အဓိက ကာကွယ်ရပါတယ်။ နောက်တစ်ခါ ပစ္စည်းကို ဝန်ထမ်းကဖြစ်စေ၊ တခြားအဖျက်သမားကဖြစ်စေ အတွင်းထဲကနေပါမသွားအောင် အဓိက ကာကွယ်ပေးပါတယ်။ နောက်တစ်ခါ မီးဘေးလုံခြုံရေးနဲ့ အဲဒီမှာရှိတဲ့ဝန်ထမ်းတွေကို ကာကွယ်ပေးပါတယ်။

အိမ်ကိုလုံခြုံရေးလုပ်တဲ့အခါမှာတော့ နှစ်ပိုင်းဖြစ်ပါတယ်။ အိမ်က မိသားစုတစ်ခုလုံးရဲ့ အသက်အန္တရာယ်အပါအဝင် လုံခြုံရေးကိုတာဝန်ယူထားတဲ့ အိမ်ရဲ့ပရဝဏ်အတွင်းထဲမှာ ဘာမှမဖြစ်အောင်၊ လူကနေ နှောင့်ယှက်ဖျက်ဆီးမခံရအောင် ကာကွယ်ပေးထားတယ်။ နောက်တစ်ခုက တာဝန်ယူထားတဲ့အိမ်ကနေ ပစ္စည်းပျောက်၊ ဆုံးရှုံးမှုမျိုးမဖြစ်အောင်တော့ တာဝန်ယူပေးရပါတယ်။

**L.C : သက်တော်စောင့်ငှားတာမျိုးတွေ ရှိပါသလား။**

**U.M.A** : လာတော့ငှားဖူးပါတယ်။ ရုပ်ရှင်မင်းသားတို့၊ ဘာတို့၊ သူတို့ကိစ္စလေးတွေအတွက် တစ်ဦးချင်းအနေနဲ့ပေါ့။ နောက်ပြီး နိုင်ငံခြားကလာတဲ့အဖွဲ့အစည်းမျိုး တချို့ရှိတယ်။ ဟိုတယ်မှာ သူတို့လာတည်းနေမယ်ပေါ့၊ အဲဒီအခါမှာ အန်ကယ်တို့လုပ်ရမယ့်အပိုင်းကို ပြန်လှေ့လာတယ်။ ဆိုပါစို့၊ သူက အင်းလျားလိတ်ဟိုတယ်မှာ တည်းတယ်ဆိုရင် အဲဒီမှာ လုံခြုံရေးရှိနေတဲ့အခါ ဒီဘက်ကို သီးသန့်လာငှားတယ်ဆိုရင် မလုပ်ဘူး။ အဲဒီဟိုတယ်မှာရှိနေတဲ့ လုံခြုံရေးရဲ့နယ်ထဲမှာ ဝင်လုပ်ရမှာဖြစ်တဲ့အတွက် သူ့ရဲ့စည်းကိုဖောက်မှာစိုးလို့။ ဒါပေမဲ့ သူက မန္တလေးသွားချင်တယ်၊ ခရီးတစ်ခုသွားချင်တယ်ဆိုရင်တော့ အန်ကယ်တို့က လုပ်ပေးတယ်။ စတိတ်ရှိုးတွေ၊ ပွဲတွေဆိုရင်လည်း လုပ်

www.foreverspace.com.mm



ညဆိုင်းပြေးဆွဲသောယာဉ်မောင်းများမှာ ခရီးသည်မရသဖြင့် ယာဉ်ကို ခရီးသည်ရနိုင်ခြေရှိသည့်နေရာတွင် အိပ်စောင့်ရကြောင်း၊ သို့သော် အုံနာခမပြည့်သည့်ရက်ကများနေသဖြင့် ယာဉ်ကိုပင် ပြန်အပ်ချင်လာကြောင်း ညဆိုင်းပြေးဆွဲသည့် စင်းလုံးငှားတက္ကစီယာဉ်မောင်းတစ်ဦးက ဆိုသည်။

တစ်လလျှင် လူဦးရေ တစ်သောင်းခန့်သုံးစွဲနေသော FEC ၂၀ တန်နှင့် FEC ၅၀ တန် တစ်ခါသုံးဖုန်းကတ်များကို မှတ်ပုံတင် မိတ္တူမပါလျှင် ရောင်းချခြင်းမရှိတော့ကြောင်း၊ မည်သည့်ဆိုင်တွင် မဆို မိတ္တူပါမှသာရောင်းချပေးကြောင်း ဖုန်းဈေးကွက်အတွင်းမှ သိရှိရသည်။

ယင်းသို့နေရာအသီးသီးတွင် သွားလာမှု၊ ငွေကြေးသုံးစွဲမှုမှာ မသိသာဟုဆိုနိုင်ငြားသော်လည်း စစ်စစ်ပေါက်ပေါက် တွက်ချက်ကြည့်လျှင်မူ နိုင်ငံအတွက် များစွာထိခိုက်မှုရှိကြောင်း၊ နိုင်ငံသားတစ်ဦးချင်း၏ ဝင်ငွေလျော့ကျလျှင် နိုင်ငံ၏ GDP လည်း ထိခိုက်မှုရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်ရပ်များ ပိုစိတ်လာသည်နှင့်အမျှ ပြည်သူလူထုတွင် အကြောက်တရားများ ကြီးစိုးပြီး ဝင်ငွေသုံးစွဲသင့်သည့်နေရာ မသုံးစွဲနိုင်၊ ဝင်ငွေရှာရမည့်အချိန် မရှာနိုင်နှင့် ငြိမ်းချမ်းစွာ မနေနိုင်ဖြစ်လျှင် နိုင်ငံအတွက် များစွာအကျိုးယုတ်လျော့မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

“နိုင်ငံအတွက် တိုက်ရိုက်ထိခိုက်တာတွေလည်းရှိသေးတယ်။



ငွေကြေးတတ်နိုင်သူများက ၎င်းတို့၏ဝင်းခြံလုံခြုံရေးကို ပိုမိုရင်းနှီးမြှုပ်နှံလာကြသည်

ပေးပါတယ်။

**L.C : မင်းသား၊ မင်းသမီးတွေအပြင် အခြားငှားရမ်းမှုတွေရော ရှိပါသလား။**

**U.M.A** : အန်ကယ်တို့ဆီမှာ လက်ရှိလုပ်နေတာကတော့ ကလေးရဲ့လုံခြုံရေးကို လုပ်ပေးနေတာရှိပါတယ်။ ကလေးကျောင်းလာတဲ့အခါ ကားပေါ်ကဆင်းပြီး ကားပေါ်ပြန်တက်သည်အထိ တာဝန်ယူပေးတာပါ။ သက်တော်စောင့်ဆန်ဆန်ပါပဲ။

**L.C : ဘယ်လိုအချိန်တွေမှာ ပိုပြီးတော့ ငှားရတတ်ပါသလဲ။**

**U.M.A** : စက်ရုံ၊ အလုပ်ရုံတွေအနေနဲ့ကတော့ တော်တော်များများ ငှားပါတယ်။ လက်ရှိတိုင်းပြည်မှာ စီးပွားရေးလုပ်ငန်းကို လုပ်နေကြတဲ့လူ တော်တော်များများက လုံခြုံရေးကို သိပ်ပြီးတော့ အလေးမထားတတ်ကြဘူး။ တချို့ကတော့ အလေးထားကြပါတယ်။ သူတို့က ကုန်ထုတ်လုပ်မှုအပိုင်းနဲ့ သူတို့ရဲ့ အကျိုးအမြတ်အတွက်ပဲ စိတ်ဝင်စားတယ်။ လုံခြုံရေးကြောင့် သူတို့ရဲ့ ဆုံးရှုံးသွားမယ့်ပစ္စည်းတွေကို ကာကွယ်နိုင်တာကို သိသွားတဲ့သူတွေကျတော့ လုံခြုံရေးကို လက်မလွှတ်တော့ဘူး။ နောက်တစ်ခုကတော့ ခုနောက်ပိုင်းမှာ ဖုံးကွဲတာလေးတွေရှိလာတော့ ဟိုတယ်တွေ၊ မီနီမားကတ်တွေကနေ သူတို့လုံခြုံရေးအတွက် အများကြီးငှားလာကြတယ်။ ၂၀၀၅ တုန်းက အရောင်းပြခန်းကြီးတစ်ခု ဖုံးကွဲတယ်။ အဲဒီလိုမျိုးဖြစ်တဲ့အခါတွေမှာ အရင်တုန်းက လုံခြုံရေးမရှိတဲ့ အရောင်းပြခန်းကြီးတွေက အန်ကယ်တို့ဆီကနေ လုံခြုံရေးတွေကို အများကြီးငှားဖူးပါတယ်။ အဲဒီလိုငှားကြသလို၊ သူတို့ကိုယ်တိုင်လည်း လုံခြုံရေးအဖွဲ့တွေဖွဲ့စည်းပြီး ဆောင်ရွက်တာလေးတွေရှိလာတယ်။ ဘယ်လိုပဲပြောပြော ခုနောက်ပိုင်းမှာ နည်းနည်းအလေးထားပြီးတော့ လုပ်လာကြတာတွေရှိပါတယ်။

www.foreverspace.com.mm

ဥပမာ–ဓာတ်အားခွဲရုံ ဗုံးခွဲခံတယ်ဆိုပါစို့၊ အစိုးရကို ရည်ရွယ်လုပ်တာ ဖြစ်ကောင်းဖြစ်မယ်၊ တကယ်ဖြစ်တာက ပြည်သူတွေ မှောင်ထဲမှာ ထိုင်နေရတာ၊ လျှပ်စစ်မီး ပြည့်ပြည့်ဝဝမရတဲ့အတွက် ကိုယ့်လုပ်ငန်းကို ကောင်းကောင်းမလုပ်နိုင်တာပဲ အဖတ်တင်မှာပါ”ဟု ၎င်းက ဆိုသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များလျော့ကျခြင်းသည် နိုင်ငံ၏ ဝင်ငွေလျော့ကျခြင်းဖြစ်၍ ယင်းသို့လျော့ကျခြင်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလျော့ကျခြင်းသာဖြစ်ပြီး ဖွံ့ဖြိုးမှုမရှိသော နိုင်ငံမှ ပြည်သူတို့၏ ကြီးပွားတိုးတက်မှုကို မည်သို့မျှော်လင့်ရမည်နည်းဟု ၎င်းကမေးခွန်းထုတ်သည်။

“အကြမ်းဖက်တဲ့သူကတော့ ဘယ်လိုနေလဲမသိဘူး၊ ပြည်သူကတော့ မိအေးနှစ်ခါနာပဲ။ ဗုံးပေါက်လို့သေတော့လည်း ပြည်သူ၊ စီးပွားရေးအရ ထိခိုက်ခံရတော့လည်း ပြည်သူပဲ”ဟုလည်း ၎င်းက ဆိုသည်။

## လုံခြုံမှုအတွက်ပေးဆပ်ရသော အရင်းအနှီးများ

အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် မျှော်စင်ညီနောင် တိုက်ခိုက်ခံရမှုနောက်ပိုင်းတွင် နှစ်စဉ်


ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်

**L.C : ဒီမှာ လုံခြုံရေးနဲ့ပတ်သက်ပြီး နားလည်သဘောပေါက်လက်ခံမှုတွေ ဘယ်လိုရှိပါသလဲ။**

**U.M.A** : အခုနောက်ပိုင်းမှာတော့ လုံခြုံရေးက နေရာတိုင်းမှာ တော်တော်လေးရှိလာပါပြီ။ အဲဒီလိုရှိလာတော့ ဒီဘက်ပိုင်းမှာ ပြည်သူလူထုကလည်း ဘာတွေပူးပေါင်းပါဝင်လာသလဲဆိုတော့ အရင်တုန်းက သူတို့ကိုရှာရင် တို့မြန်မာလူမျိုးတွေက ကိုယ့်ကိုယ်ရှာရင် မယုံသင်္ကာစိတ်နဲ့ ကြည့်တယ်လို့ အောက်မေ့ပြီး မကြိုက်ဘူး။ အခုတော့ မဟုတ်ဘူး။ ကြည်ကြည်ဖြူဖြူနဲ့ အရှာခံလာကြတယ်။ ကောင်းတဲ့အလားအလာပဲပေါ့။ ဒါ ငါတို့အတွက် လုပ်နေတာပါလားလို့ နားလည်လာကြတာပေါ့။

**L.C : လုံခြုံရေးတာဝန်ယူသူတွေအတွက် လုံခြုံဖို့ကိုရော ဘယ်လိုစီစဉ်ထားတာရှိပါသလဲ။**

**U.M.A** : ဒီလုံခြုံရေးဝန်ထမ်းက ကိုယ့်လုံခြုံရေးအတွက်ကတော့ ကိုယ့်ဘာသာတာဝန်ယူရတာပေါ့။ ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင် အောင်အတွက်လည်း သင်တန်းမှာ သေချာသင်ကြားပေးထားပါတယ်။ သူများကိုလည်း ကြည့်နိုင်အောင်လုပ်ထားသလို၊ မိမိကိုယ်ကိုယ်လည်း ကာကွယ်နိုင်အောင်သင်ကြားပေးပါတယ်။ သံသယရှိစရာပစ္စည်းတစ်ခုကို ငါလုံခြုံရေးပဲဆိုပြီး သွားကိုင်လို့ ပေါက်သွားရင်လည်း ပေါက်သွားမယ်။ အဲဒါကို ဘယ်လိုလုပ်ရမလဲ မသိရင်လည်း လုပ်လို့မရနိုင်ဘူး။ အဲဒီလိုမလုပ်ရင် ကျန်တဲ့ကိုယ့်ရဲ့ Public ကိုလည်း ထိခိုက်ဦးမယ်၊ အဲဒီတော့ ဘယ်လိုလုပ်ရမလဲဆိုတဲ့ အသိဉာဏ်လေးတွေကို ဦးစားပေးသင်ပါတယ်။

**L.C : လုံခြုံရေးနဲ့ပတ်သက်လို့ လုပ်ငန်းတွေက ဘယ်လောက်ရာခိုင်နှုန်းအထိ သုံးစွဲကြတာတွေ့ရပါသလဲ ။**

**U.M.A** : အန်ကယ်တို့လုံခြုံရေးအတွက် သူတို့ Investment လုပ်ထားတဲ့ပမာဏနဲ့ နှိုင်းယှဉ်ရင် အရမ်းနည်းပါတယ်။

www.foreverspace.com.mm



လုံခြုံရေးအသုံးစရိတ်ကို ဒေါ်လာ ၄၀၀ ဘီလီယံမျှအသုံးပြုရန် ယင်းအချိန်က အမေရိကန်သမ္မတဖြစ်သူဂျော့ဘွတ်ရှ်က ကတိပြုခဲ့ကြောင်း ၂၀၀၂ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ထုတ် Economist သတင်းစာတွင် သတင်းဖော်ပြခဲ့သည်။

နိုင်ငံကြီးတစ်ခု၏ အစိုးရသာလျှင် ကာကွယ်ရေးအသုံးစရိတ်များ မြှင့်တင်ခဲ့သည်လားဟု မေးလျှင် မဟုတ်ပါဟုဖြေရပေမည်။

လူသားတို့သည် မိမိတို့၏ လူမှုဘဝလုံခြုံရေးအတွက် မိမိတို့ဘာသာလည်း ကြိုးပမ်းကြရသည်။ ဆိုခဲ့ပါ လူစည်ကားနေကျနေရာများတွင် လူစည်ကားမှု လျော့ကျခဲ့ရခြင်းသည်လည်း ယင်းအတွက် ဥပမာကို ထင်ရှားစေပေသည်။

မြန်မာနိုင်ငံရှိ ငွေကြေးအတော်အတန်သုံးစွဲနိုင်သူများ၏ နေအိမ်များကို ကြည့်လျှင်လည်း ယင်းအချက်မှာ သိသာပေသည်။ ငါးပေမျှမြင့်သော နေအိမ်အုတ်ရိုးပေါ်မှ ကိုးလက်မအရှည်မျှရှိသော သံချွန်ထိုးထိုးထောင်ထောင်များနှင့် ဖန်ကွဲစများသည် အကြမ်းဖက်မှုများကို ကာကွယ်ရန်ဟု မဆိုသာသည့်တိုင် ၎င်းတို့၏လူမှုဘဝလုံခြုံမှုအတွက် အကာအရံများဖြစ်သည်။


လူတို့အနေဖြင့် အများနှင့်ဆိုင်ရာနေရာတို့တွင် လုံခြုံလိုသည်သာမကဘဲ မိမိတို့နေအိမ်များတွင်ပါ လုံခြုံလိုကြရာ မိမိတို့နေရာအတိုင်းအတာကို လုံခြုံအောင် စည်းရိုးခတ်ကာရန်ခြင်း၊ အိမ်အဆောက်အအုံထဲကိုကြည့်ပါကလည်း အိမ်တွင်းဝင်ရောက်ရန်ဖြတ်သန်းမှုကို ကာရန်ထားသည့် တံခါးများကို အကာအကွယ်အဖြစ်တပ်ဆင်ကြသည့်အပြင် အဆိုပါ တံခါးနောက်ကွယ်တွင် ထပ်မံ၍ သံပန်း၊ သံဆန်ခါများကို ထပ်ဆင့်တပ်ဆင်၍ နှစ်ဆင့်ခံလုံခြုံရေးကို ဖန်တီးကြပေသည်။

ကာရန်ထားသည့် တံခါးရှိနေပါလျက်နှင့် ဒုတိယအကာအရန်တစ်ခုကို ထပ်မံကုန်ကျခံရန် လိုအပ်ပါသလော။ ကုန်ကျစရိတ်နှစ်ခါကျခံရသော်လည်း အဘယ်ကြောင့် ကျေနပ်စွာ ကုန်ကျခံကြသနည်း။

အဓိကမှာမူ လူသားအားလုံး လုံခြုံချင်သည်၊ လုံခြုံမှု၏နောက်ကွယ်မှ အေးချမ်းသော လူမှုဘဝကို ဖြတ်သန်းချင်သည်။ မြန်မာတို့စကားတွင်ရှိသည့် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူဟူသည့် ရန်သူမျိုးငါးပါး၏ အန္တရာယ်မှ လွတ်မြောက်ချင်ကြသည်။ ကာကွယ်ချင်ကြသည်။

မိမိတို့အနေနှင့် ရေ၊ မီးနှင့် လုံခြုံရေးတို့အတွက် တစ်လလျှင် ဆိုင်ခန်းတစ်ခန်းကို ၆၀၀၀ ကျပ်ပေးဆောင်ရကြောင်း ညောင်ပင်လေးပလာဇာရှိ စားသောက်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ဆင်ခြေဖုံးမြို့နယ်များအပါအဝင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အချို့တွင် နေရာဒေသအလိုက် လမ်း၊ ရပ်ကွက်လုံခြုံရေး



အန်ကယ်တို့တိုင်းပြည်မှာတော့ တော်တော်နည်းတယ်။ သူများနိုင်ငံတွေမှာတော့ အဲဒီအတွက် တော်တော်လေးသုံးတယ်။ အန်ကယ့်ဝန်ထမ်းတွေရတဲ့လစာနဲ့ နိုင်ငံခြားကလုံခြုံရေးတွေရတဲ့လစာက တော်တော်လေးကိုကွာတာတွေ့ရတယ်။ လုံခြုံရေးရဲ့ ကာကွယ်မှုကြောင့် သူတို့ရရှိတဲ့ အကျိုးအမြတ်အတွက် ဟိုဘက်ကလူတွေက များများနားလည်ကြတယ်။ အများအားဖြင့်တော့ အန်ကယ်တို့က ဒရဝမ်အဆင့်ကနေ ဒီလိုလူမျိုးကိုပဲ မွေးလာတဲ့အခါကျတော့ စိတ်ချရတဲ့ ကိုယ့်အမျိုးတစ်ယောက်လောက်၊ အသက်ကြီးတဲ့သူတစ်ယောက်လောက် ဂိတ်ပေါက်ဝရှိနေရင် လုံခြုံပြီလို့ထင်ကြတာကိုး။ တကယ်တော့ လုံခြုံရေးဆိုတာ အပေါက်စောင့်ဖို့တာဝန်တစ်ခုတည်း မဟုတ်ဘူး။

သူတို့ သိန်းပေါင်းသောင်းနဲ့ချီ၊ ထောင်နဲ့ချီပြီး မြှုပ်နှံထားတဲ့လုပ်ငန်းမှာ အန်ကယ်တို့အတွက်က အများဆုံးသုံးရင် နှစ်သိန်း၊ သုံးသိန်းပဲ။ Percentage အရ ပြန်တွက်ကြည့်ရင် အများကြီးနည်းပါတယ်။ တကယ်လို့များ ဒီလုံခြုံရေးက မစောင့်ရှောက်နိုင်လို့ ကားတစ်စီးစာ ပါသွားမယ်ဆိုရင် သိန်းပေါင်းများစွာ ကုန်သွားမယ်။ ဒါကြောင့်မို့ လုံခြုံရေးရှုထောင့်က ■

**ကိုယ်ရေးအကျဉ်း**

အမည် – ဗိုလ်မှူးမြင့်အောင်(ငြိမ်း)

ရာထူး – အုပ်ချုပ်မှုဒါရိုက်တာ၊ အင်းဝလုံခြုံရေးနှင့် အထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက်

ကုမ္ပဏီထူထောင်သည့်နှစ် – ၁–၄–၂၀၀၅

www.foreverspace.com.mm



သို့မဟုတ် မီးကင်းစောင့်များကို ထားရှိလေ့ရှိကြောင်းနှင့် ယင်းအတွက် လစဉ်ငှားရမ်းကြလေ့ရှိကြောင်း၊ ကွန်ဒိုများတွင်လည်း လုံခြုံရေးအတွက် ဝန်ထမ်းများ ငှားရမ်းထားရှိကြလေ့ရှိကြောင်း ရန်ကုန်မြို့ခံများထံမှ စုံစမ်းသိရှိရသည်။

စားသုံးသူအများအပြားနှင့် ဆက်ဆံနေရသော ပြည်တွင်းအခြေစိုက်ကုမ္ပဏီလုပ်ငန်းများအနေနှင့်လည်း ၎င်းတို့၏ အကျိုးစီးပွားအတွက်သာမက စားသုံးသူများ၏ လုံခြုံရေးအတွက်ပါ ငွေကျပ်သိန်းရာနှင့်ချီ၍ အကုန်အကျခံ၍ ပြင်ဆင်ထားရကြောင်း ယင်းလုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။

ဆိုင်၏ဝင်ပေါက်များတွင် စာတွေ့၊ လက်တွေ့သင်တန်းများ ပေးထားသော လုံခြုံရေးဝန်ထမ်းများထားရှိခြင်း၊ အန္တရာယ်ရှိသော ပစ္စည်းများရှာဖွေစမ်းသပ်နိုင်ရန် Metal Detector များစီစဉ်ထားရှိခြင်း၊ CCTV Camera များထားရှိခြင်း၊ Fire Alarm System များ၊ TA System များတပ်ဆင်ခြင်း စသည်တို့ကို ပြုလုပ်ထားရှိကြောင်း၊ မိမိတို့ဆိုင်များတွင် ဝယ်ယူအားပေးနေသော စားသုံးသူများအတွက် မီးဘေးအန္တရာယ်များအပါအဝင် လုံခြုံရေးကိစ္စရပ်များအတွက် စိတ်မပူပင်ရဘဲ ဈေးဝယ်နိုင်မည့် ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ကို ဖန်တီးပေးထားကြောင်း မြန်မာနိုင်ငံအနှံ့တွင် လုပ်ငန်းခွဲ၊ ဆိုင်ခွဲများ ဖွင့်လှစ်ထားရှိသည့် City Mart Holding Co., Ltd. ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးကြိုးများပုံမှန်စစ်ဆေးခြင်း၊ ရှိသင့်သော မီးသတ်ဆေးဘူးများထားရှိခြင်း၊ Fire Hazard မဖြစ်စေရန် ပစ္စည်းများ စနစ်တကျထားသိုခြင်း၊ အရေးပေါ်ထွက်ပေါက် Emergency Exit များထားရှိခြင်း၊ မီးသတ်တပ်ဖွဲ့များမှ Trainning များရယူခြင်းတို့ကို ပြုလုပ်ထားရှိခြင်းတို့ကိုပါပြုလုပ်ထားရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ဆိုင်တွေအားလုံးအတွက် သိန်းရာချီအကုန်အကျခံ ပြင်ဆင်ထားပါတယ်”ဟု ၎င်းကဆိုသည်။

ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ဖြစ်ရုံသာမက သောက်သုံးရေ၊ အစားအသောက်၊ လျှပ်စစ်မီး၊ မီးအန္တရာယ်၊ လုံခြုံရေး၊ သွားလာမှုလွယ်ကူစေရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးနိုင်စေရန် တတ်နိုင်သမျှ ကြိုတင်ပြင်ဆင်ထားကြောင်း၊ အထွေထွေလုံခြုံရေးအတွက် ဟိုတယ်၏ အတွေ့အကြုံရင့်ကျက်သည့် ဝန်ထမ်းများနှင့် ခေတ်မီနည်းပညာများပေါင်းစပ်၍ လုံခြုံသည့်ပတ်ဝန်းကျင်ဖြစ်စေရန် ဖန်တီးပေးထားကြောင်း၊ ဟိုတယ်၏နေရာအနှံ့တွင် CCTV တပ်ဆင်ထားကြောင်း၊ ဟိုတယ်၏ ပထမထပ်နှင့် ဒုတိယထပ်တွင်ရှိသော မှန်ပြတင်းများမှာ ဗုံးကွဲမှု ဒဏ်ကို ကာကွယ်နိုင်ရန် Blast Resistance Film များ တပ်ဆင်



လိုအပ်သလို တားမြစ်နယ်မြေများသတ်မှတ်၍ လုံခြုံရေးဆောင်ရွက်နေစဉ်

www.foreverspace.com.mm





ပြည်သူလူထုက ပူးပေါင်းပါဝင်ရန် လိုအပ်သည်

ထားကြောင်း ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဘေးကင်းလုံခြုံစိတ်ချရတဲ့ပတ်ဝန်းကျင်ဖြစ်ဖို့ ဒေါ်လာ သိန်းပေါင်းများစွာ အကုန်အကျခံဆောင်ရွက်ထားရပါတယ်" ဟု ၎င်းက ဆိုသည်။

ထို့ပြင် အချို့သောကုမ္ပဏီကြီးများသည် အကြမ်းဖက်မှုကြောင့် ဆုံးရှုံးမှုဒဏ်မှ ကာကွယ်ရန် အာမခံထားရှိခြင်းများကိုပါ ဆောင်ရွက်ထားကြောင်းလည်း စုံစမ်းသိရှိရသည်။

## လုံခြုံရေးအတွက် ဝန်ဆောင်ပေးရသူများ

စက်တင်ဘာ ၁၁ ရက်နေ့ဖြစ်ရပ်သည် ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လုံခြုံရေးပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီကြီးများနှင့် လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများ၏ အစုရှယ်ယာများကို ဝယ်ယူရန် အချက်ပြသကဲ့သို့ဖြစ်ပြီး ဆယ်နှစ်ကြာခန့်ငြိမ်သက်ခဲ့သော ယင်းကုမ္ပဏီကြီးများ၏ အစုရှယ်ယာဈေးနှုန်းများမှာ အဆမတန်တက်သွားခဲ့ကြောင်း ၂၀၀၂ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ထုတ် Economist သတင်းစာပါသတင်းတွင် ပါရှိသည်။

မြန်မာနိုင်ငံတွင်လည်း လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်မှုရှိလာပြီး ယင်းလုပ်ငန်းများမှ ဝန်ထမ်းများကို ငှားရမ်းသုံးစွဲမှုများပါ များပြားလာကြောင်း ထို့ပြင် တစ်သီးပုဂ္ဂလိက ငှားရမ်းမှုများလည်းရှိကြောင်း ရန်ကုန်မြို့နေထိုင်သူများထံမှ စုံစမ်းသိရှိရသည်။

လုံခြုံရေးကုမ္ပဏီများကို ငှားရမ်းမှုအများဆုံးမှာ လက်ရှိတွင် စက်ရုံ၊ အလုပ်ရုံများဖြစ်ကြောင်းနှင့် ကုမ္ပဏီ သို့မဟုတ် စက်ရုံ အလုပ်ရုံတို့မှ လုံခြုံရေးအတွက် ငှားရမ်းလာပါက လိုအပ်ချက်နှင့် တာဝန်ယူရမည့်အပိုင်းများကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းကြပြီး စာချုပ်စနစ်ဖြင့် လုပ်ဆောင်ကြလေ့ရှိကြောင်း၊ လုံခြုံရေးကုမ္ပဏီအနေဖြင့် စာချုပ်ကာလအတွင်း မိမိတို့ဝန်ထမ်းဘက်မှ လိုအပ်ချက်ကြောင့် ပစ္စည်းပျောက်၊ ပျက်စီးဆုံးရှုံးခြင်းတို့ ဖြစ်ပွားကြောင်း တွေ့ရှိရပါက ပြန်လည်ပေးလျော်မှုများ ပြုလုပ်ပေးကြောင်း လုံခြုံရေးနှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီကြီးတစ်ခုကလည်း ပြောကြားသည်။


ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိသော ဖောက်ခွဲရေးပစ္စည်းအချို့

www.foreverspace.com.mm



နေရာတိုင်းတွင် လုံခြုံရေးတံတိုင်းမြှင့်တင်ကြရတော့မည်ဖြစ်သည်

မိမိတို့ကုမ္ပဏီအနေဖြင့် စာချုပ်ကို အနည်းဆုံး ခြောက်လမှ စတင်ချုပ်ဆို၍ ဆောင်ရွက်ပေးကြောင်း၊ ငှားရမ်းသူများဘက်မှ ဝန်ထမ်းခေါ်ယူမှုဦးရေပေါ်မူတည်၍ လစဉ်အလိုက်သတ်မှတ်သည့် ဈေးနှုန်းများကွာခြားမှုရှိကြောင်း၊ ခေါ်ယူသူဦးရေပေါ်လိုက်၍ ဝန်ထမ်းတစ်ဦး၏လစာမှာ တစ်လလျှင် ၆၅,၀၀၀ ကျပ်မှ ၈၀,၀၀၀ ကျပ်အထိရှိတတ်ကြောင်း အထက်ပါ လုံခြုံရေးဝန်ဆောင်မှုပေးနေသည့်ကုမ္ပဏီကြီးမှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့ကုမ္ပဏီအနေဖြင့် လုံခြုံရေးအငှားဝန်ဆောင်မှုပေးသည့်ပုံစံကို ရှင်းပြသည်။

လုံခြုံရေးအတွက် ကုန်ကျစရိတ်မှာမူ လုံခြုံရေးယူသည့်ပုံစံအနေအထားနှင့် လုံခြုံရေးယူသူ၏ အနေအထားပေါ်မူတည်ပြီး ကုန်ကျမှုစရိတ်များ ကွာခြားနိုင်မည်ဖြစ်ပေသည်။

လုံခြုံရေးဝန်ထမ်းများကို ငှားရမ်းသုံးစွဲမှုများသာမက လုံခြုံရေးသုံးနည်းပညာပစ္စည်းအမျိုးမျိုးကိုလည်း တပ်ဆင်သုံးစွဲမှုမှာ တစ်နှစ်ထက်တစ်နှစ်မြင့်လာကြောင်း တပ်ဆင်ဝန်ဆောင်မှုပေးနေသောကုမ္ပဏီတစ်ခုမှ ဈေးကွက်မန်နေဂျာတစ်ဦးက ပြောကြားသည်။

"အကြမ်းဖက်မှုတွေကြောင့် တပ်လာတာလို့တော့ လုံးဝပြောလို့မရဘူး။ သာမန် ပျောက်မှာ၊ ရှုမှာစိုးလို့တပ်တာမျိုးတွေလည်း ရှိလာတယ်။ နောက်တချို့ဆို နောက်ဆုံးပေါ် လုံခြုံရေးစနစ်တွေကို



လုံခြုံရေးအကာအရံများက လူအများစုအခွင့်အရေးကို မထိပါးသင့်ပေ

ဂုဏ်သိက္ခာတစ်ခုအနေနဲ့ တပ်တာမျိုးတောင်ရှိလာတယ်။ ခြံတံခါးကို ရီမုတ်နဲ့ဖွင့်တာမျိုးပေါ့"ဟု ၎င်းကဆိုသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အစိုးရက တံခါးဖွင့်စီးပွားရေးမူဝါဒကျင့်သုံးသည့်အခါတွင် သိန်းပေါင်း၊ သန်းပေါင်းချီ၍ ရင်းနှီးမြှုပ်နှံလာကြရာ၌ အချို့မှာ ကုန်ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် အကျိုးအမြတ်များရမည်ဟုသာ ထင်ကြကြောင်း၊ လုံခြုံမှုမရှိခြင်း၊ လုံခြုံရေးကို အလေးမထားခြင်းကြောင့် လေလွင့်ဆုံးရှုံးကြရခြင်းကိုမူ သတိမထားမိကြကြောင်း အင်းဝလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းမှ အကြီးအကဲတစ်ဦးဖြစ်သူ ဗိုလ်မှူးမြင့်အောင်က ပြောကြားသည်။

"အရင်တုန်းကတော့ လုံခြုံရေးဆိုတာ ဒရဝမ်အဆင့်ပဲရှိတယ်။ အပေါက်ကလေးမှာ စောင့်လိုက်မယ်၊ တံခါးကို ဖွင့်ပေးလိုက်မယ်၊ ပိတ်ပေးလိုက်မယ်၊ ဒီလောက်ပဲရှိတယ်" ယခင် ၂၀ ရာစုနှစ်အကုန်ပိုင်းလောက်ထိ လုံခြုံရေး၏အနေအထားကို ၎င်းကဆိုသည်။

ဆိုးရွားသည့်အဖြစ်အပျက်များနှင့် အစွန်းရောက်မှုများမရှိပါက လုံခြုံရေးဆိုသည်ကို လူများ ဂရုပြုမိမည်မဟုတ်ကြောင်းလည်း



ကုန်ကျစရိတ်မှာ လုံခြုံရေးပုံစံနှင့်နေရာအလိုက်ကွာခြားသည်

၎င်းကဆိုသည်။

## အစွန်းတစ်ဖက်က လုံခြုံရေး

နာမည်ကြီး အိန္ဒိယရုပ်ရှင်သရုပ်ဆောင် တစ်ဦးဖြစ်သူ ရှရွတ်ခန် ခေါင်းဆောင်ပါဝင်သည့် My Name Is Khan ဇာတ်ကား ရန်ကုန်မြို့လယ်ခေါင်ရှိ ရှေ့ဆောင်ရုပ်ရှင်ရုံတွင် ရုံတင်ပြသထားသည်။ ၉/၁၁ နောက်ပိုင်းတွင် မွတ်ဆလင်ဆိုလျှင် ဖြူဖြူ မည်းမည်း စစ်ဆေးရန် မူဝါဒထုတ်ထားဟန်တူသော အမေရိကရောက် မွတ်ဆလင်တစ်ယောက်အကြောင်း တင်ပြရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းဇာတ်ကား၏ အဓိကဒိုင်ယာလော့ခ်ဖြစ်သော 'My name is Khan and I'm not terrorist' ဆိုသည်မှာ အစွန်းတစ်ဖက်သို့ရောက်သွားသော လုံခြုံရေး၏ ပြယုဂ်သည် ဖိနှိပ်မှုတစ်ခုအဖြစ် ရောက်ရှိလာခြင်းကို ပီပြင်စွာဖော်ပြနိုင်ပေသည်။

လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရမည်မှန်သော်လည်း လက်

www.foreverspace.com.mm



တွေ့ကျ၍ မှုတသည့်ထားရှိမှုမျိုးဖြစ်ရန် လိုပေသည်။

လုံခြုံရေးကာကွယ်မှုများ ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံရှိ ပြည်ပသံရုံးအချို့သို့ ပညာရေးကိစ္စဖြင့် သွားရောက်သူတစ်ဦးကလည်း "သံရုံးအချို့တွေကတော့ လုံခြုံရေးကို တင်းတင်းကျပ်ကျပ်ကို ဂရုစိုက်ကြတယ်။ Electronic ပစ္စည်းမှန်သမျှ ဘယ်ပစ္စည်းကိုမှ ပေးယူခွင့်မပြုဘူး။ MP3, MP4 ၊ ကင်မရာ အကုန်လုံး ဘာမှ ယူမသွားရဘူး" ဟု ၎င်းအတွေ့အကြုံကို ပြောပြသည်။

ရန်ကုန်မြို့တော်တွင် အမေရိကန်သံရုံး၊ ပြန်ကြားရေးဌာနက ဖွင့်လှစ်ထားသော စာကြည့်တိုက်သို့ သွားရောက်လေ့ရှိသူအချို့လည်း ၎င်းတို့ကို စာအုပ်နှင့် ဘောလ်ပင်သာ အထဲသို့ယူဆောင်ခွင့်ပေးကြောင်း ၎င်းတို့၏ အတွေ့အကြုံကို ပြောပြသည်။

ယင်းမှာ မြန်မာနိုင်ငံသို့ ပြည်ပမှလာရောက်ဖွင့်လှစ်သည့် သံရုံးတိုင်း မဟုတ်ဘဲ သံရုံးအချို့မှာမှ သာမန်စစ်ဆေးမှုသာရှိပြီး စစ်ဆေးသည်ဆိုရုံသာစစ်ဆေးမှုရှိကြောင်း အတွေ့အကြုံရှိသူ တစ်ဦးကလည်း ထပ်မံပြောပြသည်။




လူနာတင်ယာဉ်များ အချိန်မီရောက်ရှိလာရန်လိုအပ်သည်

အဆိုပါလုံခြုံရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူတစ်ဦးက "လုံခြုံရေးအနေနဲ့ကတော့ ဟိုတယ်တွေအနေနဲ့ ဂရုစိုက်လေ ကောင်းလေပါပဲ။ ဂရုစိုက်တယ်ဆိုတာက Customer တွေအတွက် ဖြစ်နိုင်ခြေ လျော့ကျသွားမှာပေါ့။ ဒါပေမဲ့ ဂရုစိုက်တာက လိုအပ်တာထက်ပိုသွားရင်လည်း အဲဒါက Services မဖြစ်တော့ဘဲနဲ့ အနှောင့်အယှက်ဖြစ်သွားစေတယ်" ဟု ၎င်း၏အမြင်ကိုပြောပြသည်။


ဟိုတယ်ဆိုသည်မှာ ဝန်ဆောင်မှုကို ရောင်းချနေခြင်းသာဖြစ်ကြောင်းနှင့် လိုအပ်တာထက်ပိုသည်ဆိုခြင်းမှာ ယနေ့ ပြည်ပနိုင်ငံအတော်များများရှိ လေဆိပ်အချို့တွင် ဖိနပ်ချွတ်ပေးရခြင်း၊ ခါးပတ်၊ ကုတ်အင်္ကျီချွတ်ပေးရခြင်းတို့အထိ လုံခြုံရေးအတွက် စစ်ဆေးမှုများကို ဆောင်ရွက်လာကြရာ အချို့မှာ မကျေမနပ်တိုင်တန်းတတ်ကြ၍ ပြဿနာများဖြစ်ပေါ်သည်တို့လည်းရှိလာကြောင်း အစွန်းတစ်ဖက်ရောက်သွားသည့် လုံခြုံရေးအကြောင်းကို ၎င်းက ရှင်းပြသည်။



အသက် ၃၀ ကျော်အရွယ် ဝန်ထမ်းအမျိုးသားတစ်ဦးကလည်း လုံခြုံရေးကို အစိုးရိမ်ကြီးစွာဖြင့် မတုံ့ပြန်စေလိုဘဲ တည်တည်ငြိမ်ငြိမ်ဖြင့် လုပ်ရိုးလုပ်စဉ်များအပေါ်တွင်သာ လုပ်ဆောင်သွားစေလိုကြောင်းနှင့် လုံခြုံရေးဟူသည် ပညာပေး၊ သတိပေးပြီးလုပ်ဆောင်ခြင်းက ကောင်းမွန်ပြီး လိုအပ်သည်ထက် ပိုမိုကျော်လွန်သွားပါက မကောင်းကြောင်း လူသားတစ်ဦး၏ အခြေခံလွတ်လပ်မှုကိုပါ သွား၍ထိခိုက်စေနိုင်ကြောင်း ၎င်း၏အမြင်ကို ပြောပြသည်။

ထို့အတူ လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီမှ သင်တန်းနည်းပြဆရာတစ်ဦးကလည်း "လုံခြုံရေးဝန်ထမ်းတစ်ဦးအနေနဲ့ လူတိုင်းကို မသမာမှုလုပ်သူဆိုတဲ့အမြင်မျိုးနဲ့ ကြည့်လို့မရဘူး၊ လေးလေးစားစားနဲ့ကြိုဆိုရမယ်" ဟု ၎င်းတို့လုပ်ငန်းသဘာဝကို ပြောပြသည်။

လုံခြုံရေးသတိအနေဖြင့်မှု ယခင်က ရှာဖွေခြင်းအပေါ် မယုံသင်္ကာစိတ်ဖြင့်အကြည့်ခံရသည့်အနေအထားဖြင့် လက်မခံနိုင်ကြကြောင်း၊ ယခုအချိန်တွင်မူ ရှာဖွေမှုအပေါ် ကြည်ဖြူစွာ လက်ခံလာကြကြောင်းနှင့် စက်ရုံအချို့တွင် လုပ်ငန်းပိုင်ရှင်များကိုယ်တိုင်ကပါ ကြည်ဖြူစွာ စစ်ဆေးခံမှုခံယူလာကြသည်ကို တွေ့ရကြောင်း ၎င်းတို့၏ အတွေ့အကြုံအရ လုံခြုံရေးအပေါ်ထားရှိသည့် သဘောထားများကို ပြောပြ




နိုင်ငံအလိုက်လုံခြုံရေးလိုအပ်ချက်ကြောင့် သေဆုံးသူဦးရေပြဇယား

www.foreverspace.com.mm

သည်။

နှစ်သစ်ကူးကာလ အကြမ်းဖက်လုပ်ရပ်ကြောင့် တိုက်ရိုက်ထိခိုက်သွားနိုင်ဖွယ်ရှိသော ဟိုတယ်စီးပွားရေးလုပ်ငန်းများအနေဖြင့် လာရောက်သည့် ခရီးသည်များကို ယခင်ကထက်ပိုသည့် လုံခြုံရေးဆိုင်ရာဝန်ဆောင်မှုများကိုပေးသွားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်အသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## အကျိုးနဲ့အကြောင်း

အကြမ်းဖက်ခြင်းသည် အလိုမကျခြင်း၊ မကျေနပ်ခြင်း၊ ဒေါသထွက်ခြင်း၊ မနာလိုခြင်း၊ မုန်းတီးခြင်း၊ အထင်လွဲခြင်း၊ သဘောမတူခြင်း၊ ဆန့်ကျင်ခြင်း၊ ရန်လိုခြင်းတို့ကို အပြုအမူအားဖြင့် ဖော်ပြခြင်းဖြစ်သည့်အပြင် အားငယ်ခြင်း၊ သိမ်ငယ်ခြင်း၊ ကြောက်စိတ်လွန်ခြင်းတို့မှ ထွက်ပေါ်လာသော ရက်စက်ကြမ်းကြုတ်မှုတစ်ခုလည်းဖြစ်သည်ဟု စိတ်ပညာရှင်တို့ကဆိုသည်။ အကြမ်းဖက်မှုတို့ ဖြစ်ပေါ်ရခြင်းတို့ ဆန်းစစ်ကြည့်ပါက အထင်သေး၊ အမြင်သေးဆက်ဆံခံရခြင်းနှင့် ဖိနှိပ်ခြင်းတို့ကို မခံချင်ဖြစ်ရာမှ အကြမ်းဖက်စိတ်ဝင်လာတတ်သကဲ့သို့ ဩဇာ၊ အာဏာ၊ ရာထူး၊ စည်းစိမ်ဥစ္စာတို့ စွန့်လွှတ်ရမည်စိုး၍ ကြောက်စိတ်လွန်ကာ အကြမ်းဖက်လာသည်ကိုလည်း တွေ့ရသည်။ ထိုအချက်ကိုကြည့်ပါလျှင် အကြမ်းဖက်မှုများဖြစ်ပေါ်လာစေသည့် တစ်နည်းအားဖြင့် အကြမ်းဖက်ရန် စေ့ဆော်သော အကြောင်းတရားပေါင်းများစွာရှိနေပြီး ထိုအကြောင်းတို့အားပြုကာ အကျိုးတရားအဖြစ် အကြမ်းဖက်ဖြစ်စဉ်တို့ ပေါ်ပေါက်နေခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အပြစ်မဲ့လူအများစုကို ထိခိုက်စေသည့် အကြမ်းဖက်မှုအကျိုးတရားများ ထပ်မံမပေါ်ပေါက်ရန်၊ လျော့နည်းသွားစေရန် စေ့ဆော်ပေးသည့်အကြောင်းတရားများကို နိုင်ငံသားအားလုံး၊ လူသားအားလုံး လျှော့ချဖြတ်တောက်ပစ်ရမည်ဖြစ်သည်။

> **အကြမ်းဖက်မှုတို့ ဖြစ်ပေါ်ရခြင်းတို့ ဆန်းစစ်ကြည့်ပါက အထင်သေး၊ အမြင်သေးဆက်ဆံခံရခြင်းနှင့် ဖိနှိပ်ခြင်းတို့ကို မခံချင်ဖြစ်ရာမှ အကြမ်းဖက်စိတ်ဝင်လာတတ်သကဲ့သို့ ဩဇာ၊ အာဏာ၊ ရာထူး၊ စည်းစိမ်ဥစ္စာတို့ စွန့်လွှတ်ရမည်စိုး၍ ကြောက်စိတ်လွန်ကာ အကြမ်းဖက်လာသည်ကိုလည်း တွေ့ရသည်။**

အကြမ်းဖက်မှုများသည် ကမ္ဘာ့နေရာအသီးသီးတွင် အကြောင်းပြချက်အမျိုးမျိုးနှင့် ဖြစ်ပွားနေခဲ့ကြသည်။ အကြမ်းဖက်လုပ်ရပ်များမှုများကို လျော့ကျစေရန် မြန်မာပြည်သူပြည်သားများအပါအဝင် ကမ္ဘာနှင့်တစ်ဝန်း ငြိမ်းချမ်းရေးလိုလားသူတိုင်းက မျှော်လင့်လျက်ရှိပေသည်။

၎င်းတို့၏ မျှော်လင့်ချက်ကို အဓိကဖြည့်ဆည်းနိုင်စွမ်းရှိသူများမှာ သက်ဆိုင်ရာနိုင်ငံအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ကူညီကြမည့် ပြည်သူလူထုကိုယ်တိုင်ပင်သာဖြစ်သည်။

စစ်မှန်သောလုံခြုံမှုဆိုသည်မှာ ငြိမ်းချမ်းသည့်အခြေအနေပင်ဖြစ်ပြီး ငြိမ်းချမ်းရေးရရှိရန်မှာလည်း အကြမ်းမဖက် ငြိမ်းချမ်းသောလုပ်နည်းလုပ်ဟန်များနှင့်သာ ရယူပိုင်ဆိုင်နိုင်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ယနေ့လူအများစုမှာ စားဝတ်နေရေးတွင် တစ်ခုဖြစ်သော လုံခြုံစွာနေထိုင်နိုင်ရေးအတွက် အသုံးစရိတ်များတွင် ထည့်သွင်းတွက်ချက်၍ ပိုမိုအသုံးပြုလာကြရာ လုံခြုံရေးအတွက် တံတိုင်းမြင့်မြင့်ကာရလေလေ အသုံးစရိတ်ပိုမိုထည့်ဝင်ရလေလေဖြစ်လာရပေသည်။

**ဇာလီကျော်**



မြို့ပြဖွံ့ဖြိုးလာလေလေ လုံခြုံရေးအစီအမံ လိုအပ်လာလေလေဖြစ်သည်

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၆(၃၀) လုံခြုံရေးအတွက် စီမံခန့်ခွဲခြင်း (Security Management)
၁၂ အရေးပေါ်တုံ့ပြန်မှု စီမံခန့်ခွဲခြင်း (Emergency Response Management)
၁၆ အလုံးစုံအရည်အသွေး စီမံခန့်ခွဲခြင်း (Total Quality Management)

# လုံခြုံရေးအတွက် စီမံခန့်ခွဲခြင်း

## (SECURITY MANAGEMENT)

သုတေသနပြုလုပ်ရေးသားသူ - နိုင်ငံတကာရေကြောင်းဥပဒေ ပါမောက္ခဦးကျော်ညွှန့်(ငြိမ်း)
ဒါလီယံကမ္ဘာ့ရေကြောင်းတက္ကသိုလ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (I.M.O ဌာနခွဲ)

ယနေ့ကမ္ဘာပေါ်တွင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စက်မှုလုပ်ငန်းမှန်သမျှသည် လုံခြုံစိတ်ချရမှုမရှိတော့ဘဲ အကြမ်းဖက်တိုက်ခိုက်မှုအမျိုးမျိုးအဖုံဖုံကို မမျှော်လင့်ဘဲ ကြုံဆုံရင်ဆိုင်နေကြရပြီဖြစ်ပေသည်။ ကျောင်းများ၊ ဆေးရုံများ၊ လုပ်ငန်းခွင်ဌာနမျိုးစုံ၊ စက်ရုံအလုပ်ရုံများ၊ သင်တန်းကျောင်းအဆောက်အအုံများ၊ ရေပေးဝေဖြန့်ဖြူးရေးစနစ်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးစနစ်၊ ရေဆိပ်၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာရုံ၊ ကားဆိပ်၊ အဏုမြူဓာတ်ပေါင်းဖို၊ ဗဟိုကြေးနန်းဆက်သွယ်ရေးနှင့် ဂြိုဟ်တုဆက်သွယ်ရေးစခန်းများ၊ သုတေသနဌာနများပါမကျန် လုံခြုံရေးပြဿနာရပ်မျိုးစုံနှင့် ကမ္ဘာအရပ်ရပ်တွင်ကြုံဆုံရင်ဆိုင်ဖြေရှင်းနေကြရဆဲဖြစ်ပေသည်။



www.foreverspace.com.mm




ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့၏ မှားယွင်းသော နိုင်ငံရေးမူဝါဒများကြောင့် ကမ္ဘာ့လုံခြုံရေးကြီးတစ်ရပ်လုံး ထိခိုက်ပျက်ပြားလာခဲ့ရသည်များရှိသလို အယူဝါဒစွဲ ပြင်းပြရာမှ အသွင်မတူသူများ၊ အမြင်ချင်းမတူညီသည့်သူများနှင့် ပဋိပက္ခများ ဖြစ်ပွားပေါ်ပေါက်လာကာ အကြမ်းဖက်တိုက်ခိုက်မှုများဆီသို့ ဦးတည်သွားခြင်းမျိုးလည်း ရှိလာတတ်ပါသည်။

## စက်ရုံ၊ အလုပ်ရုံများ၏ လုံခြုံရေးအတွက် စီမံခန့်ခွဲခြင်း

စက်ရုံ၊ အလုပ်ရုံများသည် ယခုခေတ်အခါသမယတွင် အကြမ်းဖက်တိုက်ခိုက်သူများ၊ သောင်းကျန်းသူများ၏ ဖျက်ဆီးခံပစ်မှတ်များဘဝသို့ ပြောင်းလဲရောက်ရှိလာခဲ့ကြပြီဖြစ်လေသည်။ ထို့အပြင် စက်ယန္တရားအစိတ်အပိုင်းများကိုသာမကတော့ဘဲ စက်ရုံ အလုပ်ရုံများရှိ ဝန်ထမ်းလုပ်သားများ၏ အသက်အန္တရာယ်ကိုပါ အားလုံးက တာဝန်ယူစောင့်ရှောက်ပေးလာကြရပြီ ဖြစ်၏။

ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံလုံခြုံရေး ဆိုင်ရာ သီးခြားလုံခြုံရေးဌာနခွဲများ ထူထောင်ပေးခဲ့ကြရပြီး စစ်မှုထမ်း၊ ရဲအမှုထမ်းဟောင်းများကိုစုစည်းကာ လုံခြုံရေးဝန်ထမ်းအဖွဲ့များကို စက်ရုံ၊ အလုပ်ရုံများ၏ အကြီး၊ အသေး အရွယ်အစားအလိုက် လူဦးရေအမျိုးအစားနှင့် လုပ်ငန်းသဘာဝအလိုက် အင်အားစုစည်းကာ ထူထောင်ကာကွယ်ပေးနေကြရခြင်းဖြစ်၏။ စက်ရုံ၊ အလုပ်ရုံလုံခြုံရေး ဝန်ထမ်းများကို ရှေးဦးသူနာပြုစုရေး၊ အရေးပေါ် အသက်ကယ်ဆယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် သူခိုး၊ ဓားပြများ၏ရန်မှ ခုခံကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုပြင်ထိရောက်စွာ လုပ်ဆောင်နိုင်ကြစေရန် အထူးကျွမ်းကျင်မှုသင်တန်းများကို အထူးကျွမ်းကျင်သူ သင်တန်းဆရာများ၏ကြီးကြပ်ကွပ်ကဲ လေ့ကျင့်သင်ကြားပေးမှုများအောက်တွင် သင်ကြားပို့ချပြီးမှသာ လုပ်ငန်းခွင်များတွင် လိုအပ်သလို တာဝန်အသီးသီးခွဲဝေချထားကာ တာဝန်ထမ်းဆောင်စေကြရပါသည်။

မန်နေဂျာများက လုံခြုံရေးဆိုင်ရာ အထူးအချက်ပေးကိရိယာများ (Modern Security Scientific Gadgetry) ကို ကောင်းစွာနားလည်သဘောပေါက်ပြီး လက်တွေ့အသုံးချတတ်ရန်ကိုပါ စဉ်ဆက်မပြတ် လေ့လာဆည်းပူးသင်ကြားနေကြရပြီဖြစ်လေ၏။ ယခုခေတ်တွင် လုံခြုံရေးဆိုင်ရာအစီအမံများကို ကြိုတင်စီစဉ်မဆောင်ရွက်တတ်လျှင် မန်နေဂျာရာထူးတွင် တာဝန်ထမ်းဆောင်၍ ပင်မရနိုင်တော့သည့်အခြေအနေမျိုးများ ပေါ်ပေါက်လျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံများ၏ လုံခြုံဘေးကင်းစေရေးလုပ်ငန်းအတွက် စက်ရုံ၊ အလုပ်ရုံများ၏ လုပ်သားဝန်ထမ်းများအားလုံးအပေါ်တွင်လည်း မိမိတို့၏ကျွမ်းကျင်မှုနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီး ကိုယ်စီကိုယ်င တာဝန်ရှိလာကြပြီ ဖြစ်၏။ အကြောင်းမှာ ကမ္ဘာတစ်လွှားရှိ အကြမ်းဖက်တိုက်ခိုက်သူများသည် အဆင့်မြင့်နည်းပညာရပ်များ၊ ကွန်ပျူတာသတင်းနည်းပညာနှင့် အဆင့်မြင့်အီလက်ထရွန်နစ်နည်းပညာရပ်များ၊ ဆက်သွယ်ရေးနည်းပညာရပ်များ၊ လက်နက်နှင့် ဖောက်ခွဲရေး နည်းစနစ်မျိုးစုံကို ကောင်းစွာကျွမ်းကျင် တတ်မြောက်ကြသော ပညာတတ်တိုက်ခိုက်ရေးသမားများဖြစ်လာကြသောကြောင့်ပင် ဖြစ်လေသည်။

ထိုသူများ၏ အန္တရာယ်မှ ကြိုတင်ကာကွယ်ရန် စက်ရုံဝန်ထမ်းများကို အထူးတလည် လေ့ကျင့်သင်ကြားပေးထားရန်လို အပ်လာပါသည်။ ဈေးကြီးပေးဝယ်ရသော်လည်း မရှိမဖြစ်လိုအပ်လာသော ခေတ်မီလုံခြုံရေးကြိုတင်အချက်ပြအီလက်ထရွန်နစ် စနစ်များ၊ အဆင့်မြင့်နည်းပညာသုံး အန္တရာယ်အချက်ပြကိရိယာများကို စက်ရုံ၊ အလုပ်ရုံနှင့် ရုံးဌာနများက ဘတ်ဂျက်ငွေ အကုန်ခံကာ ဝယ်ယူတပ်ဆင်နေကြရပြီဖြစ်သည်။

## လိုအပ်သော လုံခြုံရေးဝန်ထမ်းအင်အားကို လုံလောက်စွာ ဖြည့်တင်းခန့်ထားရန်လိုအပ်လာခြင်းကိစ္စ

ခေတ်မီလုံခြုံရေးကိရိယာများကို ပိုင်နိုင်စွာကိုင်တွယ်ကြည့်ရှုစစ်ဆေးတတ်သော လုံခြုံရေးဝန်ထမ်းများကို လုပ်ငန်းခွင်များတွင် ၂၄ နာရီလုံးလုံး အချိန်ပြည့်တာဝန် ချပေးရမည့်အခြေအနေများ ၂၁ ရာစုတွင် ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်များအတွင်းသို့ လူနှင့်ပစ္စည်း အဝင်အထွက်ကို ဂရုတစိုက်စောင့်ကြည့်စစ် ဆေးရန်အတွက်ဖြစ်သည်။ ဂိတ်ပေါက်တစ်ခုတည်းမှ စောင့်ကြည့်ရန်မလုံလောက်တော့ဘဲ လုပ်ငန်းခွင်တစ်ခု

www.foreverspace.com.mm

လုံးရှိ လုံခြုံရေးအရ ထိခိုက်လွယ်သော နေရာများအားလုံးကို လှည့်လည်စစ်ဆေးကာ ပုံမှန်ကင်းလှည့်စောင့်ကြည့်ရန် လိုအပ်လာပြီဖြစ်သည်။

ကုန်ထုတ်လုပ်မှုယန္တရားများ၊ ဂိုဒေါင်များ၊ ကုန်ကြမ်းပစ္စည်းသိုလှောင်ရုံများပါမကျန် လှည့်လည်စောင့်ကြပ်ကြည့်ရှု စစ်ဆေးပေးကြရ၏။ ၁၉၁၄ ခုနှစ်မှစတင်၍ အမေရိကန်နိုင်ငံတွင် မီးရထားတွဲများနှင့် မီးရထားလမ်းခရီးစဉ်များ လုံခြုံစိတ်ချရစေရေးအတွက် မီးရထားရဲအဖွဲ့ကို စတင်ထူထောင်ခဲ့ကြရ၏။

ယခုအခါ လေဆာရောင်ခြည်တန်းများ၊ အဆင့်မြင့်နည်းပညာသုံး အီလက်ထရွန်နစ်စောင့်ကြပ်ကြည့်ရှု စိစစ်ရေးကိရိယာများ၊ ကွန်ပျူတာများကို ဆက်စပ်ပေါင်းစည်း၍ အသုံးပြုကာ အဆင့်မြင့်လုပ်ငန်းခွင်လုံခြုံမှုစောင့်ကြည့်ရေးကိရိယာများကို တွင်ကျယ်စွာထုတ်လုပ်အသုံးပြုလာနေကြသည်ကို တွေ့နေကြရပြီဖြစ်၏။

လုံခြုံရေးဝန်ထမ်းများသည် ခေတ်မီ ဆက်သွယ်ရေးကိရိယာများကို အသုံးပြုကာ အချင်းချင်းပုံမှန်ဆက်သွယ်၍ သတင်းပို့ရ၏။ လုပ်ငန်းတစ်ခုလုံး၏ လက်ငင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို အသေးစိတ်သိထားရန်ဖြစ်ပြီး လိုအပ်သောနေရာတိုင်းတွင် လျှပ်စစ်မီးများကို တစ်ညလုံးထွန်းညှိကာ စောင့်ကြည့်ကြရ၏။

## လုပ်ငန်းခွင်လုံခြုံရေးအတွက် စီမံကိန်း ရေးဆွဲထားရန်လိုခြင်း (Necessity of Security Plan For workplace)

မည်သည့်လုံခြုံရေးပြဿနာမျိုး ပေါ် ပေါက်လာပါက မည်ကဲ့သို့ ချက်ချင်းတုံ့ပြန် လုပ်ဆောင်ကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် အသေးစိတ်အစီအစဉ်များကို လုံခြုံ ရေးမန်နေဂျာ (Security Manager) များက ကြိုတင်စဉ်းစားကာ အသေးစိတ်ပြင်ဆင်ရေးသားထားကြရန် အထူးလိုအပ်လာ ကြောင်း လေ့လာတွေ့ရှိရ၏။

အထူးသဖြင့် လုပ်ငန်းခွင်တွင် အရေးပေါ်မီးငြိမ်းသတ်ရေးကိစ္စများကို အထူးဂရုစိုက်ကာ ကြိုတင်၍ အသေးစိတ်စီမံကိန်းများရေးဆွဲပြီး မည်သည့်ဝန်ထမ်းက မည်သည့်တာဝန်ကိုယူကြရမည်ဖြစ်ကြောင်းကိုပါ အသေးစိတ်ညွှန်ကြားချက်ထုတ်ပြန်ကြရသည်။

ဝင်းထရံများ လုံခြုံကြံ့ခိုင်မှု၊ သော့များခံနိုင်ရည်ရှိမှု၊ ပိုက်များကွဲအက်ပေါက်ပြဲနေခြင်းရှိ၊ မရှိ စသည့် အသေးစိတ်စစ်ဆေးမှုများကိုပါ အမြဲမပြတ် ပုံမှန်ပြုလုပ်ပေးရန် လုံခြုံရေးဌာနဝန်ထမ်းများအားလုံးတွင် တာဝန်အသီးသီးရှိကြသည်။

လုံခြုံရေးအရာရှိနှင့် ဝန်ထမ်းများသည် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် လုံခြုံရေးဆိုင်ရာပြဿနာရပ်မျိုးစုံကို ကြိုတင်ခံစားသိမြင်နိုင်သည့် (Foresight and Vision) ရှိရန် အထူးလို



www.foreverspace.com.mm





အပ်ပါသည်။ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်စွမ်း (Ability for Preventive Security) လည်းရှိထားရန် လိုပေသည်။

မိမိကြိုတင်ပြင်ဆင်စီမံရေးဆွဲထားသောအစီအစဉ်ကို အောင်မြင်စွာအသုံးမချနိုင်ပါက အခြားနည်းလမ်းတစ်ရပ်ကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် အစားထိုးနိုင်မည့် စီမံကိန်းတစ်ရပ်သို့မဟုတ် စီမံကိန်းများကို ကြိုတင်ပြင်ဆင်ရေးဆွဲထားနိုင်စွမ်းလည်းရှိထားရန် လိုအပ်ပါသည်။

လုံခြုံရေးအရာရှိများက မိမိလက်အောက်ရှိ လုံခြုံရေးအစောင့်များနှင့် ဝန်ထမ်းများကို လုံခြုံရေးဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများကို အစဉ်တစိုက်ပြုလုပ်လေ့ကျင့်သင်ကြားပေးရန်လည်း အထူးတလည် တာဝန်ရှိနေသည်ကို သတိပြုရမည်ဖြစ်၏။

လုပ်ငန်းအပေါ်တွင် အမြဲတမ်းသစ္စာရှိပြီး နိုးနိုးကြားကြားနှင့် တက်တက်ကြွကြွ တာဝန်ထမ်းဆောင်နေကြစေရန် အမြဲတမ်း မိမိ၏ဝန်ထမ်းများကို လှုံ့ဆော်ကာ စိတ်ဓာတ်မြှင့်တင်ပေးရန်ကိုလည်း မမေ့အပ်ပေ။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လုံခြုံရေးဆိုင်ရာဝန်ထမ်းများကို လစာလုံလောက်စွာပေးကမ်းချီးမြှင့်ပေးထားကြခြင်း ဖြစ်လေသည်။

လုံခြုံရေးအရာရှိများက လုံခြုံရေးဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုနှင့် လုပ်ရည်ကိုင်ရည်များကို မကြာခဏ အကဲဖြတ်သုံးသပ်မှု (Evaluation) လုပ်ပေးရန်လည်း အထူးတာဝန်ရှိကြသေး၏။

မိမိ၏ဝန်ထမ်းများအကြား စည်းလုံးညီညွတ်စွာ ပေါင်းစည်းလုပ်ကိုင်တတ်မှု (Cohe-siveness) ရှိစေရန် လမ်းညွှန်ဦးဆောင်မှုပြုနိုင်စွမ်းလည်းရှိထားရန် မလွဲမသွေလိုအပ်သေးသည်။ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး (Welfare Measures) များကိုလည်း ပြုလုပ်ဖြည့်ဆည်းပေးမှ ဝန်ထမ်းများ တက်ကြွနိုးကြားစွာအလုပ်လုပ်ကြမည်ဖြစ်ကြောင်း အမြဲနှလုံးသွင်းထားကြရ၏။

လုပ်ငန်းခွင်၏ လုံခြုံရေးနှင့်ပတ်သက်သမျှသော သတင်းဟူသရွေ့ကို အမြဲတမ်းလေ့လာဆည်းပူး သတင်းယူနေရန်လည်း တာဝန်ရှိပါသေးသည်။

ထို့အပြင် လုံခြုံရေးဆိုင်ရာ မည်သည့်သတင်း အစအနကိုမျှ မဆိုင်သူများထံ မပေါက်ကြားသွားစေရန် အထူးဂရုပြုရမည်။ လုပ်ငန်းနှင့်ပတ်သက်သမျှသော သတင်းအချက်အလက်ဟူသမျှတို့ကို မှတ်တမ်းတင်ထားရပါမည်။ မိမိတာဝန်ကျရာနေရာကို နောက်တစ်ဦးထံ လွှဲပေးခြင်းမပြုဘဲ ထသွား၍မရပါ။

## လုပ်ငန်းခွင်၏ သတင်းအချက်အလက်များ လုံခြုံမှုရှိအောင် ထိန်းသိမ်းခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၏ လုံခြုံမှုများ ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်များ

လုပ်ငန်းခွင်သို့ ဝင်ထွက်သွားလာသူ မှန်သမျှကို မိမိမည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့်ကတ်ပြားများ (Identity Cards) များကို အမြဲတမ်းရင်ဘတ်တွင်ဆွဲထားစေကာ လုပ်ငန်းခွင်အတွင်း၌ သွားလာလှုပ်ရှားခွင့်ပြုရမည်။ လုပ်ငန်းနှင့် မသက်ဆိုင်သူများ လုပ်ငန်းခွင်အတွင်း တစ်နည်းနည်းဖြင့် ထိုးဖောက်ရောက်ရှိလာပါက အရေးကြီးသောသတင်းအချက်အလက်များ၊ ဖိုင်တွဲများ၊ အရေးကြီးသောသတင်းအချက်အလက်များကို မှတ်တမ်းတင်ပေးထားသော ကွန်ပျူတာခတ်ပြား (Disc) များကို အမှတ်မထင် ခိုးယူခြင်းခံရနိုင်ခြေရှိပါသည်။ ကွန်ပျူတာ File များအားလုံးကို သီးခြား Password ခေါ် သင်္ကေတစကားဝှက်များသုံး၍ သော့ခတ်ထားသကဲ့သို့ File များကို သတင်းနည်းပညာများအရ ပိတ်ဆို့သော့ခတ်သိမ်းဆည်းထားရပါမည်။ ကွန်ပျူတာခန်းအဝင်ဝကို လေဆာရောင်ခြည်တန်းလွှတ်၍ ကာရံထားပြီး အပြင်လူဝင်လာပါက လေဆာရောင်ခြည်တန်းဖြတ်တောက်ခြင်းခံရကာ အချက်ပြခေါင်းလောင်းသံများထွက်ပေါ်လာသဖြင့် Intruder ခေါ် ပြင်ပမှ မလိုလားအပ်သူများ ခိုးဝှက်ရန်ဝင်ရောက် လာနေကြပြီဖြစ်ကြောင်း သဘောပေါက်နားလည်ရပါမည်။ ၎င်းကို 'Laser Beam Passing Alarm System' ဟု ခေါ်ပါသည်။

www.foreverspace.com.mm

ဝန်ထမ်းစိစစ်ရေးကတ်ပြားများအားလုံးတွင် ဝန်ထမ်းအသီးသီး၏ဓာတ်ပုံများကို ကပ်ပေးထားရမည်ဖြစ်၍ ဝန်ထမ်းအားလုံး၏ ကိုယ်ရေးရာဇဝင်နှင့် ပြစ်မှုပြစ်ချက် ကျူးလွန်ခဲ့ခြင်းရှိ၊ မရှိကိုပါ ချော့စွာစုံစမ်းစစ်ဆေးပြီး မှတ်တမ်းများ သီးခြားစီ ပြုလုပ်ထားရှိပေးထားရပါမည်။

လုပ်ငန်းခွင်အတွင်း တာဝန်အရ လာရောက်သော ပြင်ပပုဂ္ဂိုလ်ဧည့်သည်များကိုရော တာဝန်အရမဟုတ်သည့် ပြင်ပဧည့်သည်များစာရင်းကို နေ့စဉ်နှင့်အမျှ အချိန်နာရီဖြင့် အဝင်အထွက်ကို စနစ်တကျမှတ်တမ်းတင်၍ ထိန်းသိမ်းစောင့်ကြည့်ရန် လည်းလိုပါသေးသည်။

## တားမြစ်ကန့်သတ်ထားသော ဧရိယာနယ်မြေများအတွင်းသို့ တာဝန်ရှိသူများမှအပ မည်သူ့ကိုမျှ ဝင်ခွင့်မပြုရန်တားမြစ်ရမည့် တာဝန်

ဥပမာ–လုပ်ငန်း၏ ငွေကြေးများထားရှိရာအခန်း (Treasury Room)၊ လုပ်ငန်း၏ အရေးကြီးသော လျှို့ဝှက်စာရွက်စာတမ်းများထားရှိရာအခန်း (Confidential Record Room or Secret Documents Room) များအတွင်းသို့ တာဝန်ရှိသူများမှအပ ပြင်ပပုဂ္ဂိုလ်များကို လုံးဝ ဝင်ခွင့်မပြုရပါ။ စက်မှုဆိုင်ရာ ဒီဇိုင်းပုံစံများ၊ ပုံသေနည်း၊ ဖော်စပ်နည်း (Formula) များမှာ များသောအားဖြင့် ပြင်ပပုဂ္ဂိုလ်များက ရုံးလုပ်ငန်းဌာနများမှ အမှတ်မထင်ဝင်ရောက်လာကာ ကူးယူခြင်း၊ ခိုးယူသွားခြင်းများကို မကြာခဏ ပြုလုပ်ကျူးလွန်လေ့ရှိကြသောကြောင့်ပင် ဖြစ်လေသည်။ ထို့ကြောင့် ဧည့်သည်များ စတင်ဝင်ရောက်လာချိန်နှင့် ပြန်လည်ထွက်ခွာသွားချိန်များကို မှတ်တမ်းတင်ထားကြရခြင်းဖြစ်သည်။ မလိုအပ်ဘဲ ကြာရှည်စွာနေသွားသောဧည့်သည်မျိုးသည် ခိုးယူမှုများအတွက် မသင်္ကာဖွယ်ရာအကောင်းဆုံးသောသူများဖြစ်နေကြသောကြောင့်ပင်ဖြစ်၏။ ထို့ကြောင့် လုံခြုံရေးရာကိစ္စရပ်များအားလုံးအတွက် ဧည့်သည်မှတ်တမ်းများမှာ အလွန်အရေးကြီးသော စာတမ်းသက်သေခံများ (Documentary Evid-ences) များ ဖြစ်နေတတ်ကြ၏။

မျက်မှောက်ခေတ်တွင် လုပ်ငန်းအဆောက်အအုံအတွင်းသို့ ဝင်ရောက်လာသူမှန်သမျှကို လျှို့ဝှက်တပ်ဆင်ပေးထားကြသော ရုပ်မြင်သံကြားကင်မရာများက အဆက်မပြတ် ရိုက်ယူစောင့်ကြည့်ကာ မသင်္ကာဖွယ်ရာတွေ့ကြရပါက မှတ်တမ်းတင်ရိုက်ကူးထားကြရသည်။



www.foreverspace.com.mm



## ကာကွယ်ရေးနှင့်ပတ်သက်သော စက်မှုလုပ်ငန်းများ၏ သတင်းအချက်အလက်များကို အစွမ်းကုန်ကာကွယ်ပေးထားရန် လိုအပ်ခြင်းကိစ္စ

မျက်မှောက်ခေတ်တွင် နိုင်ငံအတော်များများသည် အခြားနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးဆိုင်ရာအစီအမံများ၊ ကာကွယ်ရေးဆိုင်ရာကြိုတင်စီမံဆောင်ရွက် စိုင်းပြင်းထားခြင်းများ၊ ကာကွယ်ရေးဆိုင်ရာ စစ်ပစ္စည်းများထုတ်လုပ်မည့် စီမံကိန်းများကို လိုက်လံစူးစမ်းထောက်လှမ်းဖော်ထုတ်ကာ မိမိအကျိုးစီးပွားအတွက် ကြိုတင်ကာကွယ်ထားနိုင်ရန်လုပ်ဆောင်လေ့ ရှိကြပါသည်။

ထို့ကြောင့် နိုင်ငံ၏ စစ်ရေးစက်မှု လုပ်ငန်းကဏ္ဍမျိုးစုံနှင့် တကွ၊ ဆက်သွယ်ရေး၊ အာကာသနှင့် ဂြိုဟ်တုထုတ်လုပ်ရေး သုတေသနလုပ်ငန်းများ၊ ဒုံးပျံနှင့် ဂျက်အင်ဂျင်၊ လေယာဉ်တည်ဆောက်မှုပုံစံဒီဇိုင်းများ၊ စစ်သင်္ဘော၊ စစ်သုံးရေယာဉ်နှင့် လက်နက်မျိုးစုံတို့၏ပုံစံဒီဇိုင်းများ၊ လက်နက်စနစ်အမျိုးမျိုးအတွက် သုတေသနစမ်းသပ်ပြုလုပ်ထားချက်ဆိုင်ရာမှတ်တမ်းများ၊ သုတေသနပြုလုပ်ရန် ရည်ရွယ်ထားသည့် စီမံကိန်းကြီးများ၊ လုပ်ငန်းစဉ်သဘောတရားများ၊ နည်းပညာရပ်များ၊ လူသားအရင်းအမြစ်အင်အားနှင့် လေ့ကျင့်ပျိုးထောင်ရန် စီမံပြုလုပ်ထားသော အစီအစဉ်များနှင့် စီမံကိန်းအမျိုးမျိုးတို့ကို ပြင်ပမှ မသက်ဆိုင်သူများ လုံးဝသိရှိနိုင်ခြင်းမရှိစေရန်အတွက် အထူးလုံခြုံစွာ သိုမှီးသိမ်းဆည်းပေးထားရန် အလွန်ပင်အရေးကြီးလှပေသည်။ ချုပ်ကလီးယား သုတေသနလုပ်ငန်းရပ်ဆိုင်ရာ စီမံကိန်းကြီးများ၊ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နှစ်ရှည်၊ နှစ်တို၊ နှစ်လတ် စီမံကိန်းကြီးများ၊ နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ရည်မှန်းချက်မူဝါဒများ၊ အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် နည်းဗျူဟာများနှင့် နည်းလမ်းများကိုလည်း သိုသိပ်စွာလျှို့ဝှက်ထားရန် အထူးပင်အရေးကြီးလှပါသေးသည်။

မိမိနိုင်ငံ၏ လူသူလက်နက်အင်အားနှင့် စွမ်းပကားများအကြောင်း၊ မိမိနိုင်ငံ၏ စီးပွားရေးဆိုင်ရာအားသာချက်များအကြောင်း၊ ကာကွယ်ရေးမဟာဗျူဟာနှင့် စီမံကိန်းကြီးများအကြောင်းကို ပြည်တွင်း ပြည်ပမှ သူလျှိုများက နည်းလမ်းမျိုးစုံသုံး၍ ရှာဖွေဖော်ထုတ်တတ်ကြသည်ဖြစ်ရာ မိမိဘက်မှ နည်းလမ်းမျိုးစုံသုံး၍ ကြိုတင်ကာကွယ်ပိတ်ဆို့ကာ လုံခြုံစိတ်ချစွာသိမ်းဆည်းထားရန် အစွမ်းကုန်ကြိုးပမ်းကြရပေလိမ့်မည်။

ထို့ကြောင့် အရေးကြီးသောသတင်းများနှင့် နီးစပ်ထိတွေ့နေရသူများကို သူစိမ်းများ၊ မယုံကြည်ထိုက်သူများ၊ နိုင်ငံခြားသားများ၊ သံတမန်များနှင့် ထိတွေ့ဆက်စပ်မှုမရှိအောင် အထူးဂရုပြု၍ ကာကွယ်စောင့် ကြပ်ကြည့်ရှုစစ်ဆေးပေးရန် လိုအပ်ပါသည်။

အချို့သံအရာရှိများသည် သိပ္ပံပညာရှင်များ၊ နိုင်ငံရေးလောကတွင် ထင်ပေါ်ကျော်ကြားသူများ၊ အထက်တန်းအရာရှိများ၊ တာဝန်ကြီးမားစွာထမ်းဆောင်နေကြရသော ပုဂ္ဂိုလ်ကြီးများကို ချဉ်းကပ်စည်းရုံး၍ အရေးကြီးပြီး အဖိုးတန်လှသော စစ်ရေး၊ နိုင်ငံရေး၊ ကာကွယ်ရေး၊ စီးပွားရေးဆိုင်ရာ သတင်းများကို မရအရနှိုက်ယူလေ့ရှိကြ၏။ ကွန်ပျူတာ Hacking စနစ်များသုံး၍လည်း အရေးကြီးသောလုပ်ငန်းဌာနများ၊ ရုံးများ၊ အရာရှိကြီးများ၏ ကွန်ပျူတာ File များကို ခိုးယူဖွင့်ကြည့်ကာ ကူးယူခိုးထုတ်ခြင်း နည်းများကိုလည်းသုံးလာကြသည်ကို တွေ့ရှိကြရ၏။

အချို့က ငွေကြေးလာဘ်လာဘပေး၍ မက်လုံးများ၊ ဆွဲဆောင်မှုများ၊ အခွင့်အလမ်းများပေးကာ စည်းရုံးဆွဲဆောင်၍ သတင်းရယူခြင်း စသည့် မသမာသောနည်းလမ်းမျိုးစုံတို့ကိုလည်း သုံးတတ်ကြသည်။ အထူးသဖြင့် စစ်ရေးပြင်ဆင်ထားရှိမှုများနှင့် စစ်အတွက် အသင့်ဖြစ်နေမှုဆိုင်ရာ အရေးကြီးသတင်းအချက်အလက်များ (Military Preparedness) များကို ရှာကြံဖော်ထုတ်တတ်ကြပါသည်။

အထူးသဖြင့် ထိပ်တန်းလျှို့ဝှက်ချက် များကို အထူးသဖြင့် လုံခြုံစွာ ကာကွယ်စောင့်ရှောက်ပေးထားရန် အထူးပင်လိုအပ်လှပါသည်။ လျှို့ဝှက်ဖိုင်တွဲများ၊ ဒီဇိုင်းပုံစံများ၊ မြေပုံကားချပ်များ၊ Floppy Discs များပါရှိ သော သေတ္တာများကို အလုံခြုံဆုံးသော နေရာများတွင် သိမ်းဆည်းထားရမည်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားပါက ဦးစွာယင်းသေတ္တာကို ရွှေ့ထုတ်ရမည် (Remove First in case of Fire) ဖြစ်ကြောင်း အထူးသတိပြုရန် လိုအပ်ပါသည်။

အရေးကြီးသော စာရွက်စာတမ်းများ၏ ကာဗွန်စက္ကူနှင့် အပိုမိတ္တူမှန်သမျှကို မီးရှို့ဖျက်ဆီးပစ်ရမည်ဖြစ်၏။ အရေးကြီးစာရွက်စာတမ်းများကို တာဝန်ရှိအရာရှိကြီးများက လက်မှတ်ရေးထိုးပြီး လွှဲအပ်ရယူခြင်း၊ ပြန်လည်အပ်နှံခြင်းများပြုလုပ်ရပါမည်။ အရေးကြီးစာရွက်စာတမ်းများကို စိတ်အချရဆုံးလက်နှိပ်စက်ရိုက်သူကသာ လုပ်ဆောင်ရမည်ဖြစ်ပြီး စိတ်အချရဆုံးသူမရှိပါက တာဝန်ရှိအရာရှိများကိုယ်တိုင် လက်နှိပ်စက်ရိုက်ကြရန် တာဝန်ယူကြရပါသည်။ လျှို့ဝှက်စာတမ်းများကို အစောင့်မရှိဘဲ စားပွဲပေါ်တွင် တင်မထားရပါ။

အိမ်သို့လည်း လျှို့ဝှက်စာရွက်စာတမ်းများကို ယူဆောင်သွားခွင့်မရှိပါ။ ကွန်ပျူတာအခန်းကို လုံခြုံသောစိတ်ချရသည့် သော့များ (Locks) များဖြင့် အမြဲတမ်းပိတ်ဆို့ထားရမည် ဖြစ်၏။ လျှို့ဝှက်စာရွက်စာတမ်းများနှင့်ပတ်သက်ပြီး မိတ္တူ မည်မျှကူးယူထားပြီး မည်သည့်နေရာတွင် သိမ်းဆည်းထားကြောင်း မှတ်တမ်းများထားရှိရပါသည်။ အပိုမိတ္တူများ လုံးဝကူးယူသိမ်းဆည်းထားခွင့်မရှိပါ။ လျှို့ဝှက်စာရွက်စာတမ်းများကို စာအိတ်အတွင်း လုံခြုံစွာ ချိပ်ပိတ်ပြီးမှ တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်သယ်ယူခွင့်ရှိပါသည်။

လျှို့ဝှက်စာရွက်စာတမ်းများ ထားသိုရာအခန်း၏ သော့ပျောက်လျှင် ချက်ချင်း လုံခြုံရေးဌာနသို့ သတင်းပေးအကြောင်း

www.foreverspace.com.mm

ကြွားကြရန် တာဝန်ကိုယ်စီရှိကြသည်။ စတိုခန်းများအတွင်း တာဝန်ရှိသူများမှအပ မည်သူ့ကိုမျှ ဝင်ခွင့်မပြုကြရပါ။ အီလက်ထရွန်နစ်ရင်ထိုးတံဆိပ်များ (Electronic coded bedge) ကို ဝင်ထွက်သူများ တပ်ဆင်ထားခြင်းဖြင့် ထွက်ပေါ်လာသောအချက်ပြ အီလက်ထရွန်နစ် (Signals) များကို ကွန်ပျူတာများက မှတ်သားပြီး ဝင်ချိန်/ ထွက်ချိန်ကို မှတ်တမ်းတင်ထားသဖြင့် လွယ်လွယ်ကူကူနှင့် မသမာမှုများကို ပြုလုပ်၍မရနိုင်ကြတော့ပါ။

## စာအိတ်ပုံးများကို ဖော်ထုတ်စစ်ဆေးပေးသည့်ကိရိယာ Letter Bomb detectors

ထိုကိရိယာသည် စာအိတ်အလုံး တစ်ရာကျော်ကို တစ်မိနစ်အတွင်း ဗုံးများထည့်သွင်းထားခြင်း ရှိ၊ မရှိ ဖော်ထုတ်ရှာဖွေစူးစမ်းစစ်ဆေးပေးနိုင်စွမ်းရှိပါသည်။ သတ္တုအပိုင်းအစများကို ထောက်လှမ်းမိသည်နှင့် ထိုကိရိယာက ကျယ်လောင်သောအချက်ပေးသံပြု၍ သတိပေးနှိုးဆော်ခြင်းပြုပေးပါသည်။ လျှပ်စစ်ပတ်လမ်းကြောင်းများနှင့် လျှပ်စစ်ခလုတ်မျိုးစုံကိုလည်း ယင်းကိရိယာက ဖော်ထုတ်စစ်ဆေးပေးနိုင်စွမ်းရှိပါသေးသည်။

## လက်ဆွဲအိတ်နှင့် သေတ္တာများတွင် ဗုံးများ ရှိ၊ မရှိ စစ်ဆေးပေးသည့်ကိရိယာ (Baggage Explosive Detector)

ပေါက်ကွဲပစ္စည်းများမှ ထုတ်လွှတ်လေ့ရှိသော အခိုးအငွေ့များနှင့် အမှုန့်များ၊ အနံ့အသက်များကို ချက်ချင်းထောက်လှမ်းသိရှိကာ ဖော်ထုတ်ပြသပေးနိုင်စွမ်းရှိသော အီလက်ထရွန်နစ်နည်းပညာသုံးကိရိယာတစ်မျိုးပင်ဖြစ်၏။ ယမ်းနံ့၊ ယမ်းမှုန့်နှင့် ပေါက်ကွဲစေသော ပစ္စည်းအစအနများကို အာရုံခံမိသည်နှင့်တစ်ပြိုင်နက် ယင်းကိရိယာက အသံပြုလုပ်အချက်ပေးနှိုးဆော်ပါသည်။

## X ရောင်ခြည်ဖြင့် အန္တရာယ်ရှိသောပစ္စည်းများကို စူးစမ်းပေးနိုင်သည့်ကိရိယာ (X-ray Screening Machine)

အထူးသဖြင့် လေဆိပ်နှင့်သင်္ဘောဆိပ်များရှိ ဝန်စည်စလယ်များကို သင်္ကာမကင်းဖြစ်လာပါက အားပျော့ X ရောင်ခြည်ကို သုံး၍ ဝန်စည်စလယ်ထုပ်များအတွင်း၌ မည်သို့သော အန္တရာယ်မကင်းသည့်ပစ္စည်းများထည့်သွင်းပါရှိထုပ်ပိုးထားသည်ကို Screen ပေါ်မှတစ်ဆင့် ကြည့်ရှုစစ်ဆေးနိုင်စွမ်းရှိပါသည်။



www.foreverspace.com.mm



## အနီအောက်ရောင်ခြည်သုံးညကြည့်ကိရိယာ (Infra-red night vision devices)

အထူးသဖြင့်စစ်ဘက်နှင့် ညလုညှ့်ကင်း ရဲတပ်ဖွဲ့ဝင်များက ညအမှောင်ထုအတွင်းရှိ မသင်္ကာဖွယ်ရာ လူနှင့်ပစ္စည်းကိရိယာများကို စူးစမ်းထောက်လှမ်းလေ့လာအကဲဖြတ်ကြည့်ရှုရန်အတွက် ဤကိရိယာများကို မျက်မှောက်ကာလတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသည်ကို တွေ့မြင်နေရပြီ ဖြစ်၏။ ဤ ညကြည့်ကိရိယာသည် မီတာ ၅၀၀ အကွာအဝေးထိအောင် ကောင်းစွာ ထိုးဖောက်ကြည့်ရှုနိုင်စွမ်းရှိသည်။

## လေဆာရောင်ခြည်သုံးစောင့်ကြည့်ကိရိယာ (Laser devices for Identifications and Surveillance)

မီတာ ၁၀၀ အကွာအဝေးရှိနေရာအထိ ၁၅ စင်တီမီတာ အချင်းရှိသော အနီအောက်ရောင်ခြည်ကို လေဆာရောင်ခြည်သုံး၍ ထုတ်လွှတ်ပြီး အကွာအဝေးကို မီတာ ၅၀၀ အထိ တိုးမြှင့်ကြည့်ရှုနိုင်စွမ်းရှိသည်။ ထိုသေးငယ်သော ရောင်ခြည်တန်းကလေးမှာ လူ၊ တိရစ္ဆာန်နှင့် အရာဝတ္ထုများကို ကောင်းစွာ အမျိုးအစားသဘာဝကို ခွဲခြားလေ့လာသိရှိနိုင်စွမ်းရှိသည်။

ထိုရောင်ခြည်ထိမှန်ခံရသူသည် ခေတ္တခဏ တွေဝေမိန်းမောသွားတတ်သဖြင့် ခိုးဝင်လာသူဖြစ်ပါက ၎င်းအားအလွယ်တကူ ဖမ်းဆီးထားလိုက်နိုင်၏။ ထိုကိရိယာတစ်ခုလုံး၏အလေးချိန်မှာ တစ်ကီလိုဂရမ်မျှသာရှိသဖြင့် နေရာတကာသို့ အလွယ်တကူရွှေ့ပြောင်းသယ်ယူသွားနိုင်သဖြင့် အလွန်အသုံးဝင်သော လုံခြုံရေးဆိုင်ရာ ထောက်လှမ်းမှုကိရိယာတစ်ခု ဖြစ်သည်။

## အနီအောက်ရောင်ခြည်သုံးပုံရိပ်ဖော်ကိရိယာ (Infra-red Thermal Viewer)

လူ၏ကိုယ်ခန္ဓာအပူချိန်နှင့် ဝတ္ထုပစ္စည်းများမှ ထုတ်လွှတ်သော သဘာဝအပူချိန်တို့၏ ခြားနားချက်ကို ထိုကိရိယာက အာရုံခံနိုင်စွမ်းရှိနေသဖြင့် ညအမှောင်ထုထဲတွင် သူခိုး၊ ဓားပြ၊ ကျူးကျော်ဝင်ရောက်လာသူများကို ခွဲခြားသိမြင်ကြည့်ရှုနိုင်စွမ်းရှိပါသည်။

## မကြားရသောအသံများကို အာရုံခံထောက်လှမ်းနိုင်သောကိရိယာ

လူ့နားဖြင့်မကြားရနိုင်သော တုန်ခါမှုများနှင့် အသံလှိုင်းများကို အာရုံခံထောက်လှမ်းနိုင်စွမ်းရှိသော အီလက်ထရွန်နစ်နည်းပညာသုံးအသံလှိုင်းများကို အာရုံခံနိုင်စွမ်းရှိသည့် သူခိုးဖမ်းကိရိယာဖြစ်ပါသည်။ လှုပ်ရှားမှုများမှ ထွက်ပေါ်လာသမျှသောတုန်ခါမှုနှင့် အသံလှိုင်းဟူသရွေ့တို့ကို တိကျသေချာစွာ ထောက်လှမ်းသိရှိကာ အချက်ပြသတိပေးနိုင်စွမ်းရှိသော ခေတ်မီအီလက်ထရွန်နစ်ကိရိယာတစ်ခုပင် ဖြစ်၏။

## လုံခြုံရေးအရာရှိများ၏ တာဝန်ဝတ္တရားများ

မသင်္ကာဖွယ်ရာလူတစ်ဦးကို ဖမ်းမိပါက ဖြစ်စဉ်ဖြစ်ရပ်အားလုံးကို အစအဆုံးတိုင် အသေးစိတ်မှတ်တမ်းတင်ရေးသားပြုစုပြီး သက်ဆိုင်ရာရဲအရာရှိများထံ ချက်ချင်းတင်ပြအစီရင်ခံ တိုင်တန်းရန်တာဝန်ရှိသကဲ့သို့ မိမိ၏လုပ်ငန်းဆိုင်ရာတာဝန်ခံ အကြီးအကဲများထံသို့လည်း အလားတူ သတင်းပို့အစီရင်ခံစာများကို ချက်ချင်းတင်ပြရန် အထူးတလည် တာဝန်ရှိကြပါသည်။

မျက်မြင်သက်သေများ၏ ကိုယ်ရေးရာဇဝင်နှင့် ထွက်ဆိုချက်အသေးစိတ်များကိုပါ ပြည့်စုံစွာမှတ်တမ်းတင်ပေးရန်လည်း တာဝန်ရှိသေး၏။ ယုံကြည်ထိုက်သည့်သက်သေများကိုသာ စစ်ဆေးသင့်ပါသည်။ အခင်းဖြစ်ပွားပြီးခါစအချိန် အချက်အလက်များကို အသေးစိတ်မှတ်မိနေစဉ်ကာလအတောအတွင်း တွေ့ရှိချက်မှန်သမျှကို သက်သေများထံမေးမြန်း၍ မှတ်တမ်းတင်ပေးရန်လည်း တာဝန်ရှိ၏။

သင်္ကာမကင်းဖြစ်ခြင်းခံရသူများ၏ ထွက်ဆိုချက်များကိုပါ လုံခြုံရေးအရာရှိ များက အသေးစိတ်မှတ်တမ်းတင်ပေးကြရသည်။

## မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် ငြိမ်းသတ်ရေးလုပ်ငန်း

လုပ်ငန်းခွင်အတော်များများမှာ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြရသည်ကို တွေ့ကြရ၏။ ရေနံချက်စက်ရုံများတွင် ဝါယာကြိုးများရှော့ခ်လိုက်ရာမှ (Short Circuits) မီးများအကြီးအကျယ်ပျံ့နှံ့လောင်ကျွမ်းပြီး ပျက်စီးဆုံးရှုံးရခြင်းများလည်း ရှိတတ်ပါသည်။

သို့သော် စနစ်တကျမီးဘေးအန္တရာယ်ကာကွယ်မှုများကို လုံလောက်စွာပြုလုပ်ထားကြမည်ဆိုပါက မီးဘေးအန္တရာယ်ကို ထိရောက်စွာရှောင်ဖယ်ကာကွယ်ထားနိုင်သည်ကို မမေ့အပ်ပါ။ ဆေးလိပ်တိုများနှင့် ဆေးလိပ်မီးညှိရာမှ မီးလောင်မှုအများဆုံး ဖြစ်ပွားကြရသည်ကို အစဉ်အမြဲသတိရှိပါ။

စက္ကူဂိုဒေါင်များ၊ သစ်သားစသိုလှောင်ရုံများ၊ စက်ဆီချောဆီသိုလှောင်ရုံများ၊ ဓာတုဗေဒပစ္စည်းသိုလှောင်ရုံများ၊ အဝတ်အထည်ဂိုဒေါင်များ၊ ပလတ်စတစ်နှင့်ရော်ဘာပစ္စည်းဂိုဒေါင်များ၊ သဘာဝဓာတ်ငွေ့ရည်သိုလှောင်ဘူးများ၊ ဆေးပုံးများနှင့်အက်ဆစ်သိုလှောင်ရာဂိုဒေါင်များတွင် မကြာခဏ မီးသင့်စွဲလောင်မှုများ ဖြစ်တတ်သဖြင့် အထူးဂရုစိုက်၍ မီးသတ်ကိရိယာများကို ပြည့်စုံလုံလောက်စွာချထားပေးပြီး မီးသတ်ရေလှောင်ကန်များ၊ မီးသတ်ရေပိုက်ခေါင်းများကို အဆင်သင့်သုံးစွဲနိုင်စေရန် လုံလောက်စေ့စွာ တပ်ဆင်ပေးထားရန် အထူးပင်လိုအပ်လှသည်ကို သတိပြုပါ။

ယခုအခါ မီးခိုးအူထွက်လာသည်နှင့် ချက်ချင်းမီးသတ်အချက်ပေးခေါင်းလောင်းမြည်လာစေသော အီလက်ထရွန်နစ်ကိရိယာများပေါ်ပေါက်သုံးစွဲလာနေကြပြီဖြစ်ရာ ထိုကိရိယာများကို လုံလုံ

www.foreverspace.com.mm

လောက်လောက် တပ်ဆင်အသုံးပြုကြရန်သာ လိုအပ်လာပါသည်။ မီးသတ်ကိရိယာဟူသရွေ့တို့ကို အမြဲတမ်း အဆင်သင့်ပြုလုပ်သုံးစွဲနိုင်ရန် ပုံမှန်စစ်ဆေးပေးရေး လုံခြုံရေးအရာရှိတိုင်းတွင် တာဝန်အထူးတလည်ရှိနေကြသည်။

မီးလောင်လျှင်ထွက်ပြေးရန် အရေးပေါ်ထွက်ပေါက်များကိုပါ လုံလောက်စွာ ဖောက်လုပ်ဖန်တီးပေးထားကြရန်လည်း လိုပြန်သေး၏။ အချို့မီးသတိပေးကိရိယာများသည် အခန်းတွင်းရှိ အပူချိန်မြင့်တက်လာသည်နှင့် အလိုအလျောက် သတိပေးနှိုးဆော်နိုင်စွမ်းရှိနေကြပြီဖြစ်ရာ မီးကိုအချိန်မီငြိမ်းသတ်နိုင်စွမ်း တိုးတက်လာခဲ့ပြီဖြစ်သည်။

လုပ်ငန်းခွင်အတွင်း ရှိသမျှဝန်ထမ်းများကို တာဝန်အသီးသီးခွဲဝေပေးထားကာ အရေးပေါ်မီးဘေးအန္တရာယ်ပေါ်ပေါက်လာသည်နှင့် ကိုယ်စီကိုယ်င ကျရာတာဝန်များအရ ချက်ချင်း မီးကိုဝိုင်းဝန်းငြိမ်းသတ်နိုင်စွမ်းရှိကြစေရန် သင်ကြားပေးထားရန်လိုအပ်ပြီး မကြာခဏ မီးသတ်လေ့ကျင့်ခန်းများပြုလုပ်ရန်လည်း ဝန်ထမ်းတိုင်းတွင် တာဝန်ရှိလာကြပြီဖြစ်၏။

## စက်မှုလုပ်ငန်းများတွင် အရေးပေါ်ပြဿနာဖြစ်လာခြင်းကို ကြိုတင်ကာကွယ်ခြင်းနှင့် ဆောင်ရွက်ဖြေရှင်းခြင်း (Disaster Planning & Management)

ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ် ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ဓာတုဗေဒပစ္စည်းများ မတော်တဆပေါင်းစပ်ပေါက်ကွဲခြင်း၊ သဘာဝဓာတ်ငွေ့ဘူးများပေါက်ကွဲမီးလောင်ခြင်း၊ ရေနွေးငွေ့ဘွိုင်လာအိုးပေါက်ကွဲခြင်း၊ ဓာတုဗေဒအရည်ပိုက်များနှင့် ရေနွေးငွေ့ ပိုက်များမတော်တဆပေါက်ကွဲခြင်း၊ ရှို့မီး၊ ဗုံးပေါက်ကွဲခြင်း၊ အဖျက်သမား၏အဖျက်လုပ်ငန်းကြောင့် ပေါက်ကွဲပျက်စီးခြင်း၊ အဓိကရုဏ်းကြောင့် ဖျက်ဆီးခံရခြင်း၊ နျူကလီးယားစက်ရုံပေါက်ကွဲပြီးကျအရည်ပျော်ခြင်း၊ အဆိပ်ဓာတ်ငွေ့များဖြင့် ရုတ်တရက်တိုက်ခိုက်ခံရခြင်းများဖြစ်ပွားပါက ဝန်ထမ်းများကို ရုတ်ရုတ်သဲသဲအဖြစ်မခံဘဲ တည်ငြိမ်စွာထိန်းသိမ်း၍ ဘေးကင်းရာသို့ လျင်မြန်စွာကယ်ထုတ်ရွှေ့ပြောင်းရန် လုံခြုံရေးအရာရှိများက အသေးစိတ်အစီအစဉ်များကို ရေးဆွဲပြင်ဆင်ထားကြရပါသည်။

အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို လျင်မြန်ချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက်လည်း အမြဲတမ်းလေ့ကျင့်သင်ကြားပေးရန်လိုပါသည်။ အရေးပေါ်လူနာပြုစုရန် ကြက်ခြေနီသူနာပြုစုခန်းများကိုလည်း တည်ထောင်ဖွင့်လှစ်ထားရှိရ၏။

အရေးပေါ်ကယ်ဆယ်ရေးနှင့်စီမံကွပ်ကဲရေးဦးဆောင်အဖွဲ့ကိုပါ ဖွဲ့စည်းထားရှိပေးထားရပါသေးသည်။

## လေဆိပ်နှင့် လေယာဉ်ပျံများ၏လုံခြုံရေးအစီအမံများ (Security and Safety of Airports & Aircrafts)

လေယာဉ်ပျံများအနီးသို့ တာဝန်ရှိသူများမှအပ အခြားသူများမချဉ်းကပ်နိုင်အောင် အထူးလုံခြုံရေးအစီအမံများကို ကြိုတင်ရေးဆွဲချမှတ်ပေးထားရန်လိုပါသည်။ အထူးသဖြင့် ညပိုင်းလေ



www.foreverspace.com.mm



ကြောင်းခရီးစဉ်များအတွက် လုံခြုံရေးကို ပိုမိုတင်းကျပ်ပြီး ပိုမိုဂရုစိုက်ကြရသည်။ လေဆိပ်လုံခြုံရေးအတွက် နေရာမလပ်ဖုံးထောင်သူများကို လှည့်လည်ကြည့်ရှုစစ်ဆေးပေးကြရသည်။ လေယာဉ်ဝန်ထမ်းများ၊ လေဆိပ်ဝန်ထမ်းများ၊ လေယာဉ်ပြေးလမ်းထိန်းသိမ်းရေးမျှော်စင်များအားလုံး၏ လုံခြုံမှုရှိရေးအတွက်ပါ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးစုံကို ကြိုတင်ပြုလုပ်ထားကြရန် တာဝန်ရှိကြသေး၏။ လေဆိပ်အနီးတွင် တိုက်ခိုက်ရေးအဖွဲ့များ ရှိ၊ မရှိကိုအဆက်မပြတ် အပြင်စည်းကြောင်းမှ လှည့်ကင်းများ လှည့်၍ကြည့်ရှုစစ်ဆေးပေးနေကြရသည်။

ရပ်နားထားသောလေယာဉ်များပေါ်သို့ မသက်ဆိုင်သူများအလစ်အငိုက်ဖမ်း၍ တက်ရောက်မသွားနိုင်ရန် လုံခြုံရေးဝန်ထမ်းများက အနီးကပ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးပေးကြရပါသေးသည်။ လေယာဉ်ပေါ်တက်မည့်ပုဂ္ဂိုလ်အားလုံးနှင့် ဝန်စည်စလယ်များအားလုံးကိုလည်း အသေးစိတ်ဂရုစိုက် စစ်ဆေးကြည့်ရှုရန်လိုပါသည်။ လေယာဉ်ပေါ်မှ တင်သမျှ ရသမျှ ဝန်ထုပ်ဝန်ပိုးမှန်သမျှကိုလည်း X-ray စက်များဖြင့် လိုအပ်သလို စစ်ဆေးပေးကြရပြန်၏။

လေယာဉ်ကွင်းတစ်ခုလုံးကို လုံခြုံအောင် ဝင်းခတ်ပေးထားကြရသည်။ လေဆိပ်ပြတင်းများအားလုံးကို လေယာဉ်နှင့် ခရီးသည်များအား ဗုံးများ၊ သေနတ်များဖြင့် တိုက်ခိုက်ခြင်းမပြုနိုင်ရန် ထူထဲသောမှန်ချပ်များဖြင့် အလုံပိတ်ကာရံပေးထားလာရပြီ ဖြစ်သည်။

## ဗုံးရှာဖွေရေးကိရိယာများကို ပြည့်စုံထိရောက်စွာအသုံးပြုရေး

လေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ ပြဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဆူပါမားကတ်၊ ကျောင်း၊ ဆေးရုံ၊ ရုံး၊ အလုပ်ရုံစသည့်လူစည်ကားများပြားသော နေရာတိုင်းတွင် ဗုံးရှာကိရိယာများ၊ အဆိပ်ဓာတ်ငွေ့ရှာဖွေသောကိရိယာများကို လုံလောက်စွာထားရှိပြီး အဆက်မပြတ် လှည့်ကင်းများလှည့်၍ ၂၄ နာရီစောင့်ကြပ်ကြည့်ရှုစစ်ဆေးပေးကြရန် လိုအပ်လာပြီဖြစ်သည်။

ထို့ကြောင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ကုန်တင်ယာဉ်များအားလုံးကို ဗုံးရှာကိရိယာဖြင့် လှန်လှောကြည့်ရှုရှာဖွေလာကြရခြင်းဖြစ်သည်။ လေယာဉ်ပေါ်တွင် ဗုံးတွေ့က အနီးဆုံးလေဆိပ်ကို ဆင်းသက်ကာ ဗုံးကိုရှာဖွေရှင်းလင်းပေးကြရစမြဲ ဖြစ်သည်။ ထို့ကြောင့် အထူးထောက်လှမ်းရေးအဖွဲ့ဝင်များက နေရာတိုင်းတွင် မသင်္ကာဖွယ်ရာတွေ့ရှိရသော အရာဝတ္ထုပဟုသမျှကို ခြွင်းချက်မထားဘဲ ဂရုစိုက်လေ့လာကာ ရှာဖွေဖော်ထုတ်နေကြရပါသည်။

## ဟိုတယ်များ၏ လုံခြုံရေးအစီအမံများ

## (Security & Safety Managements in Hotels)

ဟိုတယ်တွင် လာရောက်တည်းခိုသူမှန်သမျှကို ၎င်းတို့မသိရှိစေဘဲ ခပ်လှမ်းလှမ်းမှ လုံခြုံရေးဝန်ထမ်းများက အကဲခတ်စောင့်ကြည့်လေ့လာပြီး ဓားပြ၊ သူခိုး သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ရေးသမားများ ဟုတ်၊ မဟုတ် စိစစ်ကြည့်ရှုကြရသည်။ မသင်္ကာဖွယ်ရာလူနှင့် ဝန်စည်စလယ်များကို တွေ့သည်နှင့် ချက်ချင်းရပ်တန့်စစ်ဆေးကြရန် တာဝန်ရှိပါသည်။ ဝန်စည်များကို X-ray စက်ဖြင့်လည်း စစ်ဆေးကြည့်ရှုနိုင်ပါ၏။ ဟိုတယ်ဝန်ထမ်းနှင့် စားဖိုမှူးများ၊ သန့်ရှင်းရေးသမားများကိုပါ မျက်ခြည်မပြတ် စောင့်ကြပ်စစ်ဆေးပေးကြရသေး၏။ ဟိုတယ်ခန်းသန့်ရှင်းရေးသမားများ ဧည့်သည်များ၏ပစ္စည်းများကို မခိုးဝှက်နိုင်အောင်လည်း စောင့်ကြည့်စစ်ဆေးပေးကြရပြန်သည်။ ဟိုတယ်စတိုခန်းမှ ပစ္စည်းများ အခိုးမခံရစေရန်လည်း စစ်ဆေးပေးကြရ၏။ ဟိုတယ် မီးမလောင်ရန်အမြဲသတိနှင့် စောင့်ကြည့်ပေးကြရသည်။

## ဆေးရုံများ၏လုံခြုံရေးကို စီမံခန့်ခွဲပေးရခြင်း

ဆေးရုံမှလူနာများနှင့် ဝန်ထမ်းများက ပြင်ပပုဂ္ဂိုလ်များ ရန်မမူနိုင်ရန်နှင့် လုယက်ခိုးယူခြင်း၊ မီးရှို့ခြင်း၊ ဗုံးထောင်ခြင်း၊ အဆိပ်ငွေ့လွှတ်ခြင်း၊ သတ်ဖြတ်နှိပ်စက်ခြင်းများ မပြုနိုင်အောင် ဆေးရုံလုံခြုံရေးဝန်ထမ်းများက အထူးတာဝန်ယူကာစောင့်ရှောက်ကြည့်ရှုကာကွယ်ပေးကြရ၏။ အခြားတစ်ဖက်တွင် ဆေးရုံမှ ဆေးကုသရေးကိရိယာများ၊ ဆေးဝါးများ၊ ဆေးရုံပစ္စည်းများခိုးယူခြင်း မခံရအောင်လည်း ကာကွယ်စောင့်ရှောက်ရ၏။ မီးလောင်မှုဖြစ်ပွားပါကလူနာများနှင့် ဆရာဝန်၊ သူနာပြုများကို ချက်ချင်းအရေးပေါ်ကယ်ထုတ်နိုင်ရန် ကြိုတင်စီစဉ်ထားကြရစမြဲဖြစ်၏။

## ဘဏ်လုပ်ငန်းများ၏ လုံခြုံရေး

ဘဏ်များခိုးယူခြင်း၊ ဓားပြတိုက်ခံရခြင်း၊ မီးလောင်ခြင်းများမဖြစ်ပွားရလေအောင် လုံခြုံရေးတပ်ဖွဲ့များက အထူးကြပ်မတ်စီမံကွပ်ကဲကာကွယ်စောင့်ရှောက်ပေးကြရသည်။ စာရင်းအင်းစာအုပ်များ၊ လုံခြုံရေးစခန်းများ (Safes Room)၊ ငွေတိုက်များကို အထူးကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ယူကြရပါသည်။ လူဝင်လူထွက်ကို အထူးသတိထား၍ စောင့်ကြည့်အကဲခတ်ရခြင်းမှာ အချိန်ပြည့်တာဝန်ဖြစ်သည်။

ငွေသေတ္တာသယ်ယူသောကားများကို အထူးလုံခြုံရေးအစောင့်လိုက်ပါပေးကြ၏။ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ လေကြောင်းမှတိုက်ခိုက်မှုခံရခြင်းများဖြစ်ပေါ်ချိန်တွင် ဘဏ်များ၊ ဆေးရုံများ၊ ဘော်ဒါဆောင်များ၏ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံတိုင်းမှ အာဏာပိုင်ပုဂ္ဂိုလ်များက မီးသတ်၊ ကြက်ခြေနီ၊ ရဲတပ်ဖွဲ့ဝင်၊ ပုဂ္ဂလိက လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အစွမ်းကုန် စနစ်တကျ နည်းလမ်းမှန်ကန်စွာ အမှားအယွင်းမရှိ လစ်ဟာကွက်မရှိစေဘဲ ပူးပေါင်းဆောင်ရွက်ကြရသည်။

**ပါမောက္ခဦးကျော်ညွန့် (ငြိမ်း)**

www.foreverspace.com.mm

# အရေးပေါ်တုံ့ပြန်မှု စီမံခန့်ခွဲခြင်း

## (Emergency Response Management)

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

**မမျှော်လင့်ထားတဲ့အရေးပေါ်အခြေအနေဖြစ်ရပ်များကို ကျွန်တော်တို့အနေနဲ့ အမြဲတွေ့ကြုံရင်ဆိုင်ရမှာဖြစ်ပါတယ်။ မထင်မှတ်တဲ့ဖြစ်ရပ်အခြေအနေတွေကို နေ့စဉ်နဲ့အမျှ တွေ့ရကြုံရစမြဲပါ။ တချို့ကိစ္စရပ်တွေဟာ သဘာဝဘေးအန္တရာယ်တွေကြောင့်ဖြစ်တာတွေ့ရပါတယ်။ လွန်ခဲ့တဲ့ ၂ နှစ်ကာလ ဧရာဝတီတိုင်းနဲ့ရန်ကုန်တိုင်းအတွင်း ကြုံတွေ့ခဲ့ရတဲ့ နာဂစ်မုန်တိုင်းကိုတော့ မြန်မာပြည်သူတွေ မေ့နိုင်မှာမဟုတ်ပါဘူး။ တချို့ကတော့ လူကဖန်တီးလို့ တွေ့ကြုံခံစားရတာဖြစ်ပါတယ်။ တလောကရန်ကုန်မြို့လယ်မှာ တိုက်ဟောင်းပြိုကျလို့ အိမ်သားတွေသေကျေခဲ့ကြသလို အကူအညီပေးတဲ့သူတွေလည်း သေဆုံးထိခိုက်ဒဏ်ရာရခဲ့တာ တွေ့မြင်ခဲ့ရပါတယ်။ သင်္ကြန်ကာလအတွင်း ဗုံးပေါက်မှုကြောင့် သေကျေပျက်စီးဒဏ်ရာတွေရခဲ့ကြရတယ်။ အခုလို အရေးပေါ်ကိစ္စတွေဖြစ်တဲ့အခါတိုင်း ဘယ်ပုံဘယ်နည်းတုံ့ပြန်နိုင်သလဲဆိုတာကို နည်းပညာပိုင်းက စီမံခန့်ခွဲမှုရှုထောင့်နဲ့ ရှုမြင်သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။**

ဒီဆောင်းပါးမှာ ခုလို အရေးပေါ်ကိစ္စတွေကြုံကြိုက်တဲ့နေရာမှာ စဉ်းစားအသုံးချနိုင်တဲ့ အရေးပေါ် တုံ့ပြန်မှုစီမံချက်အကြောင်း ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အရေးပေါ်စီမံခန့်ခွဲမှုနဲ့ ပတ်သက်လာရင် အပိုင်းလေးပိုင်းရှိတာ တွေ့ရပါတယ်။ ဒီလေးပိုင်းက . . .

၁။ အန္တရာယ်မဖြစ်အောင် ဆောင်ရွက်ခြင်း၊ အန္တရာယ်လျော့ပါးအောင်ကြိုးစားခြင်း၊

၂။ ကြိုတင်ပြင်ဆင်မှု၊

၃။ တုံ့ပြန်မှု၊

၄။ ပြန်လည်ထူထောင်မှုတို့ပဲဖြစ်ပါတယ်။

### ၁။ အန္တရာယ်မဖြစ်အောင် ဆောင်ရွက်ခြင်း၊ အန္တရာယ်လျော့ပါးအောင် ဖန်တီးခြင်း

ဒီကိစ္စကတော့ အန္တရာယ်ဖြစ်နိုင်မယ့်အရာတွေကို အရေးပေါ်ဘေးအန္တရာယ်တွေမဖြစ်အောင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း အရေးပေါ်ကိစ္စတွေဖြစ်ပေါ်လာရင်လည်း ဒီအရေးပေါ်ကိစ္စတွေကြောင့် ကြုံတွေ့ရမယ့် ဘေးဥပဒ်အန္တရာယ်တွေကိုလျော့ပါးအောင် ကြိုးစားခြင်းဖြစ်တယ်။ ဒီပထမအဆင့်ဟာ တခြားအဆင့်တွေနဲ့မတူညီတာ တွေ့ရပါတယ်။ အန္တရာယ်တွေမဖြစ်အောင် ရေရှည်စဉ်းစားပြီး ကြိုးစားခြင်းဖြစ်ပါတယ်။ ဥပမာ–နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးချိန်မှာ နောက်တစ်ချိန်ဖြစ်ခဲ့ရင် ဘေးအန္တရာယ်တွေလျော့ပါးအောင် တာတမံလုပ်ငန်းတွေ၊ မုန်တိုင်းခံအဆောက်အအုံတည်ဆောက်မှုတွေ ဖြစ်ပါတယ်။

**အရေးပေါ်ကိစ္စများကို ကြိုတင်ပြင်ဆင်ရာ၌ အခြေအနေလိုက်၍ ဆောင်ရွက်နိုင်စွမ်းရှိအောင် အရည်အချင်းများ မြှင့်တင်ရမည်သာ ဖြစ်ပါတယ်။ မီးသတ်အဖွဲ့၊ ကြက်ခြေနီအဖွဲ့အပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းများကိုလည်းစုစည်းထားရန် လိုအပ်လှပါတယ်။**

### ၂။ ကြိုတင်ပြင်ဆင်မှု

ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနဲ့ ပတ်သက်လာရင် အောက်ပါလုပ်ငန်းဆောင်ရွက်မှုတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

(၁) စီမံကိန်းရေးဆွဲခြင်း၊

(၂) ဖွဲ့စည်းခြင်း၊

(၃) သင်တန်းပေးခြင်း၊

(၄) လိုအပ်တဲ့ပစ္စည်းများ စုဆောင်းခြင်း၊

(၅) အလေ့အကျင့်များ စီစဉ်ဆောင်ရွက်ခြင်း၊

(၆) ညှိနှိုင်းဆောင်ရွက်ခြင်း

အခုလို ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာမှာ စီမံခန့်ခွဲသူများအတွက် အောက်ပါအစီအစဉ်များ ရေးဆွဲပြုစုရမှာဖြစ်ပါတယ်။

၁။ သတင်းအချက်အလက်ထုတ်ဝေဖြန့်ချိမှုနှင့်ပတ်သက်သော အစီအစဉ်များ၊

(၂) တုံ့ပြန်မှုဆောင်ရွက်နိုင်မည့် အဖွဲ့များကို လိုအပ်သည့်သင်တန်းများပေးခြင်း၊


www.foreverspace.com.mm



၃။ ကြိုတင်သတင်းပေးစနစ်များ ဖော်ထုတ်ပြီး အရေးပေါ်ခိုလှုံနိုင်မည့်နေရာများ၊ အဆောက်အအုံများတည်ဆောက်ကာ မည်သည့်နေရာများ၌ အရေးပေါ်ခိုလှုံရမည်ကို အစီအစဉ်များရေးဆွဲခြင်း။

၄။ အရေးပေါ်အခြေအနေများတွင် လိုအပ်မည့်ပစ္စည်းကိရိယာများစုဆောင်းပြီး အဆင်သင့်ထားရှိခြင်း။

၅။ ပြည်သူ၊ ပြည်သားအတွင်း အရေးပေါ်လုပ်ငန်းများဆောင်ရွက်နိုင်မည့်သူများကို ရွေးချယ်ပြီး လိုအပ်သည့်သင်တန်းများပေးခြင်း၊ အရေးပေါ်အခြေအနေဖြစ်လာချိန်တွင် ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများ အခြေအနေကို တုံ့ပြန်ရာတွင် မနိုင်မနင်းဖြစ်တတ်သဖြင့် အခုလိုစေတနာ့ဝန်ထမ်းများကို ကြိုတင်စုစည်းထားရမှာဖြစ်ပါတယ်။ ဒီနေရာတွင် ရပ်ကွက်၊ ကျေးရွာများတွင်ရှိသော ကြက်ခြေနီအဖွဲ့များအပြင် ပြည်သူထဲမှ စေတနာ့ဝန်ထမ်းများအား အဆင်သင့်ဖြစ်စေရန် စုစည်းပြီး လိုအပ်သော သင်တန်းများပေးထားသင့်ပါတယ်။



အရေးပေါ်ကိစ္စများကို ကြိုတင်ပြင်ဆင်ရာ၌ အခြေအနေလိုက်၍ ဆောင်ရွက်နိုင်စွမ်းရှိအောင် အရည်အချင်းများ မြှင့်တင်ရမည်သာဖြစ်ပါတယ်။ မီးသတ်အဖွဲ့၊ ကြက်ခြေနီအဖွဲ့အပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုလည်း စုစည်းထားရန် လိုအပ်လှပါတယ်။

## တုံ့ပြန်မှု

တုံ့ပြန်မှုဟုဆိုရာတွင် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်နေရာသို့ အရေးပေါ်ဆောင်ရွက်မှုပေးနိုင်သူများ အမြန်ဆုံးရောက်ရှိနိုင်အောင် စီစဉ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုလို တုံ့ပြန်နိုင်သူများကို First Responders အရင်ဆုံးတုံ့ပြန်သူများအဖြစ် သတ်မှတ်ခေါ်ဝေါ်ကြတာ တွေ့ရပါတယ်။ ပထမအသုတ်အနေဖြင့် အရေးပေါ်အခြေအနေတွင် တုံ့ပြန်နိုင်သူများက မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရေးပေါ်လူနာတင်အဖွဲ့များပါဝင်တာ တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စစ်ရေးဆောင်ရွက်မှုပုံစံနဲ့ဆောင်ရွက်ရပြီး Disaster Relief Operation (DRO) လို့ခေါ်ဝေါ်ကြတာ တွေ့ရပါတယ်။ အရင်ဆုံးတုံ့ပြန်သူများကို အရန်အရေးပေါ်ဆောင်ရွက်မှုပေးနိုင်မယ့်သူများအနေဖြင့် ကူညီပံ့ပိုးသွားရမှာ ဖြစ်ပါတယ်။

စောစောပိုင်းမှာတင်ပြခဲ့တဲ့ကြိုတင်ပြင်ဆင်မှုအစီအစဉ်တွေကို စနစ်တကျချမှတ်နိုင်ရင် အရေးပေါ်အခြေအနေတုံ့ပြန်တဲ့နေရာမှာ ပိုမိုချောမွေ့နိုင်မှာဖြစ်ပါတယ်။ ဒဏ်ရာရရှိသူများကို အဆောတလျင်ရှာဖွေကယ်ဆယ်ရမှာ ဖြစ်ပါတယ်။ ဖြစ်ဖြစ်ချင်း ၇၂ နာရီအတွင်း ကယ်ဆယ်နိုင်စွမ်းရှိဖို့

www.foreverspace.com.mm

လိုအပ်လှပါတယ်။

## ၄။ ပြန်လည်ထူထောင်ခြင်း

ပြန်လည်ထူထောင်ခြင်းလို့ပြောတဲ့အခါ အရေးပေါ်ဖြစ်တဲ့အခြေအနေကို နဂိုမူလအတိုင်းဖြစ်အောင် ဖန်းတီးခြင်းဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရာမှာ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးမှုဟာ ထည့်သွင်းစဉ်းစားရမယ့်လုပ်ငန်းအစီအစဉ်ဆောင်ရွက်မှုများဖြစ်ပါတယ်။ ပျက်စီးခဲ့တဲ့အဆောက်အအုံများ၊ ထိခိုက်ခဲ့တဲ့အခြေခံအုတ်မြစ်တွေကို ပြန်လည်ပြုပြင်ပြီး ခုလိုအခြေအနေထက်ပိုပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုလိုဆောင်ရွက်ရာမှာ အန္တရာယ်လျော့ပါးအောင် ဆောင်ရွက်မှုတွေကို တစ်ပါတည်းဆောင်ရွက်သွားနိုင်သင့်ပါတယ်။

အရေးပေါ်အခြေအနေများကို စနစ်တကျတုံ့ပြန်နိုင်မယ့် တုံ့ပြန်မှုအစီအစဉ်ရေးဆွဲဖော်ထုတ်မှုဟာ အလွန်အရေးကြီးလှပါတယ်။ ကြိုတင်ပြင်ဆင်မှု အဆင်သင့်ဖြစ်နေအောင် ဆောင်ရွက်မှုကို အချိန်အခါတိုင်း ကြိုးစားဆောင်ရွက်သင့်ပါတယ်။ လူစုလူဝေးရှိတဲ့နေရာတိုင်းမှာ အရေးပေါ်အခြေအနေဖြစ်ပေါ်လာရင် ဘယ်ပုံဘယ်နည်းတုံ့ပြန်ရမယ်ဆိုတာကို ဝန်ထမ်းများကိုသာမက ပရိသတ်များ၊ ဖောက်သည်များ၊




လာရောက်ကြတဲ့ပြည်သူများ သိအောင် ပြင်ဆင်ထားဖို့ လိုအပ်လှပါတယ်။ အခုလို အရေးအကြောင်းဖြစ်ပေါ်လာရင် ကြိုတင်ပြင်ဆင်ထားမှုဟာ အသက်အာမခံ ဝယ်ထားတာနဲ့ တူပါတယ်။ မလိုအပ်ဘူးလို့ အမြဲမျှော်လင့်ထားပြီး လိုအပ်တဲ့အခါ အဆင်သင့်ဖြစ်နေတဲ့ သဘောတစ်ခုပဲ။

နာဂစ်မုန်တိုင်းရဲ့ဒဏ်ကိုခံခဲ့ရတဲ့နေရာဒေသတွေမှာ မိမိတို့ရဲ့ အရေးပေါ်ကိစ္စများတုံ့ပြန်နိုင်စွမ်းကို ပြန်လည်သုံးသပ်ပြီး လိုအပ်တဲ့ပြင်ဆင်မှုများ ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ လူတွေရာနဲ့ထောင်နဲ့စုဝေးတဲ့နေရာတွေမှာလည်း လိုအပ်တဲ့ပြင်ဆင်မှုတွေဖော်ထုတ်ရမှာဖြစ်ပါတယ်။ ဈေးတွေ၊ စတိုးဆိုင်ကြီးတွေမှာလည်း အခုလို အရေးပေါ်တုံ့ပြန်မှုအစီအစဉ်များ ဖော်ထုတ်ထားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မထားရင် ရှုန်းရင်းဆန်ခတ်မှုတွေ ပေါ်ပေါက်လာနိုင်ပါလိမ့်မယ်။

လိုအပ်တဲ့ပြင်ဆင်မှုများ မဆောင်ရွက်ထားရင် သေရေးရှင်ရေးကိစ္စများကို ရင်ဆိုင်ရဖွယ်ရှိပါတယ်။ ဒီလိုအရေးပေါ်အခြေအနေများ တုံ့ပြန်နိုင်ဖို့ အလုပ်တာဝန်ခွဲဝေမှုတွေဟာ အလွန်အရေးကြီးလှပါတယ်။ ဘယ်သူက ဘယ်တာဝန်ကိုယူပြီး ဘယ်ပုံဘယ်နည်းညှိနှိုင်းကြမယ်ဆိုတာဟာ အလွန်လိုအပ်တဲ့ကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ ဘယ်သူ့ကို ချက်ချင်းဆက်သွယ်ရမယ်ဆိုတာကိုလည်း ကြိုတင်သတ်မှတ်ထားဖို့လိုအပ်ပါတယ်။ တုံ့ပြန်မှုနဲ့ပတ်သက်လာရင် အရေးကြီးဆုံးကိစ္စက သင်တန်းပေးမှု၊ လေ့ကျင့်ပေးမှုပဲ ဖြစ်ပါတယ်။ ဘာဖြစ်ရင် ဘာလုပ်ရမလဲဆိုတာကို တိတိကျကျ ပြတ်ပြတ်သားသား သိထားဖို့လိုပြီး လိုအပ်တဲ့ကျွမ်းကျင်မှုတွေ စုစည်းထားရမှာဖြစ်ပါတယ်။

အထူးသတိပြုရမယ့်ကိစ္စက အရေးပေါ်အခြေအနေတစ်ခုမှာ ဖြစ်ဖြစ်ချင်းတုံ့ပြန်မှုပုံစံက အဓိကဖြစ်ပါတယ်။ ဖြစ်ဖြစ်ချင်း တစ်နာရီ၊ နှစ်နာရီအတွင်း စနစ်တကျစီမံဆောင်ရွက်သွားနိုင်အောင် အမြဲပြင်ဆင်ထားဖို့ လိုမှာဖြစ်ပါတယ်။ အရေးပေါ်ကိစ္စပေါ်ပေါက်တဲ့အခါ ချက်ချင်းတုံ့ပြန်နိုင်မှုကို အာရုံပြုရမှာဖြစ်ပါတယ်။ ဒီနေရာမှာ လိုတာထက်ပိုပြီး တုံ့ပြန်သင့်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင် တုံ့ပြန်မှုအစီအစဉ်များကို ဖော်ထုတ်သင့်ပါတယ်။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**


www.foreverspace.com.mm

**ယှဉ်ပြိုင်မှုမြင့်မားပြင်းထန်သော ယနေ့စီးပွားရေးခေတ်တွင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအသီးသီးသည် မိမိတို့၏ စီးပွားရေးထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အရည်အသွေးမြင့်မားအောင် အထူးအာရုံစိုက်၍ ကြိုးပမ်းဆောင်ရွက်လာကြပြီဖြစ်သည်။ ပြည်တွင်းဈေးကွက်မှ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်အောင်မြင်ရန် အရည်အသွေးကောင်းမွန်ပြည့်ဝရန်လိုအပ်ပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ၊ ဆုတံဆိပ်များရရှိထားရန်လည်း လိုအပ်ပေသည်။ ကုန်စည်တစ်ခုချင်း၏ အရည်အသွေးတိုးတက်ကောင်းမွန်ရုံမျှမက ကုန်ထုတ်လုပ်မှုစနစ်ဖြစ်စဉ်တစ်ရပ်လုံး အရည်အသွေးကောင်းမွန်စေရန်နှင့် လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်လုံးတွင် အရည်အသွေးစနစ်ကိုတည်ဆောက်ရန် TQM ခေါ် အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှု (Total Quality Management) ကို ကျင့်သုံးလာကြပြီ ဖြစ်သည်။**

ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ အရည်အသွေးကို အလေးအနက်ထားခြင်းသည် ဖောက်သည်ကို အလေးအနက်ထားခြင်းဖြစ်သည်။ ဖောက်သည်တို့စိတ်ကျေနပ်မှုသည် ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ အရည်အသွေးအပေါ် များစွာမူတည်ပေသည်။ ဖောက်သည်ကို အလေးအနက်ထားသောကုမ္ပဏီတို့သည် အောင်မြင်လေ့ရှိပြီး အောင်မြင်သောကုမ္ပဏီတို့သည် ဖောက်သည်ကို အလေးထားလေ့ရှိသည်။ ဖောက်သည်ကို အလေးဂရုပြုသောအားဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ အရည်အသွေးကို ကောင်းမွန်မြင့်မားရန် အကောင်အထည်ဖော်ဆောင်ရွက်ကြပါသည်။ ကမ္ဘာကျော်မော်တော်ကားကုမ္ပဏီဖြစ်သည့် ဖို့ဒ်ကုမ္ပဏီ၏ဆောင်ပုဒ်မှာ 'အရည်အသွေးသည် နံပါတ် (၁) အလုပ်' ဟူ၍ဖြစ်ပြီး အိုင်ဘီအမ်ကုမ္ပဏီကမူ 'ကျွန်ုပ်တို့သည်

# အလုံးစုံအရည်အသွေး စီမံခန့်ခွဲမှု
## (Total Quality Management)

မျိုးခန့်စံ



www.foreverspace.com.mm

အပြစ်အနာအဆာကင်းသည့် စင်းလုံးချောကုန်စည်နှင့် ဝန်ဆောင်မှုများကို ကျွန်ုပ်တို့၏ဖောက်သည်များထံသို့ အချိန်ကိုက်ပေးပို့သည်' ဟူ၍ ကြွေးကြော်သည်။ Vauxhall ကုမ္ပဏီကမူ 'အရည်အသွေးဟူသည် အခွင့်ထူးခံမဟုတ်၊ မျှတမှုသာဖြစ်သည်' ဟု ခံယူသည်။ များစွာသောကုမ္ပဏီတို့သည် 'ISO 9000, ISO 14000 အသိအမှတ်ပြုလက်မှတ်ရကုမ္ပဏီဟု ကြော်ငြာလေ့ရှိပြီး ထိုကုမ္ပဏီတို့သည် 'အကောင်းဆုံးအရည်အသွေးရှိ ထုတ်ကုန်စနစ်ကျင့်သုံးသည်' ကို ဖောက်သည်များသိရှိရန်ရည်ရွယ်ကြခြင်း ဖြစ်သည်။

အရည်အသွေးဟူသည် အဘယ်နည်း။ ဘောလ်ပင်တစ်ချောင်း၏အရည်အသွေးသည် ရေးသားရာတွင် လွယ်ကူချောမွေ့ခြင်း၊ မင်လိုက်ကောင်းမွန်ခြင်း စသည်ရှိလျှင် ကောင်းသည်ဟုဆိုနိုင်သည်။ လေယာဉ်စီးခရီးသည်များ မိမိတို့လိုရာခရီးသို့ ဘေးကင်းစွာ၊ ချောမွေ့စွာ၊ သက်သောင့်သက်သာရှိစွာရောက်ရှိလျှင် အဆိုပါလေကြောင်းလိုင်း၏ ဝန်ဆောင်မှုကောင်းသည်ဟုဆိုနိုင်သည်။ လျှပ်စစ်ဓာတ်အားဖြန့်ဝေရေးလုပ်ငန်းတွင် သုံးစွဲသူတို့သည် လျှပ်စစ်မီးနှင့် ကုန်ကျစရိတ်အတွက် ပူပန်ကြောင့်ကြရမှုမရှိလျှင် ဝန်ဆောင်မှုကောင်းသည်ဟု ဆိုနိုင်ပါသည်။ အရည်အသွေးကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သုံးစွဲသူကိုအခြေခံသောဖွင့်ဆိုမှု (User Based)၊ ထုတ်လုပ်မှုကိုအခြေခံသောဖွင့်ဆိုမှု (Manufacturing Based)၊ ကုန်စည်ကိုအခြေခံသောအဓိပ္ပာယ်ဖွင့်ဆိုမှု (Product Based) ဟူ၍ ကွဲပြားနိုင်သော်လည်း အမေရိကန်အရည်အသွေးလူ့အဖွဲ့အစည်း (American Society for Quality) ၏ ဖွင့်ဆိုချက်အရ 'ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ရည်ရွယ်ရင်းလိုအင်များကို ကျေနပ်စေနိုင်သည့် သွင်ပြင်လက္ခဏာများနှင့် ဝိသေသများ၏ စုပေါင်းစွမ်းဆောင်နိုင်မှု' ကို အရည်အသွေးဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှုစနစ်များသည် ဖောက်သည်များ၏လိုအင်ကို နားလည်ခံစား အသိအမှတ်ပြုရန်နှင့် ဖြည့်ဆည်းပေးရန် ရည်ရွယ်ချမှတ်ထားခြင်း ဖြစ်ပါသည်။

အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ရောင်းအားတိုးတက်ခြင်း၊ ကုန်ကျစရိတ်လျော့ကျခြင်း၊ အမြတ်တိုးပွားခြင်းစသော အကျိုးရလဒ်များရရှိနိုင်သည်။ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတို့သည် အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှုဆောင်ရွက်ရာတွင် လုပ်ဆောင်မှုအဆင့်လေးဆင့်ထားရှိဆောင်ရွက်လေ့ရှိကြရာ ယင်းတို့မှာ (၁) အဖွဲ့အစည်းဆိုင်ရာကျင့်သုံးမှုများ၊ (၂) အရည်အသွေးဆိုင်ရာမူများ၊ (၃) ဝန်ထမ်းဆိုင်ရာဖြည့်ဆည်းမှုများနှင့် (၄) ဖောက်သည် စိတ်ကျေနပ်မှုဟူသော အဆင့်များဖြစ်သည်။ အဖွဲ့အစည်းဆိုင်ရာကျင့်သုံးမှုများကဏ္ဍတွင် 'မည်သည့်အချက်သည် အရေးကြီးဆုံးနည်း။ မည်သည်ကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်မည်နည်း' ဆိုသည်ကိုဆုံးဖြတ်ပြီး ရည်မှန်းချက် (Mission) သတ်မှတ်ခြင်း၊ ဦးဆောင်မှုကဏ္ဍ၊ ထိရောက်သောလုပ်ငန်းစဉ်မူဝါဒ၊ ဝန်ထမ်းအင်အားနှင့် လေ့ကျင့်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လေ့ရှိပါသည်။

ဒုတိယအဆင့်ဖြစ်သည့် အရည်အသွေးဆိုင်ရာမူကြီးများကဏ္ဍတွင် 'မည်သို့လုပ်ဆောင်မည်' ဟူသည့်အပိုင်းကို အလေးထားစဉ်းစားဆောင်ရွက်ကြပြီး ဖောက်သည်ကို ဦးစိုက်ခြင်း၊ စဉ်ဆက်မပြတ်တိုးတက်စေခြင်း၊ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်း စသည်တို့ကို ဆောင်ရွက်သည်။ တတိယအဆင့်ဖြစ်သည့် ဝန်ထမ်းများဆိုင်ရာကဏ္ဍတွင် တာဝန်ခွဲဝေအပ်နှင်းခြင်း၊ လုပ်ပိုင်ခွင့်အပ်နှင်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ကတိကဝတ်များသတ်မှတ်ခြင်း စသည်တို့ကို ဆောင်ရွက်သည်။ ဝန်ထမ်းများကို သင်တန်းများပို့ချ၍ ခံယူချက်၊ သဘောထားတို့ကို တိုးတက်မြင့်မားစေသည်။ စတုတ္ထအဆင့်ဖြစ်သည့် ဖောက်သည်စိတ်ကျေနပ်

**Two Ways Quality Improves Profitability**





**Figure (1)**
* Ways Quality Improves Profitability


www.foreverspace.com.mm

မှုကဏ္ဍတွင် အမှာစာများရရှိခြင်း၊ လက်ခံခြင်း၊ ဖောက်သည်များတိုးပွားစေခြင်းစသည်တို့ကို ဆောင်ရွက်ပါသည်။ ဖောက်သည်များကို စိတ်ကျေနပ်ချမ်းသာစေခြင်းဖြင့် ယှဉ်ပြိုင်မှုအားသာချက်ရရှိကာ လုပ်ငန်းအဖွဲ့အစည်းကို ထိရောက်အောင်မြင်စေပါသည်။

ဖော်ပြပါအဆင့်များ၊ ချဉ်းကပ်မှုနှင့်နည်းလမ်းများတွင် အရည်အသွေးကောင်းရရှိရန် (၁) သုတေသနပြုလုပ်၍ ဝိသေသများသတ်မှတ်ခြင်း၊ (၂) အဆိုပါဝိသေသများကို ကုန်စည်၏အင်္ဂါများအဖြစ်သို့ပြောင်းလဲခြင်းနှင့် (၃) ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် အသေးစိတ်အချက်အလက်များ၊ စံညွှန်းများနှင့်အညီ ထုတ်လုပ်ခြင်းတို့ ပါဝင်ပြီး အချက်အလက်တစ်ခုတွင် ချို့ယွင်းပါက အရည်အသွေးကောင်းကုန်စည်ကို ရရှိမည်မဟုတ်ချေ။ အရည်အသွေးနှင့်စပ်လျဉ်း၍ ဆက်နွှယ်မှုသုံးရပ်ရှိသည်။ (၁) ကုမ္ပဏီ ဂုဏ်သတင်းကျော်ကြားမှု၊ (၂) တာဝန်ရှိမှုနှင့် (၃) ဂလိုဘယ်ဆက်နွှယ်မှုတို့ဖြစ်သည်။ ကုန်စည်အရည်အသွေးကောင်းမွန်မှသာ ကုမ္ပဏီ၏ဂုဏ်သတင်းသင်းပျံ့ပေမည်။ ကုမ္ပဏီမှ ထုတ်လုပ်သောကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပျက်စီးမှု၊ ထိခိုက်နာကျင်မှုများအတွက် ကုမ္ပဏီတွင် တာဝန်ရှိသည်။ နည်းပညာခေတ်၊ ဂလိုဘယ်စီးပွားရေးစနစ်တွင် မိမိကုမ္ပဏီ၊ မိမိတိုင်းပြည်၏ဂုဏ်ကိုဆောင်ရန် ထုတ်ကုန်တို့ အရည်အသွေးမြင့်ရန်နှင့် ဂလိုဘယ်ဒီဇိုင်း၊ ဂလိုဘယ်မျှော်လင့်ချက်၊ ဂလိုဘယ်အရည်အသွေးဖြစ်ရန် လိုအပ်ပေသည်။

ကုန်စည်အရည်အသွေးကောင်းလက္ခဏာများတွင် ပင်ကိုယ်ကောင်းသောအရည်အသွေး၊ အံဝင်ခွင်ကျဖြစ်မှု၊ ဆောင်ရွက်မှုကောင်းခြင်း၊ အားထားရမှု၊ ကြာရှည်ခံမှု၊ လုံခြုံစိတ်ချရမှု၊ နည်းပညာ၊ အရည်အသွေးကောင်းမွန်ကြောင်း သိမြင်လွယ်မှု၊ အသုံးပြုရလွယ်ကူမှု၊ ဆွဲဆောင်နိုင်မှု၊ ထိုက်တန်မှု၊ သုံးစွဲစဉ်နှင့် သုံးစွဲပြီးနောက် ထပ်ဆောင်းဝန်ဆောင်မှုပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီပေးပို့ဝန်ဆောင်ခြင်း အစရှိသောဂုဏ်ရည်များ ပါရှိသည်။ ဝန်ဆောင်မှုကောင်းလက္ခဏာများတွင် အားထားရမှု၊ စိတ်ချမ်းမြေ့မှု၊ ယုံကြည်စိတ်ချရမှု၊ အချိန်လေးစားမှု၊ လုံခြုံမှု၊ ဝန်ထမ်းများအရည်အသွေးပြည့်ဝမှု၊ ဖော်ရွေမှု၊ ဖောက်သည်ကိုလေးစားတန်ဖိုးထားမှု၊ တာဝန်ကျေမှု၊ တာဝန်ယူမှု၊ ယဉ်ကျေးပျူငှာမှု၊ ဆက်ဆံရေးကောင်းမွန်မှု၊ လူမှုရေးနားလည်သိတတ်မှုစသော အရည်အသွေးများ ပါရှိသည်။

အရည်အသွေးကောင်းများရရှိရန်၊ ထိန်းသိမ်းရန်အတွက် အစဉ်အလာအရမှု (Quality Control)ခေါ် အရည်အသွေးထိန်းသိမ်းမှု၊ စစ်ဆေးမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်လေ့ရှိပြီး ခေတ်သစ်အဖွဲ့အစည်းများတွင်မူ စနစ်တစ်ခုလုံး၊ လုပ်ငန်းအဖွဲ့အစည်းတစ်ရပ်လုံးတွင် အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှု (Total Quality Management) ကို ကျင့်သုံးသည်။ အရည်အသွေးနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက် သို့မဟုတ် ဌာနတစ်ခုတွင်သာ တာဝန်ရှိသည်မဟုတ်။ Supplier ခေါ်



www.foreverspace.com.mm



**Organizational Practices**
Leadership, Mission, Effective Operation Procedures, Staff Support, Training
(What is important & what is to be accomplished)

**Quality Principles**
Customer Focus, Continuous improvements, Benchmarking, Just-in-time, ...
(How to do what is important . . .)

**Employee Fulfillment**
Empowerment, Organizational Commitment
(Employee attitudes that can accomplishment . . .)

**Customer Satisfaction**
Winning orders, Repeat customers,
(An effective organization with a competative advantage)

* The flow of activities that are necessary to achieve total quality management *
**Figure (II)**

## Deming's 14 Points for implementing Quality Improvement

1. Create consistency of purpose.
2. Lead to promote change.
3. Building quality into product; stop depending on inspections to catch probems.
4. Build long-term relationships based on performance instead of awarding business on the basis of price.
5. Continucusly improvement of product, quality & service.
6. Start training.
7. Emphasize leadership.
8. Drive out fear.
9. Break down barriers between depertments.
10. Stop haranguing workers.
11. Support, help & improve.
12. Remove barriers to pride in work.
13. Institute a vigorous programs of education & self-improvements.
14. Put everybody in the company to work on the transformation.

**Source;** Deming revised his 14 points a number of times over the years, see J.Spigener & P.J.Angelo, "What would Deming Say?"

**Figure (III)**

ထောက်ပံ့ဖြည့်ဆည်းသူများမှအစ၊ ထုတ်လုပ်သူများအလယ်၊ ဖောက်သည်များအဆုံး လုပ်ငန်းစဉ်အဆင့်တိုင်း၊ လူတိုင်းတွင်တာဝန်ရှိသည်။ လုပ်ငန်းအဖွဲ့အစည်းအတွင်းရှိပုဂ္ဂိုလ်အားလုံး အတူတကွပူးပေါင်းဆောင်ရွက်ပြီး စနစ်တကျတိုးတက်စေခြင်း၊ အရည်အသွေးမြင့်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဖြစ်ထွန်းစေခြင်း ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ အရည်အသွေးမြင့်ကုန်စည်နှင့် ဝန်ဆောင်မှုများထုတ်လုပ်ရန်နှင့် အပျက်အစီး၊ အနာအဆာလုံးဝမရှိရန် ဖြစ်သည်။

www.foreverspace.com.mm

**Changing View of Quality Management**

| Criteria | Traditional Attitude | Attitude with TQM |
|---|---|---|
| Importance | Quality is a technical issue | ... Strategic issue. |
| Cost | High quality cost money | ... Save money. |
| Responsibility | Quality control depte | ... Everyone in org. |
| Target | Meet specifications | Continuous improve. |
| Measured by | Average quality level | Zero defect |
| Emphasis | Detecting defects | Preventing defects. |
| Attitude | Inspect quality in | Build quality in |
| Define by | Organization | Customers. |

* Changing views of quality management; POM by Donald Waters *
**(Figure IV)**

အရည်အသွေးဆိုင်ရာ ကဝိတစ်ဆူဖြစ်သည့် W-Edwards Deming က အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှု အကောင်အထည်ဖော်ရန် အချက် ၁၄ ချက်ကို ညွှန်ပြခဲ့ပါသည်။ (အဆိုပါအချက်များကို ဇယားတွင် ဖော်ပြထားပါသည်။) အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရာတွင် (၁) စဉ်ဆက်မပြတ်တိုးတက်မှု၊ (၂) Six Sigma၊ (၃) ဝန်ထမ်းများကို တာဝန်အပြည့်အဝအပ်နှင်းမှု၊ (၄) စံချိန်စံညွှန်းများထားရှိဆောင်ရွက်မှု၊ (၅) အချိန်နှင့်တစ်ပြေးညီဆောင်ရွက်မှု၊ (၆) Taguchi Concept နှင့် (၇) အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများ၊ ယူဆချက်များကို အခြေခံ၍ ဆောင်ရွက်လေ့ရှိကြသည်။

TQM ခေါ် အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှုအကောင်အထည်ဖော်ရာတွင် စဉ်ဆက်မပြတ်တိုးတက်မှုရှိအောင် ဆောင်ရွက်ရန်လိုသည်။ TQM ၏ အခြေခံယူဆချက်မှာ လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် တိုးတက်မှုရှိရန်ဖြစ်ပြီး အန္တိမပန်းတိုင်မှာ အမြဲရှာဖွေဖြည့်ဆည်းပေးရမည့် လိုလေသေးမရှိပြည့်စုံခြင်းဖြစ်သည်။ Walter Shevohart ၏ PDCA Model တွင် ဖော်ပြသကဲ့သို့ စဉ်ဆက်မပြတ်တိုးတက်စေရန် (Plan) အစီအစဉ်ချမှတ်ခြင်း၊ (Do) ဆောင်ရွက်ခြင်း၊ (Check) စစ်ဆေးခြင်း၊ (Act) ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကိုလည်း စက်ဝိုင်းပမာလှည့်၍ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုပါသည်။ Six Sigma အသုံးအနှုန်းသည် Motorola, Honeywell နှင့် General Electric တို့တွင် ရေပန်းစားခဲ့ပြီး TQM တွင် အချိန်လျှော့ချရန်၊ အရည်အသွေးတိုးတက်ရန်နှင့် ကုန်ကျစရိတ်လျှော့ချသောအစီအစဉ်ကို ဆိုလိုသည်။ ဝန်ထမ်းများကို ထုတ်လုပ်ရေးလုပ်ငန်းစဉ်များတွင် လုပ်ပိုင်ခွင့်များပေးအပ်၍ တိုးချဲ့လုပ်ကိုင်ခွင့်ပေးခြင်း၊ တာဝန်အပ်နှင်းခြင်းဖြင့်စဉ်ဆက်မပြတ်တိုးတက်ရေး ဆောင်ရွက်လေ့ရှိသည်။ အရည်အသွေးမြင့်မားသော ကုန်စည်နှင့် ဝန်ဆောင်မှုများရရှိရန် စံချိန်စံညွှန်းများထားရှိဆောင်ရွက်ခြင်း၊ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း၊ အလုံးစုံအရည်အသွေးစီမံမှုနည်းစနစ်များ၊ ဗဟုသုတများတိုးတက်မြင့်မားအောင်ဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ် အားပေးသည်။

လက်တွေ့လုပ်ငန်းလုပ်ဆောင်ရာတွင် အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့် ခုနစ်ဆင့်ရှိရာ ၎င်းတို့မှာ (၁) ထိပ်တန်းစီမံခန့်ခွဲမှု၏ ထောက်ခံမှုနှင့် အာမခံမှုရရှိအောင်ဆောင်ရွက်ထားခြင်း၊ (၂) ဖောက်သည်များ၏ လိုအပ်ချက်နှင့် လိုလားမှုကိုသိရှိထားရန် ကြိုးပမ်းထားခြင်း၊ (၃) အရည်အသွေးမြင့်ကုန်စည်များကို စိတ်ကူး၊ ကြံစည်ပုံစံထုတ်ထားခြင်း၊ (၄) လုပ်ငန်းစဉ်တစ်ရပ်လုံးကို ပုံဖော်အားထုတ်ထားခြင်း၊ (၅) အရည်အသွေးပြည့်ဝသည့် လေ့ကျင့်ပြီး ကျွမ်းကျင်ဘက်စုံရဝန်ထမ်းများကို စုဆောင်းထားခြင်း၊ စိတ်အားထက်သန်တက်ကြွအောင် ဖြည့်ဆည်းလှုံ့ဆော်ထားခြင်း၊ (၆) ရလဒ်များကို ထိန်းသိမ်းထားခြင်း၊ အရည်အသွေးသတ်မှတ်ချက်များ၊ တိုးတက်မှုများကို မှတ်တမ်းမှတ်ရာထားရှိခြင်း၊ စံပြုခြင်းနှင့် (၇) ယင်း စိတ်ကူးစိတ်သန်းများကို ထောက်ပံ့ဖြည့်ဆည်းသူများ၊ ဖြန့်ချိသူများသို့ ချဲ့ထွင်ပေးသိ၍ အကျိုးရှိအောင်လုပ်ထားခြင်းတို့ဖြစ်ပြီး ယင်းအချက်များကို ကြိုတင်လုပ်ဆောင်ဖြည့်ဆည်းထားရန် လိုအပ်ပေသည်။

အလုံးစုံအရည်အသွေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် အခြေခံမှစ၍ ပြုပြင်ပြောင်းလဲရန်လိုအပ်သောလုပ်ငန်းစဉ်များဖြစ်ပြီး အကျိုးရလဒ်မြောက်မြားစွာ ရရှိနိုင်သောလုပ်ငန်းစဉ်များဖြစ်သည့် အပြင်ဖောက်သည်ကို အလေးအနက်ထားသော၊ အောင်မြင်သောလုပ်ငန်းအဖွဲ့အစည်းများချမှတ်ကျင့်သုံးသောအရည်အသွေးစီမံခန့်ခွဲမှုစနစ်များလည်းဖြစ်ပါသည်။

**မျိုးခန့်စံ**

Ref: (1)Operation Management By Donald Waters
(2) Managing Quality, Operation & Production Management
(3) American Society for Quality Web Site at (www.asg.org)

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၃၀-၃-၂၀၁၀**✳ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ပုံပါကျင်မြို့နှင့် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့တို့တွင် နယ်ခြားစောင့်တပ်များ ဖွင့်လှစ်။

**၁-၄-၂၀၁၀**✳ မြန်မာနိုင်ငံမှထွက်ရှိသောကုန်စည်များကို နိုင်ငံတကာသို့လည်းကောင်း၊ ပြည်တွင်းရေကြောင်းခရီးသွားလာရာ၌လည်းကောင်းတစ်ခုတည်းသော နိုင်ငံပိုင် သင်္ဘောလုပ်ငန်းတစ်ခုဖြစ်သည့် ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကို ပုဂ္ဂလိကသို့ တရားဝင်လွှဲပြောင်းလုပ်ကိုင်။

✳ ရန်ကုန်မြို့နှင့် ၂၂ မိုင်အကွာ မင်္ဂလာဒုံမြို့နယ်အတွင်းတွင်တည်ရှိသော လှော်ကားသဘာဝဥယျာဉ်ကို ပုဂ္ဂလိကပိုင်အဖြစ် ထူးထရေးဒင်းကုမ္ပဏီက လွှဲပြောင်းရယူ။

✳ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က မီတာထိန်းသိမ်းခ၊ ဓာတ်အားခရက်လွန်ကြေးအပါအဝင် အများပြည်သူအသုံးပြုသော လျှပ်စစ်ဓာတ်အားစည်းကြပ်ခွန်ခုနစ်မျိုး၏ အခွန်များကို စတင်တိုးမြှင့်ပြင်ဆင်ကောက်ခံ။

**၂-၄-၂၀၁၀**✳ နိုင်ငံခြားငွေနှင့် အက်ဖ်အီးစီလဲလှယ်ရေးကောင်တာများကို ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် စတင်ဖွင့်လှစ်။

**၆-၄-၂၀၁၀**✳ ထိုင်းနိုင်ငံ ပရာချွတ်ကရီပြည်နယ် ဟွာဟင်းမြို့၌ ဧပြီလ ၄ ရက်နှင့် ၅ ရက်နေ့များက ကျင်းပခဲ့သည့် ပထမအကြိမ် မဲခေါင်မြစ်ကော်မရှင်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ။

**၇-၄-၂၀၁၀**✳ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ဇမ္ဗူ သပြေလမ်း နေပြည်တော် ရေပန်းဥယျာဉ်အနီးတွင်တည်ရှိပြီး G4 အုပ်စုကုမ္ပဏီ၏ အောင်သပြေအဆင့်မြင့်ရုပ်ရှင်ရုံ ဖွင့်လှစ်။

**၈-၄-၂၀၁၀**✳ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၏ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ တွင်ကျင်းပမည့် ၁၆ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှထွက်ခွာ။

✳ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Technical Import & Export Corporation (CNTIC) တို့ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် ဂျင်နရေတာ၊ တာဘိုင်နှင့် စက်မှုလျှပ်စစ်ဆိုင်ရာပစ္စည်း များဝယ်ယူခြင်း (Contract) စာချုပ်ကို နေပြည်တော်ရှိ အထက်ပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုးချုပ်ဆို။

**၉-၄-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက် အမှတ် ၃/ ၂၀၁၀ ဖြင့် ပြည်နယ်နှင့်တိုင်း ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၄/ ၂၀၁၀ ဖြင့် ကချင်ပြည်နယ်အတွင်းရှိ ပူတာအို၊ ဗန်းမော်၊ မိုးညှင်း၊ မြစ်ကြီးနားခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၅/ ၂၀၁၀ ဖြင့်ကယားပြည်နယ်အတွင်းရှိ ဘောလခဲ၊ လွိုင်ကော်ခရိုင်ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၆/ ၂၀၁၀ ဖြင့် ကရင်ပြည်နယ်အတွင်းရှိ ကော့ကရိတ်၊ ဘားအံ၊ မြဝတီခရိုင်ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၇/ ၂၀၁၀ ဖြင့်ချင်းပြည်နယ်အတွင်းရှိ ဖလမ်း၊ မင်းတပ်ခရိုင်ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၈/ ၂၀၁၀ ဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ ကလေး၊ ကသာ၊ ခန္တီး၊ စစ်ကိုင်း၊ တမူး၊ မော်လိုက်၊ မုံရွာ၊ ရွှေဘိုခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၉/ ၂၀၁၀ ဖြင့်တနင်္သာရီတိုင်းအတွင်းရှိ ကော့သောင်း၊ ထားဝယ်၊ မြိတ်ခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၁၀/ ၂၀၁၀ ဖြင့် ပဲခူးတိုင်းအတွင်းရှိ တောင်ငူ၊ ပဲခူး၊ ပြည်၊ သာယာဝတီခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၁၁/ ၂၀၁၀ ဖြင့်မကွေးတိုင်းအတွင်းရှိ ဂန့်ဂေါ၊ ပခုက္ကူ၊ မကွေး၊ မင်းဘူး၊ သရက်ခရိုင်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၁၂/ ၂၀၁၀ ဖြင့် မန္တလေးတိုင်းအတွင်းရှိ ကျောက်ဆည်၊ ညောင်ဦး၊ နေပြည်တော်၊ ပြင်ဦးလွင် မိတ္ထီလာ၊ မန္တလေး၊ မြင်းခြံ၊ ရမည်းသင်းခရိုင်ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၁၃/ ၂၀၁၀ ဖြင့်မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်၊ သထုံခရိုင်ကော်

www.foreverspace.com.mm



မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၁၄/၂၀၁၀ ဖြင့် ရခိုင် ပြည်နယ်အတွင်းရှိ ကျောက်ဖြူ၊ စစ်တွေ၊ မောင်တော၊ သံတွဲခရိုင် ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၁၅/၂၀၁၀ ဖြင့် ရန်ကုန်တိုင်းအတွင်းရှိ ရန်ကုန် (တောင်ပိုင်း)၊ ရန်ကုန် (မြောက်ပိုင်း)၊ ရန်ကုန် (အရှေ့ပိုင်း) ခရိုင်ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၁၆/၂၀၁၀ ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ လွိုင်လင်၊ လင်းခေး၊ ကျောက်မဲ၊ ကွမ်းလုံ၊ မူဆယ်၊ လားရှိုး၊ လောက်ကိုင်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းဖြတ်ခရိုင်ကော်မရှင်အဖွဲ့ခွဲ များဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ၁၇/၂၀၁၀ ဖြင့် ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်၊ ဖျာပုံ၊ မအူပင်၊ မြောင်းမြ၊ လပွတ္တာ၊ ဟင်္သာတ ခရိုင်ကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

**၁၁-၄-၂၀၁၀*** ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ညကျန်းမြို့တွင် ဧပြီလ ၇ ရက်နေ့ကကျင်းပခဲ့သည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ သီးသန့်ဆွေးနွေးပွဲနှင့် ဧပြီလ ၈ ရက်နေ့က ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတို့သို့တက်ရောက်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၁၄-၄-၂၀၁၀*** မူဆယ် ၁၀၅ မိုင် အေးရှားဝေါလ်ဂိတ်တွင် လည်းကောင်း၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ် (၃) စစ်ဆေးရေးဂိတ် (မြဝတီအထွက် ခင်နိမ်းမှုဂိတ်) အနီးတွင်လည်းကောင်း ဗုံးပေါက်ကွဲများ ဖြစ်ပွား။

**၁၅-၄-၂၀၁၀*** ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ $X_2O$ ရေကစားမဏ္ဍပ်ရှေ့တွင် ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ၈ ဦးသေဆုံးသွားခဲ့ပြီး အမျိုးသား ၁၂၅ ဦး၊ အမျိုးသမီး ၄၅ ဦးစုစုပေါင်း ၁၇၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဧပြီလ ၁၇ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြပါရှိ။

**၁၇-၄-၂၀၁၀*** တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးရုံး၏ ဖိတ်ကြားချက်အရ ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ ကွမ်းရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၁၉-၄-၂၀၁၀*** အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့တွင် ဧပြီလ ၁၅ ရက်မှ ၁၇ ရက်အထိကျင်းပခဲ့သော ၂၀၁၀ ခုနှစ် အာရှဒေသ အခြေခံအဆောက်အအုံပြပွဲနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ–ပုဂ္ဂလိကပူးတွဲဆောင်ရွက်ရေးဆိုင်ရာ အာရှ–ပစိဖိတ်ဒေသ ဝန်ကြီးများညီလာခံသို့ တက်ရောက်ခဲ့သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**၂၃-၄-၂၀၁၀*** ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့တွင် ဧပြီလ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် (၇) ကြိမ်မြောက် နိုင်ငံတကာ ကြက်ငှက်တုပ်ကွေးရောဂါနှင့်ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံသို့ တက်ရောက်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြဦးခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၂၄-၄-၂၀၁၀*** အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် စီမံရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sino Hydro Corporation Limited၊ ထိုင်းနိုင်ငံ EGAT International Co., Ltd. နှင့် International Group of Entrepreneur Company Limited တို့ ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုစာချွန်လွှာတစ်ရပ်ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။
* စာရေးဆရာ သာဂဒိုး (ခ) ဦးတင်စိုး၊ အသက် ၈၅ နှစ် ကွယ်လွန်။

**၂၅-၃-၂၀၁၀*** မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၃၉ မိနစ်၊ ၂၁ စက္ကန့်တွင် မန္တလေးမြေငလျင်တိုင်းထွာရေးစခန်းမှ အနောက်မြောက်ဘက် မိုင် ၃၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လဟယ်မြို့ အရှေ့–အရှေ့မြောက်ဘက် ၅၅ မိုင် ခန့်ကွာဝေးသော ဂျာဝွန်းကျေးရွာအနီး) နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄.၇ အဆင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။
* မဟာသင်္ကြန်ပွဲတော်ကာလ သင်္ကြန်အကြတ်နေ့က $X_2O$ ရေကစားမဏ္ဍပ်တွင်ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုများကြောင့် ဒဏ်ရာရသူများအနက်မှ ဧပြီလ ၁၇ ရက်တွင် အမျိုးသားတစ်ဦးနှင့် ၁၉ ရက် ထပ်မံသေဆုံးသွားကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၉-၄-၂၀၁၀*** မန္တလေးတိုင်း သာစည်မြို့နယ် သာစည်–ကလော

www.foreverspace.com.mm

ကားလမ်းရှိ ပြည်ညောင်ကျေးရွာ၏ အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာတွင်တည်ဆောက်ထားပြီး တစ်ရက်လျှင် တန် ၅၀၀ ကျ ထုတ်လုပ်နိုင်မည်ဟုဆိုသည့် မြို့တော်ဘိလပ်မြေစက်ရုံဖွင့်လှစ်။

**၄-၃-၂၀၁၀**✻ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မေခ–မလိခ မြစ်ဝှမ်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်အပါအဝင် စီမံကိန်းနေရာလေးခုတွင် မိုင်း ၁၀ လုံးဆက်တိုက် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ကြောင်း ဧပြီလ ၂၃ ရက်နေ့ထုတ် မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

**၂၇-၄-၂၀၁၀**✻ ကယားပြည်နယ် လွိုင်ကော်မြို့မရဲစခန်းအတွင်းတွင် နံနက် ၉ နာရီ ၅၅ မိနစ်အချိန်ခန့်က ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွား။

**၂၈-၃-၂၀၁၀**✻ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ၊ ၃၃ မိနစ်၊ ၂၈စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၂၆၀ ခန့်ကွာဝေးသော စစ်တွေမြို့၏အရှေ့တောင်ဘက်မိုင် ၆၀ ခန့်အကွာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၁ အဆင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း ထုတ်ပြန်ကြေညာ။

**၂၈-၄-၂၀၁၀**✻ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက် အမှတ် ၁၉/၂၀၁၀ ဖြင့် မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ.ခ.မ.ည.ဖ) MRO OR KHAMI NATIONAL SOLIDARTITY ORGANIZATION (M.K.N.S.O)ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းကို ထုတ်ပြန်ကြေညာ။

✻ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ရှိ နေရာဒေသအချို့တို့တွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့ကြောင်း ဧပြီလ ၃၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်ကြေညာ။

✻ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အဖြစ် နိုင်ငံပိုင် သတင်းဌာနများတွင် စတင်ဖော်ပြပါရှိ။

**၂၉-၄-၂၀၁၀**✻ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက် အမှတ် ၂၀/၂၀၁၀ ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းကိုလည်းကောင်း၊ ၂၁/၂၀၁၀ ဖြင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

✻ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လျှောက်ထားလျက်ရှိကြရာ ဦးသိန်းစိန်ပါ (၂၇) ဦး ခေါင်းဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တည်ထောင်ခွင့်လျှောက်ထား။

✻ ဦးသန်းညွန့် (မောင်မောင်သစ်)၊ အယ်ဒီတာ (ငြိမ်း)၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အသက် ၈၂ နှစ် ကွယ်လွန်။

**၃၀-၄-၂၀၁၀**✻ ဘူတန်နိုင်ငံ သင်ဖူးမြို့၌ ဧပြီလ ၂၈ ရက်နှင့် ၂၉ ရက်နေ့တို့တွင်ကျင်းပခဲ့သည့် (၁၆) ကြိမ်မြောက် တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်း (ဆာ့ခ်) ထိပ်သီးညီလာခံသို့တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း ခေါင်းဆောင်သော မြန်မာလေ့လာသူကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

✻ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ NEWJEC Inc.တို့ In-House Engineering Services အတွက် Agreement of Consulting Services လက်မှတ်ရေးထိုးခြင်းနှင့် High Tech Concrete Technology Co., Ltd. တို့ အထက်ရဲရွာရေအားလျှပ်စစ် စီမံကိန်း၏ ကွန်ကရစ်လုပ်ငန်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

✻ Software Development Offshore Centre တစ်ခုတည်ထောင်ရန်အတွက် ဂျပန်နိုင်ငံ DIR System Technology Co., Ltd. (Japan), USE Information Systems Development Co., Ltd.နှင့် မြန်မာနိုင်ငံ ACE Data Systems Co., Ltd. (Myanmar)တို့ နားလည်မှုစာချွန်လွှာကို ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်တွင် လက်မှတ်ရေးထိုး။

**၁-၅-၂၀၁၀**✻ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ပြည်ပမှဝင်ရောက်လာသည့် မည်သည့်နိုင်ငံခြားသားကိုမဆို ဆိုက်ရောက်ဗီဇာ စတင်ထုတ်ပေး။

✻ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တိုက် (အက်ဖ်)၊ အခန်း၃၀၁၊ ပုလဲကွန်ဒိုမီနီယမ်၊ ကမ္ဘာအေးစေတီလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS ပါတီများက အသုံးပြုမည့် အလံပုံစံများနှင့် တံဆိပ်ပုံစံများကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လာ

www.foreverspace.com.mm



ရောက်ကန့်ကွက်နိုင်ကြောင်းကြေညာချက်ကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်ကြေညာ။

* ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် ရပ်ကွက်(၂)၊ အမှတ် (ခ/၆/၁၃၇) ဒေါနလမ်း၊ နယ်မြေ ၆ တွင် ပါတီရုံးချပ်တည်ရှိ သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ပါတီ၏အလံနှင့် တံဆိပ်ပုံစံများကိုကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂-၅-၂၀၁၀*** ဒေါ်မိမိကြီး (ခ) ရွှေဘိုမိမိကြီး၊ နာယက၊ ဗြဟ္မစိုရ်အသင်း၊ အသက် (၈၄) နှစ် ကွယ်လွန်။

**၄-၅-၂၀၁၀*** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားသည့်ပါတီများအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အပါအဝင် ပါတီ ၁၀ ခုကို နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်ကြောင်း ထုတ်ပြန်ကြေညာ။ နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားသည့် အဖွဲ့ ၃၀ ရှိသည့်အနက် ၂၄ ဖွဲ့ကို တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

**၆-၅-၂၀၁၀*** ဉဇဘက်ကစ္စတန်သမ္မတနိုင်ငံ တာ့ရှ်ကင့်မြို့တွင် မေလ ၁ ရက်နေ့ကကျင်းပသည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေး၊ မေလ ၂ ရက်နေ့က ကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများသတင်းကွန်ဖရင့်နှင့် အရှေ့အာရှ ထိပ်သီးညီလာခံအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ မေ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင်ကျင်းပသည့် (၄၃) ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးများသို့တက်ရောက်ခဲ့သည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် လင်းပြည့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့၏ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဒိုးပင်ကွင်းကျေးရွာအုပ်စု ရတနာသီဂီသတ္တုတွင်းစီမံကိန်းကို ခဲသတ္တုသန့်စင် အကြီးစားတူးဖော်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် လုပ်ငန်းသဘောတူစာချုပ်ကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် ချုပ်ဆို။

* $X_2O$ ရေကစားမဏ္ဍပ်ရှေ့ ဗုံးပေါက်ကွဲမှုတွင် ကိုယ်တိုင်ကျူးလွန်ခဲ့သူများအနက် တစ်ဦးကိုဖမ်းဆီးရမိပြီး နောက်ကွယ်မှအထောက်အကူပြု ကြိုးကိုင်နေသူများအား ဖော်ထုတ်နိုင်ခဲ့မှုနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်ရုံး အရိန္ဒမာခန်းမ၌ကျင်းပ။

* ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၂၇/၂၀၁၀)ဖြင့် ကချင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၁၈) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၈/၂၀၁၀) ဖြင့် ကယားပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၇) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၂၉/၂၀၁၀) ဖြင့် ကရင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၇) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၀/၂၀၁၀) ဖြင့် ချင်းပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၉) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၁/ ၂၀၁၀) ဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၃၇) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၂/၂၀၁၀) ဖြင့် တနင်္သာရီတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၁၀) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၃/၂၀၁၀) ဖြင့် ပဲခူးတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲမြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၂၈)ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၄/၂၀၁၀) ဖြင့် မကွေးတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၂၅) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၅/၂၀၁၀) ဖြင့် မန္တလေးတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၃၁) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၆/ ၂၀၁၀) ဖြင့် မွန်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၁၀) ခုကိုလည်းကောင်း၊ ကြေညာချက် အမှတ် (၃၇/၂၀၁၀) ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၁၇) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၈/၂၀၁၀) ဖြင့် ရန်ကုန်တိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၄၅) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၃၉/၂၀၁၀) ဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၅၀) ခုကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၄၀/

www.foreverspace.com.mm

၂၀၁၀) ဖြင့် ဧရာဝတီတိုင်းအတွင်းရှိ ပြည်ထောင်စုရွေးကောက်ပွဲ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ (၂၆) ခုကိုလည်းကောင်း ဖွဲ့စည်းတာဝန်ပေးလိုက်ကြောင်း ထုတ်ပြန်ကြေညာ။

**၇-၅-၂၀၁၀*** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၄၁/ ၂၀၁၀) ဖြင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်းကို ထုတ်ပြန်ကြေညာ။

* ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အမှတ် ၁၈၊ ဈေးပိုင်းရပ်၊ အနောက်မြို့ပတ်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံ၊ တံဆိပ်တို့ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ကို နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၉-၅-၂၀၁၀*** အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ။ Mr. Kurt Michael Campbell သည် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့်လည်းကောင်း၊ မွန်းလွဲ ၃နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းခေါင်းဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းနှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်လည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်တွင် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့်လည်းကောင်း၊ ညနေ ၆ နာရီ မိနစ် ၅၀ တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ထုတ်ပြန်။

**၁၀-၅-၂၀၁၀*** အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ရန်ကုန်မြို့သို့ နံနက် ၉ နာရီ ၀၅ မိနစ်တွင် ရောက်ရှိ။ နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနေအိမ်၌ NLD ပါတီဟောင်းမှ ပုဂ္ဂိုလ်အချို့နှင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း၊ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနေအိမ်၌ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်အချို့နှင့်လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ကြောင်းနှင့် ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမေရိကန်စင်တာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာ။

* မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ (Myanmar Human Rights Body) နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the United Nations High Commissioner for Human Rights, Bangkok) တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာပြုစုရေးနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပ။

*လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် The Leprosy Mission Internatioal (TLMI) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ ဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းစီမံချက် ရှင်းလင်းတင်ပြခြင်းနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရာဟိုတယ်တွင် ကျင်းပ။

■

www.foreverspace.com.mm




# ၂၀၁၀ ရွေးကောက်ပွဲနှင့် မြန်မာမီဒီယာများ၏ အခန်းကဏ္ဍ

ဇင်ဇင်သော်

မြန်မာနိုင်ငံတွင် ပြီးခဲ့သော ကာလတစ်လျှောက် နောက်ဆုံးအကြိမ်အဖြစ် ကျင်းပထားသော ရွေးကောက်ပွဲအပြီး ဆယ်စုနှစ်နှစ်ခုအကြာ ယခု ၂၀၁၀ ပြည့်နှစ်တွင် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နည်းနာတစ်ရပ်ဟု အများနားလည် ထားသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ် ကျင်းပတော့မည်ဖြစ်ရာ ယင်းသို့သောအကူးအပြောင်းကာလအခြေအနေ သစ်တစ်ရပ်ကို မြန်မာနိုင်ငံသားများ ဖြတ်သန်းရတော့မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ မရှိမဖြစ်မဏ္ဍိုင်ကြီးများဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များပြီးလျှင် စတုတ္ထမဏ္ဍိုင်ဟု ညွှန်းဆိုသတ်မှတ်ကြသည့် မီဒီယာတို့သည်လည်း ယင်းအခြေအနေကို မလွဲမသွေရင်ဆိုင်ဖြတ်သန်းရတော့မည်ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်းရှိ မီဒီယာများ မည်သို့ပြင်ဆင်ထားသည်၊ မည်သို့သောရပ်တည်ချက်၊ မည်သည့်အနေအထားဖြင့်ဖြတ်သန်းမည်၊ ယင်းမီဒီယာများ၏အခန်းကဏ္ဍ မည်မျှနေရာယူနိုင်မည်ဆိုသည်တို့မှာ စိတ်ဝင်စားဖွယ်ဖြစ်လာသည်။

မီဒီယာကဏ္ဍတွင် အဓိကအားဖြင့် ပုံနှိပ်မီဒီယာ (Printing media)၊ ရုပ်သံနှင့် အသံလွှင့်မီဒီယာ (Broadcasting media) နှင့် Online media ဟူရှိရာ မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍတွင် အဓိကမောင်းနှင်အားကို ပုဂ္ဂလိကအများစုလုပ်ကိုင်နေသော ပုံနှိပ်မီဒီယာကဏ္ဍတွင် တွေ့မြင်ရသည်။ မြန်မာနိုင်ငံရှိ မီဒီယာကဏ္ဍသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှိတတ်သော အကန့်အသတ်နှင့် ၁၉၆၂ ခုနှစ်က စတင်လာသော အုပ်ချုပ်မှုပုံသဏ္ဍာန်တစ်ရပ်တို့ဖြင့် ရင်သန်လာခဲ့ရပြီး စာဖတ်သူထံ အရောက်အပေါက်မြန်ဆန်သည့် ပုဂ္ဂလိကသတင်းစာစောင်များ စတင်သည်မှာ ၁၉၉၇ ခုနှစ်တွင်မှဖြစ်ရာ သက်တမ်း ၁၄ နှစ်ခန့်သာရှိသေးသောနယ်ပယ်ဖြစ်သည်။ ပုံနှိပ်၊ အသံလွှင့်နှင့် ရုပ်သံ၊ Online မီဒီယာ သုံးမျိုးတွင် မြန်မာနိုင်ငံတွင် အသံလွှင့်နှင့် ရုပ်သံမီဒီယာများမှာ အစိုးရပိုင်များသာဖြစ်သည်။ ပုဂ္ဂလိက FM ရေဒီယိုများ ပေါ်ပေါက်လာသော်လည်း ယင်းတို့မှာ ဖျော်ဖြေရေးအတွက်သာ ထုတ်လွှင့်နေခြင်းဖြစ်ပြီး သတင်းအချက်အလက် မပါဝင်သလောက်ပင် ဖြစ်သည်။

ပုံနှိပ်မီဒီယာတွင်မူ နေ့စဉ်ထုတ်သတင်းစာများမှာ အစိုးရပိုင်ဖြစ်ပြီး မဂ္ဂဇင်း၊ ဂျာနယ်များတွင်သာ ပုဂ္ဂလိကထုတ်လုပ်မှုအများစု ပါဝင်သည်။ သို့ဖြစ်ရာ သတင်းအချက်အလက်နှင့်ပတ်သက်ပြီး လူထုစိတ်ဝင်စားမှုအများဆုံးရယူနိုင်သော ပုဂ္ဂလိကသတင်းစာစောင်များသည် မြန်မာနိုင်ငံ၏ အခြေအနေသစ်တစ်ရပ်တွင် အဓိကမောင်းနှင်တော့မည်ဖြစ်ရာ ယင်းတို့သည် ရွေးကောက်ပွဲကာလကို မည်သို့ဖြတ်သန်းမည်နည်း။ အချိန်ကာလမှာ နိုင်ငံ၏လမ်းညွှန်မြေပုံခုနစ်ချက်ပါအတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပမည့် ရွေးကောက်ပွဲကာလ။ ဒီမိုကရေစီနိုင်ငံဖြစ်ရေး အစပျိုးလိုက်သည့်ကာလ။

နိုင်ငံအတွက် အရေးကြီးဆုံးကာလတွင် သတင်းစာဆရာများ၏ရပ်တည်ချက်၊ နိုင်ငံရေးပါတီများ၏လိုလားချက်၊ လူထုထံသို့ရောက်ရှိမည့် သတင်းအချက်အလက်တို့အားလုံးညီညွတ်စွာ ပေါင်းဆုံနိုင်ရန် လိုအပ်လျက်ရှိသည်။

"မီဒီယာဟာ လူထုအတွက်လည်း ကြည့်ရမယ်။ တိုင်းပြည်အတွက်လည်း ကြည့်ရမယ်။ လက်ရှိအခြေအနေလည်း ကြည့်ရမယ်"

ယင်းမှာ ဝါရင့်သတင်းစာဆရာဖိုးသောကြာ (ခေတ်+မိုး) ၏ လက်ရှိအခြေအနေအရပ်ရပ်အတွက် ချင့်ချိန်သုံးသပ်မှုဖြစ်သည်။

## အသင့်ကြိုနိုင်မည်လား

မြန်မာနိုင်ငံ၏ သတင်းစာသမိုင်းမှာ ၁၈၃၆ ခုနှစ် မတ်လ ၃ ရက်နေ့တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော Molamain Chronical ဖြင့် စတင်ပြီး ၁၈၄၃ တွင် ပထမဆုံး မြန်မာဘာသာဖြင့် The Religion Herald ကိုထုတ်ဝေကာ ၁၈၅၃ ခုနှစ်တွင် ရန်ကုန်မြို့တွင် ပထမဆုံးထုတ်ဝေသောသတင်းစာအဖြစ် ရန်ကုန် ခရော်နီကယ် ထွက်ရှိလာသည်။ ၁၈၇၄ ခုနှစ်တွင်စတင်ထုတ်ဝေသော ရတနာပုံနေပြည်တော် သတင်းစာ The Mandalay Gazette မှာ မင်းတုန်းမင်းက သက်ဦးဆံပိုင်ခေတ်တွင် လွတ်လပ်စွာရေးခွင့်ပေးသည့် သတင်းစာဖြစ်သည်။

မြန်မာနိုင်ငံ၏ မီဒီယာအခန်းကဏ္ဍကိုပြန်ကြည့်လျှင် လွတ်လပ်ရေးမရမီကာလမှစပြီး လွတ်လပ်ရေးရပြီးနောက်တွင်လည်း ယခုကာလအထိ အနိမ့်အမြင့် အခြေအနေများဖြင့် ပုံနှိပ်မီဒီယာများ၏အနေအထားကို အခြေအနေတစ်ခုအသွင် တွေ့မြင်နိုင်ပေသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် ၁၈၈၅ ခုနှစ်မှ ၁၉၄၈ လွတ်လပ်ရေးရသောကာလမတိုင်ခင် မြန်မာသတင်း

**အကူးအပြောင်းကာလအခြေအနေသစ်တစ်ရပ်ဖြစ်သည်**






www.foreverspace.com.mm

www.foreverspace.com.mm

စာများသည် ကိုလိုနီနယ်ချဲ့လက်အောက်တွင်ရော ဖက်ဆစ်ဂျပန်တို့လက်အောက်တွင်ပါဖြတ်သန်းခဲ့ရသည်။ ဆိုရလျှင် မြန်မာသတင်းစာများသည် နိုင်ငံလွတ်လပ်ရေးမရခင်ကာလအတွင်း တိုင်းတစ်ပါးသားအုပ်ချုပ်မှုကိုတော်လှန်၍ လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်သော လှုပ်ရှားမှုအရေးတော်ပုံများနှင့် အတူဖြတ်သန်း တိုက်ပွဲဝင်ခဲ့ရပြီး တစ်ပြိုင်နက်တည်းပင် သတင်းစာလွတ်လပ်ခွင့်အတွက်လည်းတိုက်ပွဲဝင်ခဲ့ရသည်။ အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလအတွင်း ၁၉၂၀ ပထမ အကြိမ်ကျောင်းသားသပိတ်၊ ၁၉၃၀ တောင်သူလယ်သမားတော်လှန်ရေး၊ ၁၉၃၆ ဒုတိယအကြိမ် ကျောင်းသားသပိတ်၊ ၁၉၃၈ ၁၃၀၀ ပြည့်အရေးတော်ပုံတို့နှင့် အတူဖြတ်သန်းခဲ့ရပြီး ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အတွင်း ဖက်ဆစ်တို့အုပ်စိုးသော အမှောင်ဖုံးသည့်သတင်းစာခေတ်၊ ၁၉၄၅ ဖက်ဆစ်တော်လှန်ရေး၊ ၁၉၄၆ အထွေထွေသပိတ်တို့ကို ဖြတ်သန်းခဲ့ရသည်။ နယ်ချဲ့လက်အောက် လွတ်လပ်ရေးတိုက်ပွဲဝင်ရာတွင် အလိုတော်ရိသတင်းစာများမှအပ သတင်းစာများကို ဟန့်တားခြင်း၊ အာမခံတောင်းခြင်း၊ အယ်ဒီတာများကို တရားစွဲခြင်း၊ နယ်နှင်ခြင်း၊ ထောင်ချခြင်းတို့ ပြုခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးကာလမှ စကာယနေ့အထိ ကူးပြောင်းလာသော နိုင်ငံအခင်းအကျင်းကိုကြည့်လျှင် ယင်းတို့၏ အခြေအနေအချိန်အခါအလိုက် အပြောင်းအလဲရှိသော မီဒီယာများ၏ အနေအထားကိုတွေ့မြင်ရမည်ဖြစ်သည်။ မီဒီယာလွတ်လပ်ခွင့်များစွာရှိသည်ဟုဆိုသော ၁၉၅၃ ခုနှစ်တွင် မီဒီယာနယ်ပယ်အတွင်း စတင်ရောက်ရှိသူ ဝါရင့်သတင်းစာဆရာ ဦးခင်မောင်လေး [ဖိုးသောကြာ (ခေတ်+မိုး)] က ၁၉၅၈ ခုနှစ်ကာလသည် မီဒီယာလွတ်လပ်ခွင့် အကန့်အသတ်အနည်းငယ်ရှိပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပိုမိုလွတ်လပ်လာကာ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်းတွင်လည်း အလုံးစုံမလွတ်လပ်ပါဟု ပြန်ပြောင်းပြောဆိုသည်။ မြန်မာနိုင်ငံတွင် ယခုဖြတ်သန်းနေသော မီဒီယာကဏ္ဍ၏အနေအထားသည် ၁၉၈၈ ခုနှစ်မှစတင်သော အနေအထားဖြစ်သည်။ နိုင်ငံ၏အနေအထားကိုလိုက်ကာ ယှဉ်တွဲဖြစ်ပေါ်လာသောအခြေအနေအတိုင်း မိမိတို့တာဝန်ကို တတ်နိုင်သမျှ ကျေပွန်စွာထမ်းဆောင်နိုင်ရန် သတင်းမီဒီယာများ အသင့်စောင့်ကြိုပြင်ဆင်ထားရမည်သာဖြစ်သည်။

## ဖြတ်သန်းကြမည်

နိုင်ငံ၏အပြောင်းအလဲ၊ ရွေးကောက်ပွဲကာလတွင် စတုတ္ထမဏ္ဍိုင်၏ ဖွံ့ဖြိုးမှုအကျဉ်းအကျုံ့၊ တည်ရာအနေအထား၊ လားရာအရပ်၊ ပမာဏအနည်းအများ မည်သို့ပင်ရှိစေကာမူ ရှိသောအနေအထားအတိုင်း

**မီဒီယာများ၏ အခန်းကဏ္ဍ မည်မျှနေရာယူနိုင်သည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်**



www.foreverspace.com.mm



ဖြတ်သန်းကြမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြန်ကြားရေးဝန်ကြီးဌာနက နေ့စဉ်ထုတ်ဝေသော နိုင်ငံပိုင် သတင်းစာသုံးစောင်၊ မြို့တော်စည်ပင်သာယာရေးကော်မတီထုတ် နေ့စဉ်သတင်းစာနှစ်စောင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထုတ် နေ့စဉ်သတင်းစာတစ်စောင် ထုတ်ဝေလျက်ရှိသည်။ ပုဂ္ဂလိကထုတ် အပတ်စဉ်ဂျာနယ် ၁၃၁ စောင်နှင့် မဂ္ဂဇင်း ၁၅၅ စောင် (စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ ယခုနှစ် မတ်လအထိ စာရင်းအရ) ထုတ်ဝေလျက်ရှိပြီး ယင်းတို့တွင် အချိန်အခါကို လိုက်၍ နိုင်ငံရေးဆိုင်ရာများ ဦးစားပေးဖော်ပြနိုင်ဖွယ်ရှိသည်ဟု ခြုံငုံပြောဆိုနိုင်သော သတင်းဦးစားပေးဂျာနယ် ၃၀ ခန့်ပါဝင်သည်။ ယင်းစာစောင်များတွင်မှ ရွေးကောက်ပွဲနီးကာလမတိုင်ခင်ကတည်းက ဖော်ပြပုံအရ နိုင်ငံရေးဦးစားပေးဟုဆိုနိုင်သောစာစောင်များမှာ လက်ငါးချောင်းမပြည့်သည်ကိုတွေ့ရသည်။ ကျန်စာစောင်အမျိုးအစားများမှာ ကျန်းမာရေး၊ အနုပညာ၊ နည်းပညာ၊ နိုင်ငံတကာ၊ အားကစား၊ ကလေးစာစောင်၊ မှုခင်း စသည်ဖြင့် ၁၀ မျိုးခန့်ရှိသည်။ မဂ္ဂဇင်းများမှာလည်း ဤနည်းနှင်နှင်ဖြစ်ပြီး နိုင်ငံရေးဆိုင်ရာများ ဖော်ပြနိုင်ဖွယ်ရှိသည့်စာစောင်များ ရှားပါးသည်ကို တွေ့ရသည်။ ယင်းတို့တွင် အများစုမှာ ရန်ကုန်မြို့တော်အခြေစိုက်ဖြစ်ပြီး မန္တလေးအခြေစိုက် အနည်းအကျဉ်းမျှသာရှိကာ မြို့နယ်အလိုက်အခြေစိုက်၍ ပုံမှန်ထုတ်ဝေသောသတင်းစာစောင်များ မြန်မာနိုင်ငံတွင် မရှိသေးပါ။ ရုပ်သံမီဒီယာများတွင် အစိုးရက ထုတ်လွှင့်နေသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ MRTV-3, MRTV-4 တို့ဖြစ်သည်။ အက်ဖ်အမ်ရေဒီယိုလိုင်းများနှင့် 5 movies ရုပ်သံတို့မှာ ဖျော်ဖြေရေးလိုင်းများသာဖြစ်ရာ ရွေးကောက်ပွဲကာလတွင် သတင်းအချက်အလက်များကို ရရန် သေချာနေသေးသည်မှာ အထက်ပါစာစောင်များနှင့် ရုပ်သံများထံမှသာ ဖြစ်သည်။



**လူထုစိန်ဝင်း**

အဆိုပါမီဒီယာများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လူထုဆန္ဒခံယူပွဲကျင်းပစဉ်ကလည်း များစွာကွာခြားမှုမရှိသောအရေအတွက်၊ အသွင်သဏ္ဍာန်တို့ဖြင့် ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပစဉ်ကမူ အဆိုပါ



www.foreverspace.com.mm




ပုဂ္ဂလိကသတင်းစာစောင်များ ထုတ်ဝေခြင်းမရှိသောကာလဖြစ်သည်ကို တွေ့ရသည်။


လာမည့်ရွေးကောက်ပွဲကာလကို ဖြတ်သန်းကြရန်မှာ လက်ရှိအနေအထား၊ အခြေအနေအရပ်ရပ်တို့သာမက မီဒီယာနယ်ပယ်တွင်းရှိ ပုဂ္ဂိုလ်များ၏ အရည်အသွေးပိုင်းဆိုင်ရာဖြည့်ဆည်းမှု၊ အားထုတ်မှုတို့မှာလည်း ကြိုတင်ပြင်ဆင်ရန် လိုအပ်သော အရေးကြီးသည့်အချက်များဖြစ်သည်။

၎င်းတို့၏အနေအထားနှင့်ပတ်သက်ပြီး ဦးခင်မောင်လေးက "လက်ရှိလုပ်နေတဲ့ အနေအထားမှာ အားထုတ်မှုကို ကြိုက်တယ်၊ အားထုတ်မှုကို ပြောတာနော်။ ဒါပေမဲ့ ကိုယ်လိုချင်တဲ့ Result မရဘူး" ဟု သုံးသပ်သည်။

ဝါရင့်သတင်းစာဆရာ မောင်ဝံသကမူ "အခုနိုင်ငံရေးဖြစ်စဉ်နဲ့ပတ်သက်တာတော့ လက်စွမ်းပြတာ သိပ်မမြင်ရသေးဘူး။ ပြီးခဲ့တဲ့နာဂစ်ဆိုရင် တိုင်းပြည်အတွက်အရေးကြီးတဲ့ကိစ္စမျိုးတွေပေါ့၊ အဲဒီမှာတော့ တော်တော် Cover လုပ်နိုင်တယ်" ဟုဆိုသည်။

နိုင်ငံရေးသတင်းဖော်ပြမှုအတွက် အားထုတ်ရန် လိုအပ်ပုံကိုမူ လူထုစိန်ဝင်းက ယခုကဲ့သို့ဆိုပါသည်။ "နိုင်ငံရေးသတင်းထောက်လုပ်မယ့်သူဟာ နိုင်ငံရေးသမားတွေရဲ့ မျက်ခုံးမွှေးပေါ် စင်္ကြံလျှောက်နိုင်တဲ့အထိ နိုင်ငံရေးကျမ်းတွေကို ကျေနေဖို့လိုတယ်။ အဲဒီလိုအရည်အချင်းမရှိဘူးဆိုရင်တော့ ဘယ်နည်းနဲ့မှ နိုင်ငံရေးသတင်းထောက်ကောင်းတစ်ယောက် မဖြစ်နိုင်ဘူး"

ရွေးကောက်ပွဲပိုမိုနီးကပ်လာပြီဖြစ်သည်



## ဖြတ်သန်းခွင့်

၂၀၀၉ ခုနှစ်အတွင်း အပတ်စဉ်ထုတ် ပုဂ္ဂလိကစာစောင်များတွင် နိုင်ငံရေးနှင့်ပတ်သက်သော အကြောင်းအရာများ အပါအဝင် နှစ်ပေါင်းများစွာ ဝေဖန်ရေးသားခွင့်မရခဲ့သော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ စကားလုံး၊ အကြောင်းအရာများကို ပုံနှိပ်ဖော်ပြခွင့်ရလာသည်ကို တွေ့မြင်ရသည့်အပြင် ယခင်နှစ်အတန်ကြာကပင် ထုတ်ဝေခဲ့သော ပုဂ္ဂလိကအပတ်စဉ်စာစောင်အချို့ ရပ်နားခြင်းနှင့် အသစ်ထပ်မံထုတ်ဝေလာခြင်း၊ သတင်းဦးစားပေးစာစောင်များကြား ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာခြင်းတို့ကို တွေ့မြင်ရသည်။ ထို့ပြင် အပြောင်းအလဲတစ်ခုအဖြစ် နိုင်ငံပိုင်မီဒီယာများတွင် သက်ဆိုင်ရာနယ်ပယ်အလိုက် ပညာရပ်အသီးသီးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်းပါးများ အတွေ့ရများလာပြီး လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုအပေါ် ဝေဖန်တိုက်ခိုက်သောဆောင်းပါးများ မတွေ့ရသည်မှာ အတန်ကြာခဲ့ပြီး မကြာသေးခင်

www.foreverspace.com.mm



သကြိန်ကာလရက်အတွင်း ဖုံးပေါက်ကွဲမှု အပြီးတွင်မှ ယင်းသို့ဆောင်းပါးမျိုး ပြန်လည်တွေ့မြင်လာရခြင်းဖြစ်သည်။ ယခု ၂၀၁၀ ပြည့်နှစ်တွင်မူ ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ ယခင်က စာမျက်နှာများပေါ်တွင်မတွေ့ရသော နိုင်ငံရေး၊ နိုင်ငံရေးပါတီများဆိုင်ရာ အကြောင်းအရာများကို တွေ့မြင်လာရသည်။ နိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများကိုမြင်တွေ့လာရသည်။

မြန်မာနိုင်ငံတွင် လက်ရှိရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိသမျှသော စာအုပ်၊ စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန (ယခင်ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်) က ကွပ်ကဲစိစစ်လျက်ရှိသည်။ စာပေစိစစ်ရေးလုပ်ငန်း၏ရည်ရွယ်ချက်များအဖြစ် (၁) စာပေလောကသားများ၏ စွမ်းအားကို တိုင်းပြည်နှင့်လူမျိုး အကျိုးဖော်ဆောင်ရာတွင် စည်းရုံးကွပ်ကဲဆောင်ရွက်ရန်၊ (၂) စာပေစိစစ်နှင့် စာပေလောကသားများ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ရန်၊ (၃) စာပေလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်၊ (၄) စာပေလောကကို နိုင်ငံတော်၏ မူဝါဒ၊ ပေါ်လစီ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့်အညီ စိစစ်ထိန်းသိမ်းကြပ်မတ်ရန်ဟု သတ်မှတ်ထားသည်ကိုတွေ့ရပါသည်။

ယင်းဌာနတွင် လက်ရှိညွှန်ကြားရေးမှူး တာဝန်ယူနေသူ ဦးတင့်ဆွေက "Road Map ခုနစ်ချက်နဲ့မငြိရင်၊ အမျိုးသားရေးကို မထိခိုက်ရင် ခွင့်ပြုပေးသွားမှာပါ" ဟု ပြောကြားသည်။

ဧပြီလအတွင်းက ရန်ကုန်တိုင်းမ် သတင်းဂျာနယ်တွင်လည်း "အခုချိန်မှာတော့ ဂျာနယ်တွေဟာ အမျိုးသားနိုင်ငံရေးကိုပဲ ပုံဖော်ပြီး စတုတ္ထမဏ္ဍိုင်ကိုပဲ တည့်မတ်ပေးနေရပါတယ်။ အမျိုးသားနိုင်ငံရေးကိုအခြေခံတဲ့ စတုတ္ထမဏ္ဍိုင်ကို တည့်အောင်ထိန်းကျောင်းပေးဖို့ပဲရှိပါတယ်" ဟု ၂၀၁၀ ရွေးကောက်ပွဲနှင့် မီဒီယာ၏အရေးပါမှုနှင့်ပတ်သက်ပြီး ဦးတင့်ဆွေက ပြောဆိုထားသည်ကို တွေ့ရသည်။

ရွေးကောက်ပွဲကာလတွင် သတင်းမီဒီယာများအနေဖြင့် ဖော်ပြခွင့်ရနိုင်မှု အခြေအနေကို ဝါရင့်သတင်းစာဆရာ မောင်ဝံသက မှတ်ချက်ပြုသည်မှာ "ကြိုပြီးတော့ မှန်းလို့မရဘူး။ စာပေစိစစ်ရေးဆိုတာကလည်း နိုင်ငံရေးမိုးလေဝသပေါ်မှာ မူတည်ပြီး အလုပ်လုပ်ရတာကိုး"

"ပုံနှိပ်ခွင့်ရဖို့က သတင်းသမားတွေ အလုပ်မဟုတ်ဘူး။ စိစစ်ရေးအလုပ်ပဲ။ သတင်းထောက်ရဲ့တာဝန်က အမှန်တရားကို တင်ပြဖို့ပဲ" ဟု လူထုစိန်ဝင်းက ပြောဆိုသည်။

## နိုင်ငံရေးပါတီများနှင့် မီဒီယာ

ယခုအခါ ပုဂ္ဂလိက အပတ်စဉ်ထုတ် သတင်းစာစောင်များတွင် နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီး ဖော်ပြလာကြသည်ကို တွေ့ရသည်။ ယင်းသို့ ဖော်ပြရာတွင် အင်တာဗျူးပုံစံ၊ သတင်းပုံစံ စသည်ဖြင့် အမျိုးမျိုး မြင်တွေ့နိုင်ပါသည်။ ခေတ်အဆက်ဆက် ရွေးကောက်ပွဲများပြုလုပ်ကြရာတွင် နိုင်ငံရေးပါတီများ၊ မီဒီယာများ၊ နိုင်ငံရေးသမားများ၊ သတင်းသမားများ၏ ယှက်နွယ်မှုအမျိုးမျိုးကို တွေ့မြင်ရပါမည်။ သို့ဖြစ်ရာ ၎င်းတို့၏ လိုလားချက်များပေါ် မူတည်ကာ တူညီမှုနှင့် ကွဲပြားမှုအမျိုးမျိုးတို့ကို တွေ့မြင်ရမည်ဖြစ်သည်။

"မီဒီယာအခန်းကဏ္ဍက တစ်အားအရေးကြီးတယ်။ Propagan မှာ ပြည်တွင်းမီဒီယာတွေကိုပဲ အားကိုးရမှာ" ဟု ဦးဖြိုးမင်းသိန်းက ဆိုသကဲ့သို့ "ဘယ်ဟာမဆို



ဦးသုဝေ

www.foreverspace.com.mm

ကုန်ပစ္စည်းတစ်ခုတောင်မှ အရောင်းသွက်ချင်ရင် Advertise လုပ်ရတာပဲ။ မီဒီယာသုံးရတယ်။ နိုင်ငံရေးပါတီလည်း ဒီလိုပဲ” ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ အတွင်းရေးမှူး ဒေါ်နေရီဗဆွေက ပြောကြားသည်။

မီဒီယာများအနေဖြင့်လည်း သတင်းနှင့် ကြော်ငြာကွဲပြားရေး၊ မည်သည့်ဘက်သို့မျှမယိမ်းဘဲ စတုတ္ထမဏ္ဍိုင်ပီသစွာ မတ်မတ်ရပ်ရေးတို့မှာ အရေးကြီးလှပါသည်။ ပါတီဖွဲ့၍ ရွေးကောက်ပွဲဝင်မည်ဟု အစောဆုံးထုတ်ဖော်ပြောဆိုသော ယင်းပါတီဥက္ကဋ္ဌ ဦးသုဝေက “မီဒီယာတွေကိုလည်း သုံးမှာပဲ။ မီဒီယာတွေကလည်း ဘက်လိုက်မှာပဲ။ မီဒီယာစစ်စစ်တွေလည်းရှိမှာပဲ” ဟု ကြိုတင်သုံးသပ်သည်။

လူထုသို့ သတင်းအချက်အလက်များပေးရာတွင် သတင်းမီဒီယာများ မည်သို့ရပ်တည်၍ မည်သို့ခံယူချက်ဖြင့် လုပ်ဆောင်ကြမည်နည်း။ မည်သည့်နိုင်ငံဖြစ်စေ ခေတ်အဆက်ဆက်ရွေးကောက်ပွဲများတွင် မီဒီယာများ အဖက်ဖက်သို့ ယိမ်းယိုင်ခဲ့သော သာဓကများ၊ ယင်းတို့ကြောင့် လူထုဒဏ်ခတ်ခံရပြီး ပျက်သုဉ်းသွားသောသတင်းစာများ သာဓကအဖြစ်ရှိခဲ့ရာ သတင်းစာဆရာတို့၏ တင်ပြမှု၊ သတင်းစာတို့၏ ရပ်တည်ချက်တို့မှာ သတိထား ထိန်းသိမ်းဖွယ်ရာဖြစ်သည်။ ယင်းအတွက် ပြည်သူလူထုမျက်နှာကိုသာကြည့်ရပါမည်ဟု သတင်းစာဆရာအားလုံးက တညီတညွတ်တည်း ဆိုကြပါသည်။



ဝါရင့်သတင်းစာဆရာ
မောင်ဝံသ

## ၂၀၁၀ အလွှန်

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ (Guided Democracy) ဟု စတင်ဖော်ဆောင်သည့် ၂၀၁၀ အလွန်ကာလသည် မည်သို့သော မတူခြားနားသည့် မီဒီယာအသွင် ပေါ်ပေါက်လာမည့်ကာလနည်းဟု မျှော်လင့်သူများက မျှော်လင့်လျက်ရှိကြသည်။

“အရပ်သားအစိုးရတစ်ခု ပေါ်ထွက်လာမယ်လို့ မျှော်လင့်ထားပြီး အရပ်သားအစိုးရရဲ့ဂုဏ်အင်္ဂါနဲ့ညီတဲ့ မီဒီယာ ဖြစ်လာမယ်လို့ မျှော်လင့်တယ်။ မီဒီယာဟာလည်း မီဒီယာရဲ့စည်းကမ်းနဲ့ညီရတာပေါ့” ဟု ဒေါ်သန်းသန်းနုက ၂၀၁၀ အလွန်ကာလ မီဒီယာအခန်းကဏ္ဍအပေါ် မျှော်လင့်ထားမှုကို ပြောဆိုသည်။

“Constitution (အခြေခံဥပဒေ) က ပေးတဲ့ဘောင်ထဲမှာပဲ မီဒီယာလွတ်လပ်ခွင့်ရမယ် ... အစိုးရပေါ်မှာ မူတည်တယ် ... ဒီ Constitution က ရွေးပေးလိုက်တဲ့ Government ပေါ်မှာပဲ မူတည်တယ် ... သမ္မတလက်ထဲမှာ အကုန်ထည့်ထားတယ်” ဟု ဖိုးသောကြာက မှတ်ချက်ပြုသည်။ ၂၀၁၀ အလွန်ကာလ သတင်းစာလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး ယုံကြည်စွာပေးရန်လိုသကဲ့သို့ မီဒီယာဘက်မှလည်း ယုံကြည်မှုရအောင် လုပ်ဆောင်ပြရမည်ဟု ၎င်းက ချိန်ဆပြောဆိုသည်။

လူထုစိန်ဝင်းက မှတ်ချက်ပြုသည်မှာ “ခေတ်တိုင်းမှာ သတင်းလွတ်လပ်ခွင့် အပြည့်အဝရှိတဲ့နိုင်ငံ

www.foreverspace.com.mm





## စတုတ္ထမဏ္ဍိုင်ပီသစွာရပ်တည်ရေး အရေးကြီးသည်

ဆိုတာ ဘယ်နိုင်ငံမှ မရှိဘူး"

ဦးသုဝေကမူ "အနည်းဆုံးတော့ အခု ထက်ပိုပြီး မျှော်မှန်းတယ်။ ဒီမိုကရေစီ ပီပြင်လေ ပိုပြီးလွတ်လပ်လေပါပဲ" ဟု မှတ်ချက်ပြုသည်။

မီဒီယာလောကတွင် ကာလအတော်ကြာကင်းကွာနေခဲ့သော နိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ ဖော်ပြလာရသော ကာလ၊ နိုင်ငံရေးသတင်းများနှင့်ပတ်သက်သည့် အတွေ့အကြုံသစ်များကို သတင်းထောက်များ၊ အယ်ဒီတာများ ကိုင်တွယ်ထိတွေ့ရတော့မည့်ကာလ၊ နိုင်ငံ၏ ဒီမိုကရေစီအရေး၊ အမျိုးသားရေးတို့ကို ရှေးရှုလုပ်ဆောင်ကြမည့်ကာလတွင် ယင်းသို့ အဖုံဖုံအရပ်ရပ် အခြေအနေသစ်များအတွက် မည်သို့ပြင်ဆင်ထားသနည်း၊ မည်သို့ရပ်တည်ရန် ဆုံးဖြတ်ထားသနည်းဆိုသည်တို့မှာ စောကြောဖွယ်ဖြစ်သည်။ အနည်းငယ်ဖြစ်စေ၊ အများအပြားဖြစ်စေ ပြောင်းလဲလာနိုင်သောကာလနောက်ပိုင်းတွင် မီဒီယာနယ်ပယ်တွင်း လုပ်ကိုင်နေသူများ အနေဖြင့် သတင်းမီဒီယာလုပ်ငန်းနယ်ပယ်၏ အနာဂတ်ဖွံ့ဖြိုးရေးအတွက် မည်သို့ကြံဆောင်ရန် စိတ်ကူးရှိသနည်းဆိုသည်တို့မှာ များစွာစိတ်ဝင်စားဖွယ်ရာကောင်းလှသော်ငြား ၎င်းတို့၏ ၉၀ ရာခိုင်နှုန်းထက်မနည်းသောပမာဏက ပြောဆိုရန်ငြင်းပယ်လျက်ရှိသည်ကို တွေ့ကြုံရသည်။ Favourite News ၏အယ်ဒီတာချုပ် ဦးခင်မောင်လေးကမူ "ဒီနေ့ နေ့စဉ်သတင်းစာထုတ်ခွင့်ပေးရင် ဒီနေ့ နေ့စဉ်ထုတ်မယ်" ဟု သတင်းမီဒီယာကဏ္ဍ၏ ကြုံရကောင်း ကြုံရနိုင်သည့် အပြောင်းအလဲကာလအတွက် ကြိုတင်၍ ၎င်း၏ဆန္ဒကို ပြောဆိုပါသည်။

မည်သို့ပင်ဖြစ်စေ ယခုနှစ်အတွင်း ကျင်းပမည်ဟုဆိုသဖြင့် ပိုမိုနီးကပ်လာပြီဟုဆိုနိုင်သော ရွေးကောက်ပွဲကို ရှိနေသော အနေအထား၊ ကြုံတွေ့ရမည့် အခြေအနေများအတိုင်း ဖြတ်သန်းရတော့မည်ဖြစ်ရာ နိုင်ငံ၏စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာအနေဖြင့် မည်သို့ရပ်တည်မည်၊ မီဒီယာ၏တန်ဖိုးကို မည်သို့ထိန်းသိမ်းမည်ဆိုသည်တို့မှာ ကြိုတင်ကြံ့ကြံ့ခံပြင်ဆင်ထားရန် လိုအပ်သောအရာများဖြစ်သည်။

**ဇင်ဇင်သော်**

■

www.foreverspace.com.mm

**၂၀၁၀ ရွေးကောက်ပွဲကာလတွင် ဖြတ်သန်းရမည့် သတင်းမီဒီယာနယ်ပယ်တွင်းမှ တာဝန်ရှိသူများအနေဖြင့် ယင်းကာလအကြိုရော၊ ယင်းကာလတွင်ပါ သတင်းစာဆရာတို့၏ တာဝန်ကျေပွန်နိုင်ရေးနှင့် သတင်းစာဆရာပီသရေးတို့အတွက် ဝါရင့်သတင်းစာဆရာကြီးများပြောကြားသည့် ရှုမြင်သုံးသပ်အကြံပြုချက်များကို ဖော်ပြလိုက်ပါသည်။**

## ရွေးကောက်ပွဲနှင့်ပတ်သက်၍ မီဒီယာ၏အဓိကတာဝန်နှင့် ရပ်တည်ချက်

**ဖိုးသောကြာ ။ ။** သတင်းသမားရဲ့စတင်ပေါ်ပေါက်လာတဲ့ အခြေခံဟာ Truth ပဲ။ Truth က မီဒီယာသမားတစ်ယောက်ရဲ့ အကောင်းဆုံးလက်နက်ပဲ။ Truth ကို စောင့်ထိန်းနိုင်သမျှကာလပတ်လုံး လူထုပေါ်မှာသြဇာရှိတယ်။ ဘာဖြစ်လို့လဲ၊ သူသည် လူထုအတွက် သတင်းသမားလုပ်မယ်ဆိုတဲ့စိတ်နဲ့ လုပ်ကြတာ။ Volunteer လုပ်တာ။ ပြည်သူ့အကျိုးသယ်ပိုးမယ်ဆိုတဲ့စိတ်နဲ့။ အဲဒီစိတ်မရှိရင် သတင်းသမားကောင်းမဖြစ်ဘူး။

နိုင်ငံရေးပါတီကလူက နိုင်ငံရေးပါတီဘောင်ထဲမှာရှိတယ်။ သတင်းသမားဟာ အစိုးရအတွက်မဟုတ်ဘူး၊ ပါတီအတွက်မဟုတ်ဘူး။ လူထုအတွက်။ ဒါကြောင့် မဏ္ဍိုင်ဖြစ်သွားတာ။

၂၀၀၈ ခုနှစ် အခြေခံဥပဒေအရဖြစ်ပေါ်လာတဲ့ နိုင်ငံရေးပါတီဟာ မည်သို့သောနိုင်ငံရေးပါတီဖြစ်ပါစေ သတင်းသမားသည် စတုတ္ထမဏ္ဍိုင်နေရာမှာပဲနေရမယ်။ ဘယ်ဘက်မှမလိုက်ပါနဲ့။ မရေးရရင်မရေးပါနဲ့။ . . . . ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမရှိရဘူး။ တိုင်းပြည်စွဲတော့ရှိရမယ်။

**လူထုစိန်ဝင်း ။ ။** သတင်းသမားဆိုတာ ဖြစ်လာတဲ့အဖြစ်အပျက်ကို စောင့်ကြည့်ပြီး အမှန်အတိုင်းဖော်ပြမယ်၊ ဝေဖန်မယ်။ ဒါပဲ။ . . . သတင်းသမားက ဘယ်သူ့မှ ပညာပေးဖို့မလိုဘူး။ အခု ဒီနေ့ ဂျာနယ်အချို့နဲ့ လူတချို့ဟာ ကိုယ့်ကိုယ်ကိုယ် ဆရာကြီးနေရာကို အတင်းဝင်ပြီး ဆရာကြီးလုပ်နေကြတယ်။ အဲဒါဟာ ဂျာနယ်လစ်မပီသဘူး။ . . . အစိုးရပဲဖြစ်စေ၊ နိုင်ငံရေးပါတီဖြစ်စေ လမ်းလွဲနေရင် လမ်းလွဲနေတာကို ဝေဖန်ဖို့ပဲရှိတယ်။

**မောင်ဝံသ ။ ။** ဒီမိုကရေစီဖော်ဆောင်ရေးနဲ့ပတ်သက်ပြီး ပြည်သူလူထုရဲ့ ပါဝင်တဲ့အခန်းကဏ္ဍတွေကို အားပေးအားမြှောက် လုပ်ပေးရမယ်။ ခြိမ်းခြောက်တာတွေမကြောက်ဖို့၊ ပြည်သူလူထုက ကိုယ့်ရဲ့စိတ်ဆန္ဒအတိုင်း မှန်မှန်ကန်ကန်မဲဆန္ဒပေးဖို့။ မဲပေးတဲ့အခါမှာလည်း ကြောက်လို့ပေးတာတို့၊ ပြီးစလွယ်လုပ်တာတို့ အဲလိုမလုပ်ကြပါနဲ့။ အဲဒါမျိုး ပြည်သူလူထုကိုနားသွင်းပေးရမယ်။ နားဝင်အောင် ပြောပေးရမယ်။

ကျွန်တော့်အနေနဲ့ပြောမယ်ဆိုရင် ဂျာနယ်လစ်ဟာ ပြည်သူလူထုရဲ့ နား၊ မျက်စိ။ ပြည်သူလူထုမကြားရတာကို သူကြားရမယ်။ ပြည်သူလူထုမမြင်တာကို မြင်အောင်ကြိုးစားရမယ်။ အဲဒီအပိုင်းတင်မကဘဲနဲ့ ပြည်သူလူထုရဲ့ Opinion Leader တာဝန်ကိုလည်း တတ်နိုင်သလောက် ထမ်းဆောင်ရမယ်။ ဖြစ်သင့်ဖြစ်ထိုက်တာတွေလည်းပြောရမယ်။ အခုဒီတိုင်းပြည်မှာ ဘာအရေးကြီးဆုံးလဲဆိုရင် ဒီမိုကရေစီထူထောင်ရေးက အရေးကြီးဆုံးပဲ။ ဒီမိုကရေစီနိုင်ငံတော်ပေါ်ဖို့ ပြည်သူကိုတိုက်နိုင်သမျှ တွန်းအားပေးရမယ်။ ပြည်သူလူထုကို ဒီမိုကရေစီနဲ့ပတ်သက်လို့ တတ်နိုင်သမျှရှင်းပြဖို့လိုတယ်။ ဒီမိုကရေစီကိုချစ်မြတ်နိုးအောင်၊ ဒီမိုကရေစီပေါ်မှာ အယုံအကြည်မရှိတာတို့၊ အထင်သေးတာတို့၊ စိတ်ကုန်တာတို့မဖြစ်ဘဲနဲ့ ဒီမိုကရေစီဆိုတာ တကယ့်အနှစ်သာရ၊ ပြည်သူလူထုတန်ဖိုးထားရမယ့်ကိစ္စ၊ ပြည်သူလူထုရဲ့ဘဝတွေအားလုံး သာယာ ချမ်းမြေ့တဲ့ပန်းတိုင်ကို ရောက်နိုင်တဲ့လမ်း ကြောင်း၊ အဲဒါမျိုးကိုပြောရမယ်။ လောလောဆယ် လူထုက ဒီမိုကရေစီကို သံသယတွေ ဖြစ်နေတယ်။ ဘာလို့ဆို ဒီမိုကရေစီလို့ ပြောတာနဲ့ ငါတို့ဒုက္ခရောက်တော့မလား၊ ဒီမိုကရေစီနဲ့ပတ်သက်လို့ "ငါဘာများဖြစ်မလဲ" ဆိုတာမျိုး သံသယတွေဖြစ်လာတာပေါ့။ အဲ ဒါမျိုးကိုကျော်လွှားပေးရမယ်။ နောက်တစ်ခါ သူ့ကို Free and Fair Election ဖြစ်အောင် တစ်ဖက်က ကြိုးစားပြီးတိုက်တွန်းပေးသလို ဘာမှကြောက်စရာမလိုဘူးဆိုတာ Encourage လုပ်ပေးရမယ်။ ဒါ Journalist တွေရဲ့ လက်ရှိတာဝန်ပဲ။ ဆိုလိုတာက မတော်မတရားလုပ်လို့မရဘူး။ ခြိမ်းခြောက်ရင်လည်း ဘာမှ ကြောက်စရာမလိုဘူး။ ဒီအချိန်မှာ Propaganda လုပ်ပေးရမယ်။




## လက်ရှိမီဒီယာများ၏ အနေအထား

**ဖိုးသောကြာ ။ ။** လက်ရှိလုပ်နေတဲ့ အနေအထား

www.foreverspace.com.mm



မှု အားထုတ်မှုကို ကြိုက်တယ်။ ဂျာနယ်တွေအားထုတ်မှုကိုပြော တာနော်။ ဒါပေမဲ့ ဂျာနယ်တွေအားထုတ်မှုမှာ ကိုယ်လိုချင်တဲ့ Result မရဘူး။ Effort မရဘူး။

**လူထုစိန်ဝင်း ။ ။** ဒီနေ့မီဒီယာတွေဟာ ၂၀၀၉ ကစပြီး နိုင်ငံရေး သတင်းတွေ၊ နိုင်ငံရေးဆောင်းပါးတွေ ဖော်ပြလာကြတာ တွေ့ရ တယ်။ ပထမတစ်ပိုင်းက ဘာတွေလဲဆိုတော့ သမိုင်းတွေကိုပြန် လည်ဖော်ထုတ်ပြီး၊ သမိုင်းထဲက သင်ခန်းစာယူရအောင်ဆိုပြီး ရှေး ရှေးတုန်းက အဖြစ်အပျက်တွေ တို့ဗမာအစည်းအရုံးအကြွေပြတို့၊ GCBA အကွဲအပြဲတို့၊ သန့်ရှင်းတည်မြဲ အကွဲအပြဲတို့ အဲဒီအကွဲ အပြဲတွေကိုဖော်ပြပြီးရေးနေကြတဲ့အပိုင်းတစ်ပိုင်းရှိတယ်။ ကာတွန်း တွေဖော်ပြလိုက်၊ ဆောင်းပါးတွေဖော်ပြလိုက်။ အဲဒါတွေက နိုင်ငံ ရေးကို လူတွေရွံရှာစက်ဆုပ်သွားအောင်လုပ်သလိုဖြစ်နေတယ်။ ဒီလို ကွဲတာပြတာတွေရေးနေရင် နိုင်ငံရေးသမားတွေ အဲဒီလိုလုပ်ခဲ့လို့ နယ်ချဲ့လက်အောက်ကလွတ်မြောက်ပြီး လွတ်လပ်တဲ့နိုင်ငံဖြစ်မှာ ပါလားဆိုတဲ့အချက်ကိုတော့ သူတို့က မေ့မိန်ထားတယ်။... အတိတ်ကိုပြန်တမ်းတနေလို့မရဘူး။ သင်ခန်းစာယူဖို့ပဲ။... တချို့ ဂျာနယ်တွေ၊ တချို့ပုဂ္ဂိုလ်တွေ သတင်းစာဆရာမှာ မီဒီယာသမားနေ ရာမှာမနေဘဲ မင်းဆရာကြီးနေရာမှာ ဇွတ်အတင်းဝင်ယူနေကြတယ်။

**မောင်ဝံသ ။ ။** ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်အထိဟာ ဂျာနယ် တွေပဲရှိတယ်။ နေ့စဉ်သတင်းစာမရှိသေးဘူး။ ဒီဂျာနယ်တွေက ရွေးကောက်ပွဲတစ်ခု၊ နိုင်ငံတကာမှာရှိနေတဲ့ ရွေးကောက်ပွဲတွေမှာက လုပ်ထုံးလုပ်နည်းအတိုင်း သတင်းဘယ်လိုလိုက်ကြသလဲ။ သတင်း ဘယ်လိုဖော်ပြကြလဲ။ ဝေဖန်ချက်ဘယ်လိုလုပ်ကြလဲ။ အဲဒီအတိုင်း ဒီမှာလုပ်ရမှာပဲ။ ဒါပေမဲ့ အဲဒီအတိုင်းလုပ်လို့ အခွင့်သာ၊ မသာကြည့် ရမယ်။ ခုလောလောဆယ်တော့ စာပေစိစစ်ရေးရှိတယ်။ Pre-censor ရှိတဲ့အတွက် ပြိုင်မြင်းအနေနဲ့ပြောရင် ခြေကုန်ပြေးလို့မရ ဘူး။ သတ်မှတ်ထားတဲ့အတိုင်းပဲပြေးရတယ်။

ကိုယ့်ဘက်ကလုပ်စရာရှိတာကတော့ မီဒီယာသမားတာဝန်ရှိ နေတဲ့ ဂျာနယ်၊ အယ်ဒီတာသတင်းထောက်တွေကတော့ ရွေး ကောက်ပွဲလုပ်ပြီဆိုရင် အခြေခံဥပဒေဟာ ဘယ်လိုအခြေခံဥပဒေလဲ၊ အခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ ပြည်သူလူထုကိုပြန်ရှင်းပြဖို့လို တယ်။ ဒီအခြေခံဥပဒေဟာ ဘယ်လိုအမျိုးအစားလဲ။ သက်ရောက် မှုက ဘာတွေလဲ။ ပြည်သူလူထုရဲ့အခွင့်အရေးတွေ ဘာတွေလာလဲ။ နောက်ပြည်သူလူထုက လိုက်နာရမယ့် တာဝန်ဝတ္တရားဘာရှိလဲ။ ပိုင်ခွင့်ကဘာတွေရှိသလဲ။ အဲဒီလိုအခြေခံဥပဒေနဲ့ပတ်သက်ပြီး ထိုက်သင့်သလောက်ပြန်ရှင်းပြရမယ်။

နောက်တစ်ခါ နိုင်ငံရေးသမားတွေနဲ့ပတ်သက်ပြီး သူတို့ဟာ ဘယ်လိုလူမျိုးတွေလဲ။ အရင်ကဘာတွေလုပ်ခဲ့ဖူးသလဲ။ ဒါမျိုးတွေ ကိုလည်း ဖော်ပြနိုင်သလောက်ဖော်ပြရမယ်။ နောက်တစ်ခါ ရွေး ကောက်ပွဲနဲ့ပတ်သက်ပြီး နိုင်ငံတကာမှာရှိတဲ့ ထုံးစံအတိုင်း မသမာ မှုတွေရှိတယ်။ တစ်ဖက်နဲ့တစ်ဖက်ညစ်ပတ်တာတွေရှိတယ်။ တရား မျှတမှုမရှိတာတွေဖြစ်မယ်။ အဲဒီလိုအဖြစ်တွေရှိတယ်ဆိုရင်လည်း မီဒီယာတွေကဖော်ထုတ်ပေးရမှာပဲ။ တိုင်းပြည်ကသိအောင် ဒါမှ မဟုတ်အရေးယူဆောင်ရွက်နိုင်တဲ့ အာဏာပိုင်တွေသိအောင် မီဒီယာ တွေက ပြောပေးရမယ်။

## မီဒီယာများ၏ ပြင်ဆင်ထားမှုအခြေအနေ

**ဖိုးသောကြာ ။ ။** ဒီမိုကရေစီနိုင်ငံမှန်ရင် မီဒီယာအတွက် နေရာ ရှိပြီးသား။ ဒီမိုကရေစီနိုင်ငံဖြစ်ရင် တွဲပါလာမယ်။ မီဒီယာရဲ့နေရာ အတွက် ဒီကနေ့ မီဒီယာတွေဟာ အားထုတ်ဖို့တော့ အများကြီး လိုနေသေးတယ်။ သတင်းစာမှုဝါဒကိုကျင့်သုံးရမယ်။ ဘယ်ဘက် မှမလိုက်ရဘူး။ လူထုဘက်ကပဲလိုက်ရမယ်။ လူထု မှားနေရင်ပင် မီဒီယာကထောက်ပြရမယ်။

**လူထုစိန်ဝင်း ။ ။** ထုတ်ပြန်ကြေညာတဲ့ ကြေညာချက်တွေအတိုင်း လိုက်ပြီး ရေးလို့လည်း သတင်းသမားကောင်းတစ်ယောက်မဖြစ် ဘူး။ အခုနှစ်ပေါင်းများစွာ ဗမာပြည်မှာရှိလာခဲ့တာကတော့ အဲဒီ အတိုင်းပြန်ရေးကြတာပဲ။

အဲဒီအတိုင်းပြန်ရေးတဲ့အကျင့်ကပါနေပြီ။ နိုင်ငံရေးပါတီတွေ နဲ့တွေ့တဲ့အခါ သူတို့ကထုတ်ပြန်တဲ့ ကြေညာချက်တွေ၊ Palmflat တွေကိုပဲကြည့်ရေးလို့မရဘူး။ အဲဒါကို နိုင်ငံရေးပါတီတွေကို ကြော် ငြာပေးသလိုဖြစ်မယ်။ နိုင်ငံရေးပါတီတွေရဲ့ အသုံးချခံ ခုတုံးဖြစ် သွားမယ်။ . . . နိုင်ငံရေးသတင်းထောက်လုပ်ရင် နိုင်ငံရေး အကြောင်းကို ကောင်းကောင်းနားလည်ထားဖို့လိုတယ်။ နိုင်ငံရေး အကြောင်း နားလည်တဲ့အခါမှာလည်း အခုခေတ်လူငယ်တွေ နိုင်ငံခြား ကစားအုပ်တွေဖတ်ပြီးတော့ နိုင်ငံရေးလေ့လာနေကြတယ်။ အခုခေတ် လူငယ်တွေကိုပြောလိုက်ရင် ဖူကူယားမားဆိုလည်း သိတယ်။ ဟန်တင်တန်ဆိုလည်း သိတယ်။ ပီတာဒရပ်ကားဆိုလည်း သိတယ်။ မြန်မာနိုင်ငံရဲ့လယ်ယာမြေစနစ်အကြောင်းမေးရင် ဘာမှမသိဘူး။

**မောင်ဝံသ ။ ။** Quality (အရည်အသွေး) ပိုင်းကတော့ ဒီအချိန်မှာ မီဒီယာသမားတွေဟာ အတွေ့အကြုံရှိတဲ့လူလည်းရှိနိုင်တယ်၊ မရှိ တဲ့လူလည်းရှိနိုင်တယ်။ ရွေးကောက်ပွဲသတင်းတစ်ခုကို ဘယ်လို လိုက်သလဲဆိုရင် အတွေ့အကြုံ ဒါပထမဆုံးရတာပဲ။ သူ Learning (သင်ယူ) လုပ်သွားရင်းပဲလုပ်ရမှာပဲ။ အရေးကြီးတာက Source (သတင်းရင်းမြစ်) တွေပေါ့။ ဒီအချိန်မှာလုပ်ထားရမှာက သတင်းအရင်းအမြစ်တွေပေါ့။ နောက်တစ်ခါပြည်နယ်တို့၊ တိုင်း ဒေသကြီးတို့မှာလည်း ဘယ်လိုဖြစ်ပေါ်နေလဲဆိုတာသိနိုင်တဲ့ အရင်းအမြစ်တွေကို ရှာဖွေထားရမယ်။ . . .နောက်တစ်ခုက Team နဲ့ လုပ်တဲ့အလုပ်။ သူတို့ဆီမှာ Times တို့ Newsweek တို့ဆိုရင် တရုတ်ပြည်နဲ့ပတ်သက်တဲ့သတင်းလိုက်ရင် Team (အဖွဲ့) အနေနဲ့ လိုက်တာပဲ။ ဟောင်ကောင်က Source ရှိမယ်။ ထိုင်ဝမ်က Source ရှိမယ်။ သူတို့သတင်းအဖွဲ့တွေ ကိုယ့် Sector (ကဏ္ဍ)နဲ့ကိုယ် တာဝန်ယူပြီး နှစ်ယောက်သုံးယောက် ထိုင်ရေးကြတာ။ အဲဒီလိုစနစ် မျိုးတွေလည်း ပြင်ဆင်ထားဖို့လိုမယ်ထင်တယ်။

■

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၃၈ သူမတို့နှင့် ရွေးကောက်ပွဲစိန်ခေါ်မှု
၄၈ လောင်စာဆီ ပါရာဒိုင်းအရွေ့
၅၂ လိုအပ်ချက်များရှိနေသေးသည့် ခရီးသွားလုပ်ငန်း
၅၈ ဒီရေတောများ နောက်ကွယ် . . .
၆၄ ထမင်းတော့ကျွေးမယ်ဗျာ . . .
၆၈ လူမှုရေးကွန်ရက်မှသည် . . .
၇၈ ရန်ကုန် ကုန်စည်ဈေးကွက်
၈၄ ဆေးဖြတ်ချိန်တန်ပြီ သို့သော် . . .


အချိန်မရွေးအလုပ်များနေလေ့ရှိသော သူမ၏ ရုံးခန်းတွင် ဖုန်းမြည်သံ တီတီတီတီနှင့် မကြာခဏ ထွက်ပေါ်နေပေလိမ့်မည်။ တိုင်းရင်းသားပါတီတစ်ခု တရားဝင်မှတ်ပုံပြီဟု သတင်းကြားသည်နှင့်တစ်ပြိုင်နက် ထိုပါတီကိုယ်စားပြုမည့် တိုင်းရင်းသားများ၏ထောက်ခံမှုကို ကောင်းကောင်းရနိုင်ခြေရှိသော တိုင်းရင်းသူအမျိုးသမီးကြီး၏ရုံးခန်းသို့ သူမ၏ တက်ကြွသော လူမှုရေးလှုပ်ရှားမှုများနှင့် လုပ်ကိုင်နိုင်စွမ်းတို့အကြောင်း ကောင်းစွာသိထားသောမီဒီယာက ထိုပါတီတွင် သူမပါဝင်မည် မပါဝင်မည်ကိုသိနိုင်ရန် ချက်ချင်းဖုန်းဆက်မေးမြန်းခြင်းဖြစ်သည်။ သူမလောလောဆယ် ဖုန်းပြန်မဖြေနိုင်ပါ။ အစည်းအဝေးရှိနေပါသည်ဟု သူမ၏ရုံးခန်းမှ အကြိမ်ကြိမ်ဖြေပေးနေပါသည်။ နောက်နာရီအတန်ကြာသောအခါ။ သူမထံ ဆက်သွယ်သည့် သတင်းသမား၏ ကွန်ပျူတာပေါ်မှ အင်တာနက် စကားပြောသူစာရင်းတွင် သူမရုံးခန်းကို ကိုယ်စားပြုသော နာမည်တက်လာပြီး သူမကိုစကားပြောလိုလျှင် ရုံးခန်းကို ယခု ဖုန်းဆက်၍ ရပါပြီဆိုသည့်အကြောင်း ပြောလေတော့သည်။

# သူမတို့နှင့် ရွေးကောက်ပွဲစိန်ခေါ်မှု

သီဇော်

စီးပွားရေးလုပ်ငန်းတစ်ခုအပြင် လူမှုရေးလုပ်ငန်းအတော်များများကိုလည်း ဦးဆောင်ဆောင်ရွက်နေသူတစ်ဦးဖြစ်သော သူမအတွက် အစည်းအဝေးများ များနေတတ်လေသည်။ သူမသည် အစည်းအဝေးပြီးပြီးချင်းဖြစ်သော်လည်း တွေ့ဆုံမေးမြန်းလိုသောသတင်းသမားကို အချိန်မဆွဲဘဲ ချက်ချင်းတွေ့ခွင့်ပေးလေသည်။ ဤသည်ပင်လျှင် သူမ၏ ကိုယ်ရည်ကိုယ်သွေးတစ်ခုဖြစ်လေသည်။ လူထုဆက်သွယ်ရေးအတတ်ပညာ ကောင်းမွန်စွာတတ်မြောက်ကြောင်းပြဆိုခြင်းဖြစ်သည်။ သူမကို တွေ့လိုက်တိုင်း ပြောစရာဆိုစရာများကို ပွင့်ပွင့်လင်းလင်းပြည့်ပြည့်စုံစုံ ပြောပြတတ်သူဖြစ်သည်။ ထိုစကားများထဲမှ သူမ၏ သဘောထားနှင့် သူမအကြောင်းများ ကိုသိထားရသော သတင်းသမားက လည်း ထို့ကြောင့်ပင် သတင်းကြားလျှင်ကြားချင်း သူမသည်တော့ ရွေးကောက်ပွဲတွင် သူမတို့ တိုင်းရင်းသားများကိုယ်စားပြုမည့်သူတစ်ဦးဖြစ်လာလိမ့်မည်ဟုမှန်းဆကာ ကောက်ခါငင်ခါဆက်သွယ်ခြင်း ဖြစ်သည်။

အတန်ငယ်ပင်ပန်းနေဟန်ရှိသော သူမ ညနေအတော်စောင်းပြီး ရုံးချိန်ပြင်ပရောက်သွားသည့်တိုင် သူမ၏သဘောထားများကို မခြွင်းမချန် ဖြေကြားပေးသည်။ သတင်းသမားတွက်ဆထားသည်မှာ မှန်ကန်သည်။ သူမကို ထိုတိုင်းရင်းသားပါတီက ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပေးရန် ကမ်းလှမ်းထားပါသည်ဟု ဆိုလေသည်။ ထိုမျှပင်မက အခြားတိုင်းရင်းသားပါတီတစ်ပါတီကပါ ဖိတ်ခေါ်ခဲ့သေးသည်ဟု ဆိုသည်။ အဘယ်ကြောင့် ပါတီကိုယ်စားပြုနိုင်စွမ်းသူ အများစုထဲမှ အမျိုးသမီးတစ်ဦးကို ပါတီနှစ်ပါတီက အပြိုင်ကမ်းလှမ်းကြသနည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ထိုပါတီတို့သည် သူတို့ပါတီအတွက် အမတ်တစ်နေရာရရန် အမျိုးသမီးတစ်ဦး၏အားကိုယူ၍ပြိုင်မည်ဆိုသည့်သဘောပင် ဖြစ်သည်။ ဤအချက်သည် ထိုအမျိုးသမီးကို သူတို့ယုံကြည်အားကိုးသည်ဟု ဖွင့်ဆိုခြင်းပင်ဖြစ်သည်။

ထိုအခြေအနေတွင် သူမ မည်သို့ဆုံးဖြတ်မည်နည်း။ နိုင်ငံရေးလောကသို့ ဝင်မည်လော။ ပါတီကိုကိုယ်စားပြု၍ အမျိုးသမီးအမတ်တစ်ဦးအဖြစ် တာဝန်ယူမည်လော။

တကယ်တော့ မြန်မာ့နိုင်ငံရေးလောကနှင့် အမျိုးသမီးများ စိမ်းနေသည်တော့ မဟုတ်။ ပဒေသရာဇ်ခေတ်နောက်ပိုင်း

သမိုင်းကိုကြည့်လျှင် မြန်မာနိုင်ငံတွင် အမျိုးသမီးများ နိုင်ငံရေးလုပ်ခဲ့သည်မှာ လွတ်လပ်ရေးမရခင် ၉၁ ဌာနအုပ်ချုပ်ရေး ခေတ်ကတည်းကပင်။ အမျိုးသမီးများ မဲပေးခွင့်ရခဲ့သည်ကလည်း ၁၉၂၂ ခုနှစ်က တည်းကပင်။ ထိုစဉ်ကတည်းက အမျိုးသမီးအမတ်များ ရှိခဲ့သည်။ နန်းတော်ရှေ့ ဆရာတင်သည်ပင် 'မိန်းမမင်းတိုင်ပင်' ဆိုသည့်သီချင်းကို စပ်ဆိုခဲ့သေးသည်။ သူမတို့သည် ပြောဆိုစရာများကို လွှတ်တော်တွင် တင်သွင်းအရေးဆိုခဲ့ကြသူများဖြစ်သည်။ သူမတို့တင်သွင်းသည့် အရေးကိစ္စများတွင် အမျိုးသမီးများနှင့်ပတ်သက်သည်များကိုလည်း တင်သွင်းနိုင်ခဲ့ကြသည်။ ၁၈ နှစ်ပြည့် အမျိုးသမီးတိုင်း မဲဆန္ဒပေးပိုင်ခွင့်ရှိရေး ဆိုသည့်အဆိုမျိုး ပါဝင်ခဲ့လေသည်။ ထိုစဉ်က ထိုသို့သော အမျိုးသမီးအများစုသည် ကိုယ်တိုင်က အဆင့်မြင့်ပညာများ တတ်မြောက်ကြရုံမျှမက မိဘဆွေမျိုးအသိုင်းအဝိုင်း နောက်ခံများကလည်း ထောက်ပံ့ပေးနိုင်သူများဖြစ်သည်ကို သမိုင်းအထောက်အထားများအရ တွေ့ရလေသည်။ ၎င်းတို့ထဲတွင် ပြည်နယ်ဝန်ကြီးအဖြစ်ဆောင်ရွက်ခဲ့ဖူးသည့် အမျိုးသမီးများလည်း ရှိခဲ့လေသည်။ နောက်ဆုံးပြုလုပ်ခဲ့သည့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း အမျိုးသမီးများ ဝင်ရောက်ရွေးကောက်ယှဉ်ပြိုင်ခဲ့လေသည်။

၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး၌ စုစုပေါင်းဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်စုစုပေါင်းက ၂၂၉၆ ဦး ရှိခဲ့သည်။ ထိုအထဲတွင် အမျိုးသမီးကိုယ်စားလှယ် ၈၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းသည် ဝင်ပြိုင်သူအားလုံး၏ ၄ ရာခိုင်နှုန်းနီးပါးသာ ရှိသည်ကို ပြလေသည်။ ၎င်းတို့အနက် ၁၅ ဦး အရွေးချယ်ခံခဲ့ရသည်။

လွှတ်တော်တွင် အမတ်နေရာ ၄၉၂ နေရာရှိလေရာ လွှတ်တော်သို့ အမျိုးသမီးကိုယ်စားလှယ် ၃ ရာခိုင်နှုန်း ရောက်ရှိလာသည်ကိုပြလေသည်။



**ဒေါ်ချိုချိုကျော်ငြိမ်း**

ယခုမူ နှစ် ၂၀ ကြာခဲ့လေပြီ။ ထိုစဉ်ကအခြေအနေများနှင့် ယခုမည်သို့ကွာခြားနေလေသနည်း။

ထိုစဉ်က အမျိုးသမီးကိုယ်စားလှယ်များ တွေ့ကြုံရင်ဆိုင်ခဲ့ရသည်များနှင့် ယခုခေတ် စိန်ခေါ်မှုများ မည်သို့ကွာခြားပါသနည်း။ အဓိကစိန်ခေါ်မှုက မည်သည့်အရာနည်း။

မြန်မာ့နိုင်ငံရေးလေ့လာသူအချို့၊ ဝါရင့်သတင်းစာဆရာအချို့နှင့် နိုင်ငံရေးကိုကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်နေသူအချို့က ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအတွက် အဓိကစိန်ခေါ်ချက်မှာ အမျိုးသမီးများအတွက် သီးသန့်ဟူ၍မရှိဘဲ လူထုအပေါ်တွင်သာ မူတည်သည်ဟု ဆိုကြလေသည်။

အမျိုးသမီးများ ရွေးကောက်ပွဲကို အမျိုးသားများနှင့် ယှဉ်အရွေးခံပါက အခက်အခဲပိုများနိုင်ခြေမရှိကြောင်း ဝန်ကြီးချုပ်ဟောင်းဦးနု၏သမီး ယခု ၂၀၁၀ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ) နှင့် ဝင်ရောက်ရန် ပြင်ဆင်နေသည့် ဒေါ်သန်းသန်းနုက "မြန်မာပြည်မှာကတော့ သိပ်တော့ရှိမှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဗမာအမျိုးသမီးက ကမ္ဘာပေါ်မှာ အလွတ်လပ်ဆုံးနဲ့ အတိုးတက်ဆုံးထဲမှာပါတယ်" ဟု ဆိုသည်။

ဆက်လက်၍ "ခေတ်အခြေအနေအရ မတိုးတက်တာတော့ မပြောတတ်ဘူး" ဟုလည်း ပြောသည်။

ရွေးကောက်ပွဲတို့တွင် အဓိကစိန်ခေါ်မှုက အမျိုးသား၊ အမျိုးသမီး အားလုံးအတွက် အတူတူပင်ဖြစ်ပြီး မည်သည့်နိုင်ငံအတွက်မဆိုလည်း အတူတူပင်ဖြစ်သည်ဟုဆိုသည်ကို ဗြိတိန်တက္ကသိုလ်တစ်ခုရှိ ပညာရေးဌာနမှ တောင်အာရှရေးရာကျွမ်းကျင်သူ အင်္ဂလိပ်အမျိုးသမီးပါမောက္ခတစ်ဦး၏ "ဗြိတိန်





www.foreverspace.com.mm

www.foreverspace.com.mm

မှာ ရွေးကောက်ပွဲဝင်တဲ့အမျိုးသမီးအရေအတွက်က တိုးလာနေပါတယ်။ တဖြည်းဖြည်းတိုးလာနေတာပါ။ အကြီးဆုံး စိန်ခေါ်မှုကတော့ လူအများရဲ့ အသိအမြင် နားလည်မှုပါ" ဆိုသည့်စကားအရ သိရသည်။

သို့သော် . . . ။ ထိုသို့အခြေအနေရှိသော်လည်း လွှတ်တော်ထဲရောက်လာသည့် အမျိုးသမီးက သိသိသာသာနည်းနေသေးသည်ဖြစ်ရာ ၎င်းကဆက်လက်၍ အမျိုးသမီးများ လွှတ်တော်တွင်ပါဝင်သည့် အရေအတွက်နှင့်ပတ်သက်သည်ကို အိန္ဒိယနိုင်ငံကို ဥပမာပြကာ "ပြီးခဲ့တဲ့လလောက်ကလည်း ဥပဒေတစ်ရပ် ထွက်လာခဲ့ပါတယ်။ ပါလီမန်မှာပါနိုင်မယ့် အမျိုးသမီးတွေနဲ့ပတ်သက်တဲ့ ဥပဒေပါ။ လက်ရှိလည်း အိန္ဒိယမှာ အမျိုးသမီးသမ္မတရှိနေတာတောင် ပါလီမန်မှာ အမျိုးသမီးအမတ် ၃၀ ရာခိုင်နှုန်းကျော်ပါဝင်နိုင်ဖို့ ဥပဒေကိုရှိဖို့လိုအပ်လာလို့ ထုတ်တဲ့ဥပဒေပါ။ အဲဒီအဓိပ္ပာယ်က အမျိုးသမီးတွေရဲ့အသံတွေ ပိုကြားရအောင် လုပ်လိုက်တာပါ" ဟု ပြောဆိုသည်။

၎င်းက ဆက်လက်၍ "တကယ့်အပြည့်စုံဆုံး ဒီမိုကရေစီအတိုင်းသာဆိုရင် ၅၀-၅၀ ပါရမှာပါ။ အခုက အဲဒါထက်တောင် နည်းနေပါသေးတယ်" ဟု ဆိုသည်။

မြန်မာအမျိုးသမီးများလည်း ထိုသို့အရေအတွက် နည်းပါးနေခြင်းနှင့်ပတ်သက်ပြီး မြန်မာအမျိုးသမီးတို့၏သဘောသဘာဝကို ပါတီနှစ်ပါတီ၏ ကမ်းလှမ်းခြင်းကို ခံထားရသည့် တိုင်းရင်းသူအမျိုးသမီးကြီးက "မြန်မာပြည်မှာကတော့ အမျိုးသမီးက အမျိုးသားကို ရှေ့တန်းတင်တဲ့သဘောပဲရှိတာ။ ဝန်ကြီးဖြစ်ခဲ့ဖူးတာတော့ရှိပါတယ်။ ကရင်အမျိုးသမီးထဲက မစ္စဘမောင်ချိန်တို့ဆိုရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီနောက်ပိုင်းတော့ တော်တော်လေး မျိုးဆက်ပြတ်သွားတယ်။ ယောကျ်ားလေးတွေကိုပဲ မယှဉ်နိုင်လို့လား၊ ဒါမှမဟုတ် Culture (ယဉ်ကျေးမှု) အရ ယောကျ်ားကို ဦးစားပေးတဲ့သဘောရှိလို့လားမသိဘူး။ နောက်တန်းမှာပဲနေလေ့ရှိတယ်။ ရှေ့တန်းကို သိပ်မတက်ဘူး" ဟုဆိုသည်။

ယင်းအပြင် အယူအဆများအပေါ် မူတည်သေးကြောင်းကိုလည်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) မှ ဒေါ်နေရီဗဆွေက "Concept ပေါ့။ အရည်အချင်းချင်း မိန်းမက ယောကျ်ားထက်သာတောင်မှ ယောကျ်ားကို ရွေးတယ်။ အစိုးရယန္တရား အရေးကြီးတဲ့နေရာတွေမှာ မိန်းမတွေကို နေရာပေးတာ မတွေ့သေးဘူး" ဟု သုံးသပ်သည်။

အမေရိကနှင့် ဥရောပနိုင်ငံများတွင် ၁၉၆၀ ဝန်းကျင်က အမျိုးသမီးကဏ္ဍအတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြရကြောင်း၊ ထိုစဉ်က မြန်မာနိုင်ငံတွင် ထိုသို့ တောင်းယူရလောက်သည်အထိ အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းမျိုးမရှိကြောင်း၊ သို့သော် ယခုနှစ်များတွင် ထိုနိုင်ငံများနှင့် ပြန်လည်နှိုင်းယှဉ်ကြည့်ပါက အတော်အတန် ကွာခြားသွားခဲ့သည်ကိုတွေ့ရကြောင်း ဒေါ်နေရီဗဆွေက ဆက်လက်ပြောဆိုသည်။

ထိုသို့ အမျိုးသမီးကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်မှုနည်းပါးနေရာ ယခု ၂၀၁၀ ရွေးကောက်ပွဲတွင် မည်သို့ပြောင်းလဲလာမည် ဆိုသည်နှင့်ပတ်သက်၍ ဝါရင့်သတင်းစာဆရာလူထုစိန်ဝင်းက "သိသိသာသာ တိုးလာမယ်လို့မထင်ဘူး" ဟု ဆိုသည်။

အမျိုးသမီးဖြစ်ခြင်းကြောင့် သီးသန့်အခက်အခဲမရှိပါဟု အထက်ပါပုဂ္ဂိုလ်အများစုကပြောကြသော်လည်း အမျိုးသမီးများ နိုင်ငံရေးတွင် ဝင်ရောက်လုပ်ကိုင်ရန် ပထမဆုံး ရင်ဆိုင်ဖြတ်ကျော်ရသည်မှာ မိသားစုတာဝန် ကျေပွန်အောင်ဆောင်ရွက်ပေးရသည့်အရေးဖြစ်ကြောင်းနှင့် ပါတီ၏လုပ်ငန်းများကိုဆောင်ရွက်ရန်ပင်လျှင် အမျိုးသမီးများသည် အမျိုးသားများထက် အချိန်ပေးနိုင်မှုတွင် ပိုမိုအခက်အခဲရှိနေကြောင်း လက်ရှိတရားဝင်ပါတီ တည်ထောင်ခွင့်လျှောက်ထားပြီးဖြစ်သည့် ပါတီအချို့ထံမှ သိရသည်။

ယင်းသည် သူမတို့ကိုယ်တိုင် မမြင်နိုင်သည့် အတားအဆီးများလော။ သို့မဟုတ် သိသိနှင့် တာဝန်များကို အကုန်ကျေအောင်ထမ်းမည်ဆိုကာ ဆောင်ရွက်ကြခြင်းလောဆိုသည်မှာ တစ်ဦးချင်း၏ အခြေအနေများပေါ်တွင်သာ မူတည်ပေလိမ့်မည်။

မိသားစုတာဝန်ရှိသော အမျိုးသမီးတစ်ဦး သူမမိသားစုအပေါ်တွင် ထမ်းသောတာဝန်ကျေလျှင် သူမသည် အတော်အတန်ပြည့်စုံသူဟု သူမ၏မိသားစု၊ အသိုင်းအဝိုင်းနှင့်ပတ်ဝန်းကျင်က မှတ်ချက်ပေးထားပေလိမ့်မည်။ မိသားစုတာဝန်အပြင် မိသားစုစီးပွားရေး သို့မဟုတ် သူမကိုယ်တိုင် အပြင်ထွက်၍ အလုပ်များလုပ်ကိုင်ရသောအခါ ထိုအလုပ်များအတွက် သူမ၏ အားထုတ်မှုကို သူမ၏အလုပ်အောင်မြင်မှုများက သက်သေပြပေလိမ့်မည်။ သို့သော် သူမ ပြင်ပတွင် မည်သို့ပင်အောင်မြင်သည်ဖြစ်စေ သူမအိမ်တွင် မိသားစုအပေါ် တာဝန်ကျေ၊ မကျေကိုလည်း သူမ၏မိသားစု၊ အသိုင်းအဝိုင်းနှင့်ပတ်ဝန်းကျင်က မှတ်ချက်ချထားပေလိမ့်ဦးမည်။

သို့ဖြစ်ရာ လက်တစ်ဖက်တွင် လုပ်နိုင်ကိုင်နိုင်စွမ်း ပါဝါရှိသည့် အမျိုးသမီးများသည် ပါဝါရှိရုံနှင့် မလုံလောက်ဘဲ အခြားတစ်ဖက်တွင် အလုတရားရှိဖို့ လိုကိုလိုသည်ဆိုသည့် တောင်းဆိုခံရမှုနှစ်ခုစလုံးနှင့် ကြုံတွေ့ကြရခြင်းဖြစ်လေသည်။ လုပ်နိုင်ကိုင်နိုင်စွမ်းများလေ သူမထံမှ တောင်းဆိုသည်များ၊ မျှော်လင့်ချက်များများလေဆိုသည်ကိုလည်း နိုင်ငံတကာမှ နိုင်ငံရေးလောကတွင် လုပ်ကိုင်နေကြသူများ၏ အရေးများတွင်တွေ့ရလေသည်။ ဤသည်တို့မှာ တစ်ခါတစ်ရံတွင် လုပ်ကိုင်နိုင်စွမ်း မြင့်မားပါသည်ဆိုသည့် အမျိုးသမီးများကိုယ်တိုင် မမြင်တွေ့သဖြင့် မဖြည့်ဆည်းနိုင်ခဲ့သည်များဖြစ်ပါသည်။

ထို့ကြောင့်ပင် ခေတ်အဆက်ဆက် နိုင်ငံရေးလောကမှ အမျိုးသမီးအများစုကို လေ့လာကြည့်လျှင် သူမတို့ကိုယ်တိုင် ပညာတတ်ပြီး မိသားစုအရေးအတွက် မပူမပင်ရသူများသာဖြစ်သည်ကိုတွေ့ရသည်။ လွတ်လပ်ရေးမရမီခေတ်ကဆိုလျှင် အဆင့်အမြင့်ဆုံး ပညာရေးကို ရရှိထားသည့် အမျိုးသမီး

www.foreverspace.com.mm



ဦးရေနည်းပါးလှသေးရာ နိုင်ငံရေးလောကတွင် အောင်မြင်လာသည့် အမျိုးသမီးအများစုကိုကြည့်လျှင် ထိုအသိုင်းအဝိုင်းမှ အမျိုးသမီးများသာဖြစ်သည်ကို တွေ့ရသည်။

"အကြမ်းအားဖြင့် နိုင်ငံရေးအလုပ်တွေ လုပ်ဖို့ကတော့ အမျိုးသမီးတွေအတွက် ပိုခက်ခဲပါတယ်။ အများအားဖြင့် သူတို့မှာ မိသားစုကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်တွေရှိလို့ပါ။ အဲဒါ အများစုအတွက် အဓိကကြောင်းပြချက်ပါ။ အသက် ၂၅ ကနေ ၄၅ အရွယ်ရှိတဲ့သူတွေက မိသားစုကိစ္စတွေမှာ ပိုပါဝင်ကြရပါတယ်" ဟု အင်္ဂလိပ်အမျိုးသမီးပါမောက္ခက ဗြိတိန်နိုင်ငံ၏ အခြေအနေကို ပြောပြသည်။

"UK မှာတော့ အများစုက သာမန်မိသားစုတွေကနေ ကြီးပြင်းလာတဲ့သူတွေပါပဲ။ အာရှမှာကတော့ သူတို့အဖေတွေက နိုင်ငံရေးသမားတွေ၊ သူတို့ခင်ပွန်းတွေက နိုင်ငံရေးသမားတွေဖြစ်တာပိုများပါတယ်။ အထူးသဖြင့် ကွယ်လွန်သွားတဲ့ နိုင်ငံရေးသမားတွေရဲ့မိန်းမတွေက သူတို့ရဲ့နိုင်ငံရေးအမွေကို ဆက်ခံလုပ်ကြပါတယ်။ ပါကစ္စတန်မှာဆိုရင် ဘနာဇီယာဘူတို။ အဲဒါမျိုးကို ဘင်္ဂလားဒေ့ရှ်မှာလည်း တွေ့နိုင်တယ်။ အိန္ဒိယမှာ အင်ဒီရာဂန္ဒီ၊ သူတို့မိသားစုက မျိုးဆက်တစ်ခုကနေတစ်ခု ဆက်ဆက်ပေးသွားတယ်။ အခုဆိုရင် အမျိုးသမီးတွေတင်မကဘူး။ အိန္ဒိယသမ္မတရဲ့သားက နိုင်ငံရေးမှာ စိတ်ဝင်စားတာကို တွေ့ရတယ်။ သူက သူ့အမေရဲ့နာမည်နဲ့ ကျော်ကြားမှုကို သုံးနေတယ်"ဟု အထက်ပါအမျိုးသမီး ပါမောက္ခက ဗြိတိန်နှင့် အိန္ဒိယ၊ ပါကစ္စတန်တို့ရှိ အမျိုးသမီးနိုင်ငံရေးသမားများ မည်သို့သောမိသားစုများက ဆင်းသက်လာသည်ဆိုခြင်းကို ရှင်းပြသည်။

"သူတို့က စိတ်ဓာတ်ရေးရာအရ လုပ်ချင်တယ်။ ဒါပေမဲ့ သူတို့ကိုယ်တိုင် ဝင်ပြီးလုပ်တဲ့အထဲမှာ မိန်းကလေးတွေက အရမ်းနည်းတယ်။ ယောကျ်ားလေးတွေက တချို့ဆို မလုပ်နိုင်ဘူး။ မိသားစုက အခြေအနေမပေးဘူး။ ဒါပေမဲ့ လုပ်မယ်။ မိသားစုနဲ့ ပဋိပက္ခအဖြစ်ခံပြီးလုပ်တယ်။ တိုင်းပြည်အတွက် ရွေးမလား။ အိမ်ထောင်စုတစ်စုအတွက်လုပ်မလားဆိုတဲ့ စိတ်မျိုးနဲ့ လုပ်တယ်"ဟု ယခုလက်ရှိတွင် မြန်မာအမျိုးသမီးများ နိုင်ငံရေးတွင် ဝင်ရောက်လုပ်ကိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံရေးနှင့် ပတ်သက်၍ ပြည်ထောင်စုဒီမိုကရေစီပါတီတည်ထောင်လုပ်ကိုင်မည့် ဦးဖြိုးမင်းသိန်းက ၎င်းနှင့်နီးစပ်သူများ၏ အခြေအနေကိုမူတည်ကာ ပြောကြားသည်။

၎င်းကိုယ်တိုင်အနေနှင့်မူ လက်ရှိရင်ဆိုင်နေရသည့် အခြေအနေကို မိဘနှင့် မိသားစုက တုံ့ပြန်သည့် အကြောင်းနှင့် ပတ်သက်၍ "အဖေကတော့ ငါ့သားထဲကနေ နိုင်ငံရေးသမားတစ်ယောက်ဖြစ်တယ်ဆိုတဲ့ အပေါ်မှာကျေနပ်သွားတယ်။ နှစ်ရှည်လများ အကျဉ်းထောင်တွေ ဘာတွေကျတော့ ပင်ပန်းတာပေါ့။ ပင်ပန်းတော့ အမေတွေဘာတွေက မလုပ်စေချင်ဘူး" ဟု ၎င်းက ဆိုသည်။ ဆက်လက်၍ "အမျိုးသမီးက အမှန်တကယ်ပြောရမယ်ဆိုရင်တော့ မလုပ်စေချင်ဘူး" ဟုလည်း ၎င်းက ဆက်၍ပြောဆိုသည်။

အမျိုးသမီးတစ်ဦး ထိုသို့ တားဆီးခံရသည့်အခါ ထိုပိတ်ပင်မှုများကို ကျော်လွှားရန် အင်မတန့်အင်မတန် ခိုင်မာသည့်၊ သူမမှမလုပ်လျှင် မဖြစ်၍လုပ်ရပါသည် ဆိုသည့် အကြောင်းပြချက်မျိုး ပြနိုင်ရန်မှာလည်း နိုင်ငံရေးလောက



ဒေါ်သန်းသန်းနု

www.foreverspace.com.mm

နှင့်စိမ်းနေသည့် အမျိုးသမီးများအတွက် အတော်ပင် ရှာဖွေရနိုင်ဖွယ် ရှိပါသည်။

အဘယ်ကြောင့်ဆိုသော် သူမတို့ ပထမဆုံးဖြတ်ကျော်ရသည့်နေရာမှာ မိသားစု ဖြစ်ပြီး မိသားစုက မတောင်းဆိုသည့်တိုင် သူမတို့ကိုယ်တိုင် ဖြည့်ဆည်းပေးလိုသော ဇောနှင့် ထိုနေရာ ထိုစည်းဝိုင်းများထဲမှ ကျော်ထွက်မလာကြခြင်းပင်ဖြစ်သည်ကို လက်ရှိအခြေအနေအချို့အရလည်း တွေ့ရသည်။

ဤသို့ဆိုလျှင် စည်းကျော်မလာလိုသောအမျိုးသမီးများ၊ စည်းကျော်မလာရဲသော အမျိုးသမီးများ၊ စည်းကျော်လာနိုင်စွမ်းမရှိသော အမျိုးသမီးများတွင် အမှန်တကယ် တော်မော်ထက်မြက်သော၊ နိုင်ငံအတွက် အစစ်အမှန်အလုပ်လုပ်ပေးနိုင်သောအမျိုးသမီးများ ကျန်ခဲ့ပါက နစ်နာမှုများ ဖြစ်ပေါ်လာနိုင်ပေလိမ့်မည်။

ယင်းအခြေအနေနှင့်ပတ်သက်၍ ဒေါ်သန်းသန်းနုကလည်း “နိုင်ငံရေးပါတီအနေနဲ့ တကယ်တော်တဲ့သူကို ပံ့ပိုးပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့” ဟု ဆိုသည်။ သို့သော် ပါတီများအနေနှင့်လည်း သတ်မှတ်ထားချိန်အမီနှင့် ပါတီဘဏ္ဍာရေးအခြေအနေအရ မိမိပါတီအတွက် ကိုယ်စားလှယ်လောင်းများ ရွေးချယ်လျှောက်ထားကြရမည်ဖြစ်ရာ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် ကိုယ်တိုင်ငွေကြေးအင်အားတောင့်တင်းသည့် ကိုယ်စားလှယ်များကိုလည်း နေရာပေးရမည်ဖြစ်ကြောင်း “သူက သူ့ငွေနဲ့သူ လာမှာကိုး။ ဒါမျိုးကိုလည်း ဦးစားပေးရမယ်” ဟု သူမက ပါတီအတွက်လည်း တွက်ဆပြောကြားသည်။

ထိုသို့သော အခြေအနေအမျိုးမျိုးက နိုင်ငံရေးအသိုင်းအဝိုင်းအပြင်ဘက်မှ တစ်နည်းအားဖြင့် မိဘလက်ထက်က နိုင်ငံရေးအမွေကို ဆက်ခံလုပ်ကိုင်ရန် မလိုအပ်သောအမျိုးသမီးများအတွက် နိုင်ငံရေးနှင့် အလှမ်းကွာဝေးပါစေသည်ဟူသောထင်မြင်ယူဆမှုများလည်း ရှိနေပေသည်။


ဒေါ်နေရီဗဆွေ

မဖြစ်မနေဝင်ရောက်လုပ်ကိုင်ကြသော၊ မြန်မာနိုင်ငံ၏ခေါင်းဆောင်ဟောင်းများ၏ သမီးများဖြစ်ကြသော ဒေါ်သန်းသန်းနု၊ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် ဒေါ်နေရီဗဆွေတို့ အပေါ် သူမတို့ပါတီ၏ ဥက္ကဋ္ဌ ဦးသုဝေက “သူတို့ကလည်းပဲ မိဘတွေရဲ့ လုပ်ခဲ့တဲ့ အစဉ်အလာကို ထိန်းချင်တယ်။ ဒါသူတို့ တာဝန်ရှိတာပေါ့နော်။ အဲဒါအပြင် သူတို့ရဲ့ ဆိုလိုချက်က ဘာတွေလဲဆိုတော့ ကျွန်တော်လေးစားတာက ဘာလဲဆိုတော့ သူတို့ဟာ သူတို့မိဘတွေနဲ့ပတ်သက်ပြီးတော့ ချမ်းသာတယ်ဆိုတာလည်း သိခဲ့ပါတယ်။ ဆင်းရဲတယ်ဆိုတာလည်း သိခဲ့ပါတယ်။ ဆင်းရဲတယ်ဆိုတာ ဘယ်လောက်ဆင်းရဲတယ်ဆိုတာလည်း သူတို့နားလည်ပါတယ်။ သူတို့ကိုယ်တိုင် ခံစားဖူးတယ်” ဟု ပြောသည်။

လက်ရှိအချိန်တွင် သူမတို့၏ မိဘအစဉ်အလာ၊ မိသားစုအခြေအနေများအရ သူမတို့၏ မိသားစုများက သူမတို့၏ နိုင်ငံရေးကို တားမြစ်ပိတ်ပင်သူမရှိဟု သူမတို့၏အဆိုအရ သိရသည်။

ဒေါ်ချိုချိုကျော်ငြိမ်းကမူ သူမ၏ မိခင် မကွယ်လွန်ခင်က တားမြစ်ခံခဲ့ရဖူးကြောင်းကို “နိုင်ငံရေးလုပ်တော့ အမေက တအားတားတယ်။ သူတားတာက မျိုးချစ်စိတ်မရှိလို့ မဟုတ်ဘူး။ သမီး သိပ်ပြီးတော့ ဒုက္ခဖြစ်မှာလည်း သူကြောက်တယ်။ တော်ပါပြီ၊ တော်ပါပြီ ဆို

www.foreverspace.com.mm



ပြီး အမြဲပြောတယ်” ဟု ဆိုသည်။

သို့ရာတွင် ပညာတတ်ပြီး ထက်မြက်သော သူမ၏မိခင်သည် သူမအကျဉ်းကျခံရသည်နှင့်ပတ်သက်ပြီး ကွယ်လွန်သွားသဖြင့် “ထောင်ခုနစ်နှစ်ကျတော့ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားတာ။ ကျွန်မသတ်သလိုဖြစ်တာပေါ့” ဟု ပြန်ပြောင်းပြောပြသည်။

ဤသည်မှာ နိုင်ငံရေးသမားတိုင်းလိုလို ကြုံတွေ့ရတတ်သော အခက်အခဲများထဲမှ ဥပမာတစ်ခုဖြစ်ရာ ထိုသို့သောအခြေအနေများကို အမျိုးသမီးများ ရင်ဆိုင်စေလိုခြင်းမရှိကြောင်း လက်ရှိ ကိုယ်တိုင်နိုင်ငံရေးလုပ်ကိုင်နေသူအချို့ကပါ ပြောကြားကြသည်။ ယင်းသည်ပင် အမျိုးသမီးများ နိုင်ငံရေးသမားအမတ်လောင်းများအဖြစ် နိုင်ငံရေးလောကအတွင်း ဝင်ရောက်မလာစေရန်အတွက် မမြင်ရသော အတားအဆီးတစ်ခု ဖြစ်နေနိုင်ပါသည်။

ခန့်မှန်းတွက်ချက်ထားသော၊ မခန့်မှန်း မတွက်ချက်နိုင်သော အခြေအနေများ မည်သို့ပင်ရှိနေစေကာမူ အမျိုးသားပင်ဖြစ်စေ၊ အမျိုးသမီးပင်ဖြစ်စေ နိုင်ငံရေးအပေါ် စိတ်ဝင်စားလုပ်ကိုင်ကြခြင်းသည် ၎င်းတို့ကြီးပြင်းလာခဲ့သည့် ဘဝအခြေအနေ၊ ရင်ဆိုင်ဖြတ်ကျော်ခဲ့ရသည့် အရေးကိစ္စများ၊ ပေးဆပ်ခဲ့ရသည်များ၊ လေ့လာသင်ကြားဖတ်ရှုခဲ့သည့်စာပေများနှင့် ယှဉ်ထိုးစဉ်းစားကာ ယခုလက်ရှိအခြေအနေများကို ရင်ဆိုင်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း ပါတီနှစ်ခုမှကမ်းလှမ်းခြင်းခံရသည့် တိုင်းရင်းသူအမျိုးသမီးကြီးက “နိုင်ငံရေးက စာချည်းပဲဖတ်ပြီးလေ့လာလို့တော့ မရလောက်ဘူးလို့ထင်တယ်။ ဒါတွေက Experience ရှိဖို့လိုတယ်။ အတွေ့အကြုံပေါ့။ ငယ်စဉ်ကနေခဲ့ရတဲ့အတွေ့အကြုံ၊ မျက်ဝါးထင်ထင်တွေ့ခဲ့ရတဲ့ကိစ္စတွေ၊ စိတ်ဓာတ်ကလည်း Bias မဖြစ်ဖို့လိုလိမ့်မယ်လို့ထင်တယ်” ဟု ဆိုသည်။



ဒီမိုကရက်တစ်ပါတီမြန်မာပြည်မှ ဒေါ်သန်းသန်းနုက သူမသည် ကလေးဘဝကပင် မိခင်၏ နိုင်ငံရေး၊ လူမှုရေးလှုပ်ရှားမှုများတွင် လိုက်ပါလုပ်ဆောင်ခဲ့ရမှ ထိုသို့သောလှုပ်ရှားမှုများကို စိတ်ပါဝင်စားခဲ့သူဖြစ်ကြောင်း၊ သူမ၏ဖခင်သည် အလုပ်များသူဖြစ်သောကြောင့် မိခင်နှင့်သာ ပိုမိုနီးကပ်စွာနေထိုင်ခဲ့ရသူဖြစ်ကြောင်း၊ မိခင်နှင့်အတူ မကြာခဏလိုက်ပါသွားရင်း မျက်လုံးတစ်ဖက်ပင်မရှိတော့ဘဲ မျက်နှာပြင်တစ်ခုလုံး ဆိုးရွားစွာ ဒဏ်ရာရရှိထားသဖြင့် ဘီစကစ်ကိုပင် အပိုင်းအစလေးများခြေမွကာ ခွံ့ကျွေးရသည်အထိ ဒဏ်ရာရခဲ့သော စစ်သည်တစ်ဦးကိုပင် ကလေးဘဝက ကျွေးမွေးခဲ့ဖူးကြောင်း၊ ထိုအဖြစ်အပျက်ကို သူမ၏မျက်စိထဲတွင် ယခုအချိန်တွင်ပင် ပြန်လည်မြင်ယောင်ကြောင်း သူမ၏ ငယ်စဉ်ဘဝကို မိခင်နှင့်ဖခင် မည်သူက ပိုမိုလွှမ်းမိုးခဲ့သည်နှင့်ပတ်သက်၍ ပြောကြားသည်။


သို့ရာတွင် သူမတို့ကို မိဘတို့၏ လွှမ်းမိုးမှုများ မည်သို့ပင်ရှိသည်ဖြစ်စေ သူမတို့ လက်ရှိလုပ်ကိုင်နေမှုများသည် သူမတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များအပေါ်တွင်သာ လုံးဝမူတည်ကြောင်းကို သူမတို့၏ပြောစကားများအရ သိရသည်။


တိုင်းရင်းသားပါတီနှစ်ပါတီ၏ ကမ်းလှမ်းခြင်းကိုရရှိခဲ့သော တိုင်းရင်းသူအမျိုးသမီးကြီးက သူမသည် ယခုလောလောဆယ်တွင် ပါတီနှစ်ခုလုံးကို ငြင်းပယ်ထားဆဲဖြစ်ကြောင်း၊ ထိုဆုံးဖြတ်ချက်ကို သူမကိုယ်တိုင်ချခဲ့ခြင်းဖြစ်ပြီး သူမ၏ခင်ပွန်းဖြစ်သူက ကန့်ကွက်ခြင်းမရှိကြောင်း ယခုကဲ့သို့ ပြောပြသည်။


“အဓိက စဉ်းစားတာက ပါတီတစ်ခုက Gen

ဦးဖြိုးမင်းသိန်း

www.foreverspace.com.mm




der အနေနဲ့ခေါ်တာပေမယ့် ပါတီတစ်ခုက ခိုင်ခိုင်ခန့်ခန့်နဲ့ သူ့ရဲ့ပါတီ ပလက်ဖောင်း၊ ရည်ရွယ်ချက်၊ Vision၊ Mission ဒါတွေ ရှိဖို့လိုတယ်လို့ ယူဆတယ်။ ဒီဟာတွေ ခိုင်ခိုင်မာမာ ကိုယ်မသိရဘဲနဲ့တော့ ဘယ်ပါတီကိုမှမဝင်ချင်ဘူး” ဟု ဆိုသည်။

စီးပွားရေးလုပ်ငန်းတစ်ခုကို အောင်အောင်မြင်မြင်လုပ်ကိုင်နိုင်နေသော သူမသည် လောလောဆယ်တွင် “စောင့်ကြည့်ချင်တာလည်း ပါတာပေါ့လေ။ စောင့်ကြည့်ချင်တယ်ဆိုတာ အခြေအနေအားလုံးကိုပါ” ဟုသာ ဆိုသည်။

ပါတီအများစုသည် ကိုယ်စားလှယ်လောင်းတစ်ဦးကို နေရာဒေသတစ်ခုအတွက် ယှဉ်ပြိုင်အရွေးခံစေရာတွင် ထိုနေရာ

www.foreverspace.com.mm

ခွဲနေထိုင်သူများ၏ လေးစားကြည်ညိုမှုကိုရယူနိုင်သူကို ရွေးချယ်ကြမည်ဟုဆိုကြသည်။ သို့ဖြစ်ရာ သူမ ဝင်ရောက်ရွေးချယ်မခံခြင်းက ထိုပါတီအတွက် နစ်နာခြင်းသို့မဟုတ် နိုင်ငံအတွက်လုပ်ကိုင်နိုင်စွမ်းရှိသူတစ်ဦးပါဝင်မလာခြင်းမျိုးများဖြစ်လေမလားဆိုသည့် မေးခွန်းကို သူမက “အများကောင်းကျိုးဆိုတာက တစ်ခါတလေ ပါတီ Politic ကို လုပ်မှမဟုတ်ပါဘူး။ အများကောင်းကျိုးက Volunteer Sprit နဲ့ Volunteer Work တွေအများကြီးရှိပါတယ်။ လောလောဆယ်ကတော့ Voluntter Work တွေပဲလုပ်မယ်လို့ဆုံးဖြတ်ထားတယ်။ ပါတီနိုင်ငံရေးဘက်ကို ပြောင်းမလား မပြောင်းမလားဆိုတာတော့ အခြေအနေနဲ့ အချိန်အခါပေါ် မူတည်သေးတာပေါ့” ဟု အဖြေပေးလေသည်။

ဤသည်မှာ အမျိုးသမီးများစွာထဲမှ အမျိုးသမီးတစ်ဦး၏ အခြေအနေသာဖြစ်သည်။ အခြားသောအမျိုးသမီးများလည်း သူမတို့၏အခြေအနေနှင့် လက်ရှိအခြေအနေများအပေါ်မူတည်ကာ ထိုသို့ဆုံးဖြတ်ကြမည်သာ ဖြစ်သည်။

ထိုအခြေအနေများမှာ သူမတို့နှင့် သူမတို့၏ စည်းဝိုင်းများက စိန်ခေါ်မှုသက်သက်သာဖြစ်ပြီး မည်သည့် စည်းပြင်ယှဉ်ပြိုင်မှုမျှမရှိသေးသည့် အနေအထားများသာဖြစ်လေသည်။

နိုင်ငံရေးပါတီများက သူမတို့၏ လုပ်ကိုင်နိုင်စွမ်းတို့ကို အားထားကာ ပါတီကိုယ်စားပြုနိုင်သူများအဖြစ် ကမ်းလှမ်းခံရခြင်း၊ ပါတီများတွင် အမျိုးသားရော အမျိုးသမီးပါဝင်စေလိုခြင်း၊ ပါတီများကဆောင်ရွက်မည့် အမျိုးသမီးကဏ္ဍများတွင် အမျိုးသမီးများ၏ဦးဆောင်ဆောင်ရွက်မှုဖြင့် ပိုမိုထိရောက်မည်ဟုယုံကြည်ခြင်း၊ နိုင်ငံတကာမှ နိုင်ငံရေးပါတီကြီးများကို နမူနာယူကာ အချို့ကဏ္ဍများကို အမျိုးသမီးများအားဦးဆောင်စေလိုခြင်း၊ အရေးပါသောနေရာအချို့ကို အမျိုးသမီးများအတွက် ကြိုတင်လျာထားခြင်း၊ မဲဆွယ်စည်းရုံးချိန်တွင် အမျိုးသမီးကိုယ်စားလှယ်များအတွက် အထူးဦးစားပေးဆောင်ရွက်မည်ဆိုသည့် ပါတီအချို့ရှိနေခြင်းတို့က သူမတို့အပေါ် ပါတီများ၏သဘောထားများကို ပြသနေခြင်းပင် ဖြစ်လေသည်။

“အဓိကက နှစ်ပိုင်းရှိတယ်။ အမျိုးသမီးတွေရဲ့နိုင်ငံရေးအခန်းကဏ္ဍအတွက် အမျိုးသမီးတွေပါစေချင်တာ။ ဘာလို့ဆိုနိုင်ငံရေးမှာ မြန်မာနိုင်ငံသူနိုင်ငံသား အားလုံးပါဝင်သင့်တယ်ဆိုတဲ့နေရာမှာ အမျိုးသားနဲ့အမျိုးသမီး တန်းတူပါဝင်နိုင်မှ တစ်ရပ်အတွက် အမျိုးသမီးတွေ ပါသင့်တယ်။

ဒေါ်ချိုချိုကျော်မြင့်



နောက်တစ်ချက်က ဘာသာစုံပါဖို့ကြိုးစားတယ်။ အမျိုးသမီးကိုပါစေချင်တာ အမျိုးသမီးတွေ ဒီပါတီမှာ ဦးဆောင်မှုကဏ္ဍမှာ ပါဝင်နေပါလားဆိုတဲ့ အခြေအနေတစ်ရပ်ဖြစ်အောင်” ဟု ဦးဖြိုးမင်းသိန်းက ဆိုသည်။

၎င်းကဆက်လက်၍ “မြန်မာပြည်သူလူထုရဲ့စိတ်ကတော့ အမျိုးသား၊ အမျိုးသမီး ခွဲခြားတဲ့စိတ်က တော်တော်လေးနည်းပါတယ်။ အရည်အချင်းပြည့်မီတယ်ဆိုရင် ပြည်သူလူထုက လက်ခံပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲ Campaign မှာ အမျိုးသမီး ကိုယ်စားလှယ်တွေနဲ့ပတ်သက်ပြီး ပါတီကနေ တော်တော်များများ တာဝန်ယူ

www.foreverspace.com.mm

ပြီး စည်းရုံးရေးလုပ်မှာ။ ဗဟိုစည်းရုံးရေးက ကိုက မြို့နယ်တွေမှာ အမျိုးသမီးမဲဆန္ဒနယ်တွေအတွက် ဦးစားပေးလုပ်မှာ။ အမျိုးသမီးအမတ်လောင်းတွေအတွက် ဗဟိုကနေကို တချို့အစိတ်အပိုင်းတွေ တာဝန်ယူပြီး လုပ်ပေးမှာ။ ဘာဖြစ်လို့လဲဆို အမျိုးသမီးတွေ လွှတ်တော်ထဲကိုရောက်စေချင်လို့”ဟု ဆက်လက်ပြောပြသည်။

ပါတီအနေဖြင့် ထိုသို့ဆောင်ရွက်ပေးမည်ဆိုသောကြောင့် ပါတီဘက်မှ လိုအပ်သည့် ဖြည့်ဆည်းမှုကို လုပ်ဆောင်ပေးခြင်းဟုဆိုနိုင်သည်။ သမိုင်းနောက်ခံအဖြစ်အပျက်များအရ အမျိုးသမီးများ မဲဆွယ်စည်းရုံးစဉ် နိုင်ငံရေးသမားတိုင်းကြုံတွေ့ရတတ်သည့် လုပ်ဆောင်ချက်ကို ထောက်ပြဝေဖန်ခံရခြင်းသာမက ပုဂ္ဂိုလ်ရေးဝေဖန်ခံရခြင်း၊ ဟာကွက် အားနည်းချက်များ ရှာဖွေလှောင်ပြောင်သရော်ခံရခြင်းများ ရှိလာနိုင်လေရာ ထိုအခြေအနေများကို ဒူပေနာပေခံနိုင်ရည်ရှိရန် လိုအပ်ကြောင်း ဒေါ်သန်းသန်းနုက ယခုကဲ့သို့ ရှုမြင်သုံးသပ်သည်။ “ဗမာအမျိုးသမီးတွေ လွတ်လပ်ခွင့်ရှိတယ်။ သူက ထူးထူးချွန်ချွန် လုပ်နိုင်တယ်ဆိုပေမယ့် ကိုယ့်ရဲ့ ဂုဏ်သိက္ခာနဲ့ပတ်သက်လာရင် ထိန်းသိမ်းရတဲ့အပိုင်း ရှိတယ်”

“တစ်ခုခုပြဿနာဖြစ်လာရင်တောင် အမျိုးသားကျတော့ လူတွေက ခွင့်လွှတ်တန်ခွင့်လွှတ်လိုက်ကြတယ်။ အမျိုးသမီးကျတော့ သူတို့က ခွင့်မလွှတ်ဘူး” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းအပြင် စိတ်ပိုင်းဆိုင်ရာ ခိုင်မာအားကောင်းမှုသာမက မိမိကို လူအများက ယုံကြည်လက်ခံလောက်သည့် ရုပ်ပိုင်းဆိုင်ရာအခြေအနေသည်လည်း အရေးကြီးကြောင်း “အမျိုးသမီးရော အမျိုးသားရော Personality (ကိုယ်ရည်ကိုယ်သွေး) က အရေးကြီးပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ ခေါင်းဆောင်ဖြစ်မယ့်သူက Personality ကောင်းဖို့လိုပါတယ်။ အမျိုးသမီးမှာကျတော့ ပိုတောင်အရေးကြီးသေးတယ်။ သူများကိုယ့်ကိုကြည့်လိုက်တာနဲ့ ယုံကြည်လောက်တဲ့ အင်္ဂါရုပ်ရှိဖို့လိုတယ်” ဟု တိုင်းရင်းသူအမျိုးသမီးကြီးက ဆိုသည်။

ဦးသုဝေက “Personality ဆိုတာကတော့ အထူးသဖြင့် နိုင်ငံရေးမှာ အထူးသဖြင့် မြန်မာပြည်လို အရှေ့တောင်အာရှလိုနေရာတွေမှာက ပိုပြီးတော့ အရေးကြီးတယ်လို့ထင်တယ်။ သဘောတရားရေးထက် Personal က ပိုပြီးတော့ အရေးကြီးတာတွေ အများကြီးရှိတယ်။ လူကိုခင်တဲ့အခါကျတော့ ပိုပြီးတော့ အလုပ်လုပ်နိုင်တာတွေ အများကြီးရှိလာနိုင်တာပေ့ါ။ အမျိုးသမီးတွေကတော့ အများအားဖြင့် ယောကျ်ားလေးတွေထက်စာရင် ပေါင်းသင်းဆက်ဆံရေး ပိုပြီးတော့ ပြေပြစ်တာပေ့ါ။ ပိုပြီးတော့ပြေပြစ်တဲ့အခါကျတော့ ပိုပြီးတော့ လူချစ်လူခင်ပိုများနိုင်တာပေ့ါ” ဟု ပြောကြားသည်။

ဦးဖြိုးမင်းသိန်းကလည်း “ပါတီရဲ့ ပြောရေးဆိုခွင့်နေရာတွေမှာ မိန်းမတွေကိုထားပြီးလုပ်မှာ။ နိုင်ငံတကာမျက်နှာစာမှာ မိန်းမတွေက ယောကျ်ားတွေထက်တောင် ပြောတတ်ဆိုတတ်သေးတယ်” ဟု ဆိုသည်။

ယင်းတို့သည် အားသာချက်များဖြစ်သော်လည်း လူသားတို့၏သဘာဝသည် ၎င်းတို့ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် နောက်ခံသမိုင်းအခြေအနေများကို မူတည်ကာ အရာရာကို ယှဉ်တွက်တတ်ကြသူများဖြစ်ကြောင်းနှင့် သူတို့သည် သူတို့ကို ခေါင်း



**ဝါရင့်သတင်းစာဆရာ**
**လူထုစိန်ဝင်း**

www.foreverspace.com.mm



ဆောင်မည့်သူကို လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကို တွက်ဆကာ ရွေးချယ်တတ်ကြကြောင်း၊ ဥပမာအားဖြင့် စစ်ပွဲဖြစ်ပွားနေသော နေရာဒေသများတွင် အမျိုးသမီးကို ရွေးချယ်သည်ဆိုလျှင်ပင် ယောကျ်ားဆန်သော သွင်ပြင်လက္ခဏာရှိသူများကို ရွေးချယ်တတ်ကြကြောင်း ၂၀၀၉ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ ပြုလုပ်ခဲ့သော သိပ္ပံပညာရပ်ဆိုင်ရာ စစ်တမ်းတစ်ခုအရ သိရသည်။

ဤသည်တို့မှာ မသိစိတ်က ရွေးချယ်ပေးလိုက်သည်များဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း အမျိုးသား၊ အမျိုးသမီး မခွဲခြားပါဟု ဆိုကြသော်လည်း ထုံးတမ်းစဉ်လာအရ ဦးစားပေးမှု၊ မသိစိတ်က (ဥပမာ–အိမ်ဦးနတ် စသည် . . . ) စွဲလမ်းယူဆထားသည့် အားကိုးအားထားပြုမှု စသည့် အခြေအနေများကို အမျိုးသမီးများရင်ဆိုင်ကြရမည် ဖြစ်သည်။

ထိုသို့သောကိစ္စများကို အမျိုးသမီးများ ရင်ဆိုင်ရချိန်တွင် လုပ်ဆောင်ရသည့် အခြေအနေကို "အမျိုးသမီးယှဉ်ပြိုင်သူတွေက သူတို့တွေဟာ အခိုင်မာအသန်စွမ်းဆုံးသူတွေဖြစ်ပါတယ်ဆိုတာမျိုးကို သက်သေပြနိုင်ဖို့လိုတယ်။ အဲဒါက ဘယ်နေရာမှာမဆိုပါ။ အိန္ဒိယမှာရော၊ ဗြိတိန်မှာရော ဒီလိုပဲလုပ်ရမှာပါ။ သူတို့က အခိုင်မာဆုံးသူတွေဆိုတာပြနိုင်ဖို့ပါပဲ" ဟု ဗြိတိန်တက္ကသိုလ်မှ ပါမောက္ခက ဆိုသည်။

သို့ဖြစ်လေရာ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် အမျိုးသမီးများနှင့် ပတ်သက်၍ ဦးဖြိုးမင်းသိန်းက ယခုကဲ့သို့ သုံးသပ်သည်။

"ရွေးကောက်ပွဲမှာ အမတ်ဖြစ်ကတည်းကိုက တော်လို့ဖြစ်လာတာ။ သူ့ပါတီ သူ့မြို့နယ်ထဲမှာကို သူအမတ်ဖြစ်ဖို့ ကြိုးပမ်းမှုရှိတယ်။ လွယ်လွယ်နဲ့ ငါအမတ်လုပ်မယ်ဆိုပြီး လာလုပ်လို့ရတာမဟုတ်ဘူး။ အာဏာရနိုင်တဲ့ပါတီမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ဖို့ဆိုတာ မလွယ်ဘူး။ အဲဒီအမျိုးသမီးက အဲဒီမြို့နယ်မှာ လွှတ်တော်ကိုယ်စားလောင်းဖြစ်တယ်ဆိုတာ အဲဒီပါတီက ယောကျ်ားလေးတွေကို ဖြတ်တက်လာတာ"

မဲဆွယ်စည်းရုံးစဉ်ကာလတွင် အမျိုးသမီးကိုယ်စားလှယ်များအနေဖြင့် သူမတို့သည် မည်သို့သောသူများဖြစ်ပါသည်ဆိုသည်ကို အမျိုးသားများ စင်မြင့်တက်ဟောပြောသည့်နည်းတူ လုပ်နိုင်ကြပါလိမ့်မည်။ သို့ရာတွင် အမျိုးသားများထက်စာလျှင် နွဲ့နှောင်းသည်ဟု ယူဆခံထားရသူများအနေဖြင့် အခြားမည်သည့်နည်းဖြင့် ဆောင်ရွက်နိုင်မည်နည်း။ အမျိုးသားများက အားနှင့်မာန်နှင့်ဟောပြောလျှင် အမျိုးသမီးများလည်း အမျိုးသမီးပုံစံဖြင့် ထိုသို့ပြောနိုင်သည်။ သို့သော် အသံမပါဘဲ သဘောထားများကို စာသားများ သက်သက်ဖြင့်ဖော်ပြသော ပုံနှိပ်မီဒီယာများနှင့် အင်တာနက်စာမျက်နှာများတွင် အခွင့်အရေးတန်းတူရှိသွားပြီဖြစ်လေသည်။ Facebook ကဲ့သို့ အင်တာနက်လူမှုရေး စာမျက်နှာများတွင် အမျိုးသမီးများက အမျိုးသားများထက် စကားများများပြောကာ ပြောတတ်ဆိုတတ်ကိုယ့်ဘက်ပါအောင် ပြောတတ်သူများဖြစ်သည်ကို တွေ့ရတတ်ပါသည်။ နေရာအနှံ့ သွားကာ လူကြားထဲသွားသည့်နည်းတူ နေရာမှ ထိုင်ရာမထဘဲ အင်တာနက်ပေါ်မှ တစ်ဆင့် လူအများနှင့်တိုက်ရိုက်ထိတွေ့ပြောဆိုနိုင်ကြပေလိမ့်မည်။ အင်တာနက်ကို မယှဉ်ပါးသည့်တိုင် ကိုယ်စားဆောင်ရွက်ပေးသူများကို အားကိုးနိုင်ကြသည်။ အင်တာနက်လူမှုရေးကွန်ရက်ကိုသုံးကာ မဲဆွယ်ကောင်းခဲ့သည်ဆိုသော အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည်ပင်လျှင် သူကိုယ်တိုင် အင်တာနက်တွင် စာတစ်လုံး ဝင်နှိပ်ဖူးသူမဟုတ်ဘဲ မဲဆွယ်သူများကသာ သူ့အတွက် လုပ်ပေးခဲ့ခြင်း ဖြစ်လေသည်။ ယင်းအပြင် တစ်နိုင်ငံလုံးတွင် အင်တာနက်သုံးသူ နည်းပါးနိုင်သည်ဆိုသော်ငြား ခေတ်မီ မီဒီယာ တစ်ခုကိုသုံးကာ အမျိုးသမီးများသည် သူမတို့ပြောလိုသော စကားများကို ပြောနိုင်ကြမည် ဖြစ်သည်။

"အစပိုင်းမှာတော့ အမျိုးသမီးတွေကို နိုင်ငံရေးမှာ ယှဉ်ပြီးလုပ်နိုင်တယ်လို့ မထင်ကြပါဘူး။ အခုတော့ အဲလိုလူမျိုးတွေ နည်းနည်းလာပါပြီ။ အဲဒါတွေမဟုတ်ဘူးဆိုတာ သက်သေပြနိုင်တဲ့ အမျိုးသမီးတွေလည်း ပိုပိုပြီးများလာလို့ပါ" ဟုဆိုသည့် အင်္ဂလိပ်အမျိုးသမီးပါမောက္ခ၏စကားက သူမတို့ နိုင်ငံ၏အခြေအနေကို ပြဆိုနေသည်။ သူမတို့နိုင်ငံမှ လူများ၏ နိုင်ငံရေး အသိရေချိန် အပြောင်းအလဲအရ ထိုသို့ အခြေအနေကိုရောက်ရှိလာခြင်းဖြစ်ပေသည်။

သမိုင်းအဆက်ဆက်နှင့် လက်ရှိ အခြေအနေများအရ မြန်မာနိုင်ငံမှ သူမတို့တွင် အားသာချက်များမှာ အခြားနိုင်ငံများထက်များသည်လည်းရှိ နည်းသည်လည်း ရှိနိုင်သလို အားနည်းချက်များလည်း ထို့အတူပင်ရှိမည် ဖြစ်သည်။

သို့သော် အခြေအနေနှင့် အချိန်အခါများက ကွဲပြားလာခဲ့ကြပြီဖြစ်ရာ လွတ်လပ်ရေးမရခင်ခေတ်က အမျိုးသမီးများ၏ Issue က အင်္ဂလိပ်လက်မှ လွတ်မြောက်ရေးကို မည်သို့မည်ပုံလုပ်ကြမည်ဆိုသည်များကို ပြောဆိုခဲ့ကြသည်။

ယနေ့မည်သည်တို့ကို မည်သို့မည်ပုံလုပ်မည်နည်းဆိုသည်မှာ ပြောတတ်ဆိုတတ် လုပ်တတ်ကိုင်တတ်သူတို့အတွက် အားသာချက်တစ်ရပ်ဖြစ်ပေမည်။ သူမတို့ မည်သို့ ဆုပ်ကိုင်ဆောင်ရွက်ကြမည်နည်း။

သေချာသည်က နိုင်ငံသားတို့၏ နိုင်ငံရေးဗဟုသုတရေချိန်နှင့် ထိုသူတို့၏ အဆုံးအဖြတ်ပေါ်တွင်သာ မူတည်လေသည်။ ထိုသူတို့ အမှန်တကယ် လိုအပ်နေသည်များက မည်သည့်အရာများဖြစ်သည်ဆိုသည်ကို ရှာဖွေနိုင်ကြသူများ အားသာကြပေလိမ့်မည်။ ဤတွင် သူမတို့သည်လည်း ဝင်ရောက်ရှာဖွေ ကြိုးပမ်းနိုင်ခွင့်ရှိကြလေသည်။

**သီဇော်**

www.foreverspace.com.mm

**အမျိုးသားလုံခြုံရေးကို ဦးစားပေးစဉ်းစားလေ့ရှိသောနိုင်ငံရေးဖြစ်စဉ်အောက်တွင် မဟာဗျူဟာကုန်စည်ဖြစ်သည့် လောင်စာဆီကို အစိုးရက နှစ်ပေါင်းများစွာ ထိန်းချုပ်ဖြန့်ဖြူးရောင်းချခဲ့သည်။ ယခုနှစ် မေလ ၁၅ ရက်နေ့မှစတင်၍ ပုဂ္ဂလိကအရောင်းဆိုင်များပေါ်ထွန်းလာခဲ့ရာ ပြည်ပကုမ္ပဏီများ၏ လာရောက်ရင်းနှီးမြှုပ်နှံမှုမရှိလျှင်ပင် ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီများ၏ ပြိုင်ဆိုင်မှုပြင်းထန်ခြင်းနှင့်အတူ လူအများ၏ ခံစားနားလည်မှုကို အသစ်ဖြစ်ထွန်းပြောင်းလဲစေ၍ ပါရာဒိုင်း အရွေ့ကို ပြောင်းလဲလာစေနိုင်မည်ဟု ကျွမ်းကျင်သူများက ရှုမြင်ထားကြသည်။**

# လောင်စာဆီ ပါရာဒိုင်းအရွေ့

နိုင်မင်းဝေ



## အရှုံးခံ နှစ်ဂါလန်

နိုင်ငံပိုင်သတင်းစာများတွင် ဖေဖော်ဝါရီလ ၅ ရက်နေ့ ရက်စွဲဖြင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချမည့် စက်သုံးဆီဆိုင် ၂၄၆ ဆိုင်စာရင်းကို ကြေညာခဲ့သည်။ နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း အစိုးရအနေဖြင့် တစ်လလျှင် အမေရိကန်ဒေါ်လာသန်း ၄၀ ဖိုးခန့် လောင်စာဆီများကိုတင်သွင်း၍ အရှုံးခံရောင်းချပေးခဲ့ပြီး ဆီစာအုပ်တစ်အုပ်လျှင် တစ်ရက်နှစ်ဂါလန်ခွဲတမ်းစနစ်ဖြင့်သာ ဖြန့်ဖြူးပေးခဲ့ရာ ဆီရောင်းလိုအားနှင့် ဝယ်လိုအား အချိုးမညီမှုအကျိုးဆက်ကြောင့် ဆီမှောင်ခိုဈေးကွက်တစ်ရပ်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့မြင်ရသည်။

ထူးခြားသည်မှာ ရန်ကုန်မြို့ရှိ လူလတ်တန်းစားနှင့် ပင်စင်စားများကြားတွင် အောက်ကားခေါ် ဈေးအနိမ့်ကားများဝယ်ယူ၍ ဆီထုတ်ရောင်းသည့်သူများ ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။

"စက်သုံးဆီ ပုဂ္ဂလိကဆိုင်တွေ ပေါ်လာတော့ နို့ညှစ်ရောင်းတဲ့သူတွေ ခွင်ပျောက်သွားတယ်။ ကားဈေးကွက်လည်း ပျက်သွားတယ်" ဟု သတိပဋ္ဌာန်လမ်းမှ ကားအကျိုးဆောင် ဦးအောင်ကျော်က သုံးသပ်ပြောကြားသည်။

## နီလာရိုးမက ပြန်စ

ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များသည် ၂၀၀၂ ခုနှစ် မတိုင်ခင်ကပင် စတင်ခဲ့

www.foreverspace.com.mm





ကြောင်း ၂၀၀၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် စွမ်းအင်ဝန်ကြီးဌာနက ပုဂ္ဂလိက ဆီဆိုင်များ၏ လုပ်ပိုင်ခွင့်ကို အကြောင်းကြောင်းကြောင့် ရုပ်သိမ်းခဲ့ပြီး ယခုပုဂ္ဂလိကဆိုင်များပြန်ဖွင့်ရာတွင် ယခင်က သိမ်းယူခဲ့သည့် ပုဂ္ဂလိကဆိုင်များကို အဖိုးအခမယူဘဲ ဧပြီလ ၂၃ ရက်နေ့မှစ၍ ပြန်လည်လုပ်ကိုင်စေခဲ့ကြောင်း နီလာရိုးမမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆိပ်ကမ်းပိုင်ဆိုင်သူ၊ ငွေအရင်းအနှီးအင်အားတောင့်တင်းသူနှင့် စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းကို လက်ရှိလုပ်ကိုင်နေသည့် ပုဂ္ဂလိကကုမ္ပဏီ ၁၆ ခုသို့ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်ပြုခဲ့သည်။

စက်သုံးဆီဆိုင်များ လွှဲပြောင်းလုပ်ကိုင်ရာတွင် နှစ်မျိုးရှိကြောင်း၊ မူလပိုင်ရှင်များကို ပြန်လည်လွှဲပြောင်းခွင့်ပြုသည့်ဆိုင်နှင့် စွမ်းအင်ဝန်ကြီးဌာနပိုင်ဆီဆိုင်များကို ကြမ်းခင်းဈေးသတ်မှတ်၍ ဂရန်လွှဲပြောင်းလုပ်ပိုင်ခွင့်ပေးခြင်းတို့ဖြစ်ကြောင်း၊ နီလာရိုးမအနေဖြင့် ရန်ကုန်တွင် နှစ်ဆိုင်၊ မန္တလေးတွင်တစ်ဆိုင်၊ နေပြည်တော်ပျဉ်းမနားတွင်တစ်ဆိုင်၊ ပျော်ဘွယ်တွင်တစ်ဆိုင်၊ ပုသိမ်တွင်နှစ်ဆိုင် စုစုပေါင်း ခြောက်ဆိုင်ပြန်လည်လွှဲပြောင်းလုပ်ပိုင်ခွင့်ရထားသည်ဟု ကုမ္ပဏီ၏အကြီးတန်းတာဝန်ရှိသူများထံမှ သိရသည်။

## ၁၀ ရာခိုင်နှုန်းသွင်းပြီး စတင်နိုင်

စက်သုံးဆီဆိုင်များ၏ သတ်မှတ်တန်ဖိုး ၁၀ ရာခိုင်နှုန်းသွင်းပြီးလျှင် မေလ ၁၅ ရက်နေ့မှစ၍ လွှဲပြောင်းလုပ်ကိုင်နိုင်ကြောင်း၊ ၂၀ ရာခိုင်နှုန်းကို လုပ်ငန်း လုပ်ကိုင်နေရင်း ပေးသွင်းသွားနိုင်ကြောင်း၊ ကျန် ၇၀ ရာခိုင်နှုန်းအတွက်မူ သတ်မှတ်ချက်မသိရသေးကြောင်း၊ ပုဂ္ဂလိကဆီဆိုင်များ၏ အဓိကတာဝန်မှာ စက်သုံးဆီဆိုင်၏ရောင်းအား တစ်လစာ လက်ဝယ်ရှိရမည်ဖြစ်ကြောင်း စက်သုံးဆီဆိုင်လွှဲပြောင်းလုပ်ကိုင်ခွင့်ရ ထိပ်တန်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"အစိုးရရဲ့ မူဝါဒက ဆီမပြတ်အောင်လုပ်ရေးပဲ" ဟု ၎င်းက ဆိုသည်။

စက်သုံးဆီဆိုင်တစ်ဆိုင်၏ တည်နေရာပေါ်လိုက်၍ အရင်းအနှီးပမာဏကွာခြားပြီး အနိမ့်ဆုံး ကျပ်သိန်းလေးထောင်ခန့်ရှိကာ ကနဦးအရင်းအနှီးအနေဖြင့် သီလဝါဆိပ်ကမ်းတွင် ဆီလှောင်ကန်နှင့် ဆိပ်ခံဖောတံတားတည်ဆောက်ရမည့် အရင်းအနှီးများပင်ဖြစ်ကြောင်း ဆီဆိုင်လွှဲပြောင်းလုပ်ကိုင်မည့်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

## ဝန်ဆောင်မှုနှင့်ဆွဲဆောင်

ပုဂ္ဂလိကဆီဆိုင်များအနေဖြင့် ဆီအရည်အသွေးနှင့် ဆီဈေးနှုန်းယှဉ်ပြိုင်မှုထက် ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် စိတ်ကူးစိတ်သန်းသည် အဓိကကျကြောင်း၊ လေပေါင်ချိန်ခြင်း၊ ကားဘီးလေထိုးခြင်း စသည့် ဝန်ဆောင်မှုများရှိလာနိုင်ကြောင်း၊ အင်ဂျင်ဝိုင်လဲခြင်း၊ ဘရိတ်ဆီဖြည့်ခြင်း၊ ဝန်ဆောင်မှုများနှင့် အလွယ်တကူစားသောက်နိုင်သည့် စားသောက်ဖွယ်ရာများတွဲ၍ရောင်းချရန် ရည်ရွယ်ထားကြောင်းနှင့် ယင်းသို့ လုပ်ကိုင်ခွင့် ရှိ၊ မရှိ မေးမြန်းစုံစမ်းလျက်ရှိကြောင်း နီလာရိုးမဆိုင်မန်နေဂျာ

www.foreverspace.com.mm

တစ်ဦးက ဆိုသည်။

ပုဂ္ဂလိကဆီဆိုင်များ လုပ်ကိုင်ခွင့်ရလျှင် အိမ်နီးချင်းနိုင်ငံများကဲ့သို့ လုပ်ကိုင်လိုကြောင်း၊ အိမ်သာကို အကောင်းဆုံး ဆောက်လုပ်ထားပြီး ဆီထည့်သည်ဖြစ်စေ၊ မထည့်သည်ဖြစ်စေ အခမဲ့ အသုံးပြုခွင့်ပေးကာ ပြန်အထွက်တွင် တစ်ရှူးကမ်းခြင်းများလုပ်ဆောင်လိုကြောင်း၊ ရွှေပေလွှာကဲ့သို့ လက်ကမ်းစာစောင်များပြုလုပ်၍ တစ်လပြည့်မှ ငွေချေသည့်စနစ်အပြင် တစ်ဆိုင်နှင့်တစ်ဆိုင် ဈေးနှုန်းကွာခြားချက်ကျဉ်းကျဉ်းနှင့် ဝန်ဆောင်မှုကောင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆီဆိုင်ဖွင့်လှစ်ရန် စီစဉ်နေသူတစ်ဦးက ပြောကြားသည်။

"အရင်က မရှိဘူး၊ မသိဘူး၊ ကုန်ပြီ။ ၁၂ နာရီ ထမင်းစားချိန် ဆီထုတ်မပေးဘူး ဆိုတာမျိုးတွေအစား ၂၄ နာရီဆီရောင်းပေးမယ်။ ဆီထည့်ရင် ဆီထည့်ပြီးမှ ပိုက်ဆံယူမယ်" ဟု ၎င်းက ဆိုသည်။

## စာအုပ်သစ်နှင့်ရောင်း

ယခုလူအများသည် ပုဂ္ဂလိကဆီဆိုင်များတွင် ဆီစာအုပ်ပြစရာမလိုဟု ပြောနေကြောင်း၊ ၎င်းတို့ဆိုင်တွင် ယာယီစာချုပ်သဘောမျိုးဆီစာအုပ်ထားပေးမည်ဖြစ်ကြောင်း၊ နေ့စဉ် ပေါက်ဈေးအတိုင်း အကြွေးထည့်ပေးသွားမည်ဖြစ်ပြီး လအလိုက်ရှင်းပေးသွားမည့်စာအုပ်မျိုးထားကြောင်း၊ ယင်းအပြင် ကုမ္ပဏီများ၊ ရုံးများ၊ အိမ်ရာများ၏ မီးစက်များအတွက် ဆီစာအုပ်ထား၍ အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးရန် ရည်ရွယ်ထားကြောင်း မန်နေဂျာတစ်ဦးက ရှင်းပြသည်။

## မီးခိုးရောင် ဆီဈေးကွက်

ရန်ကုန်မြို့လမ်းဘေးဆီဆိုင်များသည် ယခင်ကကဲ့သို့ လိုင်းကြေးပေး၍ ဆီရောင်းရန်မလိုဘဲ လွတ်လွတ်လပ်လပ် ရောင်းချခွင့်ရလာကြောင်း ၎င်းတို့အနေဖြင့် ကုမ္ပဏီကြီးများ၏ ငွေကြေးစနအင်အားကို မယှဉ်နိုင်သဖြင့် ဈေးနှုန်းချင်းယှဉ်မရောင်းနိုင်ကြောင်း၊ ကုမ္ပဏီများက တစ်ဂါလန် ၃၂၅၀ ကျပ်ခန့်ရောင်းနေချိန်တွင် ၎င်းတို့အနေဖြင့် ၃၃၀၀ ကျပ်ခန့်ဖြင့် ရောင်းမှရကြောင်း လမ်းမတော်မြို့နယ်တွင် နှစ်ပေါင်း ၂၀ ခန့် စက်သုံးဆီရောင်းချနေသူတစ်ဦးက ပြောကြားသည်။

"ကျွန်မမှာ အလုပ်သမား ၁၈ ယောက်ရှိတယ်။ လောလောဆယ်တော့ ရဦးမယ်။ ရေရှည်ကတော့ မလွယ်ဘူး။ ကုမ္ပဏီတွေ ရှယ်ယာခေါ်ရင် ဝင်ချင်တယ်" ဟု ၎င်းက ဆိုသည်။

၎င်းတို့သည် စားသောက်ဆိုင် မီးစက်များ၊ အိမ်သုံးမီးစက်များ၊ စက်လှေများ၊ မော်တော်များထံသို့ လိုက်လံရောင်းချရန် ပြင်ဆင်နေသည်ဟု ဆိုသည်။

## ခံစားမှုအသစ်

ကမ္ဘောဇကုမ္ပဏီက ဧပြီလ ၁၀ ရက်နေ့တွင် နီလာရိုးမဆီဆိုင်များကို ထောက်ကြန့်မြို့နယ် ရွှေညောင်ပင်နှင့် ပျဉ်းမပင်တို့တွင် စတင်ရောင်းချခဲ့သည်။

လောလောဆယ် ဒီဇယ်တစ်မျိုးတည်းကိုသာ ရောင်းချနေသော်လည်း နောက်ပိုင်းတွင် ဓာတ်ဆီကိုပါ ရောင်းချမည်ဟု ယင်းကုမ္ပဏီထံမှ သိရသည်။

"ဦး ဆီထည့်ဖို့ ကားရပ်လိုက်တော့ ယူနီဖောင်းနဲ့ လူငယ်သုံးယောက်လောက် ဝိုင်းလာကြတယ်။ အစကတော့ လန့်သွားတယ်။ နောက်တော့မှ လေပေါင်ချိန်မလား၊ လေထိုးမလား ဝိုင်းမေးကြတယ်။ မှန်ကိုလည်း သုတ်ပေးကြတယ်။ ရေသန့်ဘူးလည်း ကမ်းတယ်။ ဘာပဲပြောပြော ခံစားမှုအသစ်ကြုံရတယ်" ဟု ရွှေညောင်ပင် နီလာရိုးမတွင် ဆီဝယ်ထည့်ခဲ့သူတစ်ဦးက ပြောကြားသည်။

"ဆီတစ်ဂါလန်ကို ၄ ဒသမ ၅ လီတာ သတ်မှတ်ထားတယ်။ တစ်ဂါလန် ၃၂၀၀ ကျပ်နဲ့ ဆီပြည့်မယ်လို့ထင်တယ်" ဟု ၎င်းက ဆိုသည်။

မည်သို့ပင်ဖြစ်စေ နှစ်ပေါင်းများစွာ အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ရှိစဉ် မှောင်ခိုဈေးကွက်ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးကွက်သည် ယခုမူဝါဒသစ်များကြောင့် စီးပွားရေးပုံစံသစ်ဖြစ်ပေါ်လာနိုင်ပြီး အခြားရောင်းဝယ်ရေးလုပ်ငန်းများအတွက် စံပြပုံစံတစ်ခုဖြစ်လာနိုင်မည်လောဟု အကဲဖြတ်သူများက စောင့်ကြည့်လေ့လာလျက်ရှိသည်။

များစွာသေချာသည့်အချက်မှာ ဝန်ဆောင်မှုပုံစံပြောင်းလဲသွားပြီး ပြိုင်ဆိုင်မှုပြင်းထန်ခြင်းနှင့်အတူ ဈေးကွက်၏ အလိုအလျောက်မောင်းနှင်မှုကြောင့် ဆီမရှား၊ ဈေးမများ အခြေအနေသို့ ရောက်ရှိနိုင်ခြင်းပင်ဖြစ်သည်။




**နိုင်မင်းဇေ**

www.foreverspace.com.mm



# လိုအပ်ချက်များရှိနေသေးသည့် ခရီးသွားလုပ်ငန်း

ဖြိုးဝေစိုး



www.foreverspace.com.mm



**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အရေးပါသောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ရှိသင့်ရှိထိုက်သော အခြေခံအဆောက်အဦများနှင့် လျင်မြန်ချောမွေ့မှုရှိသည့်စနစ်များနှင့် ဝန်ဆောင်မှုများက အရေးကြီးသော လိုအပ်ချက်ဖြစ်နေရာ ယင်းတို့ကို ဖြည့်တင်းထားရေးမှာ မဖြစ်မနေလုပ်ဆောင်ရမည့်ကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။**

၂၀၀၉ ခုနှစ် နှစ်ဦးပိုင်းတွင် အေးစက်နေသည့် မြန်မာ့ခရီးသွားလုပ်ငန်းသည် နိုဝင်ဘာလအတွင်းမှစ၍ ကြီးမားသောအလှည့်အပြောင်းဖြစ်ခဲ့ပြီး ရန်ကုန်မြို့တော်ရှိ ကြယ်ငါးပွင့်အဆင့်ဟိုတယ်ကြီးများသည် အောက်တိုဘာလအတွင်းမှစ၍ ကြိုတင်မှာယူထားမှုများနှင့် ပြည့်နှက်လျက်ရှိသည်။

## ဟိုတယ်ဇုန်များ

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားဧည့်သည် နှစ်စဉ်သုံးသိန်းခန့်ရှိနေရာ ယခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ယခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည်ခရီးသွားတစ်သန်းခွဲခန့်ဝင်ရောက်ရန်ရည်မှန်းထားရာ အဆင့်မီဟိုတယ်များစွာရှိရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံကို ပြည်ပခရီးသွားများစိတ်ဝင်စားလာကြပြီး ယခင်ကထက် ခရီးသွားပိုမိုရရှိနိုင်မည့်အခွင့်အလမ်းများရှိနေရာ ခရီးသွားများ ဝင်ရောက်လာမှုကြောင့် ဟိုတယ်အခန်းများ ပြည့်လျှံလာနိုင်သည်။

မြန်မာနိုင်ငံရှိ ဟိုတယ်အခန်းအရေအတွက်နှင့် ဧည့်သည်အရေအတွက် မမျှတမှုကို “ခွက်သေးသေးလေးထဲကို အရည်တွေအများကြီးထည့်လို့ မရသလိုပေါ့” ဟု နေပြည်တော်၌ ဇန်နဝါရီလ ၅ ရက်နေ့က ကျင်းပသော မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ရုံးအဆောက်အအုံဖွင့်ပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ပြောကြားခဲ့သည်။

“ရင်းနှီးမြှုပ်နှံမှုတွေများများလုပ်ရမယ်။ အဓိကကတော့ Infrastructure တွေဖြည့်တင်းဖို့လိုတယ်” ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးတင်ထွန်းအောင်က ဆိုသည်။

ကမ္ဘာလှည့်ခရီးသွားအများအပြားလာရောက်၍ ဟိုတယ်နှင့် ခရီးသည်မမျှတမှုကို လွန်ခဲ့သည့်နှစ်များက ကြုံဖူးကြရာ ပြည်တွင်းခရီးသွားများကိုသာ အဓိကထားသော ဟိုတယ်များဘက်သို့လှည့်၍ ဖြေရှင်းရခဲ့သည်။ ယခုနှစ်တွင် ယင်းကဲ့သို့ ကြုံတွေ့မည်ဆိုပါက အသင့်ဖြစ်ရန် ပြည်တွင်းခရီးသွားအဓိကထားသော ဟိုတယ်များလည်း ပြင်ဆင်ထားသင့်ပြီး ယင်းဟိုတယ်များသည် ဟိုတယ်လုပ်ငန်းကျွမ်းကျင်ကြသော်လည်း နိုင်ငံခြားဘာသာစကားကျွမ်းကျင်သည့်ဝန်ထမ်းရှားပါးမှုနှင့်လည်း ကြုံတွေ့နိုင်သည်။ ယင်းအတွက် တတ်နိုင်သရွေ့ ကြိုတင်ပြင်ဆင်ထားပါက ရေရှည်အတွက် မဟုတ်စေကာမူ လတ်တလောပြဿနာကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်သည်။**(ဇယား)**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် သဘာဝအလှအပပိုင်ဆိုင်မှုအများဆုံးနိုင်ငံဖြစ်သော်လည်း ပြည်ပခရီးသည်ဝင်ရောက်မှု ဒုတိယအနည်းဆုံးနိုင်ငံအဖြစ်ရပ်တည်နေသည်။ ခရီးသွားလုပ်ငန်းအတွက် အခြေခံဖြစ်သည့် နိုင်ငံခြားသားများတည်းခိုနိုင်လောက်သော အဆောက်အအုံများလိုအပ်နေပြီး ယင်းအဆောက်အအုံများကို အမှန်တကယ်ဈေးကွက်ဖြစ်လာနိုင်မည့်နေရာများတွင် တည်ဆောက်ပါက ရေရှည်အကျိုးဖြစ်ထွန်းလာမည်ဖြစ်မည်။

“အကြောင်းကိစ္စတစ်ခုကြောင့် နေရာတစ်နေရာထဲမှာ အဆောက်အအုံတွေ အလုံးအရင်းနဲ့ တည်ဆောက်မယ်၊ အဲဒီနေရာရဲ့ အရေးပါမှုကိစ္စလည်းပြီးရော အဲဒါတွေက အလဟဿဆုံးရှုံးမှုတွေ ဖြစ်သွားနိုင်တယ်” ဟု စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

## သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ဆောင်ဖွယ်ရာများစွာရှိနေကြောင်း၊ လေကြောင်းလိုင်းမလုံလောက်မှုနှင့် မော်တော်ယာဉ်မပြည့်စုံမှုတို့ရှိနေသည့်အတွက်လည်း ယခုထက်ပိုမိုသော ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများလိုအပ်နေကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးတင်ထွန်းအောင်က ပြောကြားသည်။

ခရီးသည်များ တစ်နေရာမှ တစ်နေရာသို့ အဆင်ပြေလျင်မြန်ချောမွေ့စွာရောက်ရှိရန် အရေးကြီးလှကြောင်း၊ လေယာဉ်ခရီးစဉ်များ မော်တော်ယာဉ်များ



www.foreverspace.com.mm



| ခုနှစ် | ခရီးသည်ဝင်ရောက်မှု ရန်ကုန်ဝင်ပေါက် | မန္တလေး/ပုဂံ ဝင်ပေါက် | နယ်စပ် ဝင်ပေါက် | စုစုပေါင်း |
|---|---|---|---|---|
| ၂၀၀၆ | ၂၅၇,၅၉၄ | ၅,၈၂၀ | ၃၆၆,၅၄၇ | ၆၃၀,၀၆၁ |
| ၂၀၀၇ | ၂၄၂,၅၃၅ | ၅,၅၄၁ | ၄၆၈,၃၅၈ | ၇၁၆,၄၃၄ |
| ၂၀၀၈ | ၁၈၇,၇၆၆ | ၅,၅၅၃ | ၅၃၇,၈၁၁ | ၇၃၁,၂၃၀ |
| ၂၀၀၉ | – | – | – | ၂၂၇,၄၂၄ |

**(မှတ်ချက်–၂၀၀၉ ခုနှစ်စာရင်းတွင် နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်သူများမပါဝင်ပါ။)**

| ဟိုတယ်ဇုန် | ဟိုတယ်အရေအတွက် | အခန်းအရေအတွက် |
|---|---|---|
| (က) နေပြည်တော် | ၉ (နောက်ထပ်ငါးလုံး တစ်ပြိုင်နက်ဆောက်နေဆဲဖြစ်) | ၃၈၉ |
| (ခ) ရန်ကုန် | ၁၇၁ | ၇၂၆၅ |
| (ဂ) မန္တလေး | ၁၁၀ | ၃၇၁၈ |
| (ဃ) ပုဂံ | ၈၀ | ၂၀၄၅ |
| (င) ရှမ်းပြည်နယ် | ၁၂၅ | ၃၀၇၀ |
| (စ) ချောင်းသာ | ၂၂ | ၇၇၃ |
| (ဆ) ရခိုင် | ၂၀ | ၅၈၅ |
| (ဇ) မော်လမြိုင် | ၃၃ | ၁၀၈၃ |
| (ဈ) ပဲခူး | ၃၁ | ၆၀၇ |
| (ည) ငွေဆောင်/ ချောင်းသာ | ၃၈ | ၁၄၃၉ |
| (ဋ) နိုင်ငံပိုင် | ၈ | ၃၉၄ |
| | ၆၄၇ | ၂၁,၃၆၈ |

အရည်အသွေးသာမက အရေအတွက်ပါ တိုးမြှင့်ရန်လိုအပ်နေကြောင်း၊ ထို့အပြင် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အွန်လိုင်းဆက်သွယ်ရေးမှာလည်း အရေးပါလုပြီး အင်တာနက်မြန်နှုန်း ပိုမိုကောင်းမွန်စေရန်နှင့် နေရာ တော်တော်များများတွင်လည်း အသုံးပြုနိုင်ရန် စီစဉ်ပေးထားသင့်ကြောင့် ခရီးသွားလုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ ကုမ္ပဏီက Online ကနေ Package တော်တော်များများလက်ခံထားတယ်။ အင်တာနက် Connection လည်း နှစ်ရက်သုံးရက်ကျရော Confirm မလုပ်လိုက်ရလို့ ရက်ကပ်နေတဲ့ခရီးစဉ်တချို့ လက်လွှတ်လိုက်ရတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

## လိုအပ်သောဖြေလျှော့မှု

၂၀၀၈ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဝန်ကြီးချုပ်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအပြီး၌ ဝန်ကြီးချုပ်က ရာနှုန်းပြည့်ဆိုက်ရောက်ဗီဇာ (Visa On arrival) ထုတ်ပေးရန်အတွက် လမ်းညွှန်ခဲ့သော်လည်း လက်တွေ့လုပ်ဆောင်ရာ၌ နိုင်ငံတကာနှင့်မတူညီသည့်စနစ်ကြောင့် အချိန်ကြာမြင့်မှုရှိနေဆဲအခြေအနေကို ဖြတ်သန်းခဲ့ရသည်။ သို့ရာတွင် အွန်လိုင်းမှလျှောက်ထားနိုင်သည့် အွန်လိုင်းဗီဇာစနစ်ကို ၂၀၀၉ ခုနှစ် ဇွန်လတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကိုယ်စား Diamond Palace ကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး နောက်ပိုင်း ဗီဇာလျှောက်ထားရာ၌ ယခင်ကထက် အနည်းငယ် အဆင်ပြေလာခဲ့သည်။



"နိုင်ငံတကာမှ Arrival Visa ဆိုတာ ဒီနေ့ရောက် ဒီနေ့ဗီဇာလုပ်တာ။ ဒီမှာက လာမယ့်ခရီးသည်တွေရဲ့ အမည်နဲ့ ကိုယ်ရေးအချက်အလက်တွေကို တစ်ပတ်ကြို တင်ရတယ်" ဟု ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုအကြီးအကဲ၏ပြောဆိုမှုသည် နှောင့်နှေးခဲ့သောအခြေအနေတစ်ရပ်ဖြစ်သည်။

ယင်းကဲ့သို့ အခက်အခဲများရှိနေခဲ့ရာမှ ၂၀၁၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှစတင်၍ ဆိုက်ရောက်ဗီဇာစနစ်သစ်တစ်ရပ်ကို ပြောင်းလဲကျင့်သုံးလိုက်သည်။

ယင်းပြောင်းလဲကျင့်သုံးလိုက်သော

www.foreverspace.com.mm



ဆိုက်ရောက်ဗီဇာစနစ်သစ်တွင် ကမ္ဘာလှည့်ဗီဇာ၊ လုပ်ငန်းဗီဇာ၊ အလည်အပတ်ဗီဇာဟူ၍ အမျိုးအစားသုံးမျိုးပါဝင်သည်။ ယင်းဆိုက်ရောက်ဗီဇာစနစ်တွင် ကမ္ဘာလှည့်ဗီဇာအတွက် ဒေါ်လာ ၃၀ နှင့် နေခွင့် ၂၈ ရက်၊ လုပ်ငန်းဗီဇာအတွက် ဒေါ်လာ ၄၀ နှင့် နေခွင့် ၇၀ ရက်၊ လူမှုလည်ပတ်ဗီဇာအတွက် ဒေါ်လာ ၄၀ နှင့် နေခွင့် ၂၈ ရက် အသီးသီးသတ်မှတ်ထားသည်။ တစ်ဦးချင်းလာရောက်လည်ပတ်သူ (FIT) Foreign Indepent Traveller များအနေဖြင့် (Show Money) ကိုယ်ပိုင်ငွေအနည်းဆုံး ဒေါ်လာ ၃၀၀ သို့မဟုတ် ဒေါ်လာ ၃၀၀ နှင့် တန်ဖိုးညီမျှသော နိုင်ငံခြားငွေ တင်ပြရမည်ဖြစ်သည်။ မိသားစုနှင့် လာရောက်လည်ပတ်သူဖြစ်ပါက အနည်းဆုံး ဒေါ်လာ ၆၀၀ တင်ပြရမည်ဖြစ်သည်။ ဆိုက်ရောက်ဗီဇာထုတ်ပေးမှုနှင့်ပတ်သက်၍ အချိန်မည်မျှကြာမည်ကိုမူ ဖော်ပြထားခြင်းမရှိပေ။ မူဝါဒနှင့် မကိုက်ညီလျှင်မူ စီးနင်းလိုက်ပါလာသည့်လေယာဉ်ဖြင့် ပြန်လည်တင်ပို့ခံရမည်ဟု တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

ဆိုက်ရောက်ဗီဇာစနစ်ကို ရာနှုန်းပြည့်နီးပါးအကောင်အထည်ဖော်နိုင်မည်ဆိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကြီးစွာအထောက်အကူဖြစ်စေနိုင်ပေမည်။

## ဆွဲဆောင်နိုင်မည့်ဝန်ဆောင်မှု

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက်လုပ်ဆောင်ရာတွင် ဧည့်သည်များအပူအပင်မရှိစေရန်နှင့် လုံခြုံမှုရှိစေရန် ဦးဆောင်နိုင်မည့် ဧည့်လမ်းညွှန်ကောင်းများလိုအပ်ကြောင်း၊ လမ်းခရီးတွင် သန့်ရှင်းသပ်ရပ်စနစ်ကျသည့် သန့်စင်ခန်းများနှင့် စားသောက်ဆိုင်များ လိုအပ်ကြောင်း၊ အချို့ဧည့်သည်များသည် အရည်အသွေးမြင့်မားခြင်းကို အဓိကထားသည်မဟုတ်သော်လည်း လက်ခံနိုင်လောက်သည့်အနေအထားရှိသော စားသောက်ဆိုင်နှင့် သန့်စင်ခန်းများ ဒေသအလိုက် လိုအပ်နေကြောင်း EXOTISSIMO ခရီးသွားလုပ်ငန်းကုမ္ပဏီမန်နေဂျာဦးအောင်ကျော်သူက ပြောကြားသည်။

နိုင်ငံခြားသားဧည့်သည်များသာမက ငွေကြေးတတ်နိုင်သူ နိုင်ငံသားအချို့အတွက်ပါ စိတ်ဝင်စားနိုင်မည့်နေရာသစ်များ ဖန်တီးပေးရမည်ဖြစ်ရာ ရန်ကုန်မြို့တော်ရှိ တိုင်းရင်းသားကျေးရွာလောက်ဖြင့် နိုင်ငံခြားသားဧည့်သည်များကို ဆွဲဆောင်နိုင်မည်မဟုတ်ပေ။ နိုင်ငံတကာတွင် မြစ်ကမ်းနဖူးတစ်လျှောက် လက်ဆောင်ပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် စည်ကားပြည့်နှက်နေပြီး ယင်းလာရောက်လည်ပတ်သူများအား ဝယ်ယူသုံးစွဲချင်စရာများ ဖန်တီးပေးထားကြရာ မြန်မာနိုင်ငံတွင်မူ နိုင်ငံခြားသားများဆီက ငွေကိုသဲ့ယူရန် အလှမ်းဝေးနေသေးသည်ကို တွေ့ရသည်။

“ရန်ကုန်မြစ်ကနေ လှိုင်သာယာ၊ ဒဂုံ



www.foreverspace.com.mm

မြို့သစ်တွေအထိ မြစ်ကြောင်းတစ်လျှောက် သဘာဝအလှကြည့်ဖို့သက်သက်ဆိုရင် မလှသေးဘူး။ စည်ကားမှုလေးရှိရမယ်။ အဲဒါတွေရှိမှ သုံးသိန်းကနေ တစ်သန်းဆိုတာဖြစ်လာမယ်”ဟု ဦးတင်ထွန်းအောင်က မှတ်ချက်ပြုသည်။

နိုင်ငံတကာတွင် ခရီးသွားလုပ်ငန်းမှာ အရေးပါသည့်နေရာတွင်ရှိနေပြီး ကျွမ်းကျင်အလုပ်သမားသာမက အလုပ်သင်အလုပ်သမားများကိုပါ အလုပ်ပေးနိုင်သည့်အနေအထားရှိသည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖြစ်လာစေရန်ပါ ဖော်ဆောင်ပေးနိုင်ပြီး ယင်းခရီးသွားလုပ်ငန်းဖော်ဆောင်ရာဒေသများတွင် ပုံမှန်ဝင်ငွေရရှိသည့်အပြင် ဈောက်ချလုပ်ကိုင်ရာမှ ဖွံ့ဖြိုးဆဲမှ ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ရောက်ရှိလာနိုင်ပေမည်။

ဈေးကွက်ပုံဖော်သည့်နေရာတွင် သယ်ယူပို့ဆောင်ရေးကို ဆွဲဆန့်၍မရဘဲ ဧည့်သည်များ၏ နေထိုင်မှုကာလကိုသာ ဆွဲဆန့်နိုင်ပြီး ဧည့်သည်များစိတ်ဝင်စားမည့်နေရာများနှင့် နေချင်စဖွယ်နေရာများကို ထပ်မံ၍ဖန်တီးရှာဖွေပေးရမည်ဖြစ်သည်။

“ဒီနှစ် နေရာသစ်အနေနဲ့ လွိုင်ကော်၊ ပုဂံအနီးအနားတစ်ဝိုက်က ကုန်းစလယ်၊ ရေစလယ်ရွာ၊ မန္တလေးက ပလိပ်မြို့တို့ပါ။ ဒါပေမဲ့ ဒါတွေဟာ မူလရှိပြီးသားတွေကို အခြေပြုပြီး ပွားထားတာ။ အရသာသစ်၊ တကယ့်အသစ်ဖြစ်ဖို့ဆိုရင် Infrasturcture တွေ၊ Super Services တွေရှိရမယ်” ဟု ဦးအောင်ကျော်သူက ပြောဆိုသည်။

ဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖို့ဆိုလျှင် Infrastructure သာမက ဝန်ဆောင်မှုမှာလည်း အရေးပါလှသည်။ ခရီးသည်များ စိတ်ကျေနပ်စေမည့် ဝန်ဆောင်မှုဖြစ်ရန် လိုအပ်ပြီး တစ်ကြိမ်လာပြီးနောက် ထပ်မလာချင်သည့်ဝန်ဆောင်မှုမျိုး မဖြစ်စေရန် အထူးဂရုပြုရမည်ဖြစ်သည်။ မန္တလေးမြို့တော်ရှိ ပုဂ္ဂလိကသန့်စင်ခန်းတစ်ခုမှာ တစ်ခါဝင် ငါးရာကျပ်ဖြစ်သော်လည်း ပေးထားရသည့်ငွေကြေးနှင့်ယှဉ်ပါက ပြန်ရသည့်ဝန်ဆောင်မှုက စိတ်ကျေနပ်စရာပင်ဖြစ်သည်။ လုပ်ငန်းသေးသော်ငြားလည်း ယင်းကဲ့သို့ ဝန်ဆောင်မှုမျိုး ရန်ကုန်မြို့တော်၌သာမက အခြားအထင်ကရမြို့၌လည်း အများအပြားပေါ်ပေါက်ရန်လိုအပ်ပေသည်။

## ရေမြင့်လျှင် ကြာမြင့်မည်

မြန်မာနိုင်ငံတွင် ဧည့်သည်များစိတ်ဝင်စားမည့်နေရာမရှိခြင်းမဟုတ်ပါ။ အင်းတော်ကြီးဒေသကဲ့သို့ စိတ်ဝင်စားစရာ နေရာများစွာ ရှိပါသည်။ ယင်းနေရာများတွင် အခြေခံအဆောက်အဦများနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် ဖန်တီးပေးရမည် ဖြစ်သည်။

“မြန်မာနိုင်ငံမှာ ဖြစ်လာနိုင်စရာအများကြီးရှိတယ်။ Infrastructure နဲ့ Services ကောင်းကောင်းရှိဖို့ပဲလိုတယ်” ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ထွန်းအောင်က ဆိုသည်။

အိမ်နီးချင်းနိုင်ငံများတွင် ဧည့်သည်တစ်သန်းမှ သုံးသန်းသို့ တိုးတက်မှုမျိုး ရှိလာပြီး မြန်မာနိုင်ငံတွင် ယခုနှစ်ခရီးသွားရာသီအတွက် နှစ်စဉ် သုံးသိန်းဝင်နေရာမှ တစ်သန်းခွဲခန့်ဝင်ရောက်ရန် ရည်မှန်းထားရာ ရောက်ရှိလာမည့်ဧည့်သည်များကို အခြေခံအဆောက်အဦပြည့်စုံစွာနှင့် ဝန်ဆောင်မှုကောင်းမွန်စွာ ဖြည့်တင်းပေးနိုင်ပါက ဧည့်သည်ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူဖြစ်လာနိုင်စရာအကြောင်းရှိပေသည်။

စင်စစ်အားဖြင့် လမ်းပန်းဆက်သွယ်ရေး၊ အဆင့်မီသော ဟိုတယ်အခန်းအရေအတွက်၊ လွယ်ကူမြန်ဆန်သော ဗီဇာစနစ်၊ မဖြစ်မနေပတ်သက်ဆက်ဆံရသည့်အစိုးရဌာနများ၏ လုပ်ထုံးလုပ်နည်းနှင့် စီမံခန့်ခွဲမှုပုံစံတို့ စသောအခြေခံအဆောက်အအုံတို့ ပြုပြင်ပြောင်းလဲလိုက်ပါက မြန်မာ့ခရီးသွားလုပ်ငန်းအလျင်အမြန်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာတွင် တစ်မျိုးတစ်မည်ဖြစ်နေသော နိုင်ငံ၏ပုံရိပ်ကို စစ်မှန်သောစေတနာဖြင့် မြှင့်တင်ဖော်ဆောင်ပေးခြင်းနှင့်အတူ ဝန်ဆောင်မှုနယ်ပယ်တွင် ထင်သာမြင်သာအရှိဆုံးခရီးသွားဝန်ဆောင်မှုလုပ်ငန်းသဘောသဘာဝကို အလေးအနက်နားလည်သဘောပေါက်သူများ စီမံခန့်ခွဲလာပါက ရေမြင့် ကြာမြင့်လာမည်မှာ သေချာနေပေသည်။



**ဖြိုးဝေစိုး**

www.foreverspace.com.mm

# ဒီရေတောများ နောက်ကွယ်

ယုယုမင်း

**ဧပြီလ ပထမပတ်၏ နှစ်ရက်မြောက်သောနေ့ ညတစ်ည။ ပုံမှန်အားဖြင့် လျှပ်စစ်မီးမရှိ တိတ်ဆိတ်ငြိမ်သက်လေ့ရှိခဲ့သော နာဂစ်မုန်တိုင်းသင့် ဖျာပုံခရိုင် အုတ်ဖိုကွင်းချောင်းရွာလေးတွင် မီးစက်သံများ ဆူညံစွာ ထွက်ပေါ်နေပြီး လူတစ်စု၏ မေးသံ၊ ပြန်ဖြေသံများကလည်း ဒီရေတောပင်များ လှပစွာတည်ရှိသည့် ဖျာပုံခရိုင် အုတ်ဖိုကွင်းချောင်းရွာလေး၏ တိတ်ဆိတ်အေးချမ်းမှုကို ထိုးဖောက်လျက်ရှိသည်။ ထိုလူများမှာ နာဂစ်မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းဒေသ သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေးအကြောင်းနှင့် ပတ်သက်ဆက်စပ်ပြီး ရန်ကုန်မြို့တော်အခြေစိုက် သတင်းမီဒီယာများမှ လာရောက်လေ့လာကြသူများဖြစ်ပြီး ဒေသခံများကို တွေ့ဆုံမေးမြန်းမှုများပြုလုပ်နေခြင်းဖြစ်သည်။**

"ဘာမုန်တိုင်းပဲလာလာ ကျွန်တော်တို့မှာ ကျွန်တော်တို့ကို ကာကွယ်ပေးမယ့် ဒီရေတောကြီးရှိနေပြီ" ဟု အသားညိုညိုပိန်ပိန်ပါးပါးနှင့် 'ရွှေရနံ့' သနပ်ခါးအမွှေးတိုင်တံဆိပ်ပါသည့် ကော်လံမပါ လက်တိုအဖြူရောင်စွပ်ကျယ်သား အင်္ကျီနွမ်းနွမ်းဝတ်ဆင်ထားသော အုတ်ဖိုကွင်းချောင်းရွာသား ဦးခင်မောင်ဌေးက သူ့ရွှေရောင်မျက်မှန်ကိုပင့်တင်ရင်း ဆိုသည်။

သူ၏ဖခင်က သစ်ထုတ်လုပ်ရေးလုပ်ငန်းမှ ချောင်းအုပ်။ သူ ၁၅ နှစ်သားအရွယ်မှ စတင်ကာ ဒီရေတောများ၏ တန်ဖိုးကို သိရှိခဲ့သော်လည်း ဒီရေတောများ ပျက်စီးပြုန်းတီးမှု၏ အဓိကလက်သည်တရားခံဖြစ်သည့် မီးသွေးဖိုလုပ်ငန်းကိုလည်း နှစ်အတန်ကြာလုပ်ကိုင်ခဲ့ဖူးကြောင်း၊ ယင်းအတွက် ယခုကြီးစွာနောင်တရမိကြောင်း ဖွင့်ဟဝန်ခံသည်။

## ပြောင်းလဲသွားသောအမြင်များ

ဦးခင်မောင်ဌေးအပါအဝင် ဧရာဝတီတိုင်းနေဒေသခံများအတွက် စားဝတ်နေရေးပြေလည်စေရန် သဘာဝကဖန်တီးပေးထားသောအရာဟု ဒီရေတောများကို သတ်မှတ်ရှုမြင်ခဲ့ကြရာမှ လူတစ်သိန်းခွဲကျော်သေဆုံးပြီး လူပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်စေခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ၎င်းတို့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနိုင်သည့် တစ်ခုတည်းသောအရာအဖြစ် ဒီရေတောများအပေါ် အမြင်ပြောင်းလဲလာသည်ဟု ဒေသခံများက ပြောကြားသည်။

ဖျာပုံခရိုင် အမာမြို့နယ်ခွဲရှိ အုတ်ဖိုကွင်းချောင်းကျေးရွာမှာ အိမ်ထောင်စုပေါင်း



www.foreverspace.com.mm


၆၀၀ ကျော်ရှိပြီး ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့စဉ် မုန်တိုင်းလမ်းကြောင်းအတွင်း မပါဝင်ခဲ့၍ ယင်းအုတ်ဖိုကွင်းချောင်းကျေးရွာအပါအဝင် အနီးအနားရှိရွာအချို့မှာ လူအသေအပျောက်မရှိဘဲ အပျက်အစီးလည်း နည်းပါးခဲ့သည်။ အဆိုပါကျေးရွာများတစ်ဝိုက်ရှိ ဒီရေတောများမှာလည်း ကြီးကြီးမားမား ပျက်စီးမှုမရှိခဲ့ပေ။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့တို့တွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် လူတစ်သိန်းကျော်သေဆုံးခဲ့ပြီး ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီရေတော ၁၆,၈၀၀ ဟက်တာ ပျက်စီးခဲ့သည်။

ဒီရေတောများပျက်စီးမှုကြောင့် ဒီရေတောများတွင် ဂေဟဗေဒစနစ်အရ မှီခိုနေကြသော ရေနေ၊ ကုန်းနေသတ္တဝါများရှားပါးသွားခဲ့ပြီး ဒီရေတောဆင်မှာ မျိုးတုံးပျောက်ကွယ်သွားသည့်မျိုးစိတ်များတွင် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။

ယင်းအပြင် နာဂစ်မတိုင်မီ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ဧရာဝတီတိုင်းသည် ရန်ကုန်ဈေးကွက်သို့ ထင်း၊ မီးသွေး အဓိကတင်ပို့နိုင်ခဲ့သောဒေသကြီး ဖြစ်ခဲ့သည်။ ထို့ကြောင့် ဧရာဝတီတိုင်းဒေသခံများသည် နေ့စဉ်သုံး ထင်းအဖြစ်သာမက စီးပွားဖြစ် မီးသွေးထုတ်ယူရန်အတွက်ပါ သုံးစွဲခဲ့၍ ဒီရေတောအများအပြား ပြုန်းတီးပျက်စီးသွားခဲ့သည်။ ယင်း၏သက်ရောက်မှုအဖြစ် အချို့ဒေသများတွင် နာဂစ်မုန်တိုင်းအတွင်း လူအသေအပျောက်များပြားခဲ့ပြီး အချို့ရွာများမှာ ရွာလုံးကျွတ် နာဂစ်မုန်တိုင်းအတွင်း ပျောက်ဆုံးသွားခဲ့သည်။

နာဂစ်မုန်တိုင်းအတွင်းတွင် ဒီရေတောများစွာကျန်ရှိသော ဧရာဝတီတိုင်းရှိ ဒေသအချို့တွင် လူအသေအပျောက်နည်းပါးခဲ့သည်ကိုတွေ့ရပြီး ယင်းနောက်ပိုင်းမှစတင်ကာ ဒေသခံများ၏ ဒီရေတောများအပေါ် အမြင်များပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။



ဝါးကုန်းကျေးရွာ အစုအဖွဲ့ပိုင် ဒီရေတော

## CF ဆိုသည်မှာ

ယင်းကဲ့သို့ ဒေသခံများ ဒီရေတောများအပေါ် အမြင်ပြောင်းလဲလာသောကြောင့် ဧရာဝတီတိုင်းအတွင်း ဒေသခံများပါဝင်တည်ဆောက်ထားသည့် အစုအဖွဲ့ပိုင်သစ်တော (Community Forest-CF) တည်ထောင်ရာတွင် များစွာအကျိုးသက်ရောက်မှုရှိသည်ဟု ဧရာဝတီတိုင်းတွင် ဒီရေတောအများအပြား တည်ထောင်ပေးလျက်ရှိသည့် သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) ဒုတိယဥက္ကဋ္ဌ ဦးအုန်းက ပြောကြားသည်။

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း(CF) တည်ထောင်ခြင်းဆိုသည်မှာ ဒီရေတောများကိုခုတ်ထွင်ရှင်းလင်း၍ လယ်ယာမြေများတိုးချဲ့စိုက်ပျိုးရာမှ ယင်းလယ်မြေများအတွင်း ဆားငန်ရေများဝင်ရောက်မှုကြောင့် ပျက်စီးသွားသည့်လယ်ပျက်မြေများတွင် လယ်ပိုင်ရှင်များစု၍ ဒီရေပင်များပြန်လည်စိုက်ပျိုးခြင်းကို ဆိုလိုသည်။ ယင်းကဲ့သို့ ဒီရေပင်များပြန်လည်စိုက်ပျိုးနိုင်ရန် အဖွဲ့အ

www.foreverspace.com.mm

စည်းများက မျိုးစေ့နှင့် နည်းပညာပေးပြီး ဒေသခံများက အဆိုပါအစုအဖွဲ့ပိုင်ဒီရေတောများကို ထိန်းသိမ်းစောင့်ရှောက်ရပြီး ယင်းမှရရှိသည့် အကျိုးအမြတ်ကို ဒေသခံများ ခံစားရယူပိုင်ခွင့် ရှိသည်။

အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (CF) မှာ ဒေသခံပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော ထင်းနှင့် အခြားသစ်တောထွက်ပစ္စည်းများ မလုံလောက်သည့်ဒေသများတွင် သစ်တောများတည်ထောင်ခြင်း၊ အစားအစာ၊ လူသုံးပစ္စည်းနှင့် ဝင်ငွေရရှိစေရန်အတွက် လယ်ယာအဆင့်တွင် သစ်ပင်များစိုက်ပျိုးခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူအသုံးချခြင်းတို့ဖြစ်သည်။

အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဒေသခံပြည်သူများကို မြေအသုံးပြုခွင့် နှစ် ၃၀ လုပ်ကိုင်ခွင့်ပေးပြီး ထပ်မံသက်တမ်းတိုးခွင့်ရှိသည်။

မြန်မာနိုင်ငံတွင် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကို သစ်တောပြုန်းတီးမှုနှင့်အရည်အသွေးကျဆင်းမှုများကို ကာကွယ်ထိန်းသိမ်းရန်၊ စားဝတ်နေရေးမြှင့်တင်ပေးရန်၊ ဆင်းရဲမွဲတေမှုကို အထိုက်အလျောက်လျှော့ချပေးနိုင်ရန်နှင့် ကောင်းမွန်သော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုတစ်ရပ်ပေါ်ထွန်းလာရန် (Good Governance) တို့အတွက် ဆောင်ရွက်လာခြင်းဖြစ်သည်ဟု ဒေါက်တာမောင်မောင်သန်း၏ ဒေသတွင်း CF အစပျိုးတည်ထောင်ခြင်းစာတမ်းတွင် ဖော်ပြထားသည်။

ယင်းကြောင့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများအောင်မြင်ရေးအတွက် အခြေခံလူတန်းစားများပါဝင်နိုင်ရေး၊ ပိုင်ဆိုင်မှုများ ရှင်းရှင်းလင်းလင်းဖြစ်ရေး၊ အကျိုးခံစားမှုစနစ် တရားမျှတရေး၊ ဒေသခံများ၏ ဒီရေတောများအပေါ်တန်ဖိုးထားမှု၊ အစဉ်အလာကောင်းပေါ်အခြေခံမှု၊ ရည်ရွယ်ချက်များကို သိရှိရေးမှာ လွန်စွာအရေးကြီးကြောင်း MERN မှ နည်းပညာအကြံပေး ဒေါက်တာမောင်မောင်သန်းက ထောက်ပြပြောဆိုသည်။

## CF ၏ လုပ်ဆောင်ချက်များ

အစုအဖွဲ့ပိုင်သစ်တောဆောင်ရွက်မည့် ဒေသများတွင် ယင်းလုပ်ငန်းအကြောင်း အသိပညာပေးခြင်း၊ သစ်တောအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းခြင်း၊ သစ်တောဦးစီးဌာနသို့ စိုက်ပျိုးမြေများ လျှောက်ထားခြင်း၊ နည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ စိုက်ခင်းတည်ထောင်မည့်မြေနေရာ ခွဲဝေချထားခြင်း၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်များရေးဆွဲခြင်း၊ သစ်တောတည်ထောင်ခွင့်လက်မှတ်များကို သစ်တောဌာနကပေးအပ်ခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း၊ သစ်တောထွက်ပစ္စည်းများထုတ်ယူသုံးစွဲခြင်း၊ ဒေသတွင်းရောင်းချခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်း စသည့် လုပ်ငန်းအဆင့်ပေါင်းများစွာကို ဆောင်ရွက်ရပေသည်။

"ကျွန်တော်တို့ရွာမှာတော့ ဒီလိုဌာနဆိုင်ရာနဲ့လုပ်ကိုင်ဖို့အတွက် အဆင့်တွေများတော့ လူတစ်ယောက် ထားထားတယ်။



ဓာတ်ပုံ–FREDA

www.foreverspace.com.mm



တချို့ ဒီလုပ်ငန်းမှာ လုပ်ကိုင်ရတဲ့အဆင့်တွေဆို လုပ်ရင်းကိုင်ရင်းနဲ့မှ နားလည်လာတာ” ဟု အမာမြို့နယ်ခွဲ ဝါးကုန်းရွာမှ အသက် ၅၀ နီးပါးရှိပြီဖြစ်သော ဒေသခံ အမျိုးသားကြီးတစ်ဦးက ဆိုသည်။

CF စိုက်ခင်းများဆောင်ရွက်ရာတွင် လုပ်ငန်းအဆင့်ဆင့်များပြားမှုကလည်း ၎င်းတို့အတွက် အဆင်မပြေလှကြောင်း ဒေသခံများက ထောက်ပြပြောဆိုသည်။

## အကျိုးအမြတ်ရရှိမှု

လူဦးရေ ၄၀၀ ကျော်ရှိသော ဝါးကုန်းကျေးရွာတွင် အစုအဖွဲ့ပိုင်သစ်တော စိုက်ခင်းဧရိယာ ၃၆၀ ဧကရှိပြီး သစ်တောအသုံးပြုဦးရေ ၅၃ ဦးရှိကာ ယခုနှစ်အတွင်း အဆိုပါ ဒီရေတောမှထွက်ရှိသည့် သစ်စေ့ရောင်းချခြင်းမှ ဝင်ငွေကျပ်သိန်း၂၀၊ ပင်ကျပ်နုတ်ခြင်းမှ ဝင်ငွေ တစ်ဧကလျှင် ကျပ် ၅၀,၀၀၀ ရရှိခဲ့ကြောင်း ဝါးကုန်းကျေးရွာ ဒေသခံ သစ်တောအသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌက အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းမှ အကျိုးအမြတ်ရရှိမှုနှင့် ပတ်သက်၍ ပြောကြားသည်။

ဒီရေတောများပြန်လည်စိုက်ပျိုးလာမှုကြောင့် ဂေဟဗေဒစနစ်၏ အကျိုးအမြတ်များအဖြစ် ဒီရေတောများအတွင်း ငါး၊ ပုစွန်များပြန်လည်ပေါများလာခြင်း၊ တောနေတိရစ္ဆာန်များပြန်လည်ဝင်ရောက်လာခြင်း၊ အရိပ်အာဝါသများရရှိခြင်း၊ ကာဗွန်များကို စုဆောင်းထားသည့် အရင်းအမြစ်ဖြစ်လာခြင်း၊ လေမုန်တိုင်းဒဏ်ကို အသင့်အတင့်ခံနိုင်လာခြင်း စသည့်အကျိုးများရရှိလာသည်။

“CF ရဲ့အကျိုးကျေးဇူးတွေကို နာဂစ်နောက်ပိုင်းဒေသခံတွေ ပိုပြီးသိလာရတော့ သူတို့ကိုယ်တိုင်ကို ကျွန်တော်တို့ဆီလာပြီး သူတို့ဆီမှာ CF စိုက်ခင်းတွေ စိုက်ချင်ကြောင်း လာပြောကြတယ်။ ဒီလို ဒေသခံတွေမှာ သစ်တောချစ်စိတ်၊ သစ်တောတွေစိုက်ချင်စိတ်ဝင်လာတာ သိပ်ကိုအကျိုးကြီးပါတယ်” ဟု သဘာဝပတ်ဝန်းကျင်ထိန်း

### အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့်ပတ်သက်သည့်စိုးရိမ်မှုများ

| သစ်တောဌာန | ဒေသခံကျေးလက်ပြည်သူများ |
|---|---|
| –မြေအသုံးချခွင့် နှစ် ၃၀ ပေးလိုက်လို့ ဖြစ်ပါ့မလား<br>– လုပ်ပိုင်ခွင့်များလျော့နည်းသွားမလား<br>– အလုပ်ပိုတွေ လုပ်ရမလား<br>– ဝန်ထမ်း၊ ငွေကြေး၊ ယာဉ်ချို့တဲ့လို့ လုပ်နိုင်မှာမဟုတ်ဘူး | – မြေအသုံးချခွင့်နှစ် ၃၀ ဟာ ဟုတ်မှ ဟုတ်ပါရဲ့လား<br>–စိုက်ပျိုးရင် မြေကြီးပြန်သိမ်းသွားမှာလား<br>– အင်အားမရှိလို့ မလုပ်နိုင်ဘူး<br>– ဌာနဆိုင်ရာတွေနဲ့ ဆက်ဆံရေးမလုပ်တတ်ဘူး |

**မှတ်ချက်။ ။ MERN မှ နည်းပညာအကြံပေး ဒေါက်တာမောင်မောင်သန်း၏ ‘ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအစပျိုးဆောင်ရွက်မှုနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှရရှိခဲ့သောအတွေ့အကြုံများ ရှင်းလင်းခြင်းစာတမ်းမှ ကောက်နုတ်ဖော်ပြချက်။**



မလှရီ

သိမ်းရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

CF စိုက်ခင်းများ ဆောင်ရွက်လိုကြောင်း ရွာခုနစ်ရွာမှ လျှောက်ထားလာပြီး ယင်းရွာများထဲမှ ဖျာပုံခရိုင် အမာမြို့နယ်ခွဲရှိ အောင်ကုန်း၊ ဖိုးထူးတောင်ယာနှင့် ဂေါ်ဒူကျေးရွာတို့တွင် သမဲ့ကြီး၊ ဖြူးရွှေဝါ၊ ရေခယား၊ အိမ့်မသွယ်၊ ကျန၊ ဆားသားတို့ကို လာမည့်မွန်လမှစတင်၍ ဧက ၁၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း အဆိုပါစီမံကိန်းများကို ဆောင်ရွက်ပေးမည့် FREDA ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

## အခက်အခဲများ

သို့သော် သနပ်ခါးပါးကွက်ကျားနှင့် အသက် ၃၀ ကျော်အရွယ်သာရှိသေးသော်လည်း ရယ်လိုက်လျှင် ရှေ့အပေါ်၊ အောက်သွားသုံးချောင်းမျှသာရှိတော့ပြီး အလှအပအတွက်သွားစိုက်ရန်ပင် ငွေကြေးအသုံးမပြုနိုင်လောက်အောင် သူမ၏ယောကျ်ားနေမကောင်းဖြစ်စဉ်မှစကာ မိသားစုစားဝတ်နေရေးအတွက် လုံးပန်းနေရသူ မလှရီကဲ့သို့ လယ်မြေအပိုင်မရှိသူများသည် ယခင် လယ်မြေဟောင်းအပိုင်ရှိသူများသာ ပါဝင်နိုင်သည့် အစုအဖွဲ့ပိုင်သစ်တောများတွင် လုပ်ကိုင်ခွင့်မရခဲ့ပေ။

မြေကြီးကို နိုင်ငံတော်ကသာပိုင်သောကြောင့် CF လုပ်ငန်းဆောင်ရွက်ရာတွင် ယခင်လယ်ကွက်ရှိသူများသာ CF လုပ်ကိုင်ရမည်၊ လယ်မြေမရှိသူများ CF လုပ်ကိုင်ခွင့်မရဆိုသည်မှာ ဒေသခံများအကြားယင်းသစ်တောလုပ်ငန်းအပေါ် နားလည်မှုအားနည်းနေသေး၍ဖြစ်ရာ အဆိုပါအချက်ကိုပြောင်းလဲရန် လိုအပ်နေသေးကြောင်း

www.foreverspace.com.mm

ဒီရေတောနှင့် သဘာဝဝန်းကျင်ပြုစု ထိန်းသိမ်းရေးကွန်ရက် (MERN) နည်းပညာအကြံပေး ဒေါက်တာမောင်မောင်သန်းက ရှင်းပြသည်။

ဖျာပုံခရိုင် အမာမြို့နယ်ခွဲ တယ်ပင်ဆိပ်ကျေးရွာအုပ်စု ဝါးကုန်းကျေးရွာတွင် သစ်တောအသုံးပြုသူများအဖွဲ့ (Forest User Group)ကို ၂၀၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး FREDA နှင့် ဂျပန်နိုင်ငံမှ ဒီရေတောပြန်လည်တည်ထောင်ရေးအဖွဲ့ (ACTMANG) တို့က ကျွမ်းကျင်မှုနှင့် ငွေကြေးကူညီပေးခြင်း၊ သစ်တောဦးစီးဌာနက မြေအသုံးချခွင့်၊ သစ်တောစိုက်ခင်းများကာကွယ်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ရောင်းဝယ်ရာတွင် ခွင့်ပြုပေးခြင်းများ ကူညီဆောင်ရွက်ပေးခဲ့သည်ဟု MERN မှ နည်းပညာအကြံပေး ဒေါက်တာမောင်မောင်သန်းက ရှင်းပြသည်။


ယင်းအပြင် အစုအဖွဲ့ပိုင်သစ်တောများမှ ဒီရေတောပင်များကို ခိုးခုတ်သူများရှိပြီး ဌာနဆိုင်ရာကလည်း ဒဏ်ငွေရိုက်ခြင်း၊ နောက်ထပ်မကျူးလွန်ရန် ပြောကြားခြင်းသာပြုလုပ်နိုင်ပြီး ခိုးယူသူများမှာ ခိုးခုတ်မြဲခုတ်လျက်ရှိသည်ဟု ဒေသခံတို့ထံမှ သိရသည်။

"သစ်မခုတ်ရဆိုတဲ့စာမျိုး ဆိုင်းဘုတ်ထောင်ထားတယ်။ ရေးထားတာ နားလည်လည်၊ မလည်လည် ဆိုင်းဘုတ်တပ်ထားရင်တော့ သစ်ခိုးခုတ်တာနည်းသွားတယ်" ဟု ဦးလှသိန်းက ဆိုသည်။

ဒီရေတောများပြန်စိုက်ရာတွင် ကန့်ပလာ၊ သမဲ့ကြီး၊သမဲ့ဖြူ၊ ဗြူးစသည်တို့ စိုက်ပျိုးကြပြီး CF စိုက်ခင်းများမှ ပင်ကျပ်နုတ်ခြင်း၊ အိမ်သုံးအတွက် ထင်းရရှိခြင်း၊ ရေသတ္တဝါများဖမ်းယူရရှိနိုင်ခြင်း စသည့် အကျိုးအမြတ်များရှိကြောင်း ဒေသခံများက ပြောကြားသည်။

သို့သော် ဒေသခံများ၏ အဓိကပါဝင်မှုဖြင့်စိုက်ပျိုးရသော အစုအဖွဲ့ပိုင်သစ်တောများမှာ ယင်းကဲ့သို့ အကျိုးကျေးဇူးများ ရရှိသော်လည်း စတင်စိုက်ပျိုးပြီး ၁၀ နှစ်ကြာမှ ယင်းမှထွက်ရှိသော အကျိုးကိုခံစားရခြင်းဖြစ်ရာ ဒေသခံများ၏ စားဝတ်နေရေးအတွက် လုံးပန်းရမှုကြောင့် အစုအဖွဲ့ပိုင်သစ်တောများအောင်မြင်မှုမှာ နှေးကွေးကြောင်း ဒီရေတောနှင့် သဘာဝပတ်ဝန်းကျင်ပြုစုထိန်း





www.foreverspace.com.mm

ဘိမ်းရေးကွန်ရက်၏ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်က ဆိုသည်။

CF စိုက်ခင်းများဆောင်ရွက်ရာတွင် အဓိကကြုံတွေ့ရသောအခက်အခဲများမှာ စိုက်ခင်းများမြေပြုပြင်ရာတွင် လုပ်အားနှင့် အချိန်ပိုပေးရခြင်း၊ စိုက်ခင်းများတွင် ရောဂါပိုးများကျရောက်ခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများအတွင်း တရားမဝင်သစ်ခုတ်ခြင်း၊ အစုအဖွဲ့ပိုင်သစ်တောများအတွင်း တရားမဝင်ကျူးကျော်ဝင်ရောက်ပြီး လယ်ယာမြေချဲ့ထွင်ခြင်း၊ ပုစွန်ကန်များ မွေးမြူခြင်း၊ ဌာနဆိုင်ရာနှင့် ဆက်သွယ်ရာတွင် အခက်အခဲရှိခြင်းနှင့် အခြေခံစားဝတ်နေရေးအခက်အခဲကြောင့် စိုက်ခင်းများကို အချိန်ပြည့်ဂရုမစိုက်နိုင်ခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်တွေ့ကြုံနေရကြောင်း ဒေါက်တာမောင်မောင်သန်းက ထောက်ပြပြောဆိုသည်။

ယင်းကဲ့သို့ ဒေသခံများ အစုအဖွဲ့ပိုင်သစ်တောများအပေါ် စိတ်ဝင်တစား အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်စေရန် ဒီရေတောပင်များအကြား သစ်ပင်စားပင်များ ညှပ်စိုက်ပျိုးခြင်းနှင့် သားငါးများ ထည့်မွေးမြူခြင်းနည်းစနစ်ကိုလည်း စမ်းသပ်သုတေသနပြုနေကြောင်း ယင်းသုတေသနကို အကောင်အထည်ဖော်ဆောင်ရွက်နေသူ မေတ္တာဖောင်ဒေးရှင်းမှ ဦးအောင်နိုင်ဦးက ရှင်းပြသည်။

ဒီရေတောဧက ၆ သိန်းကျော်ရှိသော ဧရာဝတီတိုင်းတွင် FREDA က ၁၉၉၉ ခုနှစ်တွင် ဒေသခံအစုအဖွဲ့ပိုင်သစ်တောကို စတင်အကောင်အထည်ဖော်စဉ်က ဒေသခံများ၏ စိတ်ဝင်စားမှုနည်းပါးခဲ့သဖြင့် ဆားငန်ရေဝင်မှုကြောင့် ပျက်စီးသွား၍ ပစ်ထားသည့်လယ်မြေများတွင် ဒီရေပင်များ စိုက်ပျိုးနိုင်ရန် ဒီရေပင်မျိုးစေ့များ၊ နည်းပညာများပေး၍ စည်းရုံးလုပ်ဆောင်စေခဲ့ကြောင်း ဖျာပုံခရိုင် အမာမြို့နယ်ခွဲ အုတ်ဖိုကွင်းချောင်းကျေးရွာ အစုအဖွဲ့ပိုင် ဒီရေတောစိုက်ခင်းစီမံကိန်းအခြေစိုက်စခန်းမှ ကျွမ်းကျင်လက်ထောက်အဆင့်(၃) ဦးဝင်းထွန်းနိုင်က ပြောကြားသည်။





**အုတ်ဖိုကွင်းချောင်းရွာသား**
**ဦးခင်မောင်ဌေး**

ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် သစ်တောဦးစီးဌာနနှင့် UNDP စီမံကိန်းများ ပူးပေါင်းဆောင်ရွက်သည့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို ၁၉၉၆ ခုနှစ်မှ စတင်ခဲ့ပြီး ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(FREDA)နှင့် ဂျပန်နိုင်ငံမှ ဒီရေတောပြန်လည်တည်ထောင်ရေးအဖွဲ့ ACTMANG တို့က ၁၉၉၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

သစ်တောဌာန၏ ၂၀၀၂ ခုနှစ်တွင် ကောက်ယူထားသော စာရင်းများအရ မြန်မာနိုင်ငံတွင် အစုအဖွဲ့ပိုင်သစ်တောပေါင်း ၅၅,၉၂၁ ဧကရှိပြီး ရှမ်းပြည်နယ်တွင် CF စိုက်ခင်း ၃၄,၃၁၇ ဧက၊ ဧရာဝတီတိုင်းတွင် ၁၀,၄၂၃ ဧကရှိပြီး CF စိုက်ပျိုးမှု အအောင်မြင်ဆုံးဒေသနှစ်ခုဖြစ်သည်။

ဒီရေတောများစိုက်ပျိုးနိုင်ရန် ကူညီပေးသောအဖွဲ့အစည်းများမရှိတော့လျှင် ဟူသော မေးခွန်းအပေါ် ဦးခင်မောင်ဌေးက “ကျွန်တော်ကတော့ အဖွဲ့အစည်းတွေမရှိတော့ရင်လည်း ဆက်လုပ်မှာပဲ။ အခုလည်း သားသမီးတွေကို ပြောထားတယ်။ ငါမရှိတော့ရင်လည်း ဒီရေတောတွေကို တန်ဖိုးထားဖို့လိုတယ်လို့ ပြောထားတယ်”ဟု ဆိုသည်။

ညသည် တဖြည်းဖြည်းနက်လာ၏။ ခုနက ဆူညံနေသော အသံဗလံများလည်း တဖြည်းဖြည်းတိုးတိတ်သွားသည်။ ဦးခင်မောင်ဌေးတစ်ယောက် သူ့ရင်ထဲမှ စကားများပြောလိုက်ရ၍ အတော်ကြည်နူး ပီတိဖြစ်လျက်ရှိသည်။ သူ့မိသားစုစားဝတ်နေရေးအတွက် အိမ်ဆိုင်လေးရှိနေသည်။ သူ့မိသားစုအပြင် ဧရာဝတီဒေသခံများကို မားမားမတ်မတ် ရှေ့မှကာကွယ်ပေးမည့် ဒီရေတောများလည်းရှိနေသည်။ အိမ်ပြန်ရောက်လျှင် ယနေ့အကြောင်း သူ့မိသားစုထံ ပြန်ပြောပြလျှင် ကောင်းမည်လား စဉ်းစားရင်း သူ့အိမ်ပြန်ခရီးမှာ လှပနေသည်။

**ယုယုမင်း**

www.foreverspace.com.mm

**အကျည်းတန်သူများလှချိန်ဟုဆိုသည့် နေဝင်ရီတရောအချိန်ဖြစ်သည်။ နာဂစ်မုန်တိုင်းတိုက်ပြီးမှ ပေါ်လာသည်ဖြစ်သော ကျောက်ခင်းလမ်းပေါ်တွင် လူတချို့ အဝါရောင်ရေပုံးများကိုကိုင်၍ ဟိုမှသည်မှ ပြေးလွှားနေသည်။**

"ရေလာလှူတယ်ဆိုလို့ ကြားကြားချင်း ပြေးလာတာ ဒီရောက်တော့ ရေကကုန်သွားပြီ" အစိမ်းရောင်ဒေါ့ဂျစ်ကားကြီးဘေးရှိ လူစုကွဲစပြုသွားသော လူအုပ်အနီးမှ ခွဲထွက်လာသူ ဦးဝင်းကဆိုသည်။

ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ရှုခင်းသာကျေးရွာနေသူ ဦးဝင်းမှာ ရွာ၏နောက်ဘက်တန်းတွင်နေထိုင်သူဖြစ်သဖြင့် ရေဝေသည့် သတင်းကြားသည်နှင့် ပြေးလာသော်လည်း ရေဝေသည်ကို မမီလိုက်တော့ကြောင်း ပြောပြသည်။


"သောက်ရေရဖို့ နောက်ထပ် နှစ်ရက်လောက် စောင့်ရတော့မယ်" ဟု ဦးဝင်းကဆိုသည်။

သောက်သုံးရေချိုအလုံအလောက် မရရှိသည့် အခြေအနေကို ကြုံတွေ့နေရသည်မှာ ဦးဝင်းတစ်ဦးတည်းမဟုတ်ပေ။

မြန်မာ့သမိုင်းတစ်လျှောက် အဆိုးဝါးဆုံးသော သဘာဝဘေးအန္တရာယ်ဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးနီးပါးတွင် ယခုနှစ် နွေရာသီ၌ ရေချိုလိုအပ်ချက် ပမာဏမြင့်မားလျက်ရှိပြီး ယင်းအခြေအနေသည် အဆိုပါဒေသ၏ အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုဖြစ်နေကြောင်း ဒေသခံများနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများက တညီတညွတ်တည်း ပြောကြား

# ထမင်းတော့ကျွေးမယ်ဗျာ...

ကျော်ဇေယျာထွန်း ၊ ကျော်မျိုးထွန်း ၊ မိုးကျော်



www.foreverspace.com.mm

သည်။

"ကျွန်တော်တို့ဆီကိုလာတဲ့ ဧည့်သည်ကို ထမင်းသာကျွေးရင် ကျွေးမယ်၊ ရေတိုက်ဖို့တော့ အခက်အခဲရှိတယ်" ဟု ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ သက္ကယ်သောင်ကျေးရွာမှ ဆားဖိုတောင်သူ ဦးနိုင်လင်းက ဆိုသည်။

သက္ကယ်သောင်ကျေးရွာတွင် ရေကန်များရှိသော်လည်း သောက်သုံးရေရရှိသည့်ကန် ခြောက်ကန်သာရှိပြီး ကျန်ရေကန်များမှာ သုံးရေအတွက်သာ အဆင်ပြေကြောင်း၊ ၎င်း၏ဆားကွင်းရှိ သုံးရေကန်မှာ မိုးမကျပါက နောက် ၁၀ ရက်ခန့်အတွင်း ကုန်ခန်းသွားနိုင်ကြောင်း၊ လောလောဆယ်တွင် ငါးဂါလန်ဆံ့ ရေရှစ်ပုံးပါ လက်တွန်းလှည်းတစ်စီးလျှင် နှစ်ထောင်ကျပ်ဖြင့် ဝယ်ယူသုံးစွဲနေရပြီး ဆားကွင်းရှိ အလုပ်သမား ၅၈ ဦးအတွက် တစ်ဦးလျှင် ငါးဂါလန်ပုံး တစ်ပုံးနှုန်းဖြင့် ဝေငှနေရရာ တစ်နေ့လျှင် သောက်ရေဖိုး သီးသန့် ၁၄၀၀၀ ကျပ်ခန့် ကုန်ကျလျက်ရှိကြောင်း၊ ပုသိမ်သို့ စက်လှေငှား၍ ဆားများ တင်ပို့ရောင်းချရာမှအပြန် ပုသိမ်မြစ်ရေကို ပီပါရှစ်လုံးခန့်ဖြင့် သယ်ဆောင်ကာ သုံးစွဲနေရကြောင်း ၎င်းကဆိုသည်။

ပြီးခဲ့သည့်နှစ် နွေရာသီ ရေချို့ပြတ်လပ်သည့်အချိန်တွင် INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Save The Children က တစ်အိမ်ထောင်လျှင် ရေတစ်ပုံးဖြင့် ခုနစ်ခေါက်ခန့် လာရောက်ဝေငှပေးခဲ့သော်လည်း ယခုနှစ်တွင်မူ မည်သည့်အဖွဲ့အစည်းကမျှ ရေလာရောက် ထောက်ပံ့ပေးခြင်းမရှိသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။


ပြီးခဲ့သည့်နှစ်မှစ၍ မော်လမြိုင်ကျွန်းဒေသတွင် ရေငန်တိုးသည့်ဇရိယာပိုကျယ်ပြန့်လာပြီး ယခုနှစ်တွင် ထီလာသိမ်ချောင်းတွင် ရေငန်တိုးလာကြောင်း၊ အထက်ဘက်တွင်လည်း စပါးခွံသုံး ဂက်စ်ဆန်စက်များမှ စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကတ္တရာနှင့် စပါးခွံများကြောင့် မြစ်ရေပြင် ညစ်ညမ်းလာပြီး သောက်ရေရှားပါးလာကြောင်း မော်လမြိုင်ကျွန်းမြို့နယ်အခြေစိုက် မေတ္တာရေစင်အဖွဲ့မှ ဦးထွန်းထွန်းက ပြောကြားသည်။



ယခုရက်ပိုင်းအတွင်း ကျောက်ချောင်းကျေးရွာအုပ်စု၊ မြတ်သာကျေးရွာအုပ်စုနှင့် မဲစလီ–ကဇန်းချောင်းအုပ်စုရှိ ကျေးရွာခြောက်ရွာမှ အဝီစိတွင်းတူးပေးရန် မိမိတို့အဖွဲ့အစည်းသို့ လျှောက်လွှာတင်ထားကြောင်း၊ ကျေးရွာအုပ်စုပေါင်း ၄၀၀ ကျော်ခန့်ရှိသော မော်လမြိုင်ကျွန်းဒေသတွင်ပင် မိမိတို့ မေတ္တာရေစင်အဖွဲ့က တူးပေးထားသည့် အဝီစိတွင်း ၅၁ တွင်း အပါအဝင် မေတ္တာဖောင်ဒေးရှင်းနှင့် Save The Children တို့က တူးဖော်သည့် တွင်းပေါင်း ၁၀၀ ကျော်သာရှိနေသေးကြောင်း ၎င်းက ရှင်းပြ သည်။

"သုံးနာရီလောက်မောင်းရတဲ့ လှိုင်းဘုန်းလို ရွာမျိုးကတောင် မော်ကျွန်းကို လာယူရတယ်" ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့် မတ်လအတွင်းက UNDP က အဝီစိတွင်းများကို စမ်းသပ်၍ အကောင်းဆုံးသောက်ရေထွက်သည့် တွင်းများမှ သောက်ရေရယူကာ မော်လမြိုင်ကျွန်းမြို့နယ်ရှိ သောက်ရေရှားပါးသည့်ကျေးရွာများသို့ ဝေငှပေးခဲ့ကြောင်း၊ ပြည်တွင်းပြည်ပ အလှူရှင်များစွာ လိုအပ်နေသေး



www.foreverspace.com.mm

ကြောင်း၊ အချို့သောကျေးရွာများတွင် ရေချိုရှားပါးသဖြင့် ဝမ်းပျက်ဝမ်းလျှော ရောဂါများ အနည်းငယ် စတင်ဖြစ်ပွားနေပြီဖြစ်ကြောင်း၊ နာဂစ်ဒေသများတွင် ရေရှိရေးဆောင်ရွက်ပေးနေသည့် ပြည်တွင်းအဖွဲ့အစည်းတစ်ခု၏တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ငင်းတို့ဒေသတွင် မနှစ်ကထက် သောက်ရေပိုမိုရှားပါးကြောင်း၊ ၎င်း၏ သောက်ရေကန်မှ သောက်ရေပီပါ ကိုးထောင်ကို တစ်ပီပါ တစ်ရာ့နှစ်ဆယ် ကျပ်နှုန်းဖြင့် UNICEF က ဝယ်ယူ၍ ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စုရှိ ကျေးရွာ ၁၇ ရွာကို စက်လှေများဖြင့် သွားရောက်ဖြန့်ဝေပေးခဲ့ ကြောင်း၊ လက်ရှိတာပွန်ကျေးရွာတွင် ရေလုပ်ငန်းရှင်ငါးဦးကသောက်ရေကန် ၁၃ ကန်ရှိပြီး သောက်ရေများရောင်းချပေးလျက်ရှိရာ ယခုအခါ သောက်ရေကန်နှစ်ကန်ခန့်တွင်သာ ရေကျန်ရှိတော့ကြောင်း၊ UNICEF ကလည်း မေလ ၁ရက်နေ့တွင် ရေရှားပါးသည့် ကျေးရွာများသို့ ရေဖြန့်ဝေပေးရန် မိမိတို့ ရေကန်မှ ရေဝယ်ယူရန် ညှိနှိုင်းနေဆဲဖြစ်ကြောင်း ဖျာပုံမြို့နယ် တာပွန်ကျေးရွာမှ သောက်ရေကန်ခြောက်ကန်ပိုင်ဆိုင်သည့် ရေလုပ်ငန်းရှင် ဦးတင်ထွေးက ပြောကြားသည်။

ဘုန်းကြီးသောင်၊ ကန်ဝင်းနှင့် ကုလားထိပ်ကျေးရွာများမှ သောက်သုံးရေ လိုအပ်နေသူများ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများနှင့် ပင်လယ်ထွက်သည့် ငါးဖမ်းစက်လှေများသို့ သောက်ရေပို့မည့် ငါးပေါင်းလှေများမှ လာရောက်ဝယ်ယူလျက်ရှိပြီး တစ်နေ့လျှင် ရေလေးသောင်းဖိုးခန့် ရောင်းချလျက်ရှိကြောင်း၊ သို့သော်လည်း ကျေးရွာများမှ ရေတစ်ဆင့်ပြန်လည်ရောင်းချသူများမှာ တစ်နေ့လျှင် တစ်ခေါက်၊ နှစ်ခေါက်သာ သယ်ယူနိုင်သဖြင့် ယင်းကျေးရွာများ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း၊ မိုးခေါင်၍ ရေပိုမိုရှားပါးလာပါက မိမိတို့ တာပွန်ကျေးရွာမှ ဒေသခံများအတွက်သာ ရေချန်ထားတော့မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် ၎င်း၏သောက်ရေကန်မှ ရေများ ဝယ်ယူ၍ World Vision နှင့် သန့်လေးသန့်စီမံချက်တို့မှ ဒေါ်ညိမ်း၊ ခါးပြတ်၊ ဗံဒါပင်၊ ရွှေထီးနှင့် မြို့ကုန်းကျေးရွာများသို့ ရေဖြန့်ဝေပေးခဲ့ကြောင်း ၎င်းကရှင်းပြသည်။

ရေချိုမရရှိသဖြင့် လက်ဖက်ရည်ဆိုင်ပိတ်ထားသည်မှာ ၁၀ ရက်ရှိပြီ ဖြစ်ကြောင်း၊ ယနေ့မှ အဆင်းချိုင် ကျေးရွာမှ ငါးဂါလန်ပုံးတစ်ပုံးလျှင် သယ်ယူခ ၂၀၀ ကျပ်နှုန်းဖြင့် သောက်ရေငါးပုံးဝယ်ယူပြီး ဆိုင်ပြင်ဖွင့်ခြင်းဖြစ်ကြောင်း၊ ကုန်းသာယာကျေးရွာရှိ အဝီစိတွင်းများမှာ ရေချိုမရဘဲ ရေငန်များသာ ထွက်ရှိကြောင်း၊ ယမန်နှစ်က နွေရာသီတွင် ရေချိုရှားပါးသော်လည်း INGO & NGO အဖွဲ့အစည်းများက နှစ်ရက်၊ သုံးရက်ခြားတစ်ခါ သောက်ရေ ဝေငှ



www.foreverspace.com.mm



ပေးခဲ့သဖြင့် အဆင်ပြေခဲ့သော်လည်း ယခုနှစ်တွင်မူ ပြီးခဲ့သည့် တစ်ပတ်ခန့်က ပြင်ခရိုင်ကျေးရွာမှ စေတနာရှင်များစုပေါင်း၍ တစ်အိမ်လျှင် ရေပုံးတစ်ပုံးနှုန်းဖြင့် လာလှူခြင်းသာရှိသေးကြောင်း၊ ရေအလွန်ရှားပါးသဖြင့် သောက်ရေအတွက် အနည်းငယ်အဆင်ပြေနိုင်သည့် အဆင်းချိုင်ကျေးရွာသို့ မိုးမကျမီ တစ်လခန့်မိသားစုလိုက် သွားရောက်နေထိုင်ရန်စီစဉ်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့်မပြောင်းရွှေ့ဖြစ်ကြောင်း၊ ကျေးရွာသားအချို့မှာ ရေချိုအနည်းငယ်ရှိသည့် ယခင်နေထိုင်ခဲ့သည့် ဘုန်းတော်ပြည့်ကျေးရွာဟောင်းသို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ အုတ်တွင်းကျေးရွာအုပ်စုကုန်းသာယာကျေးရွာမှ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဒေါ်ခင်စန်းမြင့်က ဧပြီလ ၂၅ ရက်နေ့တွင် ပြောကြားသည်။

"ဒီမှာ ရေချိုရှားတော့ သကြီန်တုန်းကတောင် ရေတစ်ခွက်မှ မပက်ဖြစ်ဘူး။ ရေငန်နဲ့ပက်ရင်ရပေမယ့် နေပြင်းတော့ ပက်ပြီးသိပ်မကြာခင် ဆားတွေပွင့်ကုန်တော့ အားနာပြီး မပက်ဖြစ်ဘူး" ဟု ယင်းကျေးရွာမှ တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူအသက် ၁၇ နှစ်အရွယ် မောင်ဇင်ကိုလင်းက ဆိုသည်။

မိမိတို့ စက်ရေတွင်းမှ ရေများကို စက်လှေများဖြင့်သယ်ယူ၍ ဘိုကလေးမြို့နယ်အတွင်းရှိ ရေအခက်ခဲဆုံးကျေးရွာနှစ်ဆယ်ကျော်သို့ ဖြန့်ဝေပေးနိုင်ရန် ၂၄ နာရီစက်မပိတ်ဘဲ မောင်းနှင်ပေးထားကြောင်း၊ ယင်းသို့ပေးဝေနိုင်ရန် UNICEF ကလည်း စက်လှေများ ငှားရမ်းပေးထားကြောင်း ဘိုကလေးမြို့နယ်အခြေစိုက် မွန်မြတ်ကရုဏာအဖွဲ့ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဘုန်းကြီးကျောင်းရှိ ရေဂါလန် ၂၀၀၀ ဆံ့ ရေသိုလှောင်ကန်သုံးလုံးတွင် တစ်လုံးတည်းသာ ရေကျန်ရှိတော့သဖြင့် ခြိုးခြံချွေတာသုံးစွဲနေရပြီး ယင်းရေများ ကုန်သွားသည်အထိ မိုးမရွာပါက ပုသိမ်သို့ စက်လှေများဖြင့် ရေသယ်ယူရတော့မည်ဖြစ်ကြောင်း၊ နာဂစ်တိုက်ခတ်ပြီး နှစ်ရက်အကြာမှစ၍ ဒီဒူးကုန်းကျေးရွာရှိ ရေတွင်းရေကန် ၃၉ ခုကို ကျောင်းတိုက်မှ ရေစုပ်စက်၊ သဲစုပ်စက်များဖြင့် ရေငန်များစုပ်တင်ပြီး သန့်ရှင်းရေးပြုလုပ်ခဲ့သော်လည်း ယင်းရေတွင်း ရေကန်အများစုမှာ နာဂစ်လွန် ၂ နှစ်တာကာလအတွင်း မိုးတွင်းကာလ၌ပင် ရေချိုပြန်မရရှိတော့သည့်အတွက် ရေအခက်အခဲဖြစ်ရခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Save The Children မှ တစ်အိမ်ထောင်လျှင် သောက်ရေတစ်ထမ်းနှုန်းဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း ဒီဒူးကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဦးပဥ္စင်းတစ်ပါးက မိန့်ကြားသည်။


အုတ်တွင်းကျေးရွာအုပ်စုရှိ ကျေးရွာရှစ်ရွာမှ လူဦးရေ ငါးထောင်ကျော်အတွက် အားထားရသည့် အလျား ပေ ၈၀၀၊ အနံ ၁၅၀ ကျော်ခန့်ရှိ ကန်သုံးဆင့်သောက်ရေကန်မှာ လွန်ခဲ့သည့် ၁၅ ရက်ခန့်မှ စတင်ကာ ရေနည်းပါးလာသဖြင့် ပတ်ဝန်းကျင်ကျေးရွာများမှ သောက်ရေလာခပ်သည်ကို ပိတ်ထားခဲ့ရကြောင်း၊ လက်ကျန်ရေအနည်းငယ်ကို စုပ်တင်၍ အုတ်တွင်းကျေးရွာမှ တစ်အိမ်ထောင်လျှင် ရေတစ်ပုံးနှုန်းဖြင့် ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း၊ ယင်းလက်ကျန်ရေမှာလည်း ကျေးရွာသို့ နှစ်ရက်ခန့်ပေးဝေလျှင် ရေကုန်ခန်းသွားမည်ဖြစ်သဖြင့် မိုးမကျမီကာလအထိ ပြင်ခရိုင်ကျေးရွာမှ ရေချိုကို ကားဖြင့် သယ်ဆောင်၍ ကျေးရွာများသို့ ဖြန့်ဝေပေးရတော့မည်ဖြစ်ကြောင်း အုတ်တွင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်စိုးက ပြောကြားသည်။

ယခုလက်ရှိတွင် တစ်အိမ်ထောင်လျှင် ရေနှစ်ပုံးနှုန်းဖြင့် ပြင်ခရိုင်မှ လာရောက်လှူဒါန်းသည့် သောက်ရေများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့် လေးရက်ကလည်း ယင်းကျေးရွာမှပင် လာရောက်လှူဒါန်းခဲ့သေးကြောင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ကင်းဆိပ်ရပ်ကွက်မှ ဒေါ်ခင်စန်းဝင်းက ပြောကြားသည်။

ဒေါ်ဂျစ်ကားအစိမ်းရောင်ဂါလန် ၅၀၀ ခန့်ဆံ့ သော သောက်သုံးရေနှစ်စည်မှာ ရှုခင်းသာကျေးရွာတွင်နေထိုင်သူ ၂၈၀ အတွက်ဆိုလျှင် ဆင့်ပါးစပ်နှမ်းပက်သကဲ့သို့ပင် ဖြစ်နေချေသည်။

ယခုနှစ် ဧပြီလအတွင်း Save The Children အဖွဲ့က သုံးရက်ခြား တစ်ခေါက်ဖြင့် ရေသန့်များ လာရောက်ဖြန့်ဝေသည်မှာ လေးကြိမ်ရှိပြီဖြစ်ကြောင်း၊ ရွာတွင် ရေချိုရရှိနိုင်သည့် ရေတွင်းရေကန်များ လုံးဝမရှိတော့ကြောင်း အနီးဆုံးရေချိုသွားရောက်ခပ်ယူနိုင်မည့် ခုနစ်မိုင်အကွာရှိ အုတ်တွင်းသောက်ရေကန်၌လည်း ရေခန်းခြောက်နေပြီဖြစ်သဖြင့် ရေလာရောက်လှူဒါန်းမည့် အလှူရှင်များကိုသာ မျှော်လင့်နေရကြောင်း ရှုခင်းသာကျေးရွာမှ ရာအိမ်မှူး ဦးအေးသန်းက ဆိုသည်။

"လှူတဲ့သူတွေ မရှိရင်တော့ ကြံဖန်ပြီး ရေချိုရှိတဲ့နေရာတွေကို ခက်ခက်ခဲခဲ သွားခပ်ရတော့မှာပါ" ဟု ဦးဝင်းက ဆက်လက်ပြောကြားသည်။



**ကျော်ဇေယျာထွန်း၊**
**ကျော်မျိုးထွန်း၊ မိုးကျော်**

■

www.foreverspace.com.mm

**ယနေ့ခေတ် အင်တာနက်၏စွမ်းပကားကြောင့် ကမ္ဘာ့တစ်နေရာစီတွင်ရောက်ရှိနေကြသူများသည် နယ်မြေအကန့်အသတ်မရှိ တစ်ဦးနှင့်တစ်ဦး အီးမေးလ်အပြန်အလှန်ပေးပို့ခြင်း၊ လေလှိုင်းကြားတွင် စကားပြောဆိုခြင်းတို့ ဆောင်ရွက်လာရာမှ နည်းပညာများ နေ့စဉ်တိုးတက်ပြောင်းလဲနေမှုကြောင့် မိတ်ဆွေ၊ သူငယ်ချင်း၊ မိသားစုအချင်းချင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး မသိကြသေးသူအချင်းချင်း တစ်နေရာတည်းတွင် အချိန်တိုအတွင်း ဆက်သွယ်ပြောဆိုနိုင်သော လူမှုကွန်ရက် (Social Network) သုံးစွဲမှုနှုန်းမှာ မြန်မာနိုင်ငံတွင်လည်း ယခုနှစ်ပိုင်းအတွင်း နိုင်ငံတကာနည်းတူ မြင့်တက်လာခဲ့သည်။**

အင်တာနက်သည် လူတိုင်း၏ ဘ၀များအပေါ်သက်ရောက်မှုရှိလာသည့်နည်းတူ အင်တာနက်၏ ဩဇာသည် နေ့စဉ်လူတို့၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆောင်ရွက်မှုများအပေါ်တွင်လည်း သက်ရောက်လာနေသည်။

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ သုံးစွဲမှု မြင့်မားလာခြင်းကိုကြည့်ခြင်းအားဖြင့် မည်သည့်ကိစ္စရပ်ကိုမဆို တစ်ဦးတစ်ယောက်ချင်းထက် အများနှင့်အတူတကွ ဆောင်ရွက်ခြင်းမှာ ပိုမိုထိရောက်ကြောင်း စသည့်


# လူမှုရေးကွန်ရက်မှသည် ....

မြနှင်းအေး



www.foreverspace.com.mm

အကျိုးကျေးဇူးများရရှိသကဲ့သို့ပင် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များကို သုံးစွဲမှုတွင် အဆိုးနှင့်အကောင်း ဒွန်တွဲလျက်ရှိသည်။



## လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဆိုတာ

စီးပွားရေးအရ၊ လုပ်ငန်းအရ၊ နည်းပညာအရ၊ ပညာရေးအရ၊ အလုပ်အကိုင်အခွင့်အလမ်းအရသာမကဘဲ စိတ်ပိုင်းဆိုင်ရာ ခံစားချက်များနှင့် အခြားလိုအင်များအတွက် ယင်း Virtual World မှ Social Network များကို လူအများစွဲလမ်းတတ်ကြကြောင်း၊ Social Network ဆိုသည်မှာ အင်တာနက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူများ၏ လိုအပ်ချက်တစ်ခုဖြစ်ကြောင်း Alpha Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာဦးရဲမြတ်သူက လူမှုကွန်ရက်ဝက်ဘ်ဆိုက်၏အဓိပ္ပာယ်ကို ဖွင့်ဆိုပြောကြားသည်။

Social Network ကို လူမှုရေးကွန်ရက်ဆိုသော နာမည်ထက် လူမှုဆက်ဆံရေးကွန်ရက်ဟု အမည်ပိုပေးချင်သည်ဟု ကိုညီလင်းဆက်က ဆိုသည်။

"လူတွေဟာ တစ်နေ့ထက်တစ်နေ့ အလုပ်ပိုလုပ်လာရတယ်။ ရှင်သန်ရပ်တည်ဖို့ ခက်ခဲလာကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြင်လောကမှာ ထိတွေ့နိုင်မှုတွေ လျော့နည်းလာတယ်။ အဲဒီအတွက် အပြင်မှာ တိုက်ရိုက်ထိတွေ့ခွင့်မရရင်တောင် အင်တာနက်ကနေ ထိတွေ့ဆက်သွယ်နိုင်ခွင့်ရလာစေဖို့ Social Network Site (SNS)တွေ ပေါ်လာခဲ့တာ" ဟု ၎င်းက ပြောဆိုသည်။

လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဆိုသည်မှာ မိမိပြောလိုသောအကြောင်းအရာကို အချိန်တိုအတွင်း လူအများဆီသို့ ဖြန့်ကြက်ရောက်ရှိသွားခြင်း၊ သတင်းပွဲစားများခေါ် Information Brokers မှတစ်ဆင့် မိမိသိလိုသည်များကို အချိန်တိုအတွင်းသိရှိရခြင်း၊ မိမိသိလိုသည်များကို အချင်းအချင်းဆွေးနွေးကာ အသိပညာဖလှယ်နိုင်ခြင်းတို့ဖြစ်သည်။

မိတ်ဆွေသစ်ဖွဲ့ရန်၊ မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆက်သွယ်ရန်၊ အချက်အလက်များ အချင်းချင်း ဖလှယ်ရန်၊ Chatting နှင့် Message ပေးပို့ရန် စသည့်ပုံစံမျိုး မြန်မာနိုင်ငံတွင် လူအများ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များကို သုံးစွဲလာကြသည်။

ကမ္ဘာတွင် အများစုအနေနှင့် ကျောင်းသားမှ ရုံးလုပ်ငန်းဆောင်ရွက်သူများအထိ အိုင်စီတီထိုးဖောက်ဝင်ရောက်ပြောင်းလဲမှုမှာ မြန်ဆန်လွန်းသောကြောင့် စီးပွားရေးသမားများ၊ ပညာရေး လိုက်စားသူများအပါအဝင် ကမ္ဘာနှင့်ကင်း၍မရသူများအတွက် အခြားလူမှုရေးလိုအပ်ချက်များအတွက်ပါ လူမှုကွန်ရက် ဝက်ဘ်ဆိုက်များမှာ မရှိမဖြစ်ပေါ်ထွန်းလာသည်ဟု ကွန်ပျူတာပညာရှင်တစ်ဦးက ထောက်ပြပြောဆိုသည်။

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကျင်းပခဲ့သော Barcamp Yangon 2010 သို့လာရောက်ခဲ့သူများကို စစ်တမ်းကောက်ယူခဲ့မှုအရ မြန်မာနိုင်ငံတွင် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များအနက် Facebook ကို ပြည်တွင်း၌အသုံးပြုသူ အများဆုံးဖြစ်သည်ဟု သိရသည်။

Facebook မပေါ်ပေါက်မီက Hi5, Friendster စသည့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များကို အသုံးများခဲ့သည်ဟု အဆိုပါစစ်တမ်းက ဆိုသည်။

ယင်းကဲ့သို့ လူမှုကွန်ယက်ဝက်ဘ်ဆိုက်များ သုံးစွဲသူများပြားလာရခြင်းနှင့်ပတ်သက်၍ "Web သက်သက်က တကူးတကလာကြည့်ဖို့ခက်လာသလို Blog တွေကိုလည်း များတော့ အကုန်မကြည့်နိုင်တော့ဘူး။ နာမည်ရှိသူတွေတောင် RSS Feed တွေနဲ့ကြည့်လာရတော့ နောက် Message ပေးဖို့ Social Network ပေါ်တက်လာကြတယ်" ဟု ဦးရဲမြတ်သူက ဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ် စက်တင်ဘာလနောက်ပိုင်း Blog များ ခေတ်စားလာခဲ့သော်လည်း ယခုနှစ်ပိုင်းမှစတင်က Blog များထက် Social Network များကို စိတ်ဝင်စားမှုပိုလာခဲ့သည်။

"တချို့ Blog တော်တော်များများ ဖွင့်မရတာကြောင့်လည်းပါတယ်" ဟု Blogger တစ်ဦးကဆိုသည်။

သို့သော် ကန့်သတ်မှုများရှိနိုင်သေး၍ မိမိစိတ်ကြိုက်လုပ်၍ရသော Blog ဆိုသည့် Platform မှာ ပျောက်သွားရန် မမြင်ကြောင်း၊ ရပ်တည်နိုင်ပုံချင်း ကွာသွားနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

ကွန်ပျူတာပညာရှင်ဦးရဲမြတ်သူက "မြန်မာနိုင်ငံမှာ သုံးစွဲမှုမြင့်တယ်ဆိုတာ

www.foreverspace.com.mm

ထက် မြန်မာတွေ သုံးစွဲမှုမြင့်လာတယ်လို့ ပြောနိုင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော် သိရသလောက် Oversea မှာ အင်တာနက် သုံးသူမြန်မာဦးရေဟာ ပြည်တွင်းသုံးသူ ဦးရေထက်များနေလို့ပါ။ သူတို့တစ်တွေ အများဆုံးသုံးတာ Social Network တွေ ဖြစ်တယ်။ ပြည်တွင်းသုံးနိုင်သူတွေအရေ အတွက်ဟာ မြို့ကြီးမှာပဲ တက်နေတာပါ။ ကျွန်တော်တို့ ခါးပြတ်မကျန်အောင် တော်တော်လုပ်ကြရဦးမှာပါ" ဟု ရှင်းလင်းပြော ကြားသည်။

## Facebook ဘယ်လိုဖြစ်

ဟားဗတ်တက္ကသိုလ်တွင် နည်းပညာ အဓိကတက်ရောက်နေသော အသက် ၂၀ အရွယ်ရှိကျောင်းသား မာ့ခ်အီးလီးယော့ ဇူကာဘက်သည် ကျောင်းနေဖက်သူငယ်ချင်း များနှင့်အတူ Facebook ကို ၂၀၀၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၎င်းသည် ကမ္ဘာ့ အသက်အငယ်ဆုံး ကိုယ့်ထူးကိုယ်ချွန် လူငယ်တစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ သည်။ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာကျော်တိုင်းမ် မဂ္ဂဇင်းက ရွေးချယ်သော ကမ္ဘာ့သြဇာအရှိ ဆုံးပုဂ္ဂိုလ် ၁၀၁ ဦးတွင် အဆင့် ၅၁ နေရာ၌ ရပ်တည်နေခဲ့သည်။ ယခုအခါ ကမ္ဘာ တစ်ဝန်းမှ လူပေါင်း သန်း ၄၇၀ ကျော်၏ ဒုတိယဘဝဖြစ်နေခဲ့ပြီဟု ဆိုသည်။

ကမ္ဘာကျော် Google ကလည်း ကျယ်ပြန့်လာသောလူမှုကွန်ရက်ဝက်ဘ်ဆိုက် များအတွင်း နယ်ပယ်ချဲ့လိုသောကြောင့် ယခုနှစ်အတွင်း Google buzz ကို ဖန်တီး ခဲ့သည်။ ယင်းဝက်ဘ်ဆိုက်သည် အစပိုင်းတွင် သုံးစွဲသူများ၏ လုံခြုံရေးဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသောကြောင့် အဆိုပါ ဝက်ဘ်ဆိုက်ကို ပြုပြင်မှုများ ပြုခဲ့ရသေး သည်။

ပြည်တွင်းအင်တာနက်သုံးစွဲသူများကို မေးမြန်းချက်အရ လူမှုကွန်ရက်ဝက်ဘ် ဆိုက်များနှင့်ပတ်သက်၍ ပြည်တွင်းတွင် My Suboo,myanmarit-pro, MMIT Development, M51A.com, Mysteryzillion, Planet စသည်တို့ကို အသုံးများပြီး ပြည်ပလူမှုကွန်ရက်ဝက်များတွင် Facebook, Twitter, Myspace,linkedin စသည်တို့ကို အသုံးပြုကြသည်ဟု သိရ သည်။ သို့သော် ယင်းဝက်ဘ်ဆိုက်များထဲ တွင် Facebook ကိုသာ အသုံးများကြပြီး ကျန်ဝက်ဘ်ဆိုက်များတွင် Account ဖွင့် ထားရုံသာဖွင့်ထားဖြစ်ကြသည်ဟု ဆို သည်။



www.foreverspace.com.mm






## ဘာကြောင့်သုံး

"ကျွန်တော်တို့ စံထားရတဲ့လူတွေ ရှိတယ်။ သူတို့ကိုယ်တိုင် အားထားပြီးသုံး နေတာမို့လို့ ကျွန်တော်တို့အတွက်လည်း အကျိုးမယုတ်လောက်ဘူးထင်လို့ ကျွန်တော်တို့ လိုက်ပါသုံးကြည့်တယ်" ဟု Yangonese က ဆိုသည်။

"အီးမေးလ်ဟာ အရေးတကြီးမဟုတ်ရင် အလကားနေရင်းပို့လို့မရဘူး။ Blog တွေပေါ်လာပြီး သတင်းတွေ တင်ကြပေမယ့် ပုံမှန်ဖတ်ဖို့နဲ့ ကိုယ့်ဆီပုံမှန်လာဖတ်သူတွေအတွက် အမြဲအသစ်တင်နေနိုင်ဖို့ မဖြစ်နိုင်ဘူး။ Social Network ကတော့ ကိုယ်တာဝန်ယူစရာသိပ်မလိုသလို သုံးရတာလည်း လွယ်ပါတယ်။ လူသစ်တွေ၊ ဝါသနာတူသူတွေ တွေ့လွယ်တယ်။ လုပ်ငန်းအရလည်း ဘယ်သူမှ အသိမပေးဘဲ ကြော်ငြာလို့ရတယ်။နောက် မြန်မာနိုင်ငံရဲ့ နေ့ကွေးလေးလံတဲ့ အင်တာနက်မှာ အလုပ်လုပ်တယ်။ အဲဒါကြောင့် သုံးဖြစ်တယ်" ဟု အိတ်ဆောင်ပိဋကတ်ကို တီထွင်ထုတ်လုပ်ခဲ့သူ ဦးရဲမြတ်သူက ပြောဆိုသည်။

Facebook သုံးစွဲသူအရေအတွက် မြန်မာနိုင်ငံတွင် တိုးတက်လာသော်လည်း တော်တော်များများမှာ ၎င်းတို့ကိုယ်တိုင်ပင် မည်သည့်အတွက်ကြောင့်အသုံးပြုကြခြင်းကို မသိရှိကြဟု ထင်မြင်မိကြောင်း Myanmar Egress မှ IT Officer (Media Unit) ကိုမြင့်ကျော်က ဆိုသည်။

"ကျွန်တော်လည်း စစချင်းတော့ သူများသုံးလို့ လိုက်သုံးကြည့်ရာကနေ Facebook ရဲ့အားသာချက်တွေကို တွေ့လာရတယ်။ သူငယ်ချင်းအသစ်တွေရသလိုပဲ အဲဒီသူငယ်ချင်းတွေနဲ့ အပြင်မှာတွေ့ဆုံဖြစ်ပြီး တကယ့်မိတ်ဆွေတွေရခဲ့တယ်။ Information အဓိကပေးနိုင်တဲ့လူတွေကို လိုက်ချိတ်ထားတယ်။ နည်းနည်း Hot ဖြစ်တဲ့ လူတွေကို လိုက်ချိတ်တယ်။ သူတို့စာမျက်နှာတွေကို အမြဲတမ်းကြည့်တယ်။ နောက်ပိုင်းကျတော့ Facebook ပေါ်မှာ Education နဲ့ပတ်သက်တာတွေ လိုက်ကြည့်ဖြစ်တယ်။ Newsweek, BBC တို့လို Facebook ပေါ်မှာရှိတဲ့ဟာတွေကို ကြည့်ဖြစ်တယ်"ဟု ၎င်းကပြောဆိုသည်။

## သတင်းများလည်း သိရတယ်

"CNN က သတင်းတစ်ခုကို Facebook Account နဲ့ ဝင်ဖတ်ရင် Comment တွေ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် Option တွေ၊ သူငယ်ချင်းတွေနဲ့ ဆွေးနွေး တာတွေ သတင်းနေရာမှာတင် လုပ်လို့ရနေပါပြီ" ဟု အိုင်တီပညာရှင်တစ်ဦးက ဆိုသည်။

"ကျွန်တော်တို့ဟာ အွန်လိုင်းရဲ့ သဘောအရ အင်ဖော်မေးရှင်းပေါ်မှာနေနေကြပေမယ့် အင်ဖော်မေးရှင်းနဲ့ထဲနစ်နေတာကများတယ်။ နှစ်နေတယ်ဆိုတာ ဟိုဟာလည်း ဆွဲကိုင်ရမလို ဒီဟာလည်း ဆွဲကိုင်ရမလို တော်တော်များများကဖြစ်နေတယ်" ဟု ကိုမြင့်ကျော်က ပြောကြားသည်။

ယခုနောက်ပိုင်း Facebook မှ သတင်းများ သိရကြောင်း၊ ဆရာနီကိုရဲ့ သေဆုံးခြင်း၊ ဆရာအိကြာကွေးသေဆုံးခြင်း သတင်းများကို Facebook မှတစ်ဆင့် သိရခြင်းဖြစ်ကြောင်း Facebook သုံးစွဲမှု ၂ နှစ်ကျော်ရှိပြီဖြစ်သောလူငယ်တစ်ဦးက ဆိုသည်။

သတင်းသမားတစ်ဦးကလည်း နေ့စဉ် Facebook ပေါ်သို့ တက်ကြည့်လေ့ရှိပြီး သတင်းရေးသားရန် Facebook မှ တစ်ဆင့် သတင်းအစအနအချို့ ရရှိတတ်ကြောင်း ပြောကြားသည်။

## မှတ်ချက်ပေးမှုများ

လူမှုရေးကွန်ရက်အသုံးပြုသူ အနည်းနှင့်အများကြုံတွေ့ရသည်မှာ မိမိရေးသားထားသောစာပုဒ်များ၊ စကားစုအတိုများအပေါ် ဖတ်ရှုသူများက အကောင်း၊

www.foreverspace.com.mm

အဆိုး ပြန်လည်တုံ့ပြန် မှတ်ချက်ပေး ရေးသားခြင်းများအပေါ် တစ်ခါတလေ စိတ်အနှောင့်အယှက်ဖြစ်ရခြင်း ဖြစ်သည်။

Facebook တွင် မိမိ၏ကိုယ်ပိုင်စိတ်ခံစားချက်ကိုတင်ရာမှ မိမိနှင့် ငယ်စဉ်ကတည်းက ခင်မင်ရင်းနှီးခဲ့သော သူငယ်ချင်းမှ ငယ်ကျိုးငယ်နာများဖော်ကာ တက်ရေးသည်ကို ခံခဲ့ရဖူးကြောင်း၊ ‘စကားဆိုသည်မှာ အပြောမတတ်ပါက ဆဲသလိုဖြစ်’ ဆိုသည့် မြန်မာစကားပုံကဲ့သို့ပင် ကိုယ့် Privacy ကို ထိပါးလာသည့် အခါလည်း ရှိကြောင်း ကိုမြင့်ကျော်က ဆိုသည်။

“Facebook မှာ အဲလိုမျိုး ကိုယ်တွေ့ ကြုံဖူးတယ်။ ကြုံဖူးလို့လည်း သူငယ်ချင်းတစ်ယောက်ကို အခုချိန်ထိ Block ထားတာ ရှိတယ်။ အရမ်းလည်းခင်တဲ့သူငယ်ချင်းပါ” ဟု သူက ပြောဆိုသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း ၎င်း၏ Personal Feeling တစ်ခုကို Express လုပ်လိုက်ရာ အခြားသူငယ်ချင်းတစ်ဦးက ၎င်းကို ပြောသည်ဟုဆိုကာ ၎င်းက မိမိကို စိတ်ဆိုးသွားခဲ့ကြောင်း၊ နောက်ပိုင်း ပြန်ရှင်းပြလိုက်မှ နားလည်သွားကြောင်း၊ ယင်းကြောင့် အထင်လွဲမှုများလည်း ဖြစ်နိုင်ကြောင်း၊ မည်သို့အသုံးပြုသလဲပေါ်တွင် မူတည်ကြောင်း ၎င်းတွေ့ကြုံခဲ့ရပုံကို ပြောပြသည်။

လူမှုရေးဝက်ဘ်ဆိုက်များတွင် ရေးသားထားသော အရေးအသားများနှင့်ပတ်သက်၍ မှတ်ချက် (Comment) ပေးရာတွင် အကောင်းမြင်စိတ်၊ အဆိုးမြင်စိတ် စသဖြင့် လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိသော်လည်း သူတစ်ပါး၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော အရေးအသားမျိုးမဖြစ်သင့်ကြောင်း အင်တာနက်သုံးစွဲသူများက ဆိုသည်။

“အဲဒါက ပြောရရင် ကိုယ်ကျင့်တရားနဲ့ဆိုင်တယ်။ ပြည်သူ့နီတိကို သိဖို့လိုတယ်။ အဲဒါတွေနဲ့ပတ်သက်လို့တော့ တားဆီးဖို့ မဖြစ်နိုင်ဘူး။ လူအမျိုးမျိုး စိတ်အထွေထွေလေ။ Online Ethic တွေ လိုက်နာဖို့တော့ လိုအပ်ပါတယ်” မြန်မာ Blogger တစ်ဦးဖြစ်သူ Yangonese က လူမှုကွန်ရက်ဝက်ဆိုက်များတွင် မှတ်ချက်ပေးစကားများနှင့် ပတ်သက်၍ သူ၏အမြင်ကို ပြောဆိုသည်။




## ကောင်းကျိုး၊ ဆိုးကျိုး

“ကောင်းကျိုး၊ ဆိုးကျိုးကတော့ သုံးသူ ဘယ်လောက် Mature ဖြစ်သလဲနဲ့ ဆိုင်တယ်။ ICT က Tool ပဲဆိုတော့ အန္တရာယ်ရှိအောင်သုံးရင်တော့ ဖြစ်မှာပဲ။ ပြောရင် ယုံရမယ်ဆိုတာတို့၊ မယုံရဘူး ဆိုတာတို့ စတဲ့ လှေနံဓားထစ်တွေပျောက်ဖို့လိုတယ်။ မခံယူမသုံးစွဲနိုင်တာက Social Network တွေ၊ Online တွေအပြစ်လို့တော့ မထင်ဘူး။ သို့သော် Cyber Crime တွေ လုံခြုံမှု၊ Password စတာတွေတော့ သိရှိသင့်တာ သိထားရမယ်၊ သတိထားရမယ်” ဟု ဦးရဲမြတ်သူက ထောက်ပြပြောဆိုသည်။


မိမိသုံးစွဲနေသော Social Network ၏ Security Level ကို သိထားရမည်ဖြစ်ပြီး အားသာချက်၊ အားနည်းချက်ကို မသိရှိဘဲသုံးနေကြသူ ၈၀ ရာခိုင်နှုန်းရှိကြောင်း၊ Facebook တွင် သူများပေးထားသော Link တိုင်းကိုနှိပ်ကာ တွေ့ကရာ Application လိုက်သုံးနေသူများသည် အန္တရာယ်ကို ဖိတ်ခေါ်နေသူနှင့်တူကြောင်း၊ ဥပမာ– မိမိရန်သူတစ်ယောက်ကို သူငယ်ချင်းအဖြစ် လက်ခံထားပြီးမှ မိမိက မိမိအကြောင်းကို လျှောက်ရေးမိခြင်း၊ ဓာတ်ပုံများတင်မိခြင်းတို့ ဆောင်ရွက်မိပါက ကောင်းကျိုးထက် ဆိုးကျိုးများသာ တစ်ပုံကြီးဖြစ်လာနိုင်ကြောင်း၊ Online အသုံးပြုမည်ဆိုပါက ယင်းနှင့်ပတ်သက်သော ဗဟုသုတများကို လေ့လာထားရမည်ဖြစ်ကြောင်း ကိုညီလင်းဆက်က ထောက်ပြပြောကြားသည်။

Social Network ဖြစ်စေ၊ Internet ဖြစ်စေ ကင်မရာကိုင်သကဲ့သို့ မည်သည့်အချိန် မည်သို့ရိုက်ရမည်ဆိုသည့် အရည်အချင်းရှိမှသာ အသုံးပြုရကျိုးနပ်ကြောင်း၊ ယင်းကြောင့် များများလေ့လာရန်၊ ပညာတတ်တစ်ယောက်ကဲ့သို့ စဉ်းစားတွေးခေါ်ဆုံးဖြတ်တတ်ရန်၊ ရိုးသားရန်၊ အခြားသူများကို လေးစားရန်လိုအပ်ကြောင်း ဦးရဲမြတ်သူက ဆိုသည်။

ဆိုရှယ်ဝက်ဘ်ဆိုက်များတွင် ၎င်းတို့ဝက်ဘ်ဆိုက်များသို့ လူအများအပြား သုံးစွဲလာကြစေရန် ဂိမ်းအမျိုးမျိုးဖြင့်ဆွဲဆောင်

www.foreverspace.com.mm






လာရာ အချို့လူငယ်များမှာ ယင်းဂိမ်းများကို မကစားရမနေနိုင်အောင် စွဲလမ်းလာသည်ကို တွေ့ရသည်။

ဂိမ်းမှာ တစ်ခါတလေ လိုအပ်ချက်တစ်ရပ်ဖြစ်နေတတ်ပြီး စိတ်ဖိစီးချိန် ဆေးတစ်ခုလည်း ဖြစ်သွားတတ်ကြောင်း Facebook သုံးစွဲသူတစ်ဦးက ပြောသည်။

အွန်လိုင်းဂိမ်းများမှာ စွဲလမ်းစေကြောင်း၊ Relax တစ်ခုအနေနှင့်လုပ်သည်ကို အပြစ်မမြင်သော်လည်း ယင်းကို မဆော့ရမနေနိုင်အောင်ဖြစ်လာပြီဆိုပါက ကိုယ့်ကိုယ်ကိုယ်ပြန်သုံးသပ်ရန် လိုအပ်ကြောင်း ကိုညီလင်းဆက်က အွန်လိုင်းဂိမ်းများနှင့် ဆက်စပ်ကာ ပြောကြားသည်။

မိမိသိထားရမည့် အခြေခံလုံခြုံရေး အဆင့်ဖြစ်သည့် Password ပေးပုံ၊ မေးတိုင်းဖြေသည့်ပုံ၊ အင်တာနက်ဆိုင်များတွင် သုံးလျှင် Logout လုပ်ရန်သိထားဖို့လိုကြောင်း ဦးရဲမြတ်သူက ဆိုသည်။

လူမှုကွန်ရက်ဝက်ဘ်ဆိုက်များသို့ သုံးစွဲသူများတိုးလာစေရန်ဆွဲဆောင်သော အချက်မှာ မိမိပြောလိုသောအချက်များကို တည့်တိုးပြောနိုင်ပြီး မိမိပြောသည်များကိုလည်း သူတစ်ပါးမှ ဖတ်ရှုနိုင်ခြင်းနှင့် သူများရေးသားထားသော စာများကိုလည်း အချိန်တိုအတွင်း ဝင်ရောက်ဖတ်ရှုနိုင်ခြင်းပင်ဖြစ်သည်။

“နောက်ဆို ကျွန်တော်တို့ Daily Life တွေက အင်တာနက်၊ အိုင်တီနဲ့ ဘယ်လိုမှ ကင်းကွာလို့မရတော့မယ့်ခေတ်ကြီးမှာ ဒါမျိုး Social Network တွေများများရှိ သင့်တယ်။ နောက်ပြီး ထင်သာမြင်သာနဲ့ရပ်တည်လာသင့်တယ်” ဟု အိုင်တီကျွမ်းကျင်သူလူငယ်တစ်ဦးက ပြောကြားသည်။

အွန်လိုင်းလူမှုကွန်ရက်ဝက်ဘ်ဆိုက်များမှာ လူအချင်းချင်း မျက်နှာချင်းဆိုင် ဆက်ဆံရေးကို လျော့ကျစေ၍ ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံမှုကို ရရှိစေသော်လည်း စစ်မှန်သော ထိတွေ့ဆက်ဆံရေးမရှိသောကြောင့် ဇီဝဗေဒဆိုင်ရာချို့ယွင်းမှုများ ရှိခြင်းတို့ရှိကြောင်း အင်တာနက်တွင် ဖော်ပြထားချက်များအရ သိရသည်။

သို့သော် Social Network များသည် လူအများနှင့်လုပ်ရခြင်းဖြစ်သည့်အတွက် ရှိသင့်ရှိထိုက်သော စည်းကမ်းများ ထားရှိရန်လည်း အထူးလိုအပ်လှသည်။

Social Network များပေါ်တွင် လူငယ်များ အလဟဿ အချိန်ဖြုန်းနေမည့်အစား ကောင်းမွန်အကျိုးရှိသော Target တစ်ခုခုနှင့် လှုပ်ရှားနေသော Online Community တစ်ခုဖြစ်သင့်ပြီး ကိုယ်ဝါသနာပါရာ၊ ကိုယ်စိတ်ဝင်စားရာ ဘာသာရပ်များကို စိတ်ဝင်စားမှုတူညီသူအချင်းချင်း ဆွေးနွေးကာ အသိပညာများရှာဖွေသင့်သည်ဟု ကွန်ပျူတာပညာရှင်တစ်ဦးက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံတွင်လည်း လူမှုကွန်ရက်ဝက်ဘ်ဆိုက်များရှိသော်လည်း Facebook ကဲ့သို့ လူမှုကွန်ရက်ဝက်ဘ်ဆိုက်မျိုး တည်ထောင်ရန်လူငယ်များ ကြိုးပမ်းနေသည်ဟုလည်း အိုင်တီသတင်းရပ်ကွက်မှ သိရှိရသည်။

မကြာခင်ကာလတွင် Yatanarpon National Portal ဆိုသည့် Myanmar Social Networking Site တစ်ခု ပေါ်ပေါက်လာရန်ရှိသည်ဟု ကိုညီလင်းဆက်က အတည်ပြုပြောကြားသည်။

Social Network ပေါ်တွင် လူတစ်ဦးနှင့်တစ်ဦးမိတ်ဆက်ပြီးပါက ၎င်းတို့၏ ကိုယ်ရေးအကျဉ်းကို အနည်းငယ် သိရကြောင်း၊ အပြင်မှာဆိုလျှင် ယင်းကဲ့သို့ သိရန်မလွယ်ကူကြောင်း၊ လူပေါင်းရာကျော်၏ လှုပ်ရှားမှုများကို အပြင်တွင်သိရှိရန်မလွယ်ကူကြောင်း၊ မိမိပတ်ဝန်းကျင်မှ လူများသာ သိကြကြောင်း၊ သို့သော် Social Network ပေါ်တွင်မှာမူ လူပေါင်းများစွာ၏လှုပ်ရှားမှုများကို သိရှိနိုင်ကြောင်း အင်တာနက်သုံး

www.foreverspace.com.mm

သူလူငယ်တစ်ဦးက ဆိုသည်။

ထို့အတူ Social Network ပေါ်တွင် လူငယ်များ တက်တက်ကြွကြွပါဝင်သော လူမှုရေးအသင်းအဖွဲ့များလည်း တွေ့လာရရာ လူငယ်များ လူမှုရေးလုပ်ငန်းများတွင် အားတက်သရောပါဝင်လာရန် လမ်းဖွင့်ပေးသကဲ့သို့ဖြစ်လာသည်။

အွန်လိုင်းပေါ်တွင် လူမှုရေးအသင်းများလုပ်ရာတွင် အကုန်အကျဆိုသည်မှာ မရှိသလောက်နည်းပါးသည့်အတွက် ဝန်ပေါ့သော်လည်း အမှန်တကယ်အလုပ်ဖြစ်သောအဖွဲ့များဖြစ်ရန်လိုသည်ဟု ကိုညီလင်းဆက်က ထောက်ပြပြောဆိုသည်။

လူမှုရေးဝက်ဘ်ဆိုက်တွေပေါ်တွင် လူမှုရေးအသင်းများ ဖွဲ့စည်းတည်ထောင်ပြီး အပြင်၌ တွေ့ဆုံပွဲများပြုလုပ်လာသည်ကိုတွေ့လာရကြောင်း၊ သို့သော် အသင်းအဖွဲ့များ၏အကြောင်းရင်းခံကို သိရန်လိုကြောင်း၊ မည်သည့်အသင်းအဖွဲ့မဆို ရည်ရွယ်ချက် တစ်စုံတစ်ရာရှိတတ်ကြကြောင်း၊ ယင်းကို လူငယ်များသိရှိရန် လိုအပ်ပြီး မိမိကို ပြန်အသုံးချခြင်းမျိုးမဖြစ်အောင် သေချာသိရှိထားရန် လိုအပ်ကြောင်း ဦးအောင်မျိုးလွင်က ပြောကြားသည်။

"လူတစ်ဦးချင်းစီရဲ့စိတ်ခံစားမှုနဲ့လည်း ဆိုင်တယ်။ ကိုယ့်ကိုယ်ကိုယ် သတိထားပြီးတော့ ကိုယ့်တိုးတက်ရာတိုးတက်ကြောင်း ရှာဖို့တော့လိုတယ်။ အရေးကြီးတာ အချိန်မဖြုန်းဖို့ပဲ။ ကိုယ့်တိုးတက်ရာတိုးတက်ကြောင်း တကယ်လုပ်လို့ရတဲ့ Social Network ဆိုက်တွေအများကြီးရှိတယ်" ဟုပြောသူမှာ အိုင်တီပညာရပ်ကို လေ့လာလိုက်စားနေသော Yangonese အမည်ရ လူငယ်တစ်ဦးဖြစ်သည်။

အင်တာနက်ခေတ်တွင် လျှို့ဝှက်စွာသင်ကြားရသော ပညာရေးဆိုသည်မျိုးမရှိတော့ဘဲ ကွန်ပျူတာတစ်လုံးရှိလျှင်ပင် ကြိုက်နှစ်သက်သလို လုပ်နိုင်ကြောင်း အေဘီစီကွန်ပျူတာစင်တာမှ ဦးအောင်မျိုးလွင်က ပြောကြားသည်။

နိုင်ငံတကာက တက္ကသိုလ်တော်တော်များများ Facebook ပေါ်တွင် ရှိနေပြီဖြစ်၍ လူငယ်များ ပညာရှာဖွေနိုင်နေပြီဖြစ်သည်။

## ကြော်ငြာလုပ်ငန်းနှင့် လူမှုကွန်ရက်

Social Network ဆိုက်များပေါ်တွင် အပေါင်းအသင်း ဝင်ဆံ့လာပါက မိမိ၏ အသက်မွေးကျောင်းလုပ်ငန်းကို အထောက်အကူပြုခြင်းမျိုး၊ မိမိ၏သင်ကြားရေးကို အထောက်အကူပြုခြင်းမျိုးများ ရှိလာနိုင်သည်ဟု အင်တာနက်သုံးစွဲသူများက ပြောကြားသည်။

သို့သော် လူငယ်အများစုမှာ Social Network ဟုဆိုလျှင် Online Community နှင့် Entertainment တို့သာရှိသည်ဟု မြင်တတ်ကြသည်။

မြန်မာနိုင်ငံတွင် သုံးစွဲသူများပြားလှသော Facebook တွင် အချိန်ကုန်အကျိုးမရှိအသုံးပြုနေသူများအတွက် သူငယ်ချင်းများများထား၍ ဝင်ငွေရနိုင်သော အစီအစဉ်တစ်ခုကို ABC Computer Center က မေလဆန်းပိုင်းတွင် ဆောင်ရွက်လာရာ သုံးစွဲသူအချို့ စိတ်ဝင်စားလာသည်ကို တွေ့ရသည်။

ယင်းအစီအစဉ်မှာ Facebook တွင် သူငယ်ချင်းအနည်းဆုံး ၁၅၀၀ ကျော်ရှိသူတိုင်း ပါဝင်နိုင်ပြီး ယင်းအထဲမှ ပြန်လည်စိစစ်ရွေးချယ်ကာ တစ်လတစ်ကြိမ် ငွေ ကျပ်တစ်သောင်းရရှိမည်ဖြစ်သည်။ အကယ်၍ ရွေးချယ်ခံရပါက မိမိ Facebook စာမျက်နှာတွင် လုပ်ငန်းကြော်ငြာတင်ခွင့်ရပြီး မိမိ၏ Profile Photo အောက်တွင် ကြော်ငြာထည့်သွင်းခွင့်ပြုမည်ဖြစ်သည်။ ယင်းအပြင် အဆိုပါကုန်ပစ္စည်းနှင့်ပတ်သက်၍ မိမိ၏ စာမျက်နှာတွင် မကြာခဏ မိတ်ဆက်ပေးမှသာ ထပ်မံရွေးချယ်ရာတွင် ထည့်သွင်း စဉ်းစားမည်ဟု ယင်းစင်တာထံမှသိရသည်။



www.foreverspace.com.mm



"ပြဿနာက Social Network ဆိုတာကို လူတွေသုံးနေတဲ့ပုံ အနည်းငယ်လွဲမှားနေတာပါ။ သူငယ်ချင်းများတိုင်း ကောင်းတာမဟုတ်ဘူး။ ကိုယ့်အထဲမှာ ရောက်နေတဲ့လူတိုင်း ကောင်းတယ်လို့ သတ်မှတ်ထားလို့မရဘူး။ လူများလေ ကိုယ့်ရဲ့ Privacy ထိပါးလေဆိုတာကိုလည်း အလေးအနက် ထည့်တွက်ရမယ်။ လူများများရှိတဲ့လူနဲ့ သူတို့ဟာကိုကြော်ငြာနိုင်းတယ်။ စဉ်းစားသင့်တာက ကိုယ့် Profile မှာ ကိုယ့်ရဲ့ Information နေရာတွေမှာ သူများရဲ့ Product အချက်အလက်တွေကို ဖော်ပြရမယ်ဆိုတာက ကိုယ့်ရဲ့ Personal ID ပြောင်းလဲသွားနိုင်တယ်ဆိုတာကို ထည့်တွက်ရမယ်။ အဲလိုကြော်ငြာထွက်လာပြီးနောက်ပိုင်း Friend Request တွေများလာတာတွေ့ရတယ်။ ဒါဟာ ကြောက်စရာကောင်းတဲ့ဖိတ်ခေါ်မှုတွေ ဖြစ်ပါတယ်" လူငယ်အိုင်တီပညာရှင် ကိုညီလင်းဆက်က ထောက်ပြပြောဆိုသည်။

"လောလောဆယ် Facebook သုံး မြန်မာတွေကြားထဲမှာ တစ်ပြားမှမကုန်ဘဲ သိသွားမယ်။ စိတ်ဝင်စားစရာအကြံကောင်းလေးပါ" ဟု ဦးရဲမြတ်သူက ပြောကြားသည်။

ယခုအစပိုင်းတွင် Toshiba, MSI, Delux, Edimax, Motherland Constr-ction, Tiptop Education, Everup Company, မောင်စိန်ဝင်းနှင့်ညီများ၊ ဆေးကုမ္ပဏီ တစ်ခု စသည်တို့နှင့် စတင်လျက်ရှိသည်။

ယခုမေလဆန်းပိုင်းတွင် Facebook ပေါ်၌ သူငယ်ချင်းများစွာရှိသော ပင့်ဂိုးလ်နှင့် Billie Bo တို့နှစ်ဦးဖြင့် စတင်မည်ဟု ယင်းစင်တာမှ ဦးအောင်မျိုးလွင်က ပြောကြားသည်။

"စီးပွားရေးလုပ်တာ မဟုတ်ပါဘူး။ လူတိုင်း ကျွန်တော်တို့ထက် Idea ကောင်းရင်လုပ်လို့ရတယ်။ Multi Platform ပဲ။ လူတိုင်းကို အဲလိုလုပ်လို့ရတယ်ဆိုတာကို ပြလိုက်တာပါ" ဟု ၎င်းက ဆိုသည်။

ယင်းကဲ့သို့ဆောင်ရွက်မှုကြောင့် အွန်

**မကြာမီကာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲများအတွက် အွန်လိုင်းမှ မဲဆွယ်စည်းရုံးမှုမျိုး မရှိနိုင်ကြောင်း၊ ရှိသော်လည်း လောလောဆယ်အနေအထားအရ ထိရောက်မှုရှိမည်မထင်ကြောင်း၊ ယခု အင်တာနက်အသုံးပြုသူများမှာ တစ်နိုင်ငံလုံးလူဦးရေ၏ ၁ ရာခိုင်နှုန်းတောင်မရှိကြောင်း၊ ယင်းမီဒီယာကိုအသုံးချလိုပါက မီဒီယာ၏လုပ်ဆောင်နိုင်မှုနှင့် ထိရောက်မှုအတိုင်းအတာကို ကျွမ်းကျွမ်းကျင်ကျင် သိရှိနေရန်လိုအပ်ကြောင်း ကိုညီလင်းဆက်က ပြောကြားသည်။**

လိုင်းမားကက်တင်း၊ အွန်လိုင်းမီဒီယာ၊ အွန်လိုင်းကြော်ငြာများ မြန်မာနိုင်ငံတွင် ကျယ်ပြန့်လာစေမည်ဖြစ်သည်။

ယင်းကဲ့သို့အစီအစဉ်များမှ လူငယ်များအတွက် (၁) ကြော်ငြာစရိတ်ရခြင်း၊ (၂) အသိပညာရခြင်း၊ (၃) အကျိုးအမြတ် (Benefit) သည်တို့ရရှိမည်ဟု ဦးအောင်မျိုးလွင်က ဆိုသည်။

အွန်လိုင်းကြော်ငြာလုပ်ငန်းများတွင် လုပ်ငန်းရှင်ကိုယ်တိုင်ကြော်ငြာခြင်းမှ သုံးစွဲသူကိုယ်တိုင်ကြော်ငြာသောပုံစံသို့ ပြောင်းလာပြီဖြစ်သည်။

"ကျွန်တော် ဒီအစီအစဉ်ကို အမြဲတမ်းလုပ်မှာမဟုတ်ပါဘူး။ လောလောဆယ် ကြားခံအနေနဲ့ ဆောင်ရွက်ပေးတာပါ။ နောက်ပိုင်းကျရင် သီးခြားအလွှာတစ်ခုပေါ်ပေါက်လာလိမ့်မယ်။ အဲဒီအချိန်ကျရင် ကျွန်တော်လုပ်စရာမလိုတော့ဘူး။ စီးပွားရေးလုပ်ငန်းရှင်တွေလည်း စိတ်ပါဝင်စားစွာ ပါဝင်လာဖို့လိုတယ်" ဦးအောင်မျိုးလွင်က ဆိုသည်။

Facebook တွင် မေလဆန်းပိုင်း၌ Blu Ray ကုမ္ပဏီက တည်ထောင်ထားသော Dell Myanmar Fun Club ကို ဆိုရှယ်ဝက်ဘ်ဆိုက်များနှင့် စီးပွားရေးကို တွဲလုပ်လာကြသည်ကို တွေ့ရကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်မှုကြောင့် အချိန်တိုအတွင်း အောင်မြင်မှုရနိုင်သည်ဟု ထင်မြင်မိကြောင်း၊ စီးပွားရေးအခွင့်အလမ်းများ ရနိုင်ခြင်းနှင့်အတူ Advertising သဘောရည်ရွယ်ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဝက်ဘ်စာမျက်နှာတွင် Dell ပစ္စည်းများအကြောင်း၊ ပရိုမိုးရှင်းပွဲများအကြောင်းကို ပြသထားမည်ဖြစ်သည်။

"အလုပ်တွေကို အချင်းချင်း Network ပေါ်ကသွားတာ၊ Internet Resource ကြီးနေရာတကာရှိလို့ လုပ်နိုင်စွမ်းနဲ့လက်လှမ်းမီသွားတဲ့အနေအထားတွေ အများကြီး။ တိုင်းပြည်အလိုက် အသက်အလိုက် ကိုယ့်ပစ္စည်းကို ဈေးကွက်အတွက် ကြော်ငြာတာ၊ စစ်တမ်းကောက်တာ Service ပေးတာတွေက Social Network မှာတင် လုပ်လို့ရနေတယ်" ဟု ဦးရဲမြတ်သူက ဆိုသည်။

## လာမည့်ရွေးကောက်ပွဲမှာ...

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ရွေးကောက်ပွဲတွင် Twitter ကို သုံး၍ အွန်လိုင်းအသုံးပြု စွန့်ဦးတီထွင်မဲဆွယ်ခဲ့မှုကြောင့် အောင်ပွဲခံခဲ့ရသည်။

မြန်မာနိုင်ငံတွင်လည်း များမကြာမီကာလအတွင်း ပါတီစုံရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ရာ အိုဘားမားကဲ့သို့ ဆိုရှယ်မီဒီယာအသုံးပြု မဲဆွယ်နိုင်ဖွယ်ဖြစ်နိုင်ခြေများကို Living Color က လူအချို့ထံ မေးမြန်းခဲ့သည်။

အိုင်တီကျွမ်းကျင်ပညာရှင် ဦးရဲမြတ်သူကမူ "မြန်မာနိုင်ငံမှာတော့ ကျွန်တော်

www.foreverspace.com.mm

ပြောပြီးသလို အွန်လိုင်းသုံးတဲ့မြန်မာက ပြည်ပမြန်မာတွေဖြစ်နေတယ်။ မြန်မာပြည်မှာက အလုပ်ချိန်အတွင်း အလကား အင်တာနက်သုံးခွင့်ရသူမှတစ်ပါး တော်တော်များများ ဝန်ထမ်းနဲ့ ကျောင်းသားတွေ။ အွန်လိုင်းကို အကြာကြီးမတက်နိုင်သေးဘူး။ ထူးခြားတာက အခုရွေးကောက်ပွဲမှာ လူငယ်က မဲပေးနိုင်သူ တစ်ဝက်ဖြစ်ပြီး အရင်ရွေးကောက်ပွဲမကြုံဖူးသူတွေဖြစ်လို့ စိတ်ဝင်စားဖို့တော့ကောင်းတယ်။ သို့သော် အွန်လိုင်းခေတ်မှာ မှန်၊ မှား အခံမရှိရင်မရတာကြောင့် ကလေးတွေဟာ ပြောသမျှ ယုံသူမဖြစ်ဖို့ လိုတယ်။ ဘယ်ဘက်ကမှ အချင်ပဲဆိုပြီး မှိုင်းတိုက်မရသလို ထစ်ခနဲဆို လွယ်ကူပေါများတဲ့ ဒစ်ဂျစ်တယ်ခေတ် မှတ်တမ်းတင်ပစ္စည်းတွေနဲ့ တားမရတဲ့ အွန်လိုင်းခေတ်မှာ ဖုံးဖိစရာတော့ ခက်လာတော့မယ်ထင်ပါတယ်”ဟု ဆို၏။

ရွေးကောက်ပွဲတွင် နည်းမျိုးစုံသုံးကာ ပါတီများမဲဆွယ်စည်းရုံးကြမည်ဖြစ်၍ Social Network သည်လည်း ပစ်မှတ်တစ်ခုဖြစ်လာနိုင်ကြောင်း၊ Facebook မှာ အရမ်းအသုံးတွင်ကျယ်လာ၍ အားသာချက်များကို အသုံးချမည်ဆိုလျှင် အသုံးချနိုင်စွမ်းရှိသည်ဟု Blogger တစ်ဦးက ခန့်မှန်းပြောကြားသည်။

“ကန့်သတ်မှုတွေ လျော့နည်းသွားဖို့ လိုတယ်။ ကန့်သတ်လိုက်ရင် သဘောထားမကြီးရာကျတယ်။ ဒီခေတ်မှာ No မဟုတ်ဘူး။ Yes ပဲ”ဟု ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

“အွန်လိုင်းမဲဆွယ်မှုက ကျွန်တော်ထင်တယ် ရိုက်ရှိလာလိမ့်မယ်။ သိပ်တော့ များမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုလုပ်နေတဲ့ နိုင်ငံရေးသမားတော်တော်များများဟာ လူကြီးပိုင်းတွေဖြစ်နေတယ်။ လူကြီးပိုင်းတွေက အွန်လိုင်းအသုံးပြုမှုကို နည်းနည်းအားနည်းတယ်။ အဲဒီထဲမှာ လူငယ်တွေပါမယ်။ ဒါမှမဟုတ်ရင် သူတို့တွေအနေနဲ့ သူများလုပ်တာကို လိုက်ကြည့်ပြီး အိုဘားမားလိုပေါ့ Facebook ထောင်လိုက်မယ်။ ပြီးရင် ပါတီရဲ့လမ်းစဉ်တို့ ဘာတို့၊ မူဝါဒရေးရာတွေ၊ သူတို့ ဘာလုပ်ပေးမယ်ဆိုတာတွေကို ဖော်ပြတာပေါ့။ ဒါမျိုးက လုပ်လည်းလုပ်သင့်တယ်။ ဘာလို့ဆို ကျွန်တော်တို့လို အွန်လိုင်းမှာအနေများတဲ့လူတွေအတွက်ကိုဆိုရင် သူတို့ အွန်လိုင်း Message ပေးဖို့ လိုကိုလိုတယ်။ ကျွန်တော်တို့က အပြင်လောကနဲ့ တော်တော်အဆက်အသွယ်ပြတ်တယ်။ ဂျာနယ်ထက် အွန်လိုင်းဖတ်နေတာ များတာကိုး။ ကျွန်တော်နဲ့ရင်းနှီးတဲ့ နိုင်ငံရေးပါတီတွေကိုလည်း Blog လေးတစ်ခု လုပ်ပါ။ Facebook မှာ Account ဖွင့်ပါ၊ နောက် တခြား Twitter လိုမျိုးမှာသုံးပါလို့ ကျွန်တော် အမြဲတမ်းပြောတယ်။ ကျွန်တော် ခု Organize လုပ်နေတာတွေလည်းရှိတယ်”ဟု ကိုမြင့်ကျော်က ပြောကြားသည်။

မကြာမီကာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲများအတွက် အွန်လိုင်းမှ မဲဆွယ်စည်းရုံးမှုမျိုးမရှိနိုင်ကြောင်း၊ ရှိသော်လည်း လောလောဆယ်အနေအထားအရ ထိရောက်မှုရှိမည်မထင်ကြောင်း၊ ယခု အင်တာနက်အသုံးပြုသူများမှာ တစ်နိုင်ငံလုံး လူဦးရေ၏ ၁ ရာခိုင်နှုန်းတောင်မရှိကြောင်း၊ ယင်းမီဒီယာကိုအသုံးချလိုပါက မီဒီယာ၏ လုပ်ဆောင်နိုင်မှုနှင့် ထိရောက်မှုအတိုင်းအတာကို ကျွမ်းကျွမ်းကျင်ကျင်သိရှိနေရန် လိုအပ်ကြောင်း ကိုညီလင်းဆက်က ပြောကြားသည်။

နိုင်ငံတကာတွင် သမ္မတများ၊ မြို့တော်ဝန်များမှအစ ပြည်သူများနှင့် တိုက်ရိုက်လမ်းကြောင်း အွန်လိုင်းကို ဖွင့်ထားလာကြသည်။ ကိုယ်ပိုင် Blog များ တင်လာကြသည်။ အချို့ခေါင်းဆောင်များဆိုလျှင် လုပ်ငန်းမလုပ်ဘဲ ဆိုရှယ်မီဒီယာများပေါ်တွင် အချိန်ဖြုန်းနေကြသလားဆိုကာ ဝေဖန်ခံရမှုများတောင်ရှိသည်။

ဦးရဲမြတ်သူက “ကြီးမားတဲ့လုပ်ငန်းကြီးတွေနဲ့ အစိုးရတွေမှာ လှုပ်ရှားတဲ့ ဗျူရိုကရေစီယန္တရားတွေ ရှိပါတယ်။ သူတို့ Service ပေးတဲ့ Customer တွေ ပြည်သူတွေနဲ့မရှိမဖြစ် ဗျူရိုကရေစီတွေကြားမှာ နှေးကွေးတာ၊ စရိတ်ကြီးတာ၊ လာဘ်ပေးလာဘ်ယူတာတွေဖြစ်ကြတာတွေနဲ့ မကျေနပ်ချက်တွေရှိတာကြောင့် မြန်မာပြည်က eDform ကို Online တင်သလို Service တွေကို Online သုံးပြီး Visual လုပ်ကြရပါတယ်။ ဒါမှလည်း ပြည်သူနဲ့ ဗျူရိုကရက် ပွတ်တိုက်မှုလျော့တဲ့အပြင် လုပ်ငန်းတစ်ခုလုံး ဘယ်အခြေအနေရှိတယ်၊ ဘာဖြစ်နေတယ် စတာတွေကို အထက်က အချိန်မီသိနိုင်မှာ ဖြစ်တယ်။ ဒီအတွက် System တွေရဲ့ ကုန်ကျစရိတ်တွေဟာ အရမ်းများနေသေးတာကြောင့် တော်တော်များများဟာ Social Network တွေကို ကြားခံသုံးနေကြရပါတယ်။ Institution နဲ့ Transparency တော့ ရှိဖို့လိုတာပေါ့လေ။ နောက် လုပ်ငန်းပြင်ဆိုင်မှုတွေမှာ ကုန်ကျစရိတ်လျော့ချနိုင်ဖို့ e-Commerce တွေဘက်ကိုသွားရာမှာလည်း သူတို့ကဏ္ဍက ပါနေသေးတယ်။ တကယ်တော့ ၂၁ ရာစုမှာ WEB2.0 နဲ့အတူ ကမ္ဘာ့သူကမ္ဘာ့သား တစ်ယောက်ဖြစ်ဖို့ E-mail Account မှ မရှိရင်၊ Social Network မှဝင်မထားရင် တင်းပြည့်ကမ္ဘာ့သားမဟုတ်ဘူးလို့ ဆိုနိုင်တဲ့အဆင့်ကိုသွားနေပြီဆိုတာ သတိပေးချင်ပါတယ်”ဟူ၍။

မည်သို့ပင်ဆိုစေကာမူ သုံးစွဲသူများအနေဖြင့် အားသာချက်၊ အားနည်းချက်များကို ချိန်ဆကာ မိမိအတွက် အကျိုးရှိမည့်ကိစ္စရပ်များကိုသာဆောင်ရွက်မည်ဆိုပါက များစွာကောင်းမွန်သောအချက်ဖြစ်လာမည် ဖြစ်သည်။

**မြနှင်းအေး**

■

www.foreverspace.com.mm



# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ဘုရင့်နောင်ကုန်စည်ဈေးကွက်

ယခင်လများက ခြောက်ကပ်ကပ်ဖြစ်နေသော ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းသည် မေလ၏ နေအပူရှိန်အောက်တွင် ပိုမိုခြောက်သွေ့လာသည်။ အရောင်းအဝယ် သိသိသာသာပါးနေပြီး မဝယ်မဖြစ်လူအချို့သာ လာဝယ်ကြသည်ဟု ပွဲရုံလုပ်ငန်းရှင်များက ဆိုသည်။

နှစ်သစ်ကူးရုံးပိတ်ရက်များ ရှည်လျားခဲ့သဖြင့် ပွဲရုံအများစုသည် ငွေလွှဲ၊ ငွေသွင်း၊ ငွေထုတ် ဖုန်းကိုယ်စီဖြင့် အလုပ်ရှုပ်နေကြသကဲ့သို့ ငွေသိန်းရာချီထည့်ထားသည့် ကြွပ်ကြွပ်အိတ်များကို ကိုင်ဆောင်၍ သွားလာသူများကိုလည်း ခပ်စိတ်စိတ်တွေ့မြင်ရသည်။

သင်္ကြန်ပြီးနောက်ပိုင်း ဆန်ဈေးမြင့်နေပြီး ပြည်ပပို့ကုန်ပဲမျိုးစုံလည်း သိသိသာသာဈေးမြင့်နေသည်။

စားဖိုဆောင်သီးနှံ ဈေးကွက်တွင်မူ ကြက်သွန်နီဈေးကျ၍ ကြက်သွန်ဖြူဈေးမြင့်လာကာ ငရုတ်ဈေး အေးနေပြီး အာလူးမှာ အတက်အကျ လှိုင်းစီးနေကြောင်း ပွဲရုံများထံမှ သိရှိရသည်။

## တရုတ်ဝယ်တဲ့ ပဲတီစိမ်း

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် သင်္ကြန်ပြီးနောက်ပိုင်း၌ ပဲမျိုးစုံအဝယ်လိုက်ပြီး ဈေးမြင့်လာကြောင်း၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မိုးခေါင်ပြီး သီးနှံများပျက်စီးသဖြင့် မြန်မာနိုင်ငံမှ ပဲတီစိမ်းများကို အင်နှင့်အားနှင့် ဝယ်နေပြီး ယခင်နှစ်များက တစ်အိတ်လျှင် ကျပ်တစ်သိန်းဝန်းကျင်သာရှိသော ပဲတီစိမ်းသည် ယခုနှစ်တွင် ကျပ် ၁၇၀,၀၀၀ အထိ ဈေးကောင်းရနေကြောင်း၊ တရုတ်ကုန်သည်များ၏ ဈေးပေးမှုကို အိန္ဒိယပဲအဝယ်တော်

www.foreverspace.com.mm



များလိုက်မပေးနိုင်ကြောင်း၊ မတ်ပဲမှာမူ ပြည်တွင်းကုန်သည်များ ဈေးကစားမှုကြောင့် အတက်အကျကြမ်းနေပြီး ပဲစင်းငုံမှာမူ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ပြည်ပသို့ ပဲတင်ပို့ရောင်းချနေသူတစ်ဦးက ပြောကြားသည်။

မေလပထမပတ်တွင် မတ်ပဲတစ်အိတ် ၁၀၇,၀၀၀ ကျပ်၊ မတ်ပဲ RC တစ်တန်ကျပ် ၁,၀၈၁,၀၀၀ မှ ၁,၀၈၄,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်ပဲ SQRC တစ်တန် ၁,၁၈၂,၀၀၀ ကျပ်၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၁,၀၆၀,၀၀၀ ခန့်၊ ပဲတီစိမ်းခရမ်းရွှေဝါ တစ်အိတ် ၁၇၅,၀၀၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

## နယ်ဆန်ဈေးမာ

နယ်ဆန်စက်များသို့ စပါးအတက်နည်းနေပြီး ဆန်ဈေးမာနေသဖြင့် ရန်ကုန်သို့ ဆန်အဝင်နည်းနေကြောင်း၊ သင်္ကြန်မတိုင်ခင်ဈေးနှုန်းထက် သင်္ကြန်လွန်ကာလတွင် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၁၀၀၀ ခန့်၊ ဆန်ချောတစ်အိတ် ကျပ် ၅၀၀ ခန့်မြင့်တက်ခဲ့ပြီး ဘုရင့်နောင်ပွဲရုံ ဝယ်လက်များ၏ ဝယ်လိုအားထက် လက်လီဆိုင်များ၏ဝယ်ယူမှုကပိုများနေကြောင်း၊ ဆန်ကွဲဈေးမှာမူ ဖြည်းဖြည်းချင်းတက်နေကြောင်း၊ ပြည်ပသို့ အဓိကတင်ပို့ရောင်းချသည့် ဘုရင့်နောင် ဆန်ဈေးကွက်သည် ပြည်ပတင်ပို့ခွင့် မယ်မယ်ရရမရှိသဖြင့် အရောင်းအဝယ်အေးနေပြီး ဂိုဒေါင်ငှားထားသူများပင် ပြန်အပ်နေကြကြောင်း အသောကလမ်းရှိ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။


နှံ့ဆန်ကြမ်းတစ်အိတ် ၁၆,၅၀၀ ကျပ်၊ မိုးဆန်ကြမ်း (နံ့ကား) တစ်အိတ် ၁၈,၀၀၀၊ ၁၈,၅၀၀ ကျပ်၊ ပေါ်ဆန်းရှယ် ၂၇,၀၀၀၊ ၂၇,၅၀၀ ကျပ်၊ အောက်စ ၂၄,၀၀၀၊ ၂၄,၅၀၀ ကျပ်၊ ပေါ်ကျွဲစက်ကြီး တစ်အိတ် ၂၁,၇၀၀ ကျပ်၊ ခွန်နီတစ်အိတ် ၁၉,၅၀၀၊ ၂၀,၀၀၀ ကျပ်၊ တောင်ပျံ ၂၅,၀၀၀၊ ၂၅,၅၀၀ ကျပ်၊ ဆန်ကွဲအချောအကြီးတစ်အိတ် ၁၄,၅၀၀ ကျပ်၊ ဝမ်းတူး ၁၃,၅၀၀၊ ၁၃,၀၀၀ ကျပ်၊ ဆန်ကွဲအကြမ်းအကြီး ၁၀,၅၀၀၊ ၁၁,၀၀၀ ကျပ်၊ ပေါ်ဆန်းစပါးတင်းတစ်ရာ ကျပ်ခြောက်သိန်းခွဲ၊ အကြမ်းစပါး ကျပ်လေးသိန်း၊ ကောက်ကြီးစပါး ကျပ်ငါးသိန်းခန့်ရှိကြောင်း ဘုရင့်နောင်ဆန်ဈေးကွက်အတွင်းမှ သိရှိရသည်။

## နယ်လှောင်လက်ဝယ်တဲ့ ကြက်သွန်

စားဖိုဆောင်သီးနှံဈေးကွက်တွင် နယ်လှောင်လက်များ ဝယ်ယူမှုကြောင့် ကြက်သွန်ဖြူဈေးမြင့်လာပြီး သင်္ကြန်မတိုင်ခင်ဈေးနှုန်းထက် သင်္ကြန်ပြီးနောက်ပိုင်းတွင် တစ်ပိဿာ ၅၀၀ ကျပ်ခန့် ဈေးမြင့်လာကြောင်း၊ ကြက်သွန်ဖြူခြောက်ပြီး လှောင်၍ရချိန်တွင် နယ်လှောင်လက်များ ဝယ်ယူမှုကြောင့် ရန်ကုန်သို့ အဝင်နည်းနေပြီး တစ်ရက်လျှင် ပိဿာ ၃၀ ပါ အိတ် ၂၀၀၊ ၃၀၀ ခန့်သာ ဝင်ရောက်ကြောင်း၊ ယင်းအပြင် တာချီလိတ်မှတစ်ဆင့် ထိုင်းတို့က ကြက်သွန်ဖြူပြန်ဝယ်လာကြောင်း၊ ရှမ်းကြက်သွန်ဖြူတစ်ပိဿာ ၁၈၀၀၊ ၂၀၀၀၊ ၂၂၀၀ ကျပ်၊ ကြူကုတ် တစ်ပိဿာ ၃၀၀၀၊ ၃၃၀၀ ကျပ်ဈေးရှိကြောင်း၊ ကြက်သွန်ဖြူဈေးမြင့်ချိန်၌ ကြက်သွန်နီမှာမူ ဈေးသိသိသာသာကျလာကြောင်း၊ အခွံပါး ကြက်သွန်နီတစ်ပိဿာ ၁၄၀ ကျပ်၊ အခွံထူ တစ်ပိဿာ ၂၄၀ ကျပ်ခန့်၊ မြစ်သား ကြက်သွန်နီတစ်ပိဿာ ၃၅၀ ကျပ်သာရှိပြီး နေ့စဉ် ကားအစီး ၂၀ ခန့်ဝင်ရောက်ကြောင်း၊ နယ်လှောင်လက်များ တစ်ပိဿာကို ၂၀၀ ကျပ်ဖြင့် ဝယ်သိမ်းနေပြီး ယင်းဈေးနှုန်းအတိုင်း ရန်ကုန်တင်ပါက မလိုက်ကြောင်း၊ ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးမှ ကြက်သွန်နီတင်ပို့နိုင်ပါက ကြက်သွန်နီစိုက်ပျိုးရောင်းဝယ်သူများ အသက်ရှူချောင်နိုင်ကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ရေတင်ငရုတ်

ရာသီဥတုမှာ မိုးခေါင်ပြီး ပူပြင်းလွန်းသဖြင့် ငရုတ်သီးအထွက်လျော့မည်ဟု ကုန်သည်အများစုခန့်မှန်းထားကြသော်လည်း နေပူချိန်များတွင် တောင်သူများရေတင်



www.foreverspace.com.mm

ပေးသဖြင့် နှစ်ကြိမ်ခန့်သာခူးရမည့် ငရုတ်ပင်များသည် မှည့်အားကောင်းပြီး သုံးကြိမ်ခန့်ဆွတ်ခူးနိုင်ကြောင်း၊ ကုန်းအမြင့်ပိုင်းကျသည့်ငရုတ်သီးများ ရေကောင်းစွာမတင်နိုင်သော်လည်း အနိမ့်ပိုင်းမှ ငရုတ်သီးများ ရေတင်နိုင်သဖြင့် အထွက်များကြောင်း၊ ငရုတ်ရှည်တစ်ပိဿာ ၁၈၀၀၊ ၁၉၀၀ ကျပ်ခန့်ရှိကြောင်း၊ ငရုတ်ပုမှာမူ မြစ်ဝကျွန်းပေါ် ငရုတ်ပုများ ဝင်လာပြီး ဈေးအေးသကဲ့သို့ အရောင်းအဝယ်လည်းအေးပြီး တစ်ပိဿာ ၂၅၀၀၊ ၃၀၀၀၊ ၄၀၀၀ ကျပ်ခန့်အထိရှိကြောင်း ဘုရင့်နောင်ပွဲရုံ ၄၀လမ်းမှ ငရုတ်သီးပွဲရုံလက်ကားကုန်သည်ကြီး တစ်ဦးက ပြောကြားသည်။




## အောင်ပန်းအာလူး

ရာသီဥတုပူပြင်းလွန်းသဖြင့် အာလူးများ အထားမခံ၍ စားဖိုဆောင်သီးနှံဈေးကွက်သို့ ပုံမှန်ဝင်ရောက်မှုမရှိကြောင်း၊ ကားအဝင်အနည်းအများပေါ်မူတည်၍ အာလူးတစ်ပိဿာ ၅၀၊ ၁၀၀ ကျပ်ဈေးအတက်အကျဖြစ်နေကြောင်း၊ ယခုရက်ပိုင်း ဟဲဟိုးအာလူးများဝင်နေပြီးနောက်ပိုင်းတွင် အောင်ပန်းအာလူးများ ဝင်ရောက်လာဖွယ်ရှိကြောင်း၊ အာလူးတစ်ပိဿာ ၅၂၀၊ ၆၂၀၊ ၆၆၀၊ ၆၈၀ မှ ၇၀၀ ကျပ်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

## စားအုန်းဆီဈေးကျ

စားအုန်းဆီဈေးနှုန်းသည် သင်္ကြန်မတိုင်ခင်က တစ်ပိဿာ ၂,၀၀၀ ကျပ်ကျော်အထိရှိခဲ့သော်လည်း သင်္ကြန်ပြီးနောက်ပိုင်း ခွဲတမ်းများ ပြန်ထုတ်ပေးမှုနှင့်အတူ ဈေးနှုန်းပြန်လည်ကျဆင်းလာပြီး တစ်ပိဿာ ၁,၈၁၀ ကျပ်ခန့်သာရှိတော့ကြောင်း၊ ပဲဆီဈေးမှာမူ ဆီကြိတ်ကုန်ကြမ်း မြေပဲဆန် တစ်ပိဿာ ၁,၄၅၀ မှ ၁,၆၅၀ ကျပ်အထိ၊ ပဲဆီတစ်ပိဿာမှာလည်း ၃,၂၀၀ ကျပ်ဝန်းကျင်မှ ၃,၆၀၀ ကျပ်ခန့်အထိ ဖြစ်လာကြောင်း၊ မြေပဲဆန် ကုန်ကြမ်းရှားပါးနေသဖြင့် ပဲဆီဈေးမှာမူ ဆက်လက်မြင့်တက်နိုင်ကြောင်း ၄၀လမ်းရှိ ဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



## ညောင်ပင်လေးပလာဇာဈေးကွက်

ဝယ်လက်ကြီးတစ်ခုဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသ၏ ဝယ်လိုအားကို အဓိကအားထားရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းတွင်တည်ရှိသည့် ညောင်ပင်လေးပလာဇာတွင် မြန်မာ့ရိုးရာနှစ်ကူးကာလပြီးဆုံးခဲ့ပြီဖြစ်သော်လည်း မေလပထမပတ်အထိ ဈေးဝယ်သူများစွာဖြင့် အရောင်းသွက်နေဆဲဖြစ်နေသည်ကို တွေ့နေရပေသည်။

ရာသီကာလအလိုက် အရောင်းသွက်လေ့ရှိသည့် စားကုန်တို့ရောင်းချသည့် အရောင်းဆိုင်အများစုမှာမူ ဟင်းလင်းပြင်သဖွယ်လပ်နေသည့် ယင်းတို့၏အရောင်းဆိုင်တွင်းသို့ရောက်ရှိလာသည့် ပစ္စည်းတို့ကို ပြန်လည်ဖြည့်သွင်းလျက်ပင် တစ်ဖက်မှလည်း ဝယ်ယူသူတို့ကို ရောင်းချပေးနေရသဖြင့် အားလပ်ချိန်ရှားပါးလျက်ရှိနေပါသည်။

ထို့အပြင် မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်သည့် သင်္ကြန်အကြတ်နေ့က ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ အများပြည်သူနှင့်ဆိုင်သော နေရာအချို့တွင် လုံခြုံရေးအတွက် ပိုမိုဆောင်ရွက်လာကြပြီး ဈေး

www.foreverspace.com.mm



ဝယ်စင်တာကြီးအချို့တွင်လည်း လူစည်ကားမှု အနည်းငယ်လျော့ကျသွားခဲ့သည်။ ရန်ကုန်မြို့ရှိ လူဝင်လူထွက်အများဆုံးနေရာတစ်ခုတွင်ပါဝင်သည့် ညောင်ပင်လေးပလာဇာတွင်မူ ရောင်းသူဝယ်သူတို့ ပုံမှန်အတိုင်းသွားလာရောင်းဝယ်ဖောက်ကားနေပြီး အထူးတလည်လုပ်ဆောင်မှုမျိုးမရှိဘဲ ပုံမှန်လုံခြုံရေးများသာရှိပြီး ယင်းဈေးကြီးအတွင်း ရောင်းချသူတို့ထံမှ သိရှိရသည်။

## အဝင်မလှိုင်တဲ့ အချိုရည်

ပွင့်လင်းကာလရောက်သည့်အပြင် ပူပြင်းသည့်ရာသီဥတုကြောင့် အချိုရည်တို့ ရောင်းအားအလွန်သွက်လက်နေရာ ပစ္စည်းအဝင်နှင့် ရောင်းအားတို့ ထိန်းညှိမရသည့် အနေအထားတွင်ရှိနေကြောင်း၊ ပစ္စည်းပိုင်းအနေဖြင့် လျှပ်စစ်မီးအခက်အခဲကြောင့် ထုပ်ပိုးပစ္စည်းများ ထုတ်လုပ်နိုင်မှုတွင် လိုသလောက်မထွက်ရှိနိုင်ခြင်းကြောင့် ပစ္စည်းဖြန့်ဖြူးမှုမှာ ရောင်းအားနောက်သို့ လိုက်မမီနိုင်ဖြစ်နေကြောင်း၊ ရောင်းအားသွက်လျက်ရှိနေသည့် C Plus အချိုရည်မှာ ဈေးကွက်တွင်းသို့ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ခန့်သာပစ္စည်းဝင်ရောက်နိုင်မှုရှိကြောင်း အချိုရည်ရောင်းချသူတစ်ဦးက ဆိုသည်။

ယခုကာလအတွင်း ရောင်းအားသွက်သည့်အချိုရည်များမှာ Penda, Happy, Winner, C Plus တို့ဖြစ်ကြောင်းနှင့် ဈေးနှုန်းများအနေနှင့်မူ အဆိုပါအချိုရည်လိုင်းတွင် ပြောင်းလဲမှုမရှိကြောင်းလည်း ပြည်တွင်းထုတ်အချိုရည် လက်လီလက်ကားဖြန့်ဖြူးသည့်ဈေးကွက်အတွင်းမှ သိရသည်။

## ရှားရခက်တဲ့ Max+

အချိုရည်လိုင်းတွင်းသို့ မကြာခင်လအနည်းငယ်အတွင်းက ဝင်ရောက်လာသည့် ပြည်တွင်းထုတ်အချိုရည်တို့တွင် Max+ အမှတ်တံဆိပ်အချိုရည်မှာ ဈေးကွက်အတွင်း ပစ္စည်းရှားရခက်သည်အထိ ရောင်းအားမြင့်လျက်ရှိကြောင်းနှင့် မေလ ၆ ရက်နေ့တွင် သိရသည့်ဈေးနှုန်းများအရ ၁၂ ဘူးပါ တစ်ကတ်လျှင် ၃,၆၀၀ ကျပ်အထိ ပေါက်ဈေးရှိနေပြီး လက်လီဆိုင်အချို့တွင် နေရာအလိုက် တစ်ဘူးလျှင် ၃၅၀ ကျပ်မှ ၄၀၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း ရောင်းသူ၊ ဝယ်သူတို့က ပြောကြားသည်။

ယင်းအချိုရည်နှင့် မရှေးမနှောင်းအချိန်အတွင်းထွက်ရှိပြီး လွယ်ဟိန်းကုမ္ပဏီက ထုတ်လုပ်သော Blue Mountain အချိုရည်ဘူးများမှာလည်း လတ်တလောလက်လီပေါက်ဈေးအဖြစ် 380 ml တစ်ဘူးလျှင် ၂၅၀ ကျပ်ပေးရပြီး မကြာမီ ရောင်းအားလိုက်လာနိုင်ဖွယ်ရှိကြောင်း ရောင်းချသူအချို့က ခန့်မှန်းပြောကြားသည်။

ပြည်ပမှထုတ်လုပ်သော အချိုရည်ဈေးကွက်တွင်မူ အရောင်းအဝယ်နှင့် ပစ္စည်းအဝင်တို့ ပုံမှန်ရှိနေပြီး ဈေးနှုန်းများမှာမူ ရာဂဏန်းခန့်ဟနေသည်ကိုတွေ့ရှိရသည်။ ပြီးခဲ့သည့်လကရှိခဲ့သည့် 100 Plus အချိုရည်မှာ တစ်ပါကင်လျှင် ၉,၅၀၀ ကျပ်မှ ယခုအခါ ၁၀,၀၀၀ ကျပ်၊ ဆန်းကစ်မှာ တစ်ပါကင် ၁၀,၈၀၀ ကျပ်မှ ၁၁,၆၀၀ ကျပ်၊ အလားတူ Sharp တစ်ပါကင် ၁၄,၅၀၀ ကျပ်၊ Coke တစ်ပါကင် ၉,၇၀၀ ကျပ်စသည်ဖြင့် ဈေးရှိနေသည်။

## ရခိုင်သွားတဲ့ ဆပ်ပြာ

လွန်ခဲ့သည့်နှစ်အနည်းငယ်ခန့်မှစ၍ နယ်အဝယ်များ သိသိသာသာကျဆင်းလာခဲ့သော ရွှေဝါဆပ်ပြာတောင့်ဈေးကွက်၌



www.foreverspace.com.mm

သင်္ကြန်အပြီး ဧပြီလနှောင်းပိုင်းခန့်တွင် ရခိုင်ဘက်သို့ အနည်းငယ်တင်ပို့ခဲ့ရကြောင်း ရွှေဝါဆပ်ပြာတောင့် လက်ကားဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါဆပ်ပြာတောင့်ဈေးကွက်တွင် နယ်အဝယ်မှာ ယခုအခါ သုံးပုံတစ်ပုံသာ ကျန်ရှိတော့ကြောင်းလည်း ဆက်လက်သိရှိရသည်။

သင်္ကြန်ကာလအပြီး ဧပြီလ ၂၉ ရက်နေ့သိရှိရသည့် ပေါက်ဈေးများအရ ရွှေဝါဆပ်ပြာတောင့် ၈၀ ပါ တစ်ဖာလျှင် ၁၆,၀၀၀ ကျပ်၊ ယခုနှစ်အတွင်းရောင်းအားသွက်လာသည့် ဝါးမွှေးဆပ်ပြာတောင့်မှာ ၈,၀၀၀ ကျပ်ဝန်းကျင်နှင့် ဝါမှာ ၈,၁၀၀ ကျပ်၊ အခြားရောင်းအားမြင့်ဆပ်ပြာများဖြစ်သည့် ဆင်မင်းအမှတ်တံဆိပ်မှာ ၁၃,၀၀၀ ကျပ်၊ ဂေါ်ဇီလာဆပ်ပြာမှာ ၂၀,၀၀၀ ကျပ်ဖြင့် အသီးသီးရှိနေကြောင်း ညောင်ပင်လေးပလာဇာ ပထမထပ်ရှိ ဆပ်ပြာဈေးကွက်အတွင်းမှ သိရှိရသည်။

ယခုလ၏ဆပ်ပြာမှုန့်ဈေးကွက်မှာမူ ပြောင်းလဲမှုမရှိပေ။

## နေပူပူ ကော်ဖီပူအသောက်လျော့

ရာသီဥတုပူပြင်းမှုကြောင့် ကော်ဖီမစ်ဈေးကွက်မှာ အရောင်းအနည်းငယ်ကျဆင်းသွားကြောင်းနှင့် ဈေးနှုန်းများမှာ ယခင်ဈေးနှုန်းများဖြင့်ပင်ရှိနေကြောင်း ညောင်ပင်လေးပလာဇာရှိ စားသောက်ကုန်ရောင်းချသည့် အရောင်းဆိုင်များထံမှသိရှိရသည်။



## ဖြည်းဖြည်းဆင်းတဲ့ နို့ဆီ

မတ်လဆန်းပိုင်းခန့်က အလှူပ်အယမ်းများဖြင့် ဈေးမြင့်နေခဲ့ပြီး ဧပြီလဆန်းမှစ၍ ပြန်လည်တည်ငြိမ်သွားခဲ့သော နို့ဆီဈေးကွက်တွင် ကျပ်ဆယ်ဂဏန်းခန့်ကွာဟ၍ ဈေးနိမ့်ကျလာခဲ့သည်ဟု ညောင်ပင်လေးပလာဇာအတွင်းရှိ စားသောက်ကုန်အရောင်းဆိုင်ကြီးများထံမှ သိရသည်။ မေလ ၆ ရက်နေ့တွင် သိရှိရသည့် ပေါက်ဈေးများအရ ဈေးကွက်ဝေစုအများဆုံးရရှိထားဆဲဖြစ်သော Dawn နို့ဆီမှာ ၆၈၀ ကျပ်၊ One Tea ၆၃၀ ကျပ်၊ UK ၅၈၅ ကျပ်တို့ အသီးသီး ရှိနေပြီး လတ်တလောတွင် UK အမှတ်တံဆိပ်နို့ဆီမှာ ဈေးကွက်အတွင်း ပစ္စည်းပြတ်နေကြောင်း ရောင်းချသူတို့က ဆိုသည်။

## မာနေဆဲ သကြား

ကုန်ကြမ်းဈေးမှာ ၇၀၀ ကျပ်ဝန်းကျင်တွင် ထိန်းထားသည့်အတွက် ပြည်ပတွင် သကြားပေါက်ဈေး ကျဆင်းနေသော်လည်း ပြည်တွင်းရှိသကြားဈေးကွက်တွင် ဈေးမြင့်နေသည့်အတွက် အရောင်းအေးနေဆဲဖြစ်သည်ဟု ဘုရင့်နောင်ပွဲရုံရှိ သကြားပွဲရုံလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ယခင်နှစ်၏ သကြားဈေးနှုန်းမှာ သင်္ကြန်ကာလပြီးချိန်တွင် ၇၀၀ ကျပ်မှာ အမြင့်ဆုံးဈေးဖြစ်သည့်အတွက် အရောင်းသွက်ခဲ့ကြောင်း၊ ယခုသင်္ကြန်ပြီးချိန်တွင်ရှိသည့်သကြားဈေးမှာ မေလ ၆ ရက်နေ့ ပေါက်ဈေးများအရ ထိပ်စ ၁,၂၄၀ ကျပ်၊ အလတ်စ ၁,၂၂၀ ကျပ်၊ ၁,၁၁၀ ကျပ်၊ အောက်စ ၁,၁၈၀ ကျပ်မှ ၁,၁၇၀ ကျပ်တို့ဖြစ်နေခဲ့သဖြင့် သကြားအသုံးပြုလုပ်ငန်းများ တွက်ခြေမကိုက်ခြင်းကြောင့် လျှော့၍လုပ်ကိုင်လာကြောင်းလည်း သကြားရောင်းချသူအချို့က ဆိုသည်။

သင်္ကြန်အပြီးကာလတွင် မော်လမြိုင်

www.foreverspace.com.mm

ဘက်မှ အနည်းငယ်အဝယ်လိုက်ခဲ့သော်လည်း ယခုဖြစ်ပေါ်နေသည့် ဈေးနှုန်းများ နိုင်ငံတကာပေါက်ဈေးထက်ကျော်လွန်နေခြင်းကြောင့် ပြည်ပသို့တင်ပို့ရန် မဖြစ်နိုင်ဘဲ ပြည်ပမှ မြန်မာနိုင်ငံဈေးကွက်တွင်းသို့ သကြားများသာဝင်ရောက်လာနိုင်ကြောင်း ဘုရင့်နောင်ပွဲရုံရှိ သကြားကုန်သည်ကြီးတစ်ဦးက ခန့်မှန်းပြောကြားသည်။




## ယုံကြည်မှုသည်သာ ပထမ

ဈေးကွက်တို့မည်သည် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံ၏အရေးအရာများအားလုံးနှင့် ချိတ်ဆက်နေလေ့ရှိကြောင်း အများသိရှိပြီးဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေးကို အခြေခံနေရသေးသော နိုင်ငံတစ်ခုအနေဖြင့် လယ်ယာစိုက်ပျိုးရေးမူဝါဒများနှင့် သဘာပတ်ဝန်းကျင် ရာသီဥတုအခြေအနေကလည်း နိုင်ငံ၏စီးပွားရေးကဏ္ဍအပြောင်းအလဲအတိုးအဆုတ်ကို တစ်နည်းတစ်ဖုံ အကျိုးသက်ရောက်စေသည်။ ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသော ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများက မြန်မာနိုင်ငံသို့လည်း သက်ရောက်လျက်ရှိသည်။ ဆည်ရေသောက်ဧရိယာနှင့် မြစ်ရေတင်စီမံကိန်းများမရှိသော မိုးပုံမှန်ရလေ့ရှိသည့် ဒေသများတွင် မိုးရွာသွန်းချိန် မရွာသေးခြင်းမှာ နောင်နှစ် သီးနှံအထွက်နှုန်းကို ထိခိုက်စေမည်ဖြစ်သည်။ ထိုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် စီမံခန့်ခွဲမှုနည်းနာများလည်း အရေးပေါ် လိုအပ်လျက်ရှိသည်။

မည်သို့သော အပြောင်းအလဲတို့ကြုံကြုံ၊ မည်သို့သောမူဝါဒများ စီမံဆောင်ရွက်ရသည်ဖြစ်ဖြစ် မည်သည့်နယ်ပယ်တွင်မဆို ရှိနေသည့်ကျင့်ဝတ်များ လိုက်နာခြင်းဖြင့် ရိုးဖြောင့်စိတ်အခြေခံခြင်းအားဖြင့် ပြည်သူလူထုနှင့် နိုင်ငံ့အကျိုးစီးပွား ဖြစ်ထွန်းနိုင်ပေသည်။ မရသင့် မယူထိုက်သော အခွင့်အရေးကိုမယူခြင်း၊ အခွင့်ထူးခံမဖြစ်စေသော၊ အချိုးညီမျှတသော၊ တစ်ဖက်သတ် အပေါ်စီးမယူသော စည်းမျဉ်းစည်းကမ်း၊ မူဝါဒများအတိုင်း တစ်ပြေးညီလိုက်နာစေခြင်း၊ မိမိတို့ချမှတ်ထားသော စည်းမျဉ်းဥပဒေများအတိုင်း မိမိတို့ကိုယ်တိုင် လေးလေးစားစားလိုက်နာခြင်း၊ နိုင်ငံ့ဘဏ္ဍာငွေများကို ကိုယ်ကျိုးစီးပွားကာကွယ်ရေးအတွက် အလွဲမသုံးခြင်း၊ ချမှတ်ထားသော ဥပဒေစည်းကမ်းများ ချိုးဖောက်ပါက ကျောသားရင်သားမခွဲခြားဘဲ ဥပဒေပါအတိုင်း အရေးယူခြင်း၊ တန်ဖိုးရှိသော နိုင်ငံ့ဘဏ္ဍာငွေများကို အကျိုးမဲ့အချည်းအနှီးမဖြစ်စေခြင်း၊ အဓိကနှင့်သာမညခွဲခြား၍ နိုင်ငံအဝန်း စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ အမှန်တကယ် အရေးပေါ် လိုအပ်ချက်ရှိနေသော အရေးအရာများကို ချက်ချင်းဆောင်ရွက်ပေးခြင်း (ဥပမာ–မရှိမဖြစ် အခြေခံအဆောက်အဦများ) စသည်များဖြင့် နိုင်ငံအကျိုး၊ နိုင်ငံသူနိုင်ငံသားများအကျိုးကို အမှန်တကယ်လေးစားတန်ဖိုးထားကြောင်း လက်တွေ့ဖော်ပြသော စီမံခန့်ခွဲမှုများရှိလာလျှင် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု၊ ဈေးကွက်၏ယုံကြည်ကိုးစားမှုကိုရရှိကာ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ မုချရောက်ရှိလာမည်ဖြစ်သည်။ သို့မဟုတ်ပါဘဲ ထိုအခြေအနေများနှင့် ဆန့်ကျင်ဘက်သဘောသဘာဝများသာရှိနေပါက မည်သည့်ကဏ္ဍနယ်ပယ်မဆို အရေးအကြီးဆုံး 'ယုံကြည်မှု' ပျောက်ကွယ်ကာ အနုတ်သဘောရလဒ်များကိုသာ မြင်တွေ့ကြရမည်ဖြစ်ကြောင်း အစဉ်တစိုက် ဈေးကွက်လေ့လာသူတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**



www.foreverspace.com.mm

**ဆေးလိပ်၊ အရက်မှအစ စွဲလမ်းစေနိုင်သော မူးယစ်ဆေးသုံးနေသူများ၏ မိသားစု စီးပွားရေးသည် ချွတ်ခြုံကျရန် လက်တစ်ကမ်းမှာပင်ဖြစ်သည်ဟုဆိုခြင်းကို ပိုသည်ဟုဆိုကြလျှင် ပတ်ဝန်းကျင်၌ အရက်ကြောင့်၊ မူးယစ်ဆေးကြောင့် ဘဝနစ်မွန်းနေသူများ၊ နစ်မွန်းစပြုမည့်သူများ၊ နစ်မွန်းခဲ့ဖူးသူများ၏ဘဝများက အခြေအနေအစစ်အမှန်များကို လက်တွေ့ပြသနေသကဲ့သို့ ရှုမြင်ရပါမည်။**

စိတ်ခတ်ကျစရာများကြုံခဲ့ရ၍ ဆေးလိပ်၊ အရက်မှအစပြုကာ မူးယစ်ဆေးသုံးစွဲရခြင်းဖြစ်သည်ဟူသော အကြောင်းပြချက်ကို ပြသူသည် တကယ်တမ်းတွင် မိအေးနှစ်ခါနာဆိုသလို စိတ်ခတ်ကျစရာပြဿနာများ ထပ်ဆင့်ကြုံလာရပေဦးမည်ဖြစ်သည်။

ကျောက်တံတားမြို့နယ်တွင် နေထိုင်ခဲ့သည့် အရာရှိကြီးတစ်ဦးသည် အိမ်ထောင်သက် ၂၅ နှစ်ကျော်ရှိခဲ့ပြီး စီးပွားရေးတောင့်တင်းသည့်အခြေအနေမှ အရက်ကြောင့် မိသားစုပြိုကွဲကာ စီးပွားရေးအခြေပျက်ခဲ့ရသောအခြေအနေသို့ရောက်ရှိခဲ့သည်မှာ ဖြစ်ရပ်မှန်တစ်ခုပင်ဖြစ်ပါသည်။

ထို့ကြောင့် ဆေးလိပ်၊ အရက်မှအစပြုသည့် မူးယစ်ဆေးဝါးများသည် နိုင်ငံ၏ အကျိုးစီးပွားကိုလည်း ထိခိုက်နေသောကြောင့် အချိန်မနှောင်းခင်ပြုပြင်ကြမည်ဆိုပါက 'Too Late is better than never' ဟူသော အင်္ဂလိပ်စကားပုံတစ်ခုကဲ့သို့ပင် ဘယ်တော့မှမလုပ်တာထက်စာလျှင် နောက်ကျသော်လည်း ပြုပြင်ခြင်းသည် သာ၍ကောင်းမွန်ပါသေးသည်။

မူးယစ်ဆေးစွဲသူတစ်ဦးသည် ၎င်းသုံးစွဲနေသော အရက်၊ ဆေးလိပ်အစ မူးယစ်ဆေးဝါးကိုဖြတ်မည်ဆိုပါက ၎င်း၏ မိသားစုသည် ဝမ်းမြောက်ဝမ်းသာ ကြိုဆို

# ဆေးဖြတ်ချိန်တန်ပြီ သို့သော် . . .

နေလင်းထိုက်



www.foreverspace.com.mm

ကြွပေလိမ့်မည်။ ဆေးစွဲနေခြင်းသည် မှားယွင်းမှုတစ်ခုဟုဆိုနိုင်သော်လည်း မဟာအမှားမဟုတ်သေးပါ။ ဆေးလိပ်၊ အရက်အပါအဝင် မူးယစ်ဆေးသုံးစွဲခြင်းအား အပြီးတိုင် နုတ်မဆက်ခြင်းကသည်သာလျှင် မဟာအမှားတစ်ခုဟု ဆိုရပေမည်။ 'မူးယစ်အစ ဆေးလိပ်က' ဆိုသောစကားပုံမှာ အမှန်ပင်ဖြစ်ကြောင်းနှင့် ဆေးလိပ်သောက်သူအများစု ဆေးခြောက်စွဲလာကြကြောင်းကို လေ့လာချက်များအရသိရှိရသည်ဟု မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း စီမံချက်များကိုဆောင်ရွက်နေသော ဒေါက်တာမောင်မောင်လွင်က ဆိုသည်။ "ဆေးလိပ်သောက်ပြီးရင်တော့ တခြားမူးယစ်ဆေးသုံးတာက ရှိတော့ရှိတယ်။ ဒါပေမဲ့ ဆေးခြောက်သောက်တဲ့သူတွေကတော့ တော်တော်များတယ်" ဟု ၎င်းက ဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အရက်အန္တရာယ်သည် ဘိန်းဖြူအန္တရာယ်ထက်ပင် ပိုများကြောင်း ၎င်းထံမှသိရသည်။ အရက်သည် ရဲဆေးဆိုသည်မှာ အစတွင်ဟုတ်သည်ဟုထင်ရသော်လည်း နောက်ပိုင်းတွင် စိတ်ကျရောဂါများဖြစ်ပေါ်နိုင်ကြောင်း၊ စိတ်ထင်ယောင်ထင်မှားဖြစ်ပြီး မိမိဇနီးမယားအပေါ် သံသယများဖြစ်ပေါ်၍ အိမ်ထောင်ရေးပြဿနာဖြစ်ပေါ်မှုများရှိနေကြောင်း ၎င်းက ပြောကြားသည်။ ထို့အပြင် အရက်သောက်ခြင်းသည် အမျိုးသားများ ပြဿနာဖြစ်ရခြင်းတွင် အဓိကဖြစ်ကြောင်း ၎င်းက ဆိုသည်။

"မြန်မာရပ်ရှင်တွေမှာ ရည်းစားနဲ့ အဆင်မပြေရင် အရက်သောက်ပြတာတွေ၊ မိန်းမနဲ့အဆင်မပြေရင် အရက်သောက်ပြတာတွေ၊ လူမှုရေးပေါင်းသင်းမှုတွေမှာ အရက်သောက်ပြတာတွေဟာ လူတွေရဲ့စိတ်မှာ စွဲထင်သွားစေနိုင်ပါတယ်။ အရက်က စိတ်ကိုမြှောက်ပေးတဲ့သဘောမဟုတ်ပါဘူး။ စိတ်ကျစေနိုင်တဲ့အရာပါ။ အခုလောလောဆယ် ပြဿနာတွေမှာ ဖြေရှင်းရမှာ အရက်ပါ။ အရက်ကလူတွေရဲ့ ပေါင်းသင်းဆက်ဆံတဲ့အရာလို့ လူတွေရဲ့စိတ်မှာ စွဲနေတော့ မထိန်းချုပ်နိုင်သေးပါဘူး။ အရက်စွဲတာကလည်း စိတ်ကျန်းမာရေးနဲ့ဆိုင်ရာရောဂါတစ်ခု ဖြစ်ပါတယ်။ Alcohols Dependency Syndrome (ADS) အရက်စွဲရောဂါလို့ခေါ်ပါတယ်။ အရက်က Legal Drug ဖြစ်လို့ အရက်ကိုချုပ်ကိုင်ထားခြင်းမရှိပါဘူး" ဟု ဒေါက်တာမောင်မောင်လွင်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းခန်းမတွင် ပြုလုပ်သော အခမ်းအနားတွင် ပညာပေးသင်ကြားရင်း ပြောကြားသွားခဲ့သည်။

## ငါစွဲနေပြီလား ...

ဆေးလိပ်စွဲခြင်းဆိုသည်မှာ နီကိုတင်းဓာတ်ကိုစွဲခြင်းဖြစ်သည်ဟု တစ်ကမ္ဘာလုံးက နှစ်ပေါင်းများစွာယူဆခဲ့ကြကြောင်း၊ သို့ရာတွင် ၂၀၀၄ ခုနှစ်တွင် အမေရိကန်သိပ္ပံပညာရှင်များတွေ့ရှိချက်အရ ဆေးလိပ်စွဲခြင်းသည် နီကိုတင်းစွဲခြင်းမဟုတ်ကြောင်း၊ နီကိုတင်းဓာတ်သည် ဦးနှောက်ထဲရောက်ခြင်းကြောင့် ဦးနှောက်မှ လူကိုစိတ်ကြည်နူးတက်ကြွစေသော အန်ဒေါ်ဖင်ဓာတ်ကိုထုတ်ပေးကြောင်း၊ ထို့ကြောင့် ဆေးလိပ်သောက်တိုင်း အန်ဒေါ်ဖင်ဓာတ်ထွက်လာသောအခြေအနေကိုစွဲခြင်းဖြစ်ကြောင်း ၁၉၅၇ ခုနှစ်မှစတင်၍ ဆေးလိပ်တိုက်ဖျက်ရေးလှုပ်ရှားမှုများကိုဆောင်ရွက်ခဲ့သော နာမည်ကျော် စာရေးဆရာကြီးသိပ္ပံမျိုးတင်က ပြောကြားသည်။

၁၉၇၀ ပြည့်နှစ်များတွင် နယူးယောက်မြို့ ရောချက်စတာတက္ကသိုလ်မှ ရောဘတ် အက်ဒါဆိုသောပုဂ္ဂိုလ်က ကြွက်များကို စမ်းသပ်ရာမှတွေ့ရှိချက်မှာ စိတ်ဓာတ်ကျချိန်တွင် ခေါင်းထဲမှ ကော်တီဇုန်း၊ အက်ပီနက်ဖရင်း၊ နော်ပီနက်ဖရင်းစသည့် မကောင်းသောဓာတ်များတွေ့ရှိရကြောင်း၊ ယင်းဓာတ်များသည် လူကိုနလုံးသွေးကြောတွင် ရောဂါဖြစ်စေနိုင်ကြောင်း၊ ခုခံစွမ်းအားများကို ကျဆင်းစေကြောင်း၊ ခုခံစွမ်းအားကျလျှင် ရောဂါဘယဖြစ်စေနိုင်ကြောင်း သိပ္ပံမျိုးတင်က ဆိုသည်။ သို့ရာတွင် ကမ္ဘာ့ဌာန်းရှုမှတ်ခြင်းနှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ လုပ်မည်ဆိုပါက ဦးနှောက်အတွက် ကောင်းကျိုးဖြစ်စေသော အန်ဒေါ်ဖင်၊ အက်စက်တေးလ်၊ ကိုလိုင်းသုံးမျိုးထွက်ကြောင်း၊ ယင်းအနက် အန်ကာဖလင်သည် လူကိုစိတ်ကြည်နူးပြီး စိတ်ကိုတက်ကြွစေကြောင်း၊ ထိုအခြင်းအရာသည် စိတ်ထောင်းလျှင် ကိုယ်ကြေဆိုသော မြန်မာစကားပုံအတိုင်း စိတ်ပျိုလျှင် ကိုယ်နုသည်ဆိုသော စိတ်နှင့်ရုပ်ဆက်သွယ်မှုကို ပထမဆုံးဖော်ထုတ်လိုက်သော သိပ္ပံပညာရှင်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ စိတ်နှင့်ရုပ်



www.foreverspace.com.mm

ဆောင်သွယ်မှုကို Psycho Neuron Hymnology ဟု ခေါ်ဆိုကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ငါစွဲနေပြီလားဆိုသည့်အဖြေကို ဖြေနိုင်သူကတော့ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးသုံးစွဲသူများကိုယ်တိုင်ပင်ဖြစ်ပါသည်။ ၎င်း၏မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်း၊ မိဘဆွေမျိုး၊ မောင်နှမတွေက ဆေးသုံးစွဲနေသူ၏ကိုယ်စား ယင်းအဖြေကို ဖြေပေးရန် ခက်ခဲပေသည်။ စွဲလမ်းစေတတ်သော မူးယစ်ဆေးဝါးတစ်မျိုးမျိုးဖြစ်သည့် ဆေးလိပ်၊ ကွမ်း၊ အရက်တစ်မျိုးမျိုး စမ်းသုံးကြည့်ရာက မသိမသာစွဲလမ်းသွားရင်းနှင့် "ငါမစွဲသေးပါဘူး အပျင်းပြေသုံးကြည့်တာပါ။ ငါအခုဖြတ်ရင် ဖြတ်နိုင်ပါတယ်" ဟု ဆိုတတ်ကြပါသည်။

နောက်ပိုင်းတွင် ယင်းမူးယစ်ဆေးက လူကိုပြန်ပြီး မှီဝဲကာ လူကိုသာမက မိသားစုစီးပွားရေးကိုပြန်ပြီး စားသုံးလာတော့သည်။ ယင်းအဆင့်ထိရောက်လာချိန်မှာတော့ မိမိအမှားကို နောင်တရပြီဟု မပြောချင်တော့သော လူအများစုကို ပတ်ဝန်းကျင်တွင် ဒုနှင့်ဒေး နေ့စဉ်နှင့်အမျှ တွေ့မြင်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆေးစွဲနေသူ၏ ဘဝအစိတ်အပိုင်းအချို့သည် မူးယစ်ဆေးဝါး၏ ထိန်းချုပ်ခြင်းကိုခံနေကြရခြင်းကြောင့်ဖြစ်သည်။ ထိုအခြေအနေတွင် ဆေးစွဲနေသူသည် မိမိကိုယ်ကိုယ် ညှာတာသောအားဖြင့် မူးယစ်၏သားကောင်ဟု မသတ်မှတ်ကြသော်လည်း မူးယစ်ဆေးနှင့်ပတ်သက်သည့် ပြဿနာတစ်စုံတစ်ခုရှိနေပြီဆိုသည်ကို လက်ခံကြရပါသည်။ ဆေးစွဲရောဂါဆိုသည်မှာ နာတာရှည် အဖန်တလဲလဲဖြစ်တတ်သော ရောဂါ (Chronic Relapsing Disease) ဖြစ်ကြောင်း၊ ဆေးစွဲသူများသည် ပြန်လည်၍ ဆေးမသုံးဖြစ်ရန် စနစ်တကျကုသမှုကိုခံယူသင့်ကြောင်း မူးယစ်တိုက်ဖျက်ရေးစီမံချက်များကို ဆောင်ရွက်နေသော ကုလသမဂ္ဂ UNFPA မှ ဆရာဝန်ကြီးတစ်ဦးက အကြံပေးတိုက်တွန်းချက်များကို Living Color သို့ ပြောကြားသည်။

ဆေးလိပ်၊ အရက်မှအစ မူးယစ်စေတတ်သော ဆေးစွဲနေသူတစ်ဦးကို မည်သို့အဓိပ္ပာယ်ဖွင့်မည်နည်းဆိုသည်နှင့်ပတ်သက်၍ အငြင်းပွားဖွယ်ရာဖြစ်လာနိုင်ပါသည်။ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးစွဲနေသူတစ်ဦးဖြစ်ခြင်းက ရှက်စရာမဟုတ်ပါ။ ဆေးစွဲနေသူတစ်ဦးအဖို့ 'အနာသိရင်ဆေးရှိတယ်' ဆိုသည့် စကားပုံအတိုင်း ခံယူလိုက်မည်ဆိုလျှင် ဘဝအမှန်ပြန်ရဖို့ ကနဦးခြေလှမ်းဟု ယူဆနိုင်ပါသည်။

အောက်ပါမေးခွန်းများသည် 'ငါ ဆေးလိပ်၊ အရက်အပါအဝင် မူးယစ်ဆေးစွဲနေပြီလား' ဆိုတဲ့မေးခွန်းကို ဖြေနိုင်ဖို့ ကူညီပေးပါလိမ့်မယ်။ ဆေးလိပ်၊ အရက်၊ ဆေးဖြတ်ဖို့ ဆေးရုံ၊ ဆေးခန်းမသွားခင် ဆုံးဖြတ်ချက်ချနိုင်ရန် အကူအညီပေးပါလိမ့်မယ်။ ရိုးသားစွာပဲ ဖြေကြည့်ဖို့လိုပါသည်။ ပြီးရင် ဆုံးဖြတ်ချက်ချကြည့်ပါ။ **(ဇယား)**

အထက်ပါမေးခွန်းများအနက် မေးခွန်းငါးခုကိုပင် 'Yes' ဟု ဖြေဆိုသူသည် အမှန်တကယ်ပင် ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးသုံးစွဲမှုကို စွဲလမ်းနေသူတစ်ဦးဖြစ်ပါသည်ဟု အမေရိကန်အခြေစိုက် ဥရောပနိုင်ငံများတွင်ပါ မူးယစ်တိုက်ဖျက်ရေးဆောင်ရွက်နေသော Narcotics Anonymous အဖွဲ့ကြီး၏ Website တွင် ဖော်ပြထားသည်။ အချို့သောမေးခွန်းများမှာမူ မူးယစ်ဆေးစွဲနေလားဟု တိုက်ရိုက်မေးသောမေးခွန်းများမဟုတ်ဘဲ ဘဝတွင် တိုက်ရိုက်ဆက်စပ်နေသောအချက်များကိုယ်တိုင်အဖြေထုတ်ရန်ခက်ခဲသော မူးယစ်ဆေးစွဲခြင်း၏ အဖြေတစ်ခု ဖြစ်ပါသည်။ ယင်းအဖြေများကို မဖြေဆိုခင်တွင် ငါစွဲနေပြီဆိုရင်ဖြင့် ဒုက္ခပါပဲဆိုသော အတွေးမျိုးဝင်ရောက်လာပြီး ကြောက်လန့်မိပါလိမ့်မည်။ အချို့ကလည်း ယင်းမေးခွန်းများသည် အဓိပ္ပာယ်မဲ့သော မေးခွန်းသက်သက်သာဟု ခံယူထားသူများလည်း ရှိနေနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ယင်းမေးခွန်းများသည် ကြောက်လန့်ရန်မဟုတ်ဘဲ ကိုယ်တိုင် မိမိကိုယ်ကိုယ် ပြန်လည်



www.foreverspace.com.mm



| စဉ် | မေးခွန်း |
|---|---|
| ၁။ | ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးကို မိမိတစ်ဦးတည်းသုံးလေ့ရှိလား။ |
| ၂။ | မူးယစ်ဆေးဝါးတစ်ခုကိုဖြတ်ရန်ကြိုးစားနေစဉ် အခြားမူးယစ်ဆေးကို အစားထိုးသုံးလေ့ရှိလား။ (ဥပမာ–ဆေးလိပ်ဖြတ်ရန် ကြိုးစားနေစဉ် ကွမ်းစွဲသွားခြင်း) |
| ၃။ | တားမြစ်ဆေးအချို့ကို လူမသိအောင် သုံးစွဲဖူးလား။ |
| ၄။ | မူးယစ်စေနိုင်သော တားမြစ်ဆေးကို ဆရာဝန် ဆေးခန်းများထံမှ လိမ်လည်လှည့်ဖြားရယူခဲ့ဖူးလား။ |
| ၅။ | အိပ်ရာထချိန်၊ အိပ်ရာဝင်ချိန်တွေမှာ အရက်၊ ဆေးလိပ်အပါအဝင် မူးယစ်ဆေးတစ်မျိုးမျိုးကို ပုံမှန်မှီဝဲလေ့ရှိသလား။ |
| ၆။ | ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးသုံးခြင်းသည် မကောင်းဟုထင်မြင်သူတွေကို ရှောင်ရှားလေ့ရှိသလား။ |
| ၇။ | ဆေးရဲ့အာနိသင်ကို တိတိကျကျမသိဘဲ မူးယစ်ဆေးသုံးသလား၊ သင့်ကျန်းမာရေးကို ထိခိုက်တယ်ဆိုတာ သိပါသလား။ |
| ၈။ | မူးယစ်ဆေးဆိုတာ ဘာမှန်းမသိဘဲ အခြားသူသုံးလို့ စမ်းပြီးသုံးကြည့်ရာက နှစ်သက်သွားတာလား။ |
| ၉။ | သင့်ရဲ့ ပညာရေး သို့မဟုတ် အလုပ်အကိုင်ထိခိုက်စေလောက်သော မူးယစ်ဆေးရဲ့ ဆိုးကျိုးကိုခံစားဖူးပါလား။ |
| ၁၀။ | ဆေးလိပ်အရေအတွက် သို့မဟုတ် ဆေးပမာဏ ပုံမှန်ဘယ်လောက်သုံးစွဲတယ်ဆိုတာ အခြားသူတွေကိုဖုံးကွယ်ခဲ့ဖူးလား။ မိမိကိုယ်ကိုယ်မိမိ ပြန်လည်သုံးသပ်ကြည့်ဖူးလား။ |
| ၁၁။ | ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးလွန်ကျွံစွာသုံးစွဲခြင်းကြောင့် အခြားသူများက သင့်ကိုငြိုငြင်ဖူးသလား။ |
| ၁၂။ | ငွေကို လိုအပ်တဲ့နေရာမှာသုံးတာထက် ဆေးလိပ်ဝယ်ရာတွင်လည်းကောင်း၊ မူးယစ်ဆေးဝယ်ရာတွင်လည်းကောင်း ပိုပြီး အသုံးချလေ့ရှိသလား။ |
| ၁၃။ | အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးသုံးခြင်းကို ရပ်တန့်လိုက်ဖို့ ကြိုးပမ်းကြည့်ဖူးသလား။ |
| ၁၄။ | အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးကြောင့် အစားအသောက်နဲ့ အိပ်ရေးပျက်ဖူးသလား။ |
| ၁၅။ | အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးပြတ်လပ်မှာကို စိုးရိမ်ပူပန်တတ်သလား။ |
| ၁၆။ | သူမရှိရင် ဘဝမှာနေဖို့မဖြစ်နိုင်ဘူးလို့ ခံစားဖူးသလား။ (သူဆိုသည်မှာ ဆေးလိပ်၊ အရက်အပါအဝင် မူးယစ်ဆေး တစ်မျိုးမျိုးဖြစ်သည်။) |
| ၁၇။ | ဆေးလိပ်၊ အရက်မသောက်ရတဲ့အချိန်မှာ၊ မူးယစ်ဆေးမသုံးရတဲ့အချိန်မှာ ဘဝဟာမပြည့်စုံဘူး။ တစ်ခုခုလိုနေသလိုပဲဆိုတဲ့ အတွေးမျိုး တွေးဖူးသလား။ |
| ၁၈။ | ဆေးလိပ်အကြောင်း၊ မူးယစ်ဆေးအကြောင်းကို အမြဲလိုလိုမဟုတ်တောင် အချိန်တော်တော်ကြာကြာပြောဖြစ်လား။ |
| ၁၉။ | ဆေးလိပ်၊ အရက် အလွန်အကျွံသောက်ခြင်းကြောင့်၊ မူးယစ်ဆေးသုံးခြင်းကြောင့် သင့်ကိုယ်သင် အပြစ်မကင်းဘူးလို့ ခံစားဖူးသလား။ အခြားသူတွေကရော သင့်ကို ဝေဖန်နေကြတယ်လို့ခံစားဖူးသလား။ |
| ၂၀။ | တစ်ခါတလေမှာ သဘာဝမကျတဲ့၊ ဖော်ပြရခက်တဲ့စိုးရိမ်ကြောင့်ကြမှုတွေဖြစ်ဖူးသလား။ |
| ၂၁။ | ဆေးလိပ်၊ အရက်၊ မူးယစ်ဆေး အလွန်အကျွံသုံးခြင်းကြောင့် လိင်ပိုင်းဆိုင်ရာဆက်ဆံမှုကို ထိခိုက်သလား။ |
| ၂၂။ | သင်ကိုယ်တိုင် အရင်ကလုံးဝမနှစ်မြို့ခဲ့တဲ့ ဆေးဝါးတွေကို သုံးစွဲခဲ့ဖူးသလား။ |
| ၂၃။ | စိတ်ဖိစီးမှုသောကတွေကြောင့် ဆေးလိပ်၊ အရက်၊ မူးယစ်ဆေး သုံးခဲ့ခြင်းလား။ |
| ၂၄။ | ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးများရဲ့ မကောင်းတဲ့အကျိုးဆက်ကိုသိနေပေမယ့် ဆက်ပြီးသုံးစွဲဖြစ်နေလား။ |

ဆန်းစစ်နိုင်ရန်အတွက်သာ ဖြစ်ပါသည်။

## ဆရာကြီးပင့်၊ နွားစီး၊ မုန့်စားနှင့် မြင်းဆေး၊ ရာမလိုင်းပေါင်းစုံ

ယခင်က မူးယစ်သုံးစွဲသူများသည် သစ္စာရှိသူများပင်ဖြစ်သည်ဟုဆိုရမည်ဖြစ်ကြောင်း၊ ဘိန်းမည်းသုံးသူသည် ဘိန်းမည်းကိုသာသုံးကြောင်း၊ ဘိန်းဖြူသမားသည် အဖြူမှ အဖြူပင်ဖြစ်ကြောင်း၊ အငွေ့ရှူသူသည် အငွေ့သက်သက်ပင်သုံးကာ အရည်သမားသည် ဘိန်းအရည်ကိုသာ မှီဝဲကြောင်း၊ ၎င်းတို့သည် သုံးစွဲနေကျဖြစ်သော ဆေးတစ်မျိုးကိုသာ သုံးစွဲကြကြောင်း မူးယစ်တိုက်ဖျက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေသော မြန်မာနိုင်ငံမူးယစ်ဆန့်ကျင်ရေးအသင်းမှ ဒေါက်တာမောင်မောင်လွင်က ပြောကြားသည်။

ယခုခေတ်မူးယစ်ဆေးသုံးစွဲသူများသည် ယခင်ကကဲ့သို့ တစ်ပင်တိုင်သုံးစွဲသူများမဟုတ်ဘဲ ကြုံရာတွေ့ရာ ဖြူဖြူမည်းမည်း လိုင်းပေါင်းစုံစွဲနေကြသူများဖြစ်ကြောင်း၊ ၎င်းတို့သည် ဆေးပြား၊ ဆေးရည်၊ အငွေ့၊ ဆေးခြောက် အစုံပင်သုံးစွဲကြခြင်းကြောင့် ဘေးဥပဒ်ဆိုးကျိုးများလည်း အသစ်

www.foreverspace.com.mm

အသန်းထွက်ပေါ်လာကြောင်း ၎င်းထံမှ သိရသည်။

ကမ္ဘာပေါ်တွင် စိတ်ကြွရူးသွပ်ဆေး အန္တရာယ်သည် နံပါတ် 4 ထက်ပင်ပို၍ ဆိုးရွားသောအခြေအနေဖြစ်လာကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စိုးရိမ်ဖွယ်ဖြစ်လာရကြောင်း မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ သိရှိရသည်။ "အခုစိုးရိမ်ရတာက ATS (Amphetamine Types of Stimulant) ဆိုတဲ့ အက်ဖီတမင်းဆေးပြားတွေပါ။ သူ့ကိုစားထားရင် တစ်ညလုံး မအိပ်ဘဲ ခုန်ပေါက်နေနိုင်တယ်။ နောက်ပြီးတော့ အရှက်အကြောက်ကင်းမဲ့သွားတယ်။ မိန်းကလေးတွေမှာအဖြစ်များတယ်။ ဒါသောက်ပြီးရင် စိတ် ကြွလာကြတယ်။ Night Club တွေမှာဆိုရင် ဒါသောက်ပြီး ကကြ၊ ခုန်ကြ၊ ပြီးရင် လူမြင်ကွင်းမှာ တစ်လွှာချင်းချွတ်ပြီး ကကြတာတို့၊ အသိကင်းမဲ့သွားတာတို့ အရမ်းအဖြစ်များတယ်။ နံပါတ် 4 ကမှ ဆေးထိုးရသေးတယ်။ ဒီကောင်က ဆေးပြားဆိုတော့ ပိုပြီးအဖြစ်များတယ်" ဟု ၎င်းအသင်း၏ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ခိုင်က Living Color သို့ပြောကြားသည်။

စိတ်ကြွရူးသွပ်ဆေးကို တက္ကသိုလ်ဝင်စာမေးပွဲဖြေမည့်သူများ အတုမမှားသင့်ကြောင်း၊ ညလုံးပေါက်စာကျက်ရန် သုံးစွဲခြင်းသည် ပို၍ လမ်းလွဲသွားနိုင်ကြောင်း၊ ယင်းအက်ဖီတမင်းဆေးပြားများသည် မှတ်ဉာဏ်ကိုလည်း ချို့တဲ့စေခြင်းကြောင့် ကျက်ထားသောစာများပြန်လည်မေ့သွားပြီး ဒုက္ခရောက်ကြရကြောင်း အဆိုပါပုဂ္ဂိုလ်ကဆိုသည်။ စိတ်ကြွရူးသွပ်ဆေးသုံးခြင်းကြောင့် ဂနာမငြိမ်ကတုန်ကယင်ဖြစ်ခြင်း၊ စိတ်တို စိတ်ဆိုးလွယ်ခြင်း၊ အိပ်မပျော်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ ဘဝင်မြင့် စိတ်ရူးပေါက် မသင်္ကာဖြစ်တတ်ခြင်း အစရှိသောရောဂါများအပြင် စိတ်ရောဂါအမျိုးမျိုးကိုဖြစ်စေကြောင်း၊ အဆိုးရွားဆုံး သတိမေ့မြောခြင်း၊ သေဆုံးခြင်းတို့ ဖြစ်စေနိုင်ကြောင်း ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၏ 'ရှောင်လေဝေးဝေး စိတ်ကြွရူးသွပ်ဆေး' ပြခန်း နံရံကပ်ပိုစတာတစ်ခုတွင် ဖော်ပြထားသည်။ အက်ဖီတမင်းကို အရပ်အခေါ် ယခင်က မြင်းဆေးဟု ခေါ်ဆိုရာမှ ယခုအခါ ရာမဟုခေါ်ဆိုကြောင်း၊ ရာမဆိုသောဝေါဟာရသည် ထိုင်းစကားဖြစ်ကြောင်း၊ စိတ်ကြွရူးသွပ်ဆေး ပြဿနာသည် မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်ကျမှသာ စတင်တွေ့ရှိလာရကြောင်း ယင်းပြတိုက်တွင် ဖော်ပြထားသည်။

ဆေးခြောက်တွင် အရပ်အခေါ်အဝေါ် အသုံးအနှုန်းများ များစွာရှိသည်။ ယခင်က 'ဆရာကြီး' ဟုခေါ်ဆိုကြပြီး နောက်ပိုင်းတွင် 'နွား' ဟုလည်းကောင်း ပြောင်းလဲခဲ့ပြီး ယခုအချိန်တွင် 'မုန့်' ဟုခေါ်ဆိုကြကြောင်း ဒေါက်တာမောင်မောင်လွင်ကဆိုသည်။ မြန်မာနိုင်ငံတွင် ဆေးခြောက်သုံးစွဲသူများသည် ဆေးခြောက်ကို ဆေးပေါ့လိပ်နှင့် သောက်သုံးမှုများ အများဆုံးရှိကြောင်း ၎င်းကဆိုသည်။ ဆေးခြောက်အထုပ်တစ်ထုပ်ကို ဆေးအမျိုးအစားအပေါ်မူတည်၍ အနည်းဆုံး ငါးထောင်မှ တစ်သောင်းအထိ ပေါက်ဈေးရှိကြောင်း ဆေးခြောက်သုံးစွဲခဲ့ဖူးသူအချို့ထံမှ သိရသည်။ ယင်းဆေးပေါ့လိပ်ကို သောက်သုံးနေလျှင် သာမန်ဆေးပေါ့လိပ်အနံ့မျိုးမဟုတ်ဘဲ စိမ်းရွှေသောအနံ့များ၊ ထူးခြားသောအနံ့များရနေကြောင်း၊ ယင်းကဲ့သို့ ဆေးခြောက်သောက်သုံးရန် ဆေးပေါ့လိပ်ကို အဓိကထားဝယ်ယူကြရကြောင်း ၎င်းက ဆေးခြောက်သုံးစွဲခဲ့စဉ်ကအကြောင်းကို ပြန်လည်၍ပြောပြသည်။




## လူတိုင်းတွင် လူ့အခွင့်အရေးရှိပါသည်

ဆေးလိပ်၊ အရက်အပါအဝင် မူးယစ်ဆေးဝါးသုံးစွဲနေသူများသည် ၎င်းတို့အား ဆေးသုံးခြင်းကိုဖြတ်ရန် အကြံပေးတိုက်တွန်းသူများကို ယင်းကိစ္စသည် မိမိတို့၏ ကိုယ်ပိုင်အခွင့်အရေးတစ်ခုဖြစ်ကြောင်း ပြန်ပြောကြပေလိမ့်မည်။ မှန်ပါသည်၊ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းသည် ကိုယ်ပိုင်အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ အတင်းအကျပ်တားဆီး၍ အောင်မြင်နိုင်မည်မဟုတ်ပါ။ ကိုယ်ပိုင်အခွင့်အရေးကို ပိတ်ပင်နိုင်လိမ့်မည်မဟုတ်ပါ။

သို့ရာတွင် တစ်ချိန်တည်းမှာပင် အဆိုပါသုံးစွဲသူများသည် ၎င်းတို့၏ လူ့အခွင့်အရေးကို ကိုယ်တိုင်ပင် အရက်၊

www.foreverspace.com.mm






ဆေးလိပ်အပါအဝင် မူးယစ်ဆေးသုံးစွဲခြင်းဖြင့် ချိုးဖောက်နေပါတော့သည်။ အဆိုပါ မူးယစ်ဆေးသုံးစွဲသူများသည်လည်း လူ့လောကတွင် အခြားသူများနည်းတူ သက်တမ်းစေ့နေထိုင်နိုင်ရန် အခွင့်အရေးတစ်ရပ်ရှိနေပါသည်။ ၎င်းတို့၏ မိသားစုဝင်များတွင်လည်း ငွေကြေးစီးပွားရေးကို အခြားသူများနည်းတူသုံးစွဲရန် အခွင့်အရေးအပြည့်ရှိကြလေ၏။ သို့သော် ဆေးသုံးရန်အတွက်သာ ငွေကိုသုံးစွဲနေသော ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးသုံးစွဲသူသည် မိသားစုဝင်တိုင်း၏ လူ့အခွင့်အရေးတိုင်းကိုလည်း ချိုးဖောက်ရာကျနေပြန်တော့သည်။

ထို့ကြောင့် အရက်စွဲနေသူများ၊ ဆေးလိပ်စွဲနေသူများ၊ မူးယစ်ဆေးစွဲနေသူများသည် မိမိအား ဆေးဖြတ်ရန်အကြံပေးသူတိုင်းကို ၎င်းနှင့် ၎င်းတို့၏ မိသားစုရပိုင်ခွင့် အခွင့်အရေးများ ပျောက်ဆုံးနေရာမှ ပြန်လည်ဖော်ဆောင်ပေးသူ (Human Right Watchdog) တစ်ဦးဖြစ်သည်ဟု မှတ်ယူရပေလိမ့်မည်ဖြစ်သည်။

## သူ့ကိုမဖြတ်နိုင်ရတဲ့ အကြောင်းအရင်း

"ဆေးလိပ်ကို ဖြတ်ခိုင်းစေချင်ရင် ဆေးလိပ်ရဲ့ အန္တရာယ်တွေကို သေချာနားလည်အောင်လုပ်ရမယ်။ အပေါ်ယံပြောလို့မရဘူး။ အန္တရာယ်နဲ့ပတ်သက်တဲ့စာတွေကို ဖတ်ခိုင်းရမယ်။ အန္တရာယ်နဲ့ပတ်သက်တဲ့ ဆွေးနွေးမှုတွေလုပ်ရမယ်။ ပိုပြီးထိရောက်တာက ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာဖြစ်သွားတဲ့လူတွေရဲ့ အဆုတ်ကင်ဆာခွဲစိတ်နေတဲ့ သွေးသံတရဲရဲနဲ့ပုံတွေကို ဆေးလိပ်ဘူးတွေမှာ ပြခိုင်းရမယ်။ ဆေးလိပ်ကြောင့် ခြေထောက်ဖြတ်ရတဲ့ပုံတွေကို ကွက်ကွက်ကွင်းကွင်းမြင်အောင်ပြရမှာ။ ဘာဘတို့တိုင်းပြည်မှာ အဲဒါမျိုးတွေမရှိဘူး" ဟု အနှစ် ၅၀ ကျော် ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်နေသော ဆရာကြီးသိပ္ပံမှူးတင်က ဆိုသည်။

ကမ္ဘာပေါ်တွင် ဆေးလိပ်တိုက်ဖျက်ရေးများဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အတက်ကြွဆုံးလှုပ်ရှားသောနိုင်ငံဖြစ်သည်ဟုဆိုနိုင်ကြောင်း၊ ဆေးလိပ်တိုက်ဖျက်ရေးအတွက် ကလေးများကိုပါ လှုပ်ရှားမှုများတွင်ပါဝင်စေကာ ကလေးများကို ဆေးလိပ်အန္တရာယ်အတွက် လမ်းပေါ်ထွက်၍ အော်ခိုင်းစေခြင်းများ၊ မိဘကိုပြန်ပြောစေခိုင်းခြင်းအားဖြင့် သင်ခန်းစာများပါ ပြုလုပ်ကြောင်း ၎င်းကပြောကြားသည်။

ဆေးလိပ်၊ အရက်အပါအဝင် စိတ်ကိုစွဲလမ်းစေသော မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရပ်တန့်ရန်၊ ဆေးဖြတ်ရန် အချိန်တန်နေပြီဆိုတာ သိနေကြသော်လည်း အကြောင်းကြောင်းကြောင့် ဆေးမဖြတ်ဖြစ်သူများစွာ ရှိနေရသည့်အကြောင်းအရင်းများစွာရှိနေကြပါသည်။ ယင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မူးယစ်ဆန့်ကျင်ရေးအသင်းမှ ဒေါက်တာမောင်မောင်လွင်က "ကျွန်တော်တို့ဆီမှာ ဆေးဖြတ်ချင်ရင် မှတ်ပုံတင်ရတယ်။ အဲဒီမှာ သူတို့စိုးရိမ်ကြတာက မှတ်ပုံတင်လိုက်ရင် နာမည်ပေါက်သွားပြီ၊ လူဆိုးစာရင်းဝင်လိုမျိုးဖြစ်သွားပြီဆိုပြီး ထင်ကြတယ်။ ကျွန်တော်တို့အတွေ့အကြုံအရဆိုရင် ဆေးစွဲနေတဲ့သူတွေဟာ ရောဂါခံစားနေရသူတွေ ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာရောဂါခံစားနေရသူတွေဖြစ်ပါတယ်။ နိုင်ငံတကာကလည်း သတ်မှတ်ထားတယ်။ စိတ်ပိုင်းဆိုင်ရာမှာ သူတို့ဟာ သူများနဲ့ မတူတော့ဘူး၊ သူတို့ရဲ့အတွေးအခေါ်ကလည်း သူများနဲ့မတူတော့ဘူး၊ ကိုယ်ရည်ကိုယ်သွေးလည်း မတူတော့ဘူး။ စိုးရိမ်တာတွေဖြစ်လာကြတယ်။ သို့သော် တခြားရောဂါသည်တွေလို ဖြစ်ပြီဆိုတာနဲ့ ဆရာဝန်ဆီကို အမြန်ဆုံးကုသမှုခံယူတာမျိုးမရှိဘူး။ သူတို့က ဆေးစွဲတာကို ရောဂါလို့ မသတ်မှတ်ချင်ကြဘူး။ ဆေးကုမှရတဲ့ရောဂါလို့ မသတ်မှတ်ချင်ကြဘူး၊ မယူဆချင်ဘူး။

အမည်းစက်ဖြစ်တယ်လို့ ယုံကြည်ထားကြတယ်။ အမှန်ကတော့ မှတ်ပုံတင်ရတဲ့ ရည်ရွယ်ချက်ကတော့ အဲဒီလိုအဓိပ္ပာယ်မျိုးမဟုတ်ပါဘူး"ဟု ရှင်းပြသည်။ ထို့အပြင် ၎င်းက "မိမိဆန္ဒအတိုင်းလာပြီး မှတ်ပုံတင်ခွင့်ရှိတယ်လို့ ဥပဒေကဆိုထားပေမယ့် လူမှုရေးပြဿနာပေါင်းစုံကြုံမှ လာပြီးမှတ်ပုံတင်ကြတယ်။ မိဘတွေကခေါ်မှ မှတ်ပုံတင်ကြတယ်။ မှတ်ပုံတင်လို့ ဖမ်းဆီးအရေးယူမှုတွေမရှိပါဘူး" ဟု ထပ်လောင်းပြောကြားသည်။

**နေလင်းထိုက်**

www.foreverspace.com.mm

# "လူငယ်ကို လူငယ်ချင်းကပဲ ပညာပေးရမယ်။ မိဘက ဘယ်လောက် ဆုံးမ ဆုံးမ . . ."

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး၊
ငွေကြေးယ်ပွင့်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် တွေ့ဆုံခြင်း

နေလင်းထိုက်

၂၀၁၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်မည့် 'အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့' အထိမ်းအမှတ်ကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်နေသော တစ်ခုတည်းသော ပုဂ္ဂလိက NGO အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (Myanmar Anti-Narcotics Association - MANA) ၏ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးယ်ပွင့်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့်တွေ့ဆုံမေးမြန်းမှုအချို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်။

**L.C ။ ။ MANA အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို ဘယ်လိုဆောင်ရွက်နေပါသလဲ။**

**UMK** ။ ။ မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ရာမှာ အပိုင်းသုံးပိုင်းရှိတယ်။ Supply Reduction ရယ်၊ Demand Re-



www.foreverspace.com.mm

duction ရယ်၊ Harm Reduction ရယ်ဆိုပြီးတော့ သုံးပိုင်းရှိတယ်။ အဲဒီမှာ Supply Reduction ဆိုတာ ဘိန်းစိုက်တာတွေ၊ ရောင်းဝယ်တာတွေပါတယ်။ အဲဒါကိုတော့ အစိုးရကပဲလုပ်တယ်။ သူက ဖမ်းဆီးတာတွေ၊ အပြစ်ပေးအရေးယူတာတွေပါတယ်။ MANA က အဓိကလုပ်တာက Demand Reduction ဆိုတဲ့ ဆေးသုံးစွဲသူ လျှော့ချနိုင်ရေးရယ်၊ Harm Reduction ဆိုတဲ့ ဆေးသုံးစွဲခြင်းက အစပြုပြီး နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ရောဂါ HIV/AIDS လိုရောဂါနဲ့ တခြားရောဂါပေါင်းစုံကိုလျှော့ချရေးဆိုတာတွေလုပ်တယ်။

**L.C ။ ။ Demand Reduction နဲ့ပတ်သက်ပြီး မူးယစ်ဆေး Demand မများအောင် ဘယ်လိုလုပ်လဲ၊ Harm Reduction ကကော ဘာတွေလုပ်ဆောင်ပေးလဲ။**

**UMK** ။ ။ အဲဒါတွေနဲ့ပတ်သက်ပြီး အဆင့်သုံးဆင့်ခွဲလိုက်တယ်။ ဆေးလုံးဝမသုံးဖူးတဲ့ Primary အဆင့်ရယ်၊ တစ်ခါတစ်ရံသုံးဖူးတယ်ဆိုတဲ့ Secondary အဆင့်ရယ်၊ ဆေးအမြဲတမ်းသုံးစွဲတဲ့အဆင့် Thirsty ဆိုတဲ့အဆင့်ရယ် သုံးပိုင်း ပိုင်းပြီးတော့ တစ်ခါမှမသုံးဖူးတဲ့သူကို မူးယစ်ဆေးမသုံးအောင် ဆွဲဆောင်ပညာပေးတာတွေလုပ်တယ်။ မူးယစ်ဆေးရဲ့အန္တရာယ်ကိုသိအောင် ကွင်းဆင်းပညာပေးရေးအနေနဲ့ ကျောင်းပြင်ပရော ကျောင်းတွေမှာရော လုပ်တယ်။ ဒုတိယအဆင့်ကို ဆေးမသုံးအောင်လို့ မူးယစ်လမ်းလွဲစေတဲ့ အားကစားတို့၊ ပန်းချီတို့၊ ဂီတတို့လုပ်ပေးတယ်။ နောက်ဆုံး Thirsty ဆိုတဲ့အဆင့်မှာကျတော့ သူတို့အတွက် အန္တရာယ်တွေနည်းပါးအောင် ဆောင်ရွက်ပေးတယ်။ ပထမအနေနဲ့ ဆေးထိုးအပ်တို့ဘာတို့ ထောက်ပံ့ပေးတာတို့လုပ်တယ်။ နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ဆေးဖြတ်အောင်လုပ်ပေးတယ်။ ဆေးထိုးအပ်ကို ဥပမာ– ပထမ လေးချောင်းပေးတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ သူတို့ကို လျှော့ခိုင်းပြီး နောက်ဆုံး ဆေးဖြတ်ဖို့ဆွဲဆောင်သွားတယ်။ တချို့ကျတော့ စားဝတ်နေရေးမပြေလည်ကြတော့ သူတို့ကိုအလုပ်အဆင်ပြေအောင် အသက်မွေးဝမ်းကျောင်းတွေပါသင်ပေးရတယ်။ အလုပ်ရှင်တွေက ဆေးစွဲနေတယ်ဆိုရင် အလုပ်မခန့်တာတို့၊ အလုပ်ဖြုတ်လိုက်တာတို့ရှိတယ်။

**L.C ။ ။ MANA မှာ ထပ်မံပြီးတော့ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းတွေအကြောင်း သိပါရစေ။**

**UMK** ။ ။ မူးယစ်ဆေးသုံးစွဲခဲ့ဖူးတဲ့ လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လူငယ့်အားမာန်ရှိတယ်။ တချို့လည်း မူးယစ်ဆေးသုံးလို့ ထောင်ကျပြီး ပြန်ထွက်လာတဲ့ လူငယ်တွေလည်းပါတယ်။ အဲဒီအဖွဲ့ကလူငယ်တွေက အခုပေါင်းပြီးစီးပွားရေးအသေးစားလေးတွေလုပ်နေတယ်။ ဆိုင်းဘုတ်ဆွဲတဲ့ လူငယ်တွေလည်းပါတယ်။ နောက်တစ်ခုက ငွေကြယ်ပွင့်ဆိုတဲ့အဖွဲ့။ ဒီအဖွဲ့မှာကျတော့ တစ်ခါမှ မူးယစ်ဆေးမသုံးဖူးတဲ့သူတွေနဲ့ဖွဲ့ထားတယ်။ သူကကျတော့ မူးယစ်ဆေးအလွဲသုံးမှု အန္တရာယ်နဲ့ပတ်သက်ပြီး ပညာပေးလုပ်ဖို့ ဖွဲ့ထားတယ်။

**L.C ။ ။ ငွေကြယ်ပွင့်အဖွဲ့က ဘယ်လိုပညာပေးတွေကို ဆောင်ရွက်နေတာပါလဲ။**

**UMK** ။ ။ မူးယစ်ဆေးသုံးတဲ့သူတွေကိုကြည့်ရင် လူငယ်တွေ များတယ်၊ လူငယ်ကိုလူငယ်ချင်းကပဲ ပညာပေးမှုရမယ်။ အိမ်မှာ မိဘက ဘယ်လောက်ပဲဆုံးမဆုံးမ သားသမီးတွေ နားမဝင်ဘူး။ သူငယ်ချင်းအချင်းချင်းတိုက်တွန်းရင်းနဲ့ သောက်ကြည့်စမ်းပါကွာ၊ တစ်ခွက်လောက် စမ်းကြည့်စမ်းပါဆိုရင်းနဲ့ နောက်ဆုံး အရက်သမားလုံးလုံးဖြစ်သွားနိုင်တယ်။ နောက်တစ်ဆင့်တက်တော့ တစ်ခါတည်းပါဆိုပြီး နောက်ဆုံး မူးယစ်ဆေးစွဲသွားရော။ အဲဒီတော့ Peer to Peer Education က ပိုပြီးထိရောက်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသင်းကြီးရဲ့ လူငယ်မျိုးဆက်ကို ဆက်ခံဖို့မွေးထုတ်တယ်။ နိုင်ငံအနှံ့မှာ သူတို့ ပညာပေးဆွေးနွေးရေး လုပ်ကြမယ်။

**L.C ။ ။ ဒီအသင်းက ဖွဲ့တာကြာပြီလား။ အသင်းဝင်တွေရော ဘယ်နယောက်ရှိပါသလဲ။**

**UMK** ။ ။ ၂၀၀၄ အာဆီယံ ၁၀ နိုင်ငံ Workshop လုပ်မှ လူငယ်တွေ လိုတယ်ဆိုတာစပြီး စဉ်းစားလာကြတယ်။ အဲဒီမှာ သန္နေတည်ပြီး ၂၀၀၇ ခုနှစ်ကျမှ စုစည်းနိုင်ခဲ့တယ်။ အသင်းဝင် တစ်နိုင်ငံလုံး နှစ်သောင်းကျော်ရှိတယ်။ လူငယ်တွေတင်မဟုတ်ဘူး၊ အကုန်ပါတယ်။



## ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| အမည် | – | ဦးမြင့်ခိုင် |
| ပညာအရည်အချင်း | – | LL.B, C.B.L, C.A.B.S, B.D.S, E.D.S, DL-101-WIPO (SWITZERLAND) |
| အလုပ်အကိုင် | – | တရားရုံးချုပ်ရှေ့နေ |
| အသင်းတွင်ထမ်းဆောင်နေသည့်တာဝန်များ | – | MANA တွဲဖက်အတွင်းရေးမှူး (စီမံ/စည်းရုံး)၊ ငွေကြယ်ပွင့်လူငယ်များအဖွဲ့ ဥက္ကဋ္ဌ |
| ဆက်သွယ်ရန်လိပ်စာ | – | No. (37) G၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |

www.foreverspace.com.mm



**L.C** ။ ။ **ပညာပေးဆောင်ရွက်တဲ့သူတွေကိုရော ဘယ်လို လေ့ကျင့်သင်ကြားပေးလဲ သိပါရစေ။**

**UMK** ။ ။ ပထမအဆင့်အနေနဲ့ လူငယ် ၄၁ ယောက်ကို အခြေခံစွမ်းရည်မြင့် သင်တန်းပေးတယ်။ သူတို့ကို မူးယစ်ဆေးနဲ့ပတ်သက်တဲ့ ဥပဒေဘာသာရပ်တွေပါတယ်၊ ဆေးပညာရှုထောင့် တွေပါတယ်။ Life skill ဘာသာရပ်တွေရယ်၊ နောက်ပြီးတော့ မူးယစ်လမ်းလွှဲ ဘာသာရပ်တွေကို ပြန်ပြီးသင်ကြားနိုင်အောင် သင်တန်းပေးတယ်။ ဒါက အခြေခံ။ နောက်တစ်ဆင့်မှာကျတော့ အဆင့်မြင့်ဘာသာရပ်တွေပါလာတယ်။ ဒီအဆင့်မှာ ထူးခြားတာက အင်္ဂလိပ်စာရယ်၊ ကွန်ပျူတာရယ် ပါလာတယ်။ အင်္ဂလိပ်စာကို Crown Education ကသင်ပေးတယ်။ ကွန်ပျူတာကျတော့ KMD က သင်ပေးတယ်။ နောက်ဆုံးအဆင့်မှာတော့ ၂၄ ယောက်ပဲကျန်တော့တယ်။ Teachers of Training (TOT) အဆင့်ရောက်သွားပြီးတော့ သူတို့ကို သင်တန်းမှူးတစ်ယောက်မှာရှိရမယ့် အရည်အချင်းတွေရှိအောင် လေ့ကျင့်ပေးတယ်။

**L.C** ။ ။ **နောက်ဆုံးအဆင့်မှာ သင်တန်းတက်နေတဲ့ သင်တန်းသားတွေက လူငယ်တွေပဲလား။**

**UMK** ။ ။ အကုန်လုံးလူငယ်တွေပါ။ ယောကျ်ားလေးရော မိန်းကလေးရောစုံတယ်။ ဒီမှာထူးခြားတာက လူနည်းပေမယ့် နိုင်ငံအနှံ့သွားရမှာဆိုတော့ တိုင်းရင်းသားပေါင်းစုံပါတယ်။

**L.C** ။ ။ **မူးယစ်နဲ့ ဘေးဖြစ်စေတဲ့အရာတွေက ဘာတွေလဲ။**

**UMK** ။ ။ မူးယစ်လို့ပြောလိုက်တာနဲ့ စိတ်ကိုစွဲလမ်းစေနိုင်တဲ့အရာတွေပါသွားပြီ။ ဆေးလိပ်ရော၊ အရက်ရော အကုန်ပါသွားပြီ။ လက်ဖက်ရည်၊ ကော်ဖီလည်းပါတယ်။ တချို့ဆိုရင် လက်ဖက်ရည်သောက်နေကျ အချိန်ရောက်ရင် မနေနိုင်ဘူး၊ စီးကရက်သောက်ချိန်ရောက်ရင် မနေနိုင်တာမျိုးဖြစ်ကြတယ်။ ဒါဆိုရင် မူးယစ်နဲ့ ဘေးဖြစ်စေနိုင်တယ်လို့ပြောလို့ရပါတယ်။ တချို့ရှိပါတယ်၊ မူးယစ်ဆန့်ကျင်ရေးအသင်းကြီးမှာလုပ်နေတဲ့ ဆရာကြီးတွေဆို ဆေးလိပ်သောက်ချင်ရင် ချောင်မှာသွားပြီး သောက်ကြတယ်။ ဒါက သူတို့ မနေနိုင်ကြဘူးလေ။

**L.C** ။ ။ **မူးယစ်နဲ့ ဘေးဖြစ်စေတဲ့အရာတွေထဲမှာ လတ်တလောစိုးရိမ်စရာက ဘာလဲ။**

**UMK** ။ ။ အခုစိုးရိမ်ရတာက အက်ဖီတမင်းပေါ့။ ဒီကောင်က ဆေးပြားဆိုတော့ No. 4 လိုလည်း ထိုးစရာမလိုတော့ ပိုပြီးအလွယ်တကူ သုံးကြတယ်။ အခုအဖြစ်များတာက မိန်းကလေးတွေအဖြစ်များတယ်။ ဆေးပြားစားထားရင် တစ်ညလုံးမအိပ်ဘူး။ တစ်ညလုံး ခုန်ပေါက်နေနိုင်တယ်။ နောက်ပြီးတော့ အရှက်အကြောက်ကင်းမဲ့သွားတယ်။ ညကပွဲတွေမှာဆိုရင် ဒါသောက်ထားပြီး ကလပ်တွေလာကတယ်။ တစ်လွှာချင်းချွတ်ပြီးကတာတွေ ဘာတွေဖြစ်လာရော။ သူတို့တွေက သာမန်မိန်းကလေးတွေပါပဲ။ ဆေးသောက်ပြီးမှ ဒီလိုမျိုး အသိကင်းမဲ့သွားကြတာ။

**L.C** ။ ။ **အက်ဖီတမင်းနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

**UMK** ။ ။ အက်ဖီတမင်းနဲ့ပတ်သက်ပြီး စိုးရိမ်ရတာက ၁၀ တန်းစာမေးပွဲဖြေမယ့် ကျောင်းသူ၊ ကျောင်းသားတွေ အတုယူမှားပြီး ညလုံးပေါက် မအိပ်အောင် စာကျက်နိုင်အောင်ဆိုပြီး သုံးကြမယ်ဆိုရင် မှတ်ဉာဏ်ပါချို့တဲ့နိုင်ပါတယ်။

**L.C** ။ ။ **မူးယစ်ဆေးနဲ့ပတ်သက်ပြီး လူငယ်တွေကို ပညာပေးစကား ဘာများပြောချင်ပါသလဲ။**

**UMK** ။ ။ မူးယစ်ဆေးဝါးက ကျွန်တော်တို့ မြန်မာတင်မဟုတ်ဘူး။ ကမ္ဘာမှာလည်း ခြိမ်းခြောက်နေတဲ့ အန္တရာယ်တစ်ခုပါ။ ကလေးဘဝကစပြီး လမ်းမှားမရောက်ဖို့ နိုင်ငံတကာမှာဆိုရင် ကိုးနှစ်ကစပြီးတော့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ လမ်းမှားမရောက်အောင် ကြိုတင်ကာကွယ် ပညာပေးဆောင်ရွက်ရမယ်။ လူငယ်တွေ မူးယစ်ဆေးသုံးခြင်းအားဖြင့် သူတို့ဘဝလည်း လူညွန့်တုံးမယ်။ နိုင်ငံအတွက်လည်း အားထားရမယ့် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာမယ့်သူတွေ ဆုံးရှုံးမယ်။ မူးယစ်ဆေးဝါးတားဆီးကာကွယ်မှုဟာ အရေးကြီးတယ်ဆိုတာ ပြောချင်ပါတယ်။


**နေလင်းထိုက်**

www.foreverspace.com.mm

# နိုင်ငံရေးအကြမ်းဖက်မှုများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ

ဒေါက်တာစိုးလင်း (ရတနာပုံ)

နိုင်ငံတကာ၌ နိုင်ငံရေးအကြမ်းဖက်မှုများပေါ်ပေါက်လာနေသည်မှာ ခပ်စိတ်စိတ်ဖြစ်လာသည်ကို တွေ့ရှိရပါသည်။ နိုင်ငံရေးအကြောင်းပြုပြီး မကျေလည်မှု၊ မကျေနပ်မှုမြောက်မြားစွာ ပေါ်ပေါက်နေကြခြင်းက အဓိက အကြောင်းအရင်းဖြစ်ပါသည်။ အားကြီးသည့်ဘက်က တစ်ဖက်သတ် အနိုင်ယူကြ၍ အားနည်းသည့်ဘက်က လက်နက်စွဲကိုင်အကြမ်းဖက်ကြသည် တစ်မျိုး၊ အားနည်းသည့်ဘက်က ရမယ်ရှာကာ လက်နက်စွဲကိုင်အကြမ်းဖက်ကြသည်က တစ်နည်း၊ ရှုံးနိမ့်အားပျော့သည့်ဘက်က အားကြီးသူလုပ်သမျှ ဘဲ့တိုက်၍ တုံ့ပြန်အကြမ်းဖက်ကြသည်ကတစ်ဖုံ၊ အခြေခံအကြောင်းအရင်းကစ၍ မည်သို့မျှ စေ့စပ်ညှိနှိုင်း၍ အဖြေမရှာနိုင်ကြသဖြင့် တုံ့ပြန်မှုလွန်ကဲကြပြီး အကြမ်းဖက်ကြသည်ကလည်းတစ်သွယ်၊ ရရှိပြီးသားအနိုင်ရလဒ်ကို ကာလရှည်စွာ ထာဝရဖက်တွယ်ဆုပ်ကိုင်ထားကြပြီး ဆက်တိုက်ဖိနှိပ်အကြမ်းဖက်ကြသည်ကလည်း ရှိကြသည်မို့ အကြမ်းဖက်နည်းမျိုးစုံ နိုင်ငံရေးလောကတွင် နေ့စဉ်နှင့်အမျှ ပေါ်ပေါက်နေခြင်းသာဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဖြစ်၍။ ပါတီစုံများပေါ်ပေါက်လာသည့်အချိန်တွင် ဤကဲ့သို့သော နိုင်ငံရေးအကြမ်းဖက်မှုများ မပေါ်ပေါက် မဖြစ်ပွားနိုင်စေရန် အထူးသတိထားကြရမည်ဖြစ်၍။ ယနေ့ကာလကတည်းကပင် နိုင်ငံရေးအကြမ်းဖက်မှုတို့ကို စိစစ်လေ့လာထားရှိကာ အကျိုးအကြောင်း၊ အဆိုးအကောင်းတို့ကို သိရှိအပ်ပါသည်။ သို့မှသာလျှင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရာ ခရီးလမ်း၌ သိမ်မွေ့စွာ ရှောင်ရှားပယ်ထုတ်နိုင်မည်ဖြစ်၍။ နိုင်ငံရေးအကြမ်းဖက်မှုအဖုံဖုံကို လေ့လာကြည့်ရှုပါလျှင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။



၁။ လူမျိုးရေးအခြေခံ နိုင်ငံရေးအကြမ်းဖက်မှုများ

- အိန္ဒိယနိုင်ငံဆစ်ခ်ကိစ္စ
- ကက်ရှ်မီးယားကိစ္စ
- အီဂျစ်–အစ္စရေးကိစ္စ
- အစ္စရေးနှင့်အာရပ်ကမ္ဘာကိစ္စ
- ဆိုက်ပရပ်စ် ဂရိနှင့် တူရကီကိစ္စ
- အာဖဂန်လူမျိုးစုများကိစ္စ
- အိုင်ယာလန်သူပုန်ကိစ္စ
- ပါလက်စတိုင်းနှင့်အစ္စရေးကိစ္စ
- ချာဒ့်ပြည်တွင်းကိစ္စ
- အင်ဂိုလာပြည်တွင်းကိစ္စ
- အီရီးတရီးယားပြည်တွင်းကိစ္စ
- နာမီးဗီးယားပြည်တွင်းကိစ္စ
- အင်ဒီရာဂန္ဒီလုပ်ကြံမှု
- ရာဂျစ်ဂန္ဒီလုပ်ကြံမှု
- အိုင်အာရ်အေ ဆင်ဖိန်းကိစ္စ
- တောင်အာဖရိက အပါးသိတ်ကိစ္စ
- တရုတ်နှင့်တိဗက်ကိစ္စ

www.foreverspace.com.mm

- ဆိုမာလီယာပြည်တွင်းကိစ္စ
- ယိုးဒယားတောင်ပိုင်း မွတ်ဆလင်ကိစ္စ
- ဗင်နီဇွဲလားကိစ္စ

**၂။ ဘာသာရေးအခြေခံ နိုင်ငံရေးအကြမ်းဖက်မှုများ**

- အိန္ဒိယနှင့်ပါကစ္စတန်ပြဿနာ
- ဟိန္ဒူနှင့် ဆစ်ခ် ကျောင်းတော်ပြဿနာ
- သီရိလင်္ကာ ဆင်ဟာလိဒ်နှင့် တမီးလ်ပြဿနာ
- အာစီနှင့်ပရိုတက်စတင့်ဂိုဏ်းသားများပြဿနာ (ယခင်)
- ရဟူဒီနှင့် အစ္စလာမ်တို့ပြဿနာ
- အစ္စလာမ်နှင့် ခရစ်ယာန်ပြဿနာ
- မြုံးနစ်ခ် အိုလံပစ်အကြမ်းဖက်မှုပြဿနာ
- အယ်လ်ဖေးနီးယားခရစ်ယာန်နှင့် အစ္စလာမ်ပြဿနာ
- ဆားဗီးယားနှင့်ခရိုအေးရှား ခရစ်ယာန်နှင့် အစ္စလာမ် ပြဿနာ
- ဘော့စ်စနီးယားပြဿနာ
- အာမေးနီးယား၊ အဇာဘိုင်ဂျန်ပြဿနာ
- အာဖဂန်ရှိ ဘာသာရေးအုပ်စုများပြဿနာ
- ယိုးဒယားတောင်ပိုင်းခရိုင် သုံးခုပြဿနာ
- မက္ကာမြို့ အီရန်ရှိ အာနှင့်ဆွန်နီပြဿနာ
- မွန်ဘိုင်းတာ့ဂျ်မဟာ ဟိုတယ်ပြဿနာ
- (၉-၁၁) စက်တင်ဘာ ၁၁ ရက် အမေရိကန်ကုန်သွယ်ရေးစင်တာပြဿနာ

**၃။ ဝါဒရေးရာ အခြေခံနိုင်ငံရေးအကြမ်းဖက်မှုများ**

- အာဖဂန်ရှိ နိုင်ငံရေးအရိုးစွဲများပြဿနာ
- ဗ.က.ပ အကြမ်းဖက်မှုများ (ဖြုတ်၊ ထုတ်၊ သတ်)
- အလံနီအကြမ်းဖက်မှုများ (ဆင်စွယ်ရှာကိစ္စ)
- ရဲဘော်ဖြူအကြမ်းဖက်မှုများ
- ဂျပန်တပ်နီတော်လှုပ်ရှားမှု
- ဂျာမနီ နီရိုဖက်ဆစ် တစ်ကျော့ပြန်လှုပ်ရှားမှု
- ရန်ကုန် အာဇာနည်ကုန်း ဗုံးဖောက်ခွဲမှု (၁၉၈၃)

**၄။ လွတ်မြောက်ရေးအခြေခံခွဲထွက်ရေး အကြမ်းဖက်မှုများ**

- ကက်ရှ်မီးယား
- ဆစ်ခ်
- တမီးလ်ကျား (ယခင်)
- အိန္ဒိယ နာဂဒေသ
- အိန္ဒိယ မဏိပူရဒေသ
- အိုင်အာအေနှင့် ဆင်ဖိန်းန်
- အိုင်အာအေနှင့် မာဂရက်သက်ချာကိစ္စ
- ချာဒ်၊ ဆူဒန်၊ ဆိုမာလီယာ၊ အီရီးထရီးယား၊ နမီးဗီးယားကိစ္စများ
- သမ္မတလင်ကွန်း လုပ်ကြံခံရမှု



www.foreverspace.com.mm





၅။ **လောကပါလတရားအခြေခံမပြည့်ဝ၍ ပေါ်ပေါက်သည့် နိုင်ငံရေးအကြမ်းဖက်မှုများ**

- ပါကစ္စတန် အလီဘူတိုကိစ္စ
- ပါကစ္စတန် ဇီယာအုလ်ဟတ်တ်ကိစ္စ
- ဇီယာရာမန်ကိစ္စ
- လက်ဘနွန်(သမ္မတ၊ ဝန်ကြီးချုပ်) ယွမ်ဘလက်ကိစ္စ
- ယနေ့အီရတ်အကြမ်းဖက်မှုများ
- ယနေ့အာဖဂန်အကြမ်းဖက်မှုများ
- ဇင်ဘာဘွေ ရွေးကောက်ပွဲပြဿနာ
- အီရန် ရွေးကောက်ပွဲပြဿနာ
- ထိုင်းနိုင်ငံ၏ ယနေ့အနီဝတ်၊ အဝါဝတ်များပြဿနာ

၆။ **စစ်သွေးကြွ အစွန်းရောက်များ၏ အကြမ်းဖက်မှုများ**

- မဟတ္တမဂန္ဒီလုပ်ကြံခံရမှု
- သမ္မတလင်ကွန်းလုပ်ကြံခံရမှု
- အီဂျစ်သမ္မတလုပ်ကြံခံရမှု
- ဘနဇီယာဘူတို လုပ်ကြံခံရမှု
- အမေရိကန် ကုန်သွယ်ရေးစင်တာကိစ္စ
- ယနေ့အာဖဂန် ယနေ့အီရတ်ကိစ္စများ
- ယနေ့ပါကစ္စတန်ကိစ္စများ
- တာလီဘန်
- ဖာတား
- ဟစ်ဇ်ဘိုလာ
- ဟားမတ်စ်
- တီဟီရန် အမေရိကန်သံရုံး

၇။ **ရှုပ်ထွေးထူးထွေနိုင်ငံရေးအကြမ်းဖက်မှုများ**

- သမ္မတကနေဒီကိစ္စ
- ရောဘတ်ကနေဒီကိစ္စ
- သမ္မတရီဂင်ကိစ္စ
- ပုတ်ဂျွန်ပေါလ်ကိစ္စ

၈။ **အာဏာအတွက် နိုင်ငံရေးအကြမ်းဖက်မှုများ**

- ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့အာဇာနည်ခေါင်းဆောင်ကြီးများ
- မားကို့စ်နှင့် နီးနိုင်းအာကွီနို

စသည်ဖြင့် အထက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။ ပုဂ္ဂိုလ်စွဲ၍အကြမ်းဖက်ခြင်း စီးပွားရေးနှင့် မူးယစ်ဆေးဝါးဂိုဏ်းဂဏအတွက်အကြမ်းဖက်ခြင်း၊ လက်နက်မှောင်ခို၊ လူမှောင်ခိုကိစ္စကြောင့်အကြမ်းဖက်ခြင်း၊ တရားမဝင်လုပ်ငန်းကြီးများ၏ ဂေါ့ဒ်ဖားသားများ၏ အကြမ်းဖက်ခြင်းများမှာ ဒုနှင့်ဒေး ရှိကြပါသေးသည်။ သို့သော် ကျွန်တော်တို့သည် နိုင်ငံရေးနှင့်သက်ဆိုင်သော အကြမ်းဖက်မှုများကို ဦးစားပေးဂရုပြုကြရပေမည်။

နိုင်ငံရေးအကြမ်းဖက်မှုများအားလုံးသည် မကျေနပ်မှု၊ မကျေလည်မှုတို့မှစတင်၍ ပေါက်ဖွားကြ၏။ ဒီမိုကရေစီဆိုသော လောကပါလတရားများနှင့်အညီ ကျင့်သုံးဆောင်ရွက်ပါလျှင် ထိုနိုင်ငံရေးအကြမ်းဖက်မှုများ လုံးဝပေါ်ပေါက်မည်မဟုတ်ပေ။ မကြာမီ ပေါ်ပေါက်လာတော့မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက်မှာမူ နိုင်ငံရေးအကြမ်းဖက်မှုမျိုးစုံကို ထောင့်စုံကပင် ကာကွယ်ပြီးသားဖြစ်နေပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံတွင် နိုင်ငံရေးအကြမ်းဖက်မှုများမပေါ်ပေါက်နိုင်စေရန် ဥပဒေများ အတိအကျပြဋ္ဌာန်းပြီးဖြစ်၏။ အခန်း (၈) နိုင်ငံသားများ၏ ရပိုင်ခွင့်တွင် အပိုဒ် ၃၆၀(က)(ခ)၊ ၃၆၁/၃၆၂/၃၆၃/၃၆၄ တို့သည် ဘာသာရေးလွတ်လပ်ခွင့်ကိုလည်းကောင်း၊ အပိုဒ် ၃၄၅/၃၄၆/၃၄၇/၃၄၈/၃၅၂/၃၅၄(ဃ)နှင့် ၃၆၅ တို့သည် လူမျိုးရေး၊ တိုင်းရင်းသားအရေးများကိုလည်းကောင်း လောကပါလတရားများနှင့်အညီ ပြဋ္ဌာန်းထားပြီးဖြစ်သည်။ အာဏာရူး စစ်သွေးကြွ အကြမ်းဖက်မျိုးစုံတို့၏အန္တရာယ်ကို ဤအခြေခံဥပဒေမှ အခွင့်အရေးများ အပြည့်အဝ ပေးထားခြင်းဖြင့် ကာကွယ်ပြီးသား ဖြစ်နေသည်။

အချင်းချင်းညှိညှိနှိုင်းနှိုင်းနှင့် ရှေ့ရေးရှေ့ရာများကို တိုင်ပင်နှီးနှောကြပြီး ပါတီစုံတို့အနေဖြင့် အခြေခံဥပဒေက ခွင့်ပြုထားသော ဒီမိုကရေစီနည်းကျအခွင့်အရေးများကို အသုံးချကာ ရှေ့ခရီးကို အောင်မြင်ချောမွေ့စွာဖြင့် ညီညွတ်ရေးနယ်ပယ်၌ လှုပ်ရှားဖော်ဆောင်ကြမည်ဆိုပါလျှင် အနာဂတ်ကျွန်တော်တို့၏ နိုင်ငံတော်သစ်သည်ကား ရွှေရောင်လွှမ်းသောခေတ် မလွဲမသွေဖြစ်ပေတော့သည်။

**ဒီမိုကရေစီပြည့်ဝလေလေ၊ အကြမ်းဖက်မှု နည်းပါးလေလေဖြစ်၏။**

**ဒေါက်တာစိုးလင်း (ရတနာပုံ)**

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၃၀-၃-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Andrwe Heyn သည် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့် တွေ့ဆုံဆွေးနွေး။

## ၃၁-၃-၂၀၁၀

* အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာတီအမ်နာတာလီဂါဝါဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၁-၄-၂၀၁၀

* အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Dr.R.M.Marty M.Natalegawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Bansarn Bunnay သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၂-၄-၂၀၁၀

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Le Nam Thang ဦးဆောင်သောအဖွဲ့သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့် တွေ့ဆုံဆွေးနွေး။
* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် ဗီအက်အေအဖွဲ့ဥက္ကဋ္ဌ Madame Pham Thi Loan နှင့်အဖွဲ့သည် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး H.E. Mr. Xu Zyuyan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တွေ့ဆုံဆွေးနွေး။

## ၈-၄-၂၀၁၀

* အမေရိကန်ပြည်ထောင်စု အမေရိကန်သိပ္ပံပညာတိုးတက်ရေးအဖွဲ့ (American Association for the Advancement of Science-AAAS) နှင့် အမေရိကန်ပြည်ထောင်စု လူသားချင်းစာနာထောက်ထားရေးနှင့် သုတေသနအဖွဲ့ (US Collection, Humanitarian & Research Corps) တို့မှ Dr. Peter Agre ဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးပါကိုယ်စားလှယ်အဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။
* ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO) ၏ Chairman Mr.SOIJI MURATA နှင့် ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော Mr.SHIGEO NARUSE နှင့် Mr.SHOJI KUKIJA တို့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၄-၂၀၁၀

* အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် မြန်မာ

www.foreverspace.com.mm



နိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယင်းနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်နှင့် ဟန္နိုင်းမြို့တွင် တွေ့ဆုံ ဆွေးနွေး။

## ၂၈-၄-၂၀၁၀

* ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr.Shin Imai သည် လယ်ယာစိုက် ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၉-၄-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation မှ Vice President Mr.Gao Song နှင့်အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးဇော် မင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၁-၅-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E.DR. Giuseppe CINTI သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနဝန်ကြီးဦးဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၄-၅-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander SVINTSOVSKIY သည် နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာ ကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။
* ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် Honganji Foundation အထွေထွေမန်နေဂျာ Mr.Akihiro Tainoဦးဆောင်သော အဖွဲ့သည် သာသနာရေးဝန်ကြီးဌာနဝန်ကြီး သူရဦးမြင့် မောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၅-၅-၂၀၁၀

* မြန်မာနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသည့် အိန္ဒိယ နိုင်ငံခြားရေးဝန်ထမ်းများတက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာအာဂျေးချောင်ဒရီခေါင်းဆောင်သော အဖွဲ့ဝင်ရှစ် ဦးပါ အိန္ဒိယနိုင်ငံခြားရေးအရာထမ်း (သံတမန်သင်တန်း သား) အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chu Cong Phung သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဦးစိုးနိုင်နှင့် တွေ့ဆုံဆွေးနွေး။

## ၉-၅-၂၀၁၀

* မြန်မာနိုင်ငံသို့ရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့်လည်း ကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့်လည်း ကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း နှင့်လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးသိန်းစိုးနှင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီး ဌာနဝန်ကြီး ဦးအောင်ကြည်နှင့်လည်းကောင်း၊ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအ တွင်းရေးမှူး ဦးဌေးဦးခေါင်းဆောင်သော အဆိုပါအ သင်းမှတာဝန် ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၁၀-၅-၂၀၁၀

* မြန်မာနိုင်ငံရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Michael Campbell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ သည် NLD ပါတီဟောင်းမှ ပုဂ္ဂိုလ်အချို့နှင့်လည်း ကောင်း၊ တရားဝင်မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ အချို့မှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ဒေါ်အောင် ဆန်းစုကြည်နှင့်လည်းကောင်း၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်အချို့နှင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်လည်း ကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

■

www.foreverspace.com.mm



# Which & Why ဘယ်ပစ္စည်းဘာ့ကြောင့်



## ဦးခေါင်းအကြောနှိပ်ကိရိယာ

CR-901 မော်ဒယ်လ်အမျိုးအစား ဦးခေါင်းအကြောနှိပ်ကိရိယာ ဖြစ်။ ခေါင်းလျှော်သည့်နေရာ၌လည်းအသုံးပြုနိုင်။ Rechargeable ဘက်ထရီဖြင့်ထည့်သွင်းအသုံးပြု၍ရ။ အနေး၊ အမြန်နှစ်ဆင့်ပါရှိပြီး အကြောနှိပ်သည့်ခေါင်းနှစ်ခုပါ။ ပလတ်စတစ်ဖြင့်ပြုလုပ်ထားခြင်းဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။




## JMG ခြေထောက်အကြောနှိပ်ကိရိယာ

JMG အမှတ်တံဆိပ် JM-328 FM မော်ဒယ်လ်အမျိုးအစား ခြေထောက်အကြောနှိပ်ကိရိယာဖြစ်။ Watt 40 ဖြစ်ပြီး AC ဖြင့် အသုံးပြုရခြင်းဖြစ်။ Electrode ပြားများပါရှိသဖြင့် ခန္ဓာကိုယ်အနှံ့ အကြောနှိပ်နယ်ပေးနိုင်။ အနေး၊ အမြန် ချိန်ညှိနိုင်။ Function ငါးမျိုးပါရှိ။ အင်ဒိုနီးရှားနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၅၀,၀၀၀ ကျပ်ဖြစ်။



## SONY Portable DVD Player

SONY အမှတ်တံဆိပ် ခုနစ်လက်မအရွယ်ရှိ Portable DVD Player ဖြစ်။ TV, DVD, VCD, CD, MP3, SD Card, Memory Stick စသည်တို့ကိုအသုံးပြုနိုင်။ AC/DC အသုံးပြုနိုင်ပြီး Rechargeable ဘက်ထရီဖြင့်အသုံးပြုနိုင်။ Remote Control ပါရှိ။ တခြား TV များဖြင့်လည်း တွဲဖက်အသုံးပြုနိုင်။ ပလတ်စတစ်ကိုယ်ထည်ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၉၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## GSM Battery Card Recorder




ME83 မော်ဒယ်လ်အမျိုးအစား GSM Battery Card Recorder ဖြစ်။ Sim Card ထည့်ကာအသုံးပြုရခြင်းဖြစ်။ Recorder တွင် ထည့်ထား သောဖုန်းနံပါတ်ကို ခေါ်ဆိုလိုက်ရုံဖြင့် အလိုအလျောက် အသံသွင်းပေးသည့် စနစ်ဖြစ်။ ပေ ၂၀ ပတ်လည်ရှိအသံများကို ဖမ်းယူနိုင်။ တရုတ်နိုင်ငံလုပ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၅,၀၀၀ ကျပ်ဖြစ်။



## Quartz CCTV နာရီ

Quartz အမှတ်တံဆိပ် လုံခြုံရေးကင်မရာ (CCTV) နာရီဖြစ်။ Memory 4GB ဖြစ်။ Rechargeable ဖြစ်ပြီး စတီးကိုယ်ထည်ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၁,၀၀၀ ကျပ် ဖြစ်။



## ZUKE ရေစိုခံ LED ဓာတ်မီး

ZUKE အမှတ်တံဆိပ် ZK-S-8112 မော်ဒယ်လ်အမျိုးအစား ရေစိုခံ LCD နာရီဖြစ်။ မီးအိမ်အဖြစ် လည်းအသုံးပြုနိုင်။ Rechargeable ဘက်ထရီဖြင့်အသုံးပြုနိုင်။ ရှစ်နာရီအားသွင်းရ ပြီး ၁၂ နာရီကြာ အသုံးပြု နိုင်။ ရော်ဘာကိုယ်ထည်ဖြင့်ပြုလုပ်ထားခြင်းဖြစ်။ မိုးရေထဲတွင် အသုံးပြု နိုင်။ ဂျာမနီနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၉,၈၀၀ ကျပ်။




## SAKURA Digital Radio

SAKURA အမှတ်တံဆိပ် SDR-2011 မော်ဒယ်လ်အမျိုးအစား Digital Radio ဖြစ်။ Sleep Timper, Connection Indicator, Alarm စသည် တို့ပါရှိ။ Auto-Scan, Manu-Scan ပါရှိ၍ ရေဒီယိုအသံလိုင်းဖမ်းယူရရှိရန် လွယ်ကူ။ ရေဒီယိုလိုင်း ၁၀၀၀ ခန့်ကို သိမ်းဆည်းထားနိုင်။ AA ဓာတ်ခဲ နှစ်လုံးဖြင့်အသုံးပြုရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၄,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## i-mobile GSM




i-mobile အမှတ်တံဆိပ် 2207 မော်ဒယ်လ်အမျိုးအစား GSM ဖြစ်။ GSM Sim Card နှစ်ခုထည့်၍ အသုံးပြုနိုင်။ GPRS, WAP, MMS, SMS စသည့်စနစ်များ ပါရှိ။ MP3, Camera, MP4, FM စသည်တို့လည်းအသုံးပြုနိုင်။ ဖုန်းနံပါတ် ၅၀၀ ကို မှတ်ထားနိုင်။ World Clock ပါရှိ။ Memory Card စိုက်နိုင်။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၂,၀၀၀ ကျပ်ဖြစ်။




## HITACHI ထမင်းပေါင်းအိုး

HITACHI အမှတ်တံဆိပ် RZ-10B မော်ဒယ်လ်အမျိုးအစား ထမင်းပေါင်းအိုးဖြစ်။ 485 Watt အားရှိ။ ဆန်နို့ဆီဘူး ၁၃ ဘူးဆံ့။ Non-Stick ရှိ၍ အိုးကပ်ခြင်းသက်သာ။ ဟင်း၊ ထမင်းတို့ကိုလည်း နွှေးထားနိုင်။ ထိုင်းနိုင်ငံလုပ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၁,၅၀၀ ကျပ်ဖြစ်။

## Rinnai ဂက်စ်မီးဖို

Rinnai အမှတ်တံဆိပ် RVC-PO(BK) မော်ဒယ်လ်အမျိုးအစား ဂက်စ်မီးဖိုဖြစ်။ ဂက်စ်ဘူးတစ်ခု လလက်ဆောင်ပါရှိ။ စင်ကာပူနိုင်ငံလုပ်ပစ္စည်း ဖြစ်ပြီး ရောင်းဈေး ၂၂ ,၅၀၀ ကျပ်ဖြစ်။





## Summit EVD Player

Summit အမှတ်တံဆိပ် EVD-770 မော်ဒယ်လ်အမျိုးအစား EVD Player ဖြစ်။ EVD, DVD, CD, VCD, SD Card, Memory Card, USB စသည်တို့ကိုအသုံးပြုနိုင်။ မိုက်ပေါက် နှစ်ခုပါရှိ။ သံကိုယ်ထည်ဖြစ်။ ၂ နှစ် အာမခံထား။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၄,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm






## Panasonic Juicer/ Blender

Panasonic အမှတ်တံဆိပ် MJ-W176 P မော်ဒယ်လ်အမျိုးအစား အသီးဖျော်၊ အသားကြိတ်စက်ဖြစ်။ Auto, Manual နှစ်မျိုးပါရှိ။ အသား၊ အစေ့၊ အခွံတို့ကို အလို အလျောက် ခွဲထုတ်ပေးနိုင်။ Watt အား 210-230 ဖြစ်။ ပလတ်စတစ်ကိုယ်ထည်ဖြစ်ပြီး တစ်နှစ်အာမခံထား။ ဂျပန်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၁၀၅,၀၀၀ ကျပ်ဖြစ်။




## KILL PEST ခြင်ဖမ်းကိရိယာ

KILL PEST အမှတ်တံဆိပ် MD:40W မော်ဒယ်လ်အမျိုးအစား ခြင်ဖမ်း ကိရိယာဖြစ်။ Watt 55 ဖြစ်။ နှစ်ပေမီးချောင်းနှစ်ချောင်းပါရှိ။ ခြင်များကို ရှော့ခ်ရိုက် ဖမ်းခြင်းဖြစ်။ နံရံတွင်ချိတ်ဆက်ထား၍လည်းရ။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၂၇,၀၀၀ ကျပ်ဖြစ်။



## CNC မိုးကာအင်္ကျီ

CNC အမှတ်တံဆိပ် မိုးကာအင်္ကျီဖြစ်။ မိုးကာအတွင်းအပြင်နှစ်ထပ်ဖြစ်။ လည် ထောင်၊ ခေါင်းစွပ် နှစ်မျိုးပါ။ ကပ်ခွာ၊ ဇစ်ဆွဲနှစ်မျိုးပါရှိ။ အရောင်မျိုးစုံရှိ။မြန်မာနိုင်ငံလုပ် ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၉,၆၀၀ ကျပ်ဖြစ်။




## Suzuki Speaker

အရွယ်အစားအလွန်သေးငယ်ပြီး အသံထွက်နှုန်းမြင့်မားသည့် Suzuki အမှတ်တံဆိပ် M 71 မော်ဒယ်လ်အမျိုးအစား စားပွဲတင် Speaker ဖြစ်။ Watt အား 7.0 ရှိပြီး USB 2.0 Port ဖြင့် ကွန်ပျူတာဖြင့် လွယ်လင့်တကူ ချိတ်ဆက် အသုံးပြုနိုင်။ အလေးချိန် 2.0 Kg မျှသာရှိ၍ သွားလေရာ သယ်ယူသွားနိုင်။ ဂျပန်နိုင်ငံ Suzuki ကုမ္ပဏီကထုတ်လုပ်ပြီး ဈေးနှုန်း ၁၂,၀၀၀ ကျပ်ဟုဆို။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fine၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# စျေးဝယ်လမ်းညွှန်

အမှတ် ၁၇၉ ၂၀၁၀ ပြည့်နှစ်၊ ဇွန်



## အဝစားဟော့ပေါ့နှင့် အသားကင် ဘူဖေး

အစားအသောက်ကောင်းကောင်းကြိုက်နှစ်သက်သူတွေအတွက် ဆိုင်တစ်ဆိုင်ကိုညွှန်ပေးမယ်။ ဒီဆိုင်မှာ ထိုင်းနိုင်ငံမှ ဝါရင့်စားဖိုမှူးကြီးများရဲ့ ဟင်းလျာတွေ၊ ဟော့ပေါ့နဲ့ အသားကင် (ဘူဖေး) တို့ကို ရောင်းချပေးတယ်။ ရန်ကုန်မှာ အသစ်ဖွင့်လှစ်လိုက်တဲ့ အကြီးဆုံးအသားကင်ဆိုင်ဆိုရင်လည်း မမှားပါဘူး။ ဆိုင်ခန်းက ပေ ၁၂၀ ကျယ်ဝန်းပြီး စားပွဲဝိုင်း ၈၁ ဝိုင်း၊ ကားအစီး ၈၀ လောက် ရပ်နားစားသောက်နိုင်ဖို့ စီစဉ်ထားပေးတာကြောင့် မွေးနေ့အပါအဝင် အခမ်းအနားတွေကို ကျင်းပနိုင်တယ်လို့ ဆိုပါတယ်။ ဒီဆိုင်မှာတစ်ခုထူးခြားတာက စားသောက်ရင်း ထိုင်းနိုင်ငံက မျက်လှည့်ပညာရှင်တွေရဲ့ မျက်လှည့်ဖျော်ဖြေမှုကို ခံစားကြည့်ရှုနိုင်သလို မြန်မာတေးသံရှင်တွေရဲ့ အထူးအစီအစဉ် သီဆိုဖျော်ဖြေမှုကိုလည်း နားဆင်ခံစားနိုင်ပါတယ်။ ဒီဆိုင်ကို အမှတ်–၂၂၃၊ ရွှေဂုံတိုင်လမ်း၊ တော်ဝင်နှင်းဆီအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားပါတယ်။

## BG 56 ကိုသွားလို့ အေးအေးဆေးဆေး ထိုင်စားစို့

ပူပြင်းတဲ့နွေရာသီကို ကြာရှည်စွာဖြတ်သန်းပြီးရင် မိုးရာသီလည်း ရောက်လာမှာပါ။ နေပူပူထဲကနေလာရင် အေးမြတဲ့အရသာကို ခံစားလိုကြပြီး မိုးအေးအေးထဲကလာရင် နွေးထွေးတဲ့အရသာကို တောင့်တတတ်ကြတာ လူ့သဘာဝမို့ ဒီဆိုင်လေးကိုညွှန်ပေးတာပါ။

ဆိုင်အပြင်အဆင်လေးက သပ်ရပ်သလို အေးစိမ့်တဲ့ Aircon အခန်းလေးဖြစ်တဲ့ အပြင် သာယာတဲ့သီချင်းသံလေးတွေပါ ကြားနိုင်တဲ့ BG56 ဆိုတဲ့ဆိုင်လေးကို ပြောပြရတဲ့အကြောင်းက ဈေးနှုန်း အသင့်အတင့်ရှိပြီး မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ဂျပန်အစားအစာနဲ့ အရသာကောင်းတဲ့မစ်ရှိတ်ဖျော်ရည်စုံ၊ သစ်သီးဖျော်ရည်စုံ၊ ရှမ်းအစားအစာနဲ့ ကော်ဖီအရသာကောင်းကောင်းလေးကို ခံစားနိုင်တဲ့အတွက်ပါ။ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးရဲ့မြေညီထပ်မှာ ဖွင့်လှစ်ထားပြီး Suzuki ကား Servicing စင်တာအနီးမှာရှိလို့ စိတ်ဝင်စားသူတွေ သွားရောက်နိုင်ပါတယ်။

လိပ်စာက –

အမှတ်–၅၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။

www.foreverspace.com.mm



# ငြိမ်းချမ်းစုနဲ့ စကားစမြည်

Comtemporary Art, Installion Art, Performance Art, Video Art စတဲ့အနုပညာတွေမှာ နာမည်ကျော်ကြားတဲ့ ပန်းချီဆရာ ငြိမ်းချမ်းစုနဲ့ ယင်းအနုပညာတွေအကြောင်း၊ မေးချင်တာဖြစ်စေ၊ ၎င်းနဲ့ စကားစမြည်ပြောဖို့အတွက် ၎င်းရဲ့ဝက်ဘ်ဆိုက်နဲ့ အီးမေးလ်လိပ်စာကို ဖော်ပြလိုက်ပါတယ်။ နောက်ပြီး အခုနောက်ပိုင်း ခေတ်စားနေတဲ့ New Media Art ကိုလည်း မရှင်းတာ၊ သိချင်တာရှိရင် မေးနိုင်ပါလိမ့်မယ်။ ဝက်ဘ်ဆိုက်လိပ်စာက www. nyeinchansu.com ဖြစ်ပါတယ်။ နောက်ပြီး သူနဲ့ G-talk ပြောချင်တယ်ဆိုရင်လည်း ncsart@gmail.com ကို invite လုပ်ကြည့်နိုင်ပါလိမ့်မယ်။

# ထိုင်းနိုင်ငံရဲ့ FBT တံဆိပ် အားကစားပစ္စည်း အရောင်းဆိုင်သစ်

အားကစားဝတ်စုံနဲ့ အားကစားပစ္စည်းကြိုက်နှစ်သက်သူတွေအတွက် ဆိုင်သစ်လေးတစ်ဆိုင်ကို ပြောပြချင်တယ်။ ဒီဆိုင်လေးမှာ ထိုင်းနိုင်ငံကနေတိုက်ရိုက်တင်သွင်းတဲ့ FBT တံဆိပ် အားကစားပစ္စည်းတွေနဲ့ အဝတ်အထည်တွေကိုရောင်းချပေးပြီး ထိုင်းဘတ်ငွေဈေးအတိုင်း မြန်မာငွေနဲ့တွက်ပြီး ရှင်းရမှာဖြစ်တယ်လို့ဆိုတယ်။ ဘာပဲဖြစ်ဖြစ် Brand ကောင်းကောင်းကြိုက်တတ်သူတွေ စိတ်ဝင်စားရင် အနောက်မြင်းပြိုင်ကွင်းလမ်း ဦးချစ်မောင်အိမ်ရာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့က FBT ဆိုတဲ့ဆိုင်မှာ သွားဝယ်လို့ရလိမ့်မယ်။

# မိုးကြိုးတွေကို လွှဲပစ်မယ်

မိုးရာသီကာလရောက်ပြီဆိုရင် မိုးကြိုးအန္တရာယ်ကရှိလာပါတယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်လာတာအပြင် ဒီဘက်နှစ်ပိုင်းတွေမှာဆိုရင် မြန်မာနိုင်ငံမှာ မုန်တိုင်းလန့်တာကစလို့ ရာသီဥတုနဲ့ပတ်သက်ပြီး ပိုသတိထားလာကြတယ်လေ။ ဒီတော့ တတ်နိုင်သမျှ သဘာဝဘေးအန္တရာယ်ကို သတိထားစောင့်ကြည့်တာ၊ တတ်နိုင်သမျှ အစီအမံတွေလုပ်တာတွေရှိလာကြတယ်။ မိုးကာလရဲ့ မိုးကြိုးအန္တရာယ်အတွက်တော့ အထပ်မြင့်အဆောက်အအုံတွေမှာ မိုးကြိုးလွှဲကိရိယာတပ်ဆင်ထားခြင်းက အကောင်းဆုံးပါပဲ။ အဲဒါမှ ဒီနေရာကိုကျမယ့်မိုးကြိုးက လွှဲဖယ်သွားပါလိမ့်မယ်။ မိုးကြိုးလွှဲကိရိယာတပ်ဆင်ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းကိုဆက်သွယ်ပြီး ကြိုတင်ကာကွယ်နိုင်အောင် ညွှန်ပေးရခြင်းပါ။

**- Gunkul Engineering Supply Company Limited**

အမှတ်-၄၃၇ (အေ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း-၅၀၂၀၁၆ ~၁၈၊ ဖက်စ်-၅၂၇၆၀၄

(နေပြည်တော်) ၀၆၇-၄၂၀၇၇၈၊ ၄၂၁၀၈၅၊ (မန္တလေး) ၀၂-၆၀၉၃၃

E-mail: contact@gkmyanmar.com.

**- Myanmar Cable Terminals Co., Ltd.**

အမှတ်-၂၉၃၊ မဟာဗန္ဓုလပန်းခြံလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၃၇၄၀၈၆၊ ၃၇၁၀၆၈၊ ၃၇၇၂၇၂

# ခြင်မကိုက်အောင် ကာကွယ်မယ်

ကလေးငယ်လေးတွေမှာ ပိုပြီးဖြစ်တတ်တဲ့ သွေးလွန်တုပ်ကွေးရာသီကို ရောက်လာပါပြီ။ ခြင်ကနေကူးစက်တဲ့ ရောဂါဖြစ်လို့ ကလေးငယ်တွေ ခြင်ကိုက်မခံရဖို့ကို နည်းမျိုးစုံနဲ့ ကာကွယ်နေကြရတဲ့အချိန်ပါပဲ။ ကျောင်းတက်နေတဲ့ကလေးတွေကို နေ့လယ်ဘက်မှာ ခြင်ထောင်ထဲမှာ ထားဖို့မဖြစ်နိုင်ပေမယ့် ကျောင်းပိတ်ရက်တွေမှာ သုံးနိုင်အောင်လို့ပါ။

ကျောင်းမနေသေးတဲ့ ကလေးအရွယ်လေးတွေအတွက်ဆိုရင်တော့ နေ့လယ်ဘက်မှာ ကောင်းကောင်းအသုံးတည့်နိုင်မယ့်ပစ္စည်းလေးတွေဖြစ်တာကြောင့် ဒီ Perma Net အမှတ်တံဆိပ် ဆေးစိမ်ခြင်ထောင်နဲ့ ဆေးစိမ်လိုက်ကာတွေကို ညွှန်ပေးချင်တာ ဖြစ်ပါတယ်။

ဆေးစိမ်ခြင်ထောင်ကို သက်တမ်းလေးနှစ်အထိသုံးနိုင်ပြီး အကြိမ် ၂၀ လျှော်ဖွပ်နိုင်တယ်လို့ သိရပါတယ်။ ဆေးစိမ်လိုက်ကာကိုတော့ ၂ နှစ် အသုံးပြုနိုင်ပြီး ခြောက်ကြိမ်လျှော်ဖွပ်နိုင်မယ်လို့ ဆိုထားပါတယ်။ City Mart လိုနေရာမျိုးတွေနဲ့ Super Market ကြီးတွေမှာ ဝယ်နိုင်ပါလိမ့်မယ်။ တစ်ဆင့် ပြန်လည်ရောင်းချလိုသူတွေအတွက် ရန်ကုန်နဲ့ မန္တလေးက လိပ်စာတွေကို ဖော်ပြပေးလိုက်တယ်။

- အမှတ်-၂၈(ဘီ)၊
  ဝေဇယန္တာဥယျာဉ်အိမ်ရာ၊
  သဃ်န်းကျွန်းမြို့နယ်၊
  ရန်ကုန်။
  ဖုန်း-၅၇၀၀၂၂၊ ၇၀၁၇၈၈၊ ၅၇၃၅၈၅
  (လိုင်းခွဲ-၂၇၂)
- အမှတ်-၂၇၃၊ ၇၆ လမ်း၊
  ၃၂× ၃၃ လမ်းကြား၊
  ချမ်းအေးသာစံမြို့နယ်၊
  မန္တလေး။
  ဖုန်း-၀၂-၃၆၈၃၅

■

www.foreverspace.com.mm



# ပညာခေတ်မှာ တိုးတက်ဖို့

ပညာရေးကိုဦးစားပေးနံပါတ်တစ်လို့ပြောရအောင် အပြိုင်အဆိုင်ပညာရှာဖွေနေတဲ့ ဒီနေ့ခေတ်မှာ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေဟာလည်း ခေတ်နဲ့အညီထွက်ပေါ်နေတာမို့ နိုင်ငံခြားမှာပညာသင်လိုတဲ့ကျောင်းသား၊ ကျောင်းသူတွေရော ပညာသွားသင်စေချင်တဲ့မိဘတွေပါ အဆင်ပြေပြေနဲ့ ဘယ်ပညာရေးဝန်ဆောင်မှုလုပ်ငန်းကောင်းကိုဆက်သွယ်ရမလဲဆိုတာသိဖို့ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွေကို ဖော်ပြလိုက်ပါတယ်။

- **Myanmar Search International (MSI)**
  အမှတ် (၂၃၄)၊ ဒုတိယထပ် (ယာ)၊ ရွှေဘုံသာလမ်းအလယ်ဘလောက်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၈၉၉၃၅၊ ၂၅၀၉၂၉၊ ၀၉-၅၁၀၃၉၃၅
- **Asia Pacific Coultancy**
  အမှတ် ၆၇၊ D-1၊ နတ်မောက်လမ်းသွယ် (၁) လမ်း၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၅၄၄၇၅၊ ၅၄၉၉၂၉၊ ၃၈၃၈၁၅၊ ၅၅၆၆၁၇
- **Crown Education**
  Summit Part View ဟိုတယ်၊ အခန်း-၂၂၈/ ၂၂၉၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၁၇၆၅၀ (လိုင်းခွဲ-၂၂၈၊ ၂၂၉)၊ ၀၉-၅၀၈၅၁၈၅
- **Future Way Education & Service**
  အမှတ်-(၉)၊ အခန်းနံပါတ် 6-A၊ ယောမင်းကြီးလမ်း၊ သမ္မတကွန်ဒို၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၁၀၉၉၊ ၂၅၄၁၈၅
- **SYM Coultancy & Education**
  အမှတ် (၆)၊ မဟာဗေဒါလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၉၈၇၃၉၊ ၀၉-၅၄၀၇၆၁၇
- **Glory Hope Education**
  ဒုတိယထပ်၊ ချမ်းသာပလာဇာ၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၉၇၅၀၂၊ ၂၀၀၈၆၁၊ ၂၀၃၄၀၅ (လိုင်းခွဲ-၂၂၀၆/၇)
- **AT & S**
  အဆောင် (၅)၊ အခန်း (၄)၊ Myanmar Info-Tech တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅၊ ၀၉-၅၁၂၄၇၆၁
- **OSM**
  မြေနီကုန်းပလာဇာ၊ ဒုတိယထပ်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၈၆၄၀၉၉၅၊ ၀၁-၅၀၁၄၅၀
- **RV! Centre Executive**
  အခန်းနံပါတ် (၃၃၃)၊ Parkroyal ဟိုတယ်၊ ၃ ထပ်၊ ယောမင်းကြီးလမ်းနှင့် အလံပြဘုရားလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၀၃၈၈ (လိုင်းခွဲ-၃၅၂၊ ၃၅၃)



www.foreverspace.com.mm



# ဘယ်အင်္ကျီဝယ်ဝယ် တစ်ထည် ၃,၀၀၀ ကျပ်တဲ့

'မျှော်လင့်ခြင်းဒီဇင်ဘာ' တေးစီးတီးနဲ့ အနုပညာလောကထဲကိုဝင်ရောက်လာတဲ့ တေးသံရှင်ဖိုကြီးရဲ့ Pioneer Fashion ဆိုင်သစ်ကို ညွှန်လိုက်တယ်။ ဒီဆိုင်မှာ ဘာအင်္ကျီဝယ်ဝယ် ၃,၀၀၀ ကျပ်နဲ့ ၁၀၀ ရာခိုင်နှုန်း (Hundred Percent) ဘာဝယ်ဝယ် ၅,၀၀၀ ကျပ်တန်ဖိုးရှိတဲ့ အဝတ်အထည်တွေကို လက်လီ၊ လက်ကား ရောင်းချပေးတာမို့ ဖက်ရှင်ချစ်သူတွေသွားဖို့မမေ့နဲ့နော်။ ဒါ့အပြင် ဒီဆိုင်မှာ ကုမ္ပဏီယူနီဖောင်းများ လက်ခံချုပ်ပေးခြင်း၊ ငွေအရင်းအနှီးအနည်းငယ်နဲ့ အဝတ်အထည်အမျိုးမျိုး၊ တီရှပ်၊ စပို့ရှပ်၊ အော်ဒါချုပ်၊ ဂျင်းအမျိုးမျိုး၊ ခေါင်းလျှော်ရည်အထုပ်/ဘူး၊ အမျိုးသမီးလစဉ်သုံးဂွမ်းထုပ်၊ စားသောက်ကုန်အမျိုးမျိုးတို့ကို ကိုယ်ပိုင် အမှတ်တံဆိပ်နဲ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလိုသူတွေကို OEM စနစ်နဲ့ ဝန်ဆောင်မှုလည်း ပေးပါတယ်တဲ့။ ကြယ်သီးတွေပေါ်မှာ အင်္ကျီတံဆိပ်အမည်နဲ့ Logo ပြုလုပ်ခြင်း၊ ကိုယ်ပိုင်တံဆိပ်ပိုင်ရှင်များအတွက် အများနဲ့မတူတဲ့ ကွက်ပျောက်ပိတ်စအဆင်ဆန်းတွေကို မိမိပိတ်စနမူနာများပြ၍ဖြစ်စေ၊ ဆိုင်ရှင်ဖိုကြီးထံက နမူနာပိတ်စနဲ့ဖြစ်စေ ပိတ်စတွေကို နိုင်ငံခြားကနေမှာယူတင်သွင်းပေးခြင်း၊ ကုန်ပစ္စည်းများတုပခြင်းမှ ကာကွယ်သောရောင်ပြန် Sticker များကိုလည်း မိမိကိုယ်ပိုင်တံဆိပ်အမည်နဲ့ Logo ပြုလုပ်ပေးခြင်း စတဲ့ ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးတယ်လို့ ဆိုပါတယ်။

**Pioneer Fashion**

အမှတ် (၈၆)၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအနောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

# မော်တော်ယာဉ်များအတွက် One Stop Service

မော်တော်ယာဉ်တစ်စီးလုံးအတွက် အသေးစားနဲ့ အကြီးစားပြင်ဆင်မှုတွေ တစ်နေရာတည်းမှာပြုလုပ်နိုင်မယ့် One Stop Service လုပ်ငန်းတစ်ခုပါ။ ဒီ Work Shop မှာအသုံးပြုတဲ့စက်ပစ္စည်းတွေကို ဂျပန်နိုင်ငံနဲ့ အီတလီနိုင်ငံတွေက မှာယူတင်သွင်းထားတယ်လို့ ဆိုပါသေးတယ်။ ထပ်ပြီးညွှန်းချင်တဲ့ ဝန်ဆောင်မှုကတော့ Mobile Service ပါ။ လမ်းခရီးမှာ မော်တော်ယာဉ်စက်ချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့မယ်ဆိုရင် ယာဉ်ပျက်တဲ့နေရာအထိ ပစ္စည်း စုံ/ဆယ်တင်ယာဉ်နဲ့ လိုက်လံပြင်ဆင်ပေးမယ်လို့ဆိုထားပါတယ်။ မြန်မာနိုင်ငံမှာ အတွေ့ရနည်းနေသေးတဲ့ ဝန်ဆောင်မှုတစ်ခုဖြစ်တာကြောင့် ပထမဆုံးလို့လည်း ပြောနိုင်ပါတယ်။ ဒီ Mobile Service ကို ရယူချင်တယ်ဆိုရင်တော့ အောက်မှာဖော်ပြထားတဲ့ ဖုန်းနံပါတ်တွေကို ဆက်သွယ်လိုက်ပါ။ ကျသင့်တဲ့ခန့်မှန်းခြေဈေးနှုန်းတွေကို အရင်ဆုံးမေးမြန်းထားနိုင်ရင်တော့ အကောင်းဆုံးပါ။

လိပ်စာ –

**Bayint Naung Automobile Service**

G.T.I ကျောင်းဝင်းအတွင်း၊ ဘုရင့်နောင်လမ်းနှင့် အောက်မင်္ဂလာဒုံလမ်းဆုံ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၀၉–၈၆၁၂၂၀၁၊ ၀၉–၅၁၄၅၈၄၅၊ ၀၉–၈၀၃၁၀၆၄



www.foreverspace.com.mm

# Powerpoint အတွက် မြေပုံတွေဆွဲချယူနိုင်မယ့်နေရာ

Powerpoint ဆိုတာ အခုနောက်ပိုင်း ဟောပြောဆွေးနွေးတင်ဆက်မှုတွေလုပ်တဲ့ အခါ မသုံးမဖြစ်သုံးရတဲ့ ဆော့ဖ်ဝဲတစ်ခုပါ။ Powerpoint နဲ့ဟောပြောဆွေးနွေးပွဲ လုပ်တဲ့အခါ စာတွေအပြင် လိုအပ်တဲ့ပုံတွေလည်း ထည့်ဖို့ လိုတဲ့အခါနဲ့ ကြုံမှာပါ။ ဒီတော့ အဲလိုထည့်ဖို့လိုတာက ကိုယ့်နိုင်ငံမြေပုံ ဒါမှမဟုတ် ကမ္ဘာ့မြေပုံ၊ ကမ္ဘာ့တိုက်ကြီး တွေရဲ့မြေပုံ စတာတွေဖြစ်ရင်သုံးဖို့ မြေပုံ တွေကို Powerpoint ထဲမှာ တန်းပြီးပေါ် လာအောင်လုပ်ထားတဲ့နေရာကနေ အခမဲ့ ယူနိုင်ပါတယ်ဆိုတာကြောင့် လမ်းညွှန်ပေး လိုက်ပါတယ်။ အဲဒီနေရာကတော့ www.powerpointmaps.com ဖြစ်ပါတယ်။

အဲဒီမှာ ကိုယ်လိုချင်တဲ့ မြေပုံကို Search Box ထဲကရှာပြီးတော့ဖြစ်စေ၊ သူခွဲပေးထား၊ စုစည်းပေးထားတဲ့ထဲကဖြစ်စေ စိတ်ကြိုက်ဆွဲချယူသုံးနိုင်ပါတယ်။ ထူးခြားတာ အဲဒီကနေဆွဲချပြီး ကိုယ့်စက်ထဲရောက်လို့ ဖွင့်လိုက်တာနဲ့ အဲဒီမြေပုံက Powerpoint ဖိုင်အဖြစ်နဲ့ တစ်ခါတည်း တန်းပြီး ပွင့်လာတာဖြစ်ပါတယ်။

အဲလို Powerpoint ထဲက စာရွက်တစ်ရွက်ပေါ်မှာ ပွင့်လာတဲ့မြေပုံကို စိတ်ကြိုက်အရွယ်အစား ချုံ့/ချဲ့လည်း လုပ်နိုင်ပါတယ်။ တစ်ခုရှိ တာက အဲဒီမြေပုံပေါ်မှာ ကိုယ်ယူထားတဲ့ Powerpointmaps.com ဆိုတဲ့စာသားတော့ ပေါ်နေမှာ ဖြစ်ပါတယ်။




ဒါပေမဲ့ အဲဒီစာသားကြောင့် အနှောင့်အယှက်မဖြစ်နိုင်တဲ့ အရမ်းအသေးစိတ်တာတွေပြဖို့၊ မလိုတဲ့အခါသုံးဖို့ဆိုရင်တော့ အမြန်ဆုံးအလွယ်ဆုံးရှာယူနိုင်တဲ့ မြေပုံတွေ ဖြစ်လို့ လမ်းညွှန်လိုက်တာ ဖြစ်ပါတယ်။ ■

# အိတ်လှလှလေးတွေဝယ်နိုင်ဖို့

နွေ၊ မိုး၊ ဆောင်းသုံးရာသီမှာ ကိုယ်နဲ့လိုက်ဖက်မယ့် ဖက်ရှင်ကျတဲ့အိတ်ကိုလွယ်ထားရင် ဒါမှမဟုတ် ကိုင်ထားရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတိုးတက်စေပါတယ်။ ကိုယ်နဲ့မကွာယူသွားရမယ့် လက်ကိုင်အိတ်၊ ကျောပိုးအိတ်၊ ပိုက်ဆံအိတ်လေးတွေကို လိုချင်တဲ့သူတွေအတွက် ကျောင်းလွယ်အိတ်ရော၊ လက်ကိုင်အိတ်ဆန်း ဆန်းလေးတွေပါရနိုင်မယ့် အိတ်အရောင်းဆိုင်လေးတွေကို စုစည်းပေးလိုက်ပါတယ်။

## လွှမ်းမိုးသူ

- အမှတ် (၃၇၀)၊ မဟာဗန္ဓုလလမ်းအလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ-၂၄၁၃)၊ ၂၀၃၁၉၄၊ ၂၀၃၃၅၂
- ယုဇနပလာဇာ၊ ပထမထပ်၊ A-11/12 ၊ ဗညားဒလလမ်း၊ မေတ္တာညွှန့်၊ ရန်ကုန်။
ဖုန်း-၂၀၀၇၄၇၊ လိုင်းခွဲ-၂၄၁၃၊ ၂၀၃၁၉၄၊ ၂၀၃၃၅၂

## Princess Shop

ရန်ကုန်-အင်းစိန်လမ်း၊ လှည်းတန်းလမ်းထောင့်၊ ပြည်မြန်မာ ကုန်တိုက်၊ ရန်ကုန်။
ဖုန်း-၅၂၇၆၂၉

## Promise

အခန်းနံပါတ် ၃၁၂/၃၁၃၊ တတိယထပ်၊ East Point Shopping Center၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၉၇၉၀၀ (လိုင်းခွဲ-၃၁၂)

## Charles & Keith

A-17၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ-၃၁၀၀)

## Daimaru Store

အမှတ် (၁၂၃)၊ အနောက်ဘက်တန်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်။
ဖုန်း-၂၅၃၉၇၇၊ ၂၄၀၉၆၆ (လိုင်းခွဲ-၄၅၈)

www.foreverspace.com.mm



# မိုးအေးအေးမှာ ကော်ဖီသောက်မယ်

ဒီတစ်ခါက်တော့ ဖွန်လရဲ့မိုးစက်တွေအောက်မှာ Coffee ကောင်းကောင်းသောက်ရင်း အပန်းဖြေနိုင်ဖို့အတွက် Coffee ဆိုင်တွေကို ညွှန်ပေးချင်ပါတယ်။ ကိုယ့်အိမ်မှာကိုယ်နေပြီး ကော်ဖီသောက်လို့ရတယ်ဆိုပေမယ့် ဆိုင်ကောင်းကောင်းလေးမှာ သီချင်းနားထောင်ရင်း ကော်ဖီသောက်ရတဲ့အရသာဟာ ဘာနဲ့မှမတူဘူးဆိုတာ သောက်ဖူးသူတွေ သိကြမှာပါ။ မိုးခိုချင်လို့ပဲဖြစ်ဖြစ်၊ ချစ်သူနဲ့အတူ မိုးစက်လေးတွေကြည့်ရင်း ကော်ဖီသောက်ချင်ရင်ပဲဖြစ်ဖြစ် ခုညွှန်ပေးလိုက်တဲ့ ကော်ဖီဆိုင်တွေက အဆင်ပြေမယ်ထင်ပါတယ်။

- **1 to 4**
  မြေညီထပ်၊ ဒဂုံစင်တာ၊ စမ်းချောင်း။ ဖုန်း-၅၀၄၉၃၂၊ ၅၂၆၉၆၁
- **365**
  မြေညီထပ်၊ သမ္မတဟိုတယ်၊ အလံပြဘုရားလမ်း၊ ဒဂုံ။
- **Ar Yone Oo**
  အမှတ် -၂၇၊ ယောမင်းကြီးလမ်း၊ သမ္မတရုပ်ရှင်ရုံဘေး၊ ဒဂုံ။
- **BJ Cafe**
  ၅၂၄၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်။
- **Cafe's 3D**
  အခန်း-၂၊ တိုက် ၂၅၊ သုမင်္ဂလာအိမ်ရာ၊ လေးထောင့်ကန်လမ်း၊ သင်္ကန်းကျွန်း။ ဖုန်း-၅၇၃၇၀၁
- Cafe Aroma
  - မြေညီထပ်၊ ရန်ကင်းစင်တာ၊ ရန်ကင်း။
  - အမှတ်-၂၄၆/၂၄၈၊ ဆူးလေဘုရားလမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတား။ ဖုန်း-၂၄၁၉၄၃
  - ဒဂုံစင်တာ၊ ပထမထပ်၊ စမ်းချောင်း။ ဖုန်း-၅၂၄၀၆၇
- **Emperor**
  အမှတ် ၅၁၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်။ ဖုန်း-၃၉၆၅၉၀
- **Food Court**
  အခန်း-၄၀၁၊ လပြည့်ဝန်းပလာဇာ၊ အလံပြဘုရားလမ်း၊ ဒဂုံ၊ ဖုန်း-၃၇၀၈၃၆ လိုင်းခွဲ-၁၀၄
- **For You**
  ၇၇၊ အင်းလျားလမ်း၊ ကမာရွတ်။ ဖုန်း - ၂၂၀၇၆
- **Fuji Express Cafe**
  ၁၄-(E)၊ အခန်း-၁၀၅၊ Capital Hypermarket၊ မင်းနန္ဒာလမ်း၊ ဒေါပုံ။ ဖုန်း-၅၅၃၁၃၈ (လိုင်းခွဲ -၁၀၅)
- **Mother's House**
  အမှတ်-၁၇/၁၉၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်။ ဖုန်း-၅၁၈၀၉၁၂
- **Mr. Guitar Cafe (1)**
  အမှတ်-၂၂၊ ဆရာစံလမ်း၊ ဗဟန်း။ ဖုန်း-၇၀၀၄၄၆
- **Mr.Poem (2)**
  အမှတ်-၉၈/၉၉၊ ကျောက်မြောင်းလမ်း၊ မလွှကုန်းလမ်းထောင့်၊ တာမွေ။ ဖုန်း-၅၄၁၇၉၂ ၊ ၀၉-၈၀၂၂၄၅၀
- **Coffee Circles** အမှတ်-၁၀၇/အေ၊ ဓမ္မစေတီလမ်း၊ ကမာရွတ်။ ဖုန်း-၅၂၅၁၅၇၊ ၅၁၁၁၁၈

# ကိုရီးယားကလို ကျန်းမာရေးချွေးပေါင်းခန်း သွားမလား

ကိုရီးယားဇာတ်လမ်းတွဲတွေထဲမှာ ပါလေ့ရှိတာကတော့ သရုပ်ဆောင်အမျိုးသား၊ အမျိုးသမီးတွေ ဘောင်းဘီတို၊ စွပ်ကျယ်လေးတွေဝတ်၊ မျက်နှာမှာသခွားသီးလေးတွေတင်လိုတင်နဲ့ ချွေးပေါင်းခန်းမှာ အနားယူအပန်းဖြေနေတာမျိုး တွေ့ရမှာပါ။ အဲဒီလို ကိုရီးယားကားတွေထဲမှာပါတဲ့ ချွေးပေါင်းခန်းလိုမျိုး မြန်မာနိုင်ငံမှာလည်း ပထမဦးဆုံးအဖြစ် ဖွင့်လှစ်လာတာမို့ လမ်းညွှန်ပေးလိုက်ပါတယ်။

ဒီကျန်းမာရေးချွေးပေါင်းခန်းမှာ မိနစ် ၄၀ အတွင်း လဲလျောင်းချွေးထုတ်ရုံဖြင့် 10 km ပြေးခြင်းရဲ့ လှုပ်ရှားမှုနဲ့ညီမျှစေပြီး ကောင်းမွန်တဲ့ Iron ဓာတ်ကြောင့် ချွေးပေါင်းခံသူတွေ ကျန်းမာရေးလုပ်သလို ခံစားရစေတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဒီချွေးပေါင်းခန်းမှာ စီးပွားရေးအကြောင်း အချင်းချင်းဆွေးနွေးနိုင်ခြင်း၊ သက်သောင့်သက်သာအနားယူနိုင်ခြင်း စတဲ့ အားသာချက်တွေလည်း တွေ့ရတယ်။ ဒီချွေးပေါင်းခန်းကို လာရောက်လိုသူတွေအနေနဲ့ တစ်ကြိမ်ကို ကျပ် ၁၂,၀၀၀ သတ်မှတ်ထားပြီး အကြိမ်အရေအတွက်အလိုက် VIP ကတ်၊ Member ကတ်၊ ငွေကတ်၊ ရွှေကတ်၊ ရွှေဖြူကတ်၊ စိန်ကတ်၊ Special ကတ်ဆိုပြီး အမျိုးမျိုး ခွဲခြားရောင်းချပေးတယ်လို့ သိရပါတယ်။ ကဲ စိတ်ဝင်စားရင်တော့ အမြန်ဆုံး သွားဖို့ မမေ့နဲ့နော်။

**Li Li (Beauty Center)**
အမှတ်-၅၁၈၊ ကမ်းနားလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၂၈၈၈၃၊ ၂၂၄၆၆၄၊ ၂၁၂၂၁၁

■

www.foreverspace.com.mm

# ကမ္ဘာ့ပင်လယ်နဲ့ သမုဒ္ဒရာတွေ ဘယ်နေရာတွေမှာ ရှိကြသလဲ

ကမ္ဘာကြီးရဲ့ဘယ်သမုဒ္ဒရာမှာ ဘာတွေဖြစ်နေတယ်လို့ ပြောကြဆိုကြတဲ့ သတင်းတွေကြားရတဲ့အခါ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာသိထားရင် သတင်းဖြစ်တဲ့နေရာကို ခန့်မှန်းသိရှိနိုင်တဲ့အပြင် နေရာအနေအထားအရ ဒီလိုဖြစ်နိုင်တယ်ဆိုတာကိုလည်း ချက်ချင်းကျိုးကြောင်းဆင်ခြင်သုံးသပ်နိုင်ကြမှာပါ။ ဒါကြောင့် ကမ္ဘာ့သမုဒ္ဒရာတွေရဲ့မြေပုံတွေလေ့လာလို့ရတဲ့နေရာကို လမ်းညွှန်လိုက်ပါတယ်။ www.ilike2learn.com မှာ လေ့လာနိုင်ပါတယ်။ အဲဒီကိုရောက်ရင် Geography —>world —>world oceans and seas map quiz ကိုရွေးပြီး ဝင်ရောက်လေ့လာနိုင်ပါတယ်။ အဲဒီစာမျက်နှာမှာ ပင်လယ်တွေ၊ သမုဒ္ဒရာတွေတစ်ခုချင်းစီရဲ့နာမည်ကို ရွေးခိုင်းမှာဖြစ်ပါတယ်။ ကိုယ်မသိသေးတဲ့ သမုဒ္ဒရာ ဒါမှမဟုတ် ကိုယ်မေ့နေတဲ့ ပင်လယ်နဲ့ သမုဒ္ဒရာကိုရွေးခိုင်းပြီဆိုရင် Need the hint ပေါ်ကိုနှိပ်ပြီး အကူအညီယူနိုင်ပါတယ်။ အဲဒါဆိုရင် အဲဒီပင်လယ်/ သမုဒ္ဒရာ တည်ရှိတဲ့နေရာကို ပြထားမှာဖြစ်လို့ အဲဒါကို အရင်ကြည့်ပြီးမှ Quiz ကို ပြန်သွားလေ့လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံတွေ၊ မြို့ကြီးတွေရဲ့ နေရာတွေကိုသာမက ကမ္ဘာ့မြေပုံရဲ့ သုံးပုံနှစ်ပုံကို နေရာယူထားတဲ့ရေထုကြီးရဲ့ နေရာအနေအထားကိုပါ ပေါ့ပေါ့ပါးပါးလေ့လာနိုင်အောင် ဖော်ပြထားတဲ့ Website ကို လမ်းညွှန်လိုက်ရခြင်းဖြစ်ပါတယ်။ အဲဒီ Website မှာ ပင်လယ်/ သမုဒ္ဒရာတွေအပြင် ကမ္ဘာ့နိုင်ငံတွေနဲ့ မြေပုံတွေရယ် ကမ္ဘာ့အရှည်ဆုံးမြစ်တွေ၊ ကန်ကြီးတွေ၊ တောင်ထိပ်တွေ၊ တောင်တန်းတွေ၊ လွင်ပြင်တွေကိုပါ လေ့လာနိုင်မှာပါ။

# လုပ်ငန်းသစ်၊ ဆိုင်သစ်

- **First ten**
  Computer Sales, Services & Stationery
  အမှတ်– ၁၈၄/၁၈၆၊ ၄၅ လမ်း၊ (အထက်ဘလောက်)
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
- **ချမ်းမြေ့ Printer Sales & Service**
  အမှတ်–၁၆၆၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊
  ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၂၂၇၇၊ ၃၇၁၃၀၉
- **ရတနာမြို့တော်**
  Mobile Handsets & Accessories
  အမှတ်–၂၃၁/၂၃၅၊ ရွှေဂုံတိုင်လမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၃၀၁၇၇၉၉
- **Phyo Wai ဗီနိုင်း/ စတေကာ**
  အမှတ်–၃၂၅၊ ၃၄ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၄၂၃၆၀၊ ၀၉–၅၁၅၈၂၄၄၊ ၇၃၀၃၄၇၅၃
- **Big Computer**
  အမှတ်–၁၄၂၊ ၄၇ လမ်း (အပေါ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
- **Bayint Naung Automobile Service**
  G.T.I ကျောင်းဝင်းအတွင်း၊ ဘုရင့်နောင်လမ်းနှင့်
  အောက်မင်္ဂလာဒုံလမ်းဆုံ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၈၆၁၂၂၀၁၊ ၀၉–၅၁၄၅၈၄၅၊ ၀၉–၈၀၃၁၀၆၄
- **အရိန္ဒမာ Mobile ဖုန်းနှင့် အပိုပစ္စည်းရောင်းဝယ်ရေး (ဆိုင်ခွဲ)**
  တိုက် (C)၊ အခန်း –၀၀၄၊ အရှေ့ရွှေဂုံတိုင်လမ်း၊
  SSC ဆေးခန်းအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၄၀၀၉၂၄၊ ၇၃၀၀၇၇၃၃၊ ၀၉–၅၀၉၉၇၃၇
- **YE` NAING OO Computer Centre**
  အမှတ်–၁၇၈(A)၊ ၃၃ လမ်း (အထက်) ကျောက်တံတားမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၀၉–၈၆၁၀၇၈၅
- **SUZUKI Notebook Service Center**
  အမှတ်–၃၀၁၊ ဗိုလ်အောင်ကျော်လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၅၃၆၁၃၊ ၀၉–၅၀၆၄၇၃၁
- **မြို့တော်ဘိလပ်မြေစက်ရုံ**
  ပြင်ညောင်ကျေးရွာအနီး၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း။

# စားသောက်ဆိုင်သစ်

- **Fuji Sushi**
  Japanese Food
  အမှတ်–၃၃၉၊ မြေညီထပ်၊ ဆိပ်ကမ်းသာလမ်းနှင့်
  မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ■

# မိုးလည်းလုံ၊ လုပ်ငန်းလည်းလူသိ

အခုလို မိုးရာသီကာလမှာ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ မိမိလုပ်ငန်းနာမည် လူသိဖို့ ကြော်ငြာနည်းဗျူဟာတစ်မျိုး ထပ်တိုးပါတယ်။ မိုးရွာရင် မဖြစ်မနေဆောင်းရတော့မယ့် ထီးမှာ ကိုယ့်လုပ်ငန်းနာမည်လေး၊ Logo လေးရိုက်ထားရင် ဘယ်သူမဆို မြင်နိုင်ပြီပေါ့။ တံဆိပ်ရိုက်ပေးတဲ့ ထီးလုပ်ငန်းကို အပ်လိုက်ပြီးတဲ့နောက် ဘာကြော်ငြာခမှလည်း မလိုတော့ဘူးလေ။ ထီးရွှေ့လျားသလောက် ကိုယ့်ကြော်ငြာက နေရာပြောင်းကြော်ငြာပြီးသားပဲ။ ဒီလိုထီးမှာ တံဆိပ်ရိုက်ဖို့ လုပ်ငန်းသုံးထီးအရွယ်အစားအမျိုးမျိုးအပ်နှံနိုင်တဲ့ ထီးလုပ်ငန်း တချို့ ဖော်ပြပေးလိုက်တယ်။

- ❑ **ပန်းအိဖြူ**
  (SC.1) (SC.3) ဝင်ပေါက် (၄)၊
  ယုဇနပလာဇာမျက်နှာစာတန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၀၂၈၁၆၊ ၂၀၀၇၄၇ (လိုင်းခွဲ-၁၁၇၀၊ ၁၀၅၈)
- ❑ **ကိုမိုးသူ**
  ဆိုင်အမှတ်-၃၆၄-၃၆၅၊ တတိယထပ်၊ မင်္ဂလာဈေး၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၅၂၆၇၊ ၀၉-၅၀၁၂၁၃၄
- ❑ **ထီးလှလှ**
  အမှတ်-၉၂/၉၄၊ ၁၃ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၄၆၀၄၊ ၂၂၄၉၀၇၊ ဖက်စ်-၂၂၀၂၈၁
- ❑ **ထိပ်တန်း**
  – ဆိုင် (၁)၊ အမှတ်-၃၂၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း
  မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၂၀၉၇
  – ဆိုင် (၂)၊ အမှတ်-၆၊ အထက်ပုဇွန်တောင်လမ်း၊
  စာတိုက်မှတ်တိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၄၂၂၀၂
- ❑ **ကိုသိန်းထွန်း**
  ဆိုင်အမှတ်-၅၇၀၊ ၅၇၁၊ ၅၇၂၊ ၅၇၃ (ဒုတိယထပ်)
  မင်္ဂလာဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၅၅၃၇၊ ၅၄၀၃၇၆
- ❑ **အောင်ဆန်း**
  – ဆိုင် (၁)၊ SP-2 ဝင်ပေါက် (၅)၊ မုခ်ဦးဝင်ပေါက်ထိပ်ဆိုင်၊
  ယုဇနပလာဇာမျက်နှာစာတန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၀၇၄၂ (လိုင်းခွဲ-၁၁၉၆)၊ ၀၉-၉၉၂၀၈၆)၊
  – ဆိုင် (၂)၊ ၄၆၇၊ ၄၆၈ တတိယထပ်၊ စက်လှေကားရှေ့၊
  မင်္ဂလာဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၀၅၂၉၆၊ ၀၉-၅၁၉၇၀၁၇
- ❑ **ကောင်းထက်**
  အမှတ်-၈၊ ပုဇွန်တောင်စာတိုက်၊ ကျီတော်ရပ်ကွက်၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၈၅၈၆၂၆၈

■

# နေရာပြောင်း၊ လိပ်စာသစ်

- ❑ **Client Focus Technology Group Co., Ltd. ရုံးခန်းနှင့် Epson Sales & Service Centre**
  အမှတ်-၂၅/၂၇၊ ဘုရင့်နောင်လမ်း၊
  လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၈၆၁၀၈၆၈၊
  ၀၉-၉၉၇၁၈၃၂၊ ၀၉-၅၀၂၁၄၅၆
- ❑ **မန်းရတနာစိန်ပန်းခိုင်**
  (၁) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  သခင်မြပန်းခြံနှင့် ဝါးတန်းလမ်း
  ကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၂၅၇၉၅၊ ၀၉-၆၈၀၅၅၆၈
  (၂) မြို့မကျောင်းလမ်း၊ အိမ်တော်ရာ
  ဘုရားအနီး၊ မန္တလေးမြို့။
- ❑ **Porfessional Distribution Group**
  အမှတ်-၂၂၊ တောင်မြင်းပြိုင်ကွင်း
  လမ်း၊ တာမွေကြီး (ခ) ရပ်ကွက်၊
  တာမွေမြို့နယ်။ ရန်ကုန်။
  ဖုန်း-၇၀၆၅၁၀
- ❑ **KMD Sales & Service Centre**
  အမှတ်-၁၇၀/၁၈၄၊ ပန်းဆိုးတန်း
  လမ်း (အလယ်)၊ ကျောက်တံတား
  မြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၁၀၃၅၊
  ၃၈၁၇၇၆၊ ၅၀၃၅၂၂၊ ၅၀၂၂၄၄
- ❑ **Supreme Bio Tech Group**
  အမှတ် (၈၇-၈၈)၊ ဗဟိုစည်အိမ်ရာ၊
  ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၉၇၉၁~၉၇၊ ၂၁၅၅၄၉၊
  ၂၁၅၆၇၃၊ (ဖက်စ်-၂၂၉၇၅၃)
  ၀၉-၈၆၁၀၃၂၀၊ ၀၉-၈၀၂၃၈၀၉
- ❑ **Supreme Water Doctor**
  အမှတ်-၁၉ (စီ)၊ Victoria ကုန်
  တိုက်အနီး၊ နဝဒေးဥယျာဉ်အိမ်ရာ၊
  လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၈၅၂၃၇၊ ၆၈၉၃၇၆~၇၈၊
  ၆၈၉၇၁၈၊ ၆၈၉၇၁၉
  (ဖက်စ်-၆၈၅၂၃၇)၊ ၀၉-၅၀၆၇၄၄၂၊
  ၀၉-၅၀၂၅၃၀၁၊ ၀၉-၂၀၂၃၅၀၃



www.foreverspace.com.mm

www.foreverspace.com.mm

## Disney World

Disney World ဆိုတဲ့ ဆိုင်နာမည်နဲ့ လိုက်အောင် ကမ္ဘာကျော် ကာတွန်းရေးဆရာကြီး World Disney ရေးဆွဲခဲ့တဲ့ ကာတွန်းဇာတ်ကောင်အရုပ်လေးတွေချည်းပဲ ရောင်းချပေးနေတဲ့ ဆိုင်ပါ။ Mickey Mouse, Tom & Jerry, Donald Duck စတဲ့ စတဲ့ ကလေးငယ်လေးများရဲ့အချစ်တော်များသာမက လူကြီးလူငယ်မရွေး ကြိုက်နှစ်သက်လက်ခံနိုင်တဲ့ အရုပ်လေးတွေအစုံအလင်ရှိပြီး အဲဒီရုပ်ပုံလေးတွေပါတဲ့ လက်ကိုင်အိတ်၊ T-Shirt ၊ Coffee ပန်းကန် စတာတွေပါ ဝယ်ယူလို့ရပါတယ်။

အဲဒီဆိုင်က Disney world ၄၂-ဒီ၊ ဗိုလ်ရာညွှန့်လမ်းနှင့် ယောမင်းကြီးလမ်းထောင့်၊ ဒဂုံမြို့နယ်မှာတည်ရှိပြီး ဖုန်းနံပါတ်ကတော့ ၃၇၉၇၉၇ ဖြစ်ပါတယ်။

## Handset လုလု ဝယ်လို့ရမယ့် ဆိုင်သစ်

ဆက်သွယ်ရေးတွေတိုးတက်လာတဲ့ ဒီခေတ်ကြီးမှာ Mobile ကို သုံးနေကြတာကြောင့် Handset လှလှလေးတွေနဲ့ စတိုင်ထုတ်ချင်သူတွေ၊ ဖုန်းချစ်တဲ့သူတွေအတွက်ကို Handset အရောင်းဆိုင်သစ်လေးတစ်ဆိုင်ကို ညွှန်ချင်တယ်။ Touch Mobile လို့ အမည်ရပြီး Handset တံဆိပ်မျိုးစုံကို လက်လီ၊ လက်ကားဝယ်လို့ရမယ့်အပြင် ဒီဆိုင်ကဝယ်သွားတဲ့ Handset က တစ်လအတွင်း စက်ပစ္စည်းချို့ယွင်းရင် အသစ်တစ်လုံးလဲပေးမယ့်အပြင် ကိုယ်ဝယ်သွားတဲ့စက်က တစ်နှစ်ကျော်မှပျက်သွားရင် လက်ခမယူဘဲအခမဲ့ ပြင်ပေးမယ်လို့ဆိုတယ်။

စိတ်ဝင်စားရင် အမှတ် (၄၉-ဘီ)၊ မြေညီထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်ကဆိုင်ကို သွားလို့ရတယ်။

## မိလ္လာကျင်း သန့်ရှင်းအောင်

နေအိမ်အဆောက်အအုံတွေမှာ မိလ္လာကန်ပြည့်လျှံနေလို့ စိတ်မသက်မသာဖြစ်နေရသူတွေအတွက် ဝမ်းသာစရာပါ။ ဇီဝနည်းနဲ့ဖော်စပ်ထုတ်လုပ်ထားတဲ့ဆေးမှုန့်ကို အိမ်သာမိလ္လာကျင်း/ ကန်ထဲ ထည့်လိုက်တာနဲ့ ရေဆိုးရေညစ်တွေ ကြည်လင်သန့်စင်သွားပြီး အနံ့ဆိုးကလည်း ကင်းဝေးသွားမယ်လို့ဆိုပါတယ်။ ရေဆိုးရေညစ်တွေကို အငွေ့ပျံ့ပြီး ခန်းခြောက်သွားစေမှာမို့ မိလ္လာကားခေါ်ရတဲ့ဒုက္ခ၊ မိလ္လာကျင်းနဲ့ ဝါးခွေတွေ နေရာသစ်ကိုတူးရွှေ့ရတဲ့ ဒုက္ခတွေကနေ ကင်းဝေးသွားမှာပါ။ ဆေးမှုန့်တစ်ထုပ်ကို ၃၅၀၀ ကျပ်သာကျသင့်ပြီး ခြောက်လတစ်ကြိမ်အသုံးပြုနိုင်တယ်လို့ သိရပါတယ်။ အင်းစိန်မြို့နယ်အတွင်း ငါးထုပ်နဲ့အထက်ဖုန်းဆက်ပြီးမှာယူရင် အိမ်တိုင်ရာရောက်ပို့ပေးမယ်လို့ ဆိုပါတယ်။

လိပ်စာ –

ဦးဗေလု၊ အမှတ် ၂၄၅(ဘီ)၊ နံ့သာမြိုင်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၄၁၉၅၈

## Guard & Security Services

- **ကုန်းဘောင် (လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီ)**
  အမှတ်–၅ (A-3)၊ ရေတာရှည်လမ်းသစ်နှင့် လမ်းဟောင်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း–၇၀၅၀၄၉၊ ၀၉–၅၀၁၃၆၀
- **PSS (Professional Security Service Co., Ltd.)**
  အခန်း–၂၀၃ (စီ)၊ Delta Plaza၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၂၇၆၈၊ ၇၀၁၄၉၃၊ ၀၉–၅၁၅၅၀၁၃
- **S.S.S (Save Security Service)**
  အခန်း–၈၂ (အေ)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၆၇၈၃၇၊ ၆၅၁၇၄၁၊ ၇၀၀၅၇၄
- **Innwa Security & General Service Co., Ltd.**
  အမှတ်–၁၃၊ ၄–လွှာ၊ ဘုရင့်နောင်လမ်း၊ ရွှေစံပယ်ရိပ်မွန်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၅၁၂၈၊ ၀၉–၅၀၀၅၀၂၀၊ ၀၉–၈၀၂၂၄၅၁၊ ၀၉–၈၆၁၁၁၃၈
- **YE` MYINT MO (Security Services Co., Ltd.)**
  ရွှေသံလွင်ကွန်ဒို၊ အခန်း–၂၀၂၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၇၀၅၄၀၉၊ ၅၅၉၆၈၂၊ ၀၉–၈၀၂၀၉၉၂
- **Arr Man Shin**
  SB/3၊ အလုံလမ်းထောင့်၊ အောင်ဇေယျအိမ်ရာဝင်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၅၂၀၆၊ ၂၁၅၁၆၀။
- **Best Supporting Services Co., Ltd.**
  တိုက်–၁၊ အခန်း ၄၀၃/ ၄၀၄၊ ၄–လွှာ၊ ပြည်လမ်း၊ ၉ မိုင်၊ ရတနာကွန်ဒိုမီနီယံ၊ အဝေမ်းမှတ်တိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၅၀၆၆၅၊ ၆၅၃၄၅၆၊ ၆၅၂၂၁၆

■

www.foreverspace.com.mm



# ၂၀၁၀-၁၁ ပညာသင်နှစ် တရားဝင်ဖွင့်လှစ်ခွင့်ရသော ပုဂ္ဂလိကအထက်တန်းကျောင်းများ

- **ACA ပညာရိပ်ငြိမ်ဘော်ဒါဆောင်**
  အမှတ်-၁၄၀၊ ဥက္ကာ (၅) လမ်း၊ (၈) ရပ်ကွက်၊
  ဆေးတက္ကသိုလ် (၂) ရန်ကုန်ရှေ့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၉၁၁၂၃၊ ၀၉၈၀၂၀၄၀၀၊ ၀၉၅၀၅၇၀၇၁၊
  ၀၉၅၀၁၂၇၁၃၊ ၀၉၉၉၇၀၅၄၂၊ ၆၉၁၁၉၉
- **N-3**
  တိုက် (က)၊ ၅လွှာ၊ ရွှေအင်ကြင်းရိပ်မွန်၊ သုဝဏ္ဏလမ်းဆုံ၊
  သဃ်န်းကျွန်းမြို့နယ်။
  ဖုန်း-၅၆၁၈၉၂ မှ ၉၉ ထိ (လိုင်းခွဲ-၁၇၇)
  ၀၉-၅၁၀၈၃၀၉၊ ၀၉-၅၁၄၃၁၁၆၊ ၀၉-၅၀၄၃၁၅၇
- **ပညာနန်းတော်**
  ခြံအမှတ်-၁၁၈ (A/B)၊ ကျွန်းရွှေမြိုင်လမ်း၊ VIP ရပ်ကွက်၊
  သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၇၇၆၀၅
- **မဟာမြကျွန်းသာ**
  ဒုတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းလမ်းဆုံ၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၀၇၁၆၄၊ ၅၀၅၂၂၆၊ ၅၀၁၄၆၁
- **အားမာန်**
  ၂၈၀၊ ဝေဇယန္တာလမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန်။
- **ရွှေပင်ရွှေသီး**
  ၃၃ (ခ)၊ လေးဒေါင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
- **ဇင်ယော်**
  ၅၃/၅၅-A/B၊ ၃ထပ်+ ၆ ထပ်၊ ဦးအောင်လှလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **Success**
  ပ-၁၈/ပ-၁၉၊ ပြည်ထောင်စုလမ်း၊ (၃၁) ရပ်ကွက်၊
  ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၈၀၃၅၄
- **ECပညာ့ရိပ်သာ**
  ၆ (က)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **ဦးသန်းစိန် (ပုဂ္ဂလိကလူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း)**
  - ၁၃၄၊ ၆ လွှာ၊ ဆိပ်ကမ်းသာလမ်း (အောက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  - ရွာမလမ်းဆုံ (ယခင် GTI ကျောင်းဝင်း)၊ အင်းစိန်၊ ရန်ကုန်။
  ဖုန်း-၅၁၆၇၉၅၊ ၀၉-၅၁၉၀၈၆၂

■

# DVD နေရာ

DVD ဇာတ်ကားတွေကို အခန်းလိုက် သီးသန့်ပြတဲ့ဆိုင်လို့ သိရပါတယ်။ အခန်းတစ်ခန်းမှာ နှစ်ယောက်အတွက် ၄၀၀၀ ကျပ်၊ သုံးယောက်အတွက် ၅၀၀၀ ကျပ်၊ လေးယောက်အတွက် ၆၀၀၀ ကျပ် အသီးသီး ကျသင့်ပါတယ်။ အယောက် ၂၀ ဆံ့အခန်းလည်းရှိတယ်လို့ ဆိုပါတယ်။ အခန်းတိုင်းမှာ လေအေးပေးစက်၊ ဆိုဖာဆက်တီများ ခင်းကျင်းထားတယ်လို့ ဆိုတယ်။ မိမိကြည့်လိုတဲ့ဇာတ်ကားနဲ့ ပြင်ပကဇာတ်ကားတွေ ယူလာပြီး ကြည့်လို့လည်းရလို့ စိတ်အေးလက်အေးနဲ့ သီးသန့်ဇာတ်လမ်းတွေကြည့်ချင်သူတွေ အဆင်ပြေမှာပါ။

**လိပ်စာ-**
ရှစ်မိုင်လမ်းဆုံ၊ ရိုးမဘဏ်ဘေး (ပ-ထပ်)၊
ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၆၆၄၀၈၉၊ ၀၉-၅၀၅၃၀၄၆

# Hollow Show ကြည့်ရင်း စားမယ်သောက်မယ်

ရန်ကုန်မြို့ ပုလဲကွန်ဒိုမြေညီထပ်မှာ အသစ်ဖွင့်လှစ်လိုက်တဲ့ စားသောက်ဆိုင်ပါ။ ဆိုင်နာမည်က Educalypt bar & Restaurant ပါ။ ဒီဆိုင်မှာ ယမကာများ၊ ဘီယာ၊ တရုတ်ဟင်းလျာ၊ ယိုးဒယား၊ အီတာလျံ စတဲ့ စားသောက်ဖွယ်ရာများ စားသောက်ရင်း Hollow show ကြည့်နိုင်ပါတယ်။ ဆိုင်အနေအထား ကျယ်ဝန်းပြီး Decoration အပြင်အဆင်ကောင်းကောင်း ပြင်ဆင်ထားပေမယ့် စားသောက်ဖွယ်ရာများရဲ့ဈေးနှုန်းတွေက သင့်တင့်တဲ့ဈေးနှုန်းများဖြစ်နေတာကို တွေ့ရပါတယ်။

အားကစား Channels တွေဖွင့်ပေးထားလို့ ဘောလုံးပွဲဝါသနာသူများလည်း ဘောလုံးပွဲကြည့်ရင်း စားသောက်နိုင်ပါတယ်။

www.foreverspace.com.mm

# ၂၀၁၀ ပြည့်နှစ် ဧပြီလနှင့် မေလထုတ် စာအုပ်များ


| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဖောက်သည်ဆက်ဆံရေး စီမံခန့်ခွဲမှု<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၂၈၁၁၀၉ | မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) | ၅၀၀ | ၁၀၀၀ | နှစ်ကာလများ | ၂၀၁၀၊ မေ (ပ-ကြိမ်) | စီမံခန့်ခွဲမှု |
| ၂။ | အသက် ၁၀၀ ကျော်လိုက်ပါ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၈၇၁၂၀၉ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | ၅၀၀ | ၁၅၀၀ | စိတ်ကူးချိုချို | ၂၀၁၀၊ မေ (ပ-ကြိမ်) | ကျန်းမာရေး |
| ၃။ | ပုဂံမင်းဆက်များ ရာဇဝင်<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၂၂၀၃၁၀ | တက္ကသိုလ် မောင်သုလှိုင် | ၅၀၀ | ၃၀၀၀ | ရွှေမြန်မာ | ၂၀၁၀၊ ဧပြီ (ပ-ကြိမ်) | သုတေသန |
| ၄။ | ခေတ်ပြိုင်စကားဝိုင်းများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၁၅၁၁၀၉ | စိုးမြင့်လတ် | ၅၀၀ | ၂၀၀၀ | အမ္ဗာညီနောင် | ၂၀၁၀၊ မတ် (ပ-ကြိမ်) | စကားဝိုင်းများ |
| ၅။ | Essential English<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၃၉၁၀၄၁၀ | ဦးသြဘာသ | ၁၀၀၀ | ၃၀၀၀ | နေမျိုး စာပဒေသာ | ၂၀၁၀၊ | ပညာရေး |
| ၆။ | ကုမ္ပဏီတိုင်းအတွက် ရသုံးမှန်းခြေ ဘတ်ဂျက်ပြုစုခြင်းနှင့် ထိန်းချုပ်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၉၄၁၂၀၉ | သိန်းဟန်(၁) | ၅၀၀ | ၂၅၀၀ | သိန်းဟန်(၁) | ၂၀၁၀၊ မတ်လ (ပ-ကြိမ်) | စာရင်းအင်း ပညာ |
| ၇။ | အနာဂတ်တစ်ခုဖန်တီး တည်ဆောက်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၂၆၇၁၀၀၉ | အေးငြိမ်း (လေးမျက်နှာ) | ၁၀၀၀ | ၅၅၀၀ | Singapore | ၂၀၁၀၊ ဇန်နဝါရီ (ပ-ကြိမ်) | စင်ကာပူ လမ်းညွှန် |
| ၈။ | မိတ်ကောင်းဆွေမွန်စာစုများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၃၄၀၁၁၀ | ကလောင်စုံ | ၅၀၀ | ၁၅၀၀ | ရူပ | ၂၀၁၀၊ မေ (ပ-ကြိမ်) | ဆောင်းပါးများ |
| ၉။ | ခင်ပွန်းကြီးဆယ်ပါး ပူဇော်ကျိုးနှင့် ပြစ်မှားကျိုး<br>စာမူခွင့်ပြုချက်အမှတ်-၆၀၀၀၁၅၀၁၁၀ | သစ္စာဝါဒီ ဦးမြင့်အောင် | ၁၀၀၀ | ၆၀၀ | တော်ဝင်မြို့မ | ၂၀၁၀ ၊ မတ် (ပ-ကြိမ်) | ဘာသာရေး |
| ၁၀။ | ထေရဝါဒရှုထောင့်မှ သမ္ဗုဒ္ဓေဂါထာတော်စစ်တမ်း<br>စာမူခွင့်ပြုချက်အမှတ်- | သကျဝံသ | ၁၀၀၀ | ၅၀၀ | ကောင်းထွဋ် | ၂၀၁၀၊ ဧပြီ (ပ-ကြိမ်) | ဘာသာရေး |
| ၁၁။ | ပို၍မြင့်သောတောင်တန်းများ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၀၇၅၀၁၁၀ | မောင်ရင့်မာ (ကျောင်းကုန်း) | | ၂၃၀၀ | နှင်းနှင်းယု | ၂၀၁၀၊ (ပ-ကြိမ်) | ရသစာတမ်းများ |
| ၁၂။ | တစ္ဆေတစ်ကောင် အရောင်ကခရမ်းပြာ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၁၆၉၁၁၁၀၉ | ညိုနှင်းအိမ် | ၅၀၀ | ၁၅၀၀ | ချိုးဖြူ | ၂၀၁၀၊ မတ် (ပ-ကြိမ်) | ဝတ္ထုတိုပေါင်းချုပ် |
| ၁၃။ | ကိုယ်တိုင်ခေါင်းဆောင်ကောင်းဖြစ်အောင် လေ့ကျင့်နည်း<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၀၉၈၀၉၀၉ | ဒေါက်တာ သိန်းလွင် | ၅၀၀ | ၃၀၀၀ | တူဒေး | ၂၀၁၀၊ ဧပြီ (ပ-ကြိမ်) | ဘာသာပြန် |
| ၁၄။ | ဂူဂဲလ်အိပ်မက်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၄၉၅၁၁၀၉ | နိုင်ဦး | ၅၀၀ | ၃၀၀၀ | THE KEY | ၂၀၁၀၊ မေ (ပ-ကြိမ်) | အတ္ထုပ္ပတ္တိ |

www.foreverspace.com.mm



# စာအုပ်လမ်းညွှန်

Editor's Choice




## အမေရိကန်လွန်ကမ္ဘာ (ပထမတွဲ)

**ကျော်ဝင်း**

ကမ္ဘာကျော် နယူးစ်ဝိခ်မဂ္ဂဇင်း၏ ပင်တိုင်ဆောင်းပါးရှင်၊ အယ်ဒီတာ၊ ခွဲခြားစိတ်ဖြာသုံးသပ်သူ ဖာရိဇာခါရီးရားရေးသားထားသည့် The Post American World စာအုပ်ကို ပထမတွဲအဖြစ် ဘာသာပြန်ထုတ်ဝေထားသောစာအုပ်ဖြစ်သည်။ ယခုစာအုပ်ပါ အကြောင်းအရာများကို ပြီးခဲ့သည့် ၂၀၀၉ နှစ်ဆန်းကာလကပင် အပတ်စဉ်ထုတ်စာစောင်များဖြစ်ကြသည့် The Voice Weekly၊ True News၊ Eco Vision တို့တွင် ခွဲဖြန့် ထည့်သွင်းဖော်ပြခဲ့သော အခန်းဆက်ဆောင်းပါးများအား ပြန်လည်စုစည်းထုတ်ဝေထားခြင်းလည်း ဖြစ်သည်။ သို့သော် ယခု ဇာခါရီးရားစာအုပ်ကိုပင် 'အမေရိကန်အလွန်' အမည်ဖြင့် 'နေဇင်လတ်' ဘာသာပြန်ထားပြီး 'စိတ်ကူးချိုချို' စာအုပ်တိုက်က ခြေသွက်လက်သွက် ထုတ်ဝေထားသည့်စာအုပ်က အရင်ထွက်နှင့်ပြီး ဖြစ်နေပေပြီ။

စင်စစ် ယခုစာအုပ်ကို ဆိုခဲ့ပါ အပတ်စဉ်ထုတ်စာစောင်များတွင် အခန်းဆက်အနေဖြင့် ကျော်ဝင်းဘာသာပြန်ခဲ့သည်မှာ အတော်ကြာနေခဲ့သော်ငြား ယခုကဲ့သို့ လက်ဦးမှုယူထုတ်ဝေလိုက်ခြင်းမျိုးက အကျိုးအမြတ် အဓိကထား အပြိုင်အဆိုင်များလွန်းလှသည့် စီးပွားရေးစျေးကွက်တစ်ခုနှင့်ပင် တူနေတော့သည်။ စာပေနယ်ပယ်ဆိုသည် ရေရှည်ရပ်တည်ရေး၊ စားဝတ်နေရေးတွေအလို့ငှာ အကျိုးအမြတ် မဖြစ်မနေပါနေလင့်ကစား ကျန်လူသုံးကုန်စည်၊ စားသောက်ကုန်နယ်ပယ်များကဲ့သို့မဟုတ်။ အသိဉာဏ်အလင်းရောင် ကူညီထွန်းညှိပေးသည့် နယ်ပယ်ဖြစ်သည်။ စီးပွားစျေးကွက်နယ်ပယ်များတွင်ပင် လိုက်နာရမည့်ကျင့်ဝတ်များရှိသည်။ စာပေစီးပွားနယ်ပယ်သည်ကား ပြောနေစရာပင်မလို။ မီဒီယာကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ်နှင့် စီးပွားရေးကျင့်ဝတ်တို့ ပေါင်းရုံးကျင့်သုံးလိုက်နာအပ်သော နယ်ပယ်ပင်တည်း။ သို့သော်ငြား စာဖတ်သူတို့အတွက် အကျိုးရှိစေသောစာများဖြစ်နေသည့်အတွက် မည်သူမည်ဝါထုတ်ထုတ် စာအုပ်တစ်အုပ်ထွက်လာသည်ကိုက ကျေးဇူးတင် အသိအမှတ်ပြုရပေမည်။ ကျင့်ဝတ်ကို လေးစားလိုက်နာခြင်းရှိမရှိကမူ သက်ဆိုင်ရာကာယကံရှင်များ ကျင့်ဝတ်ကို တန်ဖိုးထားမှုအတိုင်းအတာအပေါ်တွင်သာ မူတည်ပါလိမ့်မည်။

ယခုစာအုပ်တွင် ကျော်ဝင်းသည် ဇာခါရီးရား၏အာဘော်ကို တတ်နိုင်သရွေ့ အမိအရဆွဲယူထားနိုင်သည်ကိုတွေ့ရသည်။ ခါတော်မီထုတ်ဝေရေးအတွက် ချန်လှပ်ကျော်လွှားထားတာမျိုးမတွေ့ရ။ ဘာသာပြန်သူကိုယ်တိုင် အကြောင်းအားတိုက်ဆိုင်စွာ အမေရိကကို ရောက်သွားခဲ့ခြင်းကြောင့် ကမ္ဘာလုံးချီအကျပ်အတည်းများကို စာတွေ့မှလက်တွေ့အဖြစ် မျက်ဝါးထင်ထင်လေ့လာခွင့်ရခဲ့သည့်အတွက် ဘာသာပြန်ရာတွင် အထူးအသက်ဝင်လက်တွေ့ကြောင်းဆိုထားသည်။ အတွဲတစ်တွဲတည်းမဟုတ်ဘဲ နှစ်တွဲခွဲထုတ်ဝေရသည်ကိုတော့ နားလည်ခွင့်လွှတ်ပေးကြဖို့ စာဖတ်သူများအား တောင်းပန်ထားသည်။

ယခုပထမအုပ်တွင် 'အနောက်မှအပဖြစ်သော ကျန်ကမ္ဘာ့နိုင်ငံများ အင်အားကြီးမားလာခြင်း The Rise of the Rest၊ 'လျှံကျလာသောဖလား The Cup Runneth Over'၊ 'အနောက်မဟုတ်သော ကမ္ဘာလောA Non-Westerm World'၊ 'စိန်ခေါ်သူ The Challenger' စသောခေါင်းစဉ်တွေနဲ့ စုစုပေါင်း အခန်း (၄) ခန်း ပါဝင်သည်။

အမေရိကန်ပြည်ထောင်စုတွင် ထုတ်ဝေသော ယခုစာအုပ်၏ရဲ့ထူးခြားချက်မှာ အမေရိက၏ လက်ရှိ (စာအုပ်ထုတ်ဝေစဉ်ကာလ) မူဝါဒနှင့် လားရာအမြင်များကို ပယ်ပယ်နယ်နယ်ဝေဖန်ထားသည့်အပြင် အားနည်းချို့ယွင်းချက်၊ အမှားများကိုလည်း ပွင့်ပွင့်လင်းလင်း ထောက်ပြထားခြင်းပင်ဖြစ်သည်။ ဤအချက်မှာ အမေရိက၏ လွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှုကို အတိအလင်းပြသရာရောက်သည်။ ဝေဖန်ထောက်ပြမှုများအပြီး အမေရိက၏ အားသာချက်များ၊ အကျပ်အတည်းကနေ ရုန်းထွက်နိုင်သည့်အခြေအနေများကိုလည်း ဖော်ထုတ်ပေးထားသည်။ အခက်အခဲဖြေရှင်းနည်းများကို အကျိုးသင့်အကြောင်းသင့် အကြံပြုထားသည်။ ကမ္ဘာလုံးဆိုင်ရာ အခြေအနေများနှင့် ချိတ်ဆက်ကာ ကျယ်ကျယ်ပြန့်ပြန့် ဥပမာပြနှိုင်းယှဉ်ပေးထားသည်။ အထူးသဖြင့် အမေရိကအကျတွင် တစ်ရှိန်ထိုးတက်လာသော တရုတ်ပြည်အကြောင်း အတော်ကြီး စေ့ငုသုံးသပ်ဖော်ထုတ်ထားသည်။ ဝေဖန်ပြစ်တင်မှုများကို လက်ခံပေးသည့်အတွက် ရရှိသောအကျိုးမှာ ယထာဘူတကျကျ၊ ကျိုးကြောင်းဆက်


www.foreverspace.com.mm

စပ်မှုရှိရှိ အကြံဉာဏ်များ၊ ဖြေရှင်းနည်းများနှင့် သတိပြု ဆင်ခြင်စရာ သင်ခန်းစာများဖြစ်သည်။ ထို့ကြောင့် ခန့်မှန်းထားသည်ထက် အမေရိကန်တို့ မြန်မြန်ဆန်ဆန် နာလန်ထခဲ့သည်ဟု ဆိုနိုင်သည်။ ယုတတ်လျှင်ရနိုင်သည့်သဘောကိုလည်း ထင်ဟပ်ပြသည်။ မယုတတ်လျှင်မူ ကျွဲပါးစောင်းတီးသာ ဖြစ်ပေမည်။

အခန်း (၂) တွင်ပါဝင်သည့် 'နောက်ဆုံးစူပါပါဝါ (မူရင်းသတ်ပုံအတိုင်း)' ခေါင်းစဉ်ခွဲအောက်မှ အောက်ပါအတွေးအယူနှင့် သတိပေးထောက်ပြမှုတို့က ယနေ့မိမိကိုယ်မိမိ ထိပ်ဆုံးတွင်ရောက်နေသူဟု ထင်မှတ်ထားသူများအတွက် အပေးအယူသဘော၊ ပြောင်းလဲလာသော မျက်မှောက်အခြေအနေကို မိမိရော၊ ပတ်ဝန်းကျင်ရောသဟဇာတဖြစ်အောင် အလိုက်သင့်ပြောင်းနေနိုင်ရန်၊ အကျပ်အတည်းအခြေအနေကို လိမ္မာပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အထူးသတိပြု ဆင်ခြင်ဖွယ်ရာများဖြစ်သည်။

*အခြားနိုင်ငံများ အင်အားကြီးလာခြင်းက အမေရိက၏လှုပ်ရှားနိုင်သော 'ခွင်' ကို မလွဲမသွေသေးကျုံ့သွားစေမည်ဖြစ်ပါသည်။ ဤတွင် စဉ်းစားဖို့ရှိလာသည်မှာ 'အမေရိကအနေနှင့် ကမ္ဘာ့တိုက်ကြီးများစွာမှ နိုင်ငံရေးအရောင်အသွေးမျိုးစုံဖြင့် အင်အားကြီးလာသော အခြားနိုင်ငံများကို အလိုက်သင့်အလျားသင့် နေရာပေးဆက်ဆံနိုင်ပါမည်လော . . .' ဆိုသောပုစ္ဆာဖြစ်လာပါသည်။*

*ဤနေရာတွင် 'အလိုက်သင့်အလျားသင့်နေရာပေးဆက်ဆံ' ဖို့ဆိုသည်မှာ ဖြစ်တန်ရာသော ကသောင်းကနင်းအခြေအနေများ၊ ရန်လိုရမ်းကားမှုများကို ဖြစ်လိုရာဖြစ်စေသဘောထားပြီး ကြိတ်မှိတ်လက်ခံဖို့မဟုတ်ပါ။ ဟော့ဟော့ရမ်းရမ်း အပြုအမူများကို ထိန်းချုပ်ဟန့်တားနိုင်ရန် ကျယ်ပြန့်ပြီး ရေရှည်ခံသည့် မဟာမိတ်အဖွဲ့မျိုး ဖွဲ့စည်းထူထောင်ကာ ၎င်းမှတစ်ဆင့်သွားဖို့ ဖြစ်ပါသည်။ ဤသို့ဖြစ်ဖို့ဆိုသည်မှာလည်း ဝါရှင်တန်ဘက်မှ*




*အခြားသောနိုင်ငံများကို အစီအစဉ်သစ်၏ 'အကျိုးရှင်များ' (stake-holders) အဖြစ် လိုလိုချင်ချင် သိမှတ်လက်ခံကြောင်း ပြသနိုင်မှ လက်တွေ့ဖြစ်နိုင်စရာရှိပါသည်။ ယနေ့နိုင်ငံတကာအစီအစဉ်အောက်တွင် တိုးတက်မှုဆိုသည်မှာ စေ့စပ်ညှိနှိုင်းမှုသာဖြစ်ပါသည်။ မည်သည့်တိုင်းပြည်မှ ကိုယ့်သဘောနှင့်ကိုယ် တစ်ကိုယ်တော်ကျိတ်လို့ မဖြစ်နိုင်ပါ။*

*သို့နှင့်တိုင် ဤသည်တို့မှာ ပြောဖို့၊ ရေးဖို့ လွယ်သလောက် လက်တွေ့အကောင်အထည်ဖော်ဖို့ကား ခက်လှပါသည်။ အခြားတစ်ပါးသောနိုင်ငံများ၊ ဩဇာအာဏာကြီးမားလာသည်ကို အသာတကြည်ခွင့်ပြုရသည်မျိုးဖြစ်၍ လွယ်ကူသောအလုပ် မဖြစ်နိုင်ပါချေ။ ပြောရလျှင် 'ညှိနှိုင်းပြေလည်မှုနှင့် ခြိမ်းခြောက်ဟန့်တားမှု' ကို ချိန်ခွင်လျှာမျှစေဖို့ ဖြစ်ပါသည်။ ဤသည်ပင် လာမည့်ဆယ်ရာစုအတွင်း ရင်ဆိုင်ရဖွယ်ရှိသည့် အမေရိကန်နိုင်ငံခြားရေးပေါ်လစီအတွက် အဓိကစိန်ခေါ်ချက်ဖြစ်ပါသည်။* (စာ-၆၉၊ ၇၀)

စင်စစ်အားဖြင့် အရှေ့တိုင်းတရုတ်ပြည်သည် ကမ္ဘာ့သမိုင်းမှတ်တမ်းများအရ ယနေ့ကမ္ဘာတွင် အသုံးတွင်နေသော လူ့အသုံးအဆောင်ပစ္စည်းတော်တော်များများ၏ မူလဘူတ တီထွင်ဖန်တီးသူဖြစ်ခဲ့သည်။ သို့သော် တရုတ်ပြည်ကိုအုပ်စိုးသောမင်းဧကရာဇ်တို့၏အမြော်အမြင်နှင့် အုပ်ချုပ်သည့်စနစ်တို့ကြောင့် အနောက်ကမ္ဘာထက် နောက်ကျကျန်ခဲ့သူများဖြစ်ခဲ့ရသည်။ ဤအချက်ကို ဇာခါရီးယားက အခန်း (၃) 'အနောက်မဟုတ်သော ကမ္ဘာလော A Nun-Western World' ခေါင်းစဉ်အောက်တွင် တရုတ်ဧကရာဇ်တို့၏ အတွင်းကျုံ့ပေါ်လစီကြောင့်ဟု မှတ်ချက်ပြု သုံးသပ်ထားသည်။

ဧကရာဇ်မင်းတစ်ပါးပြောင်းကာ နောက်မင်းတက်လာသည်နှင့် ရှေ့ကသွားသည့် ဧကရာဇ်မင်း၏ မည်မျှကောင်းမွန်အကျိုးရှိစေသော မူဝါဒလုပ်ငန်းစဉ်ဖြစ်နေစေကာမူ နောက်တက်သည့်ဧကရာဇ်က ဖျက်ပစ်သည့်သဘောကို ဝေဖန်စောကြောထားသည်။ ဤအခြေအနေမျိုးက သက်ဦးဆံပိုင်ပဒေသရာဇ်စနစ်တွင်သာမဟုတ်။ မိမိအတ္တကိုသာ အရောင်တင်တတ်ပြီး လူထုအများအကျိုးဂရုစိုက်လေ့မရှိသော၊ ရေရှည်မျှော်တွေးလေ့မရှိသော၊ ဉာဏ်ပညာနည်းပါးသော၊ အာဏာ၊ ဩဇာ၊ စည်းစိမ်ဥစ္စာကိုသာ ကာကွယ်လိုသော မျက်မှောက်ကာလရှိ လူပုဂ္ဂိုလ်၊ အစိုးရများလည်း ထိုနည်းအတိုင်းပင်။ ထို့ကြောင့်ပင် ခေတ်မီရေးလမ်းကြောင်းပေါ်ရောက်သောနိုင်ငံများနှင့် ဆင်းရဲမွဲတေဆဲနိုင်ငံများဟု အသွင်ကွဲနေကြခြင်းဖြစ်သည်။ ပြည်သူလူထုအများစု ခေတ်နောက်ကျ၊ ဆင်းရဲမွဲတေသည်ဟု ကမ္ဘာကသတ်မှတ်သော နိုင်ငံအများစုရှိ အစိုးရအများစု ချမ်းသာကြွယ်ဝနေကြသည်မှာလည်း ထိုအချက်ကြောင့်ပင်ဖြစ်သည်။ ဤအချက်ကို တရုတ်သမိုင်းကြောင်းတွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများက ခိုင်ခိုင်မာမာ သက်သေပြနေသည်။ ယနေ့လည်း ထိုအတိုင်းမြင်နေရသောနိုင်ငံများရှိသည်။

*တရုတ်ဧကရာဇ်များ၏ အတွင်းကျုံ့ပေါ်လစီက ရေကြောင်းစူးစမ်းလေ့လာရေးလုပ်ငန်းကိုသာ ရပ်တန့်ပစ်လိုက်ရုံမျှမက အစဉ်အလာနှင့် အရှိန်အဟုန်ကောင်းလှသော တရုတ်ယဉ်ကျေးမှုကြီးတစ်ခုကိုပါ*

www.foreverspace.com.mm



*ရုပ်ဟာန့်ပစ်လိုက်သလို ရှိခဲ့သည်။ အမှန်စင်စစ် တရုတ်ပြည်အပါအဝင် အနောက်မဟုတ်သည့်နိုင်ငံများ၊ နောက်ထပ် ရာစုနှစ်ပေါင်းများစွာ နောက်ကျခဲ့ရသည်ဆိုသည်မှာ ဆိုခဲ့ပါ အတွင်းကျူ့ပေါ်လစီက အရေးကြီးသောအခန်းမှပါဝင်သည်ဟူ၍ပင် ဆိုနိုင်လောက်ပါသည်။ (စာ–၈၁)*

မီဒီယာလောကသည်လည်း ဂလိုဘယ်လိုက်ဖေးရှင်းကြောင့် ပဒေသာစုံအသံများကို ကမ္ဘာ့ပြည်သူများ ပိုကြားလာရသည်။ ယခင် ဩဇာကြီး၊ အင်အားကြီး၊ ဈေးကွက်ချဲ့ထွင်ထိုးဖောက်ရေးနည်းဗျူဟာ အားကြီး၊ ခနဉစ္စာအင်အားကြီးခဲ့သောကြောင့် မီဒီယာလောကကို အနောက်ကသာ အုပ်စီးထားခဲ့သည်။ ယခုမူ ထိုသို့မဟုတ်တော့။ နေရာမျိုးစုံမှ မီဒီယာမျိုးစုံထံမှ သတင်းစကားများ၊ အဖြစ်အပျက်မြင်ကွင်းများက အချိန်မဆိုင်း ထုတ်လွှင့်ပေးနေပေပြီ။ ထို့အတွက် ဘယ်အရာမှ တစ်ဖက်သတ်လိုရာဆွဲပြော၍မရတော့။ ကမ္ဘာ့ပြည်သူလူထုသည်လည်း ဝါဒဖြန့်မီဒီယာ၏သဘောကို အတော်ကြီးရိပ်စားမိလာကြသည်။ မရိပ်စားမိသေးသော နေရာဒေသတို့တွင်လည်း ထိုမီဒီယာတို့နှင့်အပြိုင် အခြားမီဒီယာများထံမှ မတူညီသောအသံမျိုးစုံကိုလည်း ကြားသိနေရပေပြီ။ ဤအခြေအနေတို့သည် ကမ္ဘာကြီးတစ်ခုလုံးရှိ သက်ဆိုင်ရာ တိုက်ကြီးများနှင့် ဒေသကြီးများအလိုက်သာမက နိုင်ငံတစ်ခုချင်းစီအလိုက်လည်း ဤအခြေအနေမျိုး ကြုံလာကြရသည်။ အထူးသဖြင့် မူလမဆွကပင် ဗဟိုချုပ်ကိုင်မှုစနစ်အောက်နေခဲ့ရ၍ အမြဲတစေ တစ်ဖက်သတ်ဝါဒဖြန့်သတင်းများသာရှိခဲ့ကြသော နိုင်ငံတို့သည်လည်း ဤသို့ပင်။ ခေတ်ပြောင်းလာသည့်အတွက် ဖုံးကွယ်လိမ်ညာ၍၊ တစ်ဖက်သတ် ဝါဒဖြန့်၍ မရတော့။ အပွင့်ကမ္ဘာကြီးကို မရိပ်စားမိသောကြောင့် သို့မဟုတ် သက်ဆိုင်ရာပြည်သူလူထုကိုအထင်သေးသောကြောင့် အထူအပါးနားမလည်ဘဲ ဝါဒဖြန့်ယန္တရားကို ဆက်လက်သုံးစွဲနေသေးပါက သုံးနေသူတို့၏ပုံရိပ်သာ ပိုဆိုးသွားနိုင်စရာရှိတော့သည်။ တစ်လောကလုံး သိနေသည့်ကိစ္စကို မဖြစ်သယောင်၊ မဟုတ်သယောင် လုပ်နေလျှင်ကား မိုက်မဲသည့်သဘောပါ သက်ရောက်သွားနိုင်သည်။ ထို့အတူ အဆိုးအကောင်းတွဲရှိနေတတ်သည့် လောကသဘာဝကို မျက်ကွယ်ပြု၍ ဖိနှိပ်ရက်စက်မှုဒဏ်ခံခဲ့ရသည်များကို အကြောင်းပြုကာ အမှားများ၊ အလွဲများကိုသာ တစ်ဖက်သတ်မီးမောင်းထိုးပြီး လူထုကို အမုန်းစိတ်များပွားသထက်ပွား၊ ရန်ငြိုးမီးများ လောင်သထက်လောင်လာစေရန် လှုံ့ဆော်မီးထိုးပေးနေသော မီဒီယာများသည်လည်း သက်ဆိုင်ရာ ပြည်သူလူထုကို အလွဲလမ်းပြနေသကဲ့သို့ရှိချေသည်။ ပဒေသာစုံမီဒီယာသဘောကိုမရိပ်စားမိသူတို့ ဆင်ခြင်သတိပြုမိစေရန်လည်း ဇာခါရီးရားက ထောက်ပြထားသည်။

*. . . ကျွန်တော်တို့ငယ်ငယ် အိန္ဒိယတွင်ရှိစဉ်က ကမ္ဘာ့မျက်မှောက်ရေးရာများကို လေ့လာလိုလျှင် အနောက်တိုင်းမှန်ဘီလူးများမှတစ်ဆင့်သာ ကြည့်မြင်ကြရပါသည်။ ကမ္ဘာကြီးကို BBC, VOA မျက်စိတို့ဖြင့် ကြည့်မြင်ရသည့်သဘောဖြစ်သည်။ ပုံနှိပ်မီဒီယာဘက်မှဆိုလျှင်လည်း တိုင်းမ်၊ နယူးဝိခ်၊ နိုင်ငံတကာသံတော်ဆင့် (IHT) နှင့် လန်ဒန်တိုင်းတို့မှတစ်ဆင့် ဖတ်ရ၊ မှတ်ရ၊ လေ့လာကြရသည်။*

*ယခုအခါတွင်ကား သတင်းချန်နယ်လ်များရော ပုံနှိပ်မီဒီယာတွင် ပဒေသာစုံသဘော ဆောင်လာပြီဖြစ်၍ မတူခြားနားသော ကမ္ဘာ့အမြင်များကို လေ့လာသိရှိနိုင်ပြီဖြစ်ပါသည်။ ဤသဘောကို ခြုံငုံ၍ 'ဇာတ်ကြောင်းပြန်သစ်'ဟု ခေါ်ခြင်းဖြစ်သည်။ ဥပမာ–အယ်လ်ဂျာဇီးရားရုပ်သံကိုကြည့်လျှင် အနောက်အမြင်နှင့် မတူသော အာရပ်–အစ္စရေး ပဋိပက္ခကို ရှုမြင်နိုင်လိမ့်မည်။ အလားတူ အိန္ဒိယနက်ဝပ်များကို ကြည့်လိုက်လျှင်လည်း အီရန်၏ နျူကလီးယား ရှာပုံတော်ကို အခြားတစ်ဖက်မှ ဆင်ခြင်စရာများ ရနိုင်ပေလိမ့်မည်။ မိမိအသုံးပြုသော မီဒီယာအပေါ်မူတည်ပြီး ကမ္ဘာကြီးကို မှန်ပြောင်းမျိုးစုံဖြင့် လှည့်ပတ်ကြည့်ခွင့်ရလာသော အခွင့်အလမ်းကြီးဖြစ်ပါသည်။ (စာ–၁၂၀)*

မျက်မှောက်ပြုနေသော ကမ္ဘာကြီး၏ ဦးတည်ချက်၊ လားရာများအပေါ်မူတည်ကာ နိုင်ငံများစွာတို့၏ ရှုမြင်ချဉ်းကပ်ပုံနှင့် လက်တွေ့လုပ်ဆောင်မှုများက သက်ဆိုင်ရာဒေသနိုင်ငံတို့၏ မတူညီသော အခြေအနေများအရ ကွဲပြားခြားနားတတ်သည်။ ထိုမတူညီမှုများကိုလည်း ဆန်တုတ်တိုက်၍ ဖွတ်အတင်းညှိယူ၍မရ။ အကြောင်းက အသွင်ကွဲသောအနေအထားများကြောင့်ဖြစ်သည်။ ဤစာအုပ်တွင် ဇာခါရီးရားက လူ့အခွင့်အရေးကိစ္စနှင့်ပတ်သက်၍ အရှေ့နှင့်အနောက် အမြင်မတူကြခြင်းကို ဥပမာပြုကာ အဓိက အခြေခံအကြောင်းရင်းနှစ်ရပ်ဆွဲထုတ်ပြသည်။ ပထမအကြောင်းအရင်းမှာ လက်တွေ့အရှိအပေါ်တွင်အခြေခံပြီး ၎င်းတို့ကိုယ်၎င်းတို့ ဖွံ့ဖြိုးဆဲနိုင်ငံများဟု ခံယူထားသော တရုတ်၊ အိန္ဒိယတို့အနေနှင့် လူ့အခွင့်အရေးကိစ္စကဲ့သို့ ကမ္ဘာလုံးချီတန်ဖိုးများအတွက် တာဝန်ယူရန်မလိုဟု ယူဆသည်။ ဒုတိယအကြောင်းကမူ တရုတ်ကွန်မြူးရုပ်နှင့် အိန္ဒိယ ဟိန္ဒူဝါဒတို့က လောကလုံးဆိုင်ရာတန်ဖိုးများကို ဦးစားမပေးကြပေ။ ထိုအကြောင်းရင်းနှစ်ရပ်ကြောင့် လူ့အခွင့်အရေးကိစ္စကို ဖော်ပြပါနှစ်နိုင်ငံစလုံးက ဗဟိုအချက်အချာအခန်းတွင် ထည့်မထားခြင်းဖြစ်သည်ဟု ဇာခါရီးရားက ကောက်ချက်ဆွဲသည်။ သို့သော် ထိုလူ့ပိုင်ခွင့်ကဲ့သို့ လောကလုံးဆောင်သည့် အရာများကို နှစ်နိုင်ငံစလုံး မျက်ကွယ်ပြုနေသည်တော့မဟုတ်။ လက်တွေ့အရှိတရားကို သူ့နည်းသူ့ဟန်ဖြင့်တုံ့ပြန်နေရပြီဖြစ်သည်ဟုလည်း သူက ဆိုထားသည်။

*ဤအခင်းအကျင်းတွင် မေးသင့်မေးထိုက်သော ပုစ္ဆာတစ်ခု ထွက်ပေါ်လာသည်။ 'အနာဂတ်လားရာ အမည်သည် ခေတ်မီရေးလော၊ အနောက်ဆန်ရေးလော' အမေးပုစ္ဆာဖြစ်ပါသည်။ ဤပုစ္ဆာ၏ အဖြေမှာ အများထင်ထားကြသည်ထက် ပို၍သိမ်မွေ့ပါသည်။ အရိုးရှင်းဆုံးဖြေရလျှင် 'အတူတူပဲ'ဟုဆိုရပါလိမ့်မည်။ ပုစ္ဆာ၏သိမ်မွေ့*

www.foreverspace.com.mm

*မှုအရ ပို၍နက်နက်ရှိုင်းရှိုင်းပြောရလျှင် နိုင်ငံတစ်ခုချင်းစီ၏ အခိုင်အမာအခြေအနေပေါ်တွင် မူတည်လိမ့်မည်ဟု ဖြေရပါလိမ့်မည်။ သက်ဆိုင်ရာ နိုင်ငံတစ်ခုချင်းစီ၏ ယဉ်ကျေးမှုရိုးရာဓလေ့စရိုက်နှင့် ရိုးရာအစဉ်အလာများကို နားလည်ဖို့ လိုပါလိမ့်မည်။ ယခုလောလောဆယ်မှာပင် ဖြစ်ထွန်းပေါ်ပေါက်နေပြီဖြစ်သော ပထဝီနိုင်ငံရေးသစ်ကို နားလည်ရေးအတွက် ဆိုခဲ့ပါအချက်များမှာ အကောင်းဆုံးနည်းလမ်းဖြစ်ပါလိမ့်မည်။*

*. . . နိုင်ငံအားလုံးက ခေတ်မီရေးကို ကြိုဆိုနေကြပြီဖြစ်ရာ အမြင်ကွာဟမှုများမှာ ရေရှည်တွင် ပေါင်းစည်းသွားနိုင်စရာရှိပါသည်။ သို့နှင့်တိုင် အခိုင်အမာတည်ရှိနေသော ပထဝီရေးနှင့် သမိုင်းဆိုင်ရာ ကွာဟချက်များမှာကား ကာလတစ်ခုအထိ စကားပြောနေပေလိမ့်မည်။ ယနေ့ တရုတ်နှင့် အိန္ဒိယတို့ အင်အားကြီးမားလာမှုနှင့် ဆက်စပ်ပေါ်ထွက်လာသောပြဿနာမှာ 'သူတို့ဘာလဲ' ဆိုသည်က အဓိကမဟုတ်။ 'သူတို့ ဘယ်ကလာလဲ' ဆိုသည်က ပို၍အရေးကြီးပါလိမ့်မည်။* (စာ–၁၂၃၊ ၁၂၄)

ဇာခါရီးရား၏ ဆိုခဲ့ပါ ကမ္ဘာလုံးချီမြင်ကွင်းအပေါ် သုံးသပ်ခန့်မှန်းချက်သည် စင်စစ် ယနေ့ကိုယ်စီကိုယ်ငှ ပြဿနာများ၊ မတိုးသာမဆုတ်သာအခြေအနေများနှင့် ကြုံတွေ့နေရသည့် လူ့အဖွဲ့အစည်း၊ တိုင်း၊ နိုင်ငံတို့လည်း သေချာစဉ်းစား ဆင်ခြင်ကြည့်သင့်လှသည်။ မိမိတို့လတ်တလောရင်ဆိုင်နေရသော ပုစ္ဆာများကိုလည်း 'သူတို့ ဘယ်ကလာသလဲ' ဆိုသောအမြင်ဖြင့် မချဉ်းကပ်ဘဲ 'သူတို့ဘာလဲ' ဆိုသော ရှုထောင့်မှကြည့်နေလျှင်ကား အဖြေမရသည့် အပြင် တစ်ဖက်နှင့်တစ်ဖက် နားလည်မှုလွဲပြီး ငြိုးသူရန်ဘက်များသဖွယ်ဖြစ်သွားကာ ဖြေရှင်းမရသောပုစ္ဆာများ ဖြစ်သွားနိုင်ပေသည်။

ဤစာအုပ်၏နောက်ဆုံးအခန်း (၄) 'စိန်ခေါ်သူ The Challenger' သည် စင်စစ်အားဖြင့် ယနေ့တစ်ရှိန်ထိုးအင်အားကြီးလာသော တရုတ်ပြည်အကြောင်း ချီးပသုံးသပ်ထားခြင်းဖြစ်သော်လည်း တရုတ်ပြည်ကို အားကိုးအားထားပြုနေသူတို့ လေ့လာအတုယူစရာများ ဒုနှင့်ဒေးရှိနေသည်။ တံခါးဖွင့်စီးပွားရေးစနစ် ကျင့်သုံးနေပါသည်ဟု ကျယ်ကျယ်လောင်လောင်ပြောကာ လက်တွေ့တွင်မူ အခွင့်ထူးခံ ခရိုနစ်ဇင်ဖြင့်သာ လုံးချာလိုက်နေသူများလည်း တရုတ်ပြည်၏တံခါးဖွင့်စီးပွားရေးစနစ်ကို လေ့လာကြည့်သင့်လှသည်။ အထူးသဖြင့် ရုရှား၏ရှော့ခ်ရိုက်ကုထုံး သင်ခန်းစာနှင့် တရုတ်၏ တစ်ဆင့်ပြီးတစ်ဆင့် ကုထုံးတို့ကို နှိုင်းယှဉ်ပြထားသည့်အချက်ကို သတိပြုလေ့လာကြည့်သင့်သည်။

*ရုရှား၏အတွေ့အကြုံကို ဂရုတစိုက်လေ့လာထားသော တရုတ်ခေါင်းဆောင်များက ရှော့ခ်ရိုက်ကုထုံးနည်းကို ဆန့်ကျင်လက်မှာ သင်ခန်းစာအဖြစ် မကြာခဏ ညွှန်းလေ့ရှိကြသည်။ 'ရှော့ခ်ရိုက်များလေ ကုထုံးနည်းလေ' ဆိုသော စတုပ်ဘ်တဲပ်ဘော့ထ် (ကလင်တန်လက်ထက် စီးပွားရေးအကြံပေး) ၏အမြင်နှင့် သဘောညီပါလိမ့်မည်။*

*တရုတ်ခေါင်းဆောင်များက 'မဟာပေါက်ကွဲမှုကြီး' လို ဝုန်းဒိုင်းကြဲသည်မျိုးကို နှစ်သက်ဟန်မရှိပါ။ ဖြည်းဖြည်းမှန်မှန်နှင့် တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲသည်မျိုးကိုသာ ခံတွင်းတွေ့ဟန်တူပါသည်။ ကျွန်တော့်အမြင်အရပြောရလျှင် 'ပိုင်းခြေကို အရင်ဖွံ့ဖြိုးလာစေရေးမဟာဗျူဟာ' (grow-the denominator strategy) ဟု သဘောရပါသည်။ စွမ်းဆောင်ရည်ညံ့သော လုပ်ငန်းများကို ချက်ချင်းရပ်မပစ်ပါ။ ပုဂ္ဂလိကပိုင်ပြောင်းလဲရေးကို အတိုင်းအတာကြီးကြီးနှင့် ချက်ချင်းမဆောင်ရွက်ပါ။ ဤသို့ မအောင်မြင်သောနယ်ပယ်များကို ကာလတစ်ခုထိန်းထားပြီး အောင်မြင်နိုင်သည့် နယ်ပယ်များကိုသာ ပထမဆုံး ပြုပြင်ပြောင်းလဲဖို့ ကြိုးစားပါသည်။ သည်လိုနှင့် အောင်မြင်သည့်အပိုင်း (ပိုင်းခြေ) ကြီးလာလျှင် မအောင်မြင်သည့်အပိုင်း (ပိုင်းဝေ) သေးသွားလိမ့်မည်ဆိုသော စဉ်းစားချက်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ ကျွဲကူးရေပါတွဲပါလာသော ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် လုံလောက်သောအချိန်ရစေရန် ဖြည်းဖြည်းမှန်မှန်နည်းကို ရွေးချယ်ခဲ့ခြင်းလည်း ဖြစ်ပါလိမ့်မည်။* (စာ–၁၃၅)

တရုတ်ပြည်၏ အားသာချက်အများစုကို ရွေးချယ်ဖော်ထုတ်ထားသော်လည်း တစ်ဖက်စောင်းနင်းအထင်ကြီးမှုမျိုးမဖြစ်စေရန် အချို့နေရာများတွင် အားနည်းချက်အချို့ကိုလည်း ထောက်ပြပေးထားသည်။ ထိုသို့အားနည်း၊ အားသာချက် နှစ်မျိုးပါမှသာ အခြားတစ်ဖက်မှ ဆင်ခြင်သတိထားစရာများ သတိပြုနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက ရွှေပြည်တော်ကြီး အံ့ဘနန်းလှပသာယာပုံ၊ စည်ပင်ဝပြောပုံနှင့် မင်းမျိုးမတ်များ နေ့မအားညမအား တိုင်းပြည်အတွက် အလုပ်ကြိုးစားပုံတို့သက်သက်သာ ဝါဒဖြန့်နေသည်နှင့် တူသွားပေမည်။ ထို့ကြောင့် အောက်ပါထောက်ချက်ကလေးများက တရုတ်ပြည်ကြီးကို အထင်တကြီးအားကိုးအားထားပြုနေသူတို့လည်း ဆင်ခြင်သတိထားမိသင့်လှသည်။

*. . . . ဒေသများအကြား ဖွံ့ဖြိုးမှုအဆင့်ကွာဟချက်မှာ ပိုကြီးမားလာသလို ဆင်းရဲချမ်းသာကွာဟချက်မှာလည်း သိသိသာသာ မြင့်မားလျက်ရှိနေသည်။ ဤအခြေအနေကို အရင်းခံပြီး လူမှုရေးမငြိမ်မသက်မှုများပင် ရှိသလောက်ရှိလာသည်။ တရုတ်အစိုးရကိုယ်တိုင်က တရားဝင်ကိုးကားပြောဆိုသော စာရင်းဇယားများအရ ၂၀၀၄ ခုနှစ်အတွင်း တရုတ်ပြည်တစ်နံတစ်လျား လူထုအုံကြွမှုပေါင်း ၇၄၀၀၀ မျှ ရှိခဲ့သည်ဟု သိရပါသည်။ လွန်ခဲ့သောဆယ်နှစ်က ဤသို့သောအုံကြွမှုမျိုး အကြိမ် ၁၀၀၀၀ သာရှိခဲ့သည်နှင့် နှိုင်းယှဉ်ကြည့်ကြဖို့ဖြစ်သည်။* (စာ–၁၃၉)

*. . . ယခုအခါ တရုတ်ပြည် မြစ်ကြီးများရှိ ရေထု၏ ၂၆ ရာခိုင်နှုန်းမှာ ညစ်ညမ်းမှုရှိနေပြီဖြစ်၍ အခြေခံဂေဟဗေဒအလုပ်များကို ဆောင်ရွက်နိုင်စွမ်းအပြည့်အဝမရှိတော့ဟု သိရပါသည်။ ယန်စီမြစ်တစ်ခုတည်း၏ ကမ်းရိုးတန်းတစ်လျှောက်မှာပင်*


www.foreverspace.com.mm

*ဘေလာစက်ရုံပေါင်း ၉၀၀၀ မျှ ရှိနေပြီဖြစ်သည်။ ဘေဂျင်းမြို့တော်မှာလည်း ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အမြင့်ဆုံးမြို့ကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်နေပေပြီ။ တရုတ်မြို့နေလူထု သန်းပေါင်း ၅၆၀ ထဲမှ ၁ ရာခိုင်နှုန်းသာလျှင် (ဥရောပစံနှုန်းအရ) သန့်ရှင်းသောလေကို ရှူရှိုက်ခွင့်ရတော့သည်ဟု ဆိုပါသည်။ (စာ–၁၄၀)*

လတ်တလောအခြေအနေအရ မြန်မာနိုင်ငံတွင် ထိုမျှလောက် ဖော်ပြခွင့်ရသည်ကိုက အတော်ကြီးအံ့အားသင့်စရာပင်ဖြစ်နေသည်။ လွန်ခဲ့သည့် သုံးလေးနှစ်ခန့်က ဆိုလျှင် တရားဝင်ပုံနှိပ်ထုတ်ဝေနေသော ပြည်တွင်းစာစောင်များတွင် မည်သို့မျှ မြင်တွေ့ဖတ်ရှုရန် မဖြစ်နိုင်သောအချက်များ ဖြစ်သည်။ ဘာသာပြန်သူ အမေရိကကို ရောက်ခဲ့သည့်အတွက် မျက်မှောက်ကမ္ဘာကြီး၏အကျပ်အတည်းများ မျက်ဝါးထင်ထင်တွေ့မြင်ပြီး ဘာသာပြန်ဆိုရာတွင် ပို၍ လက်တွေ့သည့်အပြင် အိန္ဒိယသား ဇာခါရီးရားကိုယ်တိုင် သူ့နိုင်ငံအတွက် အားမလို အားမရဖြစ်နေသောကြောင့် တရုတ်ပြည်ကြီး၏ အားသာချက်များအကြောင်း ရေးရသည်ကိုလည်း လက်တွေ့ဟန်ရှိသည်။ မူရင်းစာအုပ်တွင် ပါဝင်သောအကြောင်းအရာများကို ဘာသာပြန်ဆိုထားသည်ဆိုလင့်ကစား မဟာတရုတ်ပြည်ကြီး၏ အားသာချက်များက သိသိသာသာ ထင်းလင်းနေသည်။ ဤအချက်ကို ခိုင်မာစေသည်က အောက်ပါအရေးအသားများဖြစ်သည်။

*အဆင်မြင့် ရင်းနှီးမြှုပ်နှံမှုဘဏ်သမားတစ်ဦးက တရုတ်အစိုးရနှင့်ပတ်သက်ပြီး ယခုလို မှတ်ချက်ချဖူးသည်။ ‘ကျွန်တော် ကမ္ဘာတစ်ဝန်းက အစိုးရတော်တော်များများနဲ့ ဆက်ဆံဖူးပါတယ်။ ကျွန်တော်ဆက်ဆံဖူးသမျှထဲမှာတော့ တရုတ်အစိုးရဟာ အထင်ကြီးစရာအကောင်းဆုံးပဲ . . . ။’*

*အမှန်စင်စစ် ဤသဘောထားမှာ ထိုပုဂ္ဂိုလ်တစ်ဦးတည်း၏ အမြင်မဟုတ်ပါ။ တရုတ်ပြည်သို့ ရောက်ဖူးသော ဘိဇနက်ခေါင်းဆောင်တိုင်းကို ကိုယ်စားပြုနိုင်သည့် ကျယ်ပြန့်သောအမြင်ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်က ‘ဖော်ကျွန်း’ မဂ္ဂဇင်းနှင့် လုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် ဘီးလ်ဂိတ်၏ တရုတ်ပြည်နှင့်ပတ်သက်သော သဘောထားကို ယခုလိုတွေ့နိုင်သည်။ ‘လူဆိုတာ ကိုယ့်အယူအဆနဲ့ကိုယ် တန်ဖိုးဖြတ်ကြရတာပေါ့ဗျာ။ ကျွန်တော် တစ်ဦးချင်းအနေနဲ့ပြောရရင် တရုတ်ခေါင်းဆောင်တွေဟာ အမြော်အမြင်ကြီးကြတာများတယ်’ (စာ–၁၃၈)*




*ပြောရလျှင် ပေကျင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်ကိစ္စကို အလေးအထားဆုံးအစိုးရဟု ဆိုရပါလိမ့်မည်။ တရုတ်အစိုးရထိပ်တန်းအရာရှိများဆိုလျှင် အစိမ်းရောင်ဂျီဒီပီနှင့် စီးပွားရေးတိုးတက်မှုကို ချိန်ခွင်လျှာမျှပေးဖို့လိုကြောင်း မကြာခဏထုတ်ဖော်ပြောဆိုလေ့ရှိကြသည်။ သမ္မတဟူကျင်းတောင်၏ ‘သဟဇာတလူ့အဖွဲ့အစည်း’ စီမံချက်မှာပါ သဘာဝပတ်ဝန်းကျင်ကိစ္စကို အထူးအလေးထားဖော်ပြထားသည်ကို တွေ့ရသည်။ (စာ–၁၄၀)*

အထက်ဆိုခဲ့ပါ အကောင်းမြင်စီးပွားရေးသမားနှစ်ဦးသည် တရုတ်ပြည်နှင့် ပုံမှန်ဆက်သွယ်အလုပ်လုပ်နေသူနှင့် တရုတ်ပြည်တွင် အင်အားကြီးမားစွာ ရင်းနှီးမြှုပ်နှံထားသော ဘီးလ်ဂိတ်တို့ဖြစ်နေခြင်း၊ တရုတ်နှင့် အိမ်နီးချင်းနိုင်ငံများအကြား ဖြစ်ပွားနေသော သဘာဝပတ်ဝန်းကျင်ရေးရာပြဿနာများကို ဇာခါရီးရား ကောင်းစွာမသိသေးခြင်းတို့ကြောင့် ထိုစကားများ၊ ထိုအမြင်များထွက်လာသည်ဟု ဆိုနိုင်သော်လည်း ဤအချက်များ မှန်သင့်သလောက်တော့မှန်နေသည်။ သို့သော် သဘာဝပတ်ဝန်းကျင်ကို အလေးထားသည်ဆိုသော အချက်မှာမူ သူ့နိုင်ငံတော့ သာစေ၊ အိမ်နီးချင်းနိုင်ငံများတော့ နာစေဆိုသည့်သဘောထားမျိုးထားရန်တော့ မသင့်လှ။ ထိုအချက်ကို ဒွိဟဖြစ်စေသည်က မဲခေါင်မြစ်ညာတွင် ရေကာတာများပိတ်ဆောက်သောကြောင့် ဒေသတွင်းရှိ မြစ်အကြေနိုင်ငံများနှင့် တရုတ်တို့အကြား ဖြစ်ပွားနေသော ပြဿနာနှင့် အိမ်နီးချင်းနိုင်ငံအချို့၏ အသက်သွေးကြောမသဖွယ်ဖြစ်နေသော မြစ်ကြီးများ၏ထိပ်ဖျားကိုပိတ်၍ ကိုယ်ကျိုးစီးပွားရှာခြင်းတို့ ဖြစ်ကြသည်။

ယခုစာအုပ်၏ နောက်ဆုံးအခန်းအရောက် တရုတ်ပြည်ရေးရာ သုံးသပ်ဝေဖန်မှုနှန်းဆချက်များက ပို၍အသက်ဝင်ကာ ပို၍ လက်တွေ့ကျလာသည်။ ထို့နောက် ပို၍ ပွင့်ပွင့်လင်းလင်းရှိလာသည်။ တရုတ်ခေါင်းဆောင်များ၏ နိုင်ငံနှင့် အမျိုးသားချစ်စိတ်အားကြီးပုံ၊ မိမိတို့အကျိုးစီးပွားသာနံပါတ်တစ်၊ အခြားအရာများ ဘာဖြစ်ဖြစ်ဆိုသောအချက်ကို ပေါ်လွင်လာစေသည်။ ဇာခါရီးရား၏ အောက်ပါ ဘွင်းဘွင်းရှင်းရှင်းဝေဖန်ချက်များကို ကြည့်ပါ။


*ပေကျင်းအနေနှင့် အစိုးရများနှင့် တိုက်ရိုက်ဆက်ဆံရသည်ကသာ မိမိအကျိုးများစေကြောင်း အတွေ့အကြုံအရ သိလာခဲ့သည်။ အထူးသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းမှကြဉ်ထားသော အာဏာပိုင်အစိုးရမျိုးနှင့်ဖြစ်လျှင် အရောင်းအဝယ်လုပ်ရသည်မှာ ပို၍ပင် လွယ်ကူရှင်းလင်းသည်။ တရုတ်ပြည်အတွက် လိုအပ်သော အရင်းအမြစ်များကို အဆိုပါအစိုးရများဆီမှ ရသလို ၎င်းတို့အတွက် လိုအပ်သောအရာများကိုလည်း တရုတ်ပြည်မှ ပြန်ပေးသည်။ ဤသည်မှာ နိုင်ငံရေးနှင့်မဆိုင် စီးပွားရေးဆက်ဆံမှုသက်သက်ဟု ရပ်ခံထားသည်။*

www.foreverspace.com.mm

*ဤရုပ်ခံချက်နှင့်ပင် ဇင်ဘာဘွေမှ ပလက်တီနမ်နှင့် သံရိုင်းများကိုဝယ်ပြီး ရောဘတ်မူဂါဘီအတွက် လိုအပ်သော လက်နက်နှင့် ရေဒီယိုအသံလွှင့်ချက်များကို တန်ပြန်ထုတ်လွှင့်ဖျက်ပစ်နိုင်သည့်ပစ္စည်း များ ပြန်ရောင်းချခဲ့ခြင်းဖြစ်သည်။ ဤသည်၏အကျိုးဆက်ကား ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ပေကျင်းမှာ မူဂါဘီ၏ အရေးကြီးသောထောက်ခံသူ ဖြစ်လာရတော့သည်။*

*ဆူဒန်မှာဆိုလျှင် တရုတ်ပြည်၏ ပါဝင်ပတ်သက်မှုမှာ ပို၍ပင် နက်ရှိုင်းသည်ဟုဆိုနိုင်သည်။ ၁၉၉၃ ခုနှစ်ကပင် ဤနိုင်ငံရှိရေနံတွင်းများတွင် ဒေါ်လာ ၃ ဘီလီယံဖိုးခန့် ရင်းနှီးမြှုပ်နှံထားခဲ့သည်။ ဆူဒန်၏ အကြီးဆုံးရေနံကော်ပိုရေးရှင်းကြီးနှစ်ခု၏ အများစုရှိရာများကို ကိုင်ထားသည်မှာလည်း တရုတ်ကုမ္ပဏီတွေဖြစ်သည်။ ဆူဒန်အစိုးရ ရေနံပို့ကုန်မှရသောဝင်ငွေ၏ ၆၅ ရာခိုင်နှုန်းမှာ တရုတ်ပြည်မှလာခြင်းဖြစ်သည်။ ဤသို့သော စီးပွားရေးဆက်ဆံမှုများနှင့်အပြိုင် တရုတ်နှင့် ဆူဒန်အစိုးရတို့မှာ စစ်ရေးအရ မဟာမိတ်ဖွဲ့ထားကြသေးသည်။ ကုလသမဂ္ဂက တားဆီးပိတ်ပင်ထားသည့်ကြားမှပင် ဒါဖာရှိ အစိုးရလိုလားသောတပ်ဖွဲ့များကို တရုတ်အစိုးရက လက်နက်များ ရောင်းချခဲ့သည်။ . . . .*

*. . . တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ကိုယ်တိုင်ကပင် ယခုလို ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့သည်။ 'ဘိဇနက်ဟာ ဘိဇနက်ပဲဗျ။ ကျွန်တော်တို့ ဘိဇနက်နဲ့နိုင်ငံရေးကို ခွဲခြားဖို့ အမြဲကြိုးစားပါတယ်။ ပြီးတော့ ဆူဒန်အရေးဟာ သူ့ရဲ့ ပြည်တွင်းရေးပဲ။ ကျွန်တော်တို့အနေနဲ့ သူများပြည်တွင်းရေးကို ဝင်စွက်ဖက်ဖို့ သဘောထားမရှိပါဘူး ...'*။ (စာ−၁၆၅၊ ၁၆၆)




စင်စစ်အားဖြင့် တရုတ်ပြည်၏ ယနေ့မူဝါဒသည် မနေ့တစ်နေ့ကမှ ဖုတ်ပူမီးတိုက်ကြံစည်ဖော်ဆောင်ခဲ့သည်မဟုတ်။ ဟိုးယခင် နှစ်ပေါင်းများစွာကပင် ဤမူဝါဒကိုသာ ကိုင်စွဲခဲ့သည်။ ဒေသတွင်းအပါအဝင် တရုတ်ပြည်နှင့် အိမ်နီးချင်းကပ်လျက်ရှိနေသောနိုင်ငံများနှင့် ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင်လည်း ဤအချက်ပေါ်လွင်သည်။ ယခင်က ပါဝါအမာသုံးခဲ့ခြင်းမှသည် ယနေ့ ပါဝါအပျော့အစားထိုးလာခြင်းသာကွာသည်။ ပါဝါအမာသည် စစ်ရေး။ ပါဝါအပျော့သည် ဒစ်ပလိုမေစီနှင့် စီးပွားရေးဖြစ်သည်။ ယနေ့ပင်လျှင် ဒေသတွင်းနိုင်ငံများကိုကြည့်။ အများစုသောနိုင်ငံများ၏ စီးပွားရေးနယ်ပယ်ကို ကြည့်လျှင် ရေခြားမြေခြား တရုတ်တိုင်းရင်းသားများလက်အတွင်းသာ ကျရောက်နေသည်။ ထိုတရုတ်တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်၊ ကုန်သည်ကြီးများသည် တရုတ်ပြည်မကြီးအစိုးက လိုလေသေးမရှိအောင် အထောက်အပံ့ပေးထားသော ရေခြားမြေခြား တရုတ်ကုန်သည်ကြီးများ အသင်းဝင်များဖြစ်ကြသည်။ နိုင်ငံအားလုံးတို့၏အချုပ်အချာအာဏာသည် သက်ဆိုင်ရာနိုင်ငံသားအားလုံးထံတွင်သာ တည်သည်။ နိုင်ငံ့အရေးကိစ္စမှန်သမျှ အားလုံးဆက်စပ်ပတ်သက်နေသည်။ စီးပွားရေး၊ နိုင်ငံရေးပတ်သက်မှုက ပို၍ ထင်သာမြင်သာရှိသည်။ နှစ်နိုင်ငံအစိုးရ အကြီးအကဲများ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များတွင် နှစ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများ လိုက်ပါလာကာ နှစ်နိုင်ငံအကြား စီးပွားကုန်သွယ်မှု သဘောတူညီချက်များ တည်ဆောက်ကြသည်။ သို့ဆိုလျှင် ဒေသတွင်းနိုင်ငံများ၏ ပုဂ္ဂလိကပိုင်းဆိုင်ရာ ခနဉစ္စာသည် မည်သူများလက်ဝယ်တွင် ရာခိုင်နှုန်းအများစုရှိနေသနည်းဆိုသည့် အပေါ်မူတည်ကာ ထိုနိုင်ငံများ၏ ရေရှည်အချုပ်အချာအာဏာကိုပြဋ္ဌာန်းမည်ဟုဆိုကမှားအံ့မထင်။ ဆင်ခြင်သုံးသပ်၊ ဝေဖန်မြော်မြင်ကြည့်ကြဖို့သာ။

နိုင်ငံတည်ဆောက်ရေးကာလနှင့် တိုက်ဆိုင်နေသော ယနေ့အချိန်တွင် ထွက်ရှိလာသော ဤစာအုပ်မျိုးကို နိုင်ငံကို နည်းလမ်းတကျဖွံ့ဖြိုးတိုးတက်စေချင်စိတ်အမှန်တကယ်ရှိသူတိုင်း လေ့လာဖတ်ရှုကာ သင်ခန်းစာယူ အတုယူထိုက်သည်။ စာအုပ်ထုတ်ဝေသော Plastic Rainbow စာအုပ်တိုက်နှင့် ဘာသာပြန်သူကျော်ဝင်းတို့၏ စေတနာကို Living Colorက အထူးတလည် အသိအမှတ်ပြုရမည်ဖြစ်သည်။

ထုတ်ဝေတိုက် − Plastic Rainbow
ထုတ်ဝေသည့်နှစ် − ၂၀၁၀ ခုနှစ်၊ မတ်လ
ထုတ်ဝေသည့်အကြိမ် − ပထမအကြိမ်
အုပ်ရေ − ၅၀၀
တန်ဖိုး − ၂၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ် − ၄၀၁၄၀၀၁၂၀၉

# အလှလည်းပြင် ဈေးလည်းဝယ်လို့ရတဲ့ Aeroma

Aeroma ဆိုတဲ့ ဒီဆိုင်လေးက ထူးထူးဆန်းဆန်းနာမည်လေးဖြစ်တဲ့အပြင် တခြားဖက်ရှင်ဆိုင်တွေနဲ့မတူလို့ သူ့အကြောင်းကို ပြောပြချင်တယ်။ ဒီဆိုင်လေးမှာ အလှပြုပြင်ရေး Beauty Spa ရှိတဲ့အပြင် ကိုယ်လိုချင်တဲ့ နောက်ဆုံးပေါ်ဖက်ရှင်တွေကိုလည်း ရောင်းချပေးတဲ့အတွက် Shopping လည်းထွက်လို့ရပြီး အလှလည်းပြင်လို့ရမှာမို့ အချိန်ကုန်လူပင်ပန်းသက်သာလိုတဲ့သူတွေအတွက် ညွှန်ပေးလိုက်တာပါ။ ဒီဆိုင်လေးကို အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဦးချစ်မောင်အိမ်ရာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မှာ ဖွင့်ထားပါတယ်။

www.foreverspace.com.mm



# New Books

**'တအုပ်စာပေလူ့မိတ်ဆွေ' ဆိုတဲ့ ဆိုရိုးစကားအတိုင်း စာများများဖတ်လေ ကိုယ့်အတွက် အတွေ့အကြုံဗဟုသုတရလေမို့ စာဖတ်တဲ့အလေ့အထဟာ ကောင်းတဲ့အလေ့အထတစ်ခုလို့ဆိုရမှာပါ။ အဲဒါကြောင့် စာအုပ်ဖတ်ရတာကြိုက်နှစ်သက်တဲ့ စာချစ်သူတွေအတွက် နှစ်ခြိုက်ရာအကြောင်းအရာလေးတွေပါဝင်မယ့် စာအုပ်တွေကို ရွေးချယ်ဝယ်ယူလို့ရအောင် အသစ်ထွက်ရှိသမျှထဲက လက်လှမ်းမီရာစာအုပ်တချို့ကို ကောက်နုတ်ဖော်ပြပေးထားတာပါ။**

## စိတ္တဇပန်းချီ

### ခင်ဝမ်း

**စာမူခွင့်ပြုချက်အမှတ်– ၄၀၁၀၉၀၀၉၀၉**
**ထုတ်ဝေတိုက် – အလင်းသစ်**
**တန်ဖိုး – ၃၀၀၀ ကျပ်**

ဒုတိယအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေဖို့ အခက်အခဲများ ကျော်ဖြတ်ခဲ့ရတယ်လို့ ထုတ်ဝေသူကဆိုထားတဲ့ ခင်ဝမ်းရဲ့ 'စိတ္တဇပန်းချီ' ဆိုတဲ့ စာအုပ်ပါ။ ဒီစာအုပ်ကို ဒုတိယအကြိမ်မြောက်ထုတ်ဝေချိန်ဟာလည်း စာရေးသူကွယ်လွန်တဲ့ ၁၀ နှစ်ပြည့်အချိန်နဲ့လည်း တိုက်ဆိုင်နေပါတယ်။


ဒီစာအုပ် ကိုရေးသားစဉ်က ပန်းချီတစ်ခုတည်းကိုပဲ တစိုက်မတ်မတ်လေ့လာနေတဲ့အချိန်ဖြစ်လို့ သူ့ရဲ့ရင်ထဲမှာ ပန်းချီအာရုံတွေနဲ့ ပြည့်နေတာမို့ ပန်းချီကို လောဘတက်ပြီး သူ့ရဲ့အသုံးအနှုန်းတွေဟာ မာနေခဲ့ပါတယ်။ ဒါပေမဲ့ စေတနာ၊ ကရုဏာတွေအပြည့်နဲ့ဆိုတာ လေ့လာကြည့်ရင်သိနိုင်မှာပါလို့ ဆရာခင်ဝမ်းရဲ့ဇနီးသည်က အမှာစာမှာ ဆိုထားပါတယ်။ ဒီစာအုပ်ကို မဖတ်ရသေးသူတွေ ဖတ်ပြီးတော့ ပန်းချီဆိုတာကို ခံစားမိလာမယ်ဆိုရင် ကိုခင်ဝမ်းရဲ့ စေတနာအကျိုးရှိသွားပါပြီလို့လည်း သူမကပြောထားပါသေးတယ်။

'. . . ခုဖြစ်နေတဲ့ပြဿနာက စာမတတ်သူတစ်ယောက်ကို အင်္ဂလိပ်ဝတ္ထုစာအုပ်ဝယ်ခိုင်းတာမျိုး ဖြစ်နေတယ်။ ခေတ်မီမှု၊ တိုးတက်မှုကို မကျွမ်းကျင်မလေ့လာတဲ့ လေ့နံစားထစ်သမားကြီးတွေက ခေတ်မီပန်းချီကို ဆုံးဖြတ်လာတဲ့အခါ အမှားအယွင်းတွေဖြစ်လာရော။ တိုင်းပြည်ရဲ့တိုးတက်မှုမှာလည်း နှောင့်နှေးသွားတယ် . . .' စသလို စာသားတွေ ပါဝင်တယ်။

စာအုပ်ရဲ့ကျောဖုံးမှာတော့ 'တိုးတက်မှုကိုလည်း လက်လှမ်းမမီ၊ လေ့လည်းမလေ့လာ၊ အားလည်းမပေး၊ ကိုလိုနီခေတ်က ပန်းချီအဟောင်းတွေကို အသေဆုပ်ကိုင်ပြီး စိတ္တဇပန်းချီကို သရုပ်ပျက်တွေပါလို့ ရမ်းသန်းပြီး ထင်ကြေးနဲ့ ရှုတ်ချသူတွေသာ အယူသီးနေတဲ့ခေတ်ဟောင်း နောက်ပြန်ဆွဲသမားတွေပဲ . . . ' လို့ ဖော်ပြထားသေးတယ်။

ပန်းချီတစ်ချပ်ရဲ့ ကာရန်၊ အနုပညာရဲ့အနုပညာ၊ တင်ပြမှု ဆိုင်ရာနည်းသုံးသွယ်၊ ကျွန်တော်တို့ခေတ် စသလို ခေါင်းစဉ်ခွဲပေါင်း ၁၄ ခု ပါဝင်တယ်။

■




## အယ်လ်ဇေးရှင်းကို ပြုစုစောင့်ရှောက်ခြင်း

### ဒေါက်တာခင်စန်းမော်

**စာမူခွင့်ပြုချက်အမှတ်– ၄၀၁၁၈၁၁၀၀၈**
**ထုတ်ဝေတိုက် – တူဒေး**
**တန်ဖိုး – ၂၅၀၀ ကျပ်**

ပင်ကိုဗီဇသဘာဝအရ စောင့်ရှောက်ခြင်း၊ အကူအညီပေးခြင်း၊ ထိန်းကျောင်းကွပ်ကဲခြင်း စသော အရည်အချင်းများရှိတဲ့ နာမည်ကျော် ခွေးအမျိုးအစား German Shepherd (Alsatian) ခွေးတွေကို မွေးမြူရာမှာလိုအပ်တဲ့ လေ့ကျင့်သင်ကြားပေးပုံနည်းစနစ်တွေကို ဖော်ထုတ်တင်ပြထားတဲ့စာအုပ်ပါ။ သာမန်အလှမွေး အဖော်ပြုခွေးအဖြစ်သာမက အိုးအိမ်လုံခြုံစောင့်ရှောက်ပေးမှုအတွက်ပါ အားထားရတဲ့ ရဲဘော်ရဲဘက်ခွေးအဖြစ် အထောက်အကူရစေဖို့ရည်ရွယ်ပြီး တိရစ္ဆာန်မွေးမြူရေးနဲ့ ကုသရေးပညာရှင် ဒေါက်တာခင်စန်းမော်က အသေးစိတ်ပြုစုတင်ပြထားတာဖြစ်တယ်လို့ ထုတ်ဝေသူတွေကဆိုထားတယ်။ အယ်လ်ဇေးရှင်းခွေးတွေရဲ့ကောက်ကြောင်းကို ကြည့်မယ်ဆိုရင် ရဲစွမ်းသတ္တိရှိတဲ့ လုံခြုံရေးခွေး၊ ရဲခွေး၊ အလုပ်လုပ်တဲ့ခွေးအဖြစ် တစ်ကမ္ဘာလုံးအနှံ့ တာဝန်ထမ်းဆောင်ခဲ့တာတွေ့ရပြီး ဒီခွေးရဲ့ လူသိနည်းသေးတဲ့ နှစ်လိုဖွယ်အရည်အသွေးတွေပေါင်းလိုက်တဲ့အခါ လူသားတွေအတွက် ချစ်မြတ်နိုးဖွယ်ကောင်းတဲ့ အဆွေခင်ပွန်းဖြစ်လာပါတယ်လို့ ဒီစာအုပ်ရဲ့နိဒါန်းမှာ ဖော်ပြထားတယ်။ အယ်လ်ဇေးရှင်းခွေးအကြောင်းနားလည်ရန် လေ့လာခြင်း၊ အယ်လ်ဇေးရှင်းခွေးတစ်

www.foreverspace.com.mm




ကောင်ဝယ်ယူရန်ရွေးချယ်ခြင်း၊ နေသားကျ အောင်ပြုလုပ်ခြင်းနှင့် နေ့စဉ်လုပ်ငန်း ဆောင်တာများ၊ အဆင့်မြင့်လေ့ကျင့်ရေး သင်ခန်းစာများ စတဲ့ ခေါင်းစဉ်ခွဲပေါင်း ရှစ်ခုခန့်ပါဝင်ပါတယ်။ ဒီစာအုပ်ထွက်ရှိတာ အနည်းငယ်ကြာပြီဖြစ်ပေမယ့် လိုအပ်ချက်တစ်ခုခုအရ စနစ်တကျမွေးမြူလိုသူတွေအတွက်အကူရအောင်လို့ပါ။

■

## သဘာဝပစ္စည်းများသုံး၍ တစ်ကိုယ်လုံးအလှပြင်နည်းများ


**ရူပါသိမ်း**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၆၉၀၀၆၀၇**
**ထုတ်ဝေတိုက် – ဒို့လမ်း**
**တန်ဖိုး – ၂၀၀၀ ကျပ်**

နုပျိုလှပပြီး ကျန်းမာစွာ အသက်ရှည်ဖို့အတွက် မြန်မာ့နည်းမြန်မာ့ဟန်နဲ့ မြန်မာပြည်တွင်းမှာ အလျှံပယ်ပေါများတဲ့ သဘာဝပစ္စည်းသီးနှံတွေကိုသုံးပြီး အချိန်ကုန်၊ ငွေကုန်သက်သက်သာသာနဲ့ ရယူနိုင်တယ်ဆိုတာ ကိုယ်တိုင်လေ့လာပြီးမှ စာရေးသူသိရှိသမျှကိုဖော်ပြထားတာပါလို့ စာရေးသူက ဆိုထားပါတယ်။

သံပုရာသီးသုံး၍ တစ်ကိုယ်လုံးအလှပြင်နည်းမှာ သံပုရာသီးကို ပျော့ဆေးအဖြစ်သုံးနိုင်ပုံ၊ သံပုရာသီးအခွံရဲ့ ဇောက်သေမှုအစွမ်း၊ တံတောင်၊ ဒူး၊ ခြေမျက်စိတွေက အသားမာတွေ၊ ကြာဆူးတွေကို သံပုရာနဲ့ကုသပေးပုံ၊ ကိုယ်လုံးအလှအဆီကျစေပုံတို့ကို အချက်အလက်နဲ့တကွ ဖော်ပြပေးထားတဲ့အပြင် မြန်မာ့ဆေးကျမ်းအလိုအရ အင်္ဂလိပ်ဆေးကျမ်းအလိုအရ၊ အိန္ဒိယဆေးကျမ်းအလိုအရဆိုတဲ့ သံပုရာသီးရဲ့ အသုံးဝင်ပုံကိုပါ တွေ့ရမှာပါ။

ဒါ့အပြင် သခွားသီး၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ ထောပတ်သီး၊ ဖရဲသီး၊ စပျစ်သီး၊ လိမ္မော်သီး၊ ရှောက်သီး၊ မန်ကျည်းသီး၊ ခရမ်းချဉ်သီး စတဲ့ သဘာဝအသီးအနှံတွေကိုသုံးပြီး တစ်ကိုယ်လုံးအလှပြင်နည်းတွေအပြင် လှပကျန်းမာအဆီကျဖို့ရာကင်ပွန်းချဉ်ကိုစားပါ၊ ရောဂါကင်းစေတဲ့ လက်ဖက်ရည်၊ မြေပဲနှင့် အလှလျှို့ဝှက်ချက်စတဲ့ အမျိုးသား၊ အမျိုးသမီးတွေအတွက် အလှအပအပြင် ကျန်းမာရေးအတွက်ပါ အထောက်အကူရနိုင်တဲ့ ခေါင်းစဉ်ခွဲပေါင်း ၂၅ ခု ပါဝင်ပါတယ်။







## ကုန်သည်အိတ်ဆောင်

**ပီမိုးနင်း**

**စာမူခွင့်ပြုချက်အမှတ် –၄၀၁၁၀၀၀၉၀၉**
**ထုတ်ဝေတိုက် – အားမာန်သစ်**
**တန်ဖိုး – ၆၀၀ ကျပ်**

စာရေးဆရာပီမိုးနင်းရေးသားထားခဲ့တဲ့ 'ကုန်သည်အိတ်ဆောင်' ဆိုတဲ့စာအုပ်ကိုအခု ဒုတိယအကြိမ်မြောက်အဖြစ် ထပ်ပြီးထုတ်ဝေလိုက်တာပါ။ ပေါ့ပေါ့ပါးပါး ရှင်းရှင်းလင်းလင်းပုံစံမျိုး ရေးသားထားတာပါ။ ပီမိုးနင်းအရေးအသား ဖတ်ရှုလိုသူတို့အတွက် အကြောင်းအရာရော၊ အရေးအသားကိုပါ လေ့လာနိုင်ပါလိမ့်မယ်။ 'ကုန်သည်အိတ်ဆောင်' ဆိုတဲ့အတိုင်း ကုန်သည်အလုပ်၊ အရောင်းအဝယ်အလုပ်၊ စီးပွားရေးအလုပ်တွေနဲ့မကင်းသူတိုင်းအတွက် ထောက်ချင့်အသုံးတည့်နိုင်မယ့် စာအုပ်ပါ။ မြန်မာလူမျိုးတချို့ စီးပွားရေးလုပ်ငန်းကြီးတွေမှာ အောင်မြင်သင့်သလောက် မအောင်မြင်ရတဲ့အကြောင်းကိုလည်း 'ဆိုင်ထဲမှာစိတ်ကိုထား' ဆိုတဲ့ခေါင်းစဉ် 'မြန်မာဈေးသည်များ' ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ ရေးသားထားတယ်။ ကြော်ငြာနှင့်အသံ၊ ကြော်ငြာအင်အား၊ ရောင်းချရာ၌ ရိုးဖြောင့်

ခြင်း၊ ရောင်းဝယ်နည်း၊ ကုလားနေရာ မြန်မာဝင် စတဲ့ ခေါင်းစဉ်ခွဲပေါင်း ၁၈ခု ပါဝင်ပါတယ်။ ဈေးနှုန်းလေးကလည်း ချို ချို၊ အကြောင်းအရာလေးတွေကလည်း တို တိုနဲ့ ထိထိမိမိရေးသားထားတဲ့ ပီမိုးနင်းရဲ့စာတွေက အခုလက်ရှိအချိန်အထိ အသုံးတည့်တာ တွေ့ရပါလိမ့်မယ်။

■

## နီးနီးဝေးဝေး အတွေးလက်ဆောင်


**ဦးဘုန်း (ဓာတု) မန္တလေး**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၁၁၆၀၀၉၀၉**
**ထုတ်ဝေတိုက် – ဇင်ရတနာစော**
**တန်ဖိုး – ၁၅၀၀ ကျပ်**

'အရင်တုန်းက နောက်ဘဝဆိုတာ အဝေးကြီး မနက်ဖြန်ဆိုတာ နီးနီးလေးလို့ ထင်ထားတာ။ အခုမှ တွေးမိတယ် မနက်ဖြန်ဟာအဝေးကြီး နောက်ဘဝဆိုတာက နီးနီးလေး၊ ဒါကြောင့် . . . မနက်ဖြန်ဆိုပြီး အချိန်မဆွဲကြေး . . .'။ ဆိုပြီး စာအုပ်ကျောဖုံးမှာ ရိုက်နှိပ်ဖော်ပြထားပါတယ်။

နီးနီးဝေးဝေးဆိုတဲ့ ခေါင်းစဉ်အောက်က စကားစုလေးတွေက စေ့စေ့တွေးကြည့်ရင်ဟုတ်ပါတယ်။ နောက်ဘဝဆိုတာ တကယ်ကို နီးနီးလေးပါ။ 'ကွေးသောလက်မဆန့်ခင် ဆန့်သောလက်မကွေးခင်' လို့လည်းဆိုထားခဲ့ကြတယ် မဟုတ်ပါလား။ ဒီစာအုပ်ထဲမှာပါတဲ့စာတွေက နည်းနည်းဖတ်ပြီး များများတွေးစေဖို့ ရည်ရွယ်တယ်လို့ဆိုထားတဲ့အတိုင်း တွေးစရာလေးတွေပေးတာမို့ လူငယ်၊ လူကြီးမရွေး အသုံးတည့်နိုင်ပါတယ်။

ဒီစာအုပ်ထဲကစာတွေဟာ ဆောင်းပါးမဟုတ်၊ ဝတ္ထုမဟုတ်ဘဲ တွေးမိတာလေးတွေကို ရေးတတ်သလိုရေးထားတဲ့ အတွေးစာစကားလေးမျှသာဖြစ်တယ်လို့ စာရေးသူက ဆိုထားပါတယ်။ ဒွေး (ခေတ္တ–လူ့ပြည်) ၊ နီးနီးဝေးဝေး၊ သုညငါး၊ ငါးသုည၊ သဲအိမ်၊ ပန်းပွင့်များ စတဲ့ ခေါင်းစဉ်ခွဲပေါင်း ၂၃ ခု ပါဝင်ပါတယ်။




■

## Essential English English Grammar & Conversation For All - Level Students

**ဦးသြဘာသ (Ph. D. Thesis)**
**အပြည်ပြည်ဆိုင်ရာ**
**ထေရဝါဒဗုဒ္ဓဘာသာသာသနာပြုတက္ကသိုလ်**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၀၃၉၁၀၄၁၀**
**ထုတ်ဝေတိုက် – နေမျိုးစာပဒေသာ**
**တန်ဖိုး – ၃၀၀၀ ကျပ်**


ပြည်ပခရီးသွားဖို့ အစီအစဉ်ရှိသူ၊ အင်္ဂလိပ်စကားပြောနဲ့သဒ္ဒါကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ်တိုင်လေ့လာလိုသူတွေနဲ့ အင်္ဂလိပ်စာနဲ့မကင်းသူတိုင်းအတွက် အသုံးတည့်နိုင်မယ်စာအုပ်ပါလို့ စာအုပ်ရဲ့ကျောဖုံးမှာဆိုထားပါတယ်။ ကမ္ဘာ့ဘာသာစကားမျိုးစုံမှာ အင်္ဂလိပ်ဘာသာစကားဟာ လူမျိုးခြားတော်တော်များများက အသုံးပြုနေကြတဲ့ ဘာသာစကားဖြစ်တာကြောင့် အင်္ဂလိပ်ဘာသာစကားကိုသင်ယူရာမှာလည်း အဆိုပါစာအုပ်ကို လေ့လာကြည့်သင့်ပါတယ်လို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ရဲ့ ပါမောက္ခချုပ် ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသက အမှာစာမှာ ဆိုထားပါတယ်။ အင်္ဂလိပ်သဒ္ဒါတွေ၊ စကားပြောတွေကို လေ့ကျင့်ခန်းတွေ၊ လေ့လာဖွယ်စကားလုံးတွေနဲ့ ပြည့်ပြည့်စုံစုံ ဖော်ပြထားပါတယ်။ အင်္ဂလိပ်–မြန်မာနှစ်ဘာသာနဲ့ဖော်ပြပေးထားတဲ့အပြင် မာတိကာမှာလည်း လေ့လာဖွယ် အခန်းစဉ်အလိုက် စနစ်တကျပြုစုပေးထားပါတယ်။ References Book များစွာထဲက စုစည်းဖော်ပြပေးထားတာမို့ အင်္ဂလိပ်စာ အင်္ဂလိပ်စကား လေ့လာလိုသူတွေအတွက် ဆောင်ထားသင့်တဲ့စာအုပ်ကောင်းတစ်အုပ်ပါ။ စာမျက်နှာ ၆၃၀ ကျော်ပါဝင်ပြီး ဂူဖရီးစာရွက်ချောနဲ့ ရိုက်နှိပ်ထားတာပါ။

■

## ကံကောင်းခြင်းကိုသယ်ဆောင်လာသူနှင့် ဓမ္မရေးရာဆောင်းပါးများ

**အရှင်ရေဝတ (သာသနာ့ပျိုးခင်း)**

**စာမူခွင့်ပြုချက်အမှတ်–၃၂၀၂၃၉၁၁၀၉**
**ထုတ်ဝေတိုက် – Unity စာပေ**
**တန်ဖိုး – ၁၀၀၀ ကျပ်**



www.foreverspace.com.mm

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှာ စာပေများပို့ချသင်ကြားပေးနေပြီး ဓမ္မရသီ၊ ဓမ္မရတနာမြတ်ပန်းရဂုံ စတဲ့ ဘာသာရေးမဂ္ဂဇင်းတွေမှာ ဓမ္မဆောင်းပါးများရေးသားသူ အရှင်ရေဝတ (သာသနာ့ပျိုးခင်း) ရဲ့ ဓမ္မဆောင်းပါးတွေကို စုစည်းထားတာပါ။ အများနားလည်လွယ်အောင် ခပ်ရှင်းရှင်းရေးသားထားတဲ့အပြင် ဘာသာရေးနဲ့ပတ်သက်ပြီး လူအများအကြား အငြင်းပွားလေ့ရှိတဲ့ တချို့အကြောင်းအရာတွေကိုပါ ထည့်သွင်းရှင်းပြ ရေးသားပေးထားပါတယ်။ ‘အမျိုးသမီးများ မဟာဗြဟ္မာမဖြစ်ရခြင်းအကြောင်း’ ဆိုတဲ့ဆောင်းပါးမှာလည်း အမျိုးသမီးများမရနိုင်၊ မဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ထူးငါးဦးကို ရေးပြထားတဲ့အပြင် ဘာလို့မဟာဗြဟ္မာမဖြစ်ရတယ်ဆိုတာကို ရင်တွင်းဖြစ်တတ်လေ့ရှိတဲ့ စောဒကတွေကို တစ်ဆင့်ချင်းရှင်းပြီး ရေးသားထားပါတယ်။ မိတ်ဆွေးဆိုတဲ့ဆောင်းပါးမှာ မိတ်ဆွေဘဝကနေ မိတ်ဆွေးဘဝပြောင်းသွားပုံကို ပြောင်းသွားရတဲ့အကြောင်းသုံးရပ်နဲ့ ရေးသားထားတယ်။ အဆက်မပြတ် သွားရောက်လည်ပတ်တာ၊ အလိုက်ကန်းဆိုးမသိ မတောင်းသင့်တဲ့အချိန်မှာ တောင်းရမ်းတာ၊ တစ်ခါတစ်ခေါက်မှ အလည်အပတ်မသွားတာတို့ဟာ မိတ်ဆွေးဖြစ်သွားစေတဲ့ အကြောင်းဖြစ်ရပ်လေးတွေနဲ့ ယှဉ်တွဲရေးသားထားပါတယ်။

‘စစ်မှန်တဲ့ကိုးကွယ်ရာ ရတနာမြတ်သုံးပါးရှိတာမို့ အစစ်ကိုရပြီးမှ ကိုးကွယ်ရာအတုအယောင်တွေရှိဖို့မလိုပါဘူး’ ဆိုတာကို ရေးသားထားတဲ့ ‘အမေထံသို့ပေးစာ’၊ သူတစ်ပါးပိုင်တဲ့ပစ္စည်းဥစ္စာကို မတရားသဖြင့်ယူမိလို့ ဖြစ်လာနိုင်မယ့် အကျိုးဆက်ကို ရေးသားထားတဲ့ ‘မြေတစ်ထွာ၏ အရိပ်မည်း’ စတဲ့ဆောင်းပါးတွေအပြင် ဆောင်းပါးပေါင်း ၁၅ ပုဒ် ပါဝင်ပါတယ်။



■


## တောလား

**အောင်ချိမ့်**

**ဘာသာပြန်သူ မောင်သာနိုး**

**စာမူခွင့်ပြုချက်အမှတ် –၄၂၀၀၅၈၀၉၀၉**
**ထုတ်ဝေတိုက် – ခါကာဘိုစာပေ**
**တန်ဖိုး – ၂၀၀၀ ကျပ်**

‘သမိုင်းမဟုတ်ဘူး ရာဇဝင်မဟုတ်ဘူး’ ဒီစာအုပ်ကို ကဗျာဖတ်သူဖတ်တဲ့အခါ ‘ရုပ်ရှင်ကားတစ်ကားလောက် ကြည့်ရတဲ့သဘောပဲ’ ဟူပါက ကျွန်တော့်ဘက်ကလည်း သဘောတူပါတယ်။ အနုပညာပြုလုပ်မှုမျှသာ။ အဲဒါ ကျွန်တော့်နှစ်ငါးဆယ်။ အဲဒါ ကျွန်တော့်တောလား။ ခင်ဗျား စိတ်ဝင်ရဲ့လား’ လို့ ကဗျာဆရာအောင်ချိမ့်က နိဒါန်းမှာ ဆိုထားတယ်။ မောင်သာနိုးက အင်္ဂလိပ်ဘာသာပြန်ဆိုပေးထားလို့ အင်္ဂလိပ်– မြန်မာ နှစ်ဘာသာနဲ့ ခံစားနိုင်မယ့် စာအုပ်တစ်အုပ်ဖြစ်တယ်။ အောင်ချိမ့်က ကိုယ့်လမ်းကြောင်း ကိုယ်ပြန်ကြည့်ရာက ဒီ‘တောလား’ကို ရေးခဲ့နိုင်ခြင်းဖြစ်တယ်လို့ ဆိုထားတယ်။ ရေးအပြီး ခြောက်လ၊ ခုနစ်လလောက်အကြာမှာ စာကြောင်းရွှေ့တာ၊ ပြင်တာ၊ ဖြည့်စွက်ထပ်တိုးတာ နည်းနည်းစီလုပ်ပြီး ၁၀ နှစ်အကြာမှာမှ ထုတ်ဝေဖို့ ပြန်လည်နိုးကြားလာတာလို့လည်း ကဗျာဆရာ အောင်ချိမ့်အဆိုအရ သိရပါတယ်။




ငါ့အဖေဟာ သေတဲ့အထိ လက်ပတ်နာရီ မပတ်ဖူးဘူး၊ ပိုက်ဆံငါးကျပ်ကျော်အောင် မကိုင်ဖူးဘူး၊ ငါက တန်ပါတယ်၊ ငါက ဟန်ပါတယ်၊ ပိုက်ဆံအိတ်နဲ့မဆံ့တဲ့ ပိုက်ဆံတွေ၊ ရေမွှေးနံ့တထောင်းထောင်း အကျင့်စာရိတ္တတွေ တိုက်တာပြောင်ပြောင်တွေ၊ လမ်းမကျယ်ကြီးပေါ်မှာ ကြယ်တွေလိုက်ကောက်ကြ၊ အကျင့်ပျက်ပြားကြ၊ စီးကရက်နဲ့ အားဖြည့်အချိုရည်ကြိုက်နှစ်ခြိုက်ကြ၊ ဆက်လက်၍ နေမြဲနေ မှားမြဲ မှား . . . ။

■

## နိုင်ငံ့အရေးနှင့် စီးပွားရေးပေါ်လစီ

**ဒေါက်တာအောင်ကိုကို**

**(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)**

**စာမူခွင့်ပြုချက်အမှတ်– ၃၁၀၁၃၄၁၂၀၉**
**ထုတ်ဝေတိုက် – ထက်ဝေယံ**
**တန်ဖိုး – ၁၅၀၀ ကျပ်**

The Voice Weekly, Ecovision, Myanmar Post, Yangon Times, Weekly Eleven ဂျာနယ်တွေနဲ့ Living Color မဂ္ဂဇင်းတွေမှာ ဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ) ရေးသားခဲ့တဲ့ဆောင်းပါးတွေကို စုစည်းဖော်ပြထားတာပါ။

www.foreverspace.com.mm






နိုင်ငံအသီးသီးရဲ့ ဆင်းရဲတာ၊ ချမ်းသာတာ၊ လူနေမှုအဆင့်အတန်းနိမ့်တာ၊ မြင့်တာ စတာတွေဟာလည်း ဒီနိုင်ငံတွေရဲ့ ဧရိယာကျဉ်းတာ၊ ကျယ်တာ၊ သယံဇာတနည်းပါးတာ၊ ပေါများတာ၊ လူဦးရေ နည်းတာ၊ များတာ စတာတွေနဲ့မသက်ဆိုင်ဘဲ နိုင်ငံအသီးသီးကကျင့်သုံးတဲ့ စီးပွားရေးပေါ်လစီတွေပေါ်မှာသာ မူတည်ပါတယ်လို့ စာရေးသူက အမှာစာမှာ ဆိုထားပါတယ်။

နိုင်ငံတိုင်းမှာ စီးပွားရေးမတည်ငြိမ်မှုနှင့် နိုင်ငံရေးမတည်ငြိမ်မှုဟာ တိုက်ရိုက်ဒါမှမဟုတ်လည်း သွယ်ဝိုက်ပြီးဆက်စပ်နေတတ်တယ်ဆိုတာမျိုးကို 'စီးပွားရေးမတည်ငြိမ်မှုနှင့် နိုင်ငံရေးမတည်ငြိမ်မှု' ဆိုတဲ့ ဆောင်းပါးမှာ ဖတ်ရှုနိုင်ပါလိမ့်မယ်။ ဒီစာအုပ်မှာ အလားတူအခြေအနေမျိုးတစ်ခုချင်းအလိုက်နဲ့ စီးပွားရေးပေါ်လစီတွေ ဘယ်လိုဆက်စပ်တယ်ဆိုတာမျိုးကို ဖော်ပြပေးထားလို့ စီးပွားရေးဆိုင်ရာ ပညာရပ်တွေ၊ စီးပွားရေးပေါ်လစီတွေကို လေ့လာချင်သူတွေအတွက် အသုံးတည့်နိုင်မယ့် စာအုပ်ပါ။

နိုင်ငံအရေးနှင့် စီးပွားရေးပေါ်လစီ၊ မြန်မာနိုင်ငံစီးပွားရေး တစေ့တစောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍစီးပွားရေး အမြင်ပေါ်သုံးသပ်မှု၊ စီးပွားရေးပညာနှင့် စီးပွားရေးပညာရှင်၊ စီးပွားရေးပညာရှင် တစ်ဦး၏အခန်းကဏ္ဍစတဲ့ ဆောင်းပါးပေါင်း ၂၆ ပုဒ် ပါဝင်ပါတယ်။


■

## ၂၁ အဝင်မြန်မာပန်းချီပညာရှင်

**မောင်ပန် (လယ်ဝေး)**

**စာမူခွင့်ပြုချက်အမှတ် –၄၀၁၀၄၁၀၉၀၉**
**ထုတ်ဝေတိုက် – ပန်သစ္စာစာပေ**
**တန်ဖိုး – ၁၅၀၀ ကျပ်**

မြန်မာပန်းချီပညာရှင် ၁၄ ဦးရဲ့ အကြောင်း တင်ပြထားတဲ့စာအုပ်ပါ။ မြို့တော်မဂ္ဂဇင်းမှာ ဖော်ပြခဲ့ဖူးတဲ့ ဆောင်းပါးတွေကိုစုစည်းပြီး ထုတ်ဝေထားခြင်းဖြစ်ပါတယ်။ အခုပန်းချီပညာရှင်တွေဟာ ၂၀ ရာစုမှာမွေးဖွားကြီးပြင်းကြပြီး ၂၁ ရာစုကာလတိုင် ခရီးဆက်လာတဲ့ ပညာရှင်တွေဖြစ်တာမို့ ၂၁ အဝင်မြန်မာပန်းချီပညာရှင်လို့ အမည်တပ်ရခြင်းဖြစ်ကြောင်း စာရေးသူက ဆိုထားပါတယ်။ ပန်းချီ ဦးရှိန်ထွန်း၊ ပန်းချီ စတားမြသန်း၊ ပန်းချီဦးလှရွှေ (အမရပူရ)၊ ပန်းချီ ဦးညွှန့်မောင်၊ (ပျဉ်းမနား)၊ ပန်းချီ ဦးတင်အေး (မန္တလေး)၊ ပန်းချီ ဦးလှတင်ထွန်း၊ ပန်းချီဖေညွှန့်ဝေ၊ ပန်းချီသိန်းရွှေ ကြည်စတဲ့ ပန်းချီပညာရှင် ၁၄ ဦးတို့ရဲ့ လက်ရာတွေနဲ့တကွ အမေး၊ အဖြေပုံစံနဲ့ အတော်စုံစုံလင်လင် ဖော်ပြပေးထားပါတယ်။




တခြားပန်းချီပညာရှင်တွေ၊ ပန်းချီဝါသနာအိုးတွေနဲ့ ပန်းချီအကြောင်းလေ့လာလိုသူ၊ ပန်းချီဆရာတွေရဲ့ကောက်ကြောင်းကို စူးစမ်းလိုသူတွေအတွက် အသုံးတည့်မယ့်စာအုပ်ကောင်းတစ်အုပ်ပါ။ အရောင်များထဲမှ ရေးဟန်နှစ်ရပ်၊ ရေစီးအလျဉ်ထဲမှ ပန်းချီ မောင်တင့်ရွှန်း၊ ရေနံချောင်းမှ ပန်းချီ ဖေအေးကောင်း၊ ပန်းချီစတားကြီးနှင့် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း စတဲ့ ဆောင်းပါးပေါင်း ၁၃ ပုဒ် ပါဝင်ပါတယ်။

■

## ဂျင်ဆင်းမြေရောက် ကင်မ်ချီနေ့ရက်များ

**ဒေါက်တာနမြတ်**

**စာမူခွင့်ပြုချက်အမှတ်– ၄၀၁၄၁၇၁၂၀၉**
**ထုတ်ဝေတိုက်– သုတစွယ်စုံ**
**တန်ဖိုး – ၃၅၀၀ ကျပ်**

ပြည်မြန်မာသတင်းဂျာနယ်မှာ နမြတ် (ဆေး–၁) ကလောင်နဲ့ အပတ်စဉ်အခန်းဆက်ဖော်ပြခဲ့တဲ့ ခရီးသွားဆောင်းပါးတွေကို စုစည်းဖြည့်စွက်ပြီး ကိုယ်တွေ့ကိုရီးယားခရီးသွားဆောင်းပါးစာအုပ်အဖြစ်ထွက်ရှိလာတာပါ။ စာရေးသူရဲ့ ၁၀ ရက်တာခရီးကို နေ့အလိုက်ခွဲခြား တင်ပြပေးထားတဲ့အပြင် ဓာတ်ပုံတွေကိုပါ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ ကိုရီးယားဇာတ်လမ်းတွဲတွေရဲ့ ဆွဲဆောင်မှုကြောင့် ကိုရီးယားနိုင်ငံက အထင်ကရနေရာတွေကိုလေ့လာချင်သူတွေ၊ သူတို့ရဲ့စားသောက်ပုံ၊ အလေ့အထတွေကို စူးစမ်းလိုသူတွေအတွက် အသုံးတည့်မယ့်စာအုပ်ပါ။ ကမ္ဘာတစ်ဝန်းကို Korean Wave ရိုက်ခတ်အောင်ဆွဲဆောင်နိုင်တဲ့ ကိုရီးယားရုပ်ရှင်တွေ၊ ဇာတ်လမ်းတွဲတွေကတစ်ဆင့် သူတို့မြေကို ကမ္ဘာလှည့်ခရီးသွားတွေ လာချင်

www.foreverspace.com.mm



အောင် ဆွဲဆောင်နိုင်သော ကိုရီးယားရဲ့ လုပ်နည်းလုပ်ဟန်တွေကို ဒီစာအုပ်မှာ တွေ့မြင်နိုင်တယ်။ ကိုရီးယားကို အလည်အပတ်သွားမယ့်သူတွေ ကြိုတင်သိရှိထားဖို့ လိုတဲ့အချက်တွေကို 'ကြိုတင်ပြင်ဆင် ကိုရီးယားခရီးစဉ်' ဆိုတဲ့ ခေါင်းစဉ်ခွဲအောက်မှာ တွေ့ရတယ်။ ကိုရီးယားခရီးသွားနေစဉ်မှာ သူတို့နိုင်ငံနဲ့ ကိုယ့်နိုင်ငံ နှိုင်းယှဉ်ချိန်ဆမိပြီး သူတို့ရဲ့တိုးတက်မှုကို အားကျတဲ့စိတ်၊ သူတို့လိုတိုးတက်လိုတဲ့စိတ်၊ သူတို့ရဲ့ကြိုးပမ်းမှုကို အတုယူလိုတဲ့စိတ်တွေ ဖြစ်ပေါ်လာတယ်လို့ စာရေးသူက အမှာစာမှာ ဝန်ခံထားပါတယ်။ ခေါင်းစဉ်ခွဲပေါင်း ၁၅၀ ကျော်နဲ့ စိတ်ဝင်စားဖွယ် ဆွဲဆောင်နိုင်တဲ့ စာအုပ်တစ်အုပ်ပါ။

## နှစ်နှင့်စားခြင်းနှင့် မဂ္ဂဇင်းဝတ္ထုတိုများ


**သံဗျင်ဦး**

**စာမူခွင့်ပြုချက်အမှတ်–၅၀၀၁၅၁၀၂၁၀**

**ထုတ်ဝေတိုက် – သင်းစာပေ**

**တန်ဖိုး – ၁၂၀၀ ကျပ်**

ရွှေအမြုတေ၊ ပန်းဝေသီ၊ ရင်ခွင်သစ်၊ အရိန္ဒမာစတဲ့ မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့ဖူးတဲ့ သံဗျင်ဦးရဲ့ဝတ္ထုတိုတွေကို စုစည်းပြီး ထုတ်ဝေလိုက်တာပါ။ "အေးမိလာဦး" ဆိုသည့် ဘဘအသံကြောင့် ခြေလှမ်း ပြန်ရုပ်လိုက်ရ၏။ "ဘာခိုင်းမလို့လဲ ဘဘ" ဟု မေးမည်ပြင်ဆဲမှာပင် မုန့်ဖိုးဆိုပြီး ၉၀ တန်တစ်ရွက်ကို သူမလက်ထဲ ကိုင်ထည့်ပေးနေသည်။ သူမယောင်ယမ်းသွားစဉ် သူမလက်ကို ပိုမိုဆုပ်ကိုင်လာသည်။ သူမ လက်ချောင်း၊ လက်ဖမိုးတို့ကို အရေတွန့်နေသော ရှုံ့တွတွလက်အစုံနှင့် ခပ်ရှုရှုထိတွေ့နေသည်ဆိုတဲ့ အရေးအသားများကို ဆူးမဲ့ပန်းဆိုတဲ့ဝတ္ထုတိုမှာ တွေ့ရပါလိမ့်မယ်။ ဒီဝတ္ထုမှာ ပိုက်ဆံမရှိ ပညာမရှိပေမယ့် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ အသိရော သတ္တိပါရှိတဲ့ မိန်းမငယ်တစ်ဦးရဲ့ဘဝအပြင် သူမအနီးက အိမ်ရှင်မိသားစုရဲ့စရိုက်သဘောသဘာဝတွေကိုပါ ပီပြင်စွာတွေ့ရပါလိမ့်မယ်။ "အမှန်စင်စစ် ဖန်တီးသူသည် သူကိုယ်တိုင်သာဖြစ်တော့၏။ အလုပ်ကိစ္စနှင့် နယ်မြို့များသို့ ခရီးစဉ်ထဲမှ နယ်မြို့လေး



တစ်ခုသို့ရောက်ရှိနေချိန် သူ၏ထိန်းချုပ်မှုစွမ်းအားတို့အလွန်အမင်းလျော့နည်းလို့နေချိန်မှာ ထိုတစ်ရက်၊ ထို့ထက်ပိုမှန်သည်မှာ ထိုတစ်ည ညဦးပိုင်းလေးသည် . . ." တစ်ရက်တာအမှားအတွက် တစ်ဘဝလုံးစာပေးဆပ်လိုက်ရတဲ့ အမျိုးသားငယ်ရဲ့ အကြောင်း ကတ်ပြားလေးတစ်ခုမှာ ဖတ်ရှုရပါလိမ့်မည်။ ရသစာပေ တောင့်တနေသူ၊ ဖတ်ရှုလိုသူများအတွက် ဒီစာအုပ်က သင့်တော်ပါလိမ့်မယ်။ ခြောက်ခန်းသွားသော ပင်လယ်၊ နှစ်နှင့်စားခြင်း၊ မှီတွယ်ခြင်း၊ မျက်ရည်ပူမုန်တိုင်းစတဲ့ ဝတ္ထုတိုပေါင်း ၁၁ ပုဒ် ပါဝင်ပါတယ်။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite) ၊ အမှတ် ( ၅ ) ၊
အလံပြဘုရားလမ်း ၊ ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm



# DOLVO Pineapple Juice Concentrate

**အချိုရည်ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်လာသည့် နိုင်ငံတကာအဆင့်မီ သဘာဝသစ်သီးအနှစ်ဖျော်ရည် တစ်မျိုးဖြစ်သည်။**

- ☆ Ko Ko NoNi Co., Ltd. မှ ၂၀၀၉ ခုနှစ် ဩဂုတ်လအတွင်းက စတင်ထုတ်လုပ်။
- ☆ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးအေးမင်းဖြစ်ပြီး ဝန်ထမ်းအင်အား ၄၀ ဦးခန့်ရှိ။
- ☆ ထုတ်လုပ်မှုတွင်အသုံးပြုသည့်စက်ပစ္စည်းများကို အီတလီနိုင်ငံမှ တင်သွင်းဟုဆို။
- ☆ ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းမှ ရယူထုတ်လုပ်။
- ☆ နာနတ်သီးဖျော်ရည်များအတွက် လိုအပ်သည့်နာနတ်သီးများကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါဒေသတွင် သဘာဝနည်းစနစ်ဖြင့် စိုက်ပျိုးထားပြီး နိုင်ငံတကာအဆင့်မီ Pasteurizing System ဖြင့်ပိုးသတ်ထားကာ Aseptic Filling Station ဖြင့် ထုတ်လုပ်ထားဟုဆို။ အသီးဖျော်ရည်များ၏ အချိုအရသာအတွက် ပျားရည်ကိုအသုံးပြုထားကြောင်းသိရ။
- ☆ Dolvo အမှတ်တံဆိပ် သဘာဝနာနတ်အနှစ်ရည်အပြင် Boon အမှတ်တံဆိပ် သဘာဝအသီးဖျော်ရည်များကိုလည်း ထုတ်လုပ်လျက်ရှိ။
- ☆ ဈေးနှုန်းများမှာ Dolvo နာနတ်အနှစ်ရည် ၄၀၀၀ ကျပ်ခန့်နှင့် Boon အသီးဖျော်ရည်များမှာ ၁၄၀၀ ကျပ်ခန့်ဖြစ်။
- ☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီမှတိုက်ရိုက်ဖြန့်ချိလျက်ရှိ။
- ☆ အာမခံသက်တမ်းအနေဖြင့် နာနတ်သီးအနှစ်အတွက် ခြောက်လနှင့် အသီးဖျော်ရည်အဆီအတွက် တစ်နှစ်ပေးထား။
- ☆ အခြားသဘာဝအသီးဖျော်ရည်များကိုလည်း ထပ်မံထုတ်လုပ်ရန်စီစဉ်ထားဟုဆို။
- ☆ **ဆက်သွယ်ရန်ကုမ္ပဏီလိပ်စာ**

B-4/11 - ရတနာလမ်း၊ မလိခအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၉၀၀၈၆၊ ၀၉-၅၀၃၅၆၂၈
Email : kokononi@myanmar.com.mm
kokononi@gmail.com
ingyinhmway@myanmar.com.mm
website:www.nonivally.com



www.foreverspace.com.mm

# ကုန်ဈေးနှုန်း

၂၀၁၀ ပြည့်နှစ်၊ မေလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၇-၅-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈၈) | ၅၀ |
| Dagon Jeep | | (၈၈) | ၉၀ |
| Toyota Publica | 84 | (၁က) | ၈၅ |
| Sunny Pickup | 81 | (ခ) | ၆၅ |
| Nissan Sunny Supersaloon | 86 | (၃က) | ၂၄၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၆၀/၂၇၀ |
| Suzuki Wagon R+ | | ၁၈ | ၃၅၀ |
| Suzuki Wagon R- | | ၉ခ | ၁၂၀ |
| Tow Ace (ပုစဉ်းခေါင်း) 2000 | | (၈င) | ၂၁၀ |

| | | | |
|---|---|---|---|
| Toyota Corolla | CE 90 | (၃က) | ၃၅၀ |
| Corolla 1C Van ဒီဇယ် | 90 | (၉က) | ၄၃၀ |
| Toyota MarkII | 92 | (၄ခ) | ၇၅၀ |
| Toyota MarkII | 94 | (၉ခ)ဒီဇယ် | ၉၀၀ |
| Mitsubishi Pajero V46(လေလံ) | 96 | (၃၈) | ၁၂၀၀ |
| Toyota Hilux Surf S/W(ဦးပိုင်) | 97 | (၃ခ) | ၁,၅၅၀ |
| Land Crusier | 2000 | (၉ခ) | ၂,၇၅၀ |
| Parado | 97 | (၁၈) | ၁,၇၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm

## တီဗီရောင်စုံ

(၂၇-၅-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV 22Bx300 | 22" | ၂၉၉,၀၀၀ |
| SONY | KLV 26Bx300 | 26" | ၃၆၉,၀၀၀ |
| SONY | KLV 32Bx300 | 32" | ၄၇၉,၀၀၀ |
| SONY | KLV 32Ex400 | 32" | ၆၇၉,၀၀၀ |
| SONY | KLV 32Ex300 | 32" | ၅၄၉,၀၀၀ |
| SONY | KLV 40Bx400 | 40" | ၈၅၉,၀၀၀ |
| SONY | KLV 40Ex400 | 40" | ၉၉၉,၀၀၀ |
| SONY | KLV 40Ex500 | 40" | ၁,၂၅၀,၀၀၀ |
| SONY | KLV 40Nx500 | 40" | ၁,၂၂၀,၀၀၀ |
| T-Home(Flat) | TH-TL 24N300W | 24" | ၂၁၅,၀၀၀ |
| T-Home(Flat) | TH-TL 32N300W | 32" | ၃၇၉,၀၀၀ |
| T-Home | SA2127 | 21" | ၁၀၂,၀၀၀ |
| T-Home | SA2900 | 29" | ၁၈၅,၀၀၀ |
| Samsung(LCD) | LA-40B550 | 40" | ၉၄၃,၇၀၀ |
| Samsung(LCD) | LA-32B450 | 32" | ၅၂၄,၈၀၀ |
| Samsung(LCD) | LA-32B350 | 32" | ၄၇၃,၆၀၀ |
| Samsung(LCD) | LA-22B350 | 22" | ၂၈၉,၂၀၀ |
| CRT Ultra Slim (Samsung) | CS-21B860 | 21" | ၁၆၆,၀၀၀ |
| Star | CRT TV 21U29 | 21" | ၁၁၈,၁၀၀ |
| Star | CRT TV 21T29 | 21" | ၁၁၀,၄၀၀ |
| Star | CRT TV T2120 | 21" | ၁၀၈,၃၀၀ |
| Fuji(LCD) | L519 | 19" | ၂၀၈,၅၀၀ |
| Fuji(LCD) | L526 | 26" | ၃၅၂,၄၀၀ |
| Fuji (CRT TV) | TL2101 | 21" | ၁၄၄,၂၀၀ |
| Fuji | TP2125(4speaker) | 21" | ၁၀၆,၀၀၀ |
| Fuji | T21071(2speaker) | 21" | ၉၉,၅၀၀ |

## ရေခဲသေတ္တာ

(၂၇-၅-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung(1Door) | RA19JASS | ၂၁၇,၂၀၀ |
| Samsung(2Door) (Mr.Cool Pack)(New Mode) | RT2ASDSS | ၃၁၇,၅၀၀ |
| Star(Freezer) | BD30L(3ft) | ၂၃၄,၆၀၀ |
| Panasonic | NR.B191M | ၃၀၅,၀၀၀ |

## DVD ပြစက်

(၂၇-၅-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | DV276 | ၃၅,၀၀၀ |
| Panasonic | SC-PD570(Home | ၅၁၀,၀၀၀ |
| Panasonic | SD-PD870(Home Therater System) | ၆၅၀,၀၀၀ |
| Fuji (EVD) | F119 | ၃၆,၇၀၀ |
| DAEWOO | 1400S | ၄၉,၀၀၀ |

## လေအေးစက်

(၂၇-၅-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09RLN(1HP) | ၂၉၀,၂၀၀ |
| SAMSUNG | AS-12ULN(1.5HP) | ၃၆၆,၇၀၀ |
| STAR | T-09(1HP) | ၂၃၇,၀၀၀ |
| STAR | T-12G(1.5HP) | ၂၆၃,၂၀၀ |

## အဝတ်လျှော်စက်

(၂၇-၅-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG(Fully Auto) | WA-95U7 | ၂၅၁,၁၀၀ |
| SAMSUNG(Fully Auto) | WA-85U3 | ၂၂၀,၆၀၀ |
| STAR(Semi Auto) | WA-75H2(6.5kg) | ၁၀၆,၅၀၀ |
| STAR(Semi Auto) | WT-75H3(6.5kg) | ၁၀၃,၈၀၀ |
| Fuji(Semi Auto) | WT-75F2(6.5kg) | ၁၀၆,၅၀၀ |
| Daewoo | DWF-200KR | ၃၂၀,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၇-၅-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၅,၈၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၇၅၀ |
| Junior Horlick (400g) | ၂,၉၅၀ |
| Milo (285g) ခဲထုပ် | ၁,၈၅၀ |
| Milo (400g) (ပုလင်း) | ၃,၀၀၀ |
| Ovaltine (400g) နီ | ၂,၉၀၀ |
| Ovaltine (200g) နီ | ၁,၅၅၀ |
| Ovaltine 400g (ဖြူ) | ၃,၃၅၀ |
| Ovaltine 200g (ဖြူ) | ၁,၉၀၀ |
| Ovaltine 400g (စက္ကူဘူးနီ) | ၂,၈၀၀ |

## နိုင်ငံခြားအရက်

(၂၇-၅-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(20Cl) (12YearsOld) | ၄,၈၀၀ |
| Jonnie Walker (Red)(75Cl) | ၁၂,၃၀၀ |
| Jonnie Walker (Red)(1Liter) | ၁၄,၉၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၄,၂၀၀ |
| Jonnie Walker (Black)(75Cl) | ၂၃,၀၀၀ |
| Jonnie Walker(Black)(1Liter) | ၂၇,၆၀၀ |
| High Commisioner (1.5L) | ၁၁,၅၀၀ |

www.foreverspace.com.mm

| | |
|---|---|
| High Commisioner (1L) | ၈,၂၀၀ |
| High Commisioner (175ml) | ၅,၆၀၀ |
| Grand Royal 175 ml | ၁,၂၀၀ |
| Grand Royal 700ml | ၄၇၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁,၂၀၀ |
| Mekhong (75CL) | ၆,၈၀၀ |
| Grand Royal (380ml) | ၂,၄၀၀ |

## မုန့်ပုံးသံဘူး

(၂၇-၅-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၅,၇၀၀ |
| Cream Crackers(Hup Seng) | ၅,၂၀၀ |
| (KHOAN GUAN) Top Choice | ၅,၇၀၀ |
| (HWA TA) Choice | ၄,၂၀၀ |
| Asia Biskit MARI | ၆,၉၀၀ |
| Apilo Wafe 2 in1 | ၄,၀၀၀ |
| Summer Biscuit Assorties | ၄,၁၀၀ |
| Lucky Love | ၄,၂၀၀ |

## ခေါက်ဆွဲခြောက်

(၂၇-၅-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၅၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ပုစွန်ချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၁၅၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ကြက်သားခေါက်ဆွဲ(စိမ်း) | ၁၅၀ |
| MA MA ကြက်ကင်ခေါက်ဆွဲ(နီ) | ၁၅၀ |

## သွားတိုက်ဆေး

(၂၇-၅-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/ ၇၅၀ |
| Best-T (125g) Gel | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၀၀ |
| Colgate (160g) Double Cool Stripe | ၁,၃၀၀ |
| Close-Up (New)(18 g) | ၂၀၀ |
| Close-Up (160g) ပြာ | ၁,၂၅၀ |
| Colgate Fresh Cool Mint 200g | ၁,၃၅၀ |
| Colgate Great Regular 200 g | ၁,၃၅၀ |
| Colgate Whitening 160g | ၂,၁၅၀ |
| Colgate gel (စိမ်း) 160g | ၁,၅၅၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၇-၅-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| (200g) | ၆၅၀ |
| Imperial Leather (65g) | ၂၀၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၂၅၀ |
| Miss | ၂၅၀ |
| Kanebo | ၂၅၀ |
| Family Care 125g | ၄၀၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၅၅၀ |
| Spa | ၂၅၀ |
| E-Lan | ၂၅၀ |
| LUX 100g | ၃၀၀ |
| KAO | ၃၅၀ |
| Parrot | ၃၅၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၅၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၇-၇-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၃,၆၅၀ |
| Head and Shoulder 200g | ၁,၉၅၀ |
| Head and Shoulder 90ml | ၇၀၀ |
| Pantene 400g | ၃,၅၅၀ |
| Pantene 200g | ၁,၈၅၀ |
| Pantene 90ml | ၆၀၀ |
| Clinic Clear 380g | ၃,၉၀၀ |
| Clinic Clear 200g | ၂,၁၅၀ |
| Palmolive 100ml | ၇၀၀ |
| Palmolive 200 ml | ၂,၀၀၀ |
| Rejoice 360ml | ၃,၁၀၀ |
| Rejoice 90ml | ၄၅၀ |

## ခြင်ဆေးခွေ

(၂၇-၅-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |

www.foreverspace.com.mm



| | | | |
|---|---|---|---|
| Rainger | ၃၅၀ | FIGHTER | ၂၈၀ |
| Raid | ၄၀၀ | MOSFLY | ၂၅၀ |
| Fuji | ၃၀၀ | ဂေါ်ဇီလာ | ၃၅၀ |
| | | Baby Care(ယိုးဒယား) | ၅၀၀ |



# ကွန်ပျူတာ ဈေးနှုန်းများ

( ၂၄-၅-၂၀၁၀)

### ❑ Lucky Bird P4 Home & Office PC 775

- Intel Pentium 4-775 Dual Core 2.6 GHz
- Memory 1 GB DDR2 800
- MSI Motherboard
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing
- Speaker

Price 229 US$

### ❑ Lenovo ideapad Y 450 Notebook

- Intel Dual Core 2 Duo Processor P 7550(2.26 GHz/ 1066 MHz/3MB L2 Cache)
- 2 G DDR 3 RAM
- 14.1" WXGA LED Back Light Display
- 500 GB HDD SATA
- Dual Layer Multiburner Drive (DVD-RW)
- GeForce G210M 512 MB graphic
- Intel Wifi Link 5100 agn
- e-SATA, HDMI, IMR (Palm Rest)
- Bluetooth, 1.3 M Pixel Web Cam
- 2.1 Dolby, 6 in 1 Card Reader
- Veriface (Face Recognition Technology)
- One Key Rescue System . 6 Cells Battery. Free DOS
- One Year Int'l Warranty
- 819 US$

Price 819 US$

### ❑ KMD Classic Model

- Intel Pentium Dual Core 2 Duo 2.93 GHz, E 7500 (3MB L2 Cache, 1066 MHz)
- Intel GM-45 Chipset Motherboard (775/DDR2/1333) with PCIE + Sound + LAN
- 320 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 18.5" LCD Color Digital Monitor (Acer, Wide View)
- Dual Layer Multiburner Drive (DVD-RW)
- Prolink Combo Super Slim Keyboard, Optical Mouse and Pad
- P4 Casing (Handle High)

Price 468,000 Ks

### ❑ TOSHIBA Satellite L510 (PSLF8ML-002004) Notebook

- Intel Dual Core 2 Duo T65700 2.1 GHz Processor
- 14.0" HD 200 CSV Super Shine View screen
- Blacklight TFT Display, (Resolution 1, 366x768)
- 2GB DDR3 SDRAM
- 250GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Web Cam, Card Reader, Mouse, Headphone

Price 659 US$

www.foreverspace.com.mm

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core i3 530 2.93 GHz 4MB/ 1366MHz (775 CPU)
- ASUS 512MB PCI Express Graphic
- 2GB DDR 2 RAM
- 500 GB HDD SATA
- ASUS/MSI GIGABYTE Core i3 Motherboard
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 444 US$

### ❑ KMD Innovator Model

- Intel Pentium Core i3 2.93 GHz E 7400 (4 MB L2 Cache)
- Intel H55 Express Chipset Motherboard (1156/ DDR2/ 1333) (with PICE, Sound + LAN)
- 2GB DDR3 RAM (PC 1333 MHz) Kingston
- DVD-RW Multi-Layer Drive (SATA)
- 320 GB HDD SATA
- nVidia Geforce GT 310 PCIE 512 MB Graphic
- 20" LCD Color Monitor (Prolink) (Wide View)
- Prolink Combo Super Slim Keyboard & Mouse (Myanmarsar)
- Optical Mouse Pad
- P4 Casing (Light High)

Price 567,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (LG) SATA Light Scribe with Box | 29,000 KS |
| 24 x DVD Writer (Sony) SATA | 29,000 Ks |
| 24 x DVD Writer (ASUS) SATA | 32,000 Ks |
| 24 x DVD Writer (Samsung) SATA External | 64,000 Ks |
| Microlab M 223 Speakers with sub woofer | 26,000 Ks |
| Microlab M 900 Speakers with sub woofer | 38,000 Ks |
| Microlab M 666 Speakers with sub woofer | 32,000 Ks |
| Microlab M-200 Speakers with sub woofer | 29,000 Ks |

### ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 29,500 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 53,500 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 54,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) Notebook RAM | 53,000 Ks |

### ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 43,000 Ks |
| 320 GB (Seagate) SATA | 49,000 Ks |
| 500 GB (Seagate) SATA | 54,000 Ks |
| 750 GB (Seagate) SATA | 73,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 43,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 49,000 Ks |
| 320 GB (Seagate) Notebook SATA | 55,000 Ks |

### ❑ Monitor

| | |
|---|---|
| 16" LCD Color Monitor (Prolink, Wide View) | 106,000 Ks |
| 17" LCD Color Monitor (Samsung) Square View | 117,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 159,000Ks |
| 20" LCD Color Monitor (Prolink) Wide View 2012 w with DVI | 130,000Ks |
| 18.5" LCD Color Monitor (Prolink)Wide View | 120,000 Ks |
| 18.5" LCD Color Monitor (View Sonic)Wide View | 125,000Ks |
| 18.5" LCD Color Monitor (Acer)Wide View | 122,000 Ks |
| 22" LCD Monitor (Prolink) 2213W with TV and Speakers | 182,00 Ks |

### ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 45 US$ |
| Canon PIXMA-iP6320 Printer (USB) | 45,000 Ks |
| Canon Laserjet 3050 Printer (USB) | 100,000 Ks |
| HP Laserjet 1215 Printer (USB) | 360,000 Ks |
| HP Desk Jet 2410 Printer | 60,000 Ks |
| HP Laserjet 1522N AIO Printer With Cable (3 in 1) | 405,000 Ks |
| EPSON Stylus T11 Printer With Cable | 48,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 200,000 Ks |
| Star Receipt Printer | 230,000 Ks |
| HP Laserjet 1005 Printer with cable | 111,000 Ks |
| Fuji Xerox Colour Laser DPC 1110B | 420US$ |
| Fuji Xerox Multifunction WC PE 220 | 350US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 58,000 Ks |
| HP 1010/ 1320/ 1300 Toner | 66,000 Ks |
| HP 2015/ 1522 Toner | 73,500 Ks |
| Canon 2900 Toner/Canon 3050 Toner | 53,500 Ks |
| Canon 1120 Toner | 53,500 Ks |
| HP 2055 Toner | 80,500 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| Canon Scanner Lide 100 | 54,000 Ks |
| HP 2410 Scanner (USB) | 83,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree/ Prolink) Basic | 41,000 Ks |
| 1250 VA (Power Tree/ Prolink) | 72,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 75,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | SUZUKI Notebook (ဂျပန်) | CYBER CITY CO., LTD.<br>အမှတ်–၇၈/၈၂၊ အခန်း–၁၀၂၊ ပထမထပ်၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၃၉၁၇၄၂၊ ၀၉–၅၀၆၄၇၃၁ | ဦးပြည့်စုံ (Marketing Manager) | CYBER CITY CO., LTD.<br>အမှတ် – C(3)၊ R(23) ၊ ပထမထပ်၊ ၇၇ × ၇၈ လမ်းကြား၊ ၃၂ လမ်း၊ မန္တလေး။<br>ဖုန်း–၀၉–၅၀၆၃၉၁၆ |
| ၂။ | TPI ဘိလပ်မြေ (ထိုင်း) | SUMMIT ASIA TRADING CO., LTD.<br>အမှတ်–၆၅ (B)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၂၅၆၉၀၊ ၂၂၇၉၈၄၊ ၂၂၅၄၂၂<br>ဖက်စ်–၂၂၇၉၈၄ | ဦးရန်အောင် (Managing Director) | မရှိ |
| ၃။ | Magnum Cable (မလေးရှား) | SOE AUNG BROTHERS CO., LTD.<br>အမှတ်–၁၅၆၊ (A/B)၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၄၆၄၃၄၊ ၂၄၀၁၀၅<br>ဖက်စ်–၂၅၂၃၂၀ | | မရှိ |
| ၄။ | A-DATA External HDD (တရုတ်) | MICRO COMPUTER CO., LTD.<br>အမှတ်–၁၄၃(GF)၊ ၄၆ လမ်း(အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၉၄၅၀၃၊ ၂၀၂၄၅၃၊ ၇၂၁၆၆၈<br>E-mail:micro@micro.com.mm | ဒေါ်အေးအေးမိုး (Sales Manager) | မရှိ |
| ၅။ | Gigabyte Notebook (တရုတ်–တိုင်ပေ) | MYANMAR TECHNOLOGY ZONE CO., LTD.<br>အမှတ်–၁၂၅(B)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၄၂၅၆၉၊ ၇၂၃၀၀၉ | ဒေါ်ကြည်ကြည်စိုး (Marketing Manager) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .

၁၃၄ ဒီလောက်နဲ့တော်ပြီလား
၁၃၈ ကြယ်ပွင့်လေးတိုင်း ထွန်းတောက်ပါစေ
၁၄၂ သူတို့ဆီက နိုင်ငံခြားခရီးသွားပုံ
၁၄၆ ကွက်လပ်ဖြည့်ပါ
၁၅၀ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၁၁)
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၃)

ဗုဒ္ဓက ကာမတဏှာကို ချိုးနှိမ်ပယ်သတ်ဖို့ဟောကြားခဲ့သည်။ သို့သော် ဤသည်က ယောဂီတို့ တရားထူးတရားမြတ်ကျင့်ကြံကြိုးကုတ်အားထုတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်၊ ပယ်ဖြတ်ရမည့် အဓိကအတားအဆီးအန္တရာယ်ကို ညွှန်ပြပေးခဲ့ခြင်းဖြစ်သည်။ လောကီလောကုတ္တရာနှစ်ဌာနစလုံးတွင် နိဗ္ဗာန်မရမီစပ်ကြား သံသရာတွင် ကျင်လည်နေသေးသမျှကာလပတ်လုံး လောကီတွင်တွေ့ကြုံရသည့် ဘဝတိုးတက်ရေးအတွက် ပြဿနာအရပ်ရပ်ကို ရင်ဆိုင်ဖြေရှင်းကြရာ၌ ဘုရားလိုလို၊ တရားလိုလိုနှင့် ကိုယ့်ပျော့ညံ့မှု၊ အပျင်းလွန်မှု၊ ဝီရိယနည်းမှုတို့ကို ဖုံးကွယ်ရန်သတ်သတ်အတွက် လောကုတ္တရာမှ အဆီအနှစ်သဘောတရားရေးရာတို့ကို ကိုယ်လိုရာကိုယ်ဆွဲသုံးနေမှုတို့ကို ယနေ့ နေရာဌာနအရအတော်များများ၊ လုပ်ငန်းကိုင်ငန်းတို့၏ အောင်မြင်မှုလမ်းခုလတ်မှာ ရပ်တန့်တုံ့ဝေနေသည့် ဦးဆောင်သူအချို့နှင့် လူတန်းစားအသီးသီးတို့တွင် တွေ့နေရပေသည်။

# ဒီလောက်နဲ့ တော်ပြီလား

ဂျီအောင်ဘန်း



မိန်းမလည်းယူမယ်၊ ဘုရားတရားလည်းလုပ်မယ်၊ သားသတ်လိုင်စင်လည်းရအောင်လုပ်မယ်၊ ဘုရားလည်းတည်မယ်ဆိုသော လူတော်တော်များများကိုတွေ့ဖူးသည်။ လုပ်လို့မရဘူးလားဆိုတော့ မဟုတ်ပါ။ လုပ်လို့ရပါသည်။ သို့သော် လုပ်ရပ်နှစ်ခု၏ သဘောတရားက ရူပဗေဒသဘောအရဆိုလျှင် အစွန်းငုတ်နှစ်ခုမှာရှိသော အားကောင်းသော ဆွဲဆောင်မှုတွေဖြစ်၍ လူတွေ၏ ပင်ကိုယ်သဘာဝဖြစ်သော မကောင်းမှုကိုခုံမင်ခြင်းတည်းဟူသော အကြောင်းတရားကပါ ထည့်၍ဖြည့်စွက်လိုက်သည့်အခါ ဘယ်မှာ အကောင်းအဆိုးနှစ်ခုမျှအောင် လုပ်နိုင်ပါမည်နည်း။ ထိုသို့

www.foreverspace.com.mm



သောအခါ ရှေးရှေးခေတ်က မဟာ့မဟာ ပညာရှိလူမိုက်ကြီးတွေက "တို့များတော့ ခုလောလောဆယ် ဝမ်းရေးပဲ ဦးစားပေးဦးမယ်၊ နောင်များကျမှ ဘုရားလေး၊ တရားလေးလုပ်ကြတာပေါ့"ဟု ဆိုလာကြသည်။ ထိုသို့ တစ်ဖက်ဖက်သို့ ရောက်သွားကြတာက တော်သေးသည်။ ဒီလို တစ်ဖက်ဖက်သို့ ပြတ်ပြတ်သားသား မရောက်သေးဘဲ ဟိုဘက်လိုက်လိုက်လို့ ဒီဘက်က ပေါက်မြောက်သွားလျှင် ငါ ကျန်ခဲ့မည်၊ ဒီဘက်ကို လိုက်မီလိုက်လို့ ဟိုဘက်ကလာမည့် ဥစ္စာခနကို ငါစွန့်လွှတ်လိုက်ရမည်ဆိုသောအတွေးတွေနှင့် ဒွိဟသံသယများကာ တွေဝေ၍ ဘာမှမလုပ်ဖြစ်၊ မကိုင်ဖြစ်၊ လမ်းဆုံ၊ လမ်းခွမှာ တွေနေလျှင်တော့ ယခု လူဖြစ်ရသည့်ဘဝမှာ တစ်ဘဝလုံး ရှုံးပေတော့။ ဘာမှဖြစ်လာမည်မဟုတ်တော့။

စာရေးသူနှင့် သိသော လူတစ်ယောက်ရှိသည်။ ထိုသူက ကြိုးစားအားထုတ်မှု ကောင်းသည်။ ဉာဏ်လည်းအသင့်အတင့်ရှိသည်။ လုပ်ရာကိုင်ရာမှာလည်း သေသပ်သည်။ အသောက်အစားက အလျှင်းကင်းသည်တော့မဟုတ်၊ ရံဖန်ရံခါတော့ရှိသည်။ တစ်ခါတစ်ရံ လောင်းကစားအနည်းအကျဉ်းက ရှိသေးသည်။ သို့သော် ထိုသူ မိန်းမရတော့ အလုပ်ကိုကြိုးစားပမ်းစားလုပ်သည်။ တလောကလုံးရှိသမျှအလုပ် သူတစ်ယောက်တည်းလုပ်နေရသလိုပင်။ အလုပ်လောဘကြီး၏။ သူတို့ အိမ်ထောင်သက် ငါးနှစ်ရောက်တော့ သားတစ်ယောက်၊ တက္ကစီတစ်စီး၊ အိမ်ပိုင်နှင့် နေနိုင်လာပြီ။ ဒီမှာ ဘေးပတ်ဝန်းကျင်ကလူတွေ အားလုံးက ဒီလူကို တော်တော်များများ မျှော်လင့်ထားကြ၏။ နောင်တစ်ချိန်မှာ ကုမ္ပဏီပိုင်ရှင်တို့၊ လုပ်ငန်းပိုင်ရှင်တို့ ဖြစ်လာမည့်သူလို့။ သို့သော် ဒီလူက သူလိုချင်သောအနေအထားတစ်ခုသို့ရောက်လာသည်နှင့် သူ့ကြိုးစားအားထုတ်မှုကို လျှော့ချလိုက်၏။ ယခု ထိုသူ ဘာလုပ်နေသည် ထင်ပါသနည်း။ သူပိုင်သောတက္ကစီကို အငှားပေးထား၏။ သူ့မှာရှိသောငွေကြေးကို ဈေးအတွင်း၊ ရပ်ကွက်အတွင်းမှာ ငွေတိုးချကာ ညနေဆိုလျှင် ဘီယာဆိုင်၊ နံနက်ဆိုလျှင် လက်ဖက်ရည်ဆိုင်မှာ ဘုရားအကြောင်း၊ တရားအကြောင်းဆွေးနွေးလို့။ နေရာတကာမှာ သူသိ၊ သူတတ် လူပေါ်ကြီးဖြစ်လို့။

ဤသို့သော လူစားမျိုးကို အသင်စာဖတ်သူ၏ ဘေးပတ်ဝန်းကျင်မှာ မြင်ရပေလိမ့်မည်။ လူမျိုးခြား တရုတ်၊ ကုလားတွေက အလုပ်တစ်ခုကို လုပ်ရာတွင် ထိပ်ရောက်သည်အထိ မဖြစ်ဖြစ်သည့်နည်း (တရားသည် မတရားသည် မစဉ်းစားဘဲ) ဖြင့် တက်ကြသည်။ ရောက်သွားလျှင်လည်း ကိုယ်နှင့်ပတ်သက်ရာ မျိုးနွယ်စုကိုတွဲ၍ ခေါ်ကြသည်။ ဤသို့ဖြင့် လူတို့၏စီးပွားရေးအုပ်စုတွေက ပိုတောင့်လာ၏။ ငွေအရင်းအနှီးပိုကြီးမားလာ၏။ မြန်မာတွေက ယနေ့အတွက်သုံးဖို့ရှိပါက မနက်ဖြန်အလုပ်မလုပ်တော့။ ဘာကြောင့်နည်း။ မြန်မာတွေ ဒီလိုမျိုးဖြစ်အောင် လူမျိုးခြားတွေက စနစ်တကျ အတွေးအခေါ်တစ်ခုကို ရိုက်သွင်းပေးထားခဲ့၍ဖြစ်သည်။

ယနေ့ခေတ်တွင် လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး စသည့်အရပ်ရပ်တွင် တိုးတက်ကြီးပွားမှုဟူသမျှ၊ ဆုတ်ယုတ်နိမ့်ကျမှုမှန်သမျှတို့သည် ငွေကြေးတည်းဟူသော ဥစ္စာခနေ၏ ပံ့ပိုးထောက်ပံ့မှုပေါ်တွင်မူတည်ပေသည်။ ခပ်ရိုင်းရိုင်းပြောရလျှင် ငွေရှိလျှင် အရာရာတင့်တယ်သည့်ခေတ်ပင်ဖြစ်သည်။ အကျိုးဆောင်လုပ်ငန်းတစ်ခု၏ ဧည့်ခန်းမှာချိတ်ထားသည့် ဆောင်ပုဒ်လို 'သင်ဘာလိုချင်သနည်း၊ ဘာလုပ်ချင်သနည်း၊ သင့်ဘက်က ကျသင့်ငွေကိုသာ ယူလာပါ' ဆိုသလိုမျိုး စာရေးသူတို့လူမျိုးတွေက ကယ်တင်ရှင်ရှူး၊ အရှိအသေခံချင်ရှူး ရှူးနေကြသည်။ ခေတ်စကားဖြင့်ဆိုလျှင် တော်တော် 'ဂါ'(ဂါရဝပြုခံချင်) နေကြသည်။ ဤတော့ ငွေကြေးလည်း အထိုက်အလျောက်ရှိလာ၊ ရာထူးနေရာဌာနန္တရကလည်း အသင့်အတင့်၊ သြဇာအာဏာရှိလာလျှင် ဧည့်ခန်းမှာ၊ အလုပ်ခန်းမှာ မိန့်မိန့်ကြီးထိုင်လို့ . . . တအိမ်းအိမ်းဖြင့် ဘီလျံနာကြီးဂိုက်၊ သာသနာပြုပုဂ္ဂိုလ်ကြီးဂိုက် ဖမ်းကြတော့သည်။ ဤသို့ မျိုးဗီဇဆိုင်ရာ ချို့ယွင်းချက်ကို လူမျိုးခြားတွေက အမိအရနင်းကာ အောက်ကျို့၍ သူတို့တိုးတက် ကြီးပွားလမ်းအတွက် အသုံးချသွားကြ၏။ ကိုယ့်လူမျိုးနဲ့ လူမျိုးကွဲယှဉ်လာလျှင် ဆရာ . . . ဆရာခေါ်သူကို အခွင့်အရေးပေး၏။ သူတို့ အခွင့်အရေးရလာလျှင် ထိုလုပ်ငန်းနယ်ပယ်ကို သိမ်းပိုက်ကြီးစိုးလိုက်ကြ၏။ ဆရာ . . . ဆရာခေါ်ခွင့်ပြုခဲ့သူကိုတောင် ခြေချခွင့်မပေးတော့။

ယခင်က ကြားဖူးခဲ့သည်။ မိုးကုတ်ရတနာမြေတို့၊ မိုင်းရှူးဖားကန့်ရတနာမြေတို့မှာ တွင်းတစ်တွင်းအောင်မြင်ဖို့ အလားအလာများလာလျှင် (ကျောက်ကြီးကျောက်ကောင်းရစပြုလာလျှင်) လူမျိုးခြားခနတောင့်တင်းသူတို့က မက်လောက်စရာငွေကြေးအတိုင်းအတာပမာဏတစ်ခုကိုပေး၍ အပြတ်ဝယ်လိုက်ကြ၏။ လတ်တလောသာကြည့်တတ်သည့် စာရေးသူတို့မြန်မာလူမျိုးတွေက ကုဋေကုဋာတန်ဖိုးရှိသည့် ရတနာတွင်းတွေကို သိန်းဂဏန်းဖြင့် ကျေနပ်ခဲ့ကြ၏။ ကုသိုလ်ကံကပေးသော်လည်း 'ပေးကားပေး၏မရ' ဖြစ်သွား၏။ အချို့အချို့ တစ်ပိုင်တစ်နိုင်တွင်းတူးသည့် တိုင်းရင်းသားတွေက ပေးသလောက်မယူဘဲ ဆက်လက်တောင့်ခံနေလျှင် အမျိုးမျိုးသော လူမှုရေး၊ စီးပွားရေးအနှောင့်အယှက်၊ ရန်သတ္တုပြုခဲ့ကြ၏။ ကိုယ့်မြေ၊ ကိုယ့်ရေ ကိုယ့်ပိုင်နက်ပေါ်မှာ အခြားကလာနေပြီး ဘယ်မျှလူပါးဝကြသနည်း။ နောက်ဆုံး သူတို့လက်ဝယ်ရောက်မှ အန္တရာယ်ကင်းကြတော့သည်။ နောင်ဘယ်တော့မျှ အတိုက်အခံလုပ်ဝံ့မည့်သူမရှိတော့။ ဤသို့ဖြစ်အောင်လည်း ရည်ရွယ်ပုံရသည်။

ဤသို့ပင် လုပ်ငန်းနယ်ပယ်အသီးသီးမှာရှိခဲ့၏။ ထိုသို့အခက်အခဲတွေရှိသည့် အပြင် ရှေ့က စာရေးသူပြောခဲ့သည့် လူရွယ်တွေလို ရပ်တည်လို့ရရုံမျှနှင့် ကျေနပ်သွားသည့်လူတွေ၊ စိန်ခေါ်မှုကို ရင်မဆိုင်ဝံ့သူတွေကြောင့် မြန်မာစီးပွားရေးနယ်ပယ်အသီးသီးတွင် ခြယ်လှယ်နေသူများ၌ လူမျိုး

www.foreverspace.com.mm

ခြားတွေက တဖြည်းဖြည်း များလာ၏။ အသင်စာဖတ်သူကိုယ်တိုင် ရပ်ကွက်တစ်ခုခုတွင်နေထိုင်သူဆိုပါက စာရေးသူဆိုလိုသည့်သဘောကို သိလာပေလိမ့်မည်။ ရပ်ကွက်ထဲမှာ ဝက်မွေး၊ ဆိတ်မွေး၊ နွားမွေးသူတွေကို တွေ့ပေလိမ့်မည်။ ထိုသူတွေသည် ဘယ်လူမျိုးတွေနည်း။ ထိုသူတွေ ဘယ်သို့ အကျိုးအမြတ်ရနေသနည်း။ ဥပမာ–ဝက်မွေးသည်ဆိုပါစို့။ ဝက်စာက ရပ်ကွက်တိုင်းရှိ အိမ်များကစွန့်ပစ်သော စားကြွင်းစားကျန်တွေကို ဝက်စာအဖြစ်ရပေလိမ့်မည်။ စာရေးသူတို့ မြန်မာလူမျိုးတွေက ကိုယ့်ဆီကနေလာယူရသည့်သူတို့အတွက် အရေးကြီးသောကုန်ကြမ်းဖြစ်သည့် မီးဖိုချောင်သုံးအလေအလွင့်ပစ္စည်းကိုပင် တန်ဖိုးထားရမှန်းမသိဘဲ ဝက်စာလာတောင်းသူကိုပင် ကိုယ့်အိမ်က အမှိုက်လာယူသူအဖြစ် ကျေးဇူးတင်နေပေသည်။ ထိုအလကားရသော ဝက်စာဖြင့်၊ ဆိတ်စာ၊ နွားစာဖြစ်သော မြက်တို့ဖြင့် ထိုဝက်၊ ထိုနွား၊ ထိုဆိတ်တို့ ဝဖြိုးကြီးထွားလာ၏။ သတ်မှတ်ထားသော ကာလရောက်သောအခါ အသားချိန်တန်ဖိုးဖြင့် ရောင်းချလိုက်၏။ ဝက်တစ်ကောင် အချိန်ရှစ်ဆယ်၊ တစ်ရာရှိသည်ဆိုပါစို့။ တစ်ပိဿာ လေးထောင် (ကောက်ဈေးထား) ရှိသည်ဆိုပါစို့။ အနည်းဆုံး သူတို့ တစ်ကောင်ကို ဘယ်လောက်ရပေလိမ့်မည်နည်း။ သုံးသိန်း၊ လေးသိန်း အနည်းဆုံးပင်။ ပြီးတော့ သူတို့က တစ်ခါမွေး တစ်ကောင်တည်းမဟုတ်။ အနည်းဆုံး လေးငါးဆယ်ကောင်။

သို့သော် ဤသို့သော အကျိုးအမြတ်များသောလုပ်ငန်းထဲ စာရေးသူတို့ ဗုဒ္ဓဘာသာဝင်တွေ ဝင်လာမှာစိုး၍ 'ဘာသာရေးနှင့် မသင့်တော်သောအလုပ်' ဟု လှည့်ခြောက်ကာ အကုသိုလ်အလုပ်ဟု စွဲထင်နေအောင်လုပ်ထားလေ၏။ ထိုအကုသိုလ်လုပ်ငန်းကို လုပ်ကိုင်နေသည်ဆိုသော လူမျိုးခြားတွေကပင် စာရေးသူတို့ တိုင်းရင်းသားတွေ၏ ရင်နှစ်သည်းချာတွေကို သိမ်းပိုက်ယူနေသည်မဟုတ်ပါလား။ တကယ်တော့ အချို့အချို့သော လုပ်ငန်းတွေ၏ သဘောသဘာဝကို ဘာသာရေးနှင့် မရောထွေးဘဲ စဉ်းစားမှသာလျှင် စာရေးသူတို့ တိုင်းရင်းသားလူမျိုးများ၏ ကြီးပွားတိုးတက်ရေးသည် ဆက်လက်အရှိန်ကောင်းနေပေလိမ့်မည်။ ယခုတော့ သည်လိုမဟုတ်ဘဲ မတောက်တခေါက် ဘာသာရေးအသိလေးဖြင့် ဆရာလုပ်နေကြမှုများက လူငယ်တွေ၏ အရှိန်ရစ စီးပွားရှာချင်စိတ်ကို ဇက်ကြိုးလှမ်းလှမ်းထိန်းလိုက်သလို ဖြစ်နေပေလေသည်။ ဤသို့လုပ်လေ အခြားသော လူမျိုးခြား၊ ဘာသာခြားတို့ ဥစ္စာခနေတောင့်တင်းလေဖြင့် ရေမြင့်လျှင် ကြာတင့်ဆိုသလို သူတို့လူမျိုး၊ ဘာသာသည်လည်း အထိုက်အလျောက်တင့်တယ်လာပေတော့သည်။ ဒီအခြေအနေမှာ ဌာနေလူမျိုးနှင့် ဘာသာအခြေအနေက ဘယ်အခြေအနေသို့ ဆိုက်ရောက်သွားနိုင်သနည်း။ ဤသည်ကား စဉ်းစားဖွယ်ဖြစ်သည်။

လူမျိုးခြားတွေက မြန်မာလူမျိုးတွေစိတ်ထဲ ရိုက်သွင်းခဲ့သော အတွေးအခေါ်က တစ်ခုတည်းဖြစ်သည်။ ယခုလောက်ဆို စာဖတ်သူလည်း ရိပ်ဖမ်းသံဖမ်းလောက်တွေတော့ ရိပ်မိပေလောက်ပြီ။ အခြားတော့မဟုတ်။ "မင်းတို့လူမျိုးတွေက သိပ်ပြီးသိမ်မွေ့နူးညံ့တာပဲ၊ အကုသိုလ်အလုပ်၊ သူတစ်ပါးထမင်းအိုးခွဲတဲ့အလုပ်မျိုး မလုပ်ဘူး" ဟု၍ပင်။ ဤသို့သော စကားနှင့်ပင် ကိုယ့်ကိုယ်ကိုယ် သဘောထားကြီးသော၊ စိတ်ထားမြင့်မြတ်သောလူမျိုးစိတ်ဝင်ကာ နေရာကို ဖယ်ပေးလိုက်ကြလေ၏။ သူ့ထမင်းအိုးကိုယ်မခွဲသော်လည်း ကိုယ့်ထမင်းအိုးကို သူက ခွဲလိုက်လေပြီ။

ဘယ်သူမဆို လွတ်လပ်စွာ၊ တရားမျှတစွာ၊ ချုပ်ချယ်ကန့်သတ်မှုကင်းစွာသော အခြေအနေမှာ တရားမျှတစွာကြိုးစားအားထုတ်ပြီး ဥစ္စာခနေတောင့်တင်းလာလျှင် ဘယ်သို့သောလူမျိုးဖြစ်စေ စာရေးသူ မုဒိတာပွားနိုင်ပါသည်။ ယခုတော့ ကိုယ့်လူမျိုးတွေ ဟိုမကျဒီမကျလုပ်လို့ လူမျိုးခြားတွေ ကြီးစိုးလာမှာဖြစ်ဆဲ၊ ဖြစ်လတ္တံ့ကို မြင်နေရ၍ ကြိုတင်သတိပေးနေရခြင်းပင်။ ဘာသာရေးနှင့် စီးပွားရေးသည် တခြားစီပင်။

ယခုလက်ရှိပင် စာရေးသူနေထိုင်ရာ ရပ်ကွက်အတွင်း၌ ကန်ထရိုက်တိုက်တွေ ခေတ်ထလာ၏။ ဝင်လာသည့်ကန်ထရိုက်တွေက မျိုးစုံမဟုတ်၊ တစ်ဦးတည်း၊ နာမည်ပျက်ပေါင်းများစွာနှင့်။ ပြီးတော့ လူမျိုးခြား။ လုပ်ရဲကိုင်ရဲသည့်ဟာ တစ်ခုတည်းနှင့်ပင်



www.foreverspace.com.mm

ဟိုတိုက်ခန်းပေါင်၊ နေ့တိုးနှင့်ဆွဲ၊ ပြီးတော့ သူတို့လူမျိုးခြားတွေဆီကနေ မူးစု ပဲစုစုပြီး ရပ်ကွက်ထဲကအိမ်တွေကို တစ်လုံးပြီးတစ်လုံး ကန်ထရိုက်ယူ၏။ ပြီးတော့ တစ်လုံးမှ လက်စမသတ်၊ တန်းလန်းချည်းသာ။ ပြဿနာတွေကလည်း တစ်မှုမှမပြီးခင် နောက်တစ်မှုက ရုံးကိုရောက်နေလေပြီ။ သို့သော် ဤမျှ နာမည်ပျက်နေသော်လည်း ဒီရပ်ကွက်ထဲမှာပင် နောက်ထပ် တစ်လုံးပြီး တစ်လုံးဆောက်ဖို့ ကန်ထရိုက်စာချုပ်တွေ ချုပ်လို့။

စာရေးသူပြောချင်သည်က ထိုအပိုင်းပင်ဖြစ်သည်။ ဤမျှနာမည်ပျက်နေသည့် ကန်ထရိုက်တာတစ်ဦး အဘယ်ကြောင့် ဆက်လက်ရပ်တည်ခွင့်ရနေပါသလဲ။ အဖြေက ရှင်းပါသည်။ ကိုယ့်မြန်မာလူမျိုး အချင်းချင်းပဲ လူမျိုးခြား ကျားပါးစပ်ရှေ့ ရောက်အောင် ယုံအောင်သိမ်းသွင်း၍ ပို့ဆောင်ပေးနေခြင်းဖြစ်သည်။ ရပ်တည်မှု အားကောင်းစေရန် လုပ်ဆောင်ပေးနေ၍ ဖြစ်သည်။ ကိုယ့်လူမျိုးအချင်းချင်းသာဆို သူတို့ ဒီလိုလုပ်ပေးကြမှာလားလို့ စာရေးသူ တွေးမိသည်။

ဤနေရာမှာ ဆိုင်၊ မဆိုင်ကိုတော့ မသိ။ စာရေးသူကြုံဖူးသောအဖြစ်အပျက် တစ်ခုကို သတိရမိ၏။ ထိုအဖြစ်အပျက်က တခြားမဟုတ်။ စာအုပ်ကိစ္စဖြစ်သည်။ တစ်ခါသော် စာရေးသူဆီကနေ သူငယ်ချင်း တစ်ယောက်က ကာရာမာဇော့ညီအစ်ကိုများ (ဘာသာပြန်) ကို ငှားသွားပြီး ပြန်မပေး။ တောင်းလျှင်လည်း ဟိုလိုလို ဒီလိုလိုနှင့်။ နောက်မှ ကြားလူတစ်ယောက်ဆီကနေ သတင်းစကား ပြန်ကြားရ၏။ ထိုစကားက "ဒီစာအုပ်နဲ့ ဒီကောင်နဲ့မတန်လို့ ယူသိမ်းထားတာ" ဟု။ 'ဘုရား ဘုရား ဖြစ်မှ ဖြစ်ရလေ ကိုယ်ကြိုက်လို့ ကိုယ်ဝယ်ထားတဲ့စာအုပ်တောင် သူက မတန်လို့တဲ့' လို့သာ စာရေးသူမှာ တအံ့တဩနှင့်။ ယခုလည်း ဒီလိုအဖြစ်များ ဖြစ်နေမလားလို့။ ကိုယ့်လူမျိုးအချင်းချင်း မြန်မာဆိုလျှင် သူဌေးဖြစ်ခွင့်မရှိဘူး၊ မချမ်းသာသင့်ဘူးလို့

**ယနေ့ခေတ်သည် ငွေက အရာရာကို စွမ်းဆောင်နိုင်နေသည့်ခေတ် ဖြစ်သည်။ ငွေသည် ဆန့်ကျင်ဘက်သူတွေကို နှုတ်ဆိတ်စေနိုင်၏။ စောဒကတက်လာမှုတွေကို ချုပ်ငြိမ်းစေနိုင်၏။ ဤသို့ ငွေက အရာရာကို အဆုံးအဖြတ်ပေးနေသည့်အခါမျိုးတွင် 'ပညာမဲ့နှင့်ငွေ အတူမနေ' ဆိုရအောင် အသိပညာရှိသူတို့ ကြီးပွားတိုးတက်ရေးအတွက် ကုန်းရုန်းကြိုးပမ်းသင့်ပြီ ဖြစ်သည်။**

သတ်မှတ်ထားကြလေသလားလို့။ ထိုအစွဲက ဘယ်လောက်တောင်များ စွဲနေသည် မသိတော့။

တကယ်ဆို 'တကယ်လုပ်လျှင် အဟုတ်ဖြစ်နိုင်ပါသည်'။ မည်သို့သော လုပ်ငန်းနယ်ပယ်အရပ်ရပ်မဆို ပြင်းထန်သော ဇွဲ လုံ့လ၊ မျက်စိဖွင့်နားဖွင့်၊ အစွန်းနှစ်ပါး လွတ်လွတ်ဖြင့် ကြိုးပမ်းအားထုတ်ကြလျှင် မြင့်မားသောအခြေအနေတစ်ရပ်သို့ ရောက်နိုင်ပါသည်။ ထိုသို့အားထုတ်ရာတွင် တရားသဖြင့် အသက်မွေးဝမ်းကျောင်းဖြစ်လျှင် မည်သည့်အလုပ်မဆို လုပ်ကိုင်သင့်ပေသည်။ ကိုယ့်တိုးတက်ကြီးပွားလမ်းအတွက် အနှောင့်အယှက် အရံအတားဖြစ်လာလျှင် ကြံ့ကြံ့ခံ၍ တွန်းဖယ်ရပေမည်။ တရားမျှတမှုနှင့်ယှဉ်၍ ဖြတ်ကျော်ရပေမည်။ ကိုယ့်လူမျိုးကို ကိုယ်ရဲရဲဝံ့ဝံ့နေရာပေးရဲရပေမည်။ လက်တွဲခေါ်ရဲရပေမည်။

ဝိပဿနာကမ္မဋ္ဌာန်းတရားကို အားထုတ်သောသူတို့တောင် လမ်းမှန်ပေါ်သို့ ရောက်ဖို့ နီးလာပြီဆိုလျှင် မဂ်တား ဖိုလ်တားဆိုသည့် နိဗ္ဗာန်အတုအယောင်ပေါ်လာရသေးသည်။ ဤသို့ဆိုလျှင် ဘယ်လိုမှ မနှိုင်းယှဉ်သာသော နိမ့်ကျသည့်လောကီ နယ်မှ စီးပွားရေး၊ ကြီးပွားရေးတွင်လည်း အမှန်တကယ်အောင်မြင်ဖို့ လမ်းစကို မြင်ရချိန်ခါနီးတွင် ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီး ထင်သည့်စိတ်ဝင်လာသည်မှာ ဘာဆန်းတော့မည်လဲ။ ဤသို့မဆန်းလျှင် ဖြစ်တတ်သော သဘောသဘာဝကိုယှဉ်၍ ဆန်းစစ်ကာ လက်ရှိနေရာအနေအထားမှာ တော်လောက်ပြီဟု ကျေနပ်မရောင့်ရဲဘဲ ဆက်လက်၍ ဆတက်ထမ်းပိုး ကြိုးကုတ်အားထုတ်သင့်ပေသည်။ အောင်မြင်မှုလမ်းစ နီးနေပြီဟု အသောက်အစား အပျော်အပါး ဘက်လှည့်ချင်သည့်စိတ်ကို ထိန်းရပေမည်။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့ဖူးသည်။ 'တက်ထောင်' ချင်သည့်စိတ်ကိုလည်း ပြင်ရပေမည်။ အနည်းငယ်သော အောင်မြင်မှုကို ဟုတ်လှပြီလို့ထင်ပြီး သာယာချင်သည့် စိတ်ကို ဖျောက်ရပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုလျှင် ယနေ့ခေတ်သည် ငွေက အရာရာကို စွမ်းဆောင်နိုင်နေသည့်ခေတ်ဖြစ်သည်။ ငွေသည် ဆန့်ကျင်ဘက်သူတွေကို နှုတ်ဆိတ်စေနိုင်၏။ စောဒကတက်လာမှုတွေကို ချုပ်ငြိမ်းစေနိုင်၏။ ဤသို့ ငွေကအရာရာကို အဆုံးအဖြတ်ပေးနေသည့်အခါမျိုးတွင် 'ပညာမဲ့နှင့်ငွေ အတူမနေ' ဆိုရအောင် အသိပညာရှိသူတို့ ကြီးပွားတိုးတက်ရေးအတွက် ကုန်းရုန်းကြိုးပမ်းသင့်ပြီဖြစ်သည်။ ဤသို့မှမဟုတ်လျှင် ပညာမဲ့ လူမျိုးခြားတွေက ကိုယ့်ရင်နှစ်သည်းချာ ပညာတတ်ရင်သွေးတွေကို ငွေကို ရေလိုသုံးကာ စော်ကားကြပေတော့မည်။ ဤကား ကြပ်ကြပ်သတိချပ်ရမည်။ ဘာသာရေးမှ ဘာသာရေးဆိုသည့် ဟိုမရောက် ဒီမရောက် ဖြစ်နေသည့် လူငယ်လူရွယ်တွေကိုလည်း ဆရာတော်ကြီးတစ်ပါးပေးသည့် ဂါထာ တစ်ပုဒ်ကို ပေးခဲ့ချင်သည်။ နေ့ညမပြတ် မြဲမြံစွာ ရွတ်ဆိုကျင့်ကြံကြပေတော့။ ထိုဂါထာကား အခြားမဟုတ်။

'ဥုံ ခုလည်းမပျင်းနဲ့၊ နောင်လည်း မပျင်းနဲ့' ဟူ၍ပင်။

**ဂျီအောင်ဘန်း**

www.foreverspace.com.mm

# ကြယ်ပွင့်လေးတိုင်း ထွန်းတောက်ပါစေ

မြသန်းသန်းနု

**ကျွန်မ ရဲ့ဖခင် မကွယ်လွန်မီ ကျွန်မကို အိန္ဒိယအသံလွှင့်ဌာန (AIR)ကနေ အလုပ်ထွက်ပြီး မြန်မာနိုင်ငံအပြီးပြန်လာဖို့ပြော စဉ်က "ပြန်ရောက်ရင် စားဝတ်နေရေးအတွက် ဝင်ငွေရဖို့ ဘာလုပ်ရမလဲ" လို့ မေးမိပါတယ်။**

ဖေဖေက "ကလေးတွေကို စာသင်ပေးပေါ့။ သမီးက စိတ်လည်းရှည်တယ်။ အိန္ဒိယနိုင်ငံအတွက် သမီးအလုပ်လုပ်ပေးနေတာ အချိန်အတော်ကြာသွားပြီ။ ကိုယ့်နိုင်ငံအတွက်လည်း စဉ်းစားသင့်ပြီ။ ကလေးတစ်ယောက်ကို စာသင်ပေးနိုင်တယ်ဆိုရင် ကိုယ့်လူမျိုးတစ်ယောက်အတွက် အလုပ်လုပ်ပေးရာရောက်တာပေါ့။ အမြန်ဆုံး ပြန်လာပါ" လို့ တိုက်တိုက်တွန်းတွန်း ပြောခဲ့ပါတယ်။ ကျွန်မကလည်း ကတိပေးခဲ့ပါတယ်။

ကျွန်မ အိန္ဒိယနိုင်ငံက ပြန်ရောက်တဲ့အခါ ဖေဖေ့ကိုပေးထားတဲ့ ကတိနဲ့အညီ အလုပ်ရှာနေတဲ့လူငယ်တချို့၊ နိုင်ငံခြားသွားဖို့ကြိုးစားနေတဲ့ လူငယ်တချို့ကို အင်္ဂလိပ်ဘာသာစကား သင်ပေးပါတယ်။ ဖေဖေက "ကိုယ့်လူမျိုးတစ်ယောက်အတွက် အလုပ်လုပ်ပေးရာရောက်တာပေါ့" လို့ ပြောခဲ့တဲ့စကားကို အမြဲတမ်းသတိရနေလို့ ထင်ပါတယ်။ ကျွန်မ အခမဲ့သင်ပေးတာ များပါတယ်။ ကျွန်မဆီလာသမျှ ယောကျ်ားလေး၊ မိန်းကလေး၊ လူငယ်၊ လူရွယ်အားလုံးနဲ့ ကျွန်မ ရင်းနှီးခင်မင်မှုရှိပါတယ်။ သူတို့လေးတွေကလည်း ကျွန်မနဲ့ စာသင်ရတာ ပျော်ကြပါတယ်။ ကျွန်မက ပုံစံကြီးနဲ့ အင်္ဂလိပ်သဒ္ဒါတွေ၊ စာတွေသင်တာမျိုး မဟုတ်ဘဲ အထွေထွေဗဟုသုတဦးစားပေးပြီး သူတို့နဲ့ ကျွန်မ အတွေ့အကြုံနဲ့ အမြင်ချင်းဖလှယ်ကြပါတယ်။ ဘွဲ့ရပြီး ကျောင်းသူ၊ ကျောင်းသားတွေဖြစ်ပေမယ့် အထွေထွေဗဟုသုတ အတော်ကြီးအားနည်းနေတာတွေ့ရပါတယ်။



ဘွဲ့လွန်အဖြစ် ဘွဲ့ရပြီး ဘာသာရပ်နဲ့ပတ်သက်မှုမရှိတဲ့ သင်တန်းအမျိုးမျိုးကိုလည်း အပြေးအလွှား တက်နေကြရပါတယ်။ အလုပ်လျှောက်ဖို့ရှိပေမယ့် ဘယ်လိုအလုပ်မျိုးလျှောက်ရမှန်းမသိတဲ့ လူငယ်တွေလည်း ပါပါတယ်။ တချို့ကတော့ ရရာအလုပ်ဝင်လုပ်နေပြီး အင်္ဂလိပ်လို နည်း

www.foreverspace.com.mm



နည်းပါးပါးပြောတတ်ရင်ပဲ လခကောင်းတဲ့ အလုပ်ရနိုင်မလားဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာသူတွေလည်း ရှိပါတယ်။ အနောက် အာရှနိုင်ငံတစ်နိုင်ငံမှာ အလုပ်လုပ်ရင် သင့်လျော်မှုရှိ ၊ မရှိ မေးတာမျိုးရှိသလို သက်ဆိုင်တဲ့နိုင်ငံက လူတွေ့မေးမြန်းဖို့ တယ်လီဖုန်းနဲ့ ဆက်သွယ်တယ်၊ ဘယ်နေရာ၊ ဘယ်ရုံးမှာချိန်းတယ်၊ သွားတွေ့ရမလား၊ ဘယ်လိုသဘောရပါသလဲ ဆိုတာမျိုး မေးသူတွေလည်း ရှိပါတယ်။ သူတို့လေးတွေရဲ့ အတွေ့အကြုံတွေက စိတ်ဝင်စားဖို့ကောင်းသလို ကျွန်မအတွက်လည်း ပညာရပါတယ်။

တစ်နေ့ ကျွန်မဆီကို အသက် ၂၀ အရွယ်လောက်ရှိမယ့် မိန်းကလေးတစ်ယောက် ရောက်လာပါတယ်။ သူ့သူငယ်ချင်းဆီကသတင်းကြားပြီး ကျွန်မဆီမှာ စာသင်ဖို့ရောက်လာပါတယ်လို့ ရှင်းပြပါတယ်။ ကျွန်မက "ဘာသင်ချင်သလဲ" လို့ မေးတဲ့အခါ English Spoken Language ပါ" လို့ ပြန်ဖြေတဲ့အတွက် ကျွန်မ အတော်လေး ကျေနပ်မိပါတယ်။ လူတိုင်းလိုလိုက "ဘာသင်ချင်သလဲ"ဆိုရင် Speaking လို့ ပြောကြပေမယ့် ဒီမိန်းကလေးက မှန်မှန်ကန်ကန် ပြောနိုင်တာ တွေ့ရပါတယ်။ သူ့အကြောင်း ဆက်မေးတဲ့အခါ ကျွန်မအံ့အားသင့်ရသလို အထူးစိတ်ဝင်စားမှုလည်း ဖြစ်ရပါတယ်။

သူ့နာမည်က 'ကြည်ပြာ'ပါ။ ကြည်ပြာ ကျွန်မဆီရောက်လာချိန်က ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း (က) ကျောင်းသူပါ။ အခု ကျောင်းထွက်လိုက်ပြီလို့ပြောပြီး ငိုပါတယ်။ သူ့ရဲ့ပုံပန်းသဏ္ဌာန်အရ ကျောင်းစရိတ်မတတ်နိုင်တော့လို့ ကျောင်းထွက်ရတဲ့ပုံမပေါ်ပါ။ စာမလိုက်နိုင်လို့ပါဆိုရင်လည်း လုံးဝဖြစ်နိုင်ခြေမရှိပါ။ ကြည်ပြာ ဆယ်တန်းအောင်စဉ်က ဘာသာစုံဂုဏ်ထူးနဲ့ အောင်ခဲ့ပါတယ်။ ကြည်ပြာရဲ့ သူငယ်ချင်းကို မေးကြည့်တဲ့အခါ "သူ့မိဘတွေ ဘယ်လိုဖျောင်းဖျလို့မှ မရတော့ဘူး။ ဆေးနဲ့ပတ်သက်တဲ့ စာတွေ၊ စာအုပ်တွေ ဘယ်လိုမှ ဖတ်မရဘူးလို့ ပြောပါတယ်" လို့ ဖြေပါတယ်။ "ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း (က) ရောက်ပြီဆိုတော့ ဘွဲ့ရတဲ့အထိတော့ ကျောင်းဆက်တက်လိုက်ပါ။ ဘွဲ့ရဖို့လည်း အများဆုံး ၂ နှစ်ပေါ့။ ဘွဲ့ရပြီး ဆေးမကုချင်လည်း မကုနဲ့ပေါ့" လို့ ဖျောင်းဖျပြောဖို့ ကျွန်မမှာ တာဝန်ရှိတဲ့အတိုင်း တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ကြိုးစားကြည့်ပါတယ်။

ဆေးကျောင်းပြီးအောင်တက်ဖို့ပြောတိုင်း ကြည်ပြာ မျက်နှာတင်းလာပြီး မျက်ရည်တွေတွေကျပါတော့တယ်။ အတိတ်အကြောင်းမပြောတော့ဖို့ ကျွန်မဆုံးဖြတ်လိုက်ပါတယ်။ လတ်တလော သူများအတွက် ဒါမှမဟုတ် ကိုယ့်အတွက် အကျိုးရှိစေမယ့် လုပ်ရပ်တစ်ခုခုတော့ ကြည်ပြာလုပ်သင့်တယ်လို့ ကျွန်မယူဆပါတယ်။ ကျွန်မက အရင်လို တစ်ပတ်နှစ်ကြိမ် ပုံမှန်အတန်းယူပြီး အင်္ဂလိပ်စာပြမပေးတော့ပေမယ့် အကူအညီတောင်းသူရှိရင် ကျွန်မတတ်နိုင်သမျှ ပညာဒါနပြုပေးပါတယ်။

ကြည်ပြာ လောလောဆယ် ဘာလုပ်နေသလဲလို့ မေးကြည့်တဲ့အခါ "ဂျပန်ဘာသာစကားနဲ့ တရုတ်ဘာသာစကား အရေး၊ အဖတ်ပါရအောင် သင်တန်းတွေတက်နေပါတယ်" လို့ ပြောပြပါတယ်။ သူ့သူငယ်ချင်းပြောပုံအရ ဆေးကျောင်းတက်နေကတည်းက ကြည်ပြာဟာ ဂျပန်ဘာသာစကား သင်တန်းတွေ တက်နေသူပါ။ ကြည်ပြာ တတ်သမျှအဆင့်တိုင်းမှာ ပထမစွဲတာချည်းပဲလို့လည်း သိရပါတယ်။ မိဘတွေက ငွေကြေးတတ်နိုင်သူတွေဖြစ်တာကြောင့် ကျောင်းစရိတ်၊ ကျူရှင်ခ စတဲ့စတဲ့ ကုန်ကျခဲ့ရတဲ့ 'ငွေ'အတွက် စကားထဲ ထည့်ပြောစရာမလိုပေမယ့် တန်ဖိုးရှိလှတဲ့အချိန်နဲ့ ပင်ကိုယ်စွမ်းရည်တွေအတွက် နှမြောမိပါတယ်။

ကြည်ပြာက ဂျပန်ဘာသာစကားနဲ့ တရုတ်ဘာသာစကားကို တခြားတခြားသော ဘာသာစကားတွေထက် ဝါသနာပါတယ်လို့ ပြောပါတယ်။ တခြားဘာသာစကားတွေလည်း သင်ယူတတ်မြောက်လိုပေမယ့် ဂျပန်နဲ့တရုတ်က ဦးစားပေးဖြစ်တယ်လို့ ပြောပါတယ်။ ကြည်ပြာက ဆက်ပြီး "ဂျပန်နိုင်ငံက သမီးသင်ယူလိုတဲ့ နည်းပညာတချို့ ရှိပါတယ်။ အဲဒါတွေသင်ယူဖို့ သမီး ဂျပန်ဘာသာစကား၊ စာရေးစာဖတ် ကျွမ်းကျင်ဖို့လိုတယ်မဟုတ်လား။ နောက်တစ်ခုက သမီးတို့ဆီမှာ အနှစ်သာရသိပ်ရှိတဲ့ မြန်မာစာပေတွေရှိတယ်။ သမီးဂျပန်ဘာသာ၊ တရုတ်ဘာသာတွေနဲ့ ဘာသာပြန်ပြီး အဲဒီနိုင်ငံတွေမှာ စာအုပ်ထုတ်ပေးချင်ပါတယ်။ သမီးရဲ့ရည်မှန်းချက်တွေက လေထဲတိုက်အိမ်ဆောက်နေတာများဖြစ်နေသလား" လို့ ကျွန်မကို ရှင်းပြရင်း မေးခွန်းထုတ်လိုက်ပါတယ်။ ကြည်ပြာရဲ့ ရည်မှန်းချက်၊ ကြည်ပြာ အကောင်အထည်ဖော်လိုတဲ့ ဆန္ဒတွေဟာ 'ဆရာဝန်ကောင်း' တစ်ယောက်ရဲ့ဆန္ဒတွေနဲ့ ထပ်တူထပ်မျှ မွန်မြတ်လှပါတယ်။ ပညာရပ်တိုင်း တစ်ပြေးညီတန်ဖိုးရှိပြီး လေးစားထိုက်တယ်ဆိုတာ လူအများစု သတိမပြုမိပါ။ မျက်မှောက်ခေတ်ကာလမှာ တီထွင်ကြံဆမှုတွေစုံလင်လွန်းတာကြောင့် "ကြည်ပြာရဲ့ဆန္ဒ အကောင်အထည်ဖော်ဖို့ လေထဲတိုက်အိမ်ဆောက်တယ်လို့ ပြောသူတွေ ရှိချင်လည်း ရှိမှာပေါ့။ ဒါပေမဲ့ ကြံဆရင်၊ ကြိုးစားရင် ဘာမဆိုအောင်မြင်နိုင်တယ်။ ခေတ်ကြီးကလည်း ပြောင်းလဲနေပြီဆိုတော့ လေထဲမှာ တိုက်အိမ်ဆောက်နိုင်တဲ့အချိန်လည်း ရောက်ကို ရောက်ရမှာပါပဲ" လို့ အားပေးမိပါတယ်။

အစပိုင်းကတော့ "ဒီကလေးမလေးကလည်း ၂ နှစ်လောက်ပဲ ကျန်တော့တာ။ ဆေးကျောင်းပြီးအောင်ဆက်တက်လိုက်ပြီးရော။ အခုတော့ မိဘတွေလည်း စိတ်ဆင်းရဲ၊ သူလည်း လမ်းခုလတ်မှာ ဟိုမရောက်၊ ဒီမရောက်" လို့ အပြစ်တင်မိပါတယ် ။ မိဘတွေနဲ့ ဆွေမျိုးသားချင်းတွေ ဝိုင်းပြီး ဖိအားပေးမှုကြောင့် ကြည်ပြာ ဆေးကျောင်းတက်ခဲ့ရပါတယ် ။ အစပိုင်း ပတ်ဝန်းကျင်အသစ်မှာ သူငယ်ချင်းတွေနဲ့ ဟုတ်တော့မလိုလိုရှိရာက ကြည်ပြာရဲ့ နှလုံးသားမှာကိန်းအောင်းနေတဲ့ စာပေဝါသနာက တစ်စထက်တစ်စ ကြီးထွားလာပါတယ်။ နောက်ဆုံးမှာ ဘယ်လိုမှ တားဆီးဟန့်တားလို့မရတော့ဘဲ ဆေးပညာနဲ့

www.foreverspace.com.mm

ပတ်သက်တဲ့စာအုပ်တွေကိုတောင် မကြည့်ချင်ရလောက်အောင် ပေါက်ကွဲထွက်လာတာပါ။ ကြည်ပြာ ဆေးကျောင်းပြီးအောင် မတက်လို့ 'ဆုံးရှုံးမှု' ဖြစ်သွားပြီလို့ ပြောကြရင် 'ကြည်ပြာ' တစ်ယောက်တည်း မဟုတ်ပါ။ နှစ်ယောက် ဆုံးရှုံးမှုပါ။

ပထမနှစ်ဆေးကျောင်းအတွက် သတ်မှတ်ကျောင်းသားဦးရေပြည့်သွားလို့ အမှတ်ပြည့်ပါလျက်၊ စာတော်ပါလျက်၊ ဆရာဝန်ကောင်းတစ်ယောက် အမှန်တကယ်ဖြစ်လိုပါလျက်နဲ့ အပယ်ခံလိုက်ရတဲ့ ကျောင်းသားအတွက်လည်း 'အမှန်တကယ် ဆုံးရှုံးမှု'ပါ။ အလားတူပဲ ဆေးတက္ကသိုလ်ဆုံးခန်းတိုင်တက်ပြီး ဘွဲ့ရသွားပေမယ့် ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ဖို့၊ ဆေးကုသပေးဖို့ ဝါသနာမပါရင်လည်း ဆုံးရှုံးမှုပါပဲ။ ပင်ကိုယ်စွမ်းရည် ဘယ်နေရာမှာ အားသန်နေသလဲဆိုတာ မဆန်းစစ်မိတဲ့အတွက် ဆုံးရှုံးမှုလို့ ခေါ်နိုင်ပါတယ်။ စောစောကလိုပဲ တစ်ယောက်ဆုံးရှုံးမှုမဟုတ် နှစ်ယောက်ဆုံးရှုံးမှုပါ။ မိဘတွေက သားသမီးတွေ အထက်တန်းပညာ ရွေးချယ်တဲ့နေရာမှာ ဆရာဝန်ဖြစ်ရေးနဲ့ အင်ဂျင်နီယာဖြစ်ရေးကလွဲပြီး တခြားပညာရပ်တွေကို စိတ်မဝင်စားသလို မိမိသားသမီးရဲ့ ပင်ကိုယ်စွမ်းရည် ဘယ်လိုရှိတယ်ဆိုတာ မသိရှိသူတွေ များနေပါတယ်။ ဒါကြောင့်လည်း ကြည်ပြာလို တောက်ပဖို့အခွင့်အလမ်းမသာသေးတဲ့ ငွေကြယ်ပွင့်လေးတွေ အများကြီးရှိနေတာ မိဘတွေအနေနဲ့ သတိပြုရသင့်ပါတယ်။

ဒီနေရာမှာ ၂၀၀၇ ခုနှစ်က အိန္ဒိယနိုင်ငံမှာ ရိုက်ကူးပြသပြီး နာမည်ကျော်သွားတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားကို သတိရမိပါတယ်။ ရုပ်ရှင်ဇာတ်ကား နာမည်ကျော်လူကြိုက်များဖို့ဆိုရင် သာမန်အားဖြင့် နာမည်ကျော်မင်းသား၊ မင်းသမီး ပါဝင်ရမယ်လို့ တွက်ဆတတ်ကြပါတယ်။ အဲဒီရုပ်ရှင်ဇာတ်ကားကို နာမည်ကျော်အိန္ဒိယရုပ်ရှင်မင်းသားတစ်ဦးဖြစ်တဲ့ အမီးရ်ခန်း (Amir Khan) ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ သူနဲ့တွဲဖက်တဲ့ အမျိုးသမီးသရုပ်ဆောင် မပါဝင်သလို အိန္ဒိယဇာတ်ကားတွေမှာ အများအားဖြင့် ပြလေ့ပြထရှိတဲ့ သီချင်းဆိုပြီး ကခုန်ခန်းတွေလည်း ပါဝင်တာမတွေ့ရပါ။ ကလေးတွေသီချင်းဆိုခန်းတော့ ပါဝင်ပါတယ်။ ရုပ်ရှင်ဇာတ်ကားအမည်က 'တာရေဇပင်းပါရ်' (Tare Zameen Par) ဖြစ်ပါတယ်။ 'ကမ္ဘာမြေပေါ်မှ ကြယ်ပွင့်လေးများ' လို့ အဓိပ္ပာယ်ရပါတယ်။ မိဘပညာပေး ဇာတ်လမ်းလေးတစ်ပုဒ်ပါ။

ဒီရုပ်ရှင်ကားကို အိန္ဒိယပရိသတ်လက်ခံတာကိုကြည့်ရင် အိန္ဒိယပြည်သူတွေရဲ့ မိဘနဲ့ သားသမီး ဆက်ဆံရေးသဘောထားအပေါ် နိုးကြားမှု စံနှုန်းမြင့်မားတယ်ဆိုတာ ပြသရာရောက်လို့ ကျေနပ်အားရစရာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဟာ အိန္ဒိယအမျိုးသားရုပ်ရှင်ဆုချီးမြှင့်တဲ့နေရာမှာလည်း ကလေးသရုပ်ဆောင်အပါအဝင် ကဏ္ဍစုံမှာ ဆုရရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှာသာမကဘဲ အမေရိကန်ပြည်ထောင်စုနဲ့ ဗြိတိန်နိုင်ငံတွေမှာလည်း နာမည်ကျော်လူကြိုက်များခဲ့လို့ ကမ္ဘာကျော် Walt Disney ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီကြီးက DVD ထုတ်ဝေဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။

ရုပ်ရှင်ဇာတ်လမ်းက ဒီလိုပါ။ အသက်ရှစ်နှစ်အရွယ် အီရှန်အာဝါစသီ (Ishaan Awasthi) ဆိုတဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ပတ်သက်ပြီး ဇာတ်အိမ်ဖွဲ့ထားပါတယ်။ အီရှန်က ကျောင်းစာကလွဲပြီး အားလုံးကို စိတ်ဝင်စားပါတယ်။ အိမ်ကနေကျောင်းအသွား လမ်းတစ်လျှောက်မှာ တွေ့သမျှဟာ အီရှန်ရဲ့ အံ့ဖွယ်ကမ္ဘာကြီးဖြစ်နေပါတယ်။ တိုက်တာအဆောက်အအုံတွေဆေးသုတ်နေတာမြင်ရင် အီရှန်က ဆေးရောင်စုံတွေရဲ့အလှအပမှာ ကြည်နူး



www.foreverspace.com.mm

ခဲ့တော့တတ်ပါတယ်။ ခွေးလေးတွေ၊ ကြောင်လေးတွေ၊ ရွှေငါးလေးတွေတွေ့ရင်လည်း တလောကလုံးကိုမေ့သွားတဲ့အထိ ချစ်နေတတ်ပါတယ်။ တခြားကလေးတွေ စွန်လွှတ်တာကိုကြည့်ပြီး လေမှာလွင့်မျောနေတဲ့ စွန်ရောင်စုံလေးတွေနဲ့အတူ အီရှန်ရဲ့စိတ်အစဉ်လည်း ပြေးလိုက်နေတတ်ပါတယ်။ အီရှန်စာသင်ခန်းထဲရောက်တာနဲ့ သူ့ပတ်ဝန်းကျင်ဟာ သူ့အတွက် အရာရာတိုင်းမှာ ရန်ပြုနေတယ်လို့ သူခံစားမိပါတယ်။ ဆရာတွေ၊ ဆရာမတွေ ကျောက်သင်ပုန်းမှာ ရေးသမျှ၊ သင်ကြားသမျှကို အီရှန် အာရုံမစိုက်နိုင်ပါ။ အက္ခရာတွေကို ပြောင်းပြန်အရေးများသလို သင်္ချာမှာလည်း အခြေခံအပေါင်းအနုတ်ကိုတောင် မှန်ကန်အောင် တွက်ချက်နိုင်သူမဟုတ်ပါ။

ကျောင်းကအိမ်ပြန်ရောက်ရင်လည်း မိဘတွေရဲ့မျက်နှာသာပေးတာမခံရတဲ့ သနားစရာကလေးငယ်ပါ။ အထူးသဖြင့် ဖခင်လုပ်သူက အီရှန်နဲ့ အသက်လေးနှစ်လောက်ကွာတဲ့သားကြီးကိုသာ မျက်နှာသာပေးပါတယ်။ သားကြီးက ကျောင်းစာမှာ ထူးချွန်သူ ဖြစ်ပါတယ်။ မိခင်ကလည်း ဘယ်ကိစ္စမှာမဆို သားကြီးအတွက်သာ အာရုံရှိပါတယ်။ ကျောင်းကဆရာရဲ့ မှတ်ချက်ပါလာတဲ့နေ့ဆိုရင် အီရှန်အတွက် သူနားမလည်နိုင်တဲ့ အတွေ့အကြုံတွေ တွေ့ထိခံစားခဲ့ရပါတယ်။ ဖခင်က စာအုပ်တွေ လွှင့်ပစ်ပါတယ်။ အီရှန်ကိုအော်ငေါက်ပြီး လဲကျသွားတဲ့အထိ တွန်းပစ်တတ်ပါတယ်။ အီရှန်ခမျာ သူ့ကို ဘာကြောင့် ဒီလိုလုပ်သလဲဆိုတာ နားမလည်ပါ။ မိခင်ကလည်း ပြောလို့ဆူလို့ မပြီးတော့ပါ။ အစ်ကိုလုပ်သူကလည်း ကလေးသာသာရှိသေးတော့ သူ့ညီလေးအပေါ် နားလည်မှုပေးဖို့ မသိတတ်ဘဲ မိဘတွေ သူ့အပေါ် အရေးပေးတာ အခွင့်ကောင်းယူပြီး ညီငယ်ကို အနိုင်ကျင့်တတ်လာပါတယ်။

တကယ်တော့ အီရှန်ရဲ့မိဘတွေဟာ ထူးချွန်တဲ့ သားဦးရှိတာကြောင့် အဲဒီသားကိုပဲ အာရုံစိုက်ရင်း သားငယ်ကို လျစ်လျူရှုမှန်းမသိရှုမိရာက သားငယ်မှာ စွဲကပ်နေတဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုနည်းပြီး အာရုံကြောအားနည်းတဲ့ဝေဒနာကိုတောင် သတိမထားမိလောက်အောင်ဖြစ်ခဲ့ရပါတယ်။ ဒီပြဿနာမျိုးကို ကလေးအသက် တစ်နှစ် ၂နှစ်လောက်မှာမတွေ့ရဘဲ ကျောင်းစတက်မှတွေ့မြင်နိုင်ပါတယ်။ ဒါကြောင့် ကျောင်းဟာ ကလေးအတွက် ကြောက်ရွံ့စရာကောင်းတဲ့နေရာအဖြစ်မမြင်ဖို့ အထူးသတိထားရပါတယ်။ ရောဂါအနေနဲ့ သဘောမထားဘဲ အခက်အခဲတစ်ခုအဖြစ်သာ သတ်မှတ်မယ်ဆိုရင် အလွယ်တကူကျော်လွှားနိုင်မှာဖြစ်ပါတယ်။

ဒီဉာဏ်ရည်ဖွံ့ဖြိုးမှုနည်းတဲ့ ပြဿနာကို Dyslexia လို့ ခေါ်ပါတယ်။ ဂဏန်းအပေါင်းအနုတ်တွက်ချက်ဖို့ခက်ခဲတဲ့ ပြဿနာကို Dyscalculia လို့ ခေါ်ပါတယ်။ ဒါပေမဲ့ ဒီလိုအခက်အခဲနဲ့ရင်ဆိုင်နေရတဲ့ ကလေးအတွက် သူနဲ့အဆင်ပြေမယ့် ပတ်ဝန်းကျင် ဖန်တီးပေးနိုင်မယ်ဆိုရင် အဲဒီကလေးတွေဟာ သူမတူအောင် ထက်မြက်တယ်လို့သိရပါတယ်။ Dyslexia အခက်အခဲရှိတဲ့ကလေးတွေဟာ ပန်းချီ၊ ဂီတ၊ အနုပညာဘက်တွေမှာ ထူးချွန်သူတွေဖြစ်လာနိုင်ပါတယ်။

စောစောကဇာတ်လမ်းထဲက အီရှန်လေးရဲ့အကြောင်းကို ပြန်ဆက်ရရင်း ကျောင်းမှာ စာမလိုက်နိုင်တဲ့ပြဿနာတွေများလာပြီး နောက်ဆုံး ကျောင်းပြေးလေးဘဝ ရောက်လာတာကြောင့် မိဘတွေက ကျောင်းအိပ်ကျောင်းစားထားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကျောင်းသစ်မှာ အီရှန်ရဲ့ အခြေအနေမတိုးတက်တဲ့အပြင် မိသားစုနဲ့ ခွဲနေရတဲ့ စိတ်ဝေဒနာ ထပ်ပြီးတိုးလာပါတယ်။

တစ်ရက်မှာ အီရှန်တို့အတန်းကို ပန်းချီဆရာအသစ်တစ်ဦးရောက်လာပါတယ်။ အဲဒီဆရာက ကလေးတွေကို ပန်းချီဆွဲသင်ပြရုံမကဘဲ ကလေးတွေနဲ့အတူ အဆိုအကတွေမှာလည်း ကိုယ်တိုင်ပါဝင်ခဲ့ပါတယ်။ ဆရာအသစ်က တခြားဆရာတွေလို ရှေးရိုးပုံစံကြီးအတိုင်း သင်ပြတာမဟုတ်ဘဲ ကလေးတွေအားလုံး ကိုယ်တိုင်အသိဉာဏ်နဲ့ စဉ်းစားတွေးခေါ်တတ်အောင်၊ အကောင်းမြင်တတ်လာအောင်၊ မိမိကိုယ်မိမိ ယုံကြည်ချက်ရှိအောင်လည်း မြေတောင်မြှောက်ပေးခဲ့ပါတယ်။

တစ်ချိန်ထဲမှာပဲ ဆရာက အီရှန်ရဲ့ အခက်အခဲ ပြဿနာတွေကို နားလည်လာပြီး အချိန်ယူ ဖြေရှင်းပေးခဲ့ပါတယ်။ စိတ်ရှည်ရှည်နဲ့ အီရှန်ကို ဂရုတစိုက် မေတ္တာမျှဝေပေးနိုင်တာကြောင့် နောက်ဆုံးမှာ အီရှန်ရဲ့ တိမ်မြုပ်နေတဲ့ ပန်းချီစွမ်းရည်တွေ တောက်ပလာပါတယ် ။ စာမေးပွဲကြီးအပြီး ကျောင်းမပိတ်မီ နှုတ်ဆက်ပွဲကျင်းပတဲ့အခါ အီရှန်ရဲ့ပန်းချီလက်ရာကို မျက်နှာဖုံးတင် ထုတ်ဝေထားတဲ့ နှစ်ပတ်လည်ကျောင်းမဂ္ဂဇင်းက အီရှန်ရဲ့ဘဝကို အပြောင်းအလဲကြီး ပြောင်းလဲစေပါတယ်။ ကျောင်းအုပ်ကြီးကအစ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသူကျောင်းသားတွေ၊ အခမ်းအနားတက်ရောက်ကြတဲ့ အီရှန်ရဲ့မိဘနဲ့ အစ်ကိုအဆုံး၊ ပန်းချီလက်ရာအတွက် ဆုယူဖို့ ကျောင်းအုပ်ကြီးဆီလျှောက်လာတဲ့အီရှန်ကို မတ်တတ်ရပ်ပြီး လက်ခုပ်ဩဘာပေးရင်း ဂုဏ်ပြုခဲ့ကြပါတယ်။

ဇာတ်လမ်းလေးက ရိုးရိုးရှင်းရှင်းလေးပါ။ မိဘတွေက သားသမီးတွေရဲ့ ပင်ကိုယ်စွမ်းရည်ကို နားလည်မှုပေးဖို့အတွက်ပါ။ ကြည်ပြာ ကျွန်မဆီ စာသင်ခါစက ဘာကြောင့် ကျွန်မဆီလာသလဲဆိုတဲ့ မေးခွန်း မေးဖူးပါတယ်။ "ကြီးကြီးက စာကိုပုံစံကြီးနဲ့မသင်ဘူး။ ကျောင်းသားတွေအားလုံးနဲ့လည်း ရင်းရင်းနှီးနှီးရှိတယ်။ ကျောင်းသူ၊ ကျောင်းသားတွေခံစားရတဲ့ အခက်အခဲ ပြဿနာတွေကိုလည်း မျှဝေခံစားပေးတယ်လို့ သူငယ်ချင်းကပြောလို့ပါ" ဆိုပြီး ကြည်ပြာ ဖြေကြားခဲ့ဖူးပါတယ်။ ကြည်ပြာဟာ အခွင့်အလမ်းသာတာနဲ့ ထွန်းတောက်ဖို့ တာစူနေတဲ့ ကမ္ဘာမြေပေါ်က ကြယ်ပွင့်လေး တစ်ပွင့်ပါ။ အမြန်ဆုံး ထွန်းလင်းတောက်ပနိုင်ပါစေ။

**မြသန်းသန်းနု**

■


www.foreverspace.com.mm

# သူတို့ဆီက နိုင်ငံခြားခရီးသွားပုံ

ကိုဝမ်း

**မကာအိုတွင် ၂၀၀၀ ပြည့်နှစ်၌ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် တာဝန်ကျသည်။ ယင်းဆောက်လုပ်ရေးလုပ်ငန်းက ‘အခန်း’ ဆိုသော တရုတ်အမျိုးသားက တစ်ရက်တွင် ယနေ့ Passport သွားလုပ်မည်ဆိုပြီး ထွက်သွားသည်။ နောက်တစ်ပတ်ကြာတော့ မကာအို Passport သူထုတ်လာသည်။ Passport လုပ်ဖို့ရာ ဘာလိုသလဲလို့ဆိုတော့ ဘာမှမလိုပါ။ မကာအို မှတ်ပုံတင်ပေးလိုက်ရုံပဲဟုဆိုသည်။ သူက မကာအိုမှတ်ပုံတင်ပေးလိုက်သည်။ သက်ဆိုင်ရာဌာနတွင် သူ၏အချက်အလက် အသေးစိတ်အပြည့်အစုံ ရှိသည်။ ဘာပုံစံစာရွက်မှ ဖြည့်ဖို့ရာမလိုပါ။ ဓာတ်ပုံတော့ ပေးရသည်။ ပြီးတော့ သူ့ Passport သက်တမ်းက ၁၀ နှစ် ဖြစ်သည်။ မကာအို Passport တွင် စာမျက်နှာတိုင်း၌ နံပါတ်တွေကို အပေါက်နှင့်ဖောက်ထားသည်။ ပြီးတော့ ဓာတ်ပုံကကပ်ထားခြင်းမဟုတ်ပါ။ Passport စာမျက်နှာပေါ်တွင် တစ်ခုတည်းပုံနှိပ်ထားသည်ဖြစ်၍ ဓာတ်ပုံလဲဖို့ရာ မဖြစ်နိုင်တော့ပါ။**

သူတို့ နိုင်ငံခြားသွားပုံသွားနည်းက ထမင်းစားရေသောက်သလို လွယ်ကူသည်။ မကာအိုကနေ ဟောင်ကောင်သွား၊ မကာအိုကနေ တရုတ်ပြည်မကြီးသွား Passport မလိုပါ။ ဒေသခံတွေသုံးသော ‘ဝါးယောင်းကြိမ်’ ဆိုတာ ရှိသည်။ နယ်မြေကူးခွင့်စာအုပ်ငယ်ဖြစ်သည်။ မကာအိုကထွက်တော့လည်း မကာအိုမှတ်ပုံတင်နှင့် ယင်းစာအုပ်ပေးလိုက်၊ လူဝင်မှုက ကွန်ပျူတာသွင်း စာအုပ်တွင် တုံးထုပေးလိုက်သည်။ ဝင်လာတော့ အလားတူ ကွန်ပျူတာသွင်း စာအုပ်တွင် အဝင်တုံး ထုသည်။ ဟောင်ကောင်၊ မကာအိုနှင့် တရုတ်ပြည်တို့သည် သီးခြားအုပ်ချုပ်ရေးဒေသတွေပါ။ သို့သော် အိမ်ဦးကြမ်းပြင် ကူးသန်းသွားလာလို့ ရသည်။ တစ်ခုတော့ရှိသည်။ မကာအိုသားက ဟောင်ကောင်သွား အလုပ်လုပ်မည်စိုး၍ ဟောင်ကောင်က မကာအို ‘ကြိမ်’ ကို တစ်ပတ်ပဲနေခွင့်ပေးသည်။




မကာအိုက ကာစီနိုခေါ် လောင်းကစားဝိုင်း၊ ဖဲဝိုင်းတွေပေါသည်။ ဒါကြောင့် ဟောင်ကောင်သားက မကာအိုနေခွင့်ကို တစ်နှစ်ပေးသည်။ သူတို့က ဟောင်ကောင်သားကိုသာမက အခြားနိုင်ငံခြားသားကိုပါ လာချင်သလောက်လာစမ်း၊ နေချင်သလောက်နေစမ်း၊ ဧည့်သည်များများလာလေ

www.foreverspace.com.mm

လေ၊ ငါတို့ ပိုက်ဆံရလေဆိုသော သဘောထား၊ ကာစီနိုကရသော အကောက်ခွန်ငွေသည် မကာအိုဘတ်ဂျက်၏ ငါးဆယ်ရာခိုင်နှုန်း ဖြစ်သည်။ စီးပွားရှာတာကသတ်သတ်၊ လုံခြုံရေးကသတ်သတ် နေရာတကာကို လုံခြုံရေးပေတံနှင့်လိုက်တိုင်းနေသည်မဟုတ်ပါ။ မကာအို၏ ဒုတိယဝင်ငွေသည် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းကရသောငွေဖြစ်သည်။ ဒါကြောင့် တစ်မြို့လုံးကို မီးတွေ၊ ပန်းတွေနှင့် အလှဆင်၊ လမ်းတွေချောနေအောင် ပြင်ထားသည်။ မကာအိုမုတ် (Macao Mok) ဆိုသည့် ချစ်စရာဂျစ်ကားလေးတွေကို နိုင်ငံခြားခရီးသွားက တစ်နေ့ ၃၀၀ ပါတာကပ်နှင့် ကားစီး၍ရသည်။ ဘာမှမလိုပါ၊ ခရီးသည်၏ Passport ထုတ်ပြပြီး နံပါတ်ပေးလိုက်ရုံသာ။

နိုင်ငံခြားခရီးသွားလုပ်ငန်းသည် မကာအိုသားတို့၏ အပန်းဖြေလုပ်ငန်းဖြစ်သည်။ ဘာအခွန်မှဆောင်စရာမလို၊ ဘာ D-Form မှ ဖြည့်စရာမလိုပါ။ ခရီးသွားကုမ္ပဏီတွေက အမေရိကန်ကို၊ အင်္ဂလန်ကို၊ ဂျပန်ကို၊ ဩစတြေးလျကို စသည်ဖြင့် အုပ်စုခရီးသွား (Package Tour) အစီအစဉ်တွေရှိသည်။ မိမိသွားလိုသောရက်ကို ခရီးသွားကုမ္ပဏီသွား၊ Passport နှင့် ကျသင့်ငွေပေးပြီးတော့ ဗီဇာကိစ္စကို ခရီးသွားကုမ္ပဏီက လုပ်ပေးသည်။ ခရီးသွားသည့်အခါ ခရီးသွားက လူဝင်မှုတွင် Passport နှင့် မှတ်ပုံတင် တင်ပေးလိုက်သည်။ လူဝင်မှုအရာရှိက မှတ်ပုံတင်နံပါတ်ကို ကွန်ပျူတာတွင် အလျှောက်ပြ၊ Passport မှာ အထွက်တံုး ထုပေးလိုက်မည်။ ပြန်ဝင်လာတော့ Passport မှာ အဝင်တံုးထုပေးလိုက်မည် ဒါပဲဖြစ်သည်။ သာမန်နိုင်ငံခြားခရီးသွားက ဝင်ကတည်းက White Card ဖြည့်ရသည်။ လူဝင်မှုက Passport နှင့် တွဲချုပ်ပေးလိုက်သည်။ ထွက်တော့ လူဝင်မှုက ယင်း White Card ကို ဖြုတ်ယူထားလိုက်သည်။




ကျွန်တော်တို့လို ဘလူးကပ်နှင့် ယာယီနေထိုင် အလုပ်လုပ်သူက အထွက်တွင် White Card ပုံစံကိုဖြည့်ပြီး Passport နှင့် တွဲတင်ပေးလိုက်သည်။ လူဝင်မှုက အထွက်တံုးထု White Card ကို ယူထားလိုက်သည်။ အဝင် Passport မှာ အဝင်တံုးထုပေးမည့် သူတို့ကွန်ပျူတာအတွက် သက်ဆိုင်ရာနိုင်ငံကုတ် (Code) နံပါတ်တွေရှိသည်။

ဂျပန်ကိုခရီးသွားရတာ ဈေးကြီးသည်၊ အမေရိကန်ကို ခရီးသွားရတာ ဈေးကြီးသည်။ ဒါကြောင့် အများစုက ထိုင်းကိုသွားကြသည်။ ထိုင်းကလည်း ဟောင်ကောင်၊ မကာအို Passport ကို Without ပေးသည်။ Without က ဗီဇာကြိုပြီးလျှောက်စရာမလို။ ဝင်ဝင်ချင်း တစ်ပတ်ထုပေးသည်။ ဗီဇာက ရက်များသည်။ Without က ရက်နည်းသည်။ မကာအိုစုံတွဲတွေက ပျားရည်ဆမ်းခရီး (Honey Moon) ခေါ် မင်္ဂလာဆောင်ပြီး အပျော်ခရီးကို ထိုင်းကိုသွားတာများသည်။ စရိတ်သက်သာ၍ ဖြစ်သည်။ ပျားရည်ဆမ်းခရီးမှမဟုတ်ပါ။ လူငယ်တော်တော်များများသည် ထိုင်းကိုရောက်ဖူးကြသည်။ ထိုင်းစကား တစ်လုံးစ၊ နှစ်လုံးစပင် သူတို့တတ်ကြသည်။

ဤနေရာတွင် ဗြိတိသျှကိုလိုနီနှင့် ပေါ်တူဂီကိုလိုနီတို့သည် ကိုလိုနီချင်းတူသော်လည်း အခွင့်အရေးမတူပုံကို ပြောလိုပါသည်။ ဟောင်ကောင်ကျွန်း၊ ကောင်းလုံနှင့် နယူးတာရီထရီ (နယ်မြေသစ်) တို့သည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့အထိ ဗြိတိသျှကိုလိုနီဖြစ်ခဲ့သည်။ ဟောင်ကောင်နှင့် ကောင်းလုံကို မူလကဗြိတိသျှက သိမ်းခဲ့ပြီး နယူးတာရီထရီကို ၉၉ နှစ်စာချုပ်နှင့် တရုတ်ဘုရင်နှင့် ထိုစဉ်က ဗြိတိသျှအစိုးရတို့စာချုပ်ဖြင့် အငှားသဘောတူခဲ့ခြင်းပါ။ မကာအိုသည် နှစ်ပေါင်း ၄၀၀ ကျော် ပေါ်တူဂီကိုလိုနီဖြစ်ခဲ့ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင်မှ တရုတ်ပြည်

www.foreverspace.com.mm

သို့ ပြန်ပေးခဲ့ခြင်းပါ။

၁၉၉၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ မတိုင်မီအထိ ဗြိတိသျှအစိုးရက ဟောင်ကောင်သားကို ပင်လယ်ရပ်ခြား ဗြိတိသျှ Passport (Over Sea British Passport) ပဲ ပေးသည်။ ဟောင်ကောင်သားသည် ဗြိတိန်ကို အလွယ်တကူသွား၍ မရပါ။ မကာအိုသားကို ပေါ်တူဂီကိုလိုနီအစိုးရက ပေါ်တူဂီ Passport ထုတ်ပေးသည်။

မကာအိုသားသည် အီးအီးစီခေါ် ဥရောပအဖွဲ့ဝင်နိုင်ငံသား ပေါ်တူဂီ Passport ကိုင်ထားသည်မို့ ပေါ်တူဂီကိုသာမက ဗြိတိန်အပါအဝင် ဥရောပအဖွဲ့ဝင်နိုင်ငံတွေသို့ သုံးလသွားရောက်ခွင့်ရှိသည်။ ဒီတော့ မကာအိုသားက ဗြိတိန်သွား သုံးလနေ၊ ရရာအလုပ်လုပ်၊ သုံးလပြည့်ရင် ပြင်သစ်သွား၊ ပြင်သစ်မှာ သုံးလပြည့်ရင် ဘယ်လ်ဂျီယံသွားနှင့် သွား၍အလုပ်လုပ်ကိုင်သည်။ ဒီအချိန်တွင် ဟောင်ကောင်သားမှာ လန်ဒန်မြို့တော် တစ်ခေါက်အလည်သွားဖို့အရေး ခက်ခက်ခဲခဲလုံးပန်းနေရလေသည်။ ကိုလိုနီခေတ်ပြီးတော့ ရော့ ဗြိတိန်–တရုတ်–ပေါ်တူဂီ–တရုတ် ပြန်လည်လွှဲပြောင်းရေး သဘောတူညီချက်အရ ဟောင်ကောင်သားထဲက ဗြိတိသျှ ပင်လယ်ရပ်ခြား Passport ကိုင်လိုသူက ဆက်ကိုင်ခွင့်ရှိသည်။ မကာအိုသားထဲက ပေါ်တူဂီ Passport ဆက်ကိုင်လိုသူက ဆက်ကိုင်ခွင့်ရှိသည်။

မကာအိုသားတွေ တရုတ်ပြည်ကို အိမ်ဦးကြမ်းပြင်သွားလို့နေကြသည်။ မကာအိုပုရိသတို့က တိုးယောင်ကြိမ်နှင့် တရုတ်ပြည်ကိုကူးပြီး ခေါင်းလျှော်သည်။ ဆံပင်ညှပ်ဆိုင်မှာ တရုတ်ပြည်တွင်းပိုင်း မိန်းကလေးတွေရှိသည်။ ဆံပင်ဆိုတာ တစ်လမှ တစ်ခါသာညှပ်သည်မို့ ခေါင်းလျှော်သည်ပေါ့။ ကွမ်တုန်တရုတ်စကားက 'စိုင်းထောင်' ဟုခေါ်သည်။ 'စိုင်း' က လျှော်သည်။ 'ထောင်' က ခေါင်း။ ခေါင်းလျှော်ရင်းနှင့် ပုရိသတို့က လက်ဆော့ကြသည်။ မကာအိုတစ်ဖက်ကမ်း တရုတ်ပြည်နယ်စပ် 'ကုန်းပေ' နှင့် ကျူးဟိုင်းဆိုသောမြို့တို့တွင် ဆံပင်ညှပ်ဆိုင်ပေါင်း ငါးထောင်ခန့်ရှိသည်။ လက်ဆော့ပြီး ခေါင်းလျှော်ပြီး အခြားကိစ္စက ကြေးသတ်သတ်ဖြစ်သည်။ ကုန်းပေကတစ်ဈေး၊ ကုန်းပေကသွားရသော ဝမ်ချိုင်ကတစ်ဈေးဖြစ်သည်။ ပြီး အခြားမကာအိုကနေသွားရသော ဝမ်ခမ်ဆိုသည့်ကျွန်းကြီးပေါ်မှာက တစ်ဈေး ဖြစ်သည်။

လန်ဒန်သူတွေ လာပြီးအလုပ်လုပ်သည်။ ညှော့သည်က မည်သည့်ဟိုတယ် အခန်းဘယ်လောက်ကို လာခဲ့ပါဆိုလျှင် အနိပ်ခန်းက ဗြိတိန်သူတစ်ဦးလွှတ်ပေးသည်။ လေဒီကုတ်နှင့် သပ်သပ်ရပ်ရပ် ဝတ်စားရသည်။ အနိပ်ခမှာ မိနစ်နှစ်ဆယ်ကို ဟောင်ကောင်ဒေါ်လာ ၂၀၀ ဖြစ်သည်။ ညှော့သည်က အနိပ်ခံဖို့ရာသက်သက်ခေါ်သည်မဟုတ်ပါ ကျန်တာက ဈေးညှိပေါ့။ ဤသို့နှင့် ဗြိတိန်သူတစ်ဦးသည် ဟောင်ကောင်တွင်နေစဉ် တစ်လခွဲအတွင်း ဟောင်ကောင်ဒေါ်လာ တစ်သိန်းခွဲခန့်ပိုက်ကာ လန်ဒန်သို့ ပြန်သွားနိုင်ခဲ့သည်။ ဤမျှတိုတောင်းသောကာလအတွင်း ဤငွေပမာဏကို လန်ဒန်မှာ ရှာ၍မရပါဟု ဆိုသည်။

မကာအိုကိုဝင်ရတာလွယ်တော့ ဖိလစ်ပိုင်၊ ထိုင်း၊ တရုတ်ပြည်ကမိန်းကလေးတွေလာကြသည်။ ဒီအလုပ်တွေကို မကာအိုအမဲဂိုဏ်းက အစီအစဉ်ဖြင့်ပြုလုပ်သည်။ ဆိုဗီယက်ယူနီယမ်ပြိုကွဲပြီးတော့ ရုရှားကမာဖီးယားဂိုဏ်းနှင့် မကာအိုအမဲဂိုဏ်းတို့ဆက်ကာ မကာအိုသို့ ရုရှားမလေးတွေရောက်လာကြသည်။

ဟောင်ကောင်က ဗြိတိသျှကိုလိုနီဘဝတွင် ဗြိတိန်သား၊ ဗြိတိန်သူတို့ ဟောင်ကောင်အဝင်လွယ်သည်။ လန်တောင်ကျွန်းတွင် လေဆိပ်အသစ်ကြီးဆောက်ရာ မျက်နှာဖြူအများအပြားလာ၍ အလုပ်ကြမ်းလုပ်ကိုင်ကာ ငွေရှာကြသည်။ ဟောင်ကောင်တွင် အစောင့် (Eescort)၊ ကိုယ်ရံတော် (Bodyguard) ဆိုသောနာမည်နှင့် အနိပ်ခန်းဖွင့်ထားသည်။ လန်ဒန်သူတွေ လာပြီးအလုပ်လုပ်သည်။ ညှော့သည်က မည်သည့်ဟိုတယ် အခန်းဘယ်လောက်ကိုလာခဲ့ပါဆိုလျှင် အနိပ်ခန်းက ဗြိတိန်သူတစ်ဦးလွှတ်ပေးသည်။ လေဒီကုတ်နှင့် သပ်သပ်ရပ်ရပ် ဝတ်စားရသည်။ အနိပ်ခမှာ မိနစ်နှစ်ဆယ်ကို ဟောင်ကောင် ဒေါ်လာ ၂၀၀ ဖြစ်သည်။ ညှော့သည်က အနိပ်ခံဖို့ရာသက်သက်ခေါ်သည်မဟုတ်ပါ ကျန်တာက ဈေးညှိပေါ့။ ဤသို့နှင့် ဗြိတိန်သူတစ်ဦးသည် ဟောင်ကောင်တွင်နေစဉ် တစ်လခွဲအတွင်း ဟောင်ကောင်ဒေါ်လာတစ်သိန်းခွဲခန့်ပိုက်ကာ လန်ဒန်သို့ ပြန်သွားနိုင်ခဲ့သည်။ ဤမျှတိုတောင်းသော ကာလအတွင်း ဤငွေပမာဏကို လန်ဒန်မှာ ရှာ၍မရပါဟု ဆိုသည်။

(သူ့အရပ်၊ သူ့ဒေသ ခရီးသွားပုံ၊ နေပုံထိုင်ပုံ၊ ဓလေ့ထုံးစံယဉ်ကျေးမှုကို သိရှိနိုင်စေရန် ပြန်ပြောပြခြင်းသာဖြစ်ပါသည်။ ဟောင်ကောင်ကိစ္စတွေမှာ South China Morning Post သတင်းစာပါအချက်တွေ ဖြစ်ပါသည်။)

**ကိုဝမ်း**

■

www.foreverspace.com.mm

**ထားဝယ်မြို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ၊ ဆရာမများ၏ သင်ကြားမှုဆိုင်ရာဖွံ့ဖြိုးမှု ရက်တိုသင်တန်းတစ်ခု၏နောက်တွင် အတန်းအားနေသော သင်တန်းဆရာ ကိုဝင်းဇော်မင်းနှင့် ကျွန်တော်စကားတွေပြောနေမိသည်။ စာသင်ခဲ့သောရွာက ကလေးတွေအကြောင်း၊ ရွာလေးအကြောင်း၊ ဘာကိုမျှော်လင့်ရမှန်းမသိသော ကလေးတွေအကြောင်း၊ သွားလေ့လာဖြစ်သည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေအကြောင်း။**

# ကွက်လပ်ဖြည့်ပါ

ဟန်ထက်

“ဒီမြင်ကွင်းမျိုးကို မမြင်ချင်မှအဆုံး။ ဒီကျောင်းလေးကိုရောက်မှ လောကရဲ့ တစ်ဖက်စောင်းနင်းနိုင်မှုတွေကို ပိုသိခဲ့တယ်။

တစ်လက်မခန့်သာရှည်သည့် ခဲတံ ငုတ်တိုလေးဖြင့် စာရေးနေသည့် ကလေးတစ်ယောက်၏ ဓာတ်ပုံကိုပြရင်း သင်တန်းဆရာကိုဝင်းဇော်မင်းကို ပြောနေမိသည်။

“ကျွန်တော် ဒီမှာတွေ့တာက သင်ကြားရေးပြဿနာတစ်ခုတည်း မဟုတ်ဘူးဗျ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေး၊ ကျောင်းစီမံခန့်ခွဲမှုတွေက အစလိုအပ်နေတာ”။ သင်တန်းပို့ချရာ ဇေယျာဘုမ္မိကျောင်းတွင် သုံးရက်တာ တွေ့မြင်ရ၊ လေ့လာရပြီးချိန်တွင် သူပြောလာသည့်စကား။ သူ့မျက်လုံးတွေကပေပွစွာ ထမင်းစားနေသော ကလေးများ၏ ထမင်းဝိုင်းဆီငေးစိုက်လျက်။ ကျွန်တော်တွေးနေမိသည်။ ဆယ်စုနှစ်တစ်ခု တိုင်ခဲ့ပေပြီ။

ဘာတွေလိုအပ်နေသနည်း။ ဘာတွေလစ်ဟာနေသနည်း။ လိုအပ်နေသည်က အသေအချာ။ ကိုယ်တိုင်လည်း ကြုံခဲ့ရသည်ပင်။ ရေးတေးတေးတော့ ရိပ်မိ၏။ သို့သော် သဲသဲကွဲကွဲမဟုတ်။

အခက်အခဲများနှင့်ပတ်သက်၍ သင်တန်းပြုလုပ်နေစဉ် ဘ.က ကျောင်းစစ်တမ်းတစ်ခုကောက်ယူဖြစ်ခဲ့သည်။ အဆိုပါစစ်တမ်းအရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ဒေသတစ်ခု၏ မိဘမဲ့များနှင့် ချို့တဲ့သူများအတွက် အဓိကအားထားရာဖြစ်သော်လည်း သင်ထောက်ကူပစ္စည်းမလုံလောက်ခြင်း၊ ဆရာ၊ ဆရာမ မလုံလောက်ခြင်း၊ ကျောင်းနေရာကျပ်တည်းခြင်း၊ ဘဏ္ဍာရေးအခက်အခဲ၊ ကျောင်းတွင်းစီမံအုပ်ချုပ်မှု စသည်တို့တွင် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်နေသည်ကို တွေ့ရသည်။

“ထားဝယ်လေးမြို့နယ်မှာ အစိုးရအသိအမှတ်ပြု ဘ.က ကျောင်း ၄၉ ကျောင်း ရှိတယ်။ အားလုံးက စေတနာတစ်ခုတည်းနဲ့ သွားနေရတာပဲ။ ကလေးသူငယ်ပြုစုပျိုးထောင်ရေးတို့၊ ကျောင်းစီမံအုပ်ချုပ်မှုတို့ စသဖြင့်ပေါ့။ ပီပြင်နဲ့စပ်မှု မရှိတော့ တစ်ခါတလေ ဘာလုပ်လို့ လုပ်ရမှန်းမသိဘူး။ ကလေးတွေကလည်း အရွယ်နဲ့မမျှတဲ့ ဒုက္ခတွေနဲ့ဆိုတော့ သူတို့ကို ပြုစုပျိုးထောင်ရတာ အရမ်းခက်တယ်။” သင်တန်းတွင် ကလေးများပြန်ဖြစ်ကာ နွေ



www.foreverspace.com.mm

အပူကိုမေ့ပြီး ပျော်ရွှင်စွာလေ့လာသင်ယူနေသည့် ဘ.က ဆရာ၊ ဆရာမများကိုငေးရင်း စကားတွေအရှည်ကြီး ပြောနေမိသည်။ ရင်ထဲမှာ ပြောစရာစကားတွေက ဒီထက်မကပေ။




ကျောင်းထိုင်ဆရာတော်များ၏ စီမံအုပ်ချုပ်မှု၊ ဆရာ၊ ဆရာမများ၏ စနစ်တကျပါဝင်ပူးပေါင်းနိုင်မှုနှင့် ကျယ်ပြန့်နှံ့စပ်သော အသိပညာရေချိန်သည်လည်း အဓိကကျပေမည်။ လေ့လာခဲ့ရသည့် ဘ.က ကျောင်းအတော်များများသည် တိကျ၍ အသက်ဝင်သောစနစ်နှင့်အဖွဲ့အစည်းပုံသဏ္ဌာန်မရှိဘဲ အဆင်ပြေသလိုသွားနေကြသည်ဟု သင်တန်းဆရာများက ဆိုသည်။

“ခရစ်ယာန်မိဘမဲ့ကျောင်းလေးတွေကို လေ့လာသင့်တယ်ဗျ။ သူတို့က တစ်အားစနစ်ကျတယ်” ဟု ၎င်းတို့က ဆိုသည်။

မှန်ပေသည်။ စေတနာကို ခရီးရောက်အောင် အသက်သွင်းပေးနိုင်ရပေမည်။ ထိုသို့ အသက်သွင်းဖို့ရန်မှာ တစိုက်မတ်မတ်လေ့လာအားထုတ်မှု၊ တိကျအသက်ဝင်သောစနစ်တို့ လိုအပ်ပေသည်။ အစဉ်အလာများ သမားရိုးကျများမှ ခွဲထွက်ရပေမည်။

စေတနာသည် အရင်းခံတရားတစ်ခုဖြစ်သော်လည်း ခရီးရောက်သောစေတနာများဖြစ်ဖို့ရန် များစွာကြိုးစားကြရပေဦးမည်။ ထားဝယ်မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ဖွံ့ဖြိုးရေးအတွက် လုပ်နေ



www.foreverspace.com.mm

သည့်မိတ်ဆွေတစ်ယောက်၏ စကားမှာလည်း စဉ်းစားစရာပင်။

"လေ့လာမိသလောက်ကတော့ စေတနာ့ဝန်ထမ်းဆရာ၊ ဆရာမတွေချည်းပဲ ဖြစ်နေတာပါ။ ဒါက တစ်ဖက်ကကြည့်ရင် ကောင်းပေမယ့် အခြားတစ်ဖက်က ကြည့်ရင်မကောင်းဘူးဗျ" ဟူ၏။

စေတနာ့ဝန်ထမ်းဆရာ၊ ဆရာမများဖြင့်သာ လှုပ်ရှားနေရခြင်းသည် စနစ်တစ်ခုကို တည်ဆောက်အသက်သွင်းရန် ခက်ခဲခြင်း၊ စားဝတ်နေရေးအတွက် ရုန်းကန်နေရသည့်အတွက် မိမိအားလပ်ချိန်များမှသာ လာနိုင်ခြင်းတို့ကြောင့် ကလေးများအတွက် လစ်ဟာမှုတွေ ရှိနေဦးမည်ပင်။

မည်သို့ပင်ဆိုစေ တာဝန်ခွဲဝေမှု၊ အချိန်ဇယား၊ သင်ခန်းစာအစီအစဉ် စသဖြင့် စနစ်တကျလုပ်နိုင်လျှင် ယခုအနေအထားမှ ကျော်လွှန်နိုင်ကြောင်း မိတ်ဆွေဆရာတစ်ဦးက အကြံပြုသည်။



ဤကိစ္စကို ဘ.က ကျောင်းတည်ထောင်သူ ဆရာတော်များကလည်း စဉ်းစားနေကြသည်ပင်။ ဘယ်ကစပြီး လုပ်လို့ လုပ်ရမှန်းမသိ။ လစာအပြည့် ပေးဖို့ရန်မှာလည်း မတတ်နိုင်သည့်အခြေအနေ။ အခုအနေအထားမှာ ကျောင်းနှင့်ကလေးတွေ ရပ်တည်နိုင်ရေးကိုပင် အတော်ကြိုးစားနေရသည် မဟုတ်လား။ ဒါကိုလည်း ဆရာ၊ ဆရာမအားလုံးအသိပင်။ ကျောင်းက ချီးမြှင့်သည့်ငွေကြေးများမှာလည်း ကျောင်းက ကလေးတွေကို စာအုပ်ဝယ်ပေးရ၊ ခဲတံဝယ်ပေးရ၊ မုန့်ဖိုးပေးရနှင့် ကုန်သွားကြသည်ပင်။ ဒါကလည်း မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။

သင်တန်းအားလပ်ချိန်တွင် ကော်ဖီသောက်ရင်း ဆရာ၊ ဆရာမများနှင့် စကားဖောင်ဖွဲ့ဖြစ်ခဲ့သည်။ သူတို့ဆီက ကြားရတာတွေကတော့ . . . ။

ကွက်လပ်လေးတွေအကြောင်း။

"ကျောင်းမှာဆို ခုံမလောက်တော့ ကျပ်ညပ်နေတာ"

"ကျွန်မတို့ကျောင်းမှာလား၊ ချဉ်ရည်ဟင်းနဲ့ ငါးခြောက်တစ်တုံးစီ ခွဲတမ်းချနိုင်ဖို့ တော်တော်ရုန်းကန်နေရတယ်"

"နောက်နှစ်ရှေ့ဆက်ဖို့ အတော်စဉ်းစားနေရတယ် ဆရာရေ"

"သူတို့ကလေးတွေ လိုအပ်နေတာကို မြင်နေရတာနဲ့ မဖြည့်ဆည်းပေးနိုင်တော့ တစ်ခါတလေ ထွက်ပြေးချင်စိတ်တွေ ဖြစ်တယ်"

"လူတွေက ကျောင်းဆောက် ဘုရားတည်မှ ဒါနလို့ ထင်နေတာ"

"တကယ့်ဒုက္ခတောကြီးပါဗျာ။ နိုင်သလောက်တော့ လုပ်နေတာပါပဲ"။ အများကြီးပင်။ ကျွန်တော်တို့ရင်ဘတ်တွေနဲ့ အပြည့်သယ်လာခဲ့ရသည့် စကားလုံးများ။ ကွက်လပ်များ။



ကျွန်တော် စဉ်းစားနေမိသည်။

"ရွာမှာဆို ကလေးတွေနဲ့ အဘိုးအဘွားတွေပဲများတယ်။ သူ့မိဘတွေက ထိုင်းမှာ အလုပ်သွားလုပ်ကြတာ။ သူ့ကို

www.foreverspace.com.mm





ကျွန်မဆီမှာ အပ်ခဲ့တယ်" ငေးရီနေသည့် ကလေးတစ်ယောက်ကိုပြရင်း ပန်းတင်အင်းရွာမှ ဘ.က ဆရာမတစ်ဦးက ဆိုသည်။

ဘ.ကကျောင်းများတွင် ထိုကဲ့သို့သောကလေးတွေ အမြောက်အမြားပင်။ ကလေးအတော်များများမှာလည်း မူလတန်းဖြင့် အတန်းဆုံးကြရသည်။

လေးတန်းနှင့်အတန်းဆုံးမည်ဟု သူ့ကိုယ်သူသိနေသော ကလေးတစ်ဦးကို စာကြိုးစားဖို့ပြောရန်မှာ လွယ်ကူသော အလုပ်တော့မဟုတ်ပေ။

သူ့နေရာမှာ ကျွန်တော်ဆိုလည်း အနာဂတ်မရှိသလိုခံစားရမည်ပင်။ ဘ.က ကျောင်းတွေရောက်သည့်အခါ ကလေးတွေ၊ ကျောင်းတာဝန်ခံတွေ၊ ဆရာတော်တွေနှင့် စကားပြောဖြစ်၊ လေ့လာဖြစ်သည်။

"လူတိုင်းမှာ မျှော်လင့်ချက်တော့ရှိကြတာပါပဲ။ မျှော်လင့်ချက်က ဖြစ်လာဖို့ အခွင့်အလမ်းမရှိရင် အိပ်မက်နဲ့အတူတူပဲ။ လူတန်းစားတစ်ရပ်က တစ်အားမြင့်ပြီး လူတန်းစားတစ်ရပ်က တစ်အားနိမ့်နေရင် လူ့အဖွဲ့အစည်းအတွက် မကောင်းဘူး။ လူတန်းစားအလွှာကိုတတ်နိုင်သမျှ ညှိကြရမယ်။ သူတို့ကလေးတွေမှာ ခိုလှုံစရာမရှိရှာဘူး။ ဒီတော့ ခိုလှုံစရာမရှိသူတွေအတွက် ခိုလှုံစရာအရိပ်တွေ များများဖန်တီးပေးရမယ်။ ရေမရှိတဲ့နေရာမှာ ရေဖြည့်ရမယ်" ဟု ထားဝယ်မြို့ ပခုက္ကူကျောင်းတိုက် ဆရာတော်က ငြိမ်းအေးသောအပြုံးဖြင့် မိန့်ကြားဖူးသည်။

ကျွန်တော့်ရင်ထဲမှာ လေးပင်နေမိသည်။ လောက၏နေချိန်ခွင်လျှာကို ညှိဖို့ရန်ကား မလွယ်ရေးချမလွယ်သည့်ကိစ္စ။ သို့သော် မဖြစ်မနေလုပ်ရမည့်အရေးကိစ္စ မဟုတ်လား။

မေးမြန်းဖူးသမျှ ဘယ်ကလေးမှ သူခိုးဖြစ်ချင်သည်၊ ဓားပြဖြစ်ချင်သည်၊ သူတောင်းစားဖြစ်ချင်သည်၊ အကြမ်းဖက်သမားဖြစ်ချင်သည်၊ ညငှက်မလေးဖြစ်ချင်သည်ဟု မပြောပေ။ သူတို့မေးလိုက်လျှင် ဆရာဝန်၊ အင်ဂျင်နီယာ၊ ဆရာမ စသဖြင့် ရည်မှန်းအိပ်မက်တွေရှိကြသည်ပင်။

သို့သော် သူတို့ကိုယ်သူတို့ သိသည်။ သူတို့ လေးတန်းတွင် အတန်းဆုံးရမည်။ ယင်းကွက်လပ်ကို မည်သို့ဖြည့်မည်နည်း။ နည်းလမ်းတော့ရှိပေမည်။ ကျွန်တော်တို့မသိသည့် နည်းလမ်းရှိပေမည်။ မည်မျှမြင့်မြတ်သူပင်ဖြစ်စေကာမူ လောက၏ကွက်လပ်တိုင်းကို မဖြည့်နိုင်ပေ။ သို့ပေမယ့် ကျွန်တော်တို့ ဝိုင်းဖြည့်ကြရမည်မဟုတ်ပါလား။

သင်တန်းလုပ်ဖြစ်သည့် ငါးရက်တာ ကာလလေးအတွင်းမှာ ကလေးတွေကို ပုံစံမျိုးစုံဖြင့် မြင်တွေ့နေရသည်။

အချို့က ပျော်ရွှင်တက်ကြွလို့ . . .
အချို့က ထိုင်းမှိုင်းငေးရီလို့ . . .
အချို့က ညစ်ထေးပေရေလို့ . . .
အချို့အနည်းအကျဉ်းသာ သပ်ရပ်သန့်ရှင်းလို့ . . . ။

သူတို့လေးတွေရဲ့စိတ်ထဲမှာ ဘာတွေဖြစ်နေမလဲလို့ သိချင်နေမိသည်။ အရွယ်နှင့်မမျှသည့်ဒုက္ခတရားတွေ၊ စိန်ခေါ်မှုတွေက သူတို့ရဲ့ နုနယ်သည့်နှလုံးသားအပေါ် ဖိစီးထားလိုက်ပုံများ။

ကျန်တဲ့မြို့တွေမှာရော၊ ကျန်တဲ့နိုင်ငံတွေမှာရော၊ အတွေးတွေက ဟိုးအဝေးကို ပျံ့လွင့်လို့ ကျွန်တော်ဆုတောင်းနေမိသည်။

"အမြဲလစ်ဟာနေတဲ့ ကွက်လပ်ကလေးတို့ရေ. . မင်းတို့အတွက် မေတ္တာတရားတွေ မနက်တိုင်းပွင့်ပါစေကွယ်"

**ဟန်ထက်**

www.foreverspace.com.mm

ပြောခဲ့သော လမှအဆက်

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

အခန်း (၁၁)

တင်ညွန့်

### ဒတ်ချ်များ ယိုဂျာမှထွက်ခွာခြင်း

၁၉၄၉ ခုနှစ် မတ်လ ၁ ရက်နေ့ အထွေထွေထိုးစစ်သည် ထိရောက်မှုအတော်လေးရှိကြောင်း ပြသနေသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကလည်း စိတ်ကြီးဝင်နေသည့်ဒတ်ချ်များကို အင်ဒိုနီးရှားနှင့် ဆွေးနွေးညှိနှိုင်းရန်နှင့် စစ်တိုက်ခြင်းကို ရပ်စဲရန် ဖိအားတွေပေးလာသည်။ ဆွေးနွေးပွဲများကို Roem-Royenတွေ့ဆုံဆွေးနွေးပွဲဟု ခေါင်းစဉ်တပ်ကာ ပြန်လည်အစဖော်ကြရသည်။

Roem-Royen ဆိုသည်မှာ အင်ဒိုနီးရှားမှ ပါဝင်ဆွေးနွေးသူ Mohamad Roem နှင့် ဒတ်ချ်တို့ဘက်မှ ပါဝင်ဆွေးနွေးသူ J.H. Van Royen တို့ကိုအစွဲပြုပြီး အမည်ပေးထားခြင်းဖြစ်သည်။



www.foreverspace.com.mm



ရုမ်–ရိုယန်သဘောတူစာချုပ်ကို ၁၉၄၉ ခုနှစ် မေလ ၇ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သည်။ ထိုစာချုပ်အရ ဒတ်ချ်တပ်များသည် သမ္မတနိုင်ငံမြို့တော်မှ ထွက်ခွာသွားပေးရန်နှင့်၊ အင်ဒိုနီးရှားတပ်များအပါအဝင် အစိုးရအဖွဲ့အစည်းဝင်များအားလုံး မြို့တော်ထဲသို့ ပြန်လာကြရန်ဖြစ်သည်။

ဗန် ရိုယန်က မြို့တော်ယိုဂျာမှ ဒတ်ချ်တပ်များ ဆုတ်ခွာပေးမှုကို ဇွန်လ ၂၄ ရက်နေ့မှသာ ပြုလုပ်ပေးနိုင်မည်ဟု ကြေညာလိုက်သည်။ ထိုကြားကာလတွင် ဒတ်ချ်တို့သည် ယိုဂျာကိုထိန်းချုပ်ရန်အတွက် အင်ဒိုနီးရှားရဲတပ်ဖွဲ့ကို တရားဝင်အာဏာ လွှဲပြောင်းပေးထားရမည်ဖြစ်သည်။ ယိုဂျာတွင် လုံခြုံရေးအတွက် တာဝန်ယူထားရသူကျွန်တော့်အနေဖြင့် ထိုသဘောတရားကို သိပ်မကြိုက်ပေ။ နောက်ပိုင်းတွင် ယိုဂျာအား တရားဝင်လွှဲပြောင်းမှုကို TNI တပ်အား လွှဲပြောင်းပေးရန် တောင်းဆိုပြန်သည်။ ကျွန်တော်က ငြင်းပယ်လိုက်သည်။ ထိုစဉ်က နိုင်ငံရေးသမားများနှင့် ကျွန်တော် သဘောထားတွေ ကွဲပြားနေသည်။ ကျွန်တော့်အထင် သူတို့အားလုံး မှားနေကြသည်။

ယိုဂျာမှ စုလ်တန်ဘုရင်သည် ကျွန်တော်က မြို့တော်အား ရဲတပ်ဖွဲ့နှင့် TNI တပ်အား လွှဲပြောင်းပေးမှုကို ငြင်းဆန်နေကြောင်း ကြားလိုက်သည်။ သူက ကျွန်တော့်ထံ စာတစ်စောင်ရေးလိုက်သည်။ "ဒုဗိုလ်မှူးကြီးဆူဟာတို ခင်ဗျားသာ ကျွန်တော့်ကို မထောက်ခံရင် ကျွန်တော် အာဏာပြန်ရသွားမယ်ထင်တယ်" ဟူ၍ ဖြစ်သည်။

သူ ကျွန်တော့်အပေါ် နားလည်မှုလွဲမှားနေကြောင်း ထင်ရှားသည်။ အချိန်ကြာလေ ပိုရှုပ်ထွေးလာလေဖြစ်မည်စိုးရိမ်သဖြင့် ကျွန်တော်ကိုယ်တိုင် မြို့ထဲသို့ဝင်ပြီး သူနှင့် နှစ်ယောက်ချင်းတွေ့ကာ ရှင်းပြမှဖြစ်တော့မည်။ ကျွန်တော် ထိုသို့ ဘာကြောင့် ဆုံးဖြတ်မိမှန်းမသိ။

မေလလယ်လောက်တွင် ကျွန်တော် ယိုဂျာသို့ စိတ်ထိန်းကာဝင်လာပြီး စုလ်တန်ဘုရင်နှင့်တွေ့သည်။ ယိုဂျာမှ ကျွန်တော် ထွက်ခွာလာခဲ့သည်မှာ အထွေထွေထိုးစစ်ကြီးပြီးဆုံးသည့်နောက် ၁၉၄၉ မတ်လ ၁ ရက်နေ့တွင်ဖြစ်သည်။ ယိုဂျာကာတာနန်းတော်တွင် ကျွန်တော်က စုလ်တန်ဘုရင်အား အဘယ်ကြောင့် တောင်းဆိုချက်များကို ငြင်းပယ်ရကြောင်း ရှင်းပြရသည်။

ကျွန်တော်က . . .

"ဒတ်ချ်တွေ ယိုဂျာကို အမြဲထိန်းမထားနိုင်ဘူး။ ဒါကြောင့် ကျွန်တော့်အမြင်ကတော့ သူတို့ ယိုဂျာက ထွက်သွားရင် လုပ်ချင်တာလုပ်သွားဖို့ ခွင့်မပြုနိုင်တာပါ။ အင်ဒိုနီးရှားတွေကို သာမန်ကာလျှံကာ လွှဲသွားတယ်ဆိုတာမျိုး မဖြစ်စေချင်ဘူး။ သူတို့ကို ဒီမှာ အာဏာရှိနေဆဲလို့လည်း ကျွန်တော် လက်မခံဘူး။ ဗုာခရေ့စ်တပ်တွေက ဒီပတ်လည်မှာ ရှိနေကြတယ်။ မြို့ထဲရောမြို့ပြင်မှာပါ ရှိနေကြတယ်။ ဒတ်ချ်တွေ ထွက်သွားတာနဲ့ သူတို့ဝင်လာဖို့အသင့်ပဲ။



www.foreverspace.com.mm

အချိန်ဆွဲနေစရာမှ မလိုတာ။ ဒီကိုအလွယ်လေးဝင်လာနိုင်ပါတယ်” ဟု ရှင်းပြရသည်။

ပုံမှန်အတိုင်းလေး အာဏာကို လွှဲပြောင်းပေးလိုက်ပြီး ဒတ်ချ်တို့က ထွက်သွားလိုက်သည်နှင့် စိုးရိမ်စရာအခြေအနေ မရှိဟူ၍ ထင်ကောင်းထင်ကြမည်။ သူတို့ အာဏာလွှဲပြောင်းပေးသွားမည်ဆိုသည့် ရဲတို့ကိုယ်တိုင်ပင် ယုံကြည်စိတ်ချရသူများ မဟုတ်ပေ။ သို့သော် ထိုအတွေးကိုလည်း ကျွန်တော် ခေါင်းထဲမှ ထုတ်လိုက်ပါသည်။ သူတို့နောက်ထပ်လွှဲမည်ဆိုသည့် TNI တပ်ကလည်း ထင်သလောက် အင်အားမရှိ။ စစ်ပွဲကာလတွင် ကျွန်တော်သည် စစ်တပ်၏ အမိန့်ပေးပိုင်ခွင့်ရှိသော အရာရှိတစ်ဦး အနေဖြင့် ယိုဂျာကိုတာဝန်ယူရန်မှာ ကျွန်တော့်တွင် တာဝန်ရှိပြီး ရဲတွင်တာဝန်မရှိဟု ခံယူထားသည်။

ယိုဂျာသို့ အထွေထွေထိုးစစ်ဖြင့် ကျွန်တော် ပြန်ပြီးမဝင်လာလျှင် ဇနီးနှင့် သမီးဦးလေးကို တွေ့ခွင့်ရမည်မဟုတ်။ ယခုလို အချိန်မျိုးကို ကျွန်တော် စောင့်စားနေခဲ့ရသည်မဟုတ်ပါလား။ အန္တရာယ်အခက်အခဲတွေကြားက ကျွန်တော်တို့ တွေ့ကြရခြင်းဖြစ်သည်။ ကျွန်တော့်သမီးလေးက လေးလသာရှိသေးသည်။ ချစ်စရာလေးဖြစ်သဖြင့် နမ်းမဝတော့ပေ။

**မေလလယ်လောက်တွင် ကျွန်တော် ယိုဂျာသို့ စိတ်ထိန်းကာဝင်လာပြီး စူလ်တန်ဘုရင်နှင့် တွေ့သည်။ ယိုဂျာမှ ကျွန်တော် ထွက်ခွာလာခဲ့သည်မှာ အထွေထွေထိုးစစ်ကြီးပြီးဆုံးသည့်နောက် ၁၉၄၉ မတ်လ ၁ ရက်နေ့တွင်ဖြစ်သည်။ ယိုဂျာကာတာနန်းတော်တွင် ကျွန်တော်က စူလ်တန်ဘုရင်အား အဘယ်ကြောင့် တောင်းဆိုချက်များကို ငြင်းပယ်ရကြောင်း ရှင်းပြရသည်။**

ကျွန်တော် သူတို့နှင့် အချိန်အကြာကြီးမနေနိုင်။ စစ်ပွဲက မပြီးသေးပေ။ ထို့ကြောင့် တာဝန်ကျရာသို့ ပြန်ခဲ့ရသည်။ သို့သော် မကြာမီ မိသားစုပြန်ဆုံရမည်ကိုတော့ သိနေသည်။

ဒတ်ချ်တို့သည် အာဏာလွှဲပေးခြင်းမရှိဘဲ ယိုဂျာမှ ထွက်ခွာသွားကြသည်။ သူတို့ မြို့အစပ်နားလောက်သာရောက်သေးသည် ကျွန်တော်တို့ လွတ်မြောက်ရေးတပ်သားများ၊ မြို့၏အရေးပါသောနေရာများတွင် ပုန်းအောင်းနေသောစစ်သားများ ယိုဂျာထဲ ချက်ချင်းဝင်ရောက်က လုံခြုံရေးတာဝန်များကို လွှဲပြောင်းရယူလိုက်ကြသည်။ ကျွန်တော်က ရဲတပ်ဖွဲ့ကို ဂေါ်ဒွင်လမ်းကို ဖြတ်ပြီး ဘင်ခရာတီးကာဝင်လာရန် အမိန့်ပေးလိုက်သည်။ ရဲတပ်ဖွဲ့ခေါင်းဆောင်မှာ ဂျန်းမိုဟာမက် ဖြစ်သည်။ ကျွန်တော်က အခြေအနေကို တမင်သက်သက် ထင်ရှား



www.foreverspace.com.mm






အောင် သူတို့တပ်ဖွဲ့အား ချီတက်ခိုင်းလိုက်ခြင်း ဖြစ်သည်။ နောက်တစ်နာရီအတွင်း ရဲတပ်ဖွဲ့ဝင်လာသည်။ ကျွန်တော်က သူတို့ထံမှ လုံခြုံရေးအာဏာကို လွှဲပြောင်းယူရန် အမိန့်ပေးလိုက်သည်။

ကျွန်တော် ဆုံးဖြတ်ချက်အတိုင်း အခိုင်အမာရပ်တည်ထားသည်။ TNI တပ်သည်ရပ်တည်ရန်အနေအထားတွင်မရှိတော့ကြောင်း မည်သူမျှ သဘောမပေါက်ကြပေ။ ယိုဂျာတွင် ရဲတပ်ဖွဲ့ဆိုသည်က ပြောပလောက်သည့်အနေအထားတွင်မရှိ။ သူတို့အားလုံး ကျွန်တော့်အုပ်ချုပ်မှုအောက်သို့ ရောက်လာကြသည်။ အဘယ်ကြောင့်ဆိုသော် မြို့ကို ကျွန်တော်က ထိန်းချုပ်ထားရသောကြောင့် ဖြစ်သည်။

တပ်ဖွဲ့အားလုံးသို့ အမိန့်တွေထုတ်ရသည်။ တပ်ဖွဲ့ကြီးကြီး သေးသေး အမှတ် ၃ ဗှာခါရိစ်တပ်တွင် လာရောက်ပူးပေါင်းရန် အမိန့်ပေးရသည်။ အမှတ် ၁၀ တပ်ကိုလည်း သတိပေးရသည်။ သူတို့က သူတို့ဘာသာ ထင်ရာစိုင်းချင်နေကြသည်။ ကျွန်တော်က သူတို့ကို လက်နက်များသိမ်းလိုက်သည်။ ယိုဂျာကို ဒတ်ချ်တွေ ဝင်မတိုက်မီက အမှတ် ၃ တပ်ရင်းကို အမှတ် ၂၂ တပ်ရင်းအဖြစ် ပြောင်းလိုက်သည်။




နောက်ပိုင်း အမှတ် ၁၀ တပ်ကို ဒီပုံဂိုယိုတပ်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိုက်ရသည်။

ဒတ်ချ်တို့ ယိုဂျာမှဆုတ်ခွာခြင်းသည် ၁၉၄၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။

အားလုံးအခြေအနေက အေးအေးဆေးဆေးဖြစ်သည်။ အင်ဒိုနီးရှားအစိုးရလည်း သူ့နေရာသူ ပြန်ရောက်လာသည်။ အစိုးရအဖွဲ့တွင် သုံးနိုင်ငံကော်မရှင်အဖွဲ့ဝင်များကိုလည်း ဖိတ်ခေါ်ထားသည်။ သမ္မတဆူကာနိုနှင့် ဒုတိယမ္မတ ဟတ္တာတို့လည်း ယိုဂျာသို့ ပြန်ရောက်လာကြသည်။ သမ္မတနိုင်ငံ၏ ဒေသဆိုင်ရာ အစိုးရခေါင်းဆောင် ဆရာဖရူဒင် ပရာဝီရနီဂရာလည်း ပြန်ရောက်လာသည်။ အင်ဒိုနီးရှားသမ္မတနိုင်ငံတော်အတွက် အစိုးရအဖွဲ့ကိုဖွဲ့စည်းရန် အစည်းအဝေးတွေ ကျင်းပကြရသည်။

**တင်ညွန့်**

■

www.foreverspace.com.mm



ယခင်လမှအဆက်



အိန္ဒိယသူဌေးကြီး ဂျေအာဒီ တာတာ

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက်

၃၃

ဦးလှဝင်း(လေသူရဲတစ်ဦး)

အိန္ဒိယနွယ်ဝင်တွေဆိုတာ အမျိုးနွယ်စု အလိုက်ကို အလွန်စကားများတတ်တဲ့ အနွယ်စုပါ။

စီးပွားရေးမှာ ညီညီညွတ်ညွတ် စည်းရုံးမိကြတာ အလွန်ရှားပါတယ်။

တစ်ဦးကောင်းတစ်ယောက်ကောင်းပဲ လုပ်တတ်တဲ့ စီးပွားရေးသမားတွေများပါတယ်။ စီးပွားရေးနဲ့ပတ်သက်ရင် မိသားစုတစ်စုထဲမှာကို အုပ်စုကွဲနေတတ်ပါတယ်။

သူဌေးကြီးဂျေအာဒီတာတာက အလွန်ရှားမှ ရှားဆိုတဲ့ ကုလားသူဌေးကြီးပါ။

ဒီနေ့ ဥရောပမှာ စီးပွားပြိုင်ပုံက ရှေးခေတ်နဲ့ လုံးဝမတူတော့ပါဘူး။

အမျိုးအစားတူနေတဲ့လုပ်ငန်းတွေ ပြိုင်ဆိုင်ကြတဲ့အခါ ရှေးခေတ်က ကုန်ကြမ်းကိုဈေးပိုပေးပြီး ဝယ်တာတို့၊ ကုန်ချောကို ဈေးလျှော့ချပြီး ရောင်းတာတို့လုပ်ပြီး မိမိပြိုင်ဘက်ဈေးကွက်ပျက်အောင်၊ စီးပွားပျက်အောင်လုပ်ပြီး အနိုင်ယူတတ်ကြပါတယ်။ ဒီလိုလုပ်ကြတဲ့အတွက် နိုင်တဲ့လူဘက်ကရော၊ ရှုံးတဲ့လူဘက်ကရော အလွန်နာပါတယ်။ အရှုံးခံပြီး အနိုင်ယူတဲ့အတွက် ဆုံးရှုံးနစ်နာမှုတွေ နှစ်ဖက်လုံးဖြစ်ကြရပါတယ်။

စစ်တိုက်ပြီး နယ်မြေလုခဲ့ကြသလို ရှေးခေတ်စီးပွားရေးပြိုင်ဆိုင်မှုတွေဟာလည်း ဈေးကွက်ကို လုယူခဲ့ကြပါတယ်။

ဒီနေ့ ဥရောပပြိုင်ဆိုင်မှုတွေက ရှေးကလိုမဟုတ်တော့ဘူးခင်ဗျာ။

ပြိုင်ဘက်အုပ်စုတစ်ခုနဲ့တစ်ခု အကျိုးအမြတ်ကို ဖလှယ်ယူပြီး စီးပွားအုပ်စုတစ်ခုထဲဖြစ်အောင် အမျိုးမျိုးနည်းလမ်းရှာညှိနှိုင်းပြီး နောက်ဆုံးအဆင့်မှာ merge လုပ်ပစ်လိုက်ပါတယ်။

ပေါင်းပစ်လိုက်ကြပါတယ်။

မိမိရဲ့ဓနအင်အား . . . နောက် မိမိရဲ့ လုပ်ငန်းကျွမ်းကျင်မှု . . . နောက် မိမိရဲ့ စိုးမိုးထားတဲ့ ရေခံမြေခံတွေကို တစ်ဖက်အုပ်စုက အခြေအနေတွေနဲ့ ချယှဉ်ကြည့်ပြီး နှစ်ဖက်အုပ်စုကို မနာအောင်၊ အကျိုးအမြတ်ပိုရှိအောင် အသေအချာတွက်ချက်ပြီး မဟာမိတ်စီးပွားအုပ်စုသစ်ကြီးတစ်ခုဖြစ်လာအောင် ဖွဲ့စည်းလိုက်ကြတာပါ။

အိန္ဒိယသူဌေးကြီး ဂျေအာဒီတာတာဟာ အဲဒီလို ဥရောပရဲ့ ခေတ်မီစီးပွားပြိုင်ဆိုင်မှုစနစ်မျိုးကို အိန္ဒိယမှာ ပထမဆုံး အောင်မြင်အောင် ချသုံးနိုင်ခဲ့ပါတယ်။

တကယ်တော့ သူ တာတာစီးပွားအုပ်စုရဲ့ ဥက္ကဋ္ဌကြီးတာဝန်စတင်ယူရတဲ့ ၁၉၃၈ ခုနှစ် အချိန်အခါဆိုတာ အိန္ဒိယနိုင်ငံဟာ ဗြိတိသျှရဲ့ ကိုလိုနီဘဝမှာပဲ ရှိပါသေးတယ်။

အဲဒီခေတ် ဗြိတိသျှရဲ့ စီးပွားရေးစနစ်က လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ပါ။

ကိုလိုနီနိုင်ငံတွေရဲ့ ကြွယ်ဝမှုသွေးကို စုပ်ယူပြီး ဗြိတိန်နိုင်ငံရဲ့ ကြွယ်ဝမှုသွေးအင်အားကို ဖြည့်ဖို့၊ ကမ္ဘာမှာ နံပါတ်တစ်နိုင်ငံဖြစ်ဖို့ဆိုတာ သူတို့ရဲ့ အဓိကရည်ရွယ်ချက်ပါ။

www.foreverspace.com.mm

ကိုလိုနီနိုင်ငံတွေအပေါ်မှာ ချမှတ်ထားတဲ့စီးပွားရေးစည်းမျဉ်းစည်းကမ်းအကုန်လုံးက သူတို့အကျိုးကို လုံးဝရှေးရှုပြီး ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေပါ။ အဲဒီလိုခေတ်မျိုးမှာ သူဌေးကြီးဂျေအာဒီတာတာဟာ သူ့ရဲ့ တာတာစီးပွားအုပ်စုကို ရှင်သန်အောင် ဦးဆောင်နိုင်ခဲ့ပါတယ်။

နောက် အိန္ဒိယနိုင်ငံလွတ်လပ်ရေးရပြီးတဲ့ခေတ်ရောက်လာကြတဲ့အခါကျတော့လည်း ကုလားအစိုးရသစ်တွေရဲ့မူဝါဒက ဆိုရှယ်လစ်စီးပွားရေးအတွေးအခေါ်တွေ၊ အယူအဆတွေ လွှမ်းမိုးခဲ့ပါတယ်။ နှစ်ပေါင်းလေးဆယ်လောက်ကြာတဲ့အထိ နိုင်ငံခြားငွေလဲလှယ်မှု (Foreign Exchange) ချုပ်ချယ်မှုတွေကို လိုအပ်တာထက်ပိုလုပ်ခဲ့ပါတယ်။

အဲဒီခေတ်မှာလည်း ကုလားကုန်သည်ကြီးတွေအနေနဲ့ သူတို့စီးပွားကို တိုးချဲ့တဲ့အလုပ်ကို လုပ်ကြရတာ မလွယ်ပါဘူး။ ခက်ခက်ခဲခဲလုပ်ခဲ့ကြရတာပါ။ အဲဒီလိုခက်ခဲလှတဲ့ အချိန်အခါမျိုးမှာလည်း သူဌေးကြီး ဂျေအာဒီတာတာဟာ သူ့စီးပွားအုပ်စုကို အရှိန်အဟုန်မပျက် ဦးဆောင်နိုင်ခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်းတိုင်းမှာ စီမံခန့်ခွဲမှုကိုလုပ်ရတဲ့ Executives တွေ၊ မန်နေဂျာတွေဟာ လုပ်ငန်းရဲ့ အသက်ဆိုတာ သူသိတယ်။ ဒါကြောင့် ဒီလူတွေကို အရည်အချင်းပြည့်ဝမှုရှိအောင် သူအမြဲဂရုစိုက်တယ်၊ မွမ်းမံသင်တန်းတွေ ဖွင့်ပေးတယ်၊ သူတို့ရဲ့ စားဝတ်နေရေးအဆင်ပြေအောင် လုပ်ပေးတယ်။ သူတို့စာရိတ္တမပျက်အောင် တာဝန်ဝတ္တရားတွေအပေါ် သူတို့ ပိုပိုပြီး စိတ်ဝင်စားမှုရှိလာအောင် သူနည်းလမ်းသစ်အမျိုးမျိုးကို တီထွင်ခဲ့တယ်။

ဒါ့ကြောင့် သူဌေးကြီးတာတာကို စီမံခန့်ခွဲမှုအပိုင်းမှာ အလွန်တော်တဲ့ ပုဂ္ဂိုလ်လို့ သူ့ခေတ်ပြိုင်သူဌေးတိုင်းက သတ်မှတ်ထားပါတယ်။

မှန်တယ်ခင်ဗျာ။

သူအမြဲပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိပါတယ်။ "As Chairman my main responsibility is to inspire respect" တဲ့။

အဓိပ္ပာယ်ကတော့ ကုမ္ပဏီဥက္ကဋ္ဌကြီးတစ်ယောက်ဖြစ်တဲ့ သူ့ရဲ့အဓိကတာဝန်က ကုမ္ပဏီကြီးရဲ့ တာဝန်ရှိသူအားလုံးရဲ့ လေးစားအထင်ကြီးမှုကို ရနိုင်ဖို့ပါပဲတဲ့။

မှန်တယ်ခင်ဗျာ။

ကုမ္ပဏီဝန်ထမ်းအားလုံးရဲ့ ယုံကြည်လေးစားမှုကို ရနိုင်ဖို့ဆိုတာက မှန်ကန်တဲ့ ခေါင်းဆောင်မှုကိုပေးနိုင်မှ ဖြစ်နိုင်ပါတယ်။

သူဌေးကြီး ဂျေအာဒီတာတာဟာ မှန်ကန်တဲ့ခေါင်းဆောင်မှုကို ပေးနိုင်ဖို့ သူ့ဘဝတစ်လျှောက်လုံး ကြိုးစားသွားခဲ့ပါတယ်။

ဗြိတိသျှတွေ အင်ပါယာကြီးတည်ထောင်ထားနိုင်တဲ့ခေတ်က ဗြိတိသျှအစိုးရအနေနဲ့ လူငယ်ဘီစီအက်စ် (British Civil Service) တွေ မွေးထုတ်ပြီး ကိုလိုနီနိုင်ငံတွေမှာ အောင်မြင်လာအောင် အုပ်ချုပ်ခဲ့တဲ့ နည်းစနစ်ကို သူအလွန်ကြိုက်ပါတယ်။

သူအမြဲပြောလေ့ရှိပါတယ်။

"ခင်ဗျားတို့ စဉ်းစားကြည့် . . . ။ တက္ကသိုလ်က ဘွဲ့ရပညာတတ်လူတော်တွေကို စနစ်တကျသင်တန်းပေးနိုင်ရင် စက်ရုံတွေကို အုပ်ချုပ်မယ့် ပထမတန်းစားမန်နေဂျာကြီးတွေ ဖြစ်လာနိုင်တယ်။ အင်္ဂလိပ်တွေ ကိုလိုနီခေတ်တုန်းက ဒီလိုပဲ လုပ်သွားခဲ့တာပဲ။ ဗြိတိန်တက္ကသိုလ်ကြီးတွေက ဘွဲ့ရလူတော်လူငယ်တွေကို The British Civil Service သင်တန်းတွေဖွင့်ပြီး တက်ခိုင်းတယ်။ သင်တန်းအောင်တဲ့လူငယ်တွေကို သူတို့ရဲ့ ကိုလိုနီတွေကိုပို့ပြီး အရေးပါတဲ့ အစိုးရဌာနတွေကို တိုက်ရိုက်ဝင်အုပ်ချုပ်ခိုင်းတယ်။ သူတို့ဘယ်လောက်အောင်မြင်ခဲ့သလဲ။ ဗြိတိသျှတွေရဲ့ အရပ်ဘက်အုပ်ချုပ်မှုအပိုင်းက သိပ်ကောင်းတယ်ဆိုတာ စနစ်တကျသင်ကြားပေးထားတဲ့ ဒီလူငယ် ပညာတတ်လူတော်တွေကြောင့်။ ကျွန်တော်တို့ ဒီဘက်ခေတ်မှာလည်း စက်ရုံတွေကို အုပ်ချုပ်ဖို့ လူငယ်ပညာတတ် လူတော်တွေကို ရွေးချယ်ပြီး ဒီလိုပဲ သင်တန်းတွေပေးပြီး အုပ်ချုပ်မှုတာဝန်တွေကို ယူခိုင်းရမယ်"




**တာတာပိုင်ကုမ္ပဏီက ထုတ်လုပ်သည့် Tata Nano ယာဉ်တစ်စီး**

ဒါကြောင့်လည်း Tata Management Training Centre ဆိုတာကို သူဖွင့်ခဲ့ပါတယ်။

လူတော်ကုလားပညာတတ်လူငယ်

www.foreverspace.com.mm



တာတာစီးပွားရေးအုပ်စုကတည်ဆောက်ခဲ့သော နာမည်ကျော် Howrah တံတားကြီး

တွေကို ရွေးချယ်ပြီး သူ့ရဲ့သင်တန်းကျောင်းကို တက်ခိုင်းခဲ့ပါတယ်။ သူ့စက်ရုံတွေမှာ အုပ်ချုပ်မှုတာဝန်ကြီးတွေကို ပေးခဲ့ပါတယ်။

သူဌေးကြီးတာတာရဲ့ စက်ရုံကြီးတွေရဲ့ အုပ်ချုပ်မှုအပိုင်းက အလွန်အောင်မြင်ပါတယ်။ ချောမွေ့မှု အလွန်ရှိလှပါတယ်။ ဒါကြောင့်လည်း အိန္ဒိယအစိုးရကိုယ်တိုင်က သူဌေးကြီးတာတာရဲ့ စက်ရုံအလုပ်ရုံတွေရဲ့ အုပ်ချုပ်မှုနည်းစနစ်တွေကို လိုက်အတုယူခဲ့ရပါတယ်။

ဥပမာ–၁၉၇၁ ခုနှစ်မှာ အိန္ဒိယအစိုးရက ကျောက်မီးသွေးတွင်း စီးပွားရေးလုပ်ငန်း (The Coal Industry) တွေကို နိုင်ငံပိုင်ပြုလုပ်လိုက်ပါတယ်။ ဒါပေမဲ့ နိုင်ငံပိုင်ပြုလုပ်တဲ့ ကျောက်မီးသွေးတွင်းလုပ်ငန်းတွေမှာ သူဌေးကြီးတာတာရဲ့ ကျောက်မီးသွေးတွင်းစက်ရုံလုပ်ငန်းတွေကို မထိရဲဘူးခင်ဗျာ။

နိုင်ငံပိုင်မသိမ်းပစ်ဘူး။ ချန်ထားတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံပိုင်လုပ်လိုက်တဲ့ ကျောက်မီးသွေးတွင်းစက်ရုံတွေအနေနှင့် (တာတာ)ကျောက်မီးသွေးတွင်းစက်ရုံတွေရဲ့ အုပ်ချုပ်ပုံစနစ်တွေကို အတုယူနိုင်ကြဖို့အတွက်တဲ့။ စံပြစက်ရုံတွေအနေနှင့် ထားချင်လို့တဲ့။

အံ့သြစရာမကောင်းဘူးလားခင်ဗျား။

သူဌေးကြီးတာတာရဲ့ ချောမွေ့တဲ့ အုပ်ချုပ်ပုံစနစ်ကို အိန္ဒိယအစိုးရကတောင် အတုယူခဲ့ရပါတယ်။

သူဌေးကြီးဂျေအာဒီတာတာက ဘယ်တက္ကသိုလ်ကမှ ဘွဲ့မရခဲ့ပါဘူး။ တက္ကသိုလ်ပညာကိုတောင် ဟုတ်တိပတ်တိ

TIFA သုတေသီဝန်ထမ်းများ



www.foreverspace.com.mm





**Tata Institute of Funda-metaac Research (TIFR) အဆောက်အအုံ**

မသင်ခဲ့ရပါဘူး။ ပြင်သစ်တပ်မတော်က ထွက်ပြီး သူ့ဖခင်ဆန္ဒအတိုင်း လုပ်ငန်းခွင်ကို တိုက်ရိုက်ဝင်ခဲ့ရပါတယ်။ ဒါပေမဲ့ သူက တက္ကသိုလ်ပညာတတ်တွေရဲ့ တန်ဖိုးကို သိတယ်။ ပညာတတ်တွေကို သူလေးစားတယ်။ ၁၉၃၀ ပြည့်နှစ်တွေအချိန်ကတည်းကစပြီး တာတာစီးပွားအုပ်စုမှာ အလုပ်လုပ်နေကြတဲ့ အကြီးတန်းအရာရှိအားလုံးကို ပြည်ပတက္ကသိုလ်တစ်ခုခုက ဘွဲ့တစ်ခုခုကို ရတဲ့အထိ ကုမ္ပဏီစရိတ်နဲ့ ပညာသင်ခွင့်ပြုခဲ့ပါတယ်။ သူ့အလုပ်သမားတွေအထဲကလည်း ထူးချွန်တဲ့လူငယ်တွေကို တက္ကသိုလ်ဆက်တက်နိုင်တဲ့ ပညာသင်ဆုတွေကို ချီးမြှင့်ခဲ့ပါတယ်။

နောက် . . . သူဌေးကြီးဟာ သုတေသနလုပ်ငန်းတွေကိုလည်း အလွန်စိတ်ဝင်စားပါတယ်။ အိန္ဒိယမှာ အလွန်နာမည်ကြီးတဲ့ The Tata Institute of Fundamental Research ဆိုတာ သူတည်ထောင်ခဲ့တာပါ။ နောက် Tata Steel, A Research and Control Laboratory ဆိုတာကိုလည်း ၁၉၃၇ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တား(ယခင် ကာလကတ္တား)မြို့မှာရှိတဲ့ (Howrah Bridge) ဆိုတဲ့ တံတားကြီးဟာ အလွန်နာမည်ကြီးတဲ့ တံတားကြီးပါ။ ဒီတံတားကြီးကို တာတာစီးပွားအုပ်စုက တာဝန်ယူပြီး ဆောက်လုပ်ခဲ့တာပါ။ ဒီတံတားကြီးမှာအသုံးပြုထားတဲ့ ပထမတန်းစားသံမဏိအားလုံးဟာ ပြည်ပက တင်သွင်းတာ လုံးဝမရှိပါဘူး။ Tata သံမဏိစက်ရုံက ထုတ်လုပ်တဲ့ ပထမတန်းစား သံမဏိတွေနဲ့ ဆောက်လုပ်ထားတဲ့ တံတားကြီးပါ။

နောက် . . . သံချေးလုံးဝမတက်တဲ့ သံမဏိအကောင်းစားတွေနဲ့ ပြုလုပ်ထားတဲ့ ဒီနေ့ အိန္ဒိယနိုင်ငံမှာ သုံးနေတဲ့ သံမဏိမီးရထားတွဲတွေဟာလည်း တာတာသံမဏိစက်ရုံကထွက်တဲ့ သံမဏိအကောင်းစားတွေနဲ့ ဆောက်လုပ်ထားတာပါ။

သူဌေးကြီးတာတာဟာ Quality First ဆိုတဲ့စကားကိုလည်း အမြဲပြောလေ့ရှိခဲ့ပါတယ်။ အဓိပ္ပာယ်ကတော့ (အရည်အသွေးရှိဖို့က ပထမ)။

မှန်ပါတယ်။

သူ့စီးပွားအုပ်စုက ထုတ်လုပ်တဲ့ ပစ္စည်းတိုင်းဟာ အရည်အသွေးပြည့်မီမှ သူ ထုတ်ခွင့်၊ ရောင်းခွင့်ပေးပါတယ်။ ဖြစ်ကတတ်ဆန်းလုပ်တတ်တဲ့အလုပ်သမားကို သူအလွန်မုန်းပါတယ်။ မေ့တတ်တာ၊ ပေါ့ပေါ့ဆဆလုပ်တာတွေကိုလည်း သူလုံးဝ သည်းမခံပါဘူး။ သူအလွန်ဒေါသကြီးတတ်တာ အဲဒီလိုလုပ်တဲ့အလုပ်သမားမျိုးတွေကို မြင်တွေ့ရတဲ့အခါတွေမှာပါပဲ။ သူ့ရဲ့ တာတာစီးပွားအုပ်စု (Tata Group) က ထုတ်လုပ်သမျှ ပစ္စည်းတိုင်းမှာ အင်္ဂလိပ်အက္ခရာ (T) ဆိုတာ ထိုးပေးထားပါတယ်။ အဲဒီ T ရဲ့ အဓိပ္ပာယ်က Quality အရည်အသွေးဆိုတာရဲ့ တံဆိပ်အမှတ်အသား အဲ A Symbol of Quality ။

အလုပ်သမားတွေရဲ့ တစ်ရက်အလုပ်ချိန် ရှစ်နာရီဆိုတာ တာတာသံမဏိစက်ရုံတွေမှာ ၁၉၁၂ ခုနှစ်ကတည်းက သတ်မှတ်ထားတဲ့ အလုပ်ချိန်ပါ။

အဲဒီအချိန်က ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုမှာတောင် အဲဒီလို တစ်ရက်အလုပ်ချိန် ရှစ်နာရီ မသတ်မှတ်နိုင်သေးပါဘူး။

မှန်ပါတယ်။

ဗြိတိန်နိုင်ငံမှာတောင် အလုပ်သမားတစ်ရက်အလုပ်ချိန် ၁၂ နာရီဆိုတာ ၁၉၁၁ ခုနှစ်ကမှ သတ်မှတ်ခဲ့တာပါ။

အိန္ဒိယနိုင်ငံမှာ အလုပ်သမားတွေ လစာအပြည့်နဲ့ ခွင့်ယူနိုင်တဲ့ အခွင့်အရေးဥပဒေ (Leave with pay) ကို ၁၉၄၅ ခုနှစ်ကမှ သတ်မှတ်ခဲ့တာပါ။ သူဌေးကြီးတာတာက သူ့ရဲ့ သံမဏိစက်ရုံတွေမှာ ဒီအခွင့်အရေးကို ၁၉၂၀ ပြည့်နှစ်ကတည်းက ပေးထားပါတယ်။

အလုပ်သမားတွေရဲ့ အခြေခံအခွင့်အရေးတွေကို ချပေးခဲ့တဲ့ဆီမှာ သူဌေးကြီး ဂျေအာဒီတာတာဟာ စံပြသူဌေးကြီးအဖြစ် ရှေ့ဆုံးက အမြဲရပ်ပြခဲ့ပါတယ်။

မှန်ပါတယ်။

ဒါတွေဟာ ဒီပုဂ္ဂိုလ်သူဌေးကြီးဖြစ်ခဲ့ရတဲ့ လျှို့ဝှက်ချက်တွေပါပဲ။

**ဆက်လက်ဖော်ပြပါမည်။**

**ဦးလှဝင်း (လေသူရဲတစ်ဦး)**